www.burmeseclassic.com



# မာမာအေး

## ရင်ဖွင့်ကြည့်ပါ သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ချက်


- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ချက်

- စိုက်ပျိုးရေးကို ဗိုလ်ပြုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ချက်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။





www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀ ၄၃၃ ၀၅ ၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀ ၅၀၃ ၀၇ ၁၂
ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ
အုပ်ရေ
၅၀၀
ထုတ်ဝေသူ
ဦးမျိုးမြင့် (စာနဒီစာအုပ်တိုက်) ၁၄၀၉ [ယာယီ]
အမှတ်-၉၇၃၊ ပျဉ်းမငြိမ်လမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံ။
ပုံနှိပ်သူ
Color Zone Press
မျက်နှာဖုံးဒီဇိုင်း
ဇဂျီလင်းဝဏ္ဏ
အတွင်းဖလင်
ပုံရိပ်ရှင်
တန်ဖိုး
၃၀၀၀ ကျပ်

မာမာအေး ၈၉၅.၈၃
ရင်ဖွင့်ကြည့်ပါ သူငယ်ချင်း / မာမာအေး။ - ရန်ကုန်
စာနဒီစာပေ၊ ၂၀၁၂။
စာမျက်နှာ-၂၇၄၊ ၁၃.၃၄× ၂၀.၉၆ စင်တီ။
(၁) ရင်ဖွင့်ကြည့်ပါ သူငယ်ချင်း

I S B N
0-9753370-0-9




www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူမှ စာဖတ်သူသို့

အခု ရေးသားတင်ပြထားတဲ့ 'မှတ်တမ်းရှည်' ကို စပြီး ကျွန်မရေးခဲ့တာ (၂၄-၄-၇၀) ရက်နေ့က ဖြစ်ပါတယ်။ အဲဒီနေ့က ကျွန်မနဲ့ ကွဲကွာခဲ့ပြီးခဲ့တဲ့ ခင်ပွန်းသည်တို့ရဲ့ အိမ်ထောင်ရေး ပြဿနာအမှုအခင်း တရားရုံးတင်ကြတော့မယ်ဆိုတဲ့ သတင်းဆိုး သတင်းစာမှာ စပြီးဖော်ပြခံခဲ့ရလို့ ချစ်သမီးနဲ့ ချစ်သားတို့ယ်ပွားလေးနှစ်ယောက်ကို တိုင်တည်ဖို့ ရေးခဲ့ပါတယ်။ (၁၅-၁၁-၇၂) ရက်နေ့မှာ ရပ်ထားလိုက်တယ်။ နောက်ပိုင်း ဘာတွေ ဆက်ဖြစ်နေသလဲဆိုတာ အသိပေးရက်တော့လို့ပါ။

ကိုယ့်ရင်သွေးအတွက် ရည်ရွယ်ရေးတာပေမယ့် သူငယ်ချင်းကို ရေးပြတာမျိုးက ပိုပြီး လွတ်လပ်စွာ ရေးနိုင်မယ်လို့ အတွေးဝင်လာတော့ 'သူငယ်ချင်းသို့' လို့ ခေါင်းစဉ်ပေး ဆက်ရေးခဲ့ပါတယ်။ စာမျက်နှာ တစ်ရာ့နှစ်ဆယ်ပါ လောစာအုပ် (၁၂) အုပ် ရှိပါတယ်။ မူရင်းကို လက်နှိပ်စက်နဲ့ စက္ကူမျက်နှာ အပြည့်ရိုက်ပြီး သိမ်းခဲ့တယ်။

ကျွန်မရဲ့ ငယ်သူငယ်ချင်းစာရင်းဝင် ဂီတစာဆိုကျော်ဖြစ်လာတဲ့ 'မောင်ကြေးမုံ' က သူစီစဉ်ရေးသားပြီး၊ ဂီတလုလင်မောင်ကိုကို အသံသွင်း အလှဆင်ပေးခဲ့တဲ့ 'လမင်းသာချိန် နေကွယ်ချိန်' တေးသရုပ်ဖော်ကို ကျွန်မကိုယ်ပိုင် ခတ်ပြားထုတ်ဝေနိုင်ဖို့ တရားဝင်အသုံးပြုခွင့် မေတ္တာနဲ့ ပေးတဲ့အခါမှာ ကျွန်မ ပြန်ပေးစရာ ဗလာဖြစ်နေတယ်။ သူဟာ 'ပေါ်ဆန်းမွှေး' ကာတွန်းကို ကိုယ်တိုင်ရေးပြီး စာအုပ်ထုတ်သေးတယ်။ ကျွန်မရဲ့ ရင်တွင်းနာ ဒီစာစုရှိတာသည်း သူ သိလေတော့ စာအုပ်တစ်အုပ် အမှတ်တရကျန်အောင် ရိုက်ရမယ်ဆိုပြီး တောင်းလို့ ပေးလိုက်ပါတယ်။ ၁၉၇၃ ခုနှစ် ဇွန်လ (၃၀) ရက်နေ့က

လင်းလွန်းခင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာမှာ ကြော်ငြာခဲ့ပေမယ့် မထုတ်ဝေဖြစ်ခဲ့ပါဘူး။ စာမူလည်း ရှာမရတော့ဘူး။ မူရင်းစာအုပ်တွေထဲက ခံစားရချက်တူတာတွေ တချို့ကို နုတ်ပြီး ကျွန်မရဲ့ လက်ရေးနဲ့ မှတ်တမ်းလွှာစာအုပ်မှာ ချုပ်ပြီး ရေးထားတာ စာမျက်နှာ (၃၂၈) မျက်နှာ ရှိပါတယ်။ ပျောက်သွားတော့ ဘယ်နေရာတွေ ကျော်ထားဖြတ်ထားလည်း မသိတော့လို့ မေ့ထားလိုက်ပါတယ်။

ကိုးနှစ်၊ ဆယ်နှစ်လောက်ကျတော့ ကဗျာစာဆို 'ဥက္ကလာမောင်မောက်' ဆိုတဲ့ မောင်ငယ်လေးဆီက သတင်းရတယ်။ နာမည်ကျော် စာရေးဆရာ မောင်သိန်းဆိုင်ဆီမှာ ရောက်နေသတဲ့။ ဒီ ဆရာ့စာအုပ်တွေ ကျွန်မ ဖတ်စွဲမိနေတာ ကြာလှပေါ့။ လူချင်းမရင်းပေမယ့် သူ သိမ်းထားတာကို ကျေးဇူးတင်လိုက်တာ၊ အရမ်းဝမ်းသာတာပဲ။ ဆရာက ပြန်ပို့ပေးခဲ့ပါတယ်။ အဲဒါ အခုဖတ်နေတဲ့ စာအုပ်ပါပဲ။

ဆရာစိန်ခင်မောင်ရီ ရှိတုန်းက 'ရွှေမန်းမေ' မဂ္ဂဇင်းအတွက် ယူသွားပြီး ဖတ်ခဲ့တယ်။ ရွှေမန်းမေ မထွက်နိုင်တော့ မဟေသီမဂ္ဂဇင်းကို ပို့လိုက်သတဲ့။ ကျွန်မ မသိလိုက်ဘူး။ ၁၉၉၀ ခု ဇန်နဝါရီလကစပြီး ဖော်ပြခဲ့တာ လပေါင်း နှစ်ဆယ်မှာ ကျွန်မ ဖြတ်လိုက်ပါတယ်။ ခုချိန်မှာ ကျွန်မဟာ အမှတ်မထင် ပြည်ပမှာ သောင်တင်နေရတဲ့ဘဝပါ။ ကျွန်မရဲ့ အချိန်ဆိုတာကလည်း ကြာလှ ဆယ့်ငါးနှစ်၊ နှစ်နှစ်ဆယ်ပေါ့။ ဒါကြောင့် ကျွန်မချစ်တဲ့ ပြည်သူနဲ့ ဂီတအတွက် ထားရစ်စရာတွေ စုဆောင်းမှတ်တမ်းပြုနေပါတယ်။ ဒီစာစုကလည်း ကျွန်မရဲ့ မှတ်တမ်းဝင်တစ်ခုပါပဲ။

မဟေသီမဂ္ဂဇင်းမှာ 'ရင်ဖွင့်ကြည့်ပါ သူငယ်ချင်း' ခေါင်းစဉ်နဲ့ ကျွန်မရဲ့ မိဘအိမ်ကို ပြန်သွားတဲ့အထိ ခုထက် ပိုချုံ့ထားတဲ့ တတိယစာမူအဖြစ် ပြန်ရေးခဲ့တာပါ။ ခုကတော့ စတုတ္ထစာမူလို့ ဆိုရပါမယ်။ ဒီမှာလည်း မိဘအိမ် ပြန်ရောက်သွားတဲ့ဆီမှာပဲ ရပ်လိုက်ပါတော့မယ်။ (လက်ရေး) စာမျက်နှာ (၂၅၈) မှာ ဖြတ်ထားပါတယ်။ ကျန်တဲ့အပိုင်းတွေပါ ဆက်ဖတ်လိုပါတယ်လို့ ကျွန်မရဲ့ စာဖတ်သူတွေက တောင်းဆိုလာမယ်ဆိုရင်တော့ ဒုတိယအကြိမ် ဆက်ပါ့မယ်။

မေတ္တာဖြင့်



# သူငယ်ချင်းသို့

www.burmeseclassic.com

www.burmeseclassic.com

## ရေးမိသည့် စာအကြောင်း

“သူငယ်ချင်းသို့” နဲ့ ပတ်သက်ပြီး သိသင့်မယ် သိချင်မယ်ထင်တဲ့ ကိစ္စလေးတွေ ကျွန်မ တင်ပြပါရစေ…

သည်စာကို ရေးမိတာကတော့ ကျွန်မရဲ့ ရင်သွေးလေးတွေ အရွယ်ရောက်လာခဲ့ရင် ပြန်ပြောရမယ့် ဖြစ်ရပ်တွေမို့ ပြောမပြချင်လို့ ရေးထားမိခဲ့တာပါ။ အစကတော့ ဒိုင်ယာရီသဘော အကျဉ်းလောက်ပဲ တေးမှတ်ထားခဲ့တာပါ။ ဒါပေမဲ့ ကျွန်မ စိတ်ဝေဒနာ ပြင်းပြင်းထန်ထန် ခံစားလာရလို့ စိတ်ရောဂါကု ဆရာဝန်ကြီးတွေနဲ့ ပြသရတဲ့အခါမှာ ကျွန်မဟာ ခံစားရတာတွေကို တစ်ဦးတည်း ရင်ထဲမှာ ကျိတ်မျိုထားတာများလာရင် ရောဂါပိုဆိုးလာနိုင်တာမို့ ကျွန်မရဲ့ စိတ်ထဲမှာရှိနေတဲ့ ဒေါသတွေ၊ မကျေနပ်တာတွေ၊ သောကတွေကို ဘယ်သူ့မှ မပြောချင်ရင် စိတ်ကျေနပ်မယ်ထင်တဲ့အထိ ရေးချလိုက်ပါ။ နောက်ဆုံး ရုန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုပစ်လိုက်ချင်တာတွေတောင် စာလုံးလေးတွေ ဖြစ်လာအောင် ရေးချလိုက်ပြီးမှ ဆုတ်ပစ်လိုက်ပါလို့ ဆရာဝန်ကြီးတွေက ပြောခဲ့ အကြံပေးခဲ့ပါတယ်။

ဒီတော့ ကျွန်မ တွေးမိပါတယ်။ စာတွေရေးပြီး ဆုတ်ပစ်လိုက်ရင် ပထမဆုံးရှုံးမှာက ဖောင်တိန်နစ်ပွန်းတာရယ်၊ မင်ကုန်တာရယ်၊ စာရွက်ကုန်တာရယ်ပေါ့။ နောက်ပြီး ကျွန်မက စာလုံးလေးတွေကို ချစ်တတ်တယ်လေ၊ ဆုတ်မပစ်ရက်ဘူး။ ကျွန်မကို စိတ်ကူးယဉ်ဆန်သူတစ်ဦးလို့ ဆိုချင်လည်း ဆိုနိုင်ပါတယ်။ ကျွန်မမှာ ဆုတ်မပစ်တဲ့ စာရွက်ကလေးတွေဆို တစ်ပုံကြီး။ ဒါကြောင့် တစ်သက်ဆုတ်မပစ်ရမယ့် စာစုကလေးတစ်စုဖြစ်အောင် ကျွန်မ ရေးမိခဲ့တာ စီကာစဉ်ကာ ဖြစ်လာခဲ့ပါတယ်။





စပြီး အမှတ်တရ ရေးခဲ့တာကတော့ (၂၄-၄-၇၀) ရက်နေ့ပါပဲ။ အဲဒီနေ့က ကျွန်မနဲ့ ကလေးတွေအဖေ ပြဿနာ သတင်းစာထဲ စပြီးပါလာတဲ့နေ့မို့ ကျွန်မရဲ့ သွေးအရင်းဆုံး ချစ်သမီးနဲ့ ချစ်သားကို တိုင်တည်ဖို့ ရေးမိပါတယ်။

ကျွန်မတို့ပြဿနာတွေ ရှုပ်ထွေးနေတုန်းမှာဆိုရင် ကျွန်မအတွက် မခံမရပ်နိုင်ဖြစ်ကြတဲ့ အပေါင်းအသင်းရောင်းရင်းတွေနဲ့ ကျွန်မ စာတစ်ကြောင်း နှစ်ကြောင်း ခြစ်တတ်မှန်းသိတဲ့ အချို့ သောတရှင်တွေဆီက စာရေးတုံ့ပြန်ဖို့၊ ပြည်သူတွေကို ကျွန်မအကြောင်း တင်ပြဖို့ လူကိုယ်တိုင်တစ်မျိုး၊ စာတွေနဲ့တစ်ဖုံ တိုက်တွန်းခဲ့ကြဖူးပါတယ်။ ဒီအခါက ကျွန်မ ပြန်ဖြေမိတာကတော့ “အချိန်က အဖြေပေးပါလိမ့်မယ်” ဆိုတဲ့ စကားရပ်တစ်ခုတည်းသာပါ။

ခုတော့ ကျွန်မတို့ ပြဿနာဖြစ်ခဲ့ကြတဲ့ ၁၉၆၉ ခုနှစ် စက်တင်ဘာလ (၃) ရက်နေ့က စတွက်ကြည့်ရင် နှစ်တွေကြာခဲ့ပါပြီလေ။ ကျွန်မကို တရားဝင်ကွာရှင်းပေးခဲ့တဲ့ ၁၉၇၃ ခု ဇွန်လ (၂၉) ရက်နေ့ကနေပြီး ဒီကနေ့အထိပဲ အတော်ကြာပြီမဟုတ်လား၊ အတင်းအဖျင်း သတင်းဗလင်းတွေလည်း အရှိန်သေခဲ့ပါပြီ။ ကျွန်မတစ်ယောက်တည်းအနေနဲ့လည်း သွေးဆူတဲ့စိတ်၊ ဒေါသ၊ သောကစိတ်တွေ ငြိမ်းသွားခဲ့ပါပြီ။ ဒီတော့ ကျွန်မရေးထားတဲ့ စာအားလုံးကို ပြန်ဖတ်ပါတယ်။ စာဖတ်ကြမယ့် ကျွန်မရဲ့ သောတရှင်ပြည်သူတွေအဖို့ သင်ခန်းစာ ရနိုင်ရနိုင်ဆိုတာ အဓိကထားပြီး ဖတ်ပါတယ်။ အထူးသဖြင့်ကတော့ အမျိုးသမီးထုပေါ့လေ။ ဒီတော့ကာ တချို့ နေရာအတော်များများမှာ ကျွန်မကိုယ်တိုင်ရေးလိုက်မိခဲ့တဲ့အချိန်ကထက် ပိုပြီး သင်ခန်းစာရမိတာတွေ တွေ့လာပါတယ်။

ကျွန်မရေးခဲ့တဲ့ “သိုးကလေးမေမေ” စာအုပ်ကို ၁၉၇၄ ခုနှစ် အောက်တိုဘာလ (၁၄) ရက်မှာ ထုတ်ဝေခဲ့ပြီး ဖြစ်လေတော့… ကျွန်မဟာ စာပေလုပ်သားတစ်ပိုင်းအနေနဲ့ပါ အနုပညာအခန်းမှာ ထပ်မံပါဝင်လာရပြန်ပါတယ်။ ဒီတော့ ရေးမိထားတဲ့စာတွေကို အချိန်ရသလောက်ကလေးမှာပဲ ကြိုးစားတင်ပြချင်တဲ့ ဆန္ဒက ရှိနေမိပါတယ်။ ဒါကြောင့် ကျွန်မရဲ့ “သူငယ်ချင်းသို့” ကို ထုတ်ဝေခွင့်ပြုလိုက်ပါပြီ။

ကျွန်မရဲ့ စိတ်ရင်းအတိုင်း ဝန်ခံရရင် နစ်နာစေလိုတဲ့ဆန္ဒ၊ ကလဲ့စားချေလိုတဲ့ဆန္ဒ မရှိပါဘူး။ သို့သော်လည်း ကျွန်မ မေတ္တာအရင်းအတိုင်းကို နားလည်စေချင်တဲ့စိတ်၊ ကျွန်မ ခံစားခဲ့ရတဲ့ သောကဒုက္ခ ဗျာပါဒတွေကို သိစေလိုတဲ့စိတ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရုန်းကန်ခဲ့ရတာတွေ၊ အခက်အခဲတွေကို တင်ပြလိုစိတ်တော့ ရှိပါတယ် ဆိုတဲ့ အကြောင်းပါပဲ။ ဒီအကြောင်းတွေ ဖတ်ရတဲ့အခါ ကျွန်မရဲ့ နာမည်ကလွဲလို့ ဘယ်သူ တစ်ဦးတစ်ယောက်ရဲ့ နာမည်ကိုမှ တွေ့ရမှာ မဟုတ်တာကို ထောက်ရှု ခြင်းအားဖြင့် ကျွန်မကို နားလည်နိုင်ပါလိမ့်မယ်လို့ ယုံကြည်နေပါ့မယ်။

မာမာအေး



## အခန်း (၁)

ချစ်တဲ့သူငယ်ချင်း

ကိုယ် စာရေးလိုက်ပါတယ်ကွယ်...

သူငယ်ချင်းအနေနဲ့တော့ လောလောဆယ် ကြားရ သိရ ဖတ်ရတဲ့ ကိုယ့် အကြောင်း သောင်းပြောင်းထွေလာတွေကြောင့် စိတ်ကောင်းမယ် မဟုတ်ဘူးဆိုတာ ကိုယ်သိပါတယ်ကွာ၊ မင်းကတော့ ထင်ပေလိမ့်မယ်၊ အခုမှပဲ စာရေးဖော်ရတယ် လို့ပေါ့၊ ဟုတ်တယ်မို့လား။

အင်းလေ... ကိုယ်အိမ်ထောင်ကျလို့ ကျောင်းက ထွက်လိုက်ရကတည်း က မင်းနဲ့ ကွဲသွားခဲ့တာ ခုဆို ဆယ်နှစ်ဆယ်မိုးတောင် လွန်ခဲ့ပြီပဲ။ ကိုယ်ဟာ မင်းရဲ့ အချစ်ဆုံးသူငယ်ချင်း ဖြစ်သလို မင်းဟာလည်း ကိုယ့်သူငယ်ချင်း အချစ် ဆုံးဖြစ်တယ်ဆိုတာကိုတော့... ကိုယ် အခုထိ သံသယကင်းစွာနဲ့ ယုံကြည် ချစ်ခင်နေတုန်းပါ သူငယ်ချင်း။

ဒါကြောင့်လည်း အခုလို ကိုယ့်မှာ စိတ်သောက အရောက်ဆုံးအချိန်၊ ကိုယ့်တစ်ဘဝလုံး အတွေးထဲမှာရော အိပ်မက်ထဲမှာပါ မရှိခဲ့တဲ့... အဖြစ်ဆိုးမျိုး တွေကို တွေ့ရကြုံရတာတွေကြောင့် ရူးမလောက် ခံစားရတဲ့အချိန်မှာ ကိုယ့်ရင်ထဲ က သောကဗျာပါဒတွေ၊ ထိန်းရချုပ်ရ မျိုသိပ်ရတာတွေအတွက်လည်း နည်းနည်း လေးပဲဖြစ်ဖြစ် ပြေရာပြေကြောင်း ဖြစ်ပါစေတော့လို့ စိတ်သက်သာရာရှာတဲ့သဘော မင်းကိုလည်း ကိုယ်လျှောက်ခဲ့ရတဲ့ ဘဝအမှန်ကို အမှန်အတိုင်း သိစေလိုတဲ့ သဘောနဲ့ စာရေးမိတာပါပဲကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ဒီလိုရေးတော့ "ငါ့ကို သတိရလို့ သက်သက်ရေးလိုက်တာမှ မဟုတ်ဘဲ၊ ဒီမိန်းကလေး သူ့ စိတ်သက်သာအောင် ရေးတာကိုး" လို့ မင်း ထင်မှာပါပဲလေ။

ဒါကိုလည်း ကိုယ် ဝန်ခံပါတယ်ကွာ၊ စိတ်သက်သာအောင်လို့ ရေးတာက တစ်ပိုင်းပါတယ် သူငယ်ချင်း။ မင်းနဲ့ ကိုယ် ကျောင်းနေတုန်းက မင်းကို အသိပေးခဲ့တဲ့ အကြောင်းရပ်တွေ ရှိခဲ့ဖူးပါတယ်လေ။ မင်း သတိရဦးမလား ဆိုတာတော့ ကိုယ်မသိနိုင်ဘူးပေါ့။ မင်း ကိုယ့်ကို အပြစ်တင်ချင်လည်း တင်တော့ သူငယ်ချင်းရယ်။ တချို့အကြောင်းတွေကို မပြောဘဲထားမိတာတွေ ရှိခဲ့တယ်။ ဒါကြောင့်လည်း ဒီစာကို ရေးဖြစ်အောင် ရေးလိုက်တာပါပဲ။

ကိုယ့်ကို ခွင့်လွှတ်ပါကွယ်...။ ကဲပါ သူငယ်ချင်းရယ်... မင်း သိထားပြီးတဲ့ အကြောင်းတွေကိုရော မသိရတာတွေပါ အားလုံး သိရလေအောင် ကိုယ့်ဘဝ အစကနေပြီး ခုလို အခြေအနေမျိုး ရောက်လာခဲ့ရတဲ့အထိ ကိုယ့်အကြောင်းတွေကို ရေးလိုက်ရဦးမယ်။

သူငယ်ချင်း... ကိုယ်ဟာ ဂီတအနုပညာရှင်မိဘနှစ်ပါးရဲ့ ရင်သွေးအဖြစ်နဲ့ မြောင်းမြမြို့မှာ လူဖြစ်လာခဲ့တယ်။ ကိုယ့်ဖေဖေက တူရိယာပညာရှင်၊ မေမေက တေးသီချင်းသီဆိုသူတွေပေါ့။ ကိုယ့်ဖေဖေရဲ့ ညီအစ်ကို မောင်နှမတစ်စုက ဂီတပညာတစ်မျိုးစီ တတ်ကျွမ်းကြတယ်လို့ ဆိုရလိမ့်မယ်။ မေမေကတော့ နည်းနည်းထူးတယ်ကွ၊ တစ်ဆွေလုံး တစ်မျိုးလုံး တစ်ယောက်မှ ဂီတကို စိတ်မဝင်စားကြဘူး။ မေမေတစ်ယောက်ကသာ ဝါသနာကြီးလွန်းလို့ မိဘတွေက မတတ်သာလို့ ဆရာသမားနဲ့ စနစ်တကျ သင်ကြားခွင့်ပေးရာက တတ်မြောက်ခဲ့ရတာပါ။ ဒီတော့ ကိုယ်လည်းပဲ အမိအဖရဲ့ မျိုးစေ့မကင်းသူတစ်ယောက်အနေနဲ့ ဂီတလောကမှာ တစ်နေရာရတာဟာ မထူးဆန်းဘူးလို့ တွက်မိကြမှာပဲ။ ကိုယ်ကတော့ ထူးဆန်းပါတယ်လို့ ယူဆထားပါတယ် သူငယ်ချင်း။

ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ဖေဖေနဲ့ မေမေကလေ "သမီးလေး... တို့များရဲ့ ပညာဟာ လူတွေကို ကောင်းအောင်၊ ဆိုးအောင်၊ ပျော်ရွှင်အောင်၊ ငိုအောင်၊ ရယ်အောင် အားလုံးဖန်တီးနိုင်စွမ်းရှိတာတော့ အမှန်ပဲ။ ဒါပေမဲ့... ကိုယ်လက်သုတ်သင်တဲ့ကိစ္စ ပြီးစီးတာနဲ့ မေ့ထားလိုက်တဲ့ ရေအိမ်သဘောလိုပဲ။ ဘယ်သူကပဲဖြစ်ဖြစ် အလုပ်ကိစ္စပြီးစီးတာနဲ့ ဂရုတစိုက် မရှိကြတော့ဘူး။ ဒီတော့က





ဖေဖေတို့ မေမေတို့ ခံစားရတဲ့ စိတ်မကျေမချမ်း ဖြစ်ရတာမျိုးတွေကို ငါ့သမီးလေး ခံစားချင်ပါနဲ့လို့တော့ ပြောချင်တယ်။ ဒါပေမဲ့ သမီးသဘောပါ၊ တို့များ ကန့်လည်းကန့်ကွက်ဘူး၊ တိုက်လည်း မတိုက်တွန်းဘူး" လို့ ပြောတတ်တာကြောင့်ပါပဲ။

ဒီနေ့ဒီအချိန်ထိ ရောက်လာတယ်။ ကိုယ့်အမိအဖဆီက သီချင်းတစ်ပုဒ်လေးမှ ဆုံးအောင် မသင်ခဲ့ရဖူးပါဘူးကွာ၊ ဝါသနာဆိုတာမျိုးကလည်း အခက်သားကလား သူငယ်ချင်းရယ်၊ လူကြီးတွေ ပြောလေ့ပြောထရှိတဲ့ ပါရမီဆိုတာကြောင့်လို့ပဲ ဆိုရမလား မပြောတတ်ဘူး။ ကိုယ်ဟာ ငယ်စဉ်ကတည်းက သီချင်းတအေးအေး မပြတ်ညည်းနေမိခဲ့တယ်။ အိုကွယ်... ဘယ်နေရာမဆို သီချင်းမပါရင် ကိုယ့်ဘဝဟာ မပြည့်စုံသလောက်ဘဲ။ အဲဒီလောက် ကိုယ် ဂီတကို ချစ်တယ်၊ မြတ်နိုးတယ်၊ တန်ဖိုးထားတယ်၊ တိုးတက်မြင့်မားစေချင်တဲ့ စေတနာဆန္ဒကြောင့်လည်း တစ်နေ့မပြတ် ကြိုးစားနိုင်သလောက် ကြိုးစားခဲ့တယ်။ ခုလည်း ဒီအတိုင်းပါပဲ သူငယ်ချင်းရယ်။

ကိုယ့်မိဘတွေဟာ ဂီတပညာရှင်တွေ ကြုံတွေ့ရတတ်တဲ့ သဘာဝအတိုင်း ငွေကြေး ချောင်လည်တဲ့အခါ ချောင်လည်သလို အင်မတန် ကျပ်တည်းတဲ့အခါတွေလည်း ရှိတာပေါ့ကွာ။ ကိုယ်လည်း မိဘတွေ အလုပ်လုပ်ရာနောက် တကောက်ကောက်လိုက်နေရတာမို့ အသက်ကိုးနှစ်လောက်ရောက်မှ ကျောင်းစနေခဲ့ရပါတယ်။ နေသာ နေရတယ် တစ်ခါမှကို သင်တန်းနှစ်ဆုံးအောင် ကျောင်းနေရတယ် မရှိခဲ့ဘူး။ အနယ်နယ် လျှောက်ရောက်နေရတာပါပဲ။

၁၉၅၀ ဝန်းကျင်လောက်မှာ အသံလွှင့်ရုံကနေ သောတရှင်တွေကို ဖျော်ဖြေခွင့်ရခဲ့တယ်။ ဒီအချိန်မှာ ကိုယ့်မိဘတွေက နယ်မှာ အလုပ်သွားဆင်းနေရလို့ ဆရာရွှေတိုင်အေးရဲ့အိမ်မှာ နေခဲ့ရတယ်။ ဆရာက စန္ဒရားတီးတတ်အောင် သင်ပေးတယ်။ ကျောင်းလည်း ထားပေးတယ်။ ကိုယ်ဟာ သမီးအရင်းတစ်ယောက်လိုပါပဲ။ ဒါပေမဲ့ ကိုယ်က စိတ်ငယ်နေတယ်မဟုတ်လား။ ဆရာ့အိမ်မှာ လိုအပ်တာ ကူညီလုပ်ကိုင်ပေးမိတယ်။ သီချင်းမှတ်သားတာ မြန်တဲ့အတွက် ကိုယ့်ဆရာကို သီချင်းလာတိုက်ပေးတဲ့ သီချင်းရေးဆရာတွေဆီက သီချင်းအားလုံးကို အရင်ဆုံးရအောင် သင်ကြားထားလိုက်ပြီး ဆရာအားတဲ့အခါ ဆရာ့ကို သီချင်းပြန်တိုက်ပေးရတယ်။ ဘာပဲဖြစ်ဖြစ်လေ... သီချင်းသာ ဆိုနေရစမ်းပါစေ ကိုယ်ပျော်တာပဲ။

ကိုယ့်မှာ ငယ်ငယ်ကတည်းက အများတကာထက် ထူးချွန်မယ်၊ ထူးချွန်

www.burmeseclassic.com



အောင် ကြိုးစားမယ်ဆိုတဲ့ စိတ်ဓာတ်က ရှိထားခဲ့တော့ ဘယ်လောက် ပင်ပန်း ပင်ပန်း၊ ဘယ်လောက် ခဲရာခဲဆစ် ဖြစ်နေပါစေ ဖြစ်အောင် ကြိုးစားခဲ့တာချည်းပဲ။ တစ်ဖက်ကလည်း စာသင်မပျက်ခဲ့ဘူး၊ စာတော်ချင်စိတ် သိပ်ပြင်းထန်တယ်။ ကိုယ့်အသိစိတ်မှာ ကိုယ်အရွယ်ရောက်တဲ့အချိန်မှာ မိဘတွေ အေးအေးချမ်းချမ်း နေစေချင်တယ်လေ၊ ဘာအလုပ်မှ မလုပ်စေရတော့ဘူးလို့ စိတ်နှလုံး တုံးချထားတာကြောင့်လည်း စာကြိုးစားခဲ့တာပါ။

သူငယ်ချင်း… ကိုယ် ကသိုလ်ကောင်းတယ် ဆိုရမလား မသိဘူး။ မေမေ့အသံ ချို့ယွင်းသွားတယ်ဆိုတဲ့သတင်း ကြားရတယ်။ ပြန်ကောင်းမလာဘူးတဲ့။ ဒီတုန်းက ကိုယ့်မေမေက ပဲခူးမြို့က စိန် စီနီမာရုပ်ရှင်ရုံမှာ သီချင်းဆိုတဲ့ အလုပ်လုပ်နေတယ်လေ။ ခုလို အသံဝင်သွားတယ်ဆိုတော့ အလုပ်တန်းလန်းနဲ့မို့ ကိုယ်လိုက်သွားတယ်။ မေမေ့အတွက် ကူပြီး သီချင်းဆိုပေးရတယ်ပေါ့ သူငယ်ချင်းရယ်။

ခက်တာက ရန်ကုန်က ရုပ်ရှင်ရုံတွေမှာလို သီချင်းရေးဆရာက သီချင်းလာတိုက်ပေးတာမျိုး မရှိတဲ့အကြောင်းပဲ။ မြို့ငယ်လေးဆိုတော့လည်း ရုပ်ရှင်တစ်ကားကို နှစ်ရက်သုံးရက်လောက်သာ ပြတာများတယ်လေ။ ဒီအထဲမှာ ကိုယ်မမွေးသေးခင်က ခေတ်ဟောင်းဇာတ်ကားတွေလည်း ပြန်ပြတတ်သေးတယ်ကွ။ ဒီတော့ သီချင်းအခက်အခဲ တွေ့ရတာပေါ့။ ကိုယ်လည်း အဲဒီ သီချင်းအဟောင်းတွေမရ၊ ရသည့်တိုင်အောင်လည်း အဟောင်းအဆွေးတေးတွေထက် ကိုယ်ရထားပြီးတဲ့ သီချင်းသစ်အသံတွေကို သင့်တော်သလို စာသားပြောင်းထည့်ဆိုရတာကမှ ကောင်းဦးမယ်လို့ တွေးမိလာတယ်။ စမ်းလည်းစမ်းဆိုကြည့်ရတာပေါ့ကွာ၊ အစမှာ ခက်သလိုဖြစ်ပေမယ့် နောင်ကျတော့ စာသားပြောင်း စာမြောင်ကပ်တဲ့ အလေ့အကျင့် ရသွားခဲ့တော့တာပဲ။

ဒါကြောင့် ကိုယ်ကသိုလ်ကောင်းတယ်လို့ ဆိုချင်တာပေါ့ သူငယ်ချင်းရဲ့။ တကယ်လိုသာ ကိုယ့်မေမေရဲ့ အလုပ်ကို ကူညီခွင့်မရခဲ့ရင်၊ ကိုယ့်ဆရာသမားကို ကူညီခွင့်မရခဲ့ရင် ကိုယ့်မှာ ဒီလို ဂီတဗဟုသုတတွေနဲ့ တိုးနိုင်စရာ အကြောင်းမရှိဘူးမဟုတ်လား၊ ဒီနေ့လိုလည်း ဂီတလောကမှာ ဝင်ဆံ့ချင်မှ ဝင်ဆံ့နိုင်လိမ့်မယ် သူငယ်ချင်း။ ဒါပေမဲ့ကွယ် ကိုယ်တတ်မြောက် ကြိုးစားချင်တဲ့ စာပေသင်ကြားရေးမှာတော့ အခက်အခဲတွေ့ရတာပေါ့။ ကျောင်းမတက်နိုင်တာက များနေတယ်လေကွယ်။





အဲဒီတုန်းက သီချင်းဆိုပေးရတာ အသံတိတ်ရုပ်ရှင်ကားတွေပေါ့။ နောက်အသံထွက် ရုပ်ရှင်တွေ ပေါ်လာတော့တာပဲ။ ကိုယ့်မိဘတွေလည်း အလုပ်အကိုင် ကောင်းတဲ့အချိန်ကျတော့မှ ရန်ကုန်မှာ အခြေချကြရတော့တယ်။ စီးပွားရေး ရုန်းကန်နေကြရရှာတယ်။ ကိုယ်စာသင်ချင်တာ၊ စာတတ်ချင်တာတွေကိုတောင် သတိမထားနိုင်အောင် ကိုယ်တို့မိသားစုရဲ့ စားဝတ်နေရေးအတွက် ရှာဖွေကြရတယ်။

စာသင်ချင်လွန်းတဲ့ ကိုယ်ဟာ ကိုယ်သဘောနဲ့ကိုယ် ကျောင်းသွားအပ်ရတဲ့အထိပါပဲကွယ်။ ကျောင်းဆရာတွေက ကိုယ့်အကြောင်း သိလာရတော့ ပိုပြီး ကရုဏာထားကြတယ်၊ ချစ်ကြတယ်၊ အစစအရာရာ မြေတောင်မြှောက်ပေးခဲ့ကြတယ်။ ဆရာလေး ကိုလှထွန်း၊ ဆရာကိုအေးနဲ့ ဆရာဦးချစ်လှိုင်တို့ဆိုရင် ကိုယ်သီချင်းဆိုတတ်မှန်း သိကြတော့ ရပ်ကွက်ထဲမှာ အလှူရှိပြီဆိုတာနဲ့ မယ်ဒလင်တို့ ဂီတာတို့နဲ့ဖြစ်ဖြစ် တီးဝိုင်းအငယ်စားလေးတစ်ခုတော့ ဖြစ်အောင် ဖန်တီးပေးပြီး သီချင်းဆိုစေခဲ့ကြတယ်။ သတ္တိရှိရှိနဲ့ လူတောတိုးရဲအောင် ကိုယ့်ကို လေ့ကျင့်ပေးခဲ့ကြတယ် သူငယ်ချင်း၊ ကိုယ့်ဆရာတွေကို ဘယ်တော့မှ ကိုယ်မမေ့ပါဘူးကွယ်။

ဒီအရင်ကတော့ ကျောင်းတက်တယ်ဆိုတာ နာမည်လောက်ပဲ ရှိတာပါကွာ။ ဒါပေမဲ့ ကိုယ်က စာဖတ်သိပ်ဝါသနာပါတယ်၊ ကိုယ်လေ စာကို ပေါင်းပြီး ဖတ်နိုင်တဲ့ အချိန်ကစပြီး စာအုပ်ပေါင်းစုံ ဖတ်ခဲ့တယ်။ အားချိန်ရတာနဲ့ စာအုပ်နဲ့ မျက်နှာ မကွာအောင် ဖတ်ခဲ့တယ်။ ဒါကြောင့်မို့ ကိုယ်ဟာ အတန်းမရခဲ့ဖူးပေမယ့် စာဖတ်ဝါသနာ အကျိုးဆက်ကြောင့် ကျောင်းကမေးသမျှ ဖြေနိုင်ခဲ့တော့ နှစ်နှစ်အတွင်း မူလတန်းအောင်ခဲ့တယ်။ ကံကောင်းချင်တော့ ပညာသင်ဆု (စကောလားရှစ်) တောင် ရလိုက်သေးတယ် သူငယ်ချင်းရေ။ ကိုယ်ဖြင့် သိပ်ကို ဝမ်းသာတာပဲကွယ်။

ကိုယ့်ဝမ်းသာမှုကလည်း ကြာကြာမခံစားလိုက်ရပါဘူးကွာ။ ဖေဖေရော မေမေရော အလုပ်လုပ်နေရလို့ ကိုယ်က မောင်လေးနဲ့ ညီမလေးကို ထိန်းကျောင်းရမယ်တဲ့။ နောက်တစ်ချက်ကလည်း ရှေးဆန်တဲ့ အတွေးအခေါ်မျိုး ခေါ်ရမလား မသိပါဘူးကွာ၊ မိန်းကလေးပဲ ပညာတတ်စရာ မလိုပါဘူး၊ အိမ်ထောင်ကျသွားရင်တော့လည်း ခင်ပွန်းသည်က လုပ်ကိုင်ကျွေးရတာပဲတဲ့လေ။ ဒါနဲ့ ကျောင်းဆက်မနေခဲ့ရတော့ဘူး၊ အမှန်ကတော့ စီးပွားရေး မပြေလည်တာလည်း ပါမယ်လို့ ကိုယ် ထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ သူငယ်ချင်းတွေ ကိုယ့်အိမ်ရှေ့ကဖြတ်ပြီး ကျောင်းတက်သွားကြတာ မြင်တိုင်း မြင်တိုင်း ကိုယ်ငိုချင်တယ်။ ကိုယ့်ဘဝကိုယ် မကျေမနပ်ဖြစ်မိတယ်။ ကျောင်းတွေ ပြန်ဖွင့်နေပြီပေါ့ကွယ်။ ကိုယ့်ကို ကျောင်းဆက်မထားဘူးလို့ သိကြတဲ့ ဆရာကြီးတွေက အိမ်ကိုလာကြ၊ ကျောင်းဆက်ထားဖို့အကြောင်း တိုက်တွန်းလွန်းမက တိုက်တွန်းကြတော့မှ ကိုယ် ကျောင်းဆက်နေခွင့်ရတော့တယ်။ ဒီတော့မှ စာသင်ချင် စာတတ်ချင် ကျောင်းတက်ချင်လို့ ငိုခဲ့ရတဲ့ အငိုခန်း ရပ်တော့တယ် သူငယ်ချင်း။

ကိုယ်နေရတဲ့ကျောင်းက အမျိုးသမီး စံပြအထက်တန်းကျောင်း (အခု အ.ထ.က (၁) ကမာရွတ်) ပေါ့ကွယ်။ ကိုယ်လည်း အထက်တန်းကျောင်းကြီး ရောက်တော့မှ ကျောင်းပေါင်းစုံ ကဗျာရွတ်ပြိုင်ပွဲတွေမှာ ဆုတွေရလာပြီလေ။ အို... သူငယ်ချင်းရယ်၊ အဲဒီအချိန်လောက် သာယာချမ်းမြေ့တာ ကိုယ့်ဘဝမှာ ရှိမယ်တောင် မထင်မိတော့ပါဘူး။

ပြီးတော့... ကိုယ့်ဖေဖေရယ်... ကိုယ်ရယ် 'စစ်ရဲ အချက်ပြတပ်ရင်း (၁၉) တူရိယာအဖွဲ့' (နောင်စစ်ရဲဂီတ တူရိယာအဖွဲ့ ဖြစ်လာသည်) မှာ အလုပ်ကိုယ်စီရကြတယ်။ စဉ်းစားကြည့်စမ်း သူငယ်ချင်း။ ကိုယ် ဘယ်လောက် ဝမ်းသာလိုက်မလဲလို့။ စာလည်း သင်နိုင်ပြီ၊ မိဘကိုလည်း တစ်ဖက်တစ်လမ်းက ဝင်ငွေလေး ထောက်နိုင်ခဲ့ပြီ မဟုတ်လား။

ကိုယ့်အလုပ်နဲ့ ကိုယ့်ဘဝကို ရပ်တည်နိုင်လာတဲ့အချိန်ကျတော့မှ သူငယ်ချင်းအပေါင်းအသင်းတွေအပေါ် ပိုပြီးစာနာတရားထားတတ် နားလည်တတ်လာတယ်။ ဒါကြောင့်လည်း ပညာသင်ရေး အခက်အခဲရှိနေတဲ့ သူငယ်ချင်းတွေဆိုရင် ကျောင်းသုံးကိရိယာကအစ ကျောင်းလခမကျန် တတ်စွမ်းသမျှ အကူအညီပေးမိခဲ့တယ်။ ဒီအကူအညီပေးမှုတွေကြောင့် မုန့်ငတ်ခံရတာတော့ ရှိတာပေါ့ကွာ။ ဒါပေမဲ့လို့ ကိုယ်မစားရရင် ရှိပါစေတော့ဆိုတဲ့စိတ်မျိုး မွေးခဲ့တယ်။ ဘာလို့ ဒီစိတ်မျိုးထားခဲ့ရတာလဲဆိုတော့ ကိုယ့်လိုပဲ အခက်အခဲရှိတဲ့သူတွေ ပညာသင်နိုင်ပါစေ၊ ကိုယ်စာတတ်ချင်သလို သူတို့လည်း စာတတ်ချင်မှာပဲဆိုတဲ့ ကိုယ်ချင်းစာတဲ့ အတွေးစိတ်ကြောင့်ပေါ့ကွယ်။

သူများနဲ့ မူကွဲနေတဲ့အချက်တစ်ခုတော့ ကိုယ့်မှာ ရှိတယ်။ ဒါကတော့ ကိုယ်ရင်းနှီးတဲ့ သူငယ်ချင်း အပေါင်းအသင်းအားလုံးလိုလို ယောကျ်ားလေးတွေ





ဖြစ်နေတဲ့ ကိစ္စပဲ။ သူများအမြင်မှာတော့ ဒါကို မျက်စိစပါးမွေး စူးချင်စူးမယ်ပေါ့။ မိန်းကလေးသူငယ်ချင်း ထားခဲ့တာတော့ အမှန်ပဲ။ မိန်းကလေးထဲက ရင်းနှီးတဲ့ သူငယ်ချင်းဆိုလို့ မူလတန်းကျောင်းမှာ (၂) ယောက်၊ အထက်တန်းကျောင်း ရောက်တော့ (၆) ယောက် ဒါပဲရှိတယ်။ တစ်ကျောင်းလုံး မိန်းကလေးချည်းပဲ ဆိုတော့ အားလုံးကို အစ်မကြီးလို ညီမလို ခင်မင်တာတော့ ခင်မင်ခဲ့တာပါပဲ။

အမှန်ကတော့ ကိုယ်ဟာ ယောကျ်ားလျာလေးတစ်ယောက်ပါ သူငယ်ချင်း။ ကိုယ်လေ သိပ်ပြီး ယောကျ်ားလေးဖြစ်ချင်တာပဲ။ အဲဒီစိတ်ကြောင့်လည်း ကိုယ် ငယ်ငယ်ကတည်းက အခုထိ ယောကျ်ားလေးမိတ်ဆွေရင်းချာတွေ ထားခဲ့တာပါ။ သူတို့တစ်တွေနဲ့ တွေ့ဆုံပြောဆို သွားလာနေရတဲ့အခါမျိုးမှာ ကိုယ့်ကိုယ်ကိုယ် ယောကျ်ားလေးတစ်ယောက်အလား ထင်မှတ်မှားမိတဲ့အထိပါပဲကွယ်။

"ငါဟာ မိန်းကလေးပါလား" လို့ အသိဝင်လာပြန်ရင်တော့ စိတ်ထိခိုက်စရာတစ်ခုပဲပေါ့ကွာ။ ဒါပေမဲ့ မိန်းကလေးဟာ ဘယ်လောက်ပဲ ယောကျ်ားလေး ဆန်တယ်ဆိုဆို၊ ယောကျ်ားလေးဖြစ်ချင်ပါတယ်လို့ ငိုနေနေ၊ မိန်းကလေးဟာ မိန်းကလေးပါပဲ။ အဲဒီအသိလေးက ကိုယ့်ကို ဆုံးမတယ် ထိန်းကွပ်ပေးပါတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း အတတ်နိုင်ဆုံး ပြုပြင်ပါတယ်။ ဒါနဲ့တောင် ခုထိ စကားပြောရင် "ကျွန်တော် ကျွန်တော်" နဲ့ ပြောမိတုန်း၊ အကျင့်ပါတုန်း၊ ဖျောက်လို့ ရသေးဘူး။ ဒါကြောင့် အကြောင်းမှန်မသိသူတွေက "မန္တလေးသူလား ရွှေညာသူလား" ထင်ကြ မေးကြတာ မနည်းတော့ဘူး သူငယ်ချင်းရေ။

မွေးရာပါစိတ်များလား မသိပါဘူးကွာ။ ယောကျ်ားမိန်းစိတ်က မပျောက်ချင်ဘူး။ ငယ်ငယ်ကလည်း အမြဲယောကျ်ားလေးလို ဝတ်ဆင်ပြောဆိုမိတာများတော့ အထက်တန်းကျောင်းရောက်တဲ့အခါ မင်းသိတဲ့အတိုင်းပဲ ကိုယ်တို့ကျောင်းက မိန်းကလေးကျောင်းဆိုတော့ ကိုယ့်အဝတ်အစားအတွက် ပြဿနာတက်တာပေါ့။ အားလုံးထဲမှာ ကျောင်းဝတ်စုံ ရောင်တူနဲ့ပေမယ့် ဘောင်းဘီတိုတိုဝတ်တော့ တစ်မျိုးကြီးဖြစ်နေတယ်။ ဆရာမတွေက ပြောကြ ဆူကြလွန်းလို့ တစ်ခါ စကပ်ပြောင်းဝတ်ကြည့်၊ တစ်ခါ ထဘီဝတ်ရမယ်လို့ ရာဇသံပေးတော့လည်း ဝတ်ရနဲ့ ဆင်လေ့ဆင်ထမရှိတော့ စိတ်ထဲ မကျေမနပ်နဲ့ပေါ့။ ခေါင်းမာမာနဲ့ မဝတ်ဘဲ နေလည်းမရ။ ကျောင်းကတင်းလိုက် အိမ်ကတင်းလိုက် ဒဏ်ပေးလိုက်နဲ့ ကိုယ့်ခွင့်ကို ချုပ်ရတော့တာ။ ဒီလို ကျောင်းနဲ့ အိမ်က ပေါင်းပြီး ဇွတ်ဖျောင်းဖျတော့



www.burmeseclassic.com

www.burmeseclassic.com



လည်း ယောကျ်ားမိန်းစိတ်ကို အတင်းမေ့လိုက်ပြီး အစစအရာရာ မိန်းကလေးလို နေထိုင်လိုက်နာခဲ့ရတော့တာပေါ့။

မိန်းကလေးအနေအထား အနေများလာတော့လည်း မိန်းကလေးအတွေး၊ မိန်းကလေးအပြင်အဆင် မိန်းကလေးအမူအရာ ဝင်လာရတာ မဆန်းတော့ဘူးလေ။ အစကတည်းကလည်း မိန်းကလေးပဲကိုး။ နောက်တော့လည်း အရွယ်ရောက်စ မိန်းကလေးတွေလိုပဲ ကိုယ့်မှာလည်း ချစ်သူရည်းစားထားတတ်လာတာပေါ့။ စိတ်ကစားတတ်တဲ့အရွယ်ဆိုတော့လည်း တစ်ခါတလေမှာ ကလေးဘဝကစပြီး ခင်မင်လာတဲ့ ယောကျ်ားလေးသူငယ်ချင်းတွေကိုပဲ ကိုယ့်များ ချစ်နေသလား၊ ကြိုက်နေသလားနဲ့ စိတ်ကို မလုံမလဲတွေဖြစ်လို့။

* * *



## အခန်း (၂)

ဒါတွေထားလိုက်ပါစို့တော့… ကိုယ့်ချစ်သူအကြောင်း စရအောင်လား။

ကိုယ်နဲ့ ကိုယ့်ချစ်သူတို့ဟာ ဦးဝိစာရကွက်သစ်က စိန်ပန်းပင်လမ်းကလေး မှာ အတူကြီးပြင်းလာခဲ့ကြသူတွေပါ။ အိမ်ချင်းကလည်း မျက်စောင်းထိုးလေး။ ကိုယ်ငယ်ငယ်လေးကတည်းက အစ်ကိုကြီးတစ်ယောက်လို ထိန်းကျောင်း ာ့ကစား အစစအရာရာ အလိုလိုက် အကြိုက်ပေးခဲ့သူပါပဲ။ ကိုယ်ကလည်း ကိုယ့်အထက်အကြီး အစ်ကိုကြီး အစ်မကြီးမှ မရှိတော့ ကိုယ့်ထက် အသက်ကြီး သူဆိုရင် အားလုံးကို အစ်ကိုလို အစ်မလို သဘောထားတာပါ။ ခုလည်း ဒီလို စိတ်က ရှိတုန်းပါပဲ။ အချိန်ကတော့ ကိုယ့်အတွက် နာမည်ကျော်ဖြစ်စေခဲ့တယ် အများက အသိအမှတ်ပြုထားတဲ့ "သက်တန့်ပေါ်မှာ ကစားမယ်" သီချင်း ပန်းစားတဲ့နှစ်ပါပဲ သူငယ်ချင်း။

ဒီတော့ နာမည်ကျော်ကြားလာတဲ့ အခြားအနုပညာရှင်တွေနည်းတူ ကိုယ့် ဆီကိုလည်း မိတ်ဆက်စာတွေ အကြံဉာဏ်ပေးစာတွေ ဓာတ်ပုံတောင်းစာတွေ ရေးခဲ့ကြတာပေါ့ကွာ၊ မိတ်ဆွေဖွဲ့ချင်သလိုလိုနဲ့ ရည်းစားစာရေးတာမျိုးလည်း ပါတာပေါ့။ ကိုယ့်အနုပညာအောင်မြင်မှုက ရလာတဲ့ သောတရှင်တွေရဲ့ စာတွေ အတွက် ကိုယ် ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ရတာ အမှန်ပါပဲ။ ဒါပေမဲ့ ကိုယ်ကသာ ဝမ်းသာအားရဖြစ်နေတာ ကိုယ့်ချစ်သူဖြစ်လာမယ့်သူကတော့ စိုးရိမ်နေခဲ့တယ်ပေါ့။

ကိုယ့်လို မြို့ပေါက်အရွယ်လေး စိတ်မငြိမ်သေးတဲ့အရွယ်လေးမှာ မြောက်စာပင့်စာ မိတ်ဆက်စာတွေနဲ့ ဖြစ်လာတော့ စိတ်ပျံ့လွင့်လေမလား၊ မှား



www.burmeseclassic.com

www.burmeseclassic.com



သည် မှန်သည် ဝေဖန်ပိုင်းခြား ရှိနိုင်ပါ့မလား၊ မိတ်ဆွေစစ်နဲ့တွေ့ရင် တော်ပါရဲ့ မိတ်ဆွေတုနဲ့တွေ့လို့ ပျက်စီးလေလွင့်ဖြစ်ရင် အခက်ပါလားလို့ ကြောင့်ကြပူပန်ရာက ကိုယ့်ကို ချစ်တဲ့အထိ စိတ်ထားပြောင်းသွားပြီး ကိုယ့်ကို ချစ်တယ်လို့ ဖွင့်ပြောခဲ့တော့တယ်။

ပတ်ဝန်းကျင်အကြောင်း၊ လူမှုဆက်ဆံရေးတွေအကြောင်း၊ စိတ်တည်ကြည်နိုင်မှာဖို့၊ ရဲရင့်ပြတ်သားတတ်ဖို့၊ ဆင်ခြင်ဝေဖန် တွေးခေါ်မြော်မြင်တတ်ဖို့တွေကိုလည်း ကိုယ် သဘောပေါက်နားလည်အောင် ရှင်းပြတတ်တယ်။ ကိုယ့်ကို ကြင်နာတယ်၊ ယုယတယ်၊ စေတနာထားတယ်။ ပြီးတော့ သိပ်လည်း ချစ်ရှာပါတယ်။ ဒီလိုကနေ ကိုယ်တို့ ချစ်ခဲ့ကြတယ် သူငယ်ချင်း။

ချစ်သူတွေဖြစ်လာကြတော့ ကိုယ်ကလည်း သူ့ညီတွေ ညီမတွေ ခေါ်သလို "ကိုကို" လို့ ခေါ်ခဲ့ရာက "ကို" လို့ ခေါ်တယ်။ သူကလည်း "ညီမလေး" လို့ ခေါ်ရာက "လေး" လို့ ပြောင်းလဲခေါ်ခဲ့ကြတယ်။ ကိုယ်တို့ ချစ်ခရီးဟာ သာယာအေးချမ်းလှပါတယ်ကွယ်။ သဘောတူ စိတ်တူ ချစ်သူဘဝဟာ ပျော်စရာအပြည့်နဲ့ပေါ့။

တကယ်တော့ ရည်းစားသာထားတာ ကိုယ်က အသက်ငယ်ပါသေးတယ်။ ကလေးစိတ်ရှိတဲ့ ကလေးလေးတစ်ယောက်သာပါ။ တခြားအကြောင်းတွေကို ထားတော့··· သီချင်းဆိုတဲ့နေရာမှာတောင် သီချင်းဖြစ် ပြီးတာပဲလို့ ကလေးတွေးပဲ တွေးတတ်သေးတာ၊ ဘာမှ မပူပင်မိပါဘူး။ တကယ်ပဲ ကိုယ့်အဖို့ စာသင်နေရမယ်၊ သီချင်းဆိုနေရမယ်ဆိုရင် ကျေနပ်နေတာပဲ။ ဘာမှကို သဘောပေါက်နားလည်နိုင်သေးတာ မဟုတ်ဘူး။

"ကို" ကတော့ အရွယ်ရောက်နေသူကိုး သူငယ်ချင်းရဲ့။ ကိုယ့်ထက်လည်း ငါးနှစ်လောက် အသက်ကြီးမယ်ထင်တယ်။ ဒီတော့ သူကပဲ အစစအရာရာ သွန်သင်ရတယ်။ ပြောတာဆိုတာကအစ သီချင်းဆိုရာမှာဆိုရင်လည်း ဘယ်လို သီချင်းမျိုးကို လေ့လာသင့်တယ်၊ ဘယ်သီချင်းဟာ ဘယ်စာသားမှာ သူများ ဘယ်လို ဆိုသွားတာ အသံနဲ့ စာသား လိုက်ဖက်တယ် မလိုက်ဖက်ဘူး။ အသံရှင်ဟာ သောတရှင်တွေ ရင်ထဲကျန်ခဲ့အောင် ခံစားမှုအဓိပ္ပာယ်အပြည့်နဲ့ လိုက်လိုက်လှဲလှဲ သီဆိုပေးသင့်တယ်။ အသက်ဝင်လှုပ်ရှားစေမယ့် ဆိုပုံမျိုး ကြိုးစားသင့်တယ်ဆိုတာတွေအထိ ကိုယ်နားလည်အောင် ပြောပြတတ်တယ်။





မြန်မာ့မှု၊ မြန်မာ့ဟန်၊ မြန်မာ့အသံတွေကို ထိန်းသိမ်းရင်း နိုင်ငံအသီးသီးက တိုးတက်လာသမျှ တီထွင်ဆန်းသစ်လာသမျှ ဂီတဟန်ပန်တွေကိုလည်း လေ့လာဖို့ လိုတယ်လို့ အကြံပေးတတ်တယ်။

"ကို" ဟာ ဂီတသမား မဟုတ်ပေမယ့် "လေး" ဆိုတဲ့ သူချစ်တဲ့ သူငယ်နုပ်စားမလေးကို တိုးတက်အောင်မြင်စေချင်တော့ ကိုယ့်အတွက် လိုအပ်မယ် သိသင့်တယ်ထင်တာမှန်သမျှကို ပြောပြ ဆွေးနွေးနေခဲ့တာပေါ့။

ကိုယ့်ချစ်သူဟာ နိုင်ငံရေးသမားမဟုတ်ပေမယ့် ငြိမ်းချမ်းရေးလိုလားသူ သဘောတရားရေးသမားဆိုတာ ကိုယ်သိတယ်၊ ကိုယ့်ကိုလည်း ဖတ်သင့် မှတ်သင့် နည်းယူသင့်တဲ့ စာအုပ်တွေ လေ့လာစေတယ်။ ကဗျာကအစ နိုင်ငံရေးစာပေများတွေအထိ အစုံပါပဲကွယ်။

ဒီတုန်းက ရော့ခ်အင်ရိုး(လ်) ဆိုတဲ့ အရူးချေးပန်းအကတွေ၊ ပွတ်သဘင်တွေ ရှိနေပြီလေ။ တချို့အသိုင်းအဝိုင်းမှာဆိုရင် "ဆိုရှယ်ကျမှ ခေတ်မီတယ်" ဆိုတဲ့ အတွေးအခေါ်မျိုး ဝင်နေတဲ့အချိန်ဆိုလည်း မမှားပါဘူး။ ဒီတော့ ကိုယ့်သဘောတရားရေးဆရာကြီးက···

"ခုတစ်လော ရေပန်းစားနေတဲ့ ဆိုရှယ်ကျတယ်ဆိုတာဟာ ပေါင်းသင်းဆက်ဆံရေးအတွက်ပါလို့ ကောင်းရာကောင်းကြောင်းဘက်ကို ဆွဲတွေးရင်တော့ ဖြစ်ပါတယ်။ ဒါပေမဲ့ အသည်းနုနယ်တဲ့ ရင့်ကျက်မှုမရှိသေးတဲ့ ငယ်ငယ်ရွယ်ရွယ် ကလေးတွေအတွက်တော့ အဆိပ်ပါပဲ လေးရယ်၊ ဒီတော့ ပညာပေး တေးတစ်ပုဒ် ရေးချင်တယ်၊ လေးကတစ်ဆင့် ကူညီပေးပါလားကွယ်" လို့ ပြောတယ်။

ကိုယ်ကလည်း ကောင်းတဲ့ရည်ရွယ်ချက်ဆိုတော့ ဝမ်းသာမိတဲ့အပြင် ချစ်သူက ကိုယ်တိုင်ရေးပေးတဲ့ သီချင်းကလေးပါလားလို့ သီချင်းဆိုရင်း ပီတိဖြစ်ချင်မိလေတော့ ရေးပါပေါ့။ ရေးတော့ ရေးတာပေါ့ကွယ်၊ ဒါပေမဲ့ သူက ဂီတသမား သီချင်းရေးဆရာမှ မဟုတ်တော့လည်း ဆိုလိုချင်တဲ့ အဓိပ္ပာယ်တွေ စုရေးထားတဲ့ စာတစ်စောင်လို ဖြစ်နေတာပေါ့ သူငယ်ချင်းရဲ့။ ဘာပဲဖြစ်ဖြစ် ကိုယ်က သူ့ထက်စာရင် ပိုပြီးနီးစပ်တယ်မဟုတ်လားကွယ်၊ အဆင်ပြေအောင် ပြန်ရေးရတာပေါ့။ ကိုယ့်ဆရာလင်းခေးလှလင်ကို တေးသွားအသံသွင်းပေးပါလို့ ပြောရတယ်။ ဒီတော့ "ဆိုရှယ်မလိုတယ်" ဆိုတဲ့ သီချင်းလေးတစ်ပုဒ် ဖြစ်လာတာပေါ့ကွယ်။

သီချင်းဖြစ်လာပြန်တော့ "ကိုင်း သီချင်းရေးတဲ့ ဆရာကြီးရေ···

www.burmeseclassic.com



သီချင်းတော့ ပြီးပြီ၊ ရေးတဲ့သူနာမည် ဘယ်လိုကင်ပွန်းတပ်လိုက်ရမှာလဲ'' လို့ မေးရတယ်။ ''ကို'' ကတော့ သူတစ်ယောက်တည်း ရေးတာ မဟုတ်ဘူး။ ဒီတော့ ကိုယ်တို့ချစ်သူနှစ်ဦးအတွက် အမှတ်တရဖြစ်အောင် ချစ်သူ့နာမည်က ''ဝေ'' ဆိုတဲ့ နာမည်တစ်လုံးရယ်၊ ချစ်သူက အမြတ်တနိုးခေါ်တဲ့ ''လေး'' ဆိုတာရယ် ပေါင်းပြီး ''လေးဝေ'' လို့ သီချင်းရေးသူနာမည် ပေးခဲ့ကြတယ်။ သီချင်းက မျှော်လင့်တာထက် အောင်မြင်လို့ ကိုယ်တို့ သိပ်ပျော်ခဲ့ရတယ်။

ကိုယ်တို့ အရွယ်ရောက်လို့ အတူနေကြရင် ဘာလုပ်မယ် ဘယ်လိုကြိုးစားမယ်နဲ့ စိတ်ကူးယဉ်ကြရတာလည်း မမောနိုင်အောင်ပါဘဲ သူငယ်ချင်း။ ကိုယ်တို့ဟာ အရာရာတိုင်းမှာ စိတ်သဘောတူညီမှုရအောင် ညှိနိုင်းတယ်။ တစ်ဦးကိုတစ်ဦး လိုက်လျောတတ်ကြတယ်။ စိတ်တူကိုယ်တူ ဖြစ်တာတော့ မပြောနဲ့တော့ သူငယ်ချင်းရေ၊ ''ကို'' က နိုင်ငံရေးသဘောတရားရေး စိတ်ဝင်စားတာ လုပ်တာကို ကိုယ်က အားပေးတယ် ဝိုင်းကူတယ်။ သူက တရားဟောရင်လည်း ကိုယ်ပါတယ်။ ဆွေးနွေးပွဲလုပ်ရင် ကိုယ်စောင့်တယ်။ အိုကွယ်... လမ်းဘေး ပိုစတာကပ်တာတောင် ကိုယ် ကျန်မနေခဲ့ဘူး။ ချစ်သူက ငြိမ်းချမ်းရေးအကြောင်းပြောရင် ကိုယ်လည်း ငြိမ်းချမ်းရေးအကြောင်း ဆိုခဲ့တယ်။

သူကလည်း ကိုယ့်လိုပဲ။ ကိုယ်သီချင်းဆိုသွားရာ နေရာတိုင်းက ပရိသတ်ထဲမှာ အမြဲရှိနေခဲ့တယ်။ ကိုယ်က စာဖတ်ဝါသနာပါတော့ သူက စာကြည့်တိုက်တစ်ခု ဖြစ်လာအောင် လုပ်ပေးတယ်။ စာကြိုးစားချင်မှန်းသိတော့ ကိုယ်အားရှိအောင် ညကျောင်း အလွတ်ပညာသင်ကျောင်း တက်ခိုင်းတယ်။ သူကိုယ်တိုင်လည်း ကျောင်းလိုက်တက်တယ်။ အမှန်တော့ ကိုယ့်ချစ်သူဟာ ဒီအချိန်က ပညာရေးစနစ်ကို သဘောမကျလို့ဆိုပြီး ပညာဆက်မသင်ခဲ့ဘူး သူငယ်ချင်း။ ခုတော့ ကိုယ့်ကိုချစ်တဲ့စိတ်၊ စိတ်တူသဘောတူပါပဲလို့ နေပြချင်စိတ်နဲ့ ကိုယ်စာသင်ရာ သူပါ လိုက်ခဲ့ရှာပါတယ်။ သူဟာ ကိုယ့်အပေါ် နှမလေးလို ခွင့်လွှတ်တတ်နေတယ်။ အားလုံး ကိုယ့်သဘောမှ ကိုယ့်သဘော၊ ကိုယ့်အကြိုက်ဟာ သူ့အကြိုက်ပါပဲ သူငယ်ချင်း။

သူငယ်ချင်းရေ၊ ကိုယ်တို့ သတ္တမတန်းရောက်တဲ့အချိန်မှာ ဝတ္ထုတွေက ဆန်းသစ်လာတယ်။ အရေးအသားတွေ တီထွင်လာတယ်။ စာလုံးနုနုနွဲ့နွဲ့လေးတွေ သုံးလာတယ်။ စာတွေက ကဗျာဆန်လာတယ်ဆိုတာ မင်း မှတ်မိလိမ့်မယ်ထင်





ပါခဲ့၊ ကိုယ်လည်း ဝတ္ထုဝန်းကျင် စာဝန်းကျင်က လူသားတစ်ယောက်အနေနဲ့ ဒီလိုထွင်ချင် စာလုံးအလှရွေးချင် ကဗျာဆန်ချင်တဲ့ အသုံးအနှုန်းလေးတွေ သုံးချင် သုံးတတ်လာမိတယ်။

အခုပဲ ကြည့်လေ... မင်းဆီ စာရေးတဲ့ အစမှာကိုပဲ အတိတ်က အဖြစ်ကို ပြန်သတိရမိလို့ ''ချစ်တဲ့ သူငယ်ချင်း'' လို့ ခေါင်းစဉ် တပ်လိုက်ပါသေးရော...။

ကိုယ် ဘယ်လောက်အရူးထသလဲဆိုတော့ ကိုယ့်လက်မှတ်ထိုးတဲ့နေရာမှာ ''ကျန်းမာပါစေ''တို့၊ ''သာယာရွှင်လန်းပါစေ'' တို့၊ ''အစဉ်သတိရစွာဖြင့်''တို့ မရေးတော့ဘဲ ''ချစ်သော'' ဆိုတဲ့ စကားလေးနှစ်လုံး ရှေ့ကရေးပြီးမှ လက်မှတ်ထိုးခဲ့မိတယ်။ မင်းတို့ဆီ ရေးခဲ့ဖူးတဲ့ ကိုယ့်စာတွေမှာ ပြန်ကြည့်ကွာ ဒီအတိုင်းပဲ ရေးတယ်။ အေးကွာ... အဲဒီလို စာလုံးလှ ထွင်ချင်လွန်းခဲ့မိလို့ မင်းရဲ့သူငယ်ချင်း ကိုယ့်မှာ ဘယ်လိုအဖြစ်မျိုးတွေ ကြုံခဲ့ရတယ်၊ ဘယ်လောက် ရင်နင့်တကြီး ခံစားခဲ့ရတယ်ဆိုတာ ရေးလိုက်ရဦးတော့မှာပေါ့ သူငယ်ချင်းရယ်။

ဒီလိုလေကွယ်၊ စောစောက ရေးခဲ့သလိုပေါ့၊ ကိုယ်ဟာ ဂီတရူး၊ ပညာရူး တစ်ယောက် မဟုတ်လား။ တက္ကသိုလ်ကျောင်းတော်ကြီးဆိုတဲ့နေရာမှာ မကြာခဏဆိုတာလို ကိုယ် သီချင်းသွားသွားဆိုခဲ့ရတာ မင်း သိမှာပေါ့။ အဲဒီလို မိတ်ဆုံညခင်းစားပွဲဆိုတဲ့ ညစာစားပွဲတွေက အိမ်ကို ပြန်ရောက်တဲ့အခါတိုင်းမှာ အဲဒီကောလိပ်ကျောင်းကြီးကို ရောက်ချင်စိတ်က ပြင်းပြတယ်။ စာလည်း ပိုကြိုးစားမိတယ်။ အလုပ်ကတစ်ဖက်၊ စီးပွားရေးလည်း မပျက်ရအောင်ဆိုတော့ အခက်အခဲ များစွာပေါ့။ ကိုယ်လေ ဘယ်လောက် ပင်ပန်း ပင်ပန်း စိတ်ဓာတ်မကျဘူး။ ဖျားတယ် နာတယ်ဆိုတာတောင်မှ စာသင်မပျက်ရအောင် ဖွတ်သွား ဖွတ်သင် တတ်ချင်စိတ်က ဆောင်ပါတယ်။ နောက်ဆုံးပြောလိုက်မယ်၊ ဘယ်လောက် တက္ကသိုလ်ရူးလိုက်သလဲဆိုရင် တက္ကသိုလ်က ဒေါင်းတံဆိပ်ကလေးပါတဲ့ စာရေးစက္ကူလေးတွေ စာအိတ်ကလေးတွေကအစ အမြတ်တနိုး တခုတမင်သိမ်းမိတယ်။

ဒါပေမဲ့ အထက်တန်းကျောင်းကြီးမှာ အလယ်တန်းပညာ သင်နေရသေးတဲ့ ကျောင်းသူမလေး၊ ကိုယ့်ဝမ်း ကိုယ်ကျောင်း ပညာရှာနေခဲ့တဲ့ ကျောင်းသူမလေး ကိုယ်ဟာ ကိုယ်လိုချင်တဲ့ ဒေါင်းတံဆိပ်နဲ့ စာရေးစက္ကူတို့၊ စာအိတ်တို့ ဘယ်လိုရနိုင်တယ်ဆိုတာတောင် မသိတတ်ပါဘူး။ တက္ကသိုလ်ရောက်မှ ရေးခွင့် သုံးခွင့် ဝယ်ခွင့်ရှိတယ်လို့ ထင်ခဲ့တယ်။ အဲဒီလောက် အမြင်မကျယ်တာ၊ အ,တာ ညံ့တာ သူငယ်ချင်း။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို ကိုယ် အရူးထနေတဲ့အချိန်မှာ ကိုယ်တို့ညကျောင်းက ဆရာကြီး ရဲ့သား "…" ဆိုတဲ့ ကောင်လေးဟာ တက္ကသိုလ်ကျောင်းတက်နေပြီလေ။ ဒါပေမဲ့ ကိုယ်က အဲဒီကောင်လေးကို ပိန်ပိန်ညှောင်ညှောင် မည်းကြုတ်ကြုတ် ကလေးကို ကြည့်မရလောက်အောင်ကိုဘဲ မုန်းတယ်၊ မုန်းတာကတော့ သူ့ကိုယ် သူ စာသိပ်တော်တယ်လို့ ဘဝင်မြင့်တတ်တာရယ်၊ စက်ဘီးတစ်စီးနဲ့ လမ်းသလား ရင်း ရပ်ကွက်ထဲ ရှိသမျှ မိန်းကလေးတွေကို စာမပေးဖူးတာ မရှိသလောက်ဘဲ လို့ ကြားရ သိရတာရယ်ကြောင့်ပေါ့။ မုန်းလွန်းလို့ စကားတောင် ပြောခဲ့ပါတယ်။

တစ်နေ့တော့ သူက ကိုယ်တို့ စာသင်ခန်းထဲကို လာတယ်။ သူ့ သူငယ်ချင်းတစ်ယောက်က ကိုယ့်သီချင်းတစ်ပုဒ်ရဲ့စာသား လိုချင်လို့ ရေးနိုင်ရင် ရေးပေးဖို့အကြောင်း ကိုယ့်ကို လာပြောတာပါပဲ။ ကိုယ်နဲ့ ကိုယ့်ချစ်သူအကြောင်း ကိုလည်း သူ ကောင်းကောင်းသိပါတယ်။ ကိုယ့်ကို လာစကားပြောတာတောင် မှ "ကို" က ခေါ်တာကို သိနေတဲ့အတိုင်း "မလေး" လို့ ခေါ်ခဲ့တယ်။ ကိုယ် လည်း ကိုယ့်သောတရှင်တစ်ယောက်က လိုချင်ပါတယ်ဆိုတဲ့ သီချင်းစာသား ရေးပေးချင်မိပေမယ့် "ကို" ကို ခွင့်တောင်းချင်သေးတယ်။ အလုပ်ကလည်း များ၊ ကျောင်းကလည်း မအားနဲ့ အချိန်မရလို့ တော်တော်နဲ့ ရေးမပေးဖြစ်ခဲ့ဘူး။

နောက်တော့ သူက ဓာတ်ပုံတောင်းပြန်တယ်။ ကိုယ်က သီချင်းပဲ ရေး ပေးခဲ့တယ်။ ဓာတ်ပုံတော့ မပေးပါဘူး။ နောက် ပြောပါသေးတယ်။ သီချင်းရေး ပေးတဲ့အတွက် ကျေးဇူးတင်ပါသတဲ့၊ တက္ကသိုလ်က ဘာများ အလိုရှိပါသလဲတဲ့ လေ။ ဒီတော့ ကိုယ် သတိရသွားတယ်။ တက္ကသိုလ်က ဒေါင်းတံဆိပ်ကလေးနဲ့ စာရေးစက္ကူ လိုချင်တဲ့အကြောင်း ပြောမိသွားတော့ သူ ဝယ်လာပါတယ်။ စာရေး စက္ကူ နောက်ကျောဖုံးမှာလည်း စာရေးလွှတ်လိုက်တယ်။

"မလေး" တဲ့၊ လောကမှာ မရနိုင်တာကို တောင့်တောင့်တတ အလို ရှိတတ်သလို သူ့မှာလည်း ဒီလိုအဖြစ်မျိုး ကြုံနေရပါတယ်။ ဒါကြောင့် ဝမ်းနည်း အားငယ်မိပါတယ်တဲ့။ သူဟာ ဘယ်တုန်းကမှ စိတ်ချမ်းသာရာ မရခဲ့သူပါ။ ဒါကြောင့် လောကကို ရင်မဆိုင်ဝံ့အောင်ပါဘဲတဲ့။

သူနေရတဲ့အခြေအနေကတော့ ကိုယ့်မျက်မြင်ပဲလေ။ သူ့မိဘတွေက သူ့ အသက် ကိုးနှစ်သားလောက်မှာ အိမ်ထောင်ကွဲသွားကြတယ်။ သူတို့ မောင်နှမ တစ်တွေလည်း အဘွားဆီမှာ နေတဲ့သူကနေ၊ ကျောင်းမှာနေတဲ့သူကနေနဲ့ ကစဥ့်





ကလျား ပင်ပန်းဝမ်းနည်းစရာအဖြစ်ပေါ့ကွယ်။ သူကိုယ်တိုင်ကတော့ ကျောင်းသား ကြီး သုံးလေးယောက်နဲ့ ကျောင်းမှာတစ်ယောက်တည်းရယ်။ သူရေးလိုက်တဲ့ စာလေးတွေ့ရတော့ ရင်ထဲ မကောင်းပါဘူး၊ သနားစာနာမိပါတယ်။ သနား ကြင်နာတတ်တဲ့ စိတ်နှလုံးဟာ မေမေမွေးတုန်းကတည်းက ပါလာတာကလား၊ ဒီတော့လည်း အားမငယ်ပါစေနဲ့လေဆိုတဲ့ စေတနာသဘောနဲ့ စာလေးတစ်စောင် ပြန်ရေးပေးခဲ့မိပါတယ်။

ချစ်တဲ့…

လောကမှာ မရနိုင်တာ မဖြစ်နိုင်တာဆိုတာ မရှိဘူး "…" ရေ၊ ကြိုးစား နော် အောင်မြင်ရမှာပေါ့…။

ဥပမာ မလေး ပြောပါ့မယ်၊ မျဉ်းပြိုင်နှစ်ကြောင်းဟာ မဆုံနိုင်ဘူးလို့ ဆရာတွေက သင်ကြားပေးတာ မှတ်သားရဖူးတယ်၊ ဒါပေမဲ့ တို့များ မျဉ်းသား တွေကို လက်ချော်သွားတဲ့အခါ အဲဒီမျဉ်းဟာ တစ်နည်းနည်းနဲ့ ဆုံရတာပဲ မဟုတ် လား၊ တကယ်တော့လည်း မျဉ်းပြိုင်ဆိုတာကို ဘယ်သူကများ ဘယ်လောက် ရှည်အောင် ဆွဲသားကြည့်ဖူးလို့လဲကွယ်၊ အဲဒီလို သဘောထားပြီး အစစအရာရာ အောင်မြင်အောင် ကြိုးစားပေါ့ "…" ရယ်။

ချစ်သော

မလေး

ဒီမှာတင်ပဲ ကိုယ် ဗျာများရတော့တာပဲ သူငယ်ချင်းရေ၊ အဲဒီ "ချစ်တဲ့" စာလုံးကလေး ထွင်ရေးမိတာကြောင့် ကိုယ်တော်ချောလေးက ကိုယ်ဟာ ရေလာ မြောင်းပေးတယ်လို့ အထင်ရောက်သွားခဲ့သလား၊ သူ့စိတ်ကိုက ချစ်နှင့်နေသလား မပြောတတ်ဘူး၊ ကိုယ့်ကို ချစ်ဖို့ ပြောလာခဲ့တော့တာပဲ။

ကိုယ်တို့ ကျောင်းအားလပ်ချိန်ပေးတာနဲ့ ရောက်လာပြီး နားပူနားဆာ လုပ်ခဲ့တယ်။ ကိုယ်ကလည်း သူတို့ကျောင်းမှာ စာလာသင်နေရတာဆိုတော့ ည တိုင်း ရှောင်လွှဲမရ တွေ့ရတာပါပဲ။ နောက်ပြီး ကိုယ်တို့ ချစ်သူနှစ်ဦးစလုံးက ဘာစ်တန်းတည်း အတူထိုင်ကြတာဆိုတော့ ကိုယ် စိတ်ပျက်တာပဲ။

သူ့ကို ဘာမှ ပြန်မပြောဘူး၊ ပြောစရာလည်း မရှိဘူး၊ ပြောဖို့လည်း မလို ဘူး မဟုတ်လားကွယ်၊ ကိုယ့်မှာက ချစ်ရမယ့် "ကို" တစ်ယောက်သာ ရှိနေ ပြီပဲ။ ကိုယ် မျက်နှာမများချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က စကားမပြော စကားမပြန် စာပေးလည်း စာမပြန်ဘဲနေခဲ့တော့ ကိုယ်က သူ့ကိုမှ ပြန်မချစ်ရင် ကျောင်းမတက်တော့ပါဘူး၊ တေပေလေလွင့် ဖြစ်ချင်ရာဖြစ်ပါစေတော့တဲ့။ ပြောသလိုပဲ တကယ်ပဲ ကျောင်းမတက်ခဲ့တာ ကိုယ် သိရတယ်။ သူ ဒီလိုဖြစ်တယ်ဆိုတော့ စိတ်မကောင်းဖြစ်မိပါတယ်။ ကိုယ့်နေရာမှာ အခြားတစ်ယောက်ဆိုရင်လည်း ကိုယ့်မှာ ချစ်သူရှိနေမှတော့ ကိုယ့်လိုနေမှာ ဆက်ဆံမှာပဲ၊ ပြတ်ပြတ်တောင်းတောင်း မချစ်နိုင်ဘူးလို့ ပြောချင်လည်း ပြောမှာပဲ။

ဒါပေမဲ့ ဘဝကို ရှန်းကန်ရင်ဆိုင်ရင်း ပညာသင်ရေးကို မြတ်နိုးတန်ဖိုး ထားတဲ့ ကိုယ့်အဖို့ ကိုယ့်အတွက်နဲ့ လမ်းပျောက်သွားမှာ စိုးမိတယ်။ ပျက်စီး လေလွင့်ရတာ ကိုယ့်ကြောင့် မဖြစ်စေချင်တဲ့ စေတနာလည်းထားပြီး တွေးရပါ တယ်၊ ကိုယ့်မှာ စိတ်အကျပ်အတည်းတွေ့လာရတော့ "ကို" ကို ပြောပြတိုင်ပင် ရတာပေါ့ကွယ်။

"…" က ချစ်ရေးဆိုကြောင်း၊ စကားပြန်မရတဲ့အတွက် သူ့ဘဝ အပျက်စီးခံမယ်လို့ ကျောင်းမတက်တော့ကြောင်းဆိုတာကစပြီး… ကိုယ်တို့ နှစ်ယောက်ကတော့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ရရာအချိန်လေးမှာ ပညာ သင်နေရတာ၊ သူ့မှာ ဘာမှ စာပေသင်ကြားရေးအတွက် အနှောင့်အယှက်မရှိဘဲ ဖအေကဆို အလွန် အရေးဖေးအလိုလိုက်ထားတဲ့အကြောင်း၊ ခုတော့ ကိုယ့်ကြောင့် ပျက်စီးမလိုဖြစ်တာမျိုး နစ်မွန်းခံမလိုမျိုး မဖြစ်စေချင်တဲ့အကြောင်းတွေ သေသေ ချာချာ ပြောပြခဲ့ပါတယ်။ ဘယ်လို ဒီကိစ္စ ဆက်လုပ်ရင်ကောင်းမလဲလို့ ကိုယ်တို့ ဆွေးနွေးခဲ့ကြပါတယ်။

ကိုယ်က သိပ်ချစ်တာလေ၊ ကိုယ့်သဘောလည်း သူ နားလည်တယ်။ သူ ကလည်း အလွန်သဘောထားပြည့်ဝတယ်။ ဘာလုပ်ရင်ကောင်းမယ်ဆိုတာ စဉ်းစား ကြတာပေါ့လို့ပဲ ပြောရတယ်။ နောက်ဆုံး ကိုယ်တို့ ချစ်သူနှစ်ဦး စဉ်းစားဆုံးဖြတ် လိုက်ရတာကတော့ ပထမဆုံး ကိုယ်က ချစ်ပါကြောင်း အဖြေပေးရမယ်ဆိုတာ ပဲ။ နောင်အခါ သူကလေး ပညာတတ်တစ်ယောက်ဖြစ်သွားရင် ကိုယ်တို့ချစ်သူ နှစ်ဦးရဲ့ သဘောထားကို ပြောပြပြီး ချစ်ဇာတ်လမ်းကို အဆုံးသတ်ကြမယ်လို့ ဆုံးဖြတ်ခဲ့ကြတယ်။ ဒီအတောအတွင်းမှာလည်း တက္ကသိုလ်ကျောင်းမှာဆိုတာက အချောအလှတွေ များလွန်းတောင်နေသေးတော့… တခြား စွဲလမ်းတွယ်တာ ချစ်စရာတွေ့ချင်လည်း တွေ့သွားမှာပါလို့ ခပ်ပေါ့ပေါ့လေးပဲ တွေးမိကြတယ်။ ဒါဟာ ကိုယ်နဲ့ ကိုယ့်ချစ်သူတို့ရဲ့ စေတနာအရင်းအတိုင်းပါပဲ သူငယ်ချင်း။





ဒီလိုနဲ့ "…" ကိုယ်တို့ရဲ့ လုပ်ကြံအချစ်ဇာတ်လမ်းကလေး စခဲ့ရတာ ပေါ့။ သူကတော့ ကိုယ့်အချစ်ကို တကယ်ရပြီလို့ ထင်ရှာဟန်တူပါရဲ့။ ရွှင်လို့ ပြုံးလို့ ကျောင်းပြန်တက်လို့ပေါ့၊ တစ်ခါတလေတော့လည်း ဗဟုသုတကြွယ်ဝတဲ့ ဆွေးနွေးကြီးလို ပြောတတ်တယ် ဆက်ဆံတတ်တယ်။

သူ့ကို ကြည်ကြည်နူးနူးကလေး တွေ့ရတဲ့အခါတိုင်းမှာဆိုရင် သူ့အပေါ် ယုံမှားသံသယနဲ့ နေရတာအတွက် တရားမှ တရားရဲ့လားလို့ စိတ်ထဲမှာ မရှင်းနိုင်ခဲ့ပါ ဘူး။ နောက်တော့လည်း သူ ပညာသင်နိုင်ဖို့ သူကောင်းဖို့ဆိုတဲ့ ရည်ရွယ်ချက် ကြောင့်ဆိုတာ သိသွားခဲ့ရင် ကိုယ်တို့အပေါ် ခွင့်လွှတ်မှာပါပဲလေလို့ စိတ်ကို ဖြေရတယ်။

သူ့စိတ်ပျက်ပါစေတော့လို့ အိမ်ထောင်ရေးဆိုတာ မလွယ်ကူတဲ့အကြောင်း ကိုယ့်မိဘတွေကလည်း လူချမ်းသာတွေ မဟုတ်တဲ့အကြောင်း၊ ကိုယ်ဟာလည်း ကိုယ့်မိဘနဲ့ ဘယ်တော့မှ ခွဲမှာမဟုတ်တဲ့အကြောင်း၊ ကိုယ့်မိတ်ဆက်စာတွေထဲ က အကြောင်းကြောင်းတွေကို ပြောပြပါတယ်။ ကိုယ်က ဘာတွေ ဘယ်လို စိတ်ပျက်အောင် ပြောပြော သူက စိတ်မပျက်တဲ့အပြင်၊ မဖြစ်နိုင်ပါဘူးလို့ မဆိုတဲ့ အပြင် ဘာပဲဖြစ်ဖြစ် ကိုယ့်အကြိုက် ကိုယ့်သဘော ကိုယ်စီမံရာ အားလုံး လိုက်နာ ပါမယ်ဆိုတဲ့အကြောင်း၊ သူ စိတ်မဆင်းရဲအောင် အမြဲတမ်း ကြင်နာချစ်ခင်နေပါ့ မယ်ဆိုတဲ့အကြောင်းတွေချည်း ထပ်တလဲလဲပြောရင်း ကလေးလေးလို အမြဲချွဲတတ် ခဲ့တယ်။

ကိုယ်တို့ အတန်းနားတာနဲ့ ကိုယ့်ဆီ ရောက်ရောက်လာတယ်။ စကား တွေဖောင်လောက်အောင် ပြောနေတတ်တယ်။ ကိုယ် သိပ်ပြီး အနေရအထိုင်ရ ခက်တာပေါ့။ မင်း စဉ်းစားကြည့်လေ ကိုယ့်ဘေးမှာ ချစ်သူတစ်ယောက်လုံး ရှိနေတယ် မဟုတ်လား။ "ကို" က မသိချင်ယောင်ဆောင် မမြင်သယောင်နေ ပြနေရပေမယ့် စိတ်ကောင်းနိုင်ပါ့မလားကွယ်။

ကိုယ်လေ သိပ်စိတ်ညစ်တာပဲ။ ကျောင်းပြန်တက်လို့ သူ့အနားက ပြန် ထွက်သွားတော့မှပဲ ကိုယ့်မှာ သက်ပြင်း ချနိုင်တော့တယ်။ ဒီတော့မှလည်း ကိုယ့် ချစ်သူနဲ့ စကားပြောရတယ်။ မြတ်နိုးတကြီး ကြည့်ရတယ်ကွယ်။

ကိုယ့်ချစ်သူကို ကြည့်ရတာ စိတ်ချမ်းသာပုံမရဘူးလို့ တွေးမိနေတယ် ဒါပေမဲ့ ဘာမှ ကိုယ့်ကို မပြောခဲ့ရက်ရှာပါဘူး သူငယ်ချင်းရယ်၊ အင်းလေ ကိုယ့် ချစ်သူတစ်ယောက်လုံးကို သူတစ်ပါး တိုးတက်ရေးအတွက် စေတနာထားနေရ



www.burmeseclassic.com

www.burmeseclassic.com



လို့ မချစ်သလို နေပြရရုံတင်မက ကိုယ့်ချစ်သူကို တစ်ပါးသူက သူ့ချစ်သူလို ဆက်ဆံနေတာကို မျက်စိရှေ့တင် မြင်တွေ့နေရတော့ ''ကို'' ရင်ထဲမှာ ဘယ်လောက်ထိခိုက်နာကျင်နေရှာမလဲလို့ ကိုယ် စိတ်မချမ်းသာဖြစ်ရပါတယ် သူငယ်ချင်းရယ်။

ကိုယ့်ရင်ထဲက အတွေးသောကကိုလည်း ''ကို'' က သိပါတယ်။ နှစ်ယောက်သဘောတူ စီစဉ်ခဲ့ကြတာဆိုတော့လည်း အပြောရခက်နေရှာတယ် ထင်ပါရဲ့။ ကိုယ့်ကို တစ်ခွန်းတစ်ပါဒမှ မပြောပေမယ့် စိတ်အေးချမ်းရာ စိတ်ပြေပျောက်ရာ ရှာခဲ့လေသလား ကိုယ်မသိနိုင်ဘူးပေါ့ကွယ်။ စိတ်လေလွင့်စပြုလာတယ်လို့ ကိုယ် အကဲခတ်မိပါတယ်။ တစ်ခါတလေ အရက်တွေ ဘာတွေတောင် မသောက်စဖူး သောက်တတ်လာတယ်။ သောက်စကတော့ ကိုယ့်ကို တွေ့ရင် တောင်းပန်တဲ့ မျက်လုံးအစုံနဲ့ ကြည့်တတ်ပါတယ်။ ရှောင်သွားတယ်၊ နောက်တော့လည်း ရိုးသွားတယ်ထင်ပါရဲ့၊ ကိုယ်နဲ့ မျက်နှာချင်းဆိုင်ရဲလာတဲ့အပြင် အရက်ထွေသူတွေ အမူအရာအတိုင်းပေါ့ကွာ ကိုယ့်ကို မခံချင်အောင် ပြောတတ်လာတယ်။ ခနဲ့တာလေးတွေ သုံးလာတယ်။

''ဘယ့်နှယ်လဲ လေးရဲ့၊ မလေးချစ်တဲ့ ''...'' လေး လာစကား မပြောသေးဘူးလား'' ဆိုတာမျိုးတွေပေါ့၊ အမူအရာလေးနဲ့ အရွဲ့တိုက်သလိုပဲ လုပ်ပြတတ်လာတယ်။

ကိုယ်တို့အိမ်ရဲ့ ခေါင်းရင်းအိမ်မှာ ငှားနေကြတဲ့ မုဆိုးမသားအမိဆီကို မကြာခဏ ဝင်ထွက်သွားလည်ပြတယ်။ ဒါကိုတော့ ကိုယ်က သဘောမကျဘူး မကြိုက်နိုင်ဘူး။ ဒါပေမဲ့ ကိုယ်ဟာ ''...'' ကို တကယ်ချစ်သွားတယ်ထင်လို့ ကိုယ်မခံချင်အောင် အရွဲ့တိုက်ပြတာ ဖြစ်မှာပါပဲလေလို့ ကိုယ့်စိတ်ကို ဆုံးမတယ်၊ ဖြေတယ် နှစ်သိမ့်တယ်။ ကို့အပေါ် ခွင့်လွှတ်ရတယ်။

သူငယ်ချင်းရေ... ကြာတော့လည်း ခံနိုင်ရည်မရှိဘူးဆိုရမှာပေါ့။ ကိုယ်က ချစ်ရတဲ့သူကိုးကွဲ့၊ ပြောမိတော့တာပေါ့။

''ကို... ဘာကိစ္စနဲ့ အဲဒီအိမ် သွားသွားနေရတာလဲ'' လို့။ မကျေနပ်စိတ် မခံချင်စိတ်ရှိလာတော့လည်း ဒေါသသံကတော့ ဘယ်ကင်းမှာတဲ့လဲ။ သူကလည်း ကိုယ့်ကို...

''ကို သွားတော့ ဘာဖြစ်သလဲ။ ဂရုစိုက်တဲ့သူတွေဆီကို သွားရတယ်





လေ၊ လေးက ဂရုစိုက်ဖော်မှ မရတော့ဘဲ၊ လေး ကို့ကို မချစ်တော့ဘူးမို့လား။ ''...'' မှ ''...'' ဖြစ်နေပြီ မဟုတ်လား၊ အင်းလေ... ကိုက တက္ကသိုလ်ကျောင်းသားကြီးလည်း မဟုတ်၊ နာမည်နောက်က အဘွဲ့တွေ ချိတ်နိုင်အောင် လည်း ကြိုးစားနိုင်တဲ့ကောင်မှ မဟုတ်တာကိုး'' လို့ ပြန်ပြောတယ်။

ချစ်သူက ဒီစကားမျိုးပြောလာတော့ စိတ်လည်းဆိုးတယ်၊ သိပ်လည်း ခံပြင်းတယ်။ သူ့သဘောတူလို့ လုပ်ကြခဲ့ရတဲ့ကိစ္စမှန်း သိသားနဲ့ ပြောရက်လေ ခြင်း၊ သဘောထားသေးလိုက်လေခြင်းလို့ မကျေနပ်မိဘူး။ တကယ်ဆို ခံနိုင်ရည် မရှိတော့ဘူး၊ ဇာတ်လမ်းဖြတ်တော့ဆို ကိစ္စပြတ်တာပဲ။ ကိုယ်က တကယ်ကြိုက်လို့ နေရတာမှ မဟုတ်တဲ့ဟာကို သိရက်နဲ့ ကြည့်လေ ပြောပုံကိုက ကိုယ်ကပဲ ကိုနေ့လေးကို တက္ကသိုလ်ကျောင်းသားမို့လို့၊ ဒီဂရီတွေ ဘွဲ့တွေရမှာကို မက်မောလို့ ချစ်သွားပြီမဟုတ်လားလို့ ပြောတာနဲ့ တူတူပဲ မဟုတ်လား။ ဒါဟာ တည့်တည့်ပြောရင် သစ္စာမရှိတဲ့ မိန်းမလို့ ပြောတာလို့ပဲ ကိုယ် ယူဆတယ်။

ဒါကြောင့် စိတ်ထဲမှာ ဖြေလို့မရဘူး၊ အိပ်လို့လည်း မရဘူး။ မျက်နှာများ ဘယ်လို ထင်ခံရတဲ့ စကားမျိုးသုံးခဲ့တဲ့အတွက် ကိုယ် ခွင့်မလွှတ်နိုင်ဆုံး ဖြစ်မိ တယ်။ ဘဝတစ်သက် ရည်စူးထားခဲ့ကြတာတွေကိုမှ သတိမရ မထောက်မထား ကိုယ့်အပေါ် အထင်သေးရက်လှချေရဲ့လို့ ရင်ထဲမှာ တနုံ့နုံ့နဲ့ မတင်မကျ ခံစား ရတယ်။

ကိုယ်တို့ပြဿနာနဲ့ ကိုယ်တို့ စိတ်ညစ်နေတဲ့ကြားမှာ ဟိုဆရာလေးက လည်း တစ်မျိုး။

''မလေးရယ်... ''...'' တို့ ချစ်နေကြပါပြီလို့ ပြောလိုက်ပါတော့၊ ကြာရင် ခံနိုင်ရည်ရှိမှာမဟုတ်တော့ဘူး၊ မလေးကို ''...'' ဘယ်လောက် ချစ်တယ်ဆိုတာ မလေး သိတယ်မဟုတ်လားဟင်၊ ''...'' မှာ ချစ်သူလေး တစ်ယောက်ရတာတောင် သူများချစ်သူကို တိတ်တခိုးချစ်နေရသလိုပဲ မလေး ရယ် စိတ်ညစ်လှပါပြီ'' နဲ့ တပူဆာဆာဖြစ်လာပြန်တယ်။

မခက်ဘူးလားကွယ်... တစ်ယောက်ကလည်း သူ့ကို တကယ်ချစ်တယ် လို့ထင်၊ တကယ်ချစ်တဲ့သူကျတော့လည်း သူ့ကို မချစ်တော့ဘူး စိတ်ပြောင်းသွား ပြီ၊ သစ္စာနယ်လွန်ခဲ့ပြီလို့ထင်နဲ့ တစ်နေ့တစ်နေ့ စဉ်းစားရတာ ဦးနှောက် ခြောက်မတတ်ပါပဲကွယ်။ ဒါပေမဲ့ ကိုယ် ဘာလုပ်ရမလဲ အဖြေမထွက်နိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စိတ်တွေ လေလွင့်တွေဝေနေချိန်မှာ ကိုယ့်ချစ်သူနဲ့ စောစောက ပြောခဲ့တဲ့ သားအမိနှစ်ယောက်ရဲ့ အရှုပ်အရှင်းပြဿနာ ပေါ်လာတယ်။ ကိုယ့်ကို ဒီအကြောင်းလာပြောတဲ့သူက ကိုယ့်ချစ်သူရဲ့ ညီအရင်းခေါက်ခေါက်၊ ကိုယ်နဲ့ ငယ်ငယ်ကတည်းက ကစားဖက်လေ။ သိပ်ချစ်ကြ ရင်းနှီးကြတာ။ ဒီတော့ ဒီသတင်းကို အမှန်ပဲလို့ ယုံကြည်ခဲ့တယ်။ ဘာမှ မမြင်မသိနိုင်လောက်အောင် အချစ်စိတ်မွှန်ခဲ့ရတယ်။ ရက်စက်လွန်းလှချေရဲ့လို့လည်း ဝမ်းနည်းတယ်။ ""ကို""ကလည်း ရှောင်နေပြန်တော့ ကိုယ့်ရင်ထဲမှာ ဘယ်လို ဝေဒနာမျိုးမှန်း မသိအောင် ခံစားရတယ်။ ရင်နာတယ်ဆိုတာ ဒါမျိုးဖြစ်မှာပဲလေ။ ကိုယ် သိပ်ပြီးစိတ်နာတာပဲ။ သစ္စာမဲ့တယ်လို့ အထင်ခံရတာက ကိုယ်၊ တကယ်သစ္စာမဲ့တာက သူပါလားလို့လည်း နာနာကြည်းကြည်း ဖြစ်တယ်။ ငိုရတာလည်း မျက်ရည်မစဲ၊ ဒါဟာ အချစ်အတွက် ပထမဆုံး ငိုကြွေးရခြင်းပါ သူငယ်ချင်း။

* * *



## အခန်း (၃)

နောက်ဆုံးတော့ ကိုယ့်စိတ်ကို ဆုံးဖြတ်လိုက်တယ်။ ကိုယ်ချစ်တဲ့သူကော ဟန်ဆောင်ခဲ့ရသူကိုပါ မစဉ်းစားတော့ဘူး။ ကိုယ့်ဘဝ သာယာအောင်၊ ချစ်တဲ့ ဂီတအတွက် ကြိုးစားရအောင်၊ မြတ်နိုးတဲ့စာသင်နိုင်အောင် အေးရာအေးကြောင်း အချစ်မရှာတော့ဘူး။ ကိုယ်ကြိုးစားစရာရှိတာပဲ ကိုယ်ကြိုးစားတော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ် သူငယ်ချင်း၊ ကိုယ်ဟာ ကိုယ့်ဆုံးဖြတ်ချက်ကို ပြောင်တတ်ပါဘူး။ ကိုယ်အသက်ရှင်နေသရွေ့လည်း ဒီစိတ်အတိုင်း ထားမယ်ကွာ။

ကိုယ်ဟာ ဆုံးဖြတ်ထားတဲ့အတိုင်း ကိုယ့်ချစ်သူရော၊ ဟိုတစ်ယောက်ကော ကိုယ်နဲ့တွေ့ဖို့ ချိန်းလိုက်တယ်။ ချိန်းတဲ့အတိုင်းလည်း နှစ်ယောက်လုံး လာတွေ့ကြပါတယ်။ အားလုံး ကိုယ်ရယ် သုံးယောက်ပေါ့ကွာ။ သူတို့က ကိုယ် ဘာများပြောမလဲလို့ စိတ်စောတဲ့ဟန်တွေနဲ့ စောင့်ကြည့်နေကြတယ်။

ကိုယ်က-

""ရှင်တို့နှစ်ယောက်လုံး ဒီနေ့ကစပြီး ချစ်သူတွေ မဟုတ်ကြတော့ဘူး၊ နောက်မ ဘယ်သူ့ကိုမှလည်း မချစ်နိုင်တော့ဘူး""

လို့ ပြတ်ပြတ်သားသားကြီး ပြောချလိုက်တယ်။

ကိုယ့်စကားကြောင့် သူတို့ အတော်အံ့သြသွားကြတယ်လေ။ ကိုယ့်ချစ်သူကလည်း ""...'' ကို တကယ် ကိုယ်ချစ်ခဲ့တာ မဟုတ်တဲ့အကြောင်း ပြောမှာပဲလို့ အထင်ရှိခဲ့သလို ""...'' ကလည်း ကိုယ်နဲ့သူ ချစ်နေကြပြီလို့ ကိုယ့်ချစ်သူကို ဖွင့်ပြောတော့မယ်လို့ ထင်ခဲ့ကြမှာကိုး သူငယ်ချင်းရဲ့။ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်ကို ပြောလိုက်ပြီးချိန်မှာ ကိုယ့်ချစ်သူရဲ့ မျက်နှာဟာ တည်ငြိမ်နေပေမယ့် စိတ်ဆင်းရဲနာကြည်းတဲ့အသွင်ကို ဆောင်တယ်။ "..." က ထုံးစံအတိုင်း မျက်နှာငယ်လေးနဲ့ပေါ့ကွယ်။

အဲဒီနေ့ကစပြီး ကိုယ့်ချစ်သူကို မတွေ့လိုက်ရတာ ခုထိပါပဲ သူငယ်ချင်း။ ဒါပေမဲ့ ငယ်ကချစ် အနှစ်တစ်ရာဆိုတာလိုပေါ့ကွယ်၊ မတွေ့ရတော့လည်း ကိုယ့်မှာ ဘယ်နေရာများ ရောက်နေရှာပြီလဲ၊ ဘယ်လိုနေရှာပါလိမ့်မလဲနဲ့ ရင်ထဲမှာ ပူပင်သောက ဗျာပါရတွေ အပြည့်ပါပဲ။ နီးစပ်ရာ သူ့အပေါင်းအသင်းတွေကို သူ့အကြောင်း၊ သူ့သတင်းပဲ လိုက်မေးနေမိတယ်။ ကိုယ်တိုင် လက်လှမ်းမီရာ ရှာမိတော့လည်း သူက ရှောင်ပုန်းနေခဲ့တယ်။ ကိုယ့်အတွက် စိတ်ညစ်မှာရယ်၊ အပေါင်းအသင်း အဆွယ်ကောင်းတွေစကား နားယောင်မှာရယ်ကြောင့် တောများ ခိုလေရှောသလားလို့လည်း တွေးပူမိပါတယ်။ ကိုယ် ကြားခဲ့ရတဲ့ပြဿနာကလည်း ကိုယ့်ချစ်သူနဲ့ မဆိုင်ဘူးဆိုတာ သိလာရပြန်တော့ သူ့အကြောင်း စဉ်းစားမိတိုင်း ကိုယ့်မှာ မဖြေနိုင်ဘူးပေါ့။ အင်းလေ... ချစ်သူဟာ ကိုယ်ပြောလိုက်မိတဲ့စကားကြောင့် စိတ်နာသွားရှာမှာပါလေလို့ စိတ်မချမ်းမသာနဲ့ ရက်တွေ လတွေ ပြောင်းလာခဲ့တော့တယ်။

"..." ခများမှာလည်း စိတ်လေလွင့်ရရှာတာပေါ့ကွာ။ ညဘက် ကိုယ်ကျောင်းသွားတက်တဲ့အခါ ကျောင်းအပေါ်ထပ်ကို မျက်နှာသေလေးနဲ့ တက်သွားတတ်တာ ကိုယ်တွေ့ရတယ်။ ကိုယ့်မှာ စာနာတတ်တဲ့ အသည်းနှလုံးတော့ ရှိပါတယ်ကွယ်။ သူ့အတွက် ကိုယ် စိတ်မကောင်းမိပေမယ့် ကိုယ် မတတ်နိုင်ဘူးလေ။ သူ့ကို မောင်နှမလိုပဲ ကိုယ် ချစ်ချင်ပါတယ်။

ကိုယ့်ချစ်သူနဲ့ ကိုယ် လမ်းခွဲခဲ့တာ အတော်ကြာတော့ ကိုယ်တို့နေတဲ့ ကွက်သစ်ကို ဖျက်သိမ်းပြီး မြို့သစ်တွေမှာ နေရာချထားပေးတော့မယ်ဆိုတဲ့သတင်း ရနေပါပြီ။ အဲဒီအချိန်မှာ "..." က ကိုယ့်ဓာတ်ပုံပေးပါလို့ တောင်းပြန်တယ်။ အကြောင်းပြတာကတော့ အိမ်တွေဖျက်ရတော့မှာမို့ နောင်လည်း တွေ့ချင်မှ တွေ့ရတော့မှာမို့ပါလို့ စာနဲ့ ရေးလိုက်တာပေါ့။

ကိုယ်က ပြန်ပေးစရာ မရှိဘူးလို့ပဲ စာရေးလိုက်ပါတယ်။ ဒါပေမဲ့ ခဲမှုန့်ဖွားတဲ့ စာသူငယ်ဆိုတော့ စာရဲ့ခေါင်းစဉ်ကို "ခင်မင်ပါတဲ့" လို့ ရေးလိုက်တယ်။





ချစ်သောမလေး

မလေး...၊ အဟောင်းအကြောင်းကို လှစ်ဟရမယ်ဆိုပြန်တော့လည်း ခင်မှတ်ရက်...၊ မလေးက "ခင်မင်ပါတဲ့" လို့ တပ်လိုက်တယ်၊ "..." ခင်နည်းသွားတယ်၊ ဘာကြောင့်လဲဆိုတော့ "..." က မလေးကို ချစ်နေတာ ကိုး မလေး...။

"..." ကြိတ်မှိတ်ပြီး တစ်ယောက်တည်း ခံခဲ့တယ်၊ အခုလည်း ခံနေတယ်၊ ဒါပေမဲ့ စိတ်မှာတော့ ထင်မိတယ်။ ကျွန်တော် ချစ်လှပါပြီဆိုတဲ့ မလေးမှာ ချစ်တတ်တဲ့အသည်းနှလုံးမှ ရှိသေးရဲ့လားလို့...။

အို... ဒါတွေပြောလို့ မလေးက "..." ကို ဒေါသဖြစ်၊ စိတ်ဆိုးနေဦးမယ်၊ မလေးစိတ်ဆိုးမှာတော့ "..." ကြောက်တယ် မလေး။

မလေး အစဉ် ကျော်ကြားနေပါစေ
သင့်
"..."
( - - - )
၁၃-၁-၅၈

သူက အဲဒီစာမျိုးတွေနဲ့ ပြန်လည်ချစ်ခွင့်ပေးပါဆိုတဲ့ စာမျိုးတွေ ရေးလာတယ်။ ကိုယ်က ဘယ်လိုမှ အကြောင်းမပြန်လေတော့...

ချစ်မလေး

အရေးတကြီးစာပေါ့၊

"..." က မလေးကို ချစ်လွန်းအားကြီးလို့ အမျိုးမျိုးတင်စားပြီး အသွယ်သွယ်သောစကားတွေနဲ့၊ စာတွေနဲ့ ချစ်စေရန် တောင်းပန်နေတယ်၊ အဲဒီတော့ မလေးက "..." ဆိုတဲ့အကောင်ဟာ အပေါ်စားပါဆိုပြီး မလေးထင်နေတယ် မတုတ်လား၊ "..." ဟာ မလေးနဲ့ မတန်ပါဘူးလို့...။

အင်းပေါ့လေ၊ လူဆိုတာ သိပ်လွန်ကဲရင် ကိုယ့်သိက္ခာတောင် ကိုယ်မစောင့်ဘဲ ပြောမိတော့ အပေါ်စားဆန်သွားတယ် မလေးရေ၊ "..." အကြောင်း မလေး တစ်နေ့ သိရမှာပေါ့၊ ကောင်းပါပြီ မလေး...။ မချစ်ချင်လည်း နေပါတော့၊ မချစ်



www.burmeseclassic.com

www.burmeseclassic.com



ဘူးဆိုရင် မလေးတတ်စေချင်ပါတယ်ဆိုတဲ့ စာကို "..." မသင်တော့ဘူး။ ကျောင်းလည်း မတက်တော့ပါဘူး၊ "..." ဘဝက ထူးမှ မထူးတော့တာဘဲ။

သင့်

"..."

၁၈-၁-၅၈

ဒီစာရောက်လာတော့ ကိုယ်စဉ်းစားရတော့မလို ဖြစ်ပြန်တာပေါ့ကွာ၊ နှစ်ယောက်လုံး မချစ်တော့ပါဘူးလို့ ပြောခဲ့ပြီးမှ တစ်ခါ သူ့ကို ပြန်ချစ်ရမယ်ဆိုရင်လည်း ကိုယ့်ချစ်သူအပေါ် တရားရာကျပါ့မလားလို့ တွေးမိနေပါတယ်။ ဒီတစ်ယောက်ဆိုလည်း ကိုယ့်အတွက် စိတ်လေလွင့်ခဲ့ဖူးတာ အကြိမ်ကြိမ်။

"..." က ကိုယ်ဟာ ကိုယ့်ချစ်သူအတွက် နှုတ်ဆိတ်နေတယ်ဆိုတာ သိတယ်နဲ့တူပါရဲ့။ *သတင်းလည်းမကြား စုံစမ်းလို့မရ ရှာလို့လည်းမတွေ့ ဖြစ်နေတယ် မဟုတ်လား မလေး၊ မလေးသဘောအတိုင်း မလေးချစ်တဲ့သူကြီးကို ရှာလိုက ရှာပါဦး၊ ရှာမတွေ့တော့မှ "..." ဆိုတဲ့ ဒီကကောင်လေးကို စဉ်းစားအဖြေပေးပါ* လို့ ပြောပြန်တယ်။

သူမပြောလည်း ကိုယ့်မှာ ကိုယ့်ချစ်သူကို ရှာနေခဲ့တာပဲ။ သတင်းလေးမှ ရပါစေတော့လို့ တွေ့တဲ့လူတိုင်း မေးနေခဲ့ရတာပဲ။ ကိုယ့်ချစ်သူကို မမုန်းနိုင်၊ မမေ့နိုင်တာဘဲ သူငယ်ချင်းရဲ့။ ကိုယ်တို့ မုန်းတီးနာကြည်းလို့ ခွဲရတာမှ မဟုတ်တာ။ သူက ကိုယ့်အပေါ်ကို ချစ်လွန်းလို့ သံသယစိတ်နဲ့ သဝန်တိုတယ်။ ကိုယ်ကလည်း ကိုယ့်အချစ်ကို မယုံရကောင်းလားလို့ မခံနိုင်ဖြစ်တယ်။ ဘေးက သတင်းနဲ့ ချစ်စိတ်မွှန်ပြီး ဆုံးဖြတ်ချက် အချောခဲ့တယ်။ ဒီတော့ ချစ်ရက်နဲ့ ကွဲခဲ့ကြတယ်လေ။ ချစ်သူနဲ့ ဝေးရချိန်ကျတော့မှ သတင်းမှားကို ယုံစားမိတဲ့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မဆုံးဖြစ်ရတယ်၊ ရှာရတယ်။ ဒါပေမဲ့ မတွေ့ရတော့ပါဘူးကွယ်။ ဒီတော့မှ ကွဲကွာသွားခဲ့ရတဲ့ ကိုယ့်ချစ်သူအပေါ် ဘယ်လောက် တွယ်တာမြတ်နိုးတယ်၊ ချစ်တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိနိုင်တော့တယ်။ နှောင်းသွားခဲ့ပြီ သူငယ်ချင်း။

"..." ကတော့ ဘယ်လိုများ ဖြစ်တယ်မသိပါဘူး။ ကိုယ်မှကိုယ် ဖြစ်နေတယ်။ ပြောပါများ ကြားပါများ မြင်ပါများ ဖွဲ့နဲ့တောင်းသူကို "*ကောင်းပြီလေ မလေးက ပြန်ချစ်ပါမှ မင်းဘဝအတွက် သာယာမယ်၊ ရှင်သန်အောင် ကြိုးစား*





*နိုင်မယ်လို့ မင်း ပြောခဲ့တယ်။ မင်းကို စာရေးလိုက်မယ်လေ။ မလေးမေးတဲ့ အကြောင်းတွေအတွက် မင်းမှာ အဖြေရှိမယ်ဆိုရင်တော့ မင်းကို စကားပြန်မယ်"* လို့ ပြောလိုက်တယ်။ ပြောတဲ့အတိုင်း ကိုယ် စာရေးလိုက်ပါတယ်။

"..."

ချစ်တယ်ဆိုတဲ့စကားဟာ ပြောလိုက်ဖို့ အလွယ်ကလေးပေါ့ကွယ်၊ ဒါပေမဲ့ အဲဒီစကားလုံးလေးတွေရဲ့ နောက်ကွယ်မှာ ပြဿနာပေါင်း သောင်းခြောက်ထောင်လောက်ကွယ်နေကြတယ်။ ကဲပါလေ... တိုတိုရေးလိုက်မယ်၊ လိုရင်းကိုပဲ ရေးလိုက်မယ်။

"..."၊ မလေးဟာ ရုပ်ချောသူတစ်ယောက်လည်း မဟုတ်ပါဘူး၊ မင်းဘာကြောင့် ချစ်တာလဲ၊ မလေးဟာ ဘဝရပ်တည်မှုကို ဝါသနာနဲ့အတူ ကြိုးစားနေရတဲ့သူ ဖြစ်တယ်။ "..." လို မိဘက ကြိုက်ရာ အလိုလိုက်နိုင်အောင် ပြည့်စုံတဲ့သူတွေ မဟုတ်ဘူး။

မင်းဖေ့ဖေကကော သဘောတူပါ့မလားကွယ်၊ ဒါလည်း မင်း စဉ်းစားဦး၊ နောက် အရေးကြီးတာက မလေးဟာ မလေးတို့ မိသားစုမွေးချင်းထဲမှာ အစ်မအကြီးဆုံးဖြစ်တယ်၊ ဒါကြောင့် အားလုံးအတွက် မလေးမှာ တာဝန်ရှိတယ်၊ မလေးတို့ဘဝကို မလေးတို့ ထူထောင်ခဲ့ကြရင် ဒါဟာလည်း အတူပါလာလိမ့်မယ်၊ မလေး သူတို့နဲ့ ခွဲလို့မရနိုင်ဘူး၊ ဘယ်တော့မှလည်း မခွဲဘူးလို့ ဆုံးဖြတ်ထားတယ်။

နောက်တစ်ခုက မလေးချစ်တဲ့ ဂီတပဲ၊ ဒီဝါသနာကိုလည်း မလေး အစ်သက်မစွန့်နိုင်ဘူး၊ မလေး အသိုင်းအဝိုင်းဒဏ်ကို "..." ခံနိုင်ပါ့မလား၊ လိုက်လျောနိုင်ပါ့မလား။

နောက်ဆုံးတစ်ချက်ကတော့ "..." ပညာတွေ အများကြီးတတ်စေချင်ပါတယ်၊ မလေးဟာ ဂုဏ်ထူး၊ ဘွဲ့ထူးတွေကို မက်မောလို့ မဟုတ်ပါဘူး၊ "..." အတွက်ထားတဲ့ စေတနာအမှန်အတိုင်းပါ၊ ရှင်းရှင်းပြောရရင် စာမေးပွဲတွေ အမြဲအောင်ဖို့ ကြိုးစားရမယ်လို့ ဆိုချင်တာပဲ။

ခုပြောခဲ့တာတွေ သဘောတူနိုင်မယ်ဆိုတာနဲ့တင် မပြီးသေးဘူးနော်၊ လာမယ့်စာမေးပွဲမှာလည်း အောင်ဖို့ ကြိုးစားလုပ်ဆောင်ရလိမ့်မယ်၊ ဒီလိုဖြစ်ခဲ့မှ မင်းကို စိတ်ချမ်းသာစေမယ့် အဖြေမျိုးပေးမယ်။

မလေး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဒီစာကို ရေးလိုက်တဲ့အချိန်အထိ သူ့ကို ချစ်သူတစ်ဦးလို သဘော မထားခဲ့သေးတာ အမှန်ပါ သူငယ်ချင်း။ "…" ဆီက ပြန်ရောက်လာတဲ့ စာကလေးကို မင်း ဖတ်လိုက်စမ်းပါကွာ။

**ချစ်မဝသော မလေး…**

မလေးရဲ့စာကို ရလို့ "…" ဖြင့် ဝမ်းသာလို့သွားတယ်၊ ဒါပေမဲ့ မလေး ရယ်၊ မလေးတောင်းတဲ့အဖြေဟာ "…" မပြောမီကတည်းက မလေး သိရှိ ကောင်းပါတယ်၊ "…" သစ္စာကိုနှုန်ရှက်ခဲ့ပါပြီ မလေး၊ "…" မလေးကို အသက်မကချစ်ပြီး တစ်သက်လုံး ရည်ငံသွားမည့်အကြောင်း…။

"…" သိပါတယ်၊ မလေးဟာ ပြောပလောက်အောင် ရုပ်ရည်မချောမော ကြောင်း၊ နောက်ပြီး နေ့ဝုဏ်မရှိကြောင်း၊ ဒါတွေကို "…" အကုန်သိပါတယ် မလေး၊ "…" ဟာ ကလေးတစ်ယောက် မဟုတ်ပါဘူး၊ ခါးခါးတူးတူး မူးပြီး ရော ဆိုပြီး ကလေးချစ်နဲ့ ချစ်တာ မဟုတ်ပါဘူး၊ မလေးကို အလွန့်အလွန် ချစ်တဲ့အတွက် အခုလို မလေးကို ပြောရတာပါ၊ နောက်ပြီး မလေးကို ချစ်လာပြီ ဆိုကတည်းက "…" က "က" ကနေ "အ" အထိ အကုန်လုံး တွေးကြည့် ပါတယ်၊ ဖြစ်နိုင်မယ့်လမ်းတွေ မြင်ရလို့သာ ဒီလို ရေးလိုက်တာပါ မလေး။

"…" ဖေဖေကလည်း "…" ကို သိပ်ချစ်တာ မလေး မရိပ်စားမိ ဘူးလား၊ "…" ဖေဖေက "…" ဘယ်လို မိန်းကလေးမျိုးယူယူ ခွင့်လွှတ် မှာပါ မလေး။

အို မလေးရယ်၊ "…" ကို ဘယ်လိုမေးခွန်းတွေမှ မထုတ်ပါနဲ့တော့၊ တစ်နည်းအားဖြင့် "…" ကိုယ်နဲ့ခန္ဓာ၊ အသက်နဲ့ အသည်းကို မလေးကို ပေး ပါတယ်… ချစ်သောမလေး။ မလေးရယ်၊ မလေး "…" ဆန္ဒကို လိုက်လျော တဲ့အဖြေကိုပေးရင် "…" (March) မှာ အောင်အောင်ဖြေပါ့မယ် မလေး။ မပေးရင်တော့ ကျောင်းလည်း မတက်တော့ဘူး၊ စာမေးပွဲလည်း မဖြေတော့ဘူး။ ဒါ နောက်ဆုံး ပြောခြင်းပဲ၊ "…" ဘဝကို မလေးသာ ပိုင်ပါတယ် မလေးရယ်။

အသက်မက ချစ်သောမလေး

ရှင်လန်းတိုးတက်ပါစေ

သင့်

"…"

( - - - )





သူငယ်ချင်းရေ… ဒီစာကလေးဖတ်ရတာ ကိုယ့်ရင်ထဲမှာ ကျဉ်နေတယ်။ စိမ့်စိမ့်အေးအေးလေး ခံစားရတယ်။ သြော်… သူ့ခမျာ အစွဲအလမ်း ကြီးလှပါ သလားလို့ ကရုဏာထားရတယ်။ သနားကြင်နာစိတ် ယိုဖိတ်ရတော့တယ်။

လိုရင်းအတိုင်းပြောကြစို့ဆိုရင် "…" ကို မလေး ချစ်ပါပြီကွယ်လို့ အဖြေ ပေးလိုက်ရတယ်ပေါ့။ ချစ်သူများဘဝ ရောက်လာကြတော့လည်း ပျော်ပျော်ပြုံးပြုံးပေါ့ သူငယ်ချင်း။

ကိုယ်တို့နှစ်ယောက် ပျော်ကြမယ်ကြကာ ရှိသေးတယ်၊ ကိုယ်တို့ရပ်ကွက် ထက်သိမ်းခံရတော့မယ်လို့ သတင်းအတိအကျရတယ်။ ကိုယ်တို့လည်း ပြောင်း ကြရရင် အိမ်ချင်း ဝေးသွားမလား နီးမှနီးပါ့မလားနဲ့ စိတ်ပူပင်ကြရတာပေါ့ကွယ်။ ဒီတော့ သူက သူ့အနေနဲ့ စာမေးပွဲနီးကပ်နေတာကြောင့် အလုံက အဖွားအိမ်မှာ သွားနေရဖို့များတယ်။ ကိုယ်နဲ့လည်း နောင်တွေ့ဖို့ လွယ်ချင်မှလွယ်မယ်၊ တွေ့ချင် မှလည်း တွေ့ရလိမ့်မယ်။ ဒါ့ကြောင့် တစ်နေ့လောက် တစ်နေရာရာ သွားကြပြီး အေးအေးဆေးဆေး စိတ်အေးချမ်းသာ စကားပြောကြရအောင် လည်ရအောင် မလေးရယ်လို့ ပူဆာပြန်တယ်။

ချစ်သူက ပူဆာလာတော့ ကိုယ့်မှာ ခေါင်းခဲရတာပေါ့။ ကိုယ်ရည်းစား အားဖူးခဲ့ပေမယ့် ချစ်သူဘဝ ဘယ်ဆိုဘယ်မှ အပြင်ထွက်ပြီး လည်ပတ်ဖူးတာ မျိုး မရှိဖူးဘူး၊ ကိုယ်က ဘာလုပ်ရမှန်းမသိလေ သူက ဇွတ်အတင်း တပူတဆာ ဖြစ်လေနဲ့ နောက်ဆုံးတော့ မပြောင်းကြရခင်ကလေးမှာ တစ်နေရာရာကို သွားပါ့ မယ်၊ လိုက်ခဲ့ပါ့မယ်လို့ ကတိပေးလိုက်ရတယ်။

သူ့ကို ပြောပြီးခါမှ ချက်ချင်း ကိုယ် ဖျားပါလေရော သူငယ်ချင်းရေ၊ ကျောင်းတောင် မတက်နိုင်ဘူး၊ အိမ်က ခွင့်တိုင်ပေးထားတယ်၊ ကိုယ့်အိမ်ကဆို ကိုယ့်အပေါ် သိပ်ယုံကြည်တယ်။ ကိုယ်ဟာ မိဘစိတ်ဆင်းရဲအောင် ဘာဒုက္ခမှ မပေးဘူး။ ဘယ်တော့မှလည်း လိမ်ညာခြင်း မပြုခဲ့ဘူး။

ဒါ့ကြောင့် ဒီကိစ္စမှာတော့ ကိုယ့်မှာ အခက်တွေ့နေရပြီလေ။ ကိုယ်တို့ ရပ်ကွက်ကြီးဖျက်ဖို့ သေချာသလောက်ဖြစ်နေပြီ။ နေ့လား ညလား ဖြစ်နေချိန် ပေါ့ကွာ။ ချစ်သူကို လိုက်လည်ပါ့မယ် ကတိပေးထားခဲ့တဲ့ ကိုယ့်စကားကို အဖျက် ခံချင်ဘူး၊ ဒီတော့ နည်းလမ်း မှန်၊ မမှန် စိတ်က မဝေဖန်တော့ဘူးလေ။ သူ့အတွက် ကတိမပျက်ချင်တော့ အိမ်က ခွင့် (၂) ရက်တိုင်ပေးတဲ့ ခွင့်စာရွက်မှာ (၃) ရက်လို့



www.burmeseclassic.com

www.burmeseclassic.com



ခွင့်အပိုတစ်ရက် ခိုးရေးလိုက်မိတဲ့အထိ ကိုယ်စွန့်စားလိုက်ရတယ်။ ဒါဟာ ကိုယ့်ဖေဖေနဲ့ မေမေကို ပထမဆုံး လိမ်မိညာမိခြင်းပဲ သူငယ်ချင်း။

ကိုယ်ခွင့်ယူထားတဲ့ နောက်ဆုံးရက်မှာ ကိုယ်တို့ လျှောက်လည်ဖြစ်ကြပါတယ်။ အမှတ်တရပါပဲ သူငယ်ချင်းရယ်၊ ကိုယ် ခုထိ မမေ့သေးဘူး။ ၁၉၅၈ ခု ဖေဖော်ဝါရီလ (၁၃) ရက်နေ့ကပေါ့။ မမေ့နိုင်စရာအကြောင်းတွေကလည်း ရှိနေခဲ့တာကိုးကွဲ့။

ဒီလိုကွာ··· ကိုယ်က ကိုယ်အလုပ်လုပ်တဲ့ စစ်တပ်က စစ်ကျောင်းကားနဲ့ ကျောင်းတက်ရတာ မဟုတ်လား။ အဲဒီနေ့ကတော့ နေကောင်းပြီးခါစလေးမို့ ကားရှေ့ခန်းက စီးရတယ်။ မြေနီကုန်း ဝိဇယဆေးရုံအဝိုင်းကြီးရောက်လို့ ကားက ပတ်ပြီးကွေ့လိုက်တာ ကိုယ် ကားပေါ်က လိမ့်ကျပါလေရော၊ သေကံမရောက်သေးလို့သာ အောက်မေ့ သူငယ်ချင်းရေ···၊ နောက်ဘီးနဲ့ ကြိတ်မိဖို့ သီသီလေးလိုတော့တာ။ ကားက အရှိန်လျှော့ထားတုန်းမို့ပေါ့ကွာ၊ ကားမောင်းတဲ့ ဦးလေးကြီးတွေကတော့ ခေါင်းကိုကြီးလို့။ ကိုယ်လည်း ကားပေါ်ကကျတဲ့ဒဏ်ကြောင့် အတော်လေး ခံလိုက်ရတာပေါ့ကွာ။ ဒီတော့ ကိုယ် လစ်ထွက်ဖို့ ပြောလို့ ပိုကောင်းသွားတယ်လေ။

"ဦးလေး၊ ကျွန်တော်တော့ ကျောင်းတက်နိုင်မှာ မဟုတ်တော့ပါဘူး။ သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားတာ အတော်ပဲ၊ သူနဲ့လိုက်သွားပြီး နားလိုက်မယ်ဗျာ၊ ညနေ ကျောင်းကားကြိုတဲ့အချိန် မီအောင်ပြန်ခဲ့မယ်၊ ကျွန်တော့်ကို စောင့်နေပါနော်။ ခက်တာပဲ၊ အိမ်က ကျောင်းမတက်ရင် ဆူလိမ့်ဦးတော့မှာပဲ"

လို့ မှင်သေသေမျက်နှာငယ်လေးနဲ့ ပြောရတာပေါ့။ အဟင်း··· ဉာဏ်နီဉာဏ်နက်တွေ မထုတ်စဖူး ထုတ်လို့ပေါ့ကွာ။ စာအုပ်တွေရော၊ ကျောင်းလုံချည်တွေရော ကားပေါ်မှာထားခဲ့ပြီး ဟံသာဝတီအဝိုင်းကြီးမှာ ဆင်းနေခဲ့တယ်။ "···"ကလည်း ရဲလိုးတော့ပ်လို့ ခေါ်ကြတဲ့ မိုးဝါအငှားကားလေးနဲ့ အဆင်သင့်စောင့်နေတယ်လေ။ ကိုယ်တို့ လူရှင်းမယ်ထင်တဲ့ ကျိုက်ဝိုင်းဘုရားကို သွားကြတယ်။ သူ့သူငယ်ချင်း "···" ဆိုတဲ့သူက ကိုယ်တို့နဲ့ အဖော်လိုက်ခဲ့တယ်။

ကိုယ့်စိတ်ထဲမှာ လိုက်သာလိုက်လာရတယ် ရင်ထဲကပူတယ်။ မလုံမလဲရက်လည်းရှက်တယ်၊ လည်ပတ်ခဲ့ဖူးတာ မဟုတ်လို့ဘဲလေလို့ပဲ ကိုယ့်ကိုယ်ကိုယ်အားတင်းရတာပေါ့ကွယ်။ ဘုရားရောက်တဲ့အထိ ကိုယ်တို့ စကားမပြောမိဘူး။





ရောက်လို့ဆင်းကြရတော့ ဘုရားပေါ် ရောက်လာကြ ဘုရားဖူးကြပြီးတဲ့အထိ ဆိုင်သာ ထိုင်နေကြတယ် စကားတော့ မပြောဖြစ်ခဲ့ကြဘူး။

ဘုရားမှာ လူတော့ရှင်းပါရဲ့၊ ကလေးတွေတော့ အများကြီးပဲ၊ ကိုယ်တို့အနားမှာ ရစ်သီရစ်သီနဲ့ စိန်ပြေးတမ်းကစားရင်းက ကိုယ်တို့ကို အကဲခတ်နေဟန်တူပါရဲ့။ နောက်တော့ ကိုယ်တို့နှစ်ယောက် ချစ်စရာစကားတွေ ပြောရဲဆိုရဲလာရတယ်။ မျက်လုံးချင်း ဆုံရဲလာတယ်၊ အပြုံးတွေလည်း ဝေဆာလာရတယ်ပေါ့ သူငယ်ချင်းရယ်။

ကလေးတွေက နောက်တော့ ချိန်းတွေ့ကြတဲ့ ချစ်သူတွေမှန်း သိသွားကြတယ် ထင်တာပဲ။ လာကြည့်လိုက် ပြောင်လိုက် နောက်လိုက်နဲ့ဆိုတော့ ကိုယ်တို့မှာ နေစရာမရှိလောက်အောင် ဖြစ်ရတာပေါ့။ ကလေးတွေနဲ့ ဝေးရာရှာကြရင်း ဘုရားကို တစ်ပတ်ပတ်ဖူးမိတော့ ဘုရားဆင်းတုတော်မရှိတဲ့ ကျောင်းဆောင်လွတ်လေးတစ်ခု သွားတွေ့ကြတယ်။ ကိုယ်တို့နှစ်ယောက် အဲဒီနေရာကျဉ်းကျဉ်းလေးမှာပဲ ပူးပူးကပ်ကပ် ထိုင်ကြရတယ်။ ချစ်စကားတွေ ပြောကြတယ်။ ပါလာတဲ့သူငယ်ချင်းကတော့ ကိုယ်တို့ လွတ်လပ်ပါစေတော့လို့ နှောင့်ယှက်မယ့်ကလေးတွေကို ပါလာတဲ့ မုန့်ပဲသရေစာတွေနဲ့ စည်းရုံးချော့မော့နေဟန်ပါပဲ။ အို··· ဒါတွေ ကိုယ် မေ့နေပါတယ်လေ။ ချစ်သူနဲ့ စကားအိုးလေးဖြစ်နေရတာကိုး။

ပြန်ဖို့ အချိန်နီးလာတော့ သူက ခွင့်တောင်းတယ်လေ၊ ကိုယ့်ကို နမ်းပါရစေတဲ့···။ ကိုယ်က ရှက်ရှက်နဲ့ ရယ်နေရတာပေါ့လို့။ ကိုယ့်အတွေးထဲမှာ နမ်းကြတယ်ဆိုတာ ချစ်သူတိုင်းမှာ ထုံးစံလိုဖြစ်နေတာ သူ မသိရှာလေသလားလို့ မေးမိတယ်။ ကိုယ် ပြောလည်း ပြောလိုက်ပါတယ်လေ။

"··· ရယ်၊ မင်းဟာ တကယ့်ကို ကလေးလေးလိုပဲ၊ မင်းကိုချစ်လို့ နမ်းခွင့်လည်းပေးပြီးပါပြီ။ ခု လျှောက်လည်ရအောင် ခေါ်တော့လည်း လိုက်ခဲ့ရပြီ။ ဒီတစ်ခုကျမှ မင်းက ခွင့်တောင်းစရာလို့ မှတ်နေသလား။ ပိုမနေစမ်းပါနဲ့ကွာ မင်းမှာလေ အရင်တုန်းက ချစ်သူတွေ အများကြီးပါ။ မင်း သူတို့ကို နမ်းခဲ့ဖူးပြီးသား မဟုတ်လား"လို့ ကိုယ်က ပြောလိုက်တော့ "···" က ရှက်ပြုံးပြုံးရှာပါတယ်။

ဟုတ်တယ်လေ သူငယ်ချင်းရဲ့။ သူ့အကြောင်း ကိုယ် မသိတာမှ မဟုတ်တာ။ ဒီတော့ သူက ဘာပြန်ပြောသလဲ သိလား။ "ခွင့်တောင်းရတယ် မလေးရေ



www.burmeseclassic.com

www.burmeseclassic.com



တခြားလူတွေကို ချစ်ခဲ့တုန်းက ကလေးစိတ်နဲ့ ကလေးချစ်ချစ်ခဲ့တာ၊ မလေးကျ တော့ ဘယ်လိုမှန်းမသိဘူးခင်ဗျ။ သူများတွေကို နမ်းခဲ့ဖူးပေမယ့် မလေးကိုတော့ စိတ်ဆိုးသွားမလားလို့၊ မလေးစိတ်ဆိုးမှာ "…" သိပ်ကြောက်တာပဲ မလေးရယ်၊ ဒါကြောင့် ခွင့်တောင်းရတာပေါ့" တဲ့။

ကိုယ် သူ့စကားကြားရတော့ သနားသွားတယ်။ "နမ်းခွင့်တောင်းဖို့ မလို ပါဘူး ကျောင်းသားငယ်ငယ်ရယ်" လို့ ကိုယ် တိုးတိုးလေး ပြောလိုက်တယ်။

အဲဒီနေ့ကစပြီး သူ့ကို သနားရာက ရင်ထဲနှလုံးသားထဲက နှစ်နှစ်ကာကာ ချစ်ခဲ့ရပါတယ်။ နောင် စိတ်ချမ်းသာအောင် နေစေမယ်၊ သူ့အလိုကျ လိုက်လျော ပါတော့မယ်လို့ ဆုံးဖြတ်လိုက်မိတာပဲ သူငယ်ချင်း။

တစ်နေ့လုံး ကိုယ်တို့နှစ်ယောက် ပျော်လိုက်ပြုံးလိုက် ရယ်လိုက်မောလိုက် နဲ့ အချိန်ကုန်လို့ကုန်မှန်း မသိဘူး။ အားလုံးကို မေ့နေတယ်။ တစ်လောကလုံး မှာ နှစ်ယောက်တည်း။ နေစောင်းလာတာ သတိပြုမိတော့မှ သိပ်စိတ်ပူသွားတယ်။ နာရီကြည့်လိုက်တော့ ညနေလေးနာရီရှိနေပြီ။ ကိုယ်တို့ကို သုံးနာရီ ပြန်ကြိုခိုင်း ထားတဲ့ မိုးဝါကားက ရောက်မလာသေးလေတော့ တစ်နေ့လုံး ပျော်ထားတဲ့ အပျော်တွေ ဘယ်ပျောက်ကုန်မှန်း မသိတော့ဘူး။

နောက်ပါလာတဲ့ သူငယ်ချင်းက မရမ်းကုန်း ရဲဌာနကတစ်ဆင့် မိုးဝါကား ဌာနကို မှာရတယ်။ အချိန်မှန်ပါပဲ၊ (၁၅) မိနစ်ဆို ရောက်လာတာပါပဲ။ ကိုယ်တို့ ကားပေါ် ချက်ချင်းတက်ပြီး ကျောင်းကို ဆက်မောင်းခိုင်းတယ်။ ကျောင်းရောက် တော့ ကားက ဘယ်ရှိတော့မလဲ၊ အချိန်က လွန်သွားတာကိုး။ ကိုယ် ဘာလုပ် ရမှန်းမသိအောင် ပျာယာခတ်သွားတာပေါ့။ နောက်မှ ကျောင်းနားက သူငယ်ချင်း အိမ်ကိုဝင်၊ ကျောင်းလုံချည်ငှားဝတ်၊ လွယ်အိတ်ပါ ငှားပေါ့လေ။

အိမ်အပြန်လမ်းမှာ ကိုယ်တွေးမိတာက ကိုယ့်ပစ္စည်းတွေ ကျောင်းကား ပေါ် ပါသွားလို့ပဲပေါ့၊ နောက်ကျတာက စာကူးမပြီးလို့ပေါ့၊ လွယ်အိတ်ကတော့ မှားလာလို့ပေါ့လေ။ ဒါဆို အဆင်ပြေပြီလို့ တွက်ထားမိတာကိုး။ ဘယ်ဟုတ်လိမ့် မလဲ သူငယ်ချင်း၊ ကိုယ့်အထင် ပါစင်အောင် လွဲတော့တာကလား။

ကိုယ် ကျောင်းကားပေါ်ကဆင်းပြီး ကားတစ်စီးနဲ့ လူနှစ်ယောက်နဲ့ ထွက် သွားတာကို ကားဆရာကြီးတွေက မြင်လိုက်ကြတာကိုး။ ကျောင်းချိန်ကုန်လို့ ပြန်ရောက်မလာတော့ စိတ်ပူကြ၊ တာဝန်ကရှိကြတော့ အိမ်မှာ အကျိုးအကြောင်း ပြောပြပြီး ပစ္စည်းတွေပို့ခဲ့လို့ အိမ်က သိပြီးပြီ။





ကိုယ်ကတော့ ဘယ်သိလိမ့်မလဲ၊ အချိုးမပျက် အိုက်တင်အပြည့်နဲ့ပေါ့ လေ။ မေမေကတော့ သိပြီးလို့ ရင်ပူသောကများပြီး "…" ဖေဖေကို သွားမေး ပြီလို့ အိမ်တောင် ပြန်ရောက်နေပြီ။ အဲဒီအချိန်တွေနောက်မှ ကိုယ်က အိမ်ပြန် ရောက်တော့တာကိုး သူငယ်ချင်းရဲ့။ ကိုယ့်မေမေကတော့ ဘာမှမပြောဘူး။ ကိုယ့် ကျောင်းပစ္စည်းတွေကို လာပို့ထားတဲ့အတိုင်း အိမ်ရှေ့ဖိနပ်ချွတ်မှာ နေရာမရွေ့ ထားပြီး အိမ်ပေါက်မှာထိုင်ရင်း ပြုံးနေတယ်။

ကိုင်း သူငယ်ချင်းရေ၊ ကိုယ် ဘာများ ဆင်ခြေပေးနိုင်ဦးမှာတဲ့လဲ။ ကိုယ့် အဖြစ်ကလည်း တစ်ခါခိုး ဆယ်ခါမိဖြစ်နေတော့ ကိုယ့်မှာ ငိုရမလို ရယ်ရမလို မျက်နှာမထားတတ်အောင် ဖြစ်နေတာပေါ့။ ကိုယ့်အဖြစ်ကိုသိတဲ့ မေမေက ထမင်း စားသေးဘူးလားလို့ ကိုယ့်အတွက် အရှက်ပြေပြောတော့မှ ကိုယ် သတိရတော့ တယ်။ ကိုယ်လည်း ဟုတ်ကဲ့ပါ မေမေလို့ပြောရင်း အခန်းထဲ ဝင်ပြေးမိတော့ တာပဲ။

ရှက်တာရော၊ တစ်သက်လုံး မညာစဖူး ညာခဲ့မိတဲ့အတွက် နောင်တရော ပြီး စိတ်မကောင်းဖြစ်မိတာနဲ့ အခန်းထဲက မထွက်ဘဲ နေမိတယ်။ ညဘက် ကျောင်းတက်ချိန်ရောက်တော့မှ မေမေက လှမ်းခေါ်တယ်။ ကျောင်းမသွားတော့ဘူး လားလို့ မေးပါတယ်။ ကိုယ်က "ကျောင်းမတက်ချင်တော့ဘူး မေမေ၊ ရှက်စရာ ကြီး" လို့ ပြောမိတော့ မေမေက…

"ခုမှ တွေးရှက်မနေနဲ့တော့ သမီးရေ၊ ညည်းလုပ်ပုံကြောင့် ငါ့မှာ ဆရာ ကြီးဆီ ရောက်ခဲ့ရပြီးပြီ။ ညည်းအစား ရှက်ခဲ့ရပြီးပြီ၊ အစတုန်းကတော့ ရှက်ဖို့ ဆိုတာ သတိမရဘူး မဟုတ်လား၊ သွားမှာသွားစမ်းပါအေ မထူးပါဘူးလို့" ပြောတယ်။

ဒီတော့ ကိုယ့်မှာ မငြင်းသာဘူး ကျောင်းသွားရတာပေါ့။ ကျောင်းရောက် တော့ ဆရာကြီး အကြိမ်းခံရမှာလားလို့ စိတ်ပူလိုက်သေးတယ်၊ ဒါပေမဲ့ ကိုယ့် ဆရာက ပြုံးပြုံးကြီးလုပ်နေတော့ အနေရခက်တယ် ရှက်တယ်၊ အရေးထဲမှာ ဟိုကိုယ်တော်လေးက အရိပ်အယောင်မှ ပြတော်မမူဘူးလေ၊ စိတ်ကိုညစ်နေတာပဲ။

ကျောင်းဆင်းတော့မှ ကိုယ်တော်ချောက ကျောင်းပေါ်က ကြွလာတယ်။ ရှက်စနိုး မျက်နှာလေးနဲ့လေ။

ပထမတော့ သူ့ကို ဒေါပွနေမိတယ်။ သူ့တွေ့လိုက်တော့လည်း အင်းလေ သူလည်း ငါ့လို ရှက်နေမှာပေါ့လို့ တွေးမိပြီး စိတ်ပြေသွားတယ်။ ဒါပေမဲ့ ဟန်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဖို့ပေါ့ကွာ။ ခပ်တင်းတင်းပဲ ကျောင်းထဲက ထွက်လာလိုက်တာပေါ့။ ကျောင်းပြင်ရောက်မှ သူ အပြေးကလေး လိုက်လာတယ်၊ မေးတယ်။

“မလေး၊ မလေး မေမေက ရိုက်သေးလားဟင်” တဲ့။

ကိုယ်က ဘာမှ ပြန်မပြောဘူး၊ အားရပါးရ ရယ်နေလိုက်မိတော့ သူ အတော်ကြောင်တောင်တောင် ဖြစ်သွားတာပေါ့။

နောက်မှ စိတ်မရှည်တဲ့ဟန်နဲ့- “အကောင်းမေးနေတာ ပြောစမ်းပါ မလေးရဲ့။ ရယ်စရာကျနေတာပဲ။ “...” ဖြင့် မလေးအတွက် သိပ်ကို စိတ်ပူနေတာ” လို့ ပြောတယ်။

ဒါလည်း ကိုယ်က မဖြေသေးဘူး။

“မင်း ဖေဖေက မင်းကိုရိုက်လို့ မေးတာလား” လို့ မေးလိုက်တယ်။

“မရိုက်ပါဘူး မလေးရဲ့၊ ဖေဖေကလေ မင်းတို့ မပြောသေးဘဲနဲ့ နားဖောက်ပြီးသား ဖြစ်သွားတာပေါ့ကွာလို့ပြောပြီး ရယ်လိုက်တာ မလေးရယ်၊ တစ်ခုတော့ ပြောပါတယ်။ မင်းတို့ ငယ်ကြသေးတယ်တဲ့၊ ဘာလို့ လူကြီးတွေ မသိအောင် လျှောက်သွားကြတာလဲ၊ ကောင်မလေးအမေက စိတ်ပူပြီး ငါ့ဆီလာမေးတော့ ငါပါ ခေါင်းကြီးရတာပေါ့ကွ၊ မင်းတို့ပြန်ရောက်မှ စိတ်အေးရတာ၊ နောင် လူကြီးတွေ စိတ်ပူအောင်တော့ မလုပ်ကြပါနဲ့ကွာ။ မင်းတို့ စာသင်ဖို့ အရွယ်အများကြီး ကျန်သေးတယ်၊ အားလုံးပြည့်စုံတော့ မင်းတို့စိတ်ချမ်းသာအောင် လူကြီးမိဘတွေက စီစဉ်ပေးရမှာပေါ့လို့ ပြောတယ် မလေးရယ်။ “...” တော့ သိပ်ဝမ်းသာတာပဲ မလေးကော ဝမ်းမသာဘူးလားဟင်” လို့ သူ ရေပက်မဝင်အောင်ပြောတော့မှ စိတ်အေးရတော့တာပေါ့ သူငယ်ချင်းရာ။

“ဝမ်းတော့သာပါတယ်၊ ဒါပေမဲ့ ဆရာကြီးကို ဘယ်လို မျက်နှာချင်းဆိုင်ရမှန်း မသိဘူး။ မလေးတော့ သိပ်ရှက်တာပဲ” လို့ ကိုယ်ကပြောတော့ “မလေးကလည်း ယောက္ခမကြီးများ ရှက်နေရသေးသလား” တဲ့လေ၊ ကဲ ကြည့်... ဘယ်လောက် ကလေးလေးလို ပြောတတ်တဲ့ “...” လဲကွယ်။

ဒီလို ပြောင်ချော်ချော်ပြောလိုက်တဲ့ ချစ်သူစကားကြားရမှ ကိုယ်လည်း ပြုံးမိတော့တယ်။ ကိုယ့်အပြုံးက ရှက်ပြုံးကြီးဖြစ်နေမှာပါကွာ၊ စိတ်အေးသွားပြီဆိုမှပဲ သူမေးတာကို ပြန်ဖြေရတယ်။

“မလေးမေမေက မရိုက်ပါဘူးကွယ်၊ ဘာမှ မပြောပါဘူး၊ ကျောင်းမသွား





ဘူးလားဆိုတာနဲ့ ထမင်းမဆာသေးဘူးလားဆိုတာပဲ ပြောတယ်” လို့ ပြောပြီး အိမ်ပြန်လာခဲ့တယ်။ ချစ်သူဘက်က အဆင်ပြေပြီဆိုတော့ ကိုယ့်ဘက်က ဘာများ ပြောမလဲလို့ စိတ်ပူနေမိတယ်။

ကိုယ့်မှာ အိမ်ကို လိမ်တတ်တဲ့အကျင့် မရှိခဲ့ပါဘူးကွယ်။ သူ့အရင် ချစ်ခဲ့တဲ့သူနဲ့ ကိုယ့်အကြောင်းကိုလည်း အိမ်ကို ပြောပြအသိပေးထားခဲ့တာပါပဲ။ ဘယ်က စာလာလာ၊ ဘယ်သူက ချစ်စကားပြောပြော၊ ဘယ်သူက စာပေးပေး အားလုံး အသိပေးခဲ့တာချည်းပဲ။ ဒီတစ်ခါတော့ ကိုယ် ဘာအကြောင်းမှ မပြောရသေးဘူး။ ပြောဖို့အချိန် မဟုတ်သေးဘူးထင်လို့ မပြောခဲ့တာပါ။

အဲဒီညက ကိုယ် တစ်ညလုံး အိပ်မပျော်ပါဘူး။ မိဘကို လိမ်ညာမိလေခြင်း၊ ကိုယ့်ကို ယုံပါတော့မလားဆိုတဲ့အသိက ကိုယ့်စိတ်ကို ပင်ပန်းစေခဲ့တယ် သူငယ်ချင်း။ နောက်တော့လည်း အို... အားလုံး သိပြီးကုန်ကြတော့မှ မထူးပါဘူး၊ “...”ကိုပဲ ဘဝကြင်ဖော်ရွေးပါတော့မယ်လို့ စိတ်ကို ဆုံးဖြတ်လိုက်တော့တယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

နောက်တစ်နေ့ ကိုယ့်အလုပ်ကိုရောက်ပြီး အေးအေးဆေးဆေး အချိန်ရတော့မှ မေမေက "သမီး စိတ်ငြိမ်သွားပြီလား၊ ညက သမီး အိပ်မပျော်ဘူး ဆိုတာ မေမေသိပါတယ်။ မေမေလည်း တစ်ညလုံး စဉ်းစားတယ်။ သမီးရှေ့ရေးအတွက်ပေါ့၊ ခုတော့ သမီး စိတ်အေးသွားလောက်ပြီထင်လို့ သမီး စဉ်းစားတဲ့အထဲမှာ ကြိုတင်သိစေချင်တာလေးတွေ ပြောချင်တယ်။ ကြိုက်သလို ဆုံးဖြတ်နိုင်တယ်။ မေမေတို့က ကျွေးမွေးလာခဲ့ရလို့ ကိုယ့်စကားနားထောင်ရမယ်လို့ မပြောလိုပါဘူး။ ငါ့သမီးလည်း လူပေါင်း တစ်ရာ့တစ်ပါးထဲ သွားလာနေတဲ့သူပဲ၊ မေမေပြောတာတွေ စဉ်းစားပေါ့ကွယ်"လို့ ပြောတယ်။

ကိုယ်က မေမေ့စကားပလ္လင်ခံတာတွေ များနေတော့ ဘာများပြောမလဲလို့ တွေးနေမိတာပေါ့။ မေမေက စကားဆက်တယ်။

"သမီး... မေမေတို့၊ ဖေဖေတို့ဟာ မချမ်းသာကြပါဘူး။ ဒါပေမဲ့ သမီးတို့တစ်တွေကိုတော့ မျက်နှာမငယ်ရအောင်၊ အများနဲ့တန်းတူ ထားနိုင်အောင် ကြိုးစားခဲ့တယ်။ ဒါကို သိမှာပဲ၊ ဒါတွေ ပြောနေရတာက သမီးရဲ့ လုပ်စာကို တစ်သက်လုံး စားချင်လို့ ကျေးဇူးတင်ခံချင်လို့ ပြောနေရတာ မဟုတ်ဘူး သမီး၊ ဘယ်မိဘမဆို ကိုယ့်သားသမီးကို ခိုင်းစားမယ်၊ မှီခိုမယ်လို့ စိတ်မကူးကြဘူး ဆိုတာ သမီးတို့အရွယ်ရောက်လို့ သားတွေ၊ သမီးတွေ ရလာတဲ့အခါ သိလာမှာပါ။ ကဲပါလေ... ဒါတွေပြောလို့ သမီး နားရှုပ်သွားမှာ စိုးရသေးတော့ လိုရင်းပဲ ပြောတော့မယ်။ ပထမဆုံး မေမေ သိချင်တာက သမီး ဘာလို့ "..." ကို ချစ်တာလဲ ပြောစမ်းပါ" တဲ့။





ကိုယ်လည်း အမှန်အတိုင်းပဲ "သူ့ကို သနားလို့ ချစ်တာပါ မေမေ"လို့ ပြန်ဖြေလိုက်တယ်။ မေမေက အံ့သြတဲ့မျက်နှာနဲ့ ကိုယ့်ကိုကြည့်နေတယ်။ ဒီတော့ ကိုယ်က ဘယ်လိုက စလာတယ်ဆိုတဲ့ ကိုယ်တို့ဇာတ်လမ်းကို ပြန်ပြောပြတယ်။ ဒီတော့မှ ကိုယ့်ချစ်သူနဲ့ ကိုယ်က သံသယနဲ့ မာနကြောင့် လမ်းခွဲရတယ်ဆိုတဲ့ အကြောင်းနဲ့ "..." ကိုလည်း ပညာတတ်စေချင်လို့၊ စိတ်လေလွင့်ပျက်စီးမှာစိုးလို့ သနားပြီး ချစ်ခဲ့ရတဲ့အကြောင်းကိုပါ မေမေသိသွားတယ်။ မေမေဟာ ဘာမှ ဆက်ပြောသေးဘဲနဲ့ သက်ပြင်းရှည်ကြီး ချလိုက်တာကို တွေ့လိုက်ရတော့ ကိုယ်က "မေမေ သဘောမတူနိုင်လို့လား"လို့ စိုးရိမ်တကြီး မေးမိတယ်။

မေမေက "သဘောတူတာ မတူတာတွေ ထားလိုက်စမ်းပါ သမီးရယ်။ မေမေတို့ ပစ္စည်းလည်း မကြည့်ပါဘူး။ ပညာတွေ ဂုဏ်ထူး၊ ဘွဲ့ထူးတွေ ပါတာ မပါတာလည်း မမက်ပါဘူး။ သမီးကလည်း ချစ်မြတ်နိုး၊ သမီးအပေါ်မှာ ကြင်ကြင်နာနာ ယုယုယယ တစ်သက်လုံး ချစ်သွားနိုင်မယ့်လူဆိုရင် အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဖြစ်ပါစေ သဘောတူရမှာပါပဲ။ ဒါပေမဲ့ သမီး အရေးအကြီးဆုံး စဉ်းစားရမယ့်အချက်က လူမှာအမျိုး ကြက်မှာအရိုး ဆိုတဲ့အတိုင်းပဲ "..." ရဲ့ ဘကြီးတွေ၊ ဦးလေးတွေဆို အိမ်ထောင်ဆက်များတယ်။ ဒါလည်း သမီးအသိ။ နောက် သူ့အဖေနဲ့ အမေ အိမ်ထောင်ပျက်တာနဲ့ ပတ်သက်ပြီး လူတွေက ဘယ်လို ထင်ကြေးအမျိုးမျိုး ပေးခဲ့ကြသလဲ။ ဘာ့ကြောင့် ကွဲကြတယ်လို့ ပြောကြသလဲဆိုတာ သမီးလည်း ကြားဖူးမှာပေါ့။ ဒီအတွက်သာ မေမေ စိတ်ပူတာပါ။ ဒါမျိုးဆိုတာ သတင်းမှန်မှန် မမှန်မှန် ဘယ်လိုပဲဖြစ်ဖြစ် သမီး စဉ်းစားသင့်တဲ့အချက်ပဲလေ။ သမီး စဉ်းစားပေါ့၊ နောက် ပြောတာပေါ့ကွယ်" လို့ ပြောပြီး ကိုယ့်အနားက ထွက်သွားတော့တာပဲ။

ဟုတ်တယ် သူငယ်ချင်း၊ မေမေပြောတာ အမှန်ပါပဲ။ အိမ်ထောင်ဆက်တွေ များကြတယ်။ သူတို့မိဘတွေကိစ္စမှာလည်း လူတွေက ထုံးစံအတိုင်း ဝေဖန်ကြတာပေါ့ကွာ။ ကောင်းသတင်းကိုသာ မပြောရင်နေကြမယ်။ မကောင်းသတင်းမှ ရွေးဖြန့်ချင်သူတွေက ဒုနဲ့ဒေး မဟုတ်လား။ ဒီတော့ ကိုယ်ကြားဖူးတဲ့သတင်းတွေက မကောင်းတာတွေချည်း ဆိုပါတော့။

ဒါပေမဲ့ ကိုယ် ညက ဆုံးဖြတ်ပြီးခဲ့ပြီ။ ကိုယ့်ဘဝခရီးဖော်ဟာ သူ၊ ကိုယ်လက်ထပ်မယ့်သူကလည်း သူပဲ။ သူတို့ ဘာတွေပဲ ဖြစ်ခဲ့ကြပါစေ၊ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တို့ ပေါင်းသင်းကြမယ့်သူတွေသာ အဆင်ပြေရင်၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိရင် ခွင့်လွှတ်ကြရင် ဒီအကြောင်းတွေ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူးလို့ ယုံကြည်တယ်။ ပြဿနာကြုံလာရင်လည်းပဲ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်မို့ သည်းခံရမှာပဲလို့ တွက်တယ်။ ဒီပုတ်ထဲက ဒီပဲဆိုတာမျိုးကိုလည်း ပြောင်းလဲလို့ ရစကောင်းတယ်လို့ တွေးတယ်။ တစ်မိပေါက် တစ်ယောက်ထွန်းဆိုတာလို ကိုယ့်ချစ်သူဟာ ဒီလိုလူမျိုးမဟုတ်ဘူးလို့ သံသယကင်းကင်း စိတ်ချထားလိုက်တယ်။

ဒီလို ကိုယ့်မေမေက စဉ်းစားသင့်တယ်ဆိုတာလေး ပြောခဲ့တာကို ဘဝင်မကျမိဘူး။ ပြန်ပြောဖူးတာမဟုတ်တော့ မပြောချင်ဘူးလေ၊ ဒီတော့ စမ်းချောင်းမြောင်းမြလမ်းက ကိုယ့်သူငယ်ချင်းမ "…" တို့အိမ်မှာ (၂) ရက်၊ (၃) ရက်လောက် သွားနေပြလိုက်တယ်။ ရှင်းရှင်းကတော့ မိဘနဲ့ သဘောချင်းမညီဘူးဆိုတာ သိရအောင် အမူအရာလေးနဲ့ ပြလိုက်တဲ့ သဘောပေါ့ကွာ။

ကိုယ့်မေမေက သမီးဖေနဲ့ လိုက်လာရှာပါတယ် သူငယ်ချင်း။ ကိုယ့်တောင် မွေးလာတာပဲကွာ၊ ကိုယ်ဘာလုပ်ရင် ဘာကြောင့်ဆိုတာ သိတာပေါ့။ ကိုယ်နဲ့တွေ့တော့ "သမီး အိမ်ပြန်လိုက်ခဲ့တော့မလား၊ နေချင်သေးသလား၊ စိတ်ချမ်းသာရဲ့လား၊ အင်းလေ နားနားနေနေ နေချင်သေးလည်း နေပေါ့။ ငါ့သမီး နားရှုပ်သွားတယ် ထင်ပါရဲ့၊ သမီးဘဝ သမီး ဖန်တီးမှာကို ဘာမှ မပြောလိုပါဘူး။ မိဘဆိုတော့ ကိုယ့်သားသမီး သိသင့်တာ၊ ပြောပြထိုက်တာကို ပြောရတာပဲလို့ သမီး သိစေချင်တယ်။ သမီးကို ဇာတ်အဖွဲ့ထဲကလူတွေလို ဇာတ်ခုံပေါ် လူတွေရှေ့မှာတော့ ဇာတ်လမ်းအရ ရွှင်ပြုံးနေရပြီး ကန့်လန့်ကာ နောက်ကွယ်ရောက်တာနဲ့ ဘဝအခြေအနေအရပ်ရပ်ကြောင့် မျက်ရည်ကျရတဲ့အဖြစ်မျိုး မကြုံစေချင်လို့ ပြောပြရတာပဲ။ အေး… ခုတော့ သမီးအမူအရာနဲ့ ဘာဆုံးဖြတ်တယ်ဆိုတာ ပြခဲ့ပြီ။ ကောင်းပြီလေ၊ နောင်တော့ ကိုယ့်ဘဝကိုယ် ဖန်တီးရမှာပဲ၊ သမီးစိတ်ချမ်းသာအောင် အားလုံး အဆင်ပြေရပါစေမယ်ကွယ်" လို့ ပြောခဲ့ပြီး ပြန်သွားပါတယ်။

မင်း သိစေလိုတာကတော့ ကိုယ်ဟာ "…" ချစ်မိတဲ့အတွက် မိဘကိုတောင် စိတ်မချမ်းမြေ့ရအောင် နေပြခဲ့ဖူးပါတယ်ဆိုတဲ့ နောင်တတရားပါ။

မေမေ ပြန်သွားတော့ ကိုယ် စိတ်မကောင်း ဖြစ်နေမိတယ်။ တစ်ခါမှ မဆန့်ကျင်ဖူးဘဲကိုး။ ခုတော့ ကိုယ့်အချစ်နဲ့ ဆုံးဖြတ်ချက်ကို မပြင်တတ်တဲ့





ညကလေးကြောင့် ကိုယ် ဆိုးခဲ့ မိုက်ခဲ့တာကို သတိရတယ်။ ဒါပေမဲ့ ချစ်တာတာ ချစ်တာပဲ။ ကိုယ့်အချစ်ကို နှိုင်းပြရခက်ပါတယ်။ နှိုင်းစရာ မတွေ့လို့ပါကွယ်။

ကိုယ်ပြန်ရောက်သွားတဲ့နောက်မှာတော့ အားလုံး အဆင်မပြေစရာအကြောင်းကို မရှိတယ်ပေါ့ကွာ။ အဆင်ပြေပြီဆိုပြန်တော့ စိတ်ပျက်စရာ ကြုံပြန်ပါရော။ ၁၉၅၈ ခု၊ ဖေဖော်ဝါရီလ (၁၈) ရက်နေ့မှာ အိမ်တွေ နောက်ဆုံးဖျက်ရမယ်ဆိုတာကြောင့်ပါ သူငယ်ချင်း။

ကိုယ်တို့နှစ်ယောက်လည်း ဝေးစရာပေါ်လာပြန်ပြီလို့ စိတ်ညစ်ရတာပေါ့။ စိတ်ပျက်နေလည်း အပိုပဲလေ။ ဒီတော့ ရှေ့ကို ဘယ်လိုဆက်သွယ်ကြမလဲလို့ပဲ တွေးရတယ်။ သူက မတ်လမှာ စာမေးပွဲရှိတယ်။ ကိုယ်ကလည်း သတ္တမတန်းဖို့ နှစ်ပတ်ပဲလိုတော့လို့ စာကျက်နေရပြီ။ ဒီတော့ သူက အလုံ အင်ကြင်းလမ်းက အဘွားအိမ်မှာနေပြီး စာမေးပွဲဖြေမယ်လို့ စီစဉ်ရသလို ကိုယ်ကတော့ စမ်းချောင်း ရွှေလဝင်းလမ်းက ကိုယ့်ဘကြီးအိမ်မှာနေပြီး စာမေးပွဲဖြေမယ်လို့ စီစဉ်ကြရတယ်။

အိမ်တွေဖျက်ရတဲ့နေ့က လူကြီးတွေမှာတော့ အိမ်ဖျက်ကြ ပစ္စည်းသိမ်းကြ သယ်ကြနဲ့ အလုပ်ရှုပ် စိတ်ရှုပ်ဖြစ်နေကြတယ်။ ကိုယ်တို့နှစ်ယောက်ကတော့ ဦးဝိစာရလမ်းအလယ်က လမ်းမို့မို့လေးပေါ်မှာ အလွမ်းသယ်ကောင်းတုန်းပေါ့ကွာ။ ဘာပဲဖြစ်ဖြစ် ဥက္ကလာရောက်ရင် ရပ်ကွက်ခြားမလားလို့ ပူမိသေးသကိုး။

နောက်ဆုံးတော့ မျက်ရည်လည်ဝဲ ခွဲကြရတယ်။ ဒါပေမဲ့ နှုတ်ဆက်တုန်းမှာ ဝမ်းသာစရာ သတင်းစကားက ကိုယ်တို့နေမယ့် မြေကွက်နဲ့ သူတို့နေမယ့် မြေကွက်ဟာ နီးနီးလေးတဲ့၊ မျက်စောင်းထိုးလောက်ပဲ ဝေးသတဲ့လေ။ ဝမ်းနည်းကြတဲ့ တို့နှစ်ယောက် ပျော်မိပြုံးမိ ဖြစ်ရပြန်တာပေါ့ သူငယ်ချင်းရယ်။ အခု ခဏ မတွေ့ရလည်း တောင်ဥက္ကလာမှာ လိုက်နေကြရင် တွေ့ကြရမှာပဲနဲ့ စိတ်ကူးလည်း ယဉ်မိကြတာပေါ့ကွာ။ အတော်မိုးချုပ်လာတော့ သူကလည်း အဘွားအိမ် အလုံကို ပြန်ရှာတယ်။ ကိုယ်ကတော့ တောင်ဥက္ကလာပ အိမ်ပြောင်းရွှေ့တဲ့ဆီကို လိုက်သွားခဲ့တယ်။

ဥက္ကလာပမြို့ဆိုတာ ကိုယ်တို့ရောက်သွားတော့ ကောက်ရိုးပြတ်တွေက ကိုယ့်အရပ်နီးပါး ရှိသေးတာ၊ လယ်ကွင်းကြီးပါပဲ သူငယ်ချင်း။ ဖုန်တွေက ဒူးပါ ပေါပါဘိသနဲ့။ ရောက်စဆိုတော့ အရိပ်မရှိ အပင်မရှိ ရေမရှိ မီးမရှိနဲ့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ပေါင်းများစွာ တစ်ချိန်တည်း စုပြောင်းလာရတော့လည်း အခက်အခဲတွေ အများကြီးပေါ့ကွာ။ ကိုယ့်အိမ်နေရာတောင် ကိုယ်မမှတ်မိကြသေးဘူးလေ။ ခဏခဏ အိမ်နေရာ လမ်းနေရာ ပျောက်ပျောက်သွားတတ်လို့ ရှာရဖွေရနဲ့ သိပ်ရယ်စရာကောင်းတာပဲ သူငယ်ချင်းရေ။

နောက်တော့ ကိုယ့်နေရာကိုယ် သိရမှတ်မိရအောင် အရောင်မျိုးစုံ အလံတလူလူလွှင့်ထားကြ၊ သံပုံးတွေ ချိတ်တဲ့သူက ချိတ်ပေါ့လေ။ အမှတ်အသားတစ်ခုခုတော့ ထားကြရတာပဲ။ ပျော်စရာကြီးကွယ်၊ လူတိုင်း ဘယ်မှာ ချက်ချင်း အိမ်ပြန်ဆောက်နိုင်ကြမှာတုန်း သူငယ်ချင်း။ ကနားဖျင်းထိုးပြီး စောင်တွေမိုးကာနေကြရတာလိုလိုချည်းပဲပေါ့။

ကိုယ်တော့ သိပ်ပျော်တာပဲသူငယ်ချင်းရယ်။ တောလက်ကျေးရွာလေးတစ်ရွာကို ရောက်နေသလိုပဲ စိတ်လွတ်လပ်တယ်၊ လေကလည်း တဖြူးဖြူးတိုက်နေတတ်တယ်။ ကိုယ်တို့နေရာအနားမှာ ညောင်ပင်ကြီးကြီးလုလုတစ်ပင်ရှိတယ်။ ရေကန်ငယ်ငယ်လေး တစ်ခုလည်း ရှိတယ်။ ဒီညောင်ပင်ကြီးက ရေကန်လေးရဲ့ ပေါင်ပေါ်မှာရှိနေတာလေ။ နေ့လယ်တိုင်ရင် အဲဒီညောင်ပင်အရိပ်မှာထိုင်ရင်း ချစ်သူအကြောင်းတွေးရင်းနဲ့ ရေကန်လေးထဲ ခဲကလေးတွေနဲ့ ပေါက်ကစားနေတတ်လာတယ်။ ချစ်သူအကြောင်း တွေးရ ငေးရ လွမ်းရ ဆွေးရ တမ်းတရနဲ့ ရင်ထဲမှာ ခံစားရတဲ့ ဝေဒနာဟာ အရသာတစ်မျိုးပါပဲ။ အဲဒီလို ငေးနေကြရတာကိုပဲ တမ်းတနေရတာကိုပဲ ပိုပြီးချစ်လာမိသလိုလို ထင်ရသေးတယ် သူငယ်ချင်းရယ်။ ဝေးတာသက်သက်ဆိုတာ ဒါမျိုးကို ဆိုလိုတာနဲ့ တူပါရဲ့ကွာ။

စာမေးပွဲဖြေဖို့ စမ်းချောင်းအိမ်ကို သွားရတော့မယ် သူငယ်ချင်း။ ဒါပေမဲ့ ကိုယ်မသွားချင်ဘူး၊ ဥက္ကလာကို ခင်တွယ်နေတယ်။ ချစ်သူနဲ့ ဆက်သွယ်ရတာ ခက်မှာကိုလည်း စိုးတယ်လေ။ ကိုယ့်ဘကြီးက သိပ်စည်းကမ်းကြီးတာ ကိုယ်တို့တစ်မျိုးလုံးက ချစ်ကြောက်ရိုသေရတဲ့သူပဲ။ ဒါကြောင့် ကြောက်ပြီးမနေချင်တာပါ။ ကိုယ်မြတ်နိုးတဲ့ ပညာရေးအတွက်ဆိုတော့လည်း သွားရမှာပဲ နေရတာပဲကွယ်။

စမ်းချောင်းမှာ နေတဲ့ရက်အတွင်းမှာ သူ လာလည်တယ်လေ။ ကိုယ့်အတွက် လက်ဆောင်လာပေးသတဲ့။ ဘာတွေလဲ သိလား သူငယ်ချင်း။ ထမင်းစားပန်းကန်ပြားလေးတစ်ချပ်၊ ဟင်းသောက်ပန်းကန်အကြီးတစ်လုံး၊ ခေါင်းလောင်းကလေး ထမ်းထားတဲ့ ကြွေဘိုမရုပ်ကလေးတစ်ခု၊ ကျွဲချိုပေါ်မှာ နတ်သားလေး ဘာဂျာဆွဲနေတဲ့ ကြွေရုပ်ကလေးကတစ်ခု။ အဲဒါ··· လက်ဆောင်တဲ့။





ကိုယ်က ဘာအဓိပ္ပာယ်နဲ့ ဒါတွေ ပေးရတာလဲလို့ မေးတော့···ပန်းကန်တွေက ကိုယ်တို့လက်ထပ်ရင် စုစရာမလိုအောင်လို့တဲ့။ ခေါင်းလောင်းအရုပ်ကလေးက ရေစ်ယာန်ဘာသာဝင်တွေက မင်္ဂလာရှိတယ် အယူအဆရှိတာ ကြားဖူးလို့တဲ့။ ကျန်တဲ့တစ်ရုပ်ကတော့ မလေးက ဂီတချစ်သူမို့ တူရိယာတစ်မျိုးပါလို့တဲ့ သူငယ်ချင်းရေ···။

ပျော်စရာမကောင်းဘူးလား၊ မထူးဆန်းဘူးလားကွယ်။ ကိုယ်ကတော့ အသက်လုံး ဒါတွေကို အမှတ်ရနေမှာပါပဲလေ။

ကိုယ်ကလည်း အလုပ်နဲ့ နယ်ထွက်ရတိုင်း လုံချည်အင်္ကျီစလေးတွေ၊ သူဝါသနာပါတဲ့ စာပေအတွက် အထောက်အကူဖြစ်စေမယ့် အမှတ်တရစာအုပ်ကောင်းတွေ လက်ဆောင်ယူလာပေးခဲ့တယ်။ ချစ်မှတ်တမ်းတွေ မှာတမ်းတွေကတော့ တစ်နေ့ တစ်စောင်မက ရေးခဲ့ကြတာပေါ့။ ခုအထိ သူရေးခဲ့တဲ့စာတွေ ကိုယ်သိမ်းထားပါတယ်။ လက်နှစ်လုံးလောက် စာရွက်ကလေးနဲ့ ရေးထားတဲ့ စာလေးတွေကအစ ရှိနေပါသေးတယ်။ သိပ်ချစ်ခဲ့ကြတာ မဟုတ်လား သူငယ်ချင်း။

စာခေါင်းစဉ်တွေကတော့ ချစ်သူတို့ "ဘာဝ ရေးကြသလိုပေါ့ကွာ၊ "နှင်းမဝသော"၊ "အသက်မကချစ်ရပါသော"၊ "အချစ်"၊ "အသက်"၊ "နှင်း"နဲ့၊ အိုကွယ်··· စုံလို့ပါပဲ။

အဲဒီအချိန်ရောက်တော့ ကိုယ့်ကို မလေးလို့ ခေါ်ရာကနေ "အေး" လို့သူက ခေါ်တယ်။ ကိုယ့်နာမည်အရင်းမှာ "အေး" ဆိုတာ ပါပေသကိုး။ နောက်ဘာအဓိပ္ပာယ်ရှိသေးလဲ··· ဘာ့ကြောင့် ခေါ်သလဲဆိုတာတော့ ကိုယ်မသိပါဘူးကွယ်။

ကိုယ်ကတော့ သူ့ကို "···" မခေါ်တော့ဘဲ "မောင်" လို့ ခေါ်ခဲ့တယ်။ "မောင်" လို့ခေါ်တာ ကိုယ့်အတွက် အဓိပ္ပာယ်မဲ့ မဟုတ်ခဲ့ပါဘူး သူငယ်ချင်း။ မင်းကြားဖူးရင် ကြားဖူးပါလိမ့်မယ်။ တချို့က ကိုယ့်ထက်ငယ်တဲ့ မောင်ငယ်လေးကို ချစ်စနိုးနဲ့ "မောင်" ခေါ်တတ်တယ်။ နာမည်မခေါ်ရက်တဲ့သဘောပေါ့။ ကိုယ့်သဘောထားကလည်း သူက ငယ်စဉ်ကတည်းက မိဘနှစ်ပါးနဲ့ ရင်အုပ်ကွာ မနေခဲ့ရရှာတော့ အယုအယမခံခဲ့ရဘူး။ ဒါကြောင့် မောင်ငယ်တစ်ယောက်လို ယုယမယ်၊ ကြင်နာမယ်၊ ခွင့်လွှတ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ "မောင်" လို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ခဲ့တာပါ။ တကယ်တော့ သူက ကိုယ်နဲ့ သက်တူရွယ်တူပါကွယ်။ သေသေချာချာတွက်ကြည့်ရင် ကိုယ့်ထက် (၂၉) ရက်တိတိ ကြီးပါသေးတယ် သူငယ်ချင်း။

နောက်တော့ ကိုယ်တို့စာမေးပွဲတွေ ဖြေကြရတယ်။ ကိုယ်စာမေးပွဲဖြေတဲ့နေရာကို မောင်က လိုက်လာပြီး အားပေးတယ်။ ဒီတော့လည်း ချစ်သူက အားပေးရှာတယ်လို့ အားတက်ဝမ်းသာဖြစ်ရတယ်။ စာမေးပွဲဖြေပြီးတဲ့ မတ်လထဲမှာ ကိုယ်တို့ ကျိုက်ထီးရိုးဘုရားကို သွားဖြစ်ကြသေးတယ်။ ကိုယ့်သူငယ်ချင်းမတစ်ယောက်နဲ့ သူ့သူငယ်ချင်းနှစ်ယောက်လည်း ပါတယ်။ ဓာတ်ပုံလည်း ရိုက်ကြတယ်။ ချစ်သူတွေဘဝဆိုတာ တယ်ပျော်စရာကောင်းပါလားလို့ စိတ်က ထင်မိပါတယ် သူငယ်ချင်း။ ရှေ့ရေးဆိုတာ မတွေးတတ်နိုင်ဘူး။ ကိုယ်ဟာ အချစ်မူး အချစ်ရူးမလေးတစ်ယောက် ဖြစ်နေခဲ့ရပြီ။ ဘာကိုပဲတွေးတွေး ချစ်တာတွေသာ ရှေ့ဆုံးက ပါနေတော့တယ်။

ဘယ်လို ချစ်ရပါ့မလဲ၊ ဘယ်လောက် ယုယကြင်နာရပါ့မလဲ၊ ဘယ်လိုအပြောမျိုးလေးတွေ ဘယ်လိုအမူအရာလေးတွေကို မောင်နှစ်သက်ကျေနပ်ချမ်းမြေ့မလဲဆိုတာတွေပဲ တွေးနေမိတာ။ အတတ်နိုင်ဆုံး မောင် စိတ်ချမ်းသာစေချင်တယ်။ ကိုယ့်အတွက် သာယာဖို့ဆိုတာ မောင့်ကို သာယာအောင် ဖန်တီးခြင်းပဲလို့ စိတ်ထဲရှိနေတယ်။

ဒီလိုနဲ့ပဲ စာမေးပွဲပြီးတော့ ကိုယ် ဥက္ကလာကို ပြန်ခဲ့တယ်။ ဖေဖေတို့ မေမေတို့ မောင်လေး ညီမလေးတို့ကို အောက်မေ့တာလည်း ပါတာပေါ့ကွယ်။ အိမ်ပြန်ရောက်ပြီဆိုတာနဲ့ ညောင်ပင်ရိပ်ကိုသွား၊ ရေကန်ပေါင်ပေါ်ထိုင်ပြီး ချစ်သူကို တမ်းတမြဲပေါ့။ မောင့်ကို ပြောချင်တာတွေ၊ သိစေချင်တာတွေကို ညောင်ပင်ကြီးကို ပြောလိုပြော မှာလိုမှာနဲ့ပါ။

တစ်ခါတလေတော့ မောင် ရောက်လာတတ်ပါတယ်။ ကိုယ်က အလုပ်များတော့ တွေ့တဲ့အခါ နည်းပါတယ်။ မဆုံနိုင်အောင်ပါဘဲ။

မောင်လာတဲ့အခါ ကိုယ်ရှိနေရင်တော့ ညောင်ရိပ်ခို အပန်းဖြေရင်း ချစ်စကားတွေပြော ချစ်ပြုံးတွေ သီကြတယ်။ ရေကန်ကလေးကလည်း ကိုယ်တို့ချစ်သူနှစ်ဦးကို ချမ်းမြေ့အေးငြိမ်းစေပါတယ်ကွယ်။ ကြာဖြူကြာနီတွေကလည်း သင်းလှပါဘိတော့။ အနီးပတ်ဝန်းကျင်က သဘာဝအလှအပတွေအားလုံးဟာ ကိုယ်တို့အတွက် ဖန်ဆင်းထားသလိုပါ သူငယ်ချင်း။





မောင်ကလည်း စာမေးပွဲပြီးတာနဲ့ ကိုယ့်ကို အမြဲတွေ့မြင်နေနိုင်အောင်လို့ ဥက္ကလာက သူတို့အိမ်ကို ပြောင်းလာတယ်။ ချစ်သူချင်း နေ့စဉ် တွေ့မြင်နေရတာလောက် ချမ်းမြေ့တာ ဘယ်ရှိပါ့မလဲ သူငယ်ချင်းရယ်။ လူကြီးမိဘတွေ သိထားပြီးသား၊ အနီးအနားကိုလည်း ကြေညာစရာ မလိုတော့ဘူးလေ။ ကိုယ်တို့အချစ်ကတော့ ပျော်စရာအပြည့်ပဲပေါ့ကွာ။

သူတို့ကျောင်းမှာ မောင်ရယ်၊ သူ့ညီအလတ်ရယ်၊ သူ့အဖေ တပည့်တစ်ယောက်ရယ် နေကြပါတယ်။ သူ့အဖေက ကျောင်းချိန်ကုန်ရင် မြို့ထဲ ပြန်အိပ်တယ်။ ယောကျ်ားတွေချည်းနေကြတော့ ဖြစ်သလိုနေ၊ ဖြစ်သလိုစားပေါ့။

ကိုယ့်ကို တွေ့မြင်လိုစိတ်ကြောင့် ဒုက္ခအမျိုးမျိုးခံပြီး လာနေရရှာတဲ့ချစ်သူကို ကရုဏာပိုရပါတယ်။ ကိုယ့်အိမ်မှာ ထမင်းစားဖို့ ပြောပေမယ့် မောင်က သိပ်ရှက်တတ်တာဆိုတော့ ခေါ်မရပါဘူး။ မောင်က ဣန္ဒြေကြီးတယ်၊ စကားနည်းတယ်၊ အရှက်အကြောက်လည်း ကြီးပါတယ်။ အမှန်ပြောရရင် ယောကျ်ားလေးနဲ့တောင် မတူဘူး။ အင်မတန် နူးညံ့သိမ်မွေ့တယ်။ အိမ်ထဲက အိမ်ပြင် မထွက်သလောက်ဘဲ။ အားရင် စာဖတ်နေတတ်ခဲ့တာပါ။

ကိုယ်တို့ တစ်အိမ်သားလုံးက မောင့်ကို ချစ်ကြတယ်။ အရေးပေးကြတယ်။ ကိုယ်က ချစ်တော့လည်း အမိအဖ အဆွေအမျိုးတွေက ချစ်ရမှာပေါ့ကွယ်။ ဒါမှ အဆင်ပြေမယ် မဟုတ်လား။ သူတို့အဆင်ပြေတော့ ကိုယ် စိတ်ချမ်းသာရတာယ် သူငယ်ချင်းရယ်။

ကိုယ်တို့နှစ်ယောက်ဟာ တစ်နေ့ထက်တစ်နေ့ ပိုချစ်လာခဲ့ကြတယ်။ တစ်ယောက်ကို တစ်ယောက် မတွေ့ရရင် မနေနိုင်ဘူးလိုဘဲ။ ကိုယ်က အလုပ်ရှိရင် ဘယ်အချိန် ပြန်ရောက်မယ်ဆိုတာ မောင်သိနေအောင် ပြောခဲ့ရသေးတယ်။ မပြောခဲ့ရင် မောင် ရင်ပူနေတော့မယ်ဆိုတာ ကိုယ်သိတယ်လေ။

တစ်ခါတလေ ပြောခဲ့တဲ့အချိန်အတိုင်း ပြန်ရောက်ပေမယ့် ကိုယ့်အလုပ်က သူငယ်ချင်းသိတဲ့ အတိုင်းပဲ။ အဆင်ပြေရင် ချက်ချင်းပြီးတာရှိသလို တစ်ခါတလေ တစ်ယောက်ပြီး တစ်ယောက် မှားနေကြတာနဲ့ တစ်နေ့လုံး တစ်ညလုံး သီချင်းတစ်ပုဒ်မှ အသံသွင်းလို့ မပြီးတာတွေ ရှိတာပေါ့ကွယ်။ ဒီတော့ အချိန်မမှန်ဘူးဖြစ်တတ်တာပေါ့။ ဒီလို ပြောထားတဲ့အချိန်အတိုင်း ပြန်ရောက်မလာရင် မောင်က စိတ်ပူနေရော။ ဘယ်လောက်ပဲ ညဥ့်နက်ညဥ့်နက် ကိုယ် အိမ်ကိုပြန်ရောက်တဲ့အသံကြားမှ သူ အိပ်ရာဝင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကလည်း မောင်ကျောင်းသွားတဲ့အချိန်နဲ့ ကိုယ်အလုပ်သွားနေတဲ့ အချိန်ကလွဲလို့ မောင်နဲ့ အတူရှိနေတာပါပဲ။ မောင်မရှိရင်လည်း ဒီအချိန်ဆို သူ ဘယ်အတန်းမှာ စာသင်နေမယ်၊ ဘယ်အချိန်ဆို သူအားမယ်၊ ဒီအချိန်မှာ သူ ဘာတွေတွေးနေမှာလဲ၊ ကိုယ့်အကြောင်းတွေလားနဲ့ သတိရနေမိတာပဲ။ သံယောဇဉ် တွယ်ငြိလွန်းနေကြပြီ သူငယ်ချင်း။

တစ်နေ့တော့ မောင်က ညဘက်တွေ့ပါရစေလို့ ကိုယ့်ကို ပြောလာတယ်။ ကိုယ်မအံ့သြပါဘူး။ ဒီအကြောင်းကိစ္စမျိုးကို ရှက်စရာလို့ မထင်မိပါဘူး သူငယ်ချင်း။ ချစ်သူတို့ဘာဝ ချစ်ကြတယ်၊ ချစ်ရတယ်ဆိုတဲ့ နောက်ပိုင်းမှာ တွေ့ချင်တယ်၊ နီးစပ်ချင်ကြတာချည်းပေါ့။ လူ့သဘာဝကိုပဲ လေ့လာ လေ့လာ၊ ဝတ္ထုထဲမှာပဲ ကြည့်ကြည့်။ နောက်ဆုံးမှာ နီးစပ်မှုရယူဖို့ ဖန်တီးကြတာတွေချည်းပါ။

ဒါကြောင့် မောင် ပြောလာတဲ့ စကားဟာ အဆန်းတကြယ် မဟုတ်ဘူးလို့ ကိုယ် နားလည်ရတာပဲ။ ဒီတော့ ကိုယ်ပြောလိုက်တယ်၊ ''မောင်တွေ့ချင်ရင် လာခဲ့၊ အိမ်က စောင့်နေမယ်'' လို့။

ကိုယ့်ရဲ့အဖြစ်က ဘယ်လောက် ရယ်စရာကောင်းတယ်ဆိုတာ ကိုယ် ပြောလိုက်ရဦးမယ်။ ကိုယ် အဲဒီလိုပြောတော့ ဘာပြန်ပြောတယ်ထင်လဲ။

''ဟင့်အင်း၊ မောင် မလာရဲဘူး၊ အေး··· မောင့်ဆီ လာခဲ့ပါ'' တဲ့လေ ကိုင်း··· မှတ်ကရော။

ဘယ့်နှယ်ကွယ်၊ ကျားသားမိုးကြိုး၊ ကိုယ်က လာခဲ့ရမတဲ့။ နဂိုကရှ အရယ်သန်သန်နဲ့ ကိုယ်ဟာ အူတက်မတတ် ရယ်မိတာပေါ့ကွာ။ သူကလည်း ဘာရယ် မဟုတ်ပေမယ့် ကိုယ်နဲ့အတူ ရယ်မောနေတာပဲ။

''မောင်ဟာလေ သိပ်ရယ်စရာကောင်းတာပဲ မဟုတ်တာတွေ ပြောမနေ စမ်းနဲ့။ ဒါ အေးအလုပ်လားဆိုတာ စဉ်းစားကြည့်ပါဦး။ ခုကြည့် အေးလာခဲ့ပါတဲ့ မောင် တော်တော်ရူးသေးတာပဲ။ မိန်းကလေးက ယောက်ျားလေးအိမ်ကို ညဘက် လာတွေ့ရတယ်လို့ မောင် ဘယ်ရာဇဝင်မှာ တွေ့ဖူးသလဲ။ သွားကွယ် တော်တော် နောက်တဲ့မောင်ပဲ။ ဒါပဲနော်၊ ဥစ္စာရင်လို ဥစ္စာရင်ခဲတဲ့၊ အေးတော့ မလာပေါင်၊ မောင်တွေ့ချင်ရင် မောင်လာပေါ့၊ မတွေ့ချင်လည်းနေ မောင့်သဘော'' လို့ ရယ်မော ပြန်ခဲ့တာပေါ့။ သူလည်း စိတ်ရှုပ်ရှုပ်နဲ့ ကျန်ခဲ့ရော။

မောင်ကတော့ ကိုယ်နဲ့တွေ့တိုင်းပဲ ''လာခဲ့ပါ အေးရယ်၊ လာတွေ့ပါ





အေးရယ်'' နဲ့ တကျီကျီ ပြောနေတော့တာပဲ။ လာတွေ့ပါမယ့်အကြောင်း စာ တွေလည်း ရေးသေးတာပေါ့ကွာ။ ကိုယ်ကတော့ ဒီအဆင့်အထိ မိန်းကလေး တစ်ယောက်အနေနဲ့ အလိုမလိုက်သင့်ဘူးလို့ တွက်ရပါတယ်။

ဒါကြောင့် သူ့ကို ဘာအကြောင်းမှ မပြန်ခဲ့ဘူး။ ပြောလာရင်လည်း စကား လွှဲရ ဘာရ ဖြစ်ရတယ်။ ညဘက်တွေ့ရေး၊ မတွေ့ရေး ပြဿနာ မတင်မကျဖြစ်နေ ကြတုန်းမှာ မောင်က အင်တာ (အေ) စာမေးပွဲ ကျခဲ့တယ် သူငယ်ချင်း။ ချစ်သူ ဆိုတော့ အားမငယ်ဖို့ အားပေးရတာပေါ့။ ခုမအောင်လည်း နောက်အောင်မှာပေါ့၊ ဆက်ကြိုးစားဖို့ အချိန်တွေ အများကြီးရှိသေးတယ်လို့ သူ စိတ်သက်သာအောင် ပြောရတယ်။

သူကတော့ သူ စာမေးပွဲကျလို့ အထင်သေးပါပြီ၊ သူ့ကို ပစ်ပယ်ချင်ပြီ ထင်ပါရဲ့တဲ့။ စာရေး စကားနာထိုးပြန်တော့တာပဲ။ ကိုယ်က မဟုတ်ပါဘူး၊ မထင်ပါဘူး၊ မပစ်ပယ်ပါဘူးလို့ ပြောရ ရေးရနဲ့ အတော် စိတ်ညစ်ရပါတယ်။

သူဟာ စာမေးပွဲကျပြီး စိတ်ဓာတ်ကျတာ စိတ်မချမ်းသာတာရယ်၊ ကိုယ် နဲ့တွေ့ဖို့ သူ မလာဝံ့လို့ ကိုယ့်လာခိုင်းတာကို မလိုက်လျောလို့ စိတ်မကျေနပ်တာ အလိုမပြည့်တာရယ် ရောပြီး စိတ္တဇဖြစ်တယ်။ နေမကောင်းဖြစ်တာ အိပ်ရာထဲက ထတောင်မထနိုင်ဘူး။ လူလည်း ပိန်ချုံးကျသွားလိုက်တာ အရမ်းပဲ။ သူ တွေ့ချင် ပါတယ်ဆိုတဲ့ အပြောကတော့ မလျှော့လာဘူး။

ဒီတော့ ကိုယ် စဉ်းစားရပြီလေ··· သူ စိတ်ဓာတ်ကျ၊ စိတ်ဆင်းရဲနေတာ မမြင်ချင်တော့ပါဘူး။ သူ့ကိုတွေ့ရတိုင်း သူ ခံစားရသလို ရင်ထဲမှာ နာနေအောင် ကိုယ်ပါ ခံစားလာရတယ်။ ကြာတော့လည်း ကိုယ်ကပဲ အလျှော့ပေးလိုက်ရပြန် တာပေါ့ သူငယ်ချင်း။

ကိုယ် အမှတ်ရနေပါသေးတယ် သူငယ်ချင်း။ ကိုယ်လာမယ်၊ ကိုယ်တွေ့ မယ်လို့ ပြောခဲ့တာ ၁၉၅၉ ခုနှစ် ဧပြီလ (၁၃) ရက်နေ့ပါ။

ည လာခဲ့ပါ့မယ်လို့ အဖြေပေးလိုက်ပြီးတာနဲ့ ကိုယ့်စိတ်ထဲမှာ လေးပြီး ရင်ထဲမှာ ပူလောင်နေတယ်။ တွေ့ဖို့ ကောင်းပါ့မလား၊ မတွေ့ရင် ကောင်းမယ်ထင် တယ်နဲ့ စိတ်ဆင်းရဲလိုက်တာကွယ်။ နှစ်ယောက်တည်းတွေ့ကြရင် တွေ့ရကြုံရ တတ်တဲ့ ဖြစ်ပျက်တတ်တဲ့ သဘာဝတွေ စုံနေအောင် တွေးတယ် မြင်ယောင် ကြောက်တယ်၊ စိုးရိမ်ပြီး ထိတ်လန့်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကဲ- တွေ့ပြီ၊ ချစ်ပြီးနေပြီ၊ တရားဝင် အကြင်လင်မယားဘဝ မရောက်မီ မမျှော်မှန်းသင့် မဖြစ်သင့်တဲ့ ကလေးပြဿနာပေါ်လာရင် ဘယ်လိုလုပ်မလဲ။

ခက်လိုက်တာ။ ပထမဆုံး ပညာသင်ပျက်မယ်။ ပညာတစ်ပိုင်းတစ်စနဲ့ နှစ်ယောက်လုံး ဒုက္ခပဲ။ ငယ်လည်း ငယ်ကြသေးတယ်။ အချိန်မဟုတ်သေးပါလားနဲ့ ချီတုံချတုံ ရွှေရင်ခုန် ဖြစ်နေတယ်။ တစ်နေ့လုံး တစ်ညလုံး သွားမယ် မသွားဘူး မပြတ်သားစိတ် ဖြစ်နေတာနဲ့ သူနဲ့တွေ့ဖို့ ကိုယ် အဲဒီညက မသွားခဲ့တော့ဘူး သူငယ်ချင်း။

မလေး

ကလေးထင်ပြီး ချိန်းဆိုထားတဲ့ ကိစ္စတစ်ရပ်ကို

အလွဲသုံးစား ပမာထားတဲ့အတွက် အလွန်ဝမ်းနည်းပါတယ်၊

ဒါ ချစ်ကြောင်း သာဓကထင်ပါရဲ့၊

သင့်

"..."

(၁၃-၄-၅၉)

အဲဒီစာကလေးက နောက်နေ့ ကိုယ့်ဆီရေးလိုက်တဲ့ မောင့်ဒေါ်ပွစာကလေး ပေါ့ကွာ၊ ဒီကိစ္စဟာ ကိုယ့်အတွက် မဟာအခက်အခဲတစ်ရပ်ဆိုတာ သူငယ်ချင်း မင်း သဘောပေါက်လိမ့်မယ်ကွယ်။ ကိုယ့်မှာ ချစ်သူနဲ့ မိန်းမသားတစ်ယောက်ရဲ့ ထိန်းသိမ်းထားအပ်တဲ့ သိက္ခာတရား တွေးခေါ်မြော်မြင်ချက်တွေကြားမှာ ဗျာများ နေခဲ့ရပါတယ်။ ဦးနှောက်နဲ့ အသည်းနှလုံး စစ်ပွဲကြောင့် ကိုယ့်ရင်ထဲမှာ မီးတောက် နေရတယ်။ ဘာကိုမှ မပြတ်သားနိုင်ဘူးကွယ်။ နောက်ဆုံးတော့ မောင့်ဆီက စာလာပြန်ပါတယ်။

ချစ်မလေး

လာဖြစ်အောင် လာစေချင်တယ်၊ ကိုယ်စောင့်နေမယ်၊

မင်း ကိုယ့်ကို ချစ်သနားရင် လာစေချင်တယ်၊

မင်း မလာရင်တော့ မချစ်လို့သာ ယူဆရတော့မလား မလေး

သင့်

"..."





ဘယ်အချိန်လာမလဲ ပြောလိုက်ပါ

နောက်ဆုံး ခေါ်ဝင့်သူ

"..."

(၁၈-၄-၅၉)

ဒီစာရောက်လာတော့ ကိုယ့်အတွက် ပိုခက်ရတာပေါ့ သူငယ်ချင်းရယ်။ ကိုယ် ဘယ်လိုဖြေရမလဲဆိုတာ မင်း စဉ်းစားသာကြည့်ပါတော့။ သူနဲ့ မတွေ့ရင် ကိုယ်က မချစ်လို့ ဖြစ်နေပြီပေါ့။ ကိုင်း ကိုယ့်ဆရာကို သွားတွေ့မှ ဖြစ်တော့မယ် လို့ ဆုံးဖြတ်ရတော့တာပဲ။

ကိုယ့်စိတ်က ချစ်ရင် ခွင့်လွှတ်ရမယ်၊ လိုက်လျောရမယ်၊ အနစ်နာခံနိုင် ရမယ်လို့ ယုံကြည်ယူဆထားတယ်။ ဒီတော့ မိန်းကလေးက ယောကျ်ားလေးဆီ ညဘက် သွားအတွေ့ခံလို့ ဖြစ်လာမယ့် ပြဿနာတွေ၊ ပြောလာကြမယ့် အတင်း အဖျင်းတွေကို ရင်ဆိုင်ခဲ့ရရင်လည်း မောင့်ကို ချစ်လို့ဖြစ်ရမှာမို့ ကိုယ် ခံနိုင်ရည် ရှိရမှာပဲလို့ တွေးတယ်။ အဲဒီအချိန်ကတော့ ကိုယ့်ယူဆချက် ဆုံးဖြတ်ချက်ကို ကိုယ့်အနေနဲ့ မှားတယ်လို့ ဘယ်ထင်လိမ့်မတုန်း သူငယ်ချင်း။

"မမလေးကို ချစ်တဲ့အာရုံ၊ ရွှေမြင့်မိုရ်တစ်တောင်လုံး၊ တုံးမှတ်လို့ခုန်" ဆိုတဲ့ ရှေးစာတွေကလည်း ရှိနေခဲ့သားပဲ မဟုတ်လားကွယ်။ ခုတော့ ကိုယ့်မှာ ရွှေမြင့်မိုရ်တစ်တောင်လုံးတင် မကပါဘူးလေ။ တစ်လောကလုံး တစ်ကမ္ဘာလုံးပဲ ခုန်ရင်ခုန်ရပါစေတော့ ချစ်သူသာ စိတ်အေးချမ်းသာဖြစ်မယ်ဆိုရင် ပြီးရောလို့ပဲ သဘောပိုက်ခဲ့ပါတယ်။

ဘာတွေပဲ ဖြစ်လာစမ်းပါစေ၊ ဖြစ်လာသမျှ အကြောင်းအမျိုးမျိုးတွေကို မောင့်အပေါ် ထားရှိတဲ့ ချစ်ခြင်းမေတ္တာတစ်ခုတည်းနဲ့ပဲ ရင်ဆိုင်မယ်လို့ မှုးမှုးရှုးရှုး မိုက်မိုက်တူးတူး ဆုံးဖြတ်လိုက်မိတယ်။

၁၉၅၉ ခုနှစ်ရဲ့ ဧပြီလ (၁၉) ရက်နေ့ညကစပြီး မောင့်ဆီကို သွားသွား တွေ့ခဲ့တယ်။ ဒီတော့ ဧပြီလရဲ့ ချစ်သူများပေါ့ကွယ်။ အချစ်ဆိုတာမျိုးကလည်း ချစ်ပြီးရင် ပိုချစ်လာတတ်စမြဲပါ။ ကြာလေလေ ခိုင်မြဲလေလေ ဆိုတာကို ကိုယ့် အနေနဲ့ ကြာလေလေ ပိုချစ်လေလေလို့ ပြောင်းလိုက်ချင်ပါတယ်။

ဒီအချိန်ကစပြီး တို့နှစ်ယောက် မကြာခဏ တွေ့နေခဲ့ကြတယ်၊ ချစ်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ယုယကြင်နာ၊ ချစ်အပြုံးတွေ ဖြာဝေစွာနဲ့ ချစ်အိပ်မက်ထဲမှာ အသာယာဆုံး ကမ္ဘာအနှံ့ ခြေဆန့်မိတော့တယ်။

ဒီနေရာမှာ ချစ်သူအတွက် ဘယ်အထိ စွန့်စားရတယ်ဆိုတာ မင်းကိုရယ်စရာအဖြစ် တစ်ခုကြုံခဲ့တာလေး သိစေချင်ပါသေးတယ်။

ညတစ်ည ဆိုပါစို့တော့။ ကိုယ်က မောင်နဲ့တွေ့ဖို့ အိမ်နောက်ဖေးတံခါးပေါက်က အသာလေး ခိုးထွက်လာခဲ့တယ်။ နွေအခါဆိုတော့ မီးကင်းစောင့်ကြရတယ် မဟုတ်လား။ မောင့်ဆီသွားမယ့်လမ်းမှာ အခက်အခဲက အဲဒီ မီးကင်းပေါ့။ အဲဒီ မီးကင်းစောင့်တဲ့နေရာက ကိုယ့်အိမ်နဲ့ သူ့အိမ်အလယ်မှာကွာ။ ဘယ်လိုမှ ရှောင်သွားလို့ မရဘူး။ ဖြတ်ကို သွားရမှ ရောက်တယ်။

ကိုယ်လေ သူ့ဆီသွားမယ့်ညမျိုးမှာ မီးကင်းစောင့်ဖို့ အလှည့်ကျသူဟာ အသက်ကြီးတဲ့သူရင်လည်း ဖြစ်ပါစေ။ ဒါမှမဟုတ် အလုပ် သိပ်ပင်ပန်းလာတဲ့သူရင်လည်း ဖြစ်ပါစေလို့ ဆုတောင်းရတာအကြိမ်ကြိမ်ပါပဲ။ မတောင်းလို့ မဖြစ်ဘူး သူငယ်ချင်းရ၊ လူငယ်ပိုင်းများ ကင်းစောင့်ကျရင် တဝါးဝါး တဟားဟား တော်တော်နဲ့ကို မအိပ်ဘူး။ ဒါ့ကြောင့် ကိုယ် ဆုတောင်းမိတာ မလွန်ပါဘူးနော်။

အေးလေ ဒါတွေထားပါတော့။ အဲဒီညက ကိုယ် အိမ်ခြံဝကထွက်ခါနီး မီးကင်းကို လှမ်းကြည့်လိုက်တော့ ခြင်ထောင်လေးတွေချလို့ ငြိမ်လို့။ ဒီတော့မှ ကိုယ်က စိတ်အေးလက်အေး မီးကင်းရှေ့က ဖြတ်လျှောက်သွားရတာကိုးကွဲ့။ မောင်တို့အိမ်ရှေ့လည်း ရောက်ခါနီးရော မီးကင်းစောင့်တွေက "ဟော့… ဘယ်သူလဲ" လို့ လှမ်းအော်ပါလေရော။

ကိုယ်က ရပ်နေလို့ ဘယ်မှာရတော့မယ့် အခြေအနေလဲ။ အိမ်ဘက်ပြန်ပြေးလို့ မရတော့ မောင်တို့အိမ်ရောက်အောင် သုတ်ခြေ[illegible]ပြေးရတာပေါ့။ သူတို့တစ်တွေကလည်း ကိုယ့်ကို သူခိုးမှတ်ပြီး လိုက်ကြပါလေရော။ ဟာ ကိုယ်ဖြင့် မောင်တို့ကျောင်းကို ပတ်ပြေးရတာ ချွေးသီးချွေးပေါက် ဆီးကင်းလောက်နဲ့ပေါ့။ ပြေးရင်းနဲ့ မောင့်အိပ်ခန်းရောက်ရင် နံရံကို တဗုန်းဗုန်းထုပြီး နှိုးရသေးတယ်။ သူကလည်း လာချိန်တန်လို့ မလာတော့ စောင့်ရင်း အိပ်ပျော်သွားတယ်နဲ့ တူပါရဲ့ကွာ။ ကိုယ် ကျောင်းကြီးပတ်ပြေးလို့ လေးငါးခေါက်ရှိမှ ကျောင်းနောက်ဘက်တံခါးကိုဖွင့်ပြီး မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ကိုယ့်ဖမ်းဆွဲပြီး အိပ်ခန်းထဲ ပို့ထားတယ်။ ကိုယ် လန့်လိုက်ပုံများ ပြောတောင်မပြောချင်ဘူး။ အိပ်ခန်းထဲ





ရောက်နေတာတောင် စောင်တွေ ခေါင်းအုံးတွေနဲ့ ကိုယ့်ကိုယ်အပေါ်ဖုံးပြီး ငုန့်ခီသေးတာ။

အပြင်မှာ မောင်က ကိုယ့်နောက်လိုက်တဲ့သူတွေကို ဘာဖြစ်တာလဲ ဘာလဲနဲ့ မေးနေသံကြားရတယ်။ သူခိုးအထင်နဲ့ လိုက်ကြတဲ့သူတွေကလည်း လူတစ်ယောက်တွေ့လို့ ရပ်ခိုင်းတာ ထွက်ပြေးတယ်ဗျာ၊ ခင်ဗျားတို့ကျောင်းဘက် ဝင်ပြေးတာနဲ့ လိုက်ရှာနေကြတာလို့ ပြောကြတော့ "ဟုတ်လား ကျွန်တော် အိပ်ပျော်နေတာ။ ခင်ဗျားတို့ ဆူသံညံသံတွေကြားလို့ ထကြည့်တာ။ ကျွန်တော်တို့ကျောင်းထဲတော့ သူခိုးမဝင်ပါဘူး။ ဒီဘက် ပြေးလာတယ်ဆိုရင် ညောင်ပင်ဘက်ကို ဖြတ်ပြေးမယ်ထင်တယ်။ အေးဗျာ ခုလို ဂရုတစိုက် ကြည့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" လို့ မောင်က ဖြီးဖြန်းပြီး လွှတ်လို့ ပြန်သွားကြတယ်။

ကိုယ့်မှာတော့ အသက်တောင် မှန်အောင် မရှူနိုင်သေးဘူးပေါ့ကွာ။ ပြေးရတာကလည်း အိုလံပစ် မီတာတစ်ရာ စံချိန်ကျော်အောင်ကိုးကွ။ ကိုယ်က မီတာတစ်ရာ ဆယ်ကျောင်းစုဗိုလ်မို့ တော်တော့တယ်။ မောင်က ဟိုလူသိုက်တွေပြန်သွားတော့ အခန်းထဲ ပြန်ဝင်လာတယ်။ မျက်နှာက မချိုမချဉ် စပ်ဖြဲဖြဲနဲ့၊ လက်ထဲမှာလည်း ရေတစ်ခွက်နဲ့…

"ကဲ အချစ်တက်ပြားမကလေး အမောမပြေသေးဘူးလား ရော့… ရေအေးအေးလေးတစ်ခွက်လောက် သောက်လိုက်ပါဦး" တဲ့လေ၊ စတာ စတာ။ မောင်က ပြောအားရှိမှာပေါ့လေဆိုတဲ့ အကြည့်မျိုးနဲ့ ကိုယ်က ပြန်ကြည့်နေလိုက်တယ်။ ကိုယ့်အကြည့်ကို မောင်က သဘောပေါက် နားလည်သွားတယ်ထင်ပါရဲ့ သူငယ်ချင်း။ မောင့်မျက်နှာဟာ တည်ကြည်လေးနက်သွားတယ်။

ပြီး[illegible]ကိုယ့် အနားမှာ လာထိုင်ရင်း "အေးရယ် သိပ်လန့်သွားသလား ဟင်၊ အေးလည်း မောင့်အတွက် သိပ်စွန့်စားရတာပဲနော်။ ဒါ့ကြောင့် အေးကို မောင် သိပ်ချစ်ချစ်လာတယ်။ အေးနဲ့ မောင် ခွဲမနေချင်တော့ဘူး။ လူကြီးတွေကိုပြောပြီး လက်ထပ်ကြပါစို့ကွယ်" လို့ ပြောပါတယ်။

ချစ်သူ့စကား သကာပျားလို ကြားရပြန်တော့ မောခဲ့တာတွေ ပျောက်သွားရတာပဲ၊ အခက်အခဲဆိုတာတွေလည်း မတွေးမိတော့ဘူး သူငယ်ချင်းရယ်။ ချစ်ရတာပဲ ချစ်တာပဲ။ အဲဒီညက ကိုယ်ပြန်တော့ မနက်သုံးနာရီကျော်လောက်ရှိနေပြီပေါ့။ ညက သူခိုးဆိုပြီး လိုက်ကြ ဖမ်းကြနဲ့ဆိုတော့ ကိုယ်တို့အိမ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



နိုးကြလို့ အိမ်တံခါးတွေ ဘာတွေ စစ်ဆေးကြဟန်တူတယ်။ ကိုယ်ဖွင့်ထားခဲ့တဲ့ တံခါး တွေ့မှာပါပဲ။ ဒါပေမဲ့ တစ်ယောက်ယောက် မေ့ပြီး မပိတ်ခဲ့တာဖြစ်မှာပဲ လို့ တွက်ကြမှာ။ ကိုယ့်အဖြစ်ကိုတော့ တွေးမိမှာတောင် မဟုတ်ဘူး။ မင်း သိတယ် မဟုတ်လား။ ကိုယ်က အအိပ်သိပ်ကြီးတာ၊ သူခိုးလိုက်လို့ ဆူညံနေ တာတောင် ငါ့သမီးလေး မနိုးရှာဘူးလို့ထင်မှာ ကျိန်းသေပေါ့။

အဲဒီမှာ တစ်ခါ ထပ်ပြီး ချောက်ကျပြန်တော့တာပေါ့ကွ။ ကိုယ် အိမ်ထဲ ကို ပြန်ဝင်လို့ မရတော့ဘူး။ အိမ်က သိတော့မှာပဲ ခက်ပါပြီနဲ့ ငိုတောင် ငိုမိတယ်။ နောက်တော့ ငိုနေလည်း မဖြစ်သေးဘူးဆိုတဲ့ အသိလေးနဲ့ အိမ်ထဲပြန်ဝင်လို့ရ အောင် နည်းမျိုးစုံ စဉ်းစား ကြိုးစားကြည့်ပေမယ့် အကြောင်းမထူးသလို စိတ်ပျက် နေတုန်း ဗြုန်းဆို သတိရတာ မီးဖိုဆောင်အပေါ်က ပြတင်းပေါက်ပဲ။ ကိုယ့် အိပ်ခန်းနဲ့လည်း ကပ်ရက်။ အဲဒီတံခါးကိုဖွင့်နိုင်ရင် အိုကေမယ်ဆိုတဲ့ နောက်ဆုံး အကြံရရော သူငယ်ချင်းရေ။

ဘာပြောကောင်းမတုန်း မီးဖိုချောင် ခေါင်မိုးပေါ်ရောက်အောင် ကြံဖန် တက်ရတော့တာပေါ့။ အဟဲ ဟဲ သူငယ်ချင်းရေ၊ ကိုယ်ငယ်ငယ်က ယောကျ်ား လျာလေးဖြစ်ခဲ့တဲ့အကျိုး၊ သစ်ပင်တကာ့သစ်ပင်တက် မျောက်ရှုံးအောင် ဆော့ခဲ့တဲ့ အကျိုးလေးနဲ့ပေါ့ကွာ အမိုးပေါ် ရောက်သွားတယ်ဟေ့။ တံစက်မြိတ် အပေါက် ကလေးကနေ အသာလေး လက်လျှိုသွင်းပြီး ပြတင်းပေါက်မင်းတုပ်ကို စမ်းဖွင့် ရတယ်။ ကိုယ့်ကုသိုလ်က ကြံဖန်ကောင်းနေသေးတော့ အလွယ်ကလေး တံခါး ကပွင့်သွားတော့မှ ဟင်းခနဲ သက်ပြင်းချနိုင်တော့တယ် သူငယ်ချင်းရေ။ မင်းကို ခုလို ရေးပြတော့သာ ကိုယ့်မှာ ရယ်စရာကြီး ပျော်စရာကြီး ဖြစ်နေတာ ဆရာ။ ဟိုတုန်းကတော့ အောင်မယ်လေး သေချင်စိတ်ကို ပေါက်နေတာ။

နောက်ဆို ကိုယ်တို့ တွေ့ကြတဲ့အချိန်တိုင်း ဒီအကြောင်းပြောပြောပြီး ရယ်ခဲ့ရတာ အမောပါပဲကွာ။ တယုတယချစ်မဝမို့ ပျော်စရာတွေချည်းပေါ့။ ဇမ်ိုး ရိပ်ချောင်း တံတားကြီးပေါ်မှာ မီးရထားကြီး ဖြတ်သွားတဲ့ အသံဆိုလည်း သိသိ သာသာ ကြားရတယ်။ ကျိုက္ကစံစေတီဘက်ဆီက အရုဏ်ဦးအုန်းမောင်းခေါက်သံ တွေလည်း ကြည်နူးစရာ ကြားရတတ်တယ်။

အချိန်ကုန်လို့ကုန်မှန်း မသိနိုင်ကြတော့တဲ့အခါမျိုးမှာ အဲဒီ အသံလေး တွေကြားရင် "ဟော၊ မီးရထားကြီးကဖြတ်လို့၊ ကားတွေက စက်နှိုးလို့၊





အုန်းမောင်းတွေတောင် ခေါက်နေပါပေါ့လား" ဆိုတဲ့ စကားတွေ၊ "တို့မှား အချစ် အကြောင်းတွေကို ညောင်ပင်ကြီးလည်း သိတယ်၊ ရေကန်လေးလည်း သိတယ်။ နီလမင်းကြီးနဲ့ ငွေကြယ်မှုန်မှုန်လေးတွေလည်း သိတယ်။ ညာလို့မရဘူးနော် သူတို့တစ်တွေ စကားပြောတတ်ရင် လူတွေကို ပြန်ပြောမှာ ရှက်ပါတယ်ကွာ" ဆိုတဲ့ စကားလေးတွေ ပြောတတ်ကြတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဒီလို မြင်ပါ တွေ့ပါ ရင်းနှီးပါများလာတော့ ချစ်ဖွဲ့လည်း ခိုင်မြဲလာရတယ်။ ကိုယ့်ဆုံးဖြတ်ချက် ဆိုတာကတော့ သံမဏိထက် မာလိမ့်မယ်ပေါ့ သူငယ်ချင်း။ မောင်ကလည်း ထပ်တလဲလဲ မခွဲမခွာ နေချင်ပါပြီ လက်ထပ်ကြပါစို့ရဲ့လို့ချည်း ပူဆာနေခဲ့ပြီ။ ကိုယ်တိုင်ကလည်း ဟန်ပဲတင်းနိုင်တော့တာပါ။ တကယ်တော့ ဒါလောက် ချစ်နေမှ ဘယ်လို စိတ်ခတ်ခိုင်နိုင်မှာတဲ့လဲ။ ``ကောင်းပြီလေ နွေဦးပေါက်ရင် လူကြီးတွေကို လက်ထပ်ဖို့ စီစဉ်ခိုင်းကြတာပေါ့'' လို့ သဘောတူလိုက်ပါတယ်။ နှစ်ဖက်မိဘက သိနေကြပြီးသား မဟုတ်လား။

ကိုယ်ဆိုတဲ့ ကိုယ်ကလည်း ချစ်မိရင် လုံးလုံးပဲဆိုတာလို ချစ်သူက ဖြူ ဆိုဖြူ မည်းဆိုမည်းထဲက အချစ်မျိုးနဲ့လေ။

မောင်က ကိုယ့်မေမေကို ပြောပါတယ်။

``ကျွန်တော်တို့ နှစ်ယောက်ကို လက်ထပ်ပေးပါတော့'' တဲ့။

``မင်းတို့နှစ်ယောက် ခုလည်း ထင်သလို စိတ်တိုင်းကျ နေနေကြတာပဲ မဟုတ်လား။ မင်းလည်း ပညာသင်ပါဦး၊ သမီးကိုလည်း ဆယ်တန်းလောက်တော့ အောင်ပါစေ။ ခုဆိုရင် မင်းတို့ဟာက ကလေးသာသာပဲ ရှိသေးတာ။ ငယ်လွန်း ပါသေးတယ်။ အိမ်ထောင့်တာဝန်ကို ထမ်းနိုင် ထိန်းသိမ်းနိုင်ဦးမှာ မဟုတ်သေး ပါဘူး၊ သိပ်ပြီး စောင့်ရမှာမှ မဟုတ်ဘဲ။ တစ်နှစ် နှစ်နှစ်ဆိုတာ ခဏလေးကုန် သွားမှာပါ။ အဲဒီတော့မှ မေမေတို့ စီစဉ်ပေးပါ့မယ် ``...'' ရယ်၊ နေကြစမ်း ပါဦး'' လို့ မေမေက ကိုယ်တို့နှစ်ယောက်လုံး နားလည်အောင် ပြောပြပါတယ်။





မောင်ကတော့ မေမေသဘောမတူလို့ ပြောတယ်ပဲ ထင်နေတယ်။

``မောင်ရယ်၊ သဘောမတူလို့သာ ခွဲချင်ရင် အေးတို့ ဒါလောက် သွားလာ နေထိုင် ဆက်ဆံနေတာတွေကို ကြည့်နေတော့မှာလားလို့ မောင် တွေးကြည့်စမ်း ပါ၊ မေမေ ပြောတာက အေးတို့အတွက် စေတနာပါကွယ်'' လို့ ချစ်သူ့သံသယ ကို သိနေတဲ့ ကိုယ်က နှစ်သိမ့်စကားပြောရတယ်။

မောင်ကတော့ ဖွတ်တရွတ်ကလေးပဲ။ နွေဦးမင်္ဂလာအစီအစဉ်ကို ဖြစ် အောင်လုပ်မှာပဲလို့ ပြောနေတတ်ပြန်တော့ အင်း... နွေဦးကို ကြိုကြပါစို့ကွယ် အချိန်မတိုင်ခင်တော့ စာကြိုးစားရအောင်ပါလို့ ချစ်သူအကြိုက် လိုက်ရ ချော့ရ ပြန်တာပေါ့။ ကိုယ်ဟာ အဲဒီအချိန်ကစပြီး မိဘနဲ့ ချစ်သူအကြား စိတ်သောကပွား များနေခဲ့ရတော့တာပါပဲ သူငယ်ချင်းရယ်။

မောင်က အလုံမှာနေလိုက်၊ ဥက္ကလာမှာနေလိုက်ပါပဲ။ စာမေးပွဲက ရှိနေ သေးတာကိုး။ ကိုယ့်မှာလည်း အဲဒီနှစ်ထဲမှာ နယ်ချည်းထွက်နေရတာပဲ။ ``မန်း ရာပြည့်ပွဲတော်'' နဲ့ ``မြဝတီ ကင်းထောက်ရန်ပုံငွေကပွဲ'' အတွက် မြို့ပေါင်း များစွာစုံအောင် ရောက်နေတာလေ။ မောင်က ကိုယ်ခရီးသွားတိုင်း ရောက်ရာအရပ် က မြတ်စွာဘုရားထံမှာ မြန်မြန်နီးရအောင် ဆုတောင်းခဲ့ပါ အေးရယ်လို့ မှာတတ် လေတော့ သနားစရာကိုဖြစ်လို့။ နောက်ပြီးတော့ ရောက်တဲ့ အမှတ်တရနေရာ လေးတွေမှာ ကိုယ်တို့ စိတ်ကူးယဉ်ကြသလို (၄+၂)=၁ ဆိုတဲ့ ကိုယ့်အဓိပ္ပာယ်နဲ့ ကိုယ်တို့ အမှတ်အသားရေးခဲ့ကြမယ်လို့လည်း ပြောလို့ပေါ့။

ကိုယ်တို့နှစ်ယောက် စာရေးမပျင်းတဲ့နေရာမှာ အတူတူပဲ။ ကိုယ် ခရီးဝေး သွားရင် ရောက်တဲ့နေရာတိုင်းက မောင့်ဆီကို တစ်နေ့ စာတစ်စောင် မှန်မှန်ရေး ဖြစ်လေ့ရှိတယ်။ မောင်ကလည်း ကိုယ်ပြန်ရောက်တဲ့အခါ အမောပြေဖတ်ရအောင် စာတွေ အများကြီးပဲ ရေးထားတတ်တယ်။ ကိုယ်တို့ကို ရေးနိုင်လိုက်လေခြင်း၊ အကြောင်းတွေများ နေ့တိုင်း ထူးနေလို့လဲလို့ မင်း ထင်မှာပဲနော်။

အကြောင်းထူးလို့ရယ် မဟုတ်တော့ဘူးလေကွယ်။ ချစ်တဲ့အကြောင်း၊ လွမ်းဆွေးတသနေတဲ့အကြောင်း၊ ငွေကြယ်လက်လက်ကလေးတွေနဲ့ ငွေလမင်း ကို မြင်ရလေတိုင်း သတိရတယ်။ ချစ်သူ့မျက်နှာ ထင်မြင်လာတယ်။ ဘယ်အရပ် ဆီ လမင်းကြီးဆီ ကြည့်နေမယ်။ မျက်နှာချင်းဆုံရအောင် ဆိုတာတွေ ရေးကြ တာပါ။ ကိုယ့်ရင်ထဲက နှလုံးသားက မောင့်ကို ပြောပြချင်တာတွေကို တစ်ရှက်ပေါ



www.burmeseclassic.com

www.burmeseclassic.com



ရေးချလိုက်ရင် ရင်ပေါ့သွားတယ်လို့ အောက်မေ့မိခဲ့တယ်။ ကိုယ်တို့နှစ်ယောက် တစ်ယောက်တစ်ပြန်ရေးခဲ့တဲ့ ချစ်မှာတမ်းတွေကိုစုပြီး စာအုပ်များထုတ်လိုက်ရရင် ခုခေတ်စားနေတဲ့ ခေါင်းအုံးလောက်ထူတဲ့ စာအုပ်ကြီးတွေနဲ့ အပြိုင်ဖြစ်မှာပဲ။ သာချင်တောင် သာနေလိမ့်မှာ။ အဲဒီလောက် ကိုယ်တို့ချစ်ခဲ့ရပါတယ် သူငယ်ချင်း။

အတူနေရေး နွေဦးပေါက်မှာ စီစဉ်မယ်၊ နောက်ကျလေ ကောင်းလေပဲလို့ ကိုယ်က တွေးထားပါတယ်။ ဆွဲထားမယ်ပေါ့လေ။ ဒါပေမဲ့ ကိုယ်တို့ မျှော်မှန်းထားတာထက်ကို ဖူးစာက်ဆုံဖို့အကြောင်းက ဖန်တီးတာထက် စောခဲ့ရပါတယ်။

နိုဝင်ဘာ (၂၇) ရက်နေ့ကပေါ့။ ကိုယ်တို့ ကျောင်းက မြန်မာ ကဗျာရွတ်ပြိုင်ပွဲမှာ ဝင်ပြိုင်ကြမယ့် ကျောင်းသူတွေကို အမူအရာနဲ့ သီချင်းကဗျာ သင်ပေးဖို့ ကျောင်းဆင်းတော့ ကျောင်းဆော်ဒါဆောင်ကို လိုက်သွားရတယ်လေ။ ပြိုင်ပွဲက (၂၈) ရက်နေ့ဆိုတော့ နောက်နေ့ ပြိုင်ရတော့မယ့် ဒီပြိုင်ပွဲမှာ ကိုယ်လည်းပါတယ်။ ဒါ့ကြောင့် ကိုယ်လည်း လေ့ကျင့်၊ သူများလည်း သင်ပေးရင်းနဲ့ ညဘက်အထိ ရောက်သွားတယ်။ အပြန်မှာ ကျောင်းအုပ်ဆရာမကြီးကိုယ်တိုင် အိမ်အရောက်လိုက်ပို့ပေးရင်းက စာတော်တယ်သိရလို့ ဝမ်းသာကြောင်း၊ ထပ်ကြိုးစားဖို့အကြောင်း၊ လိမ္မာဖို့အကြောင်းတွေ တစ်လမ်းလုံး ကိုယ့်ကို သွန်သင်ဆုံးမလာခဲ့တယ်။ ကိုယ့်မှာ ကြိုးစားချင်စိတ် လိမ္မာချင်စိတ် မြတ်နိုးတဲ့ ပညာရည်မှန်းချက်ကို အပြီးတိုင်ရောက်အောင် ကြိုးစားမယ်လို့ စိတ်ချခဲ့ထားပါတယ်ကွာ မင်းအသိပါ။

ကိုယ်အိမ်ပြန်ရောက်တယ်ဆိုရင်ပဲ မောင် လာတယ်၊ အကြာကြီး ထိုင်စောင့်နေသေးတယ်၊ ကိုယ့်ကိုစောင့်ရင်း အချိန်လင့်သွားလို့ အလုံကိုမပြန်နိုင်တာကြောင့် ဒီမှာ ညအိပ်မယ်၊ ထမင်းလည်း မစားရသေးဘူးဆိုတာတွေ ကိုယ့်မောင်လေးက ပြန်ပြောလို့ သိလိုက်ရပါတယ်။ ညရှစ်နာရီခွဲလောက်ပဲ ရှိသေးတော့ ညကျောင်းတက်ဖို့ အချိန်ကျန်သေးတယ်လို့ အိမ်ကိုပြောပြီး ထွက်ခဲ့တယ်။

ကျောင်းမှာ မောင်နဲ့တွေ့တော့ "မျှော်ရတာ မောပါတယ် အေးရယ်" လို့ မောင်က ခပ်ညည်းညည်းလေး ပြောရှာတယ်။ မျက်နှာလေးကလည်း မတွေ့ရတာ ကြာလို့လား မသိပါဘူး၊ နွမ်းနွမ်းနယ်နယ်လေးရယ်။

"မောင်မပြန်တော့ဘူးဆို၊ ထမင်းလည်း မစားရသေးဘူး မဟုတ်လား အေးလည်း ပြန်ရောက်ရောက်ချင်း သိတာနဲ့ မောင့်ဆီ ပြေးလာခဲ့တာ၊ ထမင်း





စားရသေးဘူး။ အေးနဲ့အတူ ထမင်းသွားစားရအောင်လေ မောင်ရယ်" လို့ ကိုယ်ကခေါ်မိတယ်။ "ဟင့်အင်း အေးရယ် မောင်ရှက်တယ်" ဆိုတာကလွဲလို့ ဘာမှဆက်မပြောဘူး။ ကိုယ်ဖြင့် သူရှက်တော်မူနေရတာနဲ့ ထမင်းငတ်တော့မှာပဲလို့ စိတ်ထဲမှာ ကရုဏာဒေါသော ဖြစ်ရတယ်။ ဆာမှန်းသိနေရက်နဲ့ ခေါ်မရတော့ ခက်ဘူးလားလို့။

ကိုယ်က အတင်းခေါ် နားပူနားဆာလုပ်တော့မှ "ဆာတာကတော့ အရမ်းပဲ၊ အေးတို့အိမ်လိုက်စားရမှာတော့ မောင်ရှက်တယ်ကွာ။ ဒီတော့ ကော်ဖီသွားသောက်မယ်၊ အေး လိုက်ခဲ့" လို့ ပြောတယ်။

ကိုယ်တို့ လမ်းထိပ်မှာ လက်ဖက်ရည်ဆိုင် ရှိတယ်လေ။ အဲဒီဆိုင်မှာ အဆာပြေ တစ်ခုခုစားမယ်လို့ သူပြောချင်တာပါ။ ဒါနဲ့ ကိုယ်လည်းပဲ ပြန်ငြင်းမနေတော့ဘူး။ ကောင်းတယ်၊ ကောင်းတယ်ဆိုပြီး မောင်နဲ့ အတူလိုက်ထွက်ရတာပေါ့။ ကျောင်းကလည်း ဆင်းဖို့ အချိန်လိုသေးတာပဲ။

လမ်းထိပ်ဆိုင်နားရောက်ခါနီးမှာ ကိုယ်က တွေးမိတယ်။ "ဒီဆိုင်က ကိုယ့်အိမ်နဲ့လည်း သိတယ်၊ တို့များကိုလည်း သိတယ်၊ သိသာသိစေ မမြင်စေနဲ့ပေါ့။ ဒီဆိုင်တော့ သွားလို့ မကောင်းဘူးထင်တယ်၊ တခြားဆိုင်သွားမယ်" လို့ ကိုယ်က ပြောမိတော့ မောင်က ကိုယ့်သဘောပဲလေဆိုတာနဲ့ ပြန်ကွေ့ခဲ့ကြတယ်။ အဲဒီဆိုင်မှ မဝင်တော့ဘဲ ကိုယ်တို့အိမ်နောက်ဘက်က ကာသိုလစ် ဆေးရုံဝိုင်း (တောင်ဥက္ကလာ အမျိုးသမီးဆေးရုံကြီး) ကို တစ်ပတ်ပတ်မိအောင် ကွင်းထဲက ဖြတ်လျှောက်ကြရင်းနဲ့ စကားတပြောပြောနဲ့ ပြန်လာခဲ့ကြတာပါ။ ကျောင်းဆင်းမှာ မဟုတ်သေးဘူးလေလို့ ဖြည်းဖြည်းဆေးဆေးအေးအေးပဲ တစ်ယောက်လက်တစ်ယောက်တွဲ၊ တစ်ယောက်ခါး တစ်ယောက်ဖက်ပြီး လျှောက်ကြတာ။ ကွင်းထဲဘယ်သူမှ မရှိဘူး။ ရှင်းနေတာပဲ။ လေကလေးကလည်း အေးလို့။ ညချမ်းမှာ အသာအယာလျှောက်ရင်း ချစ်သူနှစ်ယောက် စကားတွေပြောလာရတာ ကြည်နူးစရာပါကွာ။ မြွေတို့ ကင်းတို့ဆိုတာ သတိတောင် မရဘူး။

ရယ်ရယ်မောမော လျှောက်လာလိုက်ကြတာ ကိုယ်တို့ အပန်းဖြေနားနေတဲ့ ညောင်ပင်ကြီးနား ရောက်လာတယ်။ ဒီနေရာကကြည့်လိုက်ရင် ကိုယ်တို့နှစ်ယောက်စလုံးအိမ်ကို ကောင်းကောင်းကြီး မြင်ရတယ်လေ။ ဒါနဲ့ ကိုယ်တို့ ကျောင်းဘက်လှမ်းကြည့်လိုက်တော့ ကျောင်းသားတွေ တစ်ယောက်မှ မတွေ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးနဲ့ လူကြီးသုံးယောက် ခေါင်းချင်းဆိုင်နေကြတာကို တွေ့ရတယ်။ ကိုယ့် အိမ်ဘက်လှမ်းကြည့်လိုက်တော့ အိမ်ရှေ့မှာ လူတွေ ရှုပ်နေတယ်။ တက်လိုက် ဆင်းလိုက် သုတ်သီးသုတ်ပျာ ဖြစ်နေကြတယ်။

"ဟိုက်… ဒုက္ခပဲ၊ တို့များ ပျောက်သွားကြပြီထင်လို့ ရှာကြပြီထင်တယ်" လို့ တွေးပြီး ပြောမိကြတယ်။

မောင်က ကျောင်းအပြင်နံရံကနေ သွားကပ်ပြီးနားထောင်တယ်။ ပြီးတော့ ပြန်လာ၊ သူကြားခဲ့ရတာတွေ ကိုယ့်ပြန်ဖောက်သည်ချနဲ့ပေါ့။ အဖြစ်က ဆိုးတယ် ကွာ။ ကိုယ်တို့ မုန့်စားဖို့ ထွက်လာတဲ့အချိန်မှာ ရှိတဲ့သင်တန်းက ဆရာက မလာလို့ ကျောင်းစောပြီး လွှတ်လိုက်တယ်။ ကျောင်းလွှတ်ပေမယ့် ကိုယ်ပြန် မလာတော့ အိမ်နဲ့ကျောင်းအနီးသားမို့ အိမ်က လိုက်လာတယ်။ ကိုယ့်ကို မတွေ့ ဘူး။ မောင်လည်း ရောက်နေတာ သိတယ်။ နှစ်ယောက်လုံး မတွေ့ကြဘူးဆို တော့ လူကြီးတွေကို ပူဆာတာမရလို့ ကိုယ်တို့သဘောနဲ့ ကိုယ်တို့ ထွက်ပြေးကြ ပြီလို့ ထင်သွားကြတာနဲ့ ရှာကြ၊ ဖွေကြ၊ မေးကြ၊ မြန်းကြ လုပ်နေကြတယ်တဲ့။

တို့နှစ်ယောက်လုံးဟာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်ရတာပေါ့။ ကိုယ်လည်း စိတ်ညစ်တာနဲ့ ငိုတာပေါ့။ ညောင်ပင်အောက်မှာ ထိုင်ကြ ငိုင်ကြ ငိုကြရင်းနဲ့ မောင်က "အေး… ပြန်မယ် လားဟင်" လို့ ကြေကြေကွဲကွဲအသံနဲ့ ပြောတယ်။

"အေး ပြန်လည်း ပြန်ချင်တယ်၊ ကြောက်လည်း သိပ်ကြောက်တယ်။ ဟိုလိုက်ရှာ၊ ဒီလိုက်မေးဖြစ်နေပြီဆိုတော့ သိပ်ရှက်စရာကောင်းတာပဲ မောင်ရယ် အေးတော့ သေသာသေလိုက်ချင်တော့တယ်" လို့ ကိုယ်က မျက်ရည်လည်ရွဲနဲ့ ပြောတော့ "အေး မောင့်အချစ်ရယ် မပြန်ပါနဲ့တော့နော်၊ မောင်တို့ နွေရောက်ရင် လက်ထပ်မယ်လို့ ဆုံးဖြတ်ပြီးသား မဟုတ်လား၊ အေး အခုပြန်သွားရင် မောင်တို့ နောက်တွေ့ရဖို့ လွယ်မယ်မထင်တော့ဘူး၊ အေး… အေး မောင့်ကို ချစ်တယ် မဟုတ်လားဟင် မပြန်ပါနဲ့နော်၊ အေး မငိုပါနဲ့တော့ အချစ်ရယ်" လို့ မောင်က နှစ်သိမ့်တယ် ချော့တယ်။

မောင်က မပြန်ပါနဲ့ဆိုခါမှ ပိုပြီး ပြန်ချင်စိတ်ပေါက်တယ်။

"ပြန်မယ် မောင်ရယ်၊ မေမေတို့ စိတ်ပူနေလိမ့်မယ်၊ နွေရောက်မှ အတူနေကြမယ်လေ၊ ခုတော့ မဖြစ်သေးပါဘူး မောင်ရယ်၊ မောင် လိုက်ပို့ပေးပေါ့





နှင့်သွားစားဖို့ သွားတာပဲဟာ မောင် အတူပါလာရင် အဆူခံရသက်သာမှာ။ မောင် ပြန်ပို့ပေးပါ၊ မောင် လိုက်ခဲ့ပါ မောင်ရယ်" လို့ ကိုယ်က ပို့ခိုင်းတယ်။

"အေး မပြန်ပါနဲ့ အေးရယ်၊ မောင် လိုက်မပို့ရဲဘူး အေးရယ်၊ ရှက်လည်း ရှက်တယ်၊ ကြောက်လိုက်တာလည်း အလွန်ပဲ၊ အေး မောင့်ကို မချစ်ဘူးလားဟင် ဒီမယ် အေးရယ်၊ မောင်လေ အေးကို သိပ်ချစ်ပါတယ်၊ တစ်နေ့ထက်တစ်နေ့ ပိုချစ်တယ်သိလား၊ မောင် အေးကို မခွဲနိုင်တော့ဘူး၊ အေး မပြန်နဲ့နော်၊ မပြန်ဘူး မလား၊ အေး အေး မပြန်နဲ့တော့နော်"

မောင်က ဘာမှမပြောဘဲ ငိုချည်းနေတဲ့ကိုယ့်ကို မချင့်မရဲနဲ့ ပခုံးနှစ်ဖက် ကို ကိုင်လှုပ်ရင်းပြောနေတယ်၊ ကိုယ် သူ့ကို ကြည့်လိုက်တယ်။ မောင့်မျက်နှာက ကိုယ်ပြန်သွားမှာ စိုးရိမ်တကြီး ဖြစ်နေကြောင်း ပေါ်လွင်နေပါတယ်။ ကိုယ့်ကို ချော့လင့်ကိုးစားတဲ့ မျက်ဝန်းအစုံနဲ့ မျက်ရည်တွေဝိုင်းရင်းက ကြည့်နေရှာတယ်။

ကိုယ့်မှာ မောင့်ကို ချစ်တာရယ်၊ သနားတာရယ်၊ ကြောက်တာရယ် ရှက်တာရယ်၊ အိမ်ပြန်ချင်တာရယ်၊ ရင်ထဲ ဗလောင်ဆူနေတယ် မပြတ်သားဘူး ကိုယ် မပြတ်သားခဲ့ဘူး။ ဒါနဲ့ အချိန်တွေက ပိုကြာ… ပြန်မယ် မပြန်ဘူးလို့ လည်း မောင့်ကို မပြောမိခဲ့ဘူး။ နှစ်ယောက်သား ကျောင်းနားရောက်သွားလိုက် ညောင်ပင်အောက် ပြန်ပြေးလိုက်နဲ့ စိတ်ညစ်လိုက်ရတာ သူငယ်ချင်းရာ၊ ပျော်ခဲ့ တာတွေ ပျော်ချင်တာတွေ ဘယ်သတိရနိုင်ပါ့မလဲ။

နောက်ဆုံးတော့ မထူးတော့ပါဘူးဆိုတဲ့စိတ်နဲ့ ကျောင်းနောက် ကွင်းပြင် ထဲက အကြော်ဖိုအပျက်ကလေးထဲ သွားထိုင်ငိုင်နေကြရတယ်။ မြန်မြန်ပေါင်းရ ထယ့် ဖူးစာပါလာသလား မသိပါဘူး။ ကိုယ်တို့ ဆိုင်အပျက်ကလေးကို ဖြတ်သွား တဲ့သူတွေ၊ ဖားရိုက်ထွက်တဲ့သူတွေမှ အများကြီးရယ်။ လိုက်ရှာတဲ့ လူတွေ ဖြတ် သွားကြတာပဲ။ တို့များနေရာကို ငဲ့စောင်းတောင် မကြည့်ခဲ့ကြဘူး။ ညဦးကလည်း မှောင်လာ၊ ငိုရတာနဲ့ မျက်စိတွေညောင်းပြီး အိပ်ငိုက်လာ၊ ရင်ထဲမှာလည်းပူ၊ ခြင် ကလည်းကိုက်၊ ဖြုတ်တွေက မျက်နှာဝင်တိုးနဲ့ ဆိုးလိုက်တဲ့အဖြစ်။

ဘာဆက်လုပ်ရမှန်းမသိ။ ဒီအတိုင်းနေလို့က မဖြစ်တော့ မျက်နှာပူပူ၊ ရင်ဆူဆူနဲ့ ကျောင်းကို ပြန်ခဲ့ကြရတယ်။ မောင့်ဖေဖေက မောင့်ကို မင်း တော်တော်မျက်နှာပျက်အောင် လုပ်တယ်နဲ့ အတော်ဆူလိုက်သံ ကြားနေရတယ်။ ရိုက်မယ်သတ်မယ် ရွယ်မရွယ်တော့ ကိုယ်မသိဘူးကွယ်။ ရှက်လွန်း ကြောက်



www.burmeseclassic.com

www.burmeseclassic.com



လွန်းလို့ ဘယ်သူ့မှလည်း မျက်နှာမပြဝံ့ မကြည့်ရဲ သတ္တိနည်းသွားလိုက်တာ မောင့် အိပ်ရာပေါ်မှာ ထိုင်ရမလို၊ ထရမလိုနဲ့ အနေခက်လိုက်တာ ရင်ထဲလည်း တထိတ် ထိတ်၊ အသားတွေ တဆတ်ဆတ်တုန်နေတာပဲ။

ကိုယ်တို့ ကျောင်းကို ပြန်ရောက်နေပြီလို့ နားစွန်နားဖျားကြားသွားတဲ့ ကိုယ့်ဘွားဘွားက ကျောင်းကို လိုက်လာတယ်။

ကျောင်းမှာရှိတဲ့ လူကြီးတစ်ယောက်ကတော့ ကိုယ်တို့ မရောက်သေးပါဘူး၊ ပြန်ရောက်လာရင် ပြန်ပို့ပေးပါ့မယ်လို့ နှစ်သိမ့်စကား ကိုယ့်ဘွားဘွားကို ပြောပြီး ပြန်လွှတ်လိုက်တယ်ကွယ်။ ကိုယ်တို့ တစ်အိမ်သားလုံး ဘယ်လောက် ရှာဖွေနေကြမလဲ၊ ဘယ်လောက် စိတ်ပူပန်ဆင်းရဲနေကြမလဲဆိုတဲ့ အတွေးက ဝင်လာပါတယ်။ ဒီလို တွေးမိနေတဲ့ ကိုယ်ကိုယ်တိုင်လည်း သိပ်စိတ်ပင်ပန်းပါ တယ် သူငယ်ချင်း။

"မောင်ရယ်၊ အေးကို ပြန်ပို့ပေးပါတော့၊ ရိုက်ချင်လည်း ရိုက်ပါစေ၊ ဆူချင်လည်း ဆူကြပါစေတော့၊ အေး ပြန်မယ်၊ အေး ပြန်ချင်တယ်" နဲ့ ကိုယ်က အတင်းပြန်ပို့ခိုင်း။

"အေးကလည်းကွာ၊ မထူးတော့ပါဘူး၊ မပြန်ပါနဲ့တော့ကွယ်၊ မောင်လည်း စိတ်ဆင်းရဲလှပြီ၊ အေးနဲ့ မခွဲနိုင်ဘူး၊ အေး ပြန်သွားရင် မောင် ဘယ်လိုနေခဲ့ရမှာလဲ ချစ်ရယ်၊ မောင့်ကို မညှဉ်းစမ်းပါနဲ့၊ အေး မပြန်နဲ့နော်၊ မောင့်ကိုချစ်ရင် မပြန်နဲ့တော့နော်၊ အေး မောင့်ကို ခွဲမသွားရဘူး၊ ဒီအဖြစ်မျိုးရောက်ခါမှ အေး ပြန်သွားရင် မောင်နဲ့ အေး တစ်နည်းနည်းနဲ့ ဝေးရလိမ့်မယ်လို့ မောင်ထင်နေတယ်၊ မပြန်ပါနဲ့ကွယ်၊ မောင် မခွဲနိုင်ဘူး၊ အေး မပြန်ရဘူး"လို့ ချစ်တဲ့သူကလည်း ဖွတ်တားတယ်။ ကိုယ်က အိမ်ကိုတွေးပြီး အတင်းပြန်မယ်လုပ်တယ်။

ကြာတော့ ကြားကရှိတဲ့သူတွေကပါ ဝိုင်းပြောလာကြတယ်။

"မထူးတာတော့ အမှန်ပဲ။ အခု မယူလည်း နောက်ယူကြမှာပဲ မဟုတ်လား။ နှစ်ခါထပ်ပြီး ရှက်ရတာကလွဲလို့ တိုးမထူးပါဘူး" တဲ့ကွယ်။ ဒါလည်း ဟုတ်သလိုလိုပါပဲလေ၊ ခုနေ ပြန်သွားလည်း အချိန်က လင့်နေပြီဆိုတော့ လူတွေ ရဲ့ အပြောတော့ ခံရဦးမှာပဲ၊ ရှက်ရမှာပဲ။ ယူမယ်လို့လည်း စိတ်ကူးပြီးသားဆိုတော့ မထူးပါဘူးလေ။

ကိုယ်ကလည်း ခိုးရာလိုက်ဖို့ မရည်ရွယ်၊ မောင်ကလည်း လာခိုးတာ မဟုတ်ပါဘဲနဲ့ အဲဒီညက ကြံဖန်ပြီး ခိုးရာလိုက်ဖြစ်သွားသလိုပေါ့ကွာ။ ဒါနဲ့





ကိုယ်တို့နှစ်ယောက် မောင့်ဖေဖေရဲ့ အသိအိမ်တစ်အိမ်မှာ တစ်နာရီကျော်လောက် သွားခိုနေရတယ်။ ဘတ်(စ်)ကားကြီးတွေ စက်နိုးသံ ကြားတော့မှ ဒီကားကြီးနဲ့ မြို့ထဲ လိုက်ခဲ့ပါရစေလို့ တောင်းပန်ပြီး လိုက်သွားကြတယ်။

ကိုယ်တို့မှာ ဘာအစီအစဉ်မှ မရှိခဲ့ကြတော့ ပိုက်ဆံတောင် မပါပါဘူး။ ကားဆရာကြီးတွေကလည်း သဘောကောင်းကြတယ်။ ကိုယ်တို့အခြေအနေကို လည်း နားလည်ဟန်တူပါရဲ့။ မောင်က သူ့နာရီကို ချွတ်ပေးခဲ့တာပါကွယ်။ မယူ လိုက်ပါဘူး။ သူတို့ကားက ဂိတ်မဝင်ရသေးလို့ တခြားကားတစ်စီးနဲ့တောင်မှ ပြောင်းတင်ပေးလိုက်ကြသေးတယ်။ သယ်န်းကျွန်းမှာ ကားပြောင်းစီးခဲ့ရပြီးတော့ သိမ်ဖြူလမ်း ဘီလူးမဈေးမှာ ဆင်းခဲ့ကြရတယ်။ မနက်ဝေလီဝေလင်းကလေးမှာ ပေါ့ သူငယ်ချင်း။

အဲဒီနေရာကနေ ဖဆပလတိုက်တွေဆီကို ဆိုက်ကားလေးတောင် စီးမသွား နိုင်ကြပါဘူး။ ခြေကျင်လျှောက်ရတာ တိုက်အမှတ် (၇) ရောက်တော့ မောင် အက်သွားရာ လှေကားတစ်လျှောက် ကိုယ်က တကောက်ကောက် လိုက်ရတာ ပေါ့။ အခန်းနံပါတ် (၁၁) ရှေ့ရောက်တော့ မောင်က ရပ်ပြီး တံခါးခေါက်လိုက် တယ်။ အခန်းတွင်းကနေ မျက်လုံးလေးတစ်ပေါက်စာလောက် အပေါက်လေး ဖွင့်လာပြီး ကိုယ်တို့ကို ချောင်းကြည့်လိုက်တာ တွေ့ရတယ်။ တံခါးချက်ဖွင့်သံ ကြားလိုက်ရပြီးတဲ့နောက် လူတစ်ယောက်က အိပ်ချင်မူးတူး မျက်စိအတင်းပြူး ထားတဲ့ အမူအရာနဲ့ တံခါးဖွင့်ပေးတာ တွေ့ရတယ်။

အဲဒီလူမျက်နှာ မြင်လိုက်ရတာ ကိုယ့်မှာ ဒူးကိုညွတ်ကျသွားမလို တုန်ရီ ပြီး အံ့သြကြောင်တောင် ကြည့်နေမိတယ်။

ဘာလို့လဲ သိလား၊ မောင်တို့ ညကျောင်းက ကိုယ်တို့အတန်းမှာ စာသင် နေတဲ့ ကိုယ့်ဆရာသမား ဖြစ်နေလို့ ကိုယ့်မှာ မျက်နှာ ဘယ်လို ထားရမှန်း မသိ အောင် ဖြစ်ရတယ်။ မျက်နှာပူလို့ မဆုံးနိုင်အောင်ပဲ။ ဒါပေမဲ့ မတတ်နိုင်ဘူး သူငယ်ချင်း။ ဆရာမကလို့ ဘာဖြစ်ဖြစ်လေ၊ ပေါက်တဲ့ နဖူး မထူးဘူး သူငယ်ချင်း၊ နေလိုက်ရတော့တာပဲ။

မရည်ရွယ်ဘဲ ကိုယ်ခိုးရာလိုက်ပြေးရတဲ့အတွက် ကိုယ့်အသိုင်းအဝိုင်းမှာ တော့ အတော်ကသိကအောက် ဖြစ်ရမယ် သူငယ်ချင်းရေ။ နောက်နေ့ဖြစ်တဲ့ (၂၈) ရက်နေ့မှာ ကိုယ့်အစီအစဉ်တွေ အများကြီးရှိနေတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး ပြဿနာကြုံရမှာက ကိုယ်တို့ကျောင်း ကျောင်းပေါင်းစုံ ကဗျာရွတ်ပြိုင်ပွဲက မက်သဒစ်ကျောင်းမှာ ရှိတာယ်။ ကိုယ့်ကို မလာ မလာနဲ့ ဘယ်လောက်များ လည်တဆန့်ဆန့် စောင့်လိုက်ကြမလဲ ကိုယ် မတွေးရဲဘူး။ နောက် အဲဒီညနေပိုင်းမှာကလည်း ဂီတနဲ့ ရုပ်ရှင် ပထမဦးဆုံး ဘောလုံးပွဲက ရှိနေပြန်တော့ ဂီတသမားတွေဘက်က ပန်းစည်းဆက်ရမယ့်၊ ဂီတသမားတွေကိုလည်း အားပေးဖို့တော့ တာဝန်ရှိတာပေါ့။ အဲဒီကပြီးရင် ညဘက်မှာဆိုရင် တက္ကသိုလ်ဒဂုံဆောင်မိတ်ဆုံစားပွဲမှာ တင်ဆက်မယ့် အရိပ်ပြဇာတ်မှာ နောက်ခံစကားပြောပေးဖို့ ကတိပေးထားတော့ ကိုယ်ရှိမယ့် အောင်ဆန်းကွင်းဘောပွဲအပြီးမှာ လာကြိုကြမှာသေချာတာပေါ့ကွာ။

ကိုင်း ခုတော့ ဒီတာဝန်တွေ ကိုယ် ဘယ်လိုများ လုပ်ပေးနိုင်တော့မလဲ။ ဒီတော့ ကိုယ့်အတွက် အားလုံး တလွဲတချော်တွေ ဖြစ်ကုန်ပြီလို့ စိတ်မကောင်းဘူး။ စိတ်မဖြောင့်ဘူး။ သွားလို့ကလည်း မဖြစ်၊ ရှက်စရာကြီးကွယ်။

ဘဝင်မကျတော့လည်း မောင့်ကို ကိုယ့်အစီအစဉ်ရှိတာတွေ ပြဿနာတသီတတန်းကြီး ပြောပြမိတယ်။ သွားလိုက်ရင် မကောင်းဘူးလားလို့လည်း မေးသေးတာ။

“အေးရယ်၊ စိတ်မှ ကောင်းသေးရဲ့လား၊ မောင့်မိန်းမ မရူးသေးပါဘူးနော်၊ အခု မောင်တို့ ခိုးပြေးလာကြတာဆိုတာလေးလည်း တစ်ဆိတ် သတိထားလိုက်ပါဦး အေးရယ်… မဖြစ်နိုင်တာ အေးမို့ တွေးတတ်တယ်၊ ခုထိ ကလေးတွေး တွေးနေပြန်တာလား” လို့ ကိုယ့်ကို မောင်က ရယ်မောနောက်ပြောင် ပြောနေတော့တာပေါ့။

အင်း- ဟုတ်တာပေါ့နော်၊ အိမ်ကလူကြီးတွေနဲ့ တွေ့နေရင် မခက်ပါလား။ ဒါနဲ့ ဘယ်မှ မသွားဖြစ်တော့ပါဘူး။

* * *



## အခန်း (၆)

ကိုယ်တို့နေရတဲ့အိမ်က ဆရာနဲ့ ဆရာကတော်တို့ဟာ စိတ်သဘောထားကောင်းကြတယ်၊ ဂရုလည်း စိုက်ကြပါတယ်။ မိဘနဲ့ဝေးရတဲ့ အချိန်ကလေးမှာ ကိုယ့်မိဘလို သဘောထားမိပါတယ်။ သူတို့အိပ်ခန်းကိုလည်း ကိုယ်တို့ အပိုင်စားပေးထားရတာ။ ကိုယ်တို့သတင်း လိုက်နေကြမယ့် သတင်းထောက်တွေကို ကြောက်ရသေးတော့ အမြဲ အခန်းတံခါးပိတ်နေကြတာပေါ့။

ကိုယ်တို့ထွက်လာပြီး နှစ်ရက်အကြာမှာ တရားရုံးသွားပြီး လက်မှတ်ထိုး လက်ထပ်လိုက်ကြတယ် သူငယ်ချင်းရယ်။ ရင်ခုန်စရာလည်း ကောင်းပါရဲ့။ အမှုကိုင်ရတာ တစ်သက်မှာ ပထမဆုံး ကြုံရခြင်းပေကိုး။ ပြီးတော့ ရယ်စရာလည်း သိပ်ကောင်းတာ သိလား။ ကိုယ်တို့က လစ်ပြေးဖို့ အစီအစဉ်မရှိဘဲ ပြေးခဲ့ရတဲ့ကိစ္စဆိုတော့ အဝတ်အစားက ခါးဝတ်ခါးစားပဲ ပါကြတာပေါ့။ ဆရာတို့အိမ်မှာကလည်း ဆရာကတော်ရယ်၊ ဆရာကတော်ရဲ့အမေ အဘွားရယ်၊ သူတို့သားလေးရယ် ဒါပဲရှိတာ။ ကိုယ်တို့နဲ့ ရွယ်တူတာ မရှိဘူးကွ။ ဆရာကတော်က ဖိုင့်ဖိုင့်၊ ရိုးကလည်းရိုး၊ သူ့အင်္ကျီလုံချည်တွေပဲ ဝတ်သွားခဲ့ရတာကလား။ အဲဒီလို ဖိုသီဖတ်သီ အဝတ်တွေ ဝတ်ထားတုန်းများ မင်း ကိုယ့်ကို မြင်လိုက်ရရင် အူတက်အောင်ရယ်မှာ သိပ်သေချာတာပေါ့။ ဒါကြောင့်လည်း ကိုယ်တို့ တရားရုံးသွားတာတောင် ဘယ်သူမှ မသိလိုက် မမှတ်မိလိုက်တာ နေမှာပေါ့ကွာ။

ကိုယ်တို့ လက်ထပ်ပြီးတဲ့နောက်တစ်နေ့မှာ ကိုယ့်ကို အိမ်ပြန်အပ်ဖို့ စီစဉ်ပြီးပြီလို့ မောင့်ဖေဖေက လူလွှတ်ပြောခိုင်းလို့ သိရတယ်။ ဘယ်နေ့လည်းဆိုတာတော့ မသိရသေးဘူးပေါ့ကွယ်။ သတင်းစာတွေထဲမှာလည်း “မာမာအေး



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနဲ့ စေ့စပ်လိုက်ပြီ" ဆိုတဲ့ သတင်းခေါင်းစီး အမည်းကြီးတွေနဲ့ တွေ့ရတယ်။ သတင်းစာကရေးကြတဲ့ ကိုယ်တို့အကြောင်းလေးတွေကို တွေ့ရဖတ်ရတာဟာလည်း ပျော်စရာတစ်မျိုးပါပဲ။ တစ်နေ့တစ်နေ့လည်း တို့မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အချိန်ကုန်ကြတာပေါ့။ ကိုယ်ကတော့ မောင်ခေါ်ရာ လိုက်ခဲ့ရတဲ့သူမို့ ပိုပြီး မောင့်မျက်နှာကြည့်ရတာပေါ့ သူငယ်ချင်း။

မင်း ဆက်ဖတ်ရမှာကတော့ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး ပထမဆုံး ကိုယ် စိတ်မချမ်းမသာဖြစ်ရတဲ့ အကြောင်းပဲ သူငယ်ချင်း။

အဲဒီနေ့ဟာ ကိုယ့်ကို ပြန်အပ်တော့မယ်လို့ သတင်းကြားရတဲ့နေ့မှာပဲ ဆိုတာ ကိုယ် အခုထိ မှတ်မှတ်သားသားကြီး ရှိနေတုန်းပါကွာ။ အိမ်ပြန်ရတော့မယ်ဆိုပြီး ကိုယ် ပျော်နေတဲ့အချိန်ပေါ့။

အဲဒီနေ့က အိမ်သားတွေနဲ့အတူ ထမင်းစားနေတုန်းမှာ ရေဒီယိုက သီချင်းတစ်ပုဒ် ပါလာတယ်။ ကိုယ်ဆိုထားတဲ့ "ဘဝဇာတ်ကြောင်း နှင်လေဦး" ဆိုတဲ့ သီချင်းပါပဲ။ မောင်က ဒီသီချင်းကြားတယ်ဆိုရင်ပဲ ထမင်းဝိုင်းက မျက်နှာပျက်ပျက်နဲ့ ဆောင့်ဆောင့်အောင့်အောင့်လုပ်ပြီး ထွက်သွားတယ်ကွာ။ အားလုံးက အံ့သြနေကြတာပေါ့၊ ဘာဖြစ်သွားတာလဲ၊ စိတ်ကောက်ထားကြလို့လား၊ စောစောကတော့ ကလေးလင်မယား ပြုံးလို့ ကြည်လို့ပါလားနဲ့ မေးကြတယ်။ ကိုယ် ဘာပြောရမှာလဲ သူငယ်ချင်း၊ ဘာမှ မဖြစ်ပါဘူးလို့ပဲ ဖြေရတာပေါ့။ ထမင်းဆက်မစားနိုင်တော့ပါဘူး သူငယ်ချင်းရယ်။

ဆရာတို့အိမ်သားတွေကို မပြောခဲ့ပေမယ့် မင်းတော့ သိရမှာပါကွာ။

ဒီသီချင်းထဲမှာ- "*ယုံကြည်ချက်ကို အမျိုးထား ဦးစားပေးကာ ပေးလာတဲ့ မေတ္တာများကိုပင် လက်ခံရသူအနေနဲ့ ဘယ်လိုများ နားလည်ရမလဲရှင်××× ဒါတွေကိုပဲ သစ္စာနယ်လွှန်မှုနဲ့ စွဲချက်တင်*"

ဆိုတဲ့ စာသား ပါနေတယ်။

ဒါဆို သူ့အရင်က ကိုယ့်ချစ်သူနဲ့ ကိုယ့်အကြောင်း တစ်စိတ်တစ်ဒေသ ဆိုတာ မင်း သိလောက်ရောပေါ့။ အေး အဲဒါကြောင့် ကိုယ့်ကို သက်သက် စိတ်ကောက်သွားတာပဲ။

ကိုယ် ဘယ်လောက် စိတ်မချမ်းမသာ ဖြစ်လိုက်မလဲဆိုတာ သူငယ်ချင်း စဉ်းစားကြည့်စမ်းပါကွယ်၊ မောင့်မျက်နှာ တစ်ရှာထင်နေရတဲ့ အချိန်ပါ။ ကိုယ်





ဘယ်လောက် အားငယ်နေမလဲ။ ကိုယ့်ကို ဘယ်လောက်ညှာတာ ထောက်ထားသင့်သလဲဆိုတာ သူ သိသင့်ပါတယ်ကွယ်။

ပြီးတော့ ကိုယ့်အကြောင်းလည်း သူ အသိသားနဲ့၊ ကိုယ်က အလွန်ပွင့်လင်းတဲ့ မိန်းမပါ။ သူ မသိခဲ့တဲ့ ကိစ္စလည်း မဟုတ်။ ကိုယ်က ဘာမှ အသိမပေးခဲ့တာမျိုးဆိုရင် ကိုယ့်အမှားပဲ ထားပါတော့။

ဒီလို ဖြစ်ရတာအတွက် ကိုယ် တော်တော်စိတ်ညစ်သွားပါတယ်။ ကိုယ့်စိတ်ကို ပြေအောင်လည်း အတော်ကြိုးစားရတယ်။ အမှန်ဝန်ခံရရင်တော့ အိမ်ပြန်ပြေးချင်စိတ် ပေါက်တဲ့အထိပဲ။

ဒါပေမဲ့လေ ကိုယ့်အဖို့တော့ တည်မိသည့်ဘုရား လင်းတနားနား ဆိုသလို ဖိတ်ထားရတော့မယ်။ အိမ်ထောင်မှု ဘုရားတည်ဆိုတဲ့ စကားပုံကိုလည်း မင်းကြားဖူးသားမဟုတ်လား။ ကိုယ့်အဖြစ်လည်း ဒီအတိုင်းပဲပေါ့။ မိန်းကလေးတွေအဖို့ တစ်ခါအိုပြီးရင် ပြန်ပျိုချင်လို့ရတဲ့ အမျိုးအစားမှ မဟုတ်တာလေဆိုတဲ့ အတွေးစိတ်ငယ်ငယ်နဲ့ ကိုယ့်အိမ်ထောင်ဘဝ စခဲ့ရပါတယ် သူငယ်ချင်း။

ပထမဆုံးတွေ့ရတဲ့ ပြဿနာနဲ့တင် "ငါ မှားပြီလား" ဆိုတဲ့ နောင်တလိုလို အတွေးမျိုး အသိမျိုး ဖြစ်မိပေမယ့် ပြင်ချိန်မဟုတ်တော့ဘူးဆိုတာ နားလည်နေရသလို ချစ်သူနဲ့ အဆင်ပြေ အလိုက်သင့်တဲ့အခါကျတော့ ပြုံးလိုက်ပျော်လိုက် အားလုံးကို မေ့ထားလိုက်နဲ့ပါပဲကွယ်။

ဒီလိုနဲ့ ကိုယ်တို့ကို မြန်မာ့ထုံးတမ်းအတိုင်း ပြန်အပ်ကြရော ဆိုပါစို့။ ကိုယ့်အိမ်ကိုယ့်ရာ ပြန်ရောက်လာတော့ စိတ်ချမ်းသာမိတာပေါ့။ ကိုယ်တို့နှစ်ယောက် ဘာမှပူစရာမလိုဘူးလေ အချိန်တန် စားလိုက် အိပ်လိုက် လည်လိုက်နဲ့ သာသာယာယာဖြစ်နေချိန်ပေါ့။ ကိုယ်တို့က ချစ်တာလောက်သာ စဉ်းစားတတ်သေးတဲ့ အရွယ်တွေကိုး။

နှစ်ဖက်မိဘတွေကတော့ မင်္ဂလာဧည့်ခံပွဲလေး တစ်ပွဲဖြစ်ဖို့အတွက် ရင်မှအောင် လုံးပန်းနေရရှာတယ်။ ကိုယ်က ကျော်ကြားလူသိနေတဲ့ အဆိုမလေးဖြစ်နေတော့ အများကြားကောင်းအောင် တင့်တင့်တယ်တယ်လေးတော့ ဖြစ်သွားမှ ကောင်းမှာကိုးကွဲ့။ ကိုယ့်မှာက ဂီတအသိုင်းအဝိုင်းရော၊ ခင်မင်ရင်းနှီးတဲ့ လူကြီးသူမတွေရော၊ ရုပ်ရှင်ရုပ်မျိုးတွေရော ကျွမ်းဝင်သူက ပေါများလွန်းတော့ မင်္ဂလာဧည့်ခံပွဲတောင် နှစ်ချိန်ခွဲဖိတ်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဧည့်ခံပွဲကို (၂၅-၁၂-၅၉) နေ့ကို ရွေးကြတယ်။ မနက် (၁၀) နာရီက (၁၂) နာရီ ဆန်းကဖီးမှာ တစ်ကြိမ်၊ မွန်းလွဲ (၂) နာရီကနေ (၅) နာရီ အိမ်မှာ တစ်ကြိမ် ဧည့်ခံပွဲလုပ်မယ်လို့ စီစဉ်ကြတယ်။

အားလုံး အဆင်ပြေတယ်လို့ ဆိုရမှာပေါ့ကွယ်။ ကိုယ့်မေမေကဆို တို့များ ရည်းစားဘဝမှာကတည်းက မောင့်ကို သူ့သားတဲ့။ ကိုယ်က မိန်းကလေးဖြစ်ပေမယ့် ကာလပြောင်းပြန် မိပ္ပံ့တန်တဲ့၊ ဣန္ဒြေမရဘူး၊ မောင့်ခြေဖျားမီရင် ကောင်းမယ်ဟဲ့နဲ့ ဖြစ်ခဲ့တာကိုး။ ခုဆို မောင့်ကို သား သားနဲ့ ပါးစပ်ဖျားက မချသလောက် အရေးပေးတော့တာ။ တချို့ကတော့ သမီးငယ်ငယ်ရွယ်ရွယ်လေးများ လင်ပေးစား ရကောင်းလားလို့ အပြစ်တင်တာပေါ့။

ဒါဆို ကိုယ့်မေမေက-

"ရှင်တို့ ကျွန်မသားလေးကို မတွေ့ဖူးသေးလို့ပါ။ မြင်သာမြင်ရရင် ကျွန်မ လိုပဲ ရှင်တို့ ချစ်ကြမှာဆိုတာ ကျွန်မ ပြောရဲတယ်။ ဒီသူငယ်လေး ရည်မွန်လိုက် တာ သိမ်မွေ့လိုက်တာနဲ့ ချီးမွမ်းမှာ၊ သဘောတူမှာပါ" လို့ ပြန်ဖြေလေ့ရှိတယ်။

ဟုတ်ပါတယ်။ မောင်ဟာ တည်ကြည်တဲ့အသွင် ရှိတယ်။ မောင့်တစ် မျက်နှာလုံး ဘာအပြစ်မှ ပြောစရာမရှိသလောက် ပြေပြစ်တင့်တယ်ပါတယ်။ အသားလေးကညိုတော့ အသားညိုချောလို့ ပြောရမယ်နဲ့ တူပါရဲ့။

ဒီမယ် သူငယ်ချင်း၊ ကိုယ် ဒီလို ရေးပြလို့ မင်း ရယ်ချင်ချင် ဖြစ်သွား သလားဟင်၊ ကိုယ့်ငါးချဉ် ကိုယ်ချဉ်တယ်လို့ ဆိုချင်လည်း ဆိုပါတော့။ ကိုယ့် အမြင် ကိုယ့်ရင်ထဲမှာ ဒီအတိုင်းကို မောင့်သွင်ပြင်က ထင်ဟပ်နေတာကိုးကွဲ့။

မောင်က အရှက်အကြောက် သိပ်ကြီးတယ်။ ကိုယ်က ဟောဟော ဒိုင်းဒိုင်းသမား၊ ရင်ထဲက အရှိအတိုင်း အော်ကျယ်ဟစ်ကျယ် ပြောတတ်တယ်။ အရယ်သန်တတ်တယ်။ မောင်ကလည်း ဒါကို မကြိုက်ဘူး။ သူက သိမ်သိမ် မွေ့မွေ့လေး နေတတ်တာကိုး။ သူနူးညံ့ပြေပြစ်သလောက် ကိုယ့်ကိုပါ နူးညံ့စေချင် တာ။ ဒါပေမဲ့ မောင်က စိတ်အမှတ်အသား ကြီးလွန်းတယ်။ ဘာမဟုတ်တာ လေးပေမယ့် တစ်သက်လုံး မှတ်ထားချင်တတ်တယ်။ သူတစ်ပါး စကားကို ယုံလွယ်တယ်၊ ဒေါသလည်း ကြီးတယ်။ သွေးပူနေတုန်းခဏမှာတော့ ဘာမှ မဆင်ခြင် မထောက်ထား ပြောတတ်တယ်။ ရင်ထဲမှာဖြစ်နေတဲ့အတိုင်း မျက်နှာ အမူအရာက ဖြစ်နေတယ်။ စိတ်မထိန်းနိုင်တဲ့ သဘောပေါ့ကွာ။





ဒါပေမဲ့ စိတ်လည်း ပြေလွယ်ပြန်ရော။ စိတ်ကောင်းဝင်လို့ မှားမှန်းသိ ည်း တောင်းပန်ရမှာ ဝန်မလေးတတ်ဘူး။ ဒီတော့ စိတ်မငြိမ်ဘူး ခေါ်ရမှာပေါ့။ ခါတလေ အေးဆေး တည်ငြိမ်သလောက် တစ်ခါတစ်ခါ သိပ်ကို တင်းတင်း မာ ဖြစ်တတ်တာကိုး။ အဲဒါ မောင့် ပင်ကိုစိတ်ထားပါပဲ။

သူ့သဘောထားကို အိမ်ထောင်မပြုခင်ကပဲ ကိုယ် သိခဲ့ပါတယ်၊ နားလည် ခဲ့ပါတယ်။ မကြာခဏ အစွန်းမထွက်အောင် ဆွေးနွေးဖူးတယ်။ နားလည်သဘော ပေါက်အောင် ရှင်းပြဖူးတယ်။ သူများစကား ယုံတတ်လွန်းလို့ ပြဿနာရှင်းရတာ အကြိမ်ကြိမ်။ ကိုယ် တကယ်ချစ်ပါကြောင်း ချစ်သက်သေတွေ ပြခဲ့ရဖူးပါတယ် သူငယ်ချင်း။ သူ့စိတ်ကို ကိုယ်သိပါတယ်။ သူဖြစ်တတ်တဲ့ ကမူးရှူးထိုးစိတ် လေးကို နားလည်ခွင့်လွှတ်ပါဆိုတာလည်း ခဏခဏ ရေးခဲ့ပြောခဲ့ဖူးပါတယ်။

ပြဿနာတွေဖြစ်ရလို့ သူ နားလည်သဘောပေါက်သွားပြန်ရင်-

"နောက် မဆိုတော့ပါဘူး၊ မနွဲ့တော့ပါဘူး၊ မလေး စိတ်မချမ်းသာအောင် မလုပ်ဘူး၊ မပြောဘူး။ မောင့်စိတ်ကို မောင် ပြုပြင်ပါ့မယ်"နဲ့ ပြောတတ်လို့ပါပဲ။

ကိုယ်ကလည်း သူ အသက်လေးရလာလို့ ပတ်ဝန်းကျင်နဲ့ တွေ့ထိဆက်ဆံ ရရင် သူ့အလိုအလျောက် သဘောပေါက်နားလည်သွားလိမ့်မယ်လို့ ယူဆ ခဲ့တယ်။

"ကိုင်း... မင်းက ကြီးကြီးကျယ်ကျယ်တွေ ပြောနေတာတော့ ဟုတ်ပါ ပြီ အဲဒီတုန်းက မင်းကကော ဘယ်အရွယ်ရှိသေးလို့လဲ။ ဘာလို့ ခွင့်လွှတ်တဲ့ သဘောမျိုး ရှိနေခဲ့ရတာလဲ။ မင်းတို့ အရွယ်တူ၊ အသက်တူဆို" လို့ သူငယ်ချင်း အနေနဲ့ စောဒက တက်ချင် တက်လိမ့်မယ်။

ဟုတ်ပါတယ် သူငယ်ချင်း၊ ကိုယ်တို့နှစ်ယောက်ဟာ အသက်အတူတူ ပါပဲ၊ ဆယ့်ခြောက်နှစ်သာသာလေးတွေပေါ့ကွာ။ ဒါပေမဲ့ တွေးခေါ်ယူဆချက် တော့ ဘယ်တူပါ့မလဲ။

မောင့်အနေအထားက ကျောင်းစာကိုကျက် ကျောင်းသာတက်ပြီး အချိန် ရနိုင်လို့ သူလိုချင်စရာရှိရင် အဖေကို ပူဆာမယ်၊ သူငယ်ချင်းတွေနဲ့ လည်မယ်၊ အချိန်အားရင် စာကျက်မယ်။ ဒါပဲ သူလုပ်စရာရှိတာပဲ။ ဘာပူစရာရှိသလဲ။ ပြင်ပ လောကက လူတွေနဲ့ သိပ်ပြီး ထိတွေ့ဆက်ဆံရတာ မဟုတ်ဘူးလေ။

ဒီအချိန်မှာ ကိုယ်က မိဘတွေနဲ့ ဒိုးတူပေါင်ဖက် အလုပ်ကနေပြီ။ မိဘ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲတာ ချမ်းသာတာ ပူပင်သောက များရတာတွေလည်း တွေ့မြင်ခဲ့ရပြီ။ ပတ်ဝန်းကျင်နဲ့လည်း အများကြီး ဆက်ဆံဖူးခဲ့ပြီ။ ပြီးတော့ ကိုယ်က မိန်းကလေး မောင်နှမသုံးယောက်ထဲမှာ ကိုယ်က အကြီးဆုံး။ ဒီတော့ မောင်ညီမတွေအတွက် ပါ အစ်မကြီးတစ်ယောက်အနေနဲ့ တာဝန်ရှိတယ်ဆိုတာ နားလည်ခဲ့ရပြီ။ ဘယ်လို လူမျိုး ဘယ်လိုဆက်ဆံရမယ်၊ ဘယ်စကားပြောရင် ဘာဆိုတာ သိတတ်နေပြီ။ မောင် ဖြတ်သန်းခဲ့ရတဲ့ အခြေအနေနဲ့ ကိုယ်ရင်ဆိုင်ခဲ့ရတဲ့ဘဝ မတူလေဘူး။

ဒါကြောင့် မောင့်အပေါ် ခွင့်လွှတ်နိုင်တယ်၊ လိုက်လျောနိုင်တယ်၊ သဘော ထားကြီးနိုင်တယ်လို့ ဆိုရမှာပေါ့ သူငယ်ချင်း။ ကိုယ့်သဘော ကိုယ့်မနော သိနေ တဲ့မောင်ကလည်း ဒီတော့ နွဲ့ဆိုးဆိုးလာခဲ့တာတွေ ရှိလာရတာပေါ့ကွယ်။ ချစ်တဲ့ သူတွေဆိုတာကလည်း တစ်ယောက်နဲ့တစ်ယောက် ချစ်လိုက်ကြ နွဲ့လိုက်ကြ စိတ်ကောက်လိုက်ကြ ချော့လိုက်ကြနဲ့ချည်းပါကွယ်။

သူငယ်ချင်းရေ… ကိုယ်တို့နှစ်ယောက်ရဲ့ စိတ်သဘောထားတွေ ရောက် သွားတာနဲ့ ကိုယ်တို့မင်္ဂလာပွဲအကြောင်းတောင်မှ အဆက်ပြတ်သွားတယ်။ မမေ့ နိုင်တဲ့အကြောင်းတစ်ရပ်မို့ ရေးလိုက်ရဦးမယ် သူငယ်ချင်းရေ။

ကိုယ်တို့မင်္ဂလာနေ့ဟာ ဒီဇင်ဘာလ (၂၅) ရက်ဆိုတာ မင်း သိပြီးပြီနော်။ ကိုယ်မမေ့နိုင်တဲ့နေ့က ဆိုတာ အဲဒီမင်္ဂလာပွဲနေ့ မဟုတ်ပါဘူး။ အကြိုတစ်ရက် ဖြစ်တဲ့ ဒီဇင်ဘာလ (၂၄) ရက်နေ့ကိုပါ။ အဲဒီနေ့ မကုန်ဆုံးခင်မှာတော့ ကိုယ်တို့ အပျော်ကြီး ပျော်ခဲ့ရပါတယ် သူငယ်ချင်း၊ ပျော်နေခဲ့ပါတယ်ကွယ်။

ကိုယ်တို့အိမ်မှာဆိုရင်လည်း ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးကြသူတွေ၊ မင်္ဂလာ သတင်းမေး လာကြတဲ့သူတွေ၊ ကိုယ့်ချစ်သူငယ်ချင်းတွေထဲက အိမ်မှာ ညလာအိပ် ကြတဲ့သူတွေနဲ့ တပျော်တပါးကြီးပါပဲ။ ညပိုင်းကျတော့ ဧည့်သည်လည်းစဲပြီ ကူညီသူတွေလည်း ပြန်ကုန်ကြပြီ။ အမျိုးတွေနဲ့ သူငယ်ချင်းမလေးတစ်ယောက်ပဲ ကျန်ခဲ့ကြတော့တယ်။

ည (၈) နာရီလောက်မှာ မောင့်သူငယ်ချင်းတစ်ယောက် လာတာတွေ့ တယ်။ မောင်နဲ့ ခြံထောင့်မှာ စကားသွားပြောကြတယ်။ ဘယ်သူမှန်း ကိုယ် မသိပါဘူး။ အဲဒီလူပြန်သွားတာတောင် မောင်က တော်တော်နဲ့ အိမ်ပေါ်ပြန်တက် မလာဘူး။ ည (၉) နာရီခွဲ၊ (၁၀) နာရီလောက်ကျတော့ မောင့်ညီတစ်ဝမ်းကွဲ ရောက်လာပြန်တယ်။ အိမ်ပေါက်ဝမှာ မောင်နဲ့ စကားပြောကြတယ်။ မျက်နှာတွေ ကလည်း သိပ်မကောင်းကြဘူး။





သူတို့ ဘာပြောကြမှန်း မသိပေမယ့်၊ မကြားနိုင်ပေမယ့် ကိုယ်မြင်နေရတဲ့ …အရာတွေကြောင့် စိတ်ထဲမှာ တစ်မျိုးကြီးပဲကွာ။ ကိုယ်လည်း စိတ်ပင်ပန်း …တာနဲ့ ကိုယ်မသိရမယ့် အကြောင်းမျိုးမို့ သူတို့ဟာ သူတို့ ပြောနေကြတာဖြစ်မှာ …လို့ပဲ စိတ်မကောင်းတာနဲ့ အိပ်ရာထဲ ဝင်နေလိုက်ပါတယ်။

ကိုယ် အိပ်ခန်းထဲရောက်လို့ သိပ်မကြာလိုက်ပါဘူး။ မောင်လည်း ရောက် …တယ်။ ကိုယ့်ဘေးမှာ ဝင်ထိုင်သေးတယ်။ ဘာမှလည်း မပြောဘူး။ တစ်ခါ …ထလိုက် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်လိုက်နဲ့ မျက်နှာက သုန်သုန်မှုန်မှုန် …ပြင်းကလည်း အကြိမ်ကြိမ်ချနဲ့။ ကိုယ်လည်း ဘာကစပြီး မေးရမယ်မသိလို့ …ကြည့်နေတာပေါ့။

မောင့်မျက်နှာမှာ အမူအရိပ်တစ်မျိုး ဖြစ်သွားရာက သူ ပါလာခဲ့တဲ့ အဝတ် …နှစ်စုံကို တန်းပေါ်က ဆွဲယူလိုက်တာ မြင်ရတယ်။ ကိုယ်လည်း ဘာတွေ …နေတာပါလိမ့်လို့ မောင့်လုပ်ရှားချက်တွေကို ငေးကြောင်ကြောင်နဲ့ ကြည့်နေ …တယ်။ နောက်တော့ မောင်က သူ့ပစ္စည်းတွေနဲ့ အခန်းထဲက ထွက်မယ်ပြင်တာပဲ။

ဒီတော့မှ ကိုယ် သတိပြန်ဝင်သလို ဖြစ်ရတယ်။

"မောင်… ဘယ်လဲ" လို့ ထိတ်လန့်စိုးရိမ်သံနဲ့မေးရင်းက မောင့်ကို …ဖက်လိုက်တယ်။

မောင်က ကိုယ်ဖက်ထားတဲ့လက်ကို ကြမ်းကြမ်းတမ်းတမ်းကြီး ဆွဲဖယ် …င့်တွန်းလိုက်ပြီး မီးတောက်မတတ် အရောင်လက်နေတဲ့ မျက်လုံးအစုံနဲ့ …ကြီး ကြည့်ရင်းက ခြောက်ကပ်ကပ် တစ်ချက်ရယ်လိုက်တယ်။ အင်မတန် …ရကောင်းတဲ့ နှုတ်ခမ်းအစုံကလည်း မဲ့တဲ့တဲ့သရော်ပြုံးမျိုး ပြုံးလိုက်သေး …ယ်။

"မင်း… အတော်လည်တဲ့ မိန်းမ"

မောင့်ဒေါသသံဟာ ကိုယ့်နားထဲကို မိုးခြိမ်းသလို ပထမဦးဆုံး ဝင်လာ …ယ်။ ကိုယ့်အဖို့ ပဟေဠိတွေ ထပ်ဆင့်နေသလိုပါပဲ။ မသိပြီးရင်း မသိ ဖြစ်နေ …တယ်။ ဘာနားလည်ရမှာလဲ ဘာ့ကြောင့်လဲ ဘာတွေလဲ။

မောင့်မျက်လုံးအိမ်ဟာ လည်နေသလိုပဲ။ ဒေါသကြောင့် တစ်မျက်နှာလုံး …ညို့ညို့ ဖြစ်နေတယ်။ ကိုယ့်ရင်ထဲမှာ နင့်နေတယ်။ စကားလည်း တစ်လုံးမှ …မထွက်ဘူး။ ဆို့နေတယ်။ အသည်းနှလုံးရဲ့ ကျဉ်းကျပ်လှုပ်ခတ်မှုကြောင့် …ရည်ပေါက်တွေကတော့ တလိမ့်လိမ့်ကျလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူမှ စာဖတ်သူသို့

အခု ရေးသားတင်ပြထားတဲ့ 'မှတ်တမ်းရှည်' ကို စပြီး ကျွန်မရေးခဲ့တာ (၂၄-၄-၇၀) ရက်နေ့က ဖြစ်ပါတယ်။ အဲဒီနေ့က ကျွန်မနဲ့ ကွဲကွာခဲ့ပြီဖြစ်တဲ့ ခင်ပွန်းသည်တို့ရဲ့ အိမ်ထောင်ရေး ပြဿနာအမှုအခင်း တရားရုံးတင်ကြတော့မယ်ဆိုတဲ့ သတင်းဆိုး သတင်းစာမှာ စပြီးဖော်ပြခံခဲ့ရလို့ ချစ်သမီးနဲ့ ချစ်သားကိုယ်ပွားလေးနှစ်ယောက်ကို တိုင်တည်ဖို့ ရေးခဲ့ပါတယ်။ (၁၅-၁၁-၇၂) ရက်နေ့မှာ ရပ်ထားလိုက်တယ်။ နောက်ပိုင်း ဘာတွေ ဆက်ဖြစ်နေသလဲဆိုတာ အသိပေးရက်တော့လို့ပါ။

ကိုယ့်ရင်သွေးအတွက် ရည်ရွယ်ရေးတာပေမယ့် သူငယ်ချင်းကို ရေးပြတာမျိုးက ပိုပြီး လွတ်လပ်စွာ ရေးနိုင်မယ်လို့ အတွေးဝင်လာတော့ 'သူငယ်ချင်းသို့' လို့ ခေါင်းစဉ်ပေး ဆက်ရေးခဲ့ပါတယ်။ စာမျက်နှာ တစ်ရာ့နှစ်ဆယ်ပါ ဗလာစာအုပ် (၁၂) အုပ် ရှိပါတယ်။ မူရင်းကို လက်နှိပ်စက်နဲ့ စက္ကူမျက်နှာအပြည့်ရိုက်ပြီး သိမ်းခဲ့တယ်။

ကျွန်မရဲ့ ငယ်သူငယ်ချင်းစာရင်းဝင် ဂီတစာဆိုကျော်ဖြစ်လာတဲ့ 'မောင်ကြေးမုံ' က သူစီစဉ်ရေးသားပြီး၊ ဂီတလုလင်မောင်ကိုကို အသံသွင်းအလှဆင်ပေးခဲ့တဲ့ 'လမင်းသာချိန် နေကွယ်ချိန်' တေးသရုပ်ဖော်ကို ကျွန်မကိုယ်ပိုင် ဓာတ်ပြားထုတ်ဝေနိုင်ဖို့ တရားဝင်အသုံးပြုခွင့် မေတ္တာနဲ့ ပေးတဲ့အခါမှာ ကျွန်မ ပြန်ပေးစရာ ဗလာဖြစ်နေတယ်။ သူဟာ 'ပေါ်ဆန်းမွှေး'ကာတွန်းကို ကိုယ်တိုင်ရေးပြီး စာအုပ်ထုတ်သေးတယ်။ ကျွန်မရဲ့ ရင်တွင်းနာ ဒီစာစုရှိတာလည်း သူ သိလေတော့ စာအုပ်တစ်အုပ် အမှတ်တရကျန်အောင် ရိုက်ရမယ်ဆိုပြီး တောင်းလို့ ပေးလိုက်ပါတယ်။ ၁၉၇၃ ခုနှစ် ဇွန်လ (၃၀) ရက်နေ့က



www.burmeseclassic.com

www.burmeseclassic.com



"မင်းညာတယ် မင်းလိမ်တယ် မင်းဟာ မင်းတို့စစ်တပ်ထဲက ဗိုလ်တစ်ယောက်နဲ့ ယူခဲ့ဖူးတယ်လို့ ပြောတဲ့လူက လာပြောနေပြီ နားလည်လား။ ကျုပ်ကိုတောင် မဟုတ်ဘူး၊ ကျုပ်အမေကို လာပြောတာ။ ခင်ဗျားသိတဲ့အတိုင်းပဲ ခင်ဗျားတို့ ဂီတလောကနဲ့ ခင်ဗျားကို ကျုပ်တို့တစ်မျိုးလုံးက အထင်မကြီးဘူး။ အထူးသဖြင့် ကျုပ်အမေကဆိုရင် ခင်ဗျားနဲ့ နည်းနည်းမှ သဘောတူတာ မဟုတ်ဘူး။ ကျုပ်ကသာ ခင်ဗျားကို ချစ်လွန်းလို့ နားမထောင်ခဲ့တာ။ ခုတော့ ခင်ဗျားဟာ ကျုပ်ကို လိမ်ညာပြီး အရယူတာပေါ့လေ ဟုတ်လား" တဲ့။ မကျေမနပ် ဒေါသတကြီး ဆက်ပြောတယ်။

သူငယ်ချင်းရယ်... ချစ်ရတဲ့သူက သူ့ကိုလှည့်စားပြီး လိမ်ညာပြီး အရယူတယ်တဲ့။ ရက်ရက်စက်စက် သူ့စွပ်စွဲချက်ကြောင့် အသည်းကြွေမလောက် ခံစားရပါတယ်။ ရှေ့ရင်ဆိုင်မို့ ကိုယ့်မှာ မျက်ရည်သာ ကျနိုင်စွမ်းတော့တယ်။

"ဘယ့်နှယ်လဲ ခု ခင်ဗျား ဘာမှ မငြင်းနိုင်တော့ဘူး မဟုတ်လား၊ မပြောနိုင်တော့ဘူး မဟုတ်လား၊ ကောင်းပြီ၊ ကျုပ် သွားတော့မယ်၊ နက်ဖြန် မင်္ဂလာဆောင်လည်း ဖျက်လိုက်တော့။ ကျုပ် ဘယ်နည်းနဲ့မှ ခင်ဗျားကို မယူနိုင်ဘူး" တဲ့။

သူက ပြောရင်းနဲ့ အခန်းဝရောက်အောင် လျှောက်သွားတော့မှ သူ့အရှေ့ ဦးအောင် တံခါးဝမှာ ကိုယ်က ပြေးရပ်တားထားရတယ်။

"မောင်... အေး ပြောပါရစေဦး မောင်ရယ်၊ အေး မမျှော်လင့်တာတွေ ကြားရလို့ ချက်ချင်း ပြန်မပြောနိုင်တာပါ။ အေး ပြောပါ့မယ်၊ မောင် နားထောင်ပါဦး" လို့ ငိုရင်းရှိုက်ရင်း တောင်းပန်ရင်းပေါ့ကွယ်။

"ဒီမယ် မအေးမြင့်၊ မူရာမာယာတွေ လုပ်မနေစမ်းပါနဲ့၊ ကျုပ်သွားမယ် လမ်းဖယ်ပေး၊ ဖယ်ပေးဗျာ" နဲ့ ကိုယ့်ကို တွန်းပစ် ဖယ်ပစ်နဲ့ ဇွတ်ပဲလေ။

"မဖယ်နိုင်ဘူး၊ မဖယ်ပါဘူး မောင်ရယ်၊ မောင့်ကို အေး မညာပါဘူး။ အေး ပြောတာလည်း နားထောင်ပါဦး၊ ဟင့်အင်း မဖယ်ဘူး၊ မောင် မသွားရဘူး မောင် ဘယ်မှ မသွားရဘူး" နဲ့ ကိုယ်ကငို အတင်းဖက်၊ မောင်က ရုန်းပေါ့။

ရုန်းရင်း ဖက်ရင်းက လူသိမှာစိုးတဲ့စိတ်ကလေး ပြေးဝင်လာတော့-

"မောင်၊ မောင်ရယ်၊ လူကြီးတွေ သိကုန်ပါတော့မယ်၊ တစ်ဆိတ်ကလေး မောင့်စိတ်ကို အေးအေးထားစမ်းပါ၊ အေး ပြောပါ့မယ်" လို့ ချော့ရပြန်တယ်။

ကိုယ့်မှာ ငိုရလွန်းလို့ မောနေပါပြီ သူငယ်ချင်းရယ်။ ဒါပေမဲ့ ကိုယ်ဖြစ်ခဲ့





ရဲ့အဖြစ်၊ ကြားရတဲ့ ပြဿနာကလည်း ဖြေရမှာ အသည်းနာစရာကောင်းလွန်းလို့ မျက်ရည်က မဆည်နိုင် မတန်နိုင်နဲ့ပါ။ မောင်ကတော့ ကိုယ်ဖက်ထားလို့ မရုန်းနိုင်အောင် ဖြစ်နေတဲ့ကြားက ကိုယ့်ကို စူးစူးစိုက်စိုက် ငုံ့ကြည့်နေတယ်။ မျက်ရည်အသွယ်သွယ်နဲ့ ကိုယ့်ကိုမြင်ပြီး သနားသွားလေသလား၊ မရုန်းနိုင်လို့ မောသွားလေသလားတော့ မသိဘူးလေ၊ ငြိမ်ငြိမ်လေး ဖြစ်သွားတယ်။

"မောင်ရယ်... ထိုင်ပါဦး" လို့ တောင်းပန်တော့ ပြန်ထိုင်နေပါတယ်။ ကိုယ်လေ မောင့်ကိုဖက်ပြီး အားရပါးရ ငိုမိပြန်တာပဲ။

"မောင်... အေးကို တကယ်ခွဲခဲ့တော့မှာလား၊ ခွဲသွားတော့မှာလား"

ထပ်ကာထပ်ကာ မေးနေမိတယ်။ မောင်က ဘာတစ်လုံးမှ ကိုယ့်ကို ပြန်မပြောဘူး၊ သိလား။

"ပြောပါဦး မောင်ရဲ့၊ တကယ်ခွဲခဲ့တော့မလို့လား၊ မောင့်ကို အေး မညာပါဘူး။ သူတို့ပြောတာလည်း မဟုတ်ရပါဘူး။ အေး မောင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ မောင် မသိတော့ဘူးလားဟင်၊ အတူမနေတော့ဘူးလို့ မောင် တကယ်ဆုံးဖြတ်လိုက်ပြီလား" လို့ ဆက်မေးမိပါတယ်။

မောင်က ဘာပြန်ပြောသလဲ သိလား သူငယ်ချင်း။

"ဟုတ်တယ်၊ အတူလည်း မနေတော့ဘူး။ နက်ဖြန် မင်္ဂလာပွဲလည်း တက်နိုင်ဘူး။ ဒါ နောက်ဆုံးစကားပဲ ဆက်မေးမနေနဲ့တော့" တဲ့။

ငိုရလွန်းလို့ မျက်ရည်ခမ်းခဲ့ပါပြီ သူငယ်ချင်း။ မောင်က မမေးနဲ့လို့ဆိုပေမယ့် မေးရပြောရပေဦးမယ်လို့ တွေးနေမိပါတယ်။ နောက်နေ့ အစီအစဉ်တွေ ဖျက်ကုန်မယ်ဆိုရင် မိဘတွေ ဘယ်လောက် အရှက်ရလိုက်မလဲ။ ကိုယ့်ချစ်သူ ကိုယ်ရှာချစ်ခဲ့ ယူခဲ့တာတောင်မှ မိဘက တစ်ရှက်က နှစ်ရှက် ဖြစ်ရတော့မှာပါလားလို့ ရင်ထဲမှာ ပူလောင်လိုက်ရတာ။ လင်တစ်ယောက်ရဖို့အတွက် လိမ်ညာလှည့်ဖြားရမယ့် အလုပ်မျိုးလုပ်တဲ့ မိန်းမလောက် သိက္ခာမဲ့တာ ယုတ်ညံ့တာ သတ္တဝါထဲမှာ မရှိတော့ဘူးလို့ ကိုယ် ယူဆပါတယ်။ လွှမ်းရင်းကပဲ အသေခံလိုက်မယ်။ ဒါမျိုး ကိုယ် ဘယ်တော့မှ မလုပ်ဘူး။ အိုနာကျိုးကန်းတွေတောင် သူ့အိုးနဲ့ သူ့ဆန် တန်တာတော့ ရတာချည်းပါကွယ်။

ခုတော့ ကိုယ် အထင်ခံရပြီ။ မိန်းမမာနနဲ့ အရှက်တရား အပြိုင်အဆိုင် အတွေးပေါ်လာရတဲ့ ကာလပါပဲလေ။ ဒါပေမဲ့ အရှက်အတွက် အသက်နဲ့ သိတတ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ စိတ်မျိုးရှိတဲ့ မိန်းမသားတွေထဲမှာ ကိုယ်လည်း ပါနေတယ်။ လောလောဆယ် အရှက်မရဖို့က အခြေအနေအရ အရေးကြီးတယ် မဟုတ်လား သူငယ်ချင်း။ ဒီတော့ ထင်ချင်သလို ထင်ပါစေတော့ဆိုတဲ့ အတွေးနဲ့-

"ကောင်းပါပြီ၊ မောင်က အေးအပေါ်မှာ မယုံကြည်နိုင်ပါဘူး။ မသတီနိုင်ဘူးဆို မောင့်သဘောအတိုင်း ရှိပါစေတော့လေ။ ဒါပေမဲ့ အေးချစ်ခဲ့တာတွေ၊ စွန့်စားခဲ့ရတာတွေကို ထောက်ထားပြီး နှမလေးတစ်ယောက်လို သဘောထားရင်းနဲ့ အေးမိဘတွေနဲ့ အေး အရှက်မရလေအောင်၊ နက်ဖြန် မင်္ဂလာပွဲ မပျက်ရအောင်တော့ နေပေးပါ။ ဒီကိစ္စပြီးတဲ့အချိန်မှာ မောင် စိတ်ချမ်းသာမယ် ထင်သလို ဆက်လုပ်ပါတော့" လို့ တောင်းပန်ခဲ့ရပါတယ်။

မောင်က ဘာမှ ဆက်မပြောတော့ဘဲ အိပ်ရာထဲ သွားလှဲအိပ်နေတယ်။ ဒီတော့မှ နက်ဖြန် အဆင်ပြေရင် တော်ပါပြီလေလို့ စိတ်ကို ဖြေလိုက်ရတယ် သူငယ်ချင်း။ ပြီးမှ မောင့်အနားမှာ အသာလေးဝင်လှဲရင်း ကိုယ့်ကုသိုလ်ကံ ဆိုးလှချေရဲ့လို့ တွေးမိပြီး ဝမ်းနည်းအားငယ်ရလွန်းတယ်။ မိဘတွေသိရင် ဘယ်လိုပြောရပါ့မလဲနဲ့ ရင်လေးတယ်။ စောစောက သောကရောက်လွန်းလို့ ပျောက်သွားတဲ့ မျက်ရည်လမ်းစ ဘယ်ကပြန်စတယ် မသိပါဘူးကွယ်။ ခေါင်းအုံးလေးပေါ် ပေါက်ခနဲ ပေါက်ခနဲ ကျနေတော့တယ်။ ရှိုက်သံမထွက်ရအောင်လည်း ကြိတ်ထားရသေးတယ်။ မောင် အိပ်များ ပျော်နေရင် နိုးမှာစိုးလို့။

မျက်ခမ်းနှစ်လွှာ ယှက်ထားမိပေမယ့် မျက်တောင်လေးတွေကြားက မျက်ရည်ဥလေးတွေ စီးကျနေတယ်။ ညင်ညင်သာသာကလေးရယ်၊ ကိုယ့်ကိုယ်ကိုယ် လှုပ်မိမှာတောင် စိုးပါတယ်။ ရင်ထဲမှာ ကျဉ်နေတာပဲ။ ဘယ်လို ဝမ်းနည်းတာမျိုးနဲ့မှ မတူပါလားကွယ်။ အိပ်လည်း မအိပ်နိုင်ဘူးလေ၊ မောင် ခွဲသွားတော့မယ်ထင်ပါရဲ့ဆိုတဲ့ အတွေးလေးက အသည်းနှလုံးကို နှိပ်စက်ကလူပြုနေကြတယ် မဟုတ်လား။ မောင်ကလည်း အိပ်ပျော်ဟန် မတူပါဘူး။ ကိုယ်ဖြင့် ထပ်ပြီး မောင်စိတ်ဆိုးမှာစိုးလွန်းလို့ လှည့်တောင် မကြည့်ဝံ့ပါဘူး။

ရင်ထဲမှာ မခံစားနိုင်တော့ ရှိုက်သံကလေးတွေ ထွက်လာလိုက်၊ မောလာတော့ ပြန်ပျောက်သွားလိုက်၊ ကြာတော့ မျက်ရည်ပါ ခန်းသွားတယ်။ မထူးတော့ပါဘူးလေ၊ အိပ်ပါတော့မယ်လို့ ကိုယ့်စိတ်ကိုဆုံးမ၊ ကုသိုလ်ပေါ့လို့ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်စိတ်ပြေရာတွေးရင်းနဲ့ ငိုက်မျဉ်းစပြုလာတော့ ကိုယ့်ဘေးက လှုပ်ရှား





သံကြားရတယ်။ ကိုယ့်နဖူးပေါ်မှာ ဝဲကျနေတဲ့ ဆံနုလေးတွေကို လက်နုနုအေးအေးကလေးနဲ့ ဖယ်ရှားသပ်တင်ပေးနေတာကိုလည်း သိနေရတယ်။ ကိုယ့်ပါးပြင်ပေါ်က မခြောက်တတ်သေးတဲ့ မျက်ရည်စတွေကို တယုတယလေး သုတ်ပေးနေတာလည်း သိနေတယ်။ နဖူးပြင်ကို နှုတ်ခမ်းဖွဖွလေးတစ်ရုံ ထိတွေ့နေပါလားလို့ သိနေပါတယ်။

မောင့်အနမ်းက နွေးနွေးထွေးထွေးလေးပေမယ့် ကိုယ့်ရင်ထဲမှာတော့ အေးစိမ့်သွားတာပါပဲကွယ်။ ဒီတော့ မျက်ရည်တွေက သွယ်တန်းစီးကျလာပြန်ရော။ ဝမ်းသာလို့လား၊ ဝမ်းနည်းလို့လား ခုထိ ကိုယ့်မှာ မခွဲခြားတတ်နိုင်ဘူး။

"သက်ရယ် မအိပ်သေးဘူးလားကွယ်" ဆိုတဲ့ မောင့်သကာစကား ကြားလိုက်ရတော့မှ ကိုယ်က အသာအယာမျက်လွှာပင့်ပြီး ကြည့်ဝံ့တယ်။

မောင့်မျက်နှာက ငွေဝန်းလသွင် ကြည်လင်သန့်စင်လွန်းလှပါဘိ။ တစ်ယောက်ကိုတစ်ယောက် ကြည့်နေလိုက်ရတာ အားမရသလိုပါပဲ။ မောင့်မျက်လုံးက ပြုံးလို့နေတယ်။ ကိုယ့်မှာတော့ ပြုံးပြဖို့ရာ အင်အားမရှိတော့ပါဘူးကွယ်။

"အေး အချစ်ရယ် မငိုပါနဲ့တော့ကွယ်၊ အေးကို မောင် သိပ်ချစ်တယ်။ အေးချစ်တာလည်း မောင်သိပါတယ်၊ မောင့်ကို ခွင့်လွှတ်ပါနော်၊ မောင်က တစ်ခါတစ်ခါ ဒီလိုပဲ စိတ်က လွတ်လွတ်သွားမိတယ်၊ မောင်ပြောတာတွေ မေ့လိုက်တော့ နောက် သူများပြောတာတွေကို မယုံကြည်မိအောင် မောင် ကြိုးစားမယ်၊ အေး စိတ်မချမ်းသာအောင် မလုပ်တော့ပါဘူး၊ အေးကို မောင် မခွဲနိုင်ပါဘူး တိတ်ပါတော့" လို့ ကြည်ကြည်သာသာ ချစ်စရာပြောပြန်တော့ ကိုယ်က ဘာများပြောနိုင်ပါတော့မလဲ သူငယ်ချင်း။ မောင့်ရင်ခွင်မှာ ခိုဝင်တိုးဝှေ့ရင်း ခွင့်လွှတ်ပါကြောင်း မျက်ရည်နဲ့ သက်သေပြလိုက်ရတယ်ပေါ့။

မနက်ကျတော့ ကိုယ့်အစ်ကိုကြီးတစ်ယောက်လို ခင်မင်အားကိုးရတဲ့ အစ်ကိုက သူ့ကားလေးနဲ့ ကိုယ်တို့နှစ်ယောက်ကို လာခေါ်တယ်။ အစ်မလိုခင်တဲ့ ရုပ်ရှင်မင်းသမီး ပြုံးပြုံးကြည်က ဖြီးလိမ်းပြင်ဆင်ပေးတယ်။ ဆန်းကဖီး ညည့်ခံပွဲနေရာကို ဆယ်နာရီလောက် ရောက်ကြတော့ မောင့်သူငယ်ချင်းတွေ၊ မောင့်ဖေဖေရဲ့ မိတ်ဆွေတွေ၊ ကိုယ့်သူငယ်ချင်းတွေ၊ ဂီတညီအစ်ကို မောင်နှမတွေနဲ့ ရင်းနှီးတဲ့ လူကြီးသူမတွေ အများကြီးလာကြတာ တွေ့ရတာပေါ့။

ဒီလောက်များတဲ့လူတွေ ရှေ့မှာ ချစ်တဲ့သူနဲ့ တတွဲတွဲနေရတာ၊ နှုတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ညည့်ခံစကားပြောရတာအတွက် ပျော်မိ ကြည်နူးမိကြောင်း ဝန်ခံရမှာပဲသူငယ်ချင်း။ ချစ်တဲ့သူနဲ့အတူ ပေါင်းသင်းရတဲ့ ကုသိုလ်ကလည်း ထူးပါပေတယ်လို့ တွေးပြီး ပီတိကိုဖြစ်လို့။

အားလုံးက "ကလေး လင်မယား" ရယ်လို့ ကောက်ချက်ချကြတာပေါ့။ ချစ်စနိုး ရက်စနိုးစရာလေးတွေဖြစ်အောင် ကျီစယ်ကြ ပြောကြ၊ ကိုယ့်သူငယ်ချင်း တစ်သိုက်ကတော့လည်း ဘာရယ်မသိ ငိုကြ ရယ်ကြနဲ့ ဆိုတာလည်း ကိုယ် မှတ်မိပါသေးတယ်။

အဲဒီနေ့မှာ မောင်က ရှင်အင်္ကျီအဖြူ ရုပ်စကင် တိုက်ပုံခရမ်းနုနုနဲ့ ဘန်ကောက်လုံချည် နံ့သာရောင်အကွက် ဝတ်ခဲ့တယ်။ ကိုယ်က အနီခံမှာ ရွှေငါး ရောင်ပန်းခက်တွေ ဖော်ထားတဲ့ ဘရိုကိတ်လုံချည်နဲ့ အဲဒီအချိန်က ခေတ်စားခဲ့တဲ့ ရွှေဇာဖျင်အင်္ကျီ၊ ပဝါတွေ ဆင်ပြင်ထားခဲ့တယ်၊ ခပ်ရိုးရိုးပါပဲ။

ကိုယ်စိတ်ကူးယဉ်ခဲ့တုန်းကတော့ မောင်က တောင်ရှည်ပုဆိုးနဲ့၊ တိုက်ပုံ ခေါင်းပေါင်းနဲ့။ ကိုယ်က ထိုင်မသိမ်းနဲ့ ဗလာထဘီနဲ့ ဘီးဆံထုံးကြီး ထုံးမယ်ပေါ့။ တကယ်မင်္ဂလာရက်ကျတော့ ဒါတွေ မဖြစ်တော့ဘူးလေကွယ်။ အားလုံး ငွေကြေး ကာအစ အဆင်ပြေအောင် ဖန်တီးစီစဉ်ကြရတော့ စိတ်ကူးတွေကို စိတ်ကူးထဲမှာ ထားခဲ့ရတာပဲ သူငယ်ချင်း။

ငွေကြေးကိစ္စကလည်း တစ်ပိုင်းပေါ့လေ။ ဒါ တစ်မျိုးကောင်းတာပါပဲ။ မောင်က တောင်ရှည်ဝတ်ရမှာ ရှက်စနိုးလှချေလို့ ပြောတယ်လေ။ ဒီတော့လည်း ကိုယ်က သူ့အကြိုက်သည်သာ ပထမဖြစ်နေတော့ အတော်ဖြစ်သွားတာပေါ့ကွဲ။ ကိုယ်တို့ ပြန်ခဲ့ကြလို့ ဖြတ်လာရတဲ့အခန်းပေါက်တိုင်း၊ လှေကားထစ်တိုင်းမှာ သူငယ်ချင်းတွေ လူနိုင်တွေက အဆင့်ဆင့် ရွှေကြိုး ငွေကြိုး တားကြ ပျော်ကြ ကျီစယ်ကြ စကြနဲ့။

အိမ်ရောက်တော့လည်း အိမ်က ညည့်ချိန်နဲ့ ဆက်နေတယ်။ ည (၈) နာရီ ကျော်မှ ညည့်သည် စဲတော့တယ်။ တစ်နေ့လုံး ပျော်စရာတွေချည်း ကြုံနေပေမယ့် ညည့်သည်တွေကြားမှာ နေနေရတော့ ငြီးစီစီကြီး ဖြစ်နေတယ်။

ကိုယ် ဒီလိုခံစားနေရပေမယ့် မောင် နေကောင်းရဲ့လား၊ သိပ်နွမ်းနယ်ရှာ မလားနဲ့ မျက်နှာလေး လှမ်းလှမ်းကြည့်ရတာ အမော။ ကိုယ့်ကိုယ်ကိုယ်ထက် သူ့အတွက် ပိုပြီး စိုးရိမ်သောကဝင်နေမိတယ်။ မောင်က လူများများနဲ့ မနေတတ် မနေဖူးဘူး မဟုတ်လား။





အားလုံး အေးအေးချမ်းချမ်း အဆင်ပြေတာကိုပဲ ဝမ်းသာနေရသေးတယ်။ ကိုယ်တို့ အိပ်ရာခမ်းနား ခန်းဝင်ပစ္စည်းဆိုတာ မရှိသလောက်ပါ သူငယ်ချင်း။ ညည့်ခံပွဲအတွက် အလေးပေးရတော့ တစ်ဖက်က လျှော့ရတာပေါ့။

ဒီတော့ ကိုယ်တို့ အိမ်ထောင်ဘဝ သုညကစတယ်လို့ သတ်မှတ်ချင်လည်း သတ်မှတ်ပေါ့ကွာ။ ကိုယ့်အဖို့တော့ ဂုဏ်လည်းမလို ငွေလည်းမလို ရာထူးလည်း မလို ဘာဆို ဘာမှ မလိုပါဘူး။ ချစ်တဲ့သူနဲ့ စိတ်အေးချမ်းသာ ချစ်ကြနေကြရဖို့ပဲ လိုတယ်ဆိုတဲ့ စိတ်ပဲ ရှိပါတယ် သူငယ်ချင်း။

တစ်နေ့လုံး အနှောင့်အယှက်ကင်းခဲ့ပေမယ့် အိပ်ရာဝင်ချိန်ရောက်တော့ နေ့ညကကိစ္စတွေ ပြန်သတိရတယ်။ မောင် ဘယ်လိုများ ဆုံးဖြတ်မလဲ၊ ဘာပြော မလဲ စိုးရိမ်လာပြန်တယ်။ မောင့် ကြည်ကြည်သာသာ အမူအရာတွေ့မှ သက်မ ချနိုင်တော့တာပဲ။ ဒါပေမဲ့ စိတ်ဆိုတဲ့အရာဟာ ဘယ်လောက်ခက်လိုက်ပါသလဲ။

"မောင်... ပြန်မလို့ဆို" လို့ လွှတ်ခနဲ ပြောလိုက်မိသေးတာ။ မောင်က ပြုံး အံ့အားကိုသင့်လို့ပဲ။

"အေး ဘယ်လိုမေးလိုက်တာလဲဟင်၊ မောင့်ကို စိတ်ဆိုးတုန်းပဲလား၊ ခွင့်မလွှတ်နိုင်သေးလို့လား။ မောင့်စိတ်ကို အစိုးမရတဲ့အချိန်မျိုးမှာမို့ ဖြစ်မိပါတယ် လို့ မောင် ညက ပြောပြီးပြီ။ မောင် ဒီလိုပဲ ဖြစ်တတ်တာလည်း အေး အသိသား နဲ့ကွာ" လို့ ပြောပါတယ်။

ကိုယ်မေးမိတာနဲ့ ပတ်သက်လို့ မောင်က ဘယ်လို ထင်မယ်လို့တော့ ကိုယ်မသိနိုင်ဘူးပေါ့။ အမှန်က မောင့်ကို ဦးစားပေးလိုက်တာပါပဲ သူငယ်ချင်း။ မနေ့ညက ပြန်မယ်လုပ်တော့ ကိုယ်က တောင်းတောင်းပန်ပန် နေခိုင်းထားခဲ့ရတာ မဟုတ်လား။ တောင်းပန်တဲ့အတိုင်း မောင်က နေပေးခဲ့ပြီ။ ဒီတော့ မောင် စိတ် ချမ်းသာမယ်ထင်တာ လုပ်ပါစေတော့လို့ စိတ်လျှော့လိုက်တာပါပဲ။ ကိုယ်က မှတ်တားလို့ တောင်းပန်လို့ မယုံမကြည် သံသယကြီးနဲ့ အတူနေခဲ့ရမယ်ဆိုရင် နှစ်ယောက်လုံး စိတ်ညှဉ်းဆဲတာ ခံရမှာပဲ။ အဓိပ္ပာယ်လည်း မဲ့မှာပဲ။ တစ်သက် လုံး စိတ်ချမ်းသာမှာ မဟုတ်ဘူး။ ဒါ့ကြောင့် ပြောရတာပါ။

ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်နေတော့ "အေး၊ မောင် ဘယ်သူ့စကားမှ မယုံတော့ပါဘူးလို့ ညက ပြောပြီးပြီလေ။ အေးက စိတ်မကျေသေးဘူးလား။ ဒါဖြင့် ခု ထပ်ပြီးပြောဦးမယ်၊ မောင် ဘယ်တော့မှ အေးကို ခွဲနိုင်မှာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



မောင် အေးကို ချစ်တယ်၊ အေးက မောင့်ကို နားလည်တယ်၊ ခွင့်လွှတ်နိုင်တယ် ဆိုတာလည်း မောင် သိတယ်။ နောက် စိတ်မကောင်းစရာတွေ မတွေးနဲ့တော့၊ မေ့လိုက်တော့နော်'' လို့ မောင်က နောင်တရနေတဲ့ လေသံမျိုးလေးနဲ့ ဆက်ပြောပါတယ်။

မောင့်ဆီက ဒီစကားမျိုးလေးတွေ ကြားလိုက်ရတဲ့ ကိုယ့်အဖို့ ဘယ်လောက် စိတ်ချမ်းမြေ့သွားမလဲဆိုတာ သူငယ်ချင်း တွေးကြည့်ပေတော့။ ရင်ထဲငြိမ်းချမ်းသွားလိုက်တာ။ ဘယ်လိုလဲ ကိုယ်မပြောပြတတ်တော့ဘူး။ အချစ်တွေလည်း ပိုမိပါတယ်။ သနားကရုဏာစိတ်လည်း ထားရတယ်။

ဩော်- မိတကွဲ ဖတကွဲ နေရရှာတဲ့ မောင့်ဘဝကို သာယာပါစေ့မယ်။ မောင် မခံစားရတဲ့ မိခင်ရဲ့ အနွဲ့အတာ၊ အစ်မကြီးရဲ့ ကြင်နာယုယမှု အရာတွေလည်း ရပါစေ့မယ် မောင်ရယ်လို့ ကိုယ့်ရင်ထဲက ပြောပြနေမိတယ်။

ကိုယ်တို့နှစ်ယောက် သိပ်ချစ်ကြပါတယ်။ ဒါပေမဲ့ မောင့်အကြောင်းက မင်းသိပြီးတဲ့အတိုင်းပေါ့ကွာ။ ခက်တယ်၊ မဆင်ခြင်ဘူး၊ အတွေးခေါင်လွန်းတတ်တယ်၊ တစ်ခွန်းကလေး စကားအမှားမခံဘူး၊ ပျော်တုန်းရွှင်တုန်း နောက်ပြောင်ကျီစယ် ကယုကယင်နေရင်းကပေမယ့် အမိပ္ပာယ်အမျိုးမျိုး ကောက်လို့ရတဲ့ စကားမျိုးသာကြား ဒေါသက ရှေ့ထားပါရော။

ကိုယ်ကလည်း ဒါကို အကြောက်ဆုံး။ စကားပြောရတာကိုပဲ သိပ်သတိထားနေရတာ၊ စိတ်ကျဉ်းကျပ်တဲ့ ဒုက္ခလေးပေါ့ကွာ။

စိတ်ထဲမတွေ့တဲ့အချိန်မျိုးမှာ အရင်က ကိုယ်နဲ့ အဆက်အသွယ်ရှိဖူးတယ်လို့ထင်တဲ့ အမျိုးသားတစ်ယောက်ယောက်များ အိမ်ရှေ့ကဖြတ်သွားရင် ''မအေးမြင့်ရေ၊ ခင်ဗျားယောကျ်ား လာနေပြီ၊ လိုက်သွားလေ၊ ထွက်မတွေ့တော့ဘူးလား'' နဲ့ အကြောင်းမဲ့ ရန်ထောင်ချင်ထောင်တတ်တော့ သိပ်စိတ်ညစ်ရတယ်။

ဒါမျိုးတွေ ကြုံဖန်များလာတော့ ကိုယ် စိတ်မချမ်းသာနိုင်တော့ဘူးကွယ်။ ဒါပေမဲ့ ကိုယ့်ကိုချစ်လွန်းလို့ သဝန်တိုတာလို့ပဲ ဖြေရတယ်။ ကိုယ်ကလည်း ပွင့်လင်းခဲ့သကိုး။ ကိုယ့်အပေါ် သံသယလုံးဝမဝင်စေချင်တော့ ချစ်သူတွေဘဝမှာကတည်းက ကိုယ့်ကို ဘယ်သူက စာပေးဖူးတယ် ဘာပြောဖူးတယ်ဆိုတာတွေ အသိပေးပြောပြခဲ့မိတယ်လေ။ ကိုယ်ကတော့ ယုံပါစေတော့လို့ ရည်ရွယ်တာ အခုတော့ ကိုယ့်အတွက် ထောက်ပြစရာအဖြစ်ကို ဖြစ်လို့၊ ဟင်း… အနည်းမထိုင်





သေးတဲ့အရွယ်၊ စိတ်ဓာတ်မရင့်ကျက်သေးတဲ့အရွယ်မို့ မဆင်ခြင်တတ်တာဘဲလေလို့ သဘောပိုက်ပြီး ခွင့်လွှတ်လိုက်ရတာပါပဲ။

ချစ်သူဘဝအစက သူ ဒီလို မဟုတ်ပါဘူး။ သိပ်ချစ်လာကြတဲ့အထိလည်း မပြောင်းလဲသေးပါဘူး။ မဆိုးခဲ့ပါဘူး။ မင်္ဂလာဆောင်မတိုင်ခင်တစ်ရက်က ဗြဿနာကြီးကြောင့် ပိုဆိုးလာတယ်ဆိုတာတော့ သဘောပေါက် နားလည်နေခဲ့ပြီ သူငယ်ချင်း။ လူတွေပြောလေ့ပြောထရှိသလိုဆိုရရင် ''ဦးကျိုးသွားတယ်'' လို့ပဲ ပြောရမယ်ပေါ့။ ကိုယ့်အတွက် ''လင်နေစ ဆင်သေမှ'' မဖြစ်လို့ မဖြစ်ခဲ့ရပေမယ့် သူ့အတွက်ကတော့ ''မယားနေစ ကြောင်သေမှ'' ဆိုတာမျိုး ဖြစ်ခဲ့တာကံသီလို့ ကံမကုန်သေးလို့ မကွဲတာလို့တောင် ပြောလို့ဖြစ်သေးတာပေါ့။ ဦးကျိုးတဲ့သဘောလား ဘာလားတော့ ကိုယ်မတွေးတတ်ပါဘူး။ ဟုတ်ချင်လည်း ဟုတ်မှာပါပဲ။ ကိုယ်ဟာ နေရာတကာ အားလျော့ အားငယ်စိတ်ဝင်နေမိတာတော့ အမှန်ပဲ သူငယ်ချင်း။

အဆိုးဆုံးကတော့ သူ့အမေအိမ်ကို အလည်အပတ်သွားပြီး ပြန်ရောက်တဲ့အချိန်ပါပဲ။ ပြန်လာတိုင်း တစ်ခါမှ ကြည်သာတယ် မရှိပါဘူး။ ခက်တာက မသွားပါနဲ့လို့လည်း သူ့အမေနဲ့သူ့သား ဘယ်တားလို့သင့်မလဲ။ မတားလို့ သွားတော့လည်း ပြန်တာနဲ့ တစ်ခုမဟုတ် တစ်ခု ကိုယ့်မှာ အပြစ်မလွတ်အောင်ချည်း ဖြစ်ရတော့ စိတ်ပျက်စရာပေါ့ကွယ်။ ဒါပေမဲ့ မတတ်နိုင်ဘူး။ ချစ်ရတော့လည်း ခွင့်လွှတ်မြဲ သည်းခံမြဲပါပဲ။

တစ်ခါတလေတော့လည်း မောင်တစ်ယောက်တည်း လွှတ်လိုက်တာထက်စာရင် နှစ်ယောက်သွားတာ ကောင်းမယ်ထင်လို့ တွေးမိလို့ အတူလိုက်သွားကြည့်ခဲ့ဖူးပါတယ်။ ဒါလည်း မထူးခြားပါဘူးလေ။ အပြန်လမ်းကျရင် ကတောက်ကဆတ်ဖြစ်ရတာပါပဲ။ မောင်က စိတ်ဆိုးရင် ရိုက်တော့ မရိုက်ပါဘူး။ ဒါပေမဲ့ တွန်းပစ်လိုက်တာတို့ အသည်းနိုက်မလောက် နာလာအောင် လက်နဲ့ ညှစ်တာတို့တော့ ရှိတယ်။ တစ်ခါတလေတော့လည်း လက်သီးကလေး ဘာလေး သုံးတာပေါ့လေ။

မိဘလက်ထဲတုန်းကတော့ မေမေက တစ်ခါတလေ ရိုက်တယ်။ ဖေဖေကဆို ကိုယ့်တစ်သက်လုံး တစ်ခါမှ တစ်ခါတည်းပဲ ရိုက်ဖူးတာ။ ကိုယ်နားလည်အောင် စကားနဲ့သာ အဆုံးအမခံခဲ့ရတာဆိုတော့ အသားနာတာ မခံနိုင်ဘူးကွာ။ လျှော့တဲ့ဘက်ကပဲ ကိုယ်နေခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေအိမ်ကနေ ကိုယ်တို့အိမ်ကို ဖြတ်ဖြတ်ပြီး ပြန်လေ့ရှိတဲ့ ကွင်းပြင်ကြီးထဲမှာ မောင်က စိတ်ဆိုးပြီး တွန်းပစ်ခဲ့လို့၊ ထွက်သွားတတ်လို့ မှောင်မှောင်မည်းမည်း တစ်ယောက်တည်းကျန်ခဲ့ရတဲ့အဖြစ်ကို မကြာခဏကြုံရတတ်ပါတယ်။

ကိုယ်တို့နေကြတာကလည်း ကိုယ့်မိဘများရဲ့အိမ် မဟုတ်လားကွယ်၊ ကိုယ်တို့ မသင့်မြတ်ကြဘူး၊ စကားများကြ၊ ဆွဲရုန်းနေကြတာသိရင် မိဘတွေ ပါလာတော့မယ်။ စိတ်ဆင်းရဲကြလိမ့်မယ်လို့ တွေးပူမိသေးတာကလား။

ဒီတော့ တွန်းတွန်းထိုးထိုး သည်းခံရတယ်။ မျိုသိပ်ရတယ်။ အသံတို့ မထွက်ဝံ့ဘူး။ ရန်ဖြစ်နေတုန်း အပြင်ကခေါ်သံကြားတယ်ဆိုရင်လည်း ဘယ်လောက် စိတ်ထိခိုက်နေနေ၊ ငိုဟယ်၊ ရယ်ဟယ် ဖြစ်နေပါစေ ကမန်းကတန်း မျက်ရည်လေးသုတ်၊ ပေါင်ဒါလေးဖို့ပြီး အပြုံးမပျက် ထွက်ရတယ်၊ ပြောဆိုဆက်ဆံခဲ့ရတယ်။

ဒါပေမဲ့လေ ကိုယ်တို့ကိုတောင်မှ ဒီအသက် ဒီအရွယ်ရောက်အောင် ကျွေးမွေးပြုစုလာခဲ့ရတဲ့ လူကြီးတွေပဲကွာ၊ ကြာတော့ သိတာပေါ့။ သိပေမယ့်လည်း ဘာမှ ဝင်မပြောကြပါဘူး။ မသိသလို နေပြကြတာပါ။ ဝင်ပါကြရင်လည်း ကိုယ်သာ လင်သားနဲ့ မိဘကြားမှာ ဗျာများရမယ်ဆိုတာ တွေးမိကြမှာပေါ့။ အရိပ်အကဲ အမြဲစောင့်ကြည့်နေကြတယ်ဆိုတာ သိလို့လည်း ကိုယ်က ပိုပြီး ထိန်းသိမ်းနေရ၊ အားလုံးပြေလည်အောင် နေရတော့တာပဲ။

တစ်နေ့တော့ ပြဿနာတစ်ခု ဖြစ်ပြန်တယ် သူငယ်ချင်း။ ကိုယ်တို့ အိမ်ထောင်သက် သုံးလလောက်ပဲ ရှိဦးမယ်ထင်ပါရဲ့။ ညနေစောင်းကလေးမှာပေါ့ကွာ။ မောင်က သူ့ဖေဖေကျောင်းကို သွားလည်တယ်။ ပြီးတော့ ကိုယ့်ကို ခေါ်ခိုင်းလိုက်တယ်။ ခါတိုင်းတော့ အတူသွားနေကျပါပဲ။

အဲဒီနေ့ကတော့ ကိုယ်တို့ မင်္ဂလာဆောင်တုန်းက ကားနဲ့လိုက်ပို့ပေးတယ်လို့ ပြောပါကောလား။ အေး အဲဒီအစ်ကို လာလည်တာနဲ့ ကိုယ်က အိမ်မှာ ကျန်ခဲ့တာ။ ဒါပေမဲ့ ခေါ်တယ်ဆိုတော့ ချက်ချင်းလိုက်သွားရတာပေါ့။

မောင်က သူ့ဖေဖေအိပ်ခန်းက အိပ်ရာပေါ်မှာ ထိုင်နေတယ်။ မျက်နှာအမူအရာ မပျက်ပေမယ့် မောင့်မျက်လုံးတွေက အရည်လည်ပြီး တောက်နေတယ်။ ဒါဆို ကိုယ်က သိနှင့်ပြီလေ။ မောင် မကျေနပ်စရာ တစ်ခုခုတော့ ရှိပြီလို့။ ကိုယ်လည်း မြင်ရတာ ဟန်ပုံမပေါက်ပေမယ့် လာမယ့်ဘေး ပြေးတွေ့ရတာပဲ သူငယ်ချင်းရေ။





"မောင်… ခေါ်တယ်ဆို" လို့ ခပ်ရွှံ့ရွှံ့ပဲ မေးလိုက်တယ်။ မောင်က ...တတ်တယ် အေး၊ မောင့်ကို ဘယ်လောက်ချစ်သလဲဆိုတာ မေးမလို့"တဲ့။

ဒီလို ကြားရတော့မှ တော်ပါသေးရဲ့လို့ သက်ပြင်းချမိပါတယ်။ ဒီတော့ ...ည်း ရယ်ရယ်မောမောပဲပေါ့။

"ဒါများ အဆန်းလား မောင်ရယ်၊ နေ့တိုင်း ချစ်တယ် ချစ်တယ်လို့ ...နေကြတာပဲ မဟုတ်လား" လို့ ဆက်ပြောမိတော့-

"အေး ချစ်တာ မောင် သိပါတယ်။ ခုဟာက မောင် သိချင်တာလေး ...အလို့ပါ။ အေး အမှန်အတိုင်း ဖြေမှာလား" လို့ မေးနေပြန်တယ်။ ကိုယ်က ...ဘာပြောရမှာလဲကွယ်၊ ဖြေမှာပေါ့"လို့ပဲ ပြောရတာပေါ့။

မောင်က ဘာမေးသလဲ သိလား။

"အေး ဟိုလူနဲ့ ချစ်နေတုန်းက တွေ့ခဲ့ကြဖူးသလား၊ ဘယ်မှာ တွေ့ကြ...လဲ" တဲ့။

မောင့်အမေးကြားရတာ ရန်ဖြစ်ဖို့တော့ စပြန်ပြီဆိုတဲ့အသိ ဝင်လာလို့ ...မချမ်းသာတော့ဘူးကွာ၊ ဒါပေမဲ့ ကိုယ် အမှန်အတိုင်း ဖြေခဲ့ပါတယ်။

"တွေ့ဖူးတယ်၊ ချိန်းတွေ့တာမျိုးတော့ မဟုတ်ဘူး၊ ဈေးသွားရင်း ကျောင်း...ရင်းနဲ့ လမ်းကြုံနေတာပဲ။ တစ်ခါတလေ ဝင်လည်တာမျိုးပဲ။ နှစ်ယောက်တည်း ...က်သက် တွေ့တာမျိုးတော့ မရှိပါဘူး။ သူ နေတာကိုက သူ့အစ်ကိုတစ်ဝမ်းကွဲ ...င်မယားနဲ့ အတူနေတာပဲ။ မောင်က ဘာဖြစ်လို့ မေးတာလဲ" လို့ အဖြေတစ် ... အမေးတစ်ဝက် စကားပြောလိုက်တော့ မောင်က ဘာမှ ပြန်မပြောပါဘူး။ ...းရုပါးရ ရယ်ရင်းနဲ့ ကိုယ်ရပ်နေတဲ့အနားကို လျှောက်လာတယ်။

ကိုယ်ကလည်း အမှန်အတိုင်း ပြောတာပဲ။ မင်း ယုံချင်ယုံ မယုံချင်နေ ...တဲ့ စိတ်ထားမျိုး၊ မျက်နှာမျိုး၊ ပုံစံမျိုးနဲ့ ပြန်ကြည့်နေတယ်။ ရင်ထဲမှာတော့ ...ဒိန်းဒိန်းနဲ့ နှလုံးအခုန်မြန်နေတာ အမှန်ပဲ။

ကိုယ့်အနားရောက်တော့ ရပ်လိုက်ပြီး- "ဒါဖြင့် ခင်ဗျား တော်တော် ...ခဲ့မှာပေါ့နော်"

လို့ ပြောပြောဆိုဆို ကိုယ့်ပါးကို ဖြန်းခနဲနေအောင် ရိုက်လိုက်တယ်။ ...ယ့်မှာတော့ လဲကျသွားတော့မလောက် ယိုင်သွားတာပဲလေ။

ကိုယ့်ဘဝမှာ ပထမဆုံးအကြိမ် ပါးရိုက်ခံရခြင်းပါပဲ သူငယ်ချင်း။ ပါးရိုက် ...ရတာအတွက် ရှက်လို့လား၊ ဒေါသဖြစ်လို့လား၊ နာကြည်းမိသွားလို့လားတော့

www.burmeseclassic.com



မပြောတတ်ဘူး။ ကိုယ် မျက်ရည်တစ်စက်မှ မကျခဲ့ဘူး။ ချက်ချင်းပဲ လှည့်ပြီး ထွက်ခဲ့မိတော့တယ်။ ကျောင်းအတွက် အဝင်တံခါးက လွန်လို့ လမ်းပေါ်ရောက်တာနဲ့ အိမ်လည်လာတဲ့ အစ်ကိုကြီး ရပ်နေတာ တွေ့လိုက်ရတော့ ကိုယ့်မျက်နှာလေး ပြင်ပြီး ဣန္ဒြေဆည်လိုက်ရတယ်လေ။

"ပြန်တော့မလို့ဟ မိအေးရ၊ ညည်းတို့ လင်မယားဆီ လာနှုတ်ဆက်မလို့။ ဟိုချာတိတ်ကော" လို့ ကိုယ့်ကို လှမ်းပြောရင်း ကိုယ့်မျက်နှာ အသေအချာကြည့် အကဲခတ်နေတာ ကိုယ် သိပါတယ်။

"ညီမ စိတ်ချမ်းသာရဲ့လား၊ အဆင်ကော ပြေကြရဲ့လား" လို့ ဆက်မေးတယ်။ "အဆင်ပြေပါတယ် အစ်ကို၊ ဘာလို့ မေးရတာလဲ" လို့ မလုံမလဲ ကိုယ်က ပြန်ဖြေမိတော့-

"မညာပါနဲ့ ညီမရာ၊ အခုပဲ ရန်ဖြစ်လာသေးတယ် မဟုတ်လား၊ အဲဒါ အစ်ကိုကြားတာနဲ့ ကျောင်းဝင်းထဲ ဝင်မလာတာ။ လက်သံပြောင်လိုက်တာလည်း ကြားရတာပဲ။ ဟုတ်တယ် မဟုတ်လား၊ ညည်းတို့ဟာတွေကလည်း ဘာမှန်းမသိဘူး။ ကိုင်း အခု ညီမ ဘယ်ခိုက်မိသွားတုံး" လို့ ညည်းလည်းညည်း မေးလည်းမေးနေတော့ ငြင်းလည်း သိနေပြီးသား ဖြစ်နေပြီလေ။

"ဟုတ်တယ် အစ်ကို၊ ဒီနေ့ဟာ ဘဝမှာ ပထမဆုံး ပါးရိုက်ခံရတဲ့နေ့ပဲ" လို့ ညှိုးညှိုးငယ်ငယ်ပဲ ဖြေလိုက်ပြီး အိမ်ဘက် ပြန်လျှောက်ခဲ့ကြတယ်။

ဘာစကားမှ မပြောဘဲ လျှောက်ခဲ့ရာက စိတ်မချမ်းသာလွန်းလို့ အိပ်ခန်းထဲ တစ်ဆက်တည်း ဝင်လှဲနေလိုက်တော့တယ်။ ဧည့်သည်အစ်ကိုလည်း အိမ်က လူတွေနဲ့ စကားပြောပြီး ပြန်သွားသံ ကြားရတယ်။

နာရီဝက်လောက်ကြာတော့ မောင် ပြန်လာသံ ကြားရတယ်။ ကိုယ့်မေမေက မောင့်ကို လှမ်းခေါ်ပြီး စကားပြောနေတယ်လို့လည်း တိုးတိုး တိုးတိုးနဲ့ သိရရတယ်။ နောက်တော့ ကိုယ့်ပါ လှမ်းခေါ်ပြီး သူတို့အနားရောက်တာနဲ့-

"သမီးကို .... က ပါးရိုက်တယ်ဆို" လို့ ဆီးပြီး မေးပါလေရော၊

ကိုယ်က မျက်လုံးပြူးပြီး မောင့်ကို ကြည့်လိုက်တော့ မောင့်မျက်နှာက ဆီးရွက်လောက်ပဲ ရှိတော့တယ်။ ကိုယ့်ကို တောင်းပန်တဲ့ မျက်လုံးအစုံနဲ့ တွေတွေကြီး ကြည့်နေရင်းက-

"အေး ပြောလိုက်လေ၊ မောင် မရိုက်ဘူး မဟုတ်လား အေးရယ်၊ ဒီမှာ





မေမေက မောင့်ကို မေးနေတယ်။ အေးကို ပါးရိုက်သလားတဲ့၊ ပြောလိုက်စမ်းပါ အေးရာ။ မောင်တို့ ရန်ဖြစ်စရာလည်း မရှိဘဲနဲ့ မောင်က ဘာလို့ အေးကို ရိုက်ရမှာလဲ၊ မဟုတ်ဘူးလား အေး"တဲ့။ မောင်က သူ ပြောစေလိုတဲ့ စကားကို ရေလာမြောင်းပေး ပြောနေတယ်လေ။

ကိုယ် ဦးနှောက်ခြောက်သွားတယ်။ မရိုက်ပါဘူးလို့ ဖြေရင် ပြောတဲ့လူ မကောင်းဖြစ်မယ်။ ရိုက်ပါတယ်ဆိုပြန်လည်း မောင့်အတွက် မခက်ပါလားကွယ်၊ နောက်ဆုံး စဉ်းစားမိတာကတော့ အတူနေရမယ့်သူချင်း သင့်မြတ်ဖို့က အရေးကြီးတယ်ဆိုတဲ့ အချက်ပဲ။ ဟိုအစ်ကိုကိုတော့ သဘောပေါက်အောင် ရှင်းပြရင် ကျေနပ်သွားမှာပါလို့ပဲ ထားလိုက်ရမှာပေါ့။ ဒါပေမဲ့ လူကြီးတွေ သူ့ဟာသူ တွေးကြပါစေတဲ့ သဘောနဲ့ ဘာမှမဖြေရင် ကောင်းမယ်လို့ ငြိမ်နေတုန်းမှာ-

"ကျွန်တော် မလိမ်ပါဘူး မေမေရဲ့၊ အေးကို ကျွန်တော် မရိုက်ပါဘူး။ အေး ဘာမှ ပြန်မပြောတာ ကြည့်ပါလား"

လို့ မောင်က ဝင်ပြောလေတော့ "အင်း- တော်တော်လည်း တတ်နိုင်တဲ့သူပဲ"လို့ တွေးရင်း ပြုံးမိသွားတယ်။

ကိုယ်ကတော့ ကိုယ့်အတွေးနဲ့ကိုယ် မဖြေဘဲ ပြုံးလိုက်မိတာပါ။ လူကြီးတွေကတော့ စိတ်ဆိုးရမလို၊ မဆိုးရမလို အူကြောင်ကြောင်တွေ ဖြစ်ကုန်ရုံရှိသေးတယ်ကမလဲ၊ ကိုယ်တို့ အေးချမ်းလို့သာ ပြုံးတယ်လို့ ယူဆသွားတယ် ထင်ပါရဲ့။ ပြဿနာကတော့ ဆက်မဖြစ်တော့ဘူးကွဲ့။

မောင်က ကိုယ့်အပြုံးကို မြင်တော့ စကားရောဖောရောနဲ့ ဖက်လဲတကင်း ယုယုတယလုပ်ရင်း အိမ်ထဲခေါ်သွားတယ်။

"ဟောဒီ မိန်းမလောက် ချစ်စရာကောင်းတဲ့ မိန်းမ၊ သည်းခံနိုင်တဲ့ မိန်းမမျိုး မရှိတော့ပါဘူးဗျာ" လို့ ဝမ်းသာအားရပြောရင်း တအားဖက် တအားနမ်းနဲ့လေ ဘယ်လောက်ခက်တဲ့ မောင်ပါလဲ။

သူက ဒီလိုပြောမှ ကိုယ်က ဒေါပွချင်ချင် ဖြစ်လာမိတယ်။

"ဟုတ်ပါတယ်၊ ကိုယ်လုပ်ချင်တာ လုပ်ပြီးမှကိုး" လို့ ငေါ့ထေ့ပစ်လိုက်ရတာပေါ့။

"အေးရယ်၊ မောင် ဒီလိုပဲ သွေးပူတုန်းမှာတော့ စိတ်ရိုင်းဝင်တာပဲ၊ ပြန်သတိရပြီး အေးကို တောင်းပန်ရအောင် ပြန်လာတော့မှ ခေါ်မေးလိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ကြောက်သွားတာပေါ့။ တော်ကြာ ငါ့သမီးကို နှိပ်စက်တယ်ဆိုပြီး နှင်ချလိုက်ရ မခက်ပါလား။ မောင်က အေးကို မခွဲနိုင်ဘူးခင်ဗျ၊ ဒါကြောင့် ချစ်ကို မောင် ည ခိုင်းရတာပါကွာ။ မောင့်ကို ခွင့်လွှတ်နော်။ နောက် မောင် ဆင်ခြင်ပါ့မယ်။ မော စိတ် မောင် ထိန်းပါ့မယ်ကွယ်''လို့ သူ့အဖြစ်သူ ပြန်ပြောနေပြန်ပြီဆိုတော့လည် ကိုယ်က ဘယ်အပြစ်ယူရက်ပါတော့မလဲ သူငယ်ချင်းရယ်။

* * *



## အခန်း (၇)

ကိုယ်တို့နှစ်ယောက်ဟာ အဆင်ပြေလိုက်၊ မပြေလိုက်၊ ရန်ဖြစ်တစ်လှည့်၊ ချစ်တစ်လှည့်နဲ့ လုံးလည်လိုက်နေခဲ့ရတာပဲ။

ကိုယ်ကတော့ ကိုယ့်ကို ဘယ်လိုပြောတာပဲ ဘယ်လို ရက်စက်တာပဲဆိုတာ ဘယ်အခါမှ အမှတ်မထားခဲ့ပါဘူး။ ပြဿနာပြီးတာနဲ့ ချေပစ်လိုက်တာပဲ။ ချေပြီး တာနဲ့ သောကဆိုတာလည်း မရှိတော့ဘူး။ ဒုက္ခလို့လည်း မသိချင်တော့ပါဘူးလေ။

ပတ်ဝန်းကျင်ဆိုတာမျိုးကလည်း အခက်သား သူငယ်ချင်း။ သာယာ ပျော်ရွှင်နေကြတာ၊ အဆင်ပြေနေကြတာကိုပဲ သဘောမတွေ့ချင်ကြဘူးလားလို့ အတွေးရခက်လှပါတယ်ကွယ်။ မောင့်ကို မြှောက်ပင့် သွေးထိုးပေးကြ၊ နောက်သလို ပြောင်သလိုနဲ့ ကြားစကားတွေ ပေးလိုက် လုပ်ကြတယ်လို့ ထင်ရတော့မှာပဲကွာ။

မောင်ဟာ အကြောင်းမဲ့ အသုံးအဖြုန်းကြီးလာတာ တွေ့ရတယ်သူငယ်ချင်း။ အပေါင်းအသင်းတွေနဲ့ အကြောင်းမရှိ အကြောင်းရှာပြီး သွားတတ် လာတတ် တာတွေ ဖြစ်လာခဲ့တယ်။ ဒါကို သတိပေးလိုက်မိတဲ့အခါ ပိုပြီး အရွဲ့တိုက်ပြ လာသေးတော့ ကိုယ့်မှာ ပြောကို မပြောရဲသလောက် ဖြစ်လာရတယ်။

ဒီအချိန်မှာ ကိုယ်တို့က ပုံမှန်ဝင်ငွေ ရနေတဲ့အလုပ် တစ်ယောက်မှ ရှိကြ တာ မဟုတ်သေးပါဘူး။ ဒါပေမဲ့ ကိုယ်ကတော့ သီချင်းဆို အလုပ်အတွက် ကြိုးကြား ကြိုးကြား အသုံးစရိတ် ငွေဝင်အောင်ပဲ ရှာတတ်တာ။ မီးဖိုချောင်နဲ့ ကိုယ် မကျွမ်းကျင်တာလည်း ဝန်ခံစရာ ရှိပါတယ်။ အဲဒါကို အကြောင်းပြုပြီး သွေးထိုးတာတွေ ရှိနေတော့ ကလေးစိတ်မကုန်ရှာသေးတဲ့ မောင့်အဖို့ ကိုယ့်မိဘ တွေက ခြယ်လှယ်တယ်လို့ ယူဆ ထင်မြင်လာတယ် ဆိုရမှာပေါ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ ထင်မယ့်သာ ထင်ရမယ် ကိုယ့်အိမ်ကဆို မောင့်ကို မျက်နှာငယ် မခံစေရပါဘူး။ ကိုယ်ကဆို ပိုဆိုးတော့မှာပေါ့။ မောင် ဘာလိုတယ်ဆိုတာသာ စောင့်ကြည့်နေခဲ့ကြတာပါကွာ။ အချိန်တန်ရင် အဝတ်အစားကအစ ငွေကြေးအဆုံး ဘာမှ အငြိုအငြင် မခံရအောင် ဂရုစိုက်ခဲ့ကြပါတယ်။

ဒီလိုသာ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဖက်နဲ့ တစ်ဖက် တွက်ကြကြေး ဆိုရင် တွက်လို့ရမှာချည်းပေါ့ သူငယ်ချင်း။ မောင်က လိမ္မာလိုက်တာ အလွန်ပါ။ နေ့စဉ် ထည်လဲဝတ်၊ ထည်လဲသုံးနေတဲ့သူက အိမ်ထောင်ကျလို့ ကိုယ်တို့ဘက် လိုက်နေခဲ့ရတဲ့အခါ ဘာမှမပါခဲ့ပါဘူး။ ရည်းစားဘဝက ကိုယ့်ကို ဝတ်ထားခိုင်းတဲ့ လက်စွပ်ကလေးကအစ နာရီအဝတ်အစား အားလုံး သူ့အမေ သူ့ညီတွေ ပေးပစ်ခဲ့တာ။ သူ့အဖေကြီးကတော့ သူ လုပ်တာတွေ ဘာမှသိရှာတာ မဟုတ်ဘူး။

ကိုယ့်မိဘတွေဆိုတာ ကနေ့အထိ ဘာမှမပြောဘူး၊ ကိုယ်က ပြောဖို့ဆိုတာကတော့ အတွေးထဲမှာတောင် မရှိဘူး။ ကိုယ်တို့ မိသားစုဟာ သဘောထားမသေးပါဘူး။ ဘာပဲဖြစ်ဖြစ် ကိုယ့်မိဘတွေအဖို့ သားတစ်ယောက် တိုးလာတာကိုပဲ ဝမ်းသာကြသလို၊ ချစ်ကြသလို ကိုယ့်အဖို့မှာလည်း ချစ်သူနဲ့ အတူနေရရင် ပြီးရော ဆိုတာမျိုးနဲ့ နေလာခဲ့ကြတာ အိမ်ထောင်သက် ငါးလနီးပါး ရောက်လာတယ်။

ကိုယ့်အချိုးကတော့ မင်းသိတဲ့အတိုင်းပဲ သူငယ်ချင်းရေ။ ခုန်လိုက် ပေါက်လိုက် နေရမှ ပျော်တာ။ အိမ်ထောင်ရှင်မ ဖြစ်လာလို့ ဆင်ခြင်ပါတယ်ဆိုတာတောင်မှ လေ့ကား အတက်အဆင်းကလေးကျရင် ခုန်ဆင်း ခုန်တက် လုပ်မိသေးတာပေါ့ကွ။ လူကြီးတွေက ကလေးစိတ်မပျောက်တပျောက်နဲ့ ခုန်ဆင်း ခုန်တက်လုပ်နေတာ အရေးမကြီးဘူး ကိုယ်ဝန်တွေ ဘာတွေ ရှိနေရင် ဒုက္ခ၊ ဘာညာနဲ့ ကရုဏာဒေါသော ဆူပာယ် ညည်းပာယ် ပြောတော့မှ ကိုယ့်သားသမီးကိစ္စ တွေးရကောင်းမှန်း သိလာတယ်။

အိမ်နီးချင်းတွေကလည်း ကလေးရှိနေပြီထင်တယ်လို့ မေးကြ မြန်းကြပြီး အဲဒီတုန်းက ကိုယ်က သိပ်ဝတာ မဟုတ်လား။ ရိုးရိုး ဝမှန်းမသိ၊ ဆန်းဆန်း ဝမှန်းမသိပေါ့။ ကိုယ် ဘယ်သိပါ့မလဲ သူငယ်ချင်းရဲ့။ အတွေ့အကြုံမှ မရှိတာဘဲ။ ဘယ်လိုအခြေအနေပြောင်းရင် ဘာဖြစ်တာလို့ ကိုယ့်အသက်အရွယ်လေးနဲ့ ဉာဏ် မမီနိုင်သေးဘူးလေကွယ်။ ဒီလိုပြောပြောလာကြတာနဲ့ အရပ်ထဲက နားလည်တဲ့ သူတွေခေါ်ပြီး မြန်မာ့နည်း မြန်မာ့ဟန်နဲ့ စမ်းသပ်ကြည့်ရတာပေါ့။





သူငယ်ချင်းရေ ကလေးရှိနေတာ အသေအချာဆိုပဲ။ ဘာပြောကောင်းမလဲ သိပ်ဝမ်းသာတာပေါ့။ မောင့်ကိုလည်း ဝမ်းသာအားရ ပြောပြတာ။ မောင်လည်း ကိုယ့်လိုပေါ့ ဝမ်းသာလိုက်တာမှ အရမ်းပဲကွ။ သားလေးလား၊ သမီးလေးလားနဲ့ ပြောမပြတတ်တဲ့ ပီတိတွေ ဖြာခဲ့ရတယ်။ ပိုသေချာအောင်ဆိုတဲ့ပြီး ကိုယ်တို့ နှစ်ယောက် ဆန်းလိုက် ဆေးရုံမှာ သွားထပ်ပြကြည့်ကြတာပေါ့။

ဆရာဝန်၊ ဆရာမတွေကလည်း သေချာပါတယ်။ ကလေးရှိနေတာ မှန်ပါသတဲ့။ သားတို့ရုပ်ရည် သီတာမည်သားဆိုတဲ့ စကားအတိုင်းပဲကွယ်၊ ကိုယ့်ရင်ထဲမှာ ကြည်နူး အေးစိမ့် ငြိမ့်ငြိမ့်သာနေတယ်။

ဆေးခန်းက ထွက်ထွက်ချင်းမှာပဲ ''သေချာပါတယ် မောင်ရဲ့'' လို့ ရွှက်ပြုံးတွေနဲ့ ဝေနေအောင် ကိုယ် ပြောလိုက်မိသေးတာ။

မောင်က စမ်းသပ် ကြည့်ရှုပေးနေတဲ့ ဆရာဝန်တွေကို ကျေးဇူးတင်တဲ့ အကြောင်း ပြောရင်း ငွေရှင်းဖို့ကိစ္စ ဆက်လုပ်နေတယ်။ ကိုယ်ကတော့ လူနာစောင့်ခန်းလျှားလေးပေါ်မှာ ထိုင်ရင်းနဲ့ မမြင်ရ၊ မတွေ့ရသေးတဲ့ ကိုယ်တို့ရဲ့ ချစ်ရင်သွေးလေးအကြောင်းကို တွေးပြီး ပီတိကိုဖြစ်လို့။ ပြီးတော့ ဝမ်းထဲက ကျိတ်ပြီး ဆုတောင်းနေရသေးတယ်။

''မြတ်စွာဘုရား၊ တပည့်တော်မ မွေးဖွားလာမယ့် ရင်သွေးလေးဟာ တပည့်တော်မရဲ့ ချစ်လင်နဲ့သာ တူပါစေ ဘုရား'' လို့။

ဟုတ်တယ်လေကွယ်။ မောင်နဲ့တူတော့မှ ခပ်ချောချောလေးပေါ့လို့ ချီးမွမ်းခံ ကြားရမှာ။ ကိုယ်နဲ့တူရင် အကျည်းတန်ကလေးဖြစ်နေမှာလို့ တွေးမိတာကိုး။ ကိုယ် ဆုတောင်းမိတာ မလွန်ဘူး မဟုတ်လားဟင်။

တွေးလိုက်တာမှ ဒါတင် ဘယ်နေမလဲ။ သမီးလေးဆိုရင် ဘယ်လိုဆံပင်ပုံလေးမျိုး ထားပေးမယ်။ ဘယ်လို အဝတ်အစား ပုံစံအဆန်းလေးတွေ ထွင်ပြီး ဆင်ပြင်ပေးမယ်။ သားကလေးဆိုလည်း ဘယ်လိုပေါ့ကွယ်။ ကြီးပြင်းလာရင်လည်း တိုင်းပြည်ပြုမယ့် စိတ်ကလေးတွေ ရှိစေရမယ်။ ပညာတတ်ကြီးတွေ ဖြစ်အောင် မြှတောင်မြှောက်ပေးရမယ်။ နာမည်ဆိုလည်း လှလှလေးတွေ ဖြစ်ရမယ်။ ကိုယ်တို့ နှစ်ယောက်စလုံးရဲ့ နာမည်တွေလည်း ပါရစေမယ်နဲ့ အတွေးကတော့ မီးခိုးမဆုံး၊ မီးမဆုံးပါပဲ သူငယ်ချင်း။ မောင် အနားရောက်လာတာတောင် သတိမရဘူး။ မောင်က ''သွားမယ်'' ဆိုပြီး ထွက်သွားမှ နောက်ကနေ ကသောကမျော လိုက်ရတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့ ဘတ်(စ်)ကားနဲ့ပဲ ဥက္ကလာပကို ပြန်ခဲ့ကြတယ်။ ကိုယ်ကတော့ စောစောက ကိုယ် ရှုးမိတာ၊ စိတ်ကူးယဉ်မိတာလေးတွေ တစ်လမ်းလုံး ရယ်ထောမောကာနဲ့ မောင့်ကို ပြောပြလာမိတယ်။ မောင်က ဘာမှပြန်မပြောဘူး။ ခါတိုင်း ဒီအကြောင်းများပြောရရင် ရေပက်မဝင် ပြောတတ်တဲ့ မောင်က တေမိလုပ်နေတော့ "မောင် နေမကောင်းဘူးလား၊ ဘာဖြစ်လို့လဲ။ အေး စကားများလွန်းလို့ နားငြီးသွားသလားဟင်" လို့ သူ့လည်း စိုးရိမ်လို့၊ ကိုယ့်လည်း သဘောမတွေ့မှာစိုးလို့ မေးရတယ်။

"နေကောင်းပါတယ်။ ဒါနဲ့ နေပါဦး၊ ကိုယ်တို့ အိမ်ထောင်ကျတာ ဘယ်လောက် ရှိသွားပြီလဲ" လို့ မောင်က ပြန်ပြောတော့ "ဩော်- မောင်ကလည်း မမေ့စရာကို မေ့တတ်လိုက်တာ။ ငါးလလောက် ရှိရောပေါ့" လို့ ရယ်ရင်းနဲ့ပဲ ကိုယ်က ဖြေလိုက်တယ်။ ဒီတော့မှ "ဩော်-ဟုတ်လား မအေးမြင့်။ ဆရာဝန်က ပြောတော့ ခင်ဗျား ကိုယ်ဝန်က ခြောက်လ ရှိပြီဆိုပဲ။ ဒါ ဘာသဘောလဲ" လို့ ဒေါသတကြီး ကားပေါ်တင် ထအော်ပါလေရောကွာ။

ကြားရချက်က သွေးပျက်စရာပါလား သူငယ်ချင်းရယ်။ ဒုက္ခတွေကလည်း တစ်ခုပြီးတစ်ခုပါလားလို့ တွေးကြောက်လိုက်တာလေ။ ကားပေါ်မှာ လူတွေ အများကြီးထဲမှာ ဒီလို အအော်ခံရတယ်ဆိုတော့လည်း သိပ်ရှက်ဖို့ကောင်းတာပဲ။

"မောင်ရယ်၊ ကားပေါ်မှာ ဒီလိုဖြစ်ရတာ ရှက်စရာကောင်းပါတယ်ကွယ်။ လူကြားလို့လည်း မကောင်းပါဘူး။ အိမ်ရောက်မှ ပြောချင်တာ ပြောပါ" လို့ ချော့မော့ တောင်းပန်ခဲ့ရတာပေါ့ကွယ်။

အိမ်ရောက်တာနဲ့ မောင်က အခန်းထဲ တောက်လျှောက် ဝင်တော့တာပဲ။ ကိုယ်ကတော့ ထုံးစံအတိုင်း ပုံစံမပျက်ဝံ့ဘူး။ အိမ်သားတွေကို တွေ့ခဲ့ ကြုံခဲ့ သိခဲ့ရတာတွေ ပြန်ပြီး ဖောက်သည်ချနေရတယ်။

ပျော်ပုံရွှင်ပုံနဲ့သာ စကားဖောင်နေရတယ်။ ရင်ထဲမှာတော့ ဆောက်တည်ရာ မရနိုင်ဘူး။ ဖြစ်နေရတာက တစ်မျိုး၊ ပြောနေရတာက တစ်မျိုးလေ။ ဟုတ်တာတွေရော၊ မဟုတ်တာတွေရော အချိန်ဆွဲ ပြောနေမိတာ။ မောင်နဲ့လည်း မြန်မြန်မတွေ့ချင်ဘူး မဟုတ်လား။ တွေ့တာနဲ့ ဒီအကြောင်းက စချီတော့မယ်ဆိုတာ သိနေပြီကိုး။

ကွယ်··· ဒါပေမဲ့ အချိန်တန်တော့လည်း စိတ်တင်းပြီး သွားရတာပါပဲ။ မောင်ရှိရာကို ရောက်ရတာပါပဲ။ အိပ်ရာပေါ်မှာ နဖူးပေါ် လက်တင် စဉ်းစားခန်း





ဝင်နေတဲ့ မောင့်ကို တွေ့ရတယ်။ သူ့အတွေးနဲ့သူ မေ့ချင်မေ့နေမှာပေမယ့် ကိုယ့်ကို တွေ့လိုက်တာနဲ့ သတိပြန်ရသွားတယ် ထင်ပါရဲ့။

"မအေးမြင့် လာပါဦး" လို့ ခပ်ထန်ထန် လှမ်းခေါ်လိုက်တယ်။

သူငယ်ချင်း၊ ကိုယ်လေ မောင်က နာမည်ခေါ်တာကိုတောင် ခံနိုင်ရည်ရှိအောင် ဝမ်းနည်းတတ်ပါတယ်။ နာမည်ခေါ်ပြီဟော့ဆိုရင်ပဲ ကိုယ့်မှာ ရင်ကို ထိတ်နေရပြီ။ စိတ်ဆိုးနေပြီဆိုတာ သူမပြောဘဲနဲ့ ကိုယ် သိရတဲ့နေရာမှာ နာမည်ခေါ်တာဟာ သိစရာတစ်ချက် ဖြစ်နေပြီးသားကိုးကွဲ့။

"ကိုင်း ခင်ဗျားကို မယုံစရာတွေက ကျုပ်အဖို့ တစ်ဆင့်ပြီးတစ်ဆင့် တိုးနေတာပဲ။ ခုကိစ္စနဲ့ ပတ်သက်လို့ကော ခင်ဗျား ဘာပြောဦးမလဲ။ ခင်ဗျား ဆင်ခြေတက်နေလည်း အပိုပဲဗျ။ ဒီမှာ မအေးမြင့်၊ ဆရာဝန်ဆိုတာက ခင်ဗျားတို့ ယုံကြည် ဆက်ဆံနေတဲ့ အောက်တန်းစား ဝမ်းဆွဲတွေလို မဟုတ်ဘူး။ သိပ္ပံနည်းကျတယ်၊ တိကျတယ်။ ဒီတော့ ဆရာဝန်ပြောတဲ့ ကိုယ်ဝန် ခြောက်လရှိပြီဆိုတာကို ကျုပ်အနေနဲ့ လက်ခံ ယုံကြည်ရမှာပဲ။ ရှင်းရှင်းပြောမယ်ဗျာ၊ ခင်ဗျားကို ကျုပ် မယုံဘူး။ ဒီကလေးအတွက်လည်း ကျုပ် ဝမ်းမသာနိုင်ဘူး။ ဝမ်းသာခဲ့မိတာတွေကိုတောင်မှ တွေးတွေးပြီး ရှက်တယ်။ ခင်ဗျားလည်း ကျုပ် မကြည့်ချင်ဘူး။ ကျုပ် ပြန်တော့မယ်" လို့ အခဲမကျေ ပြောနေတယ်။

ကိုယ် ဒိုရပြန်ပြီပေါ့ သူငယ်ချင်း။ ကိုယ့်အဖြစ်က ရှုပ်ပြီးရင်း ရှုပ်ရင်း၊ ရှင်းမရနိုင်တဲ့ အမယ်ဘုတ်ချည်ခင်လို ဖြစ်နေပြီ မဟုတ်လား။

ပြဿနာတွေ တစ်ခုပြီးတစ်ခု တက်လာတော့ ကိုယ့်ဘဝကိုယ် စိတ်နာလာတယ်။ ဘယ်လို ဝဋ်ကြွေးတွေ ပါလာလေသလဲလို့ အားငယ်မိပါတယ် သူငယ်ချင်း။ မြန်မြန် ဘဝဇာတ်သိမ်းပါစေတော့လို့ မြတ်စွာဘုရားထံတော်မှာ ဆုတောင်းမိ ပါတယ် သူငယ်ချင်း။ သတ်သေချင်စိတ်လည်း ခဏခဏပေါ်လာတယ်။ ဘဝကို အဆုံးပေးလိုစိတ် ဝင်လာပြန်တော့လည်း သေချင်။ အသိစိတ်ကလေး ပြန်ဝင်လာပြန်တော့လည်း သေကြောင်းကြံစည်ဖြစ်လို့ ကိုယ်သေသွားရင် ကလေးပါ အဆစ်ပါတော့မယ်လေ။

ကိုယ် သေချင်တာက ကိုယ့်အကြောင်းနဲ့ ကိုယ့်ကသိုလ်မို့ အရေးမကြီးဘူး။ ရင်နဲ့ လွယ်ထားရတဲ့ ဖြူမှန်း၊ မည်းမှန်းမှ မသိရသေးတဲ့ ရင်သွေးလေးက အပြစ်မဲ့ အသက်ဆုံးရတော့မှာပါလားလို့ သတိရပြန်တော့ ကိုယ့်စိတ်ကို လျှော့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ကိုယ့်အတွက် မဟုတ်တောင် ကိုယ့်ရင်သွေးအတွက် ဘဝကို ရင်ဆိုင်ရုန်းကန်ပါတော့မယ်လို့ စိတ်ကို တင်းထားရတယ်။

ကိုယ့်မှာ ဒီအတွေးအခေါ်မျိုး ဝင်လာတော့မှ သြော်–ကိုယ့်မိဘတွေလည်း ဒီလိုစိတ်မျိုး မွေးခဲ့ကြမှာပဲလို့ ကိုယ်ချင်းစာ ပိုရတယ်။ ကိုယ့်မှာဆို မွေးဖွားမလာသေးတဲ့ ရင်သွေးအတွက် ဒါလောက် မေတ္တာထား ပူပန်နေရပြီ။ ဒီအသက်အရွယ်ရောက်အထိ မွေးကျွေးသုတ်သင် ချစ်ခင် ယုယလာခဲ့ရတဲ့ ကိုယ့်မိဘတွေဟာ ကိုယ်သာ သတ်သေလိုက်မိရင် ဘယ်လောက်များ ခံစားရလိုက်မလဲဆိုတာ ကိုယ်မတွေးရဲပါဘူးကွယ်။ ဒီတော့ မဖြစ်ကောင်းတာ မကြံတော့ပါဘူးလို့ ခိုင်ခိုင်မာမာ ဆုံးဖြတ်လိုက်ပါတယ်။

ခုလောလောဆယ်မှာလည်း မောင့်ကိုသာ ဘာမှမပြောနိုင်ပေမယ့် ရင်ထဲမှာ ရှုးလုလုပါကွယ်။ သြော်··· ဖအေရင့်မကြီးတောင်မှ သူ့ရင်သွေး သူ့ကလေးလို့ အထင်မခံရရှာပါလားလို့ ဝမ်းထဲက ကလေးအတွက် ယူကျုံးမရ ဖြစ်မိတယ်။ မင်းကလေးတော့ ငါ့ဝမ်းထဲမှာ လူလာဖြစ်တာ ဒုက္ခပါပဲလို့ သနားနင့်နေရတယ်။ ဒီလိုတွေးမိလေ ရင်နာလေ ဖြေမရလေ မဖြေနိုင်လေလေ မျက်ရည်မတားနိုင်လေလေ ဖြစ်ရတယ် သူငယ်ချင်း။

ကဲ··· ခုတော့ မောင်က ပြန်တော့မယ်တဲ့၊ ကိုယ် ဘယ်လို ဖျောင်းဖျရပါ့မလဲ။ တားရပါ့မလဲ။ မတားနိုင်ရင်ကော ကိုယ့်ရင်သွေးလေး မွေးလာတော့ မင်းဖေဖေ ဘယ်သူပါလို့ ကိုယ် ဘယ်လို ပြရပါ့မလဲ။ ဒီသောကထက် ကဲတာ ရှိလိမ့်မယ် မထင်ပါဘူးကွာ။

''ဟယ်··· ချင်းစိမ်းနဲ့ မိဿလင်၊ သူကတောင် 'ဟင်' သေးတာ ငါ့ကလေး ငါ ကျွေးနိုင်တယ်။ ငါ မွေးနိုင်တယ်။ သင်းသွားလည်း သွားပေ့စေ။ ဒီ့ထက်လည်း ဒုက္ခမခံနိုင်ဘူး။ စိတ်မချမ်းသာလည်း မဖြစ်ချင်တော့ဘူး။ သင်းလွမ်းရလည်း ခဏပေါ့'' ဆိုတဲ့ ဒေါသမာန်တွေလည်း ပုထုဇဉ်သဘာဝ ဖြစ်မိတာပဲပေါ့။ ဒါပေမဲ့လေ ကိုယ့်ရင်သွေးလေးမှာ ဖေဖေလို့မှ ခေါ်စရာမရှိဖြစ်မယ့်အရေး တွေးလိုက်မိပြန်တော့ 'မာန်' ဆိုတာလည်း အရည်ပျော်သွားတာပဲ။

မောင် နားညောင်းအောင် အတိတ်ဟောင်းတွေ သက်သေပြခဲ့ပေမယ့် ''ပြန်မယ်၊ မနေဘူး၊ မယုံဘူး'' ဆိုတဲ့ စကားတွေသာ အဖြေပြန်လာခဲ့တာပဲလေ။ နောက်ဆုံးတော့ ကိုယ်ပဲ လက်မြှောက် အရှုံးပေးလိုက်ပါတယ်။





''မောင့်သဘောကျ ဖြစ်ရပါစေမယ်။ ဒါပေမဲ့ ခုတော့ ဟန်မပျက် ဆက်နေပေးပါ။ ကလေးရလာတဲ့အထိ ဆိုင်းပါဦး မောင်ရယ်။ မင်းဖေဖေဟာ သူပါပဲလို့တော့ ပြလိုက်ပါရစေ။ မောင့်အဲ့နေနဲ့လည်း မောင့်ရင်သွေးကို မယုံကြည်ရင်တောင်မှ အေးရဲ့ သားဦးကလေးအဖြစ် ကြည့်သွားစေချင်ပါတယ်။ မောင့်ကို ချစ်မြတ်နိုးခဲ့တဲ့ အကြောင်းကြောင်းတွေကို ထောက်ထားတဲ့သဘောနဲ့ ဒါလောက်ပဲ သနားသဖြင့် လိုက်လျောမယ် ထင်ပါတယ်'' လို့ ပြောခဲ့ရတယ်။

သူလည်း စိတ်နည်းနည်း လျှော့လိုက်တယ် ထင်ပါရဲ့။ လေသံလေး ပျော့ပျောင်းသွားတယ်။

''အင်းလေ ထားလိုက်ပါတော့ကွာ ဒပ်ဖရင်ပဲ သွားပြကြတာပေါ့'' လို့ ပြောပြီး တစ်ဖက်လှည့်အိပ်တော့တာပဲ။ ကိုယ်လည်း မောင့်ကို ကြည့်ရင်းက ဝမ်းနည်းပြီး မျက်ရည်တွေတွေကျနေမိပါတယ်။ ခဏကြာတော့ ကိုယ့်ဘက်လှည့်ကြည့်ရင်းက အိပ်ရာဘေးက စောင်ခေါက်ကိုယူ၊ ကိုယ်တို့နှစ်ယောက်အလယ်မှာ ချထားလိုက်ပြီး တစ်ဖက် ပြန်လှည့်သွားတယ်လေ။

သူငယ်ချင်းရယ်၊ ကိုယ့်ရင်ထဲမှာ ဘယ်လိုရှိမလဲ တွေးပါတော့။ ကိုယ်အင်မတန် ချစ်ခဲ့ရတဲ့ ချစ်သူ၊ အခု ကိုယ့်လင်သားက ကိုယ့်အပေါ် စိမ်းကားရက်တာကလေး၊ အမူအရာပြရက်တာကလေးက မခိုတင်ကဲစရာပါ။ ရင်ထဲက သောကသက်သာရာရအောင်မှ မငိုနိုင်ပါဘူး။ လူကြီးတွေသိမှာစိုးလို့ အသံတစ်ချက် မထွက်ရဲခဲ့ပါဘူး။ မျက်ရည်နဲ့ မိုးသောက်ခဲ့ရတဲ့ ကာလပါပဲကွယ်။

ဒီပြဿနာဖြစ်တဲ့နေ့ရဲ့ နောက်ပိုင်းမှာလည်း တစ်နေ့မှ စိတ်မချမ်းသာရတော့ဘူးလေ။ အချိန်တိုင်းမှာ ဘာလုပ်နေနေ စိတ်မအေးဘူး၊ စိတ်မဖြောင့်ဘူး၊ သောကကို အမြဲ ရင်ထဲပိုက်ထားရတယ်။ သူကတော့ ငြိမ်းချင်လည်း ငြိမ်းနေတာပဲ။ သူ့စိတ်ကို ဘယ်လို အမှန်ယူရမယ်ဆိုတာတောင် ကိုယ် မသိနိုင်အောင်ပါဘဲ။

သေချာတာကတော့ ကိုယ့်ကို မယုံဘူးဆိုတာပဲ။ မယုံကြည်တဲ့အလျောက်လည်း အပြောအဆို စကားလုံးတွေ ရင့်သီးလာတာ။ အမူအရာ ကြမ်းကြုတ်လာတာ၊ အနိုင်ယူတာတွေ ပါလာတာပေါ့ကွယ်။ ကိုယ့်အဖို့တော့ မောင့်အပေါ် ခွင့်လွှတ်သည်းခံနိုင်ဖို့ ကြိုးစားတာကလွဲလို့ ဘာမှ မတတ်နိုင်ပါဘူးလေ။ မောင် နားလည်လာတဲ့ တစ်နေ့အထိ စောင့်ရတော့မှာပဲဆိုတဲ့ အားငယ်စိတ်၊ မျှော်လင့်စိတ်ကလေးနဲ့ ကိုယ့်စိတ်ကို ဖြေသိမ့်ရတော့တာပဲ သူငယ်ချင်း။ ကြောက်လန့်တဲ့ စိတ်တွေဟာ ရင်ထဲ ပြည့်နှက်နေတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ မောင့်ကို ဘာမှမပြောရဲဘူး။ အမှားအမှန်ထောက်ပြဖို့နေနေ သာသာ မောင့် အသွားအလာ၊ အနေအထိုင် မကြိုက်တာတွေ့ရင်တောင် နည်းနည်းလေးမှ မကြိုက်ပုံ မပြရဲပါဘူး သူငယ်ချင်းရယ်၊ မင်း ကိုယ့်နေရာမှာ နေကြည့်စမ်းပါ။ ဘာကိုများ ရင်ဆိုင်နိုင်စရာ ရှိသေးလဲဟင်။

ဒါပေမဲ့ ကိုယ် ရင်ဆိုင်ခဲ့တယ်။ မောင့်အပေါ်ချစ်တဲ့ ချစ်တာလေးတစ်ခုတည်းနဲ့ပဲ ကိုယ် ရင်ဆိုင်ခဲ့ပါတယ် သူငယ်ချင်း။ ကိုယ့်မှာ ဘယ်လောက်ပဲ စိတ်မချမ်းမသာ ဖြစ်နေရပါစေ၊ ဘယ်သူ့မှ မသိစေရဘူး၊ ဒုက္ခလည်း မပေးခဲ့ဘူး၊ စီးပွားရှာမပျက်၊ အလုပ်မပျက်ခဲ့ဘူး။ ပျက်လို့လည်း မဖြစ်ဘူးလေ။ မိသားစုအတွက်ရော ကိုယ်တို့နှစ်ယောက်အတွက်ပါ ကိုယ့်မှာ တာဝန်ရှိသေးတယ် မဟုတ်လား။

တဖြည်းဖြည်း ကိုယ်ဝန်ကလည်း ရင့်လာ၊ စိတ်မချမ်းသာတာကလည်း နေ့စဉ်နဲ့အမျှ၊ ကိုယ်တို့လုပ်ငန်းမျိုးဆိုတာကလည်း နေ့ရယ်၊ ညရယ် မဟုတ်ဘူး။ များရင်လည်း သိပ်များတတ်တာမျိုးဆိုတော့ သိပ်ပင်ပန်းသွားတယ်။ စိတ်က ပင်ပန်း၊ လူက ပင်ပန်းနဲ့ဆိုတော့ ကိုယ့်ကျန်းမာရေး ထိခိုက်လာတယ်။ ကိုယ့်ကိုယ်ကိုယ် သိပေမယ့် ဘယ်သူ့မှလည်း မတိုင်ပင်နိုင်။ မိဘကိုလည်း အသိပေးလို့က မဖြစ်။ မောင့်ကိုတော့လည်း မပြောဝံ့နဲ့ ဘဝဆိုးကြီးထဲမှာ ကိုယ်တစ်ယောက်တည်းမှ ကိုယ်တစ်ယောက်တည်းပါကွယ်။

စိတ်ထဲမှာ အကျဉ်းအကျပ်တွေ့ရတဲ့အခါတိုင်း အိမ်ခေါင်းရင်းက ရေတွင်းဘေးမှာ သွားသွားပြီး ငိုင်မိ၊ မှိုင်မိတော့တာပဲ။ မိုးမှာတော့လည်း မိုးကို ရင်ဖွင့်၊ ဆောင်းမှာတော့လည်း နှင်းပွင့်ကိုမှာ၊ ငွေလသာတော့လည်း ကူညီပါလို့ တစ်ယောက်တည်း စိတ်ကူးပေါက်သလို ပြောမိ မှာမိပါရဲ့။

ကိုယ် ဒီလိုပြောလိုက်ရတာကိုပဲ ရင်ပေါ့သွားသလို ခံစားရတယ်။ ကိုယ့်အတွက် လမိုက်ရက်တွေ မရှိစေချင်ဘူးကွယ်။

တစ်ညတော့ ကိုယ် နေမကောင်းချင်ဘူး။ ဖိန်းတိန်းတိန်း၊ ရှိန်းတိန်းတိန်းဖြစ်နေတယ်။ ဒါပေမဲ့ ရေတွင်းနားလေးမှာ ထုံးစံအတိုင်း သွားရပ်နေရင်း ကောင်းကင်ပြာကြီးထဲက ငွေကြယ်လက်လက်ကလေးတွေရဲ့ အလှအပတွေ ငေးနေမိတာပဲ။ ကိုယ့်ရင်ထဲက သောကတွေနဲ့ ငွေကြယ်ကလေးတွေ ဘယ်ဟာ ပိုများပါ့မလဲလို့ တွေးနေတာလေ။

ကိုယ့်အတွေးနဲ့ကိုယ် စိတ်ကို လျှော့ထား၊ လွှတ်ထားလိုက်တာ မောင်က





ကိုယ့်အနား လာရပ်တော့မှ သတိရပြီး ပြုံးပြလိုက်ရတယ်။ မောင်က သူ့အမေအိမ် သွားလည်ရအောင်လို့ ကိုယ့်ကို လာခေါ်တာပါ။

ကိုယ်က "နေမကောင်းချင်သလို ဖြစ်နေလို့ လမ်းလျှောက်နိုင်မယ် မထင်ဘူး မောင်ရယ်၊ မောင် သွားချင်ရင် တစ်ယောက်တည်း သွားပါတော့" လို့ ပြောမိတာနဲ့ စိတ်ဆိုးခံရပြန်ရော။

မောင်က ကိုယ်မလိုက်ချင်လို့ ဆင်ခြေပေးတာ၊ သူ့အမေပေါ် ကိုယ်က စိတ်ထားမကောင်းလို့ မမှန်လို့နဲ့ တစ်ယောက်တစ်ခွန်း ပြောရပြန်တော့ ကိုယ်ပဲ ငြိမ်း ကျန်ခဲ့ရတာပါပဲလေ။ မောင်ကတော့ သွားမယ်ဆိုတဲ့အတိုင်း သွားတာပါပဲ။

လမင်းကြီးက အသာကြီး သာနေတယ်ကွယ်။ ကိုယ်တို့လို ကြင်စဦးမောင်နှံအတွက် ဘယ်လောက်များ ကယုကယင် ချစ်တုံ့တင်နေဖို့ကောင်းတဲ့အချိန်ကလေးလဲ။ ကိုယ်လည်း သာယာချင်တာပေါ့၊ ကြည်ကြည်နူးနူး တယုတယနေချင်တာပေါ့ကွယ်။ ဒီလို သာယာကြည်နူးဖို့ အခြေအနေ ကိုယ် မရတော့ပါလား၊ မနိုင်တော့ဘူးလားလို့ ကိုယ့်ဘဝကို နာကြည်းမိပါတယ်။ ဖိုးရွှေလမင်း ထိန်ထိန်သာနေတာကို မှတ်သိပ်တသစွာ ကြည့်ရင်း ကိုယ့်ရင်ထဲမှာ ကြေကွဲဝမ်းနည်းမှုရဲ့ အထွတ်အထိပ်ကို ရောက်သွားတယ်။ ရင်ထဲမှာ တင်းကျပ်ကျပ်ကြီး ဖြစ်လာတယ်။ အသက်ရှူမမှန် ဖြစ်လာတယ်။ စိတ်ထဲမှာ လမင်းကြီးက ဝေးဝေးသွားသလိုပဲ၊ နောက်တော့ အရာဝတ္ထုအားလုံး ကိုယ့်မြင်ကွင်းထဲက ပျောက်သွားတယ်။

ကိုယ့်အသိကို ပြန်နိုးပေးလိုက်တာကတော့ ငိုသံတွေပါပဲ။ တစ်ကိုယ်လုံးလည်းစက် နာကျင် ထုံကျဉ်ကျဉ်ဖြစ်နေတယ်လို့ ခံစားနေမိတယ်။ ပြီးမှ ရှိသမျှအင်အားလေးနဲ့ ချည့်ချည့်နဲ့နဲ့ မျက်လုံးဖွင့်နိုင်အောင် ကြိုးစားပြီးကြည့်လိုက်တော့ မြင်ကွင်းဝေဝေဝါးဝါးထဲမှာ ကိုယ့်မေမေရယ်၊ ဒေါ်လေး အငယ်ဆုံးရယ် ကိုယ့်ဘေးမှာ ထိုင်ငိုနေတာ တွေ့ရတယ်။ အိမ်နီးနားချင်းတွေလည်း ဝိုင်းလို့ပေါ့။ ကိုယ့်တစ်ကိုယ်လုံး နှင်းတွေနဲ့ ဝါဝါရည်ရွှင် ဖြစ်နေခဲ့ပြီလေ။

မေမေက အတင်းမေးနေတယ်။ ကိုယ် ဘာမှပြန်မပြောချင်ဘူးကွယ်၊ ပြောလည်း မပြောနိုင်ဘူး။ ကိုယ်တစ်လုံးမှ မပြောဘဲ မျက်လုံးကိုမှိတ်ပြီး သက်သာသလိုလေး မှေးနေလိုက်တယ်။ ဒီတော့ တစ်ယောက်တစ်မျိုး ထင်ကြေးပေးကြပြီး အခြေအနေ ပြန်ကုန်ကြတော့တယ်။ လူရှင်းတော့မှ မောင့်ဖေဖေကို ခေါ်ပေးဖို့ ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ဖေဖေက ခေါ်တယ်ဆို ချက်ချင်း လိုက်လာရှာပါတယ်။ ကိုယ့်ကို တွေ့တော့ ဘာဖြစ်တာလဲ၊ နေမကောင်းဘူးလား၊ ဖျားသလား၊ ဆရာဝန် မခေါ်ဘူးလားနဲ့ အစိုးတရိမ်ပါပဲ။ ဒီလို ဂရုတစိုက် စကားမျိုးကြားရတော့ ပိုဝမ်းနည်းလာတယ်။ ဘာမှတောင် မပြောနိုင်၊ မဖြေနိုင်ခင်မှာပဲ ရှိုက်ကြီးတငင် ငိုပြလိုက်သလို ဖြစ်ရပါတယ်။

"မငိုပါနဲ့ကွယ်၊ ဘာဖြစ်တယ်ဆိုတာ အသိပေးမှပေါ့ သမီး" လို့ နှစ်သိမ့်စကား မောင့်ဖေဖေက ဆက်ပါတယ်။ ကိုယ်လည်း ငိုမိရင်းပဲ ပြောပါတယ်။

"စိတ်မချမ်းသာဘူး ဖေဖေ" လို့။

မောင့်ဖေဖေက ကိုယ့်ကြည့်ပြီး အတော် စိတ်မချမ်းမသာဖြစ်သွားပုံ ရတယ်။

"---- ဘယ်သွားနေလဲ" လို့ တစ်ဆက်တည်း မေးတော့-

"ဘယ်သွားတယ်ဆိုတာတော့ သေချာမသိဘူး ဖေဖေ၊ စောစောက သူ့အမေအိမ်သွားဖို့ ခေါ်သေးတယ်။ သမီးက နေမကောင်းချင်တာနဲ့ လမ်းမလျှောက်နိုင်ဘူး ပြောလိုက်လို့ သွားတာပဲ" လို့ ပြန်ပြောလိုက်တယ်ဆိုရင်ပဲ ဘာဖြစ်ကြတယ်ဆိုတာ သိကြတာပေါ့။

"ဒီမိန်းမကြောင့် ခက်တာပဲဗျာ" လို့ ကိုယ့်မေမေဘက် လှည့်ပြီး ညည်းညည်းညူညူ ပြောလိုက်တယ်။

"ကဲ… ဒီတော့ သမီးက ဘာလုပ်စေချင်သလဲ။ ဖေဖေ ဘာလုပ်ပေးရမလဲ" လို့ မေးပြန်တယ်။ "ဘာလုပ်စေချင်တယ်ဆိုတာတော့ မရှိပါဘူး။ ဒါပေမဲ့ ဖေဖေ့သားကို သိတတ်အောင်တော့ ပြောပေးစေချင်ပါတယ်။ စိတ်ချမ်းချမ်းသာသာတော့ သမီး နေချင်တယ် ဖေဖေ" လို့ ကိုယ်ပြောမိခဲ့ပါတယ်။

ကိုယ့်မေမေကတော့-

"ခက်တယ် ဆရာကြီးရေ၊ ကျွန်မတို့ကလည်း ကလေးတွေ အေးရင်ပြီးတာပဲ။ သူတို့ချင်း သင့်မြတ်နေရင် မိဘဆိုတာ စိတ်ချမ်းသာတာပဲ။ ခုတော့ ပြောလက်စနဲ့ ပြောလိုက်ရဦးမယ်။ '-----' ဟာ ခုတစ်လော ဘယ်လိုဖြစ်မှန်း မသိဘူး။ ကျွန်မတို့တစ်တွေနဲ့လည်း ဆက်ဆံချင်သလိုလို၊ မဆက်ဆံချင်သလိုလို ဘယ်လိုဟာလည်း မပြောတတ်ဘူး။

ခက်တာက ကျွန်မ သမီးဟာ သူ စိတ်ဆင်းရဲနေပေမယ့် ခုထိ သူတို့တာဖြစ်





နေကြပါတယ်လို့ တစ်လုံးမှ ကျွန်မတို့ကို မဟဘူး။ ခုလည်း မေးလို့မရသေးဘူး။ ဒါပေမဲ့ ရှင်တို့ ကျွန်မတို့လည်း ငယ်ရာက ကြီးလာကြတဲ့သူတွေပဲရှင့်။ အရိပ်အကဲကြည့်တာနဲ့ စိတ်ချမ်းသာတယ်၊ မချမ်းသာဘူးဆိုတာ သိပါတယ်။ တစ်အိမ်တည်းနေတာပဲ ဆရာကြီးရဲ့၊ အခန်းထဲမှာ ကျိတ်ပြီး ရန်ဖြစ်ကြ၊ တွန်းလိုက် ထိုးလိုက်ဖြစ်နေကြတာကအစ သိတယ်။ လင်နဲ့မယား လျှာနဲ့သွားဆိုတာ ကျွန်မ နားလည်ပြီးသားပါ။

အပယင်း- ကျွန်မ သမီးကလည်း အင်မတန် ဟန်ဆောင်ကောင်းတယ်ရှင့်၊ သူတို့ဟာသူတို့ ရန်ဖြစ်ကြ၊ ငိုကြ ရယ်ကြနဲ့ပေမယ့် အခန်းထဲက ထွက်တာနဲ့ အပြုံးမပျက်နေပြလိုက်တာမျိုး။ ဒါလောက်အထိ သူတို့ကိစ္စတွေ သိုသိပ်ထားတော့ ကျွန်မမှာ မေးရအခက်၊ မမေးရအခက်နဲ့ ဒီလိုပဲ ကြည့်နေရတော့တာပေါ့။

ခုလည်း မတွေ့လို့ လိုက်ရှာမှ တစ်ယောက်တည်း ရေတွင်းဘေးမှာ လဲကျနေတာ သွားတွေ့တာ။ တစ်ကိုယ်လုံးလည်း အေးစက် တောင့်တင်းနေတာပဲ။ သတိမရ ဘာမရနဲ့ ဘာတွေ ဘယ်လိုဖြစ်နေကြတယ် မသိပါဘူး။ ရှင့်သားလည်း ခေါ်မြန်းကြည့်ပါဦး။ ကျွန်မ သမီးလေးဟာ တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင် နေတတ်တဲ့ ကလေးဆိုတာ ရှင်အသိပဲ။ ခုတော့ စိတ်ဆင်းရဲနေရှာတယ်။ သူ့အဖေ ရှိရင်တော့ ပြောမနေနဲ့။ ကျွန်မထက် ဆယ်ဆ စိတ်ဆင်းရဲမှာရှင့်၊ အတူမွေးခဲ့တဲ့ သားသမီးတွေထဲမှာတောင် ဒီသမီးမှ သမီးဆိုတဲ့ လူစား မဟုတ်လား။ ကျွန်မတော့ ကျွန်မ သမီး စိတ်ချမ်းချမ်းသာသာ နေစေချင်တာပါပဲ" လို့ ပြောနေတယ်။

မောင့် ဖေဖေကလည်း-

"အေးဗျာ၊ စိတ်မချမ်းသာစရာ ဘာရှိသလဲ။ သူတို့ သဘောကျလို့ ပေးစားခဲ့ရတာပဲ။ ကျွန်တော်ဖြင့် ကြားရတာ စိတ်မကောင်းဘူး။ ယုံတောင် မယုံနိုင်အောင် ဖြစ်နေတယ်။ '----' ပြန်လာရင် ကျွန်တော် တောင်းပန်ခိုင်းပါဦးမယ်။ အဆင်ပြေအောင်နေဖို့ ကျွန်တော် ပြောပါ့မယ်" လို့ ပြောပါတယ်။

တော်တော်လေး ညဥ့်နက်သလောက်ရှိမှ မောင် ပြန်ရောက်လာတယ်။ ကိုယ်တို့တစ်တွေကို ရှောင်ပြီး အိမ်ထဲဝင်မယ်လုပ်တော့ မောင့်ဖေဖေက လှမ်းခေါ်လိုက်တယ်။ အခန်းဝက ပြန်လှည့်တော့မှပဲ ကိုယ့်ကို မြင်လေသလား မပြောတတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



''အေး… ဘာဖြစ်လို့လဲ'' တဲ့။

ကိုယ့်အနားမှာ ဝင်ထိုင်ရင်း မေးတယ်ကွယ်။

သူ့မြင်တော့ ရင်ထဲမှာ တစ်မျိုးပဲ ဝမ်းနည်းတာလိုလို၊ ဒေါသဖြစ်တာလိုလို နဲ့ပေါ့။ နောက်ကွယ်မှာ ဒေါသအိုးဖြစ်နေတဲ့သူက အခုလို အမိအဖ အစုံအလင် ရှေ့ကျတော့ ဘယ်လိုလဲလို့ တွေးမိနေပါတယ်။ အခုချိန်မှာ ကြောက်လန့်နေလို့ လား၊ ဒေါသပဲ ပြေသွားလို့လား ခွဲခြမရနိုင်ဘူး။

မောင့်ဖေဖေနဲ့ ကိုယ့်မေမေတို့က ဘာဖြစ်နေကြသလဲလို့ မောင့်ကို မေးကြ တယ်။ မောင်က ဘာမှမဖြစ်ပါဘူးလို့ ဖြေတယ်။ ဖြစ်စရာအကြောင်းကို မရှိဘူးလို့ လည်း ပြောသေးတယ်။ ဒါဖြင့် ကိုယ် ဘာကြောင့် စိတ်မချမ်းမသာ ဖြစ်ရမှာလဲ ဆိုတာမျိုး လှည့်ပတ် မေးကြပေမယ့် မောင်က ချစ်နေကြတာပဲလို့သာ တွင်တွင် ကြီး ဖြေနေတော့တာပဲ။

မောင့်ဖေဖေက ''အခု မင်းအမေအိမ် မလိုက်တာနဲ့ ပတ်သက်ပြီး စကား များကြတယ်ဆို။ နောက် ဒါမျိုးမဖြစ်ပါစေနဲ့ကွာ။ သူ့သဘောနဲ့သူ ဖြစ်ပါစေ။ သူ့ မှာက မလွတ်မလပ်ကြီးနဲ့ဆိုတာ မင်း သိမှာပေါ့။ ပိုပြီး ဂရုစိုက်ရမှာပေါ့။ ကဲ… သူ ကျေနပ်အောင် မင်းက တောင်းပန်လိုက်၊ လူကြီးတွေကိုလည်း အမူအရာနဲ့ စော်ကားတာမျိုးရှိမယ်ဆိုတာ မင်း ဝန်မခံချင်နေ ငါတော့ ယုံကြည်တယ်။ ဒီ အတွက်လည်း မင်း ကန်တော့လိုက်၊ ဟုတ်လား။ ခင်ဗျားတို့ကလည်း ကျေနပ်ပါ ဗျာ။ သမီးကလည်း သည်းခံလိုက်ပါကွယ်'' လို့ မောင့်ကို ပြောရင်း ကိုယ့်တို့ကို ပါ နှစ်သိမ့်လိုက်တယ်။

ကိုယ်ကတော့ သူတို့တစ်တွေ ပြောဆိုနေကြတုန်းမှာ ''ငါ ရှေ့ကို ဆက် ပြီး သည်းခံနိုင်ပါတော့မလား။ ဖြစ်ခဲ့တာတွေ မိဘတွေ ဆုံတုန်း ပြောပြလိုက်ရ ကောင်းမလား။ အင်း… ပြောလိုက်ရင်တော့ ပိုဆိုးသွားလိမ့်မယ်။ မကောင်းတဲ့ အလားအလာက ပိုများမှာ။ ကဲ… အခြေအနေ ဆိုးသွားပြီ ဆိုပါတော့။ ငါ ဘာ ဆက်လုပ်မလဲ။ သူနဲ့ကော ခွဲနိုင်ပါ့မလား။ ခွဲနိုင်တယ်ထား ကလေးအတွက် စဉ်းစားရဦးမယ်'' နဲ့ စိတ်တွေ ထွေပြားနေလိုက်တာ နောက်ဆုံးတော့လည်း အားလုံး အဆင်ပြေအောင် မပြောဘဲနေတာ ကောင်းပါတယ်။ သူ့ကို ချစ်တော့ လည်း သည်းခံရမှာပေါ့။ ကလေးလည်း ရလာဦးမှာ။ ဘာပဲဖြစ်ဖြစ် ရင်ဆိုင်ပါတော့ မယ်လို့ ဆုံးဖြတ်ရပြန်တာပါပဲ။





ပြဿနာကို မဆက်တော့ အေးသွားတာပေါ့လေ။ မောင်လည်း မိဘတွေကို …ကန်တော့ဖြစ်လေတော့ စိတ်အေးချမ်းသာ ပြန်တဲ့သူလည်း ပြန်ကြတာပေါ့။ ကိုယ့် …သာ စိတ်မချမ်းမြေ့မှုရဲ့ဒဏ်၊ သတိမေ့လဲတုန်းက ရတဲ့ဒဏ်တွေ၊ စိုးရိမ်တကြီး …ပြုစုနှိပ်နယ်ထားကြလို့ တစ်ကိုယ်လုံး နာကျင်နေတာတွေ နွမ်းနယ် ပင်ပန်းနေ …ကြောင့် လှုပ်လည်း မလှုပ်နိုင်၊ မရွေ့နိုင်တော့ဘူးလေ။

မောင်က ဒါကို မသိရှာဘူးလား။ လူတွေရှေ့ ကန်တော့လိုက်ရလို့ ရှက် …သလား မသိပါဘူး သူငယ်ချင်းရယ်။ ကိုယ့်အနားတော့ လာပါတယ်၊ ဘာမှ …ပြောဘဲ ခေါင်းငိုက်စိုက်ချလို့နေပါတယ်။

ဒီလိုမြင်ရပြန်တော့လည်း ကရုဏာသက်ရပြန်တယ်။ ဖြစ်ခဲ့ခံခဲ့ရတာတွေ …ည်း သင်ပုန်းချေပြီးသားလေး ဖြစ်သွားတော့တာပဲ။

ဪ… ကိုယ့်အချစ်ကိုက သူ့အပေါ် သနားချစ်မျိုးနဲ့ စချစ်ခဲ့ရတာကိုး …လည်း ကိုယ့်စိတ်ကလေး မလုံမလဲအတွက်ကို ရှေ့နေလိုက် တွေးမိသေးတာ။

''အေး… အခန်းထဲသွားကြစို့'' လို့ မောင်က ခေါ်တော့မှ ကိုယ့်အဖြစ် …ို သတိရတော့တယ်။

''အေး မလှုပ်နိုင်တော့ဘူး မောင်ရယ်၊ အိမ်ရှေ့မှာပဲ အိပ်တော့မယ်'' လို့ …ပြောလိုက်တာနဲ့ မောင်က ဘာမှမပြောတော့ဘဲနဲ့ ကိုယ့်ဘေးမှာ လှဲအိပ်နေ …ိုက်တယ်။

ခဏပါပဲ ''အေး မောင် ဒီမှာ မအိပ်ချင်ဘူး၊ အိပ်လည်း မအိပ်တတ်ပါ …ူး အေးရယ်။ အိမ်ထဲ ရွှေ့အိပ်ရအောင်ပါ'' လို့ မျက်နှာငယ်လေးနဲ့ ပြောနေ …ိတယ်။

ဟုတ်တော့ ဟုတ်ပါတယ်ကွာ။ မောင်က အိမ်ရှေ့မှာဆိုရင် အညောင်းပြေ …သောတောင်မှ လှဲနေတတ်တဲ့ လူစား မဟုတ်ဘူး။ တစ်ခါတလေ ကိုယ်လှဲနေ …ာ တွေ့ရင်လည်း မကြိုက်ဘူး။ အိပ်ချင်ရင် အိပ်ရာထဲမှာ အိပ်လို့ရသားနဲ့လို့ …ူတတ်ခဲ့တာပါ။ အခုတော့ ကိုယ်မှ မလျှောက်နိုင်တာ။

''ကဲ… ဒါဖြင့်လည်း တွဲခေါ်'' ဆိုတော့ သူက ရှက်နေသေး၊ မခက် …ူးလား။ သူ ရှက်မှန်းသိပေမယ့် ကိုယ်မှ မတတ်နိုင်တော့လည်း ဒါလေးတော့ …ဖြစ်သည်းရမလားလို့ ချစ်ဒေါသလေးတောင် ပွမိပါရဲ့။

နောက်တော့ သူမှ မအိပ်တတ်ဘဲ တွဲခေါ်တော့တာပေါ့။ ဒါတောင် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



က မလှုပ်မရှားနိုင် ဖြစ်နေတော့ မောင်က ပွေ့ချီခေါ်ယူရတဲ့အထိပဲ။ ကိုယ့်ကို ကလေးလို ပွေ့ချီခေါ်တာခံလိုက်ရတော့လည်း ရယ်ချင်လာတယ်။ မျက်နှာအ ပြုံးသွားတာပေါ့။ ရင်ထဲမှာ ပီတိလေးတော့ အဖြစ်သားပေါ့ကွာ။

* * *



## အခန်း (၈)

ဒီလိုနဲ့ အေးအေးချမ်းချမ်း ဖြစ်သွားရပြန်တယ်။ တကယ်ဆို ကိုယ်တို့ အေးငြိမ်းတာပါ။ အိမ်မှာ ဘာမှ ကူလုပ်ကြရတာ မဟုတ်ဘူး။ မေမေက ကိုယ်တို့ အဝတ်အစားကအစ လျှော်ဖွပ် မီးပူတိုက်၊ ချက်ပြုတ်ကျွေးမွေး အလွန်အရေးပေး ခဲ့တာ။ ဖေဖေကဆိုရင် အငြိမ့်အဖွဲ့နဲ့ အနယ်နယ်အရပ်ရပ်သွား၊ သူတတ်ကျွမ်းရာ ပညာနဲ့ အလုပ်လုပ်ပြီး အိမ်ကို ငွေပြန်ပို့ပေးတယ်။ မောင့်ဖေဖေကလည်း တစ်လကို ငွေတစ်ရာငါးဆယ် ပေးသေးတယ်။ မိဘတွေက အဘက်ဘက်က ဖြည့်ဆည်းပေး ကြ၊ ချစ်ကြတာပေါ့လေ။ ကိုယ်တို့ ဘာမှ ပူပင်ကြောင့်ကြစရာ မရှိပါဘူး။

မောင်က တက္ကသိုလ်ရောက်စနှစ်မှာ အိမ်ထောင်ပြုတော့ ပညာတစ်ပိုင်း တစ်စပေါ့။ ကိုယ်ကတော့ ဒီအချိန်မှာ ရုပ်ရှင်သီချင်းသွင်းတို့၊ ဓာတ်ပြားသီချင်း သွင်းတို့၊ ဧည့်ခံပွဲ၊ ကြော်ငြာပွဲတွေမှာ သီဆိုဖျော်ဖြေနေပြီလေ။ ပုံမှန်ဝင်ငွေမရှိပေ မယ့် ရတဲ့အခါလည်း ရတာပေါ့ကွာ။ ဝင်ငွေမရှိတဲ့အခါလည်း မရှိဘူးပေါ့။ ဒါ ရှက်စရာ မဟုတ်ပါဘူး။

မိဘတွေနဲ့ ကိုယ့်သဘောထားကတော့ မောင် ပညာဆက်သင်စေချင်ကြ တယ်။ မောင်က သိပ်ခေါင်းမာတာ။ မိန်းမယူရင် အလုပ်လုပ်ကျွေးဖို့ တာဝန်ရှိတယ် လို့ အပြင်းအထန် ငြင်းဆန်နေတော့တာ။ ကျောင်းမတက်တော့ဘူး အလုပ်ရဖို့ ကြိုးစားရှာဖွေနေခဲ့တယ်။

အဆင်မပြေဘဲ ပြန်ရောက်လာတဲ့အခါတိုင်း ညှိုးညှိုးငယ်ငယ်၊ သိမ်မှန် စိတ်ထိခိုက်နေတတ်နေတယ်။ မောင့်ကို တပင်တပန်း နွမ်းနယ် ထိခိုက် ညှိုးငယ်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့အဖြစ်နဲ့ ကိုယ်မမြင်ရက်ပါဘူး သူငယ်ချင်းရယ်။ "မောင်ရယ်၊ ကျောင်းသာ ဆက်တက်စမ်းပါ။ အလုပ်လည်း အချိန်တန်တော့ လုပ်တာပေါ့။ အခု အေးမှာ ဝင်ငွေရှိသားပဲ" လို့ ချော့မော့ နှစ်သိမ့်ပေမယ့် မောင်က ငြင်းခဲ့တာချည်းပါပဲ။

"အေး… မောင် ပြောပြမယ်။ အခု မောင် အလုပ်အတွက် ကြိုးစားခဲ့တာ ဘယ်လောက်ကြာပြီလဲ အေး အသိပါ။ ကဲ… ကျောင်းပြန်တက်ပြီဆိုပါတော့ နောက်လေးနှစ်ကြာမှ မောင် ဘွဲ့တစ်ခုရမယ်။ အခုတောင် ဒါလောက် အလုပ်ရှား နေပြီဆိုရင် မောင် ဘွဲ့ရလာမယ့် နောက်လေးနှစ်ကြာတဲ့အခါ ပိုမဆိုးပါလား အေး ရဲ့။ တွက်လို့ရနေပြီပဲ။ ကျောင်းက အလုပ်လုပ်ရင်းလည်း တက်လို့ရပါတယ်။ စာမေးပွဲလည်း အပြင်က ဖြေမှာပေါ့။ မိန်းမ အရိပ်ခိုနေရတာမျိုးတော့ မောင် အဖြစ်မခံနိုင်ဘူး။ အလုပ်မလုပ်ဖို့ မောင့်ကို နောက်မပြောနဲ့" လို့ ပြောတယ်။ အလုပ်လည်း ရှာခဲ့တာပဲ။ ဒါပေမဲ့ အဆင်မပြေခဲ့ပါဘူး။

အဲဒီအချိန်က အလုပ်ဆိုတာ ဒါလောက် မရှားသေးတာတော့ အမှန်ပါ။ ဒါပေမဲ့ အဆင်မပြေနိုင်တဲ့ အကြောင်းကြောင်းတွေထဲမှာ မောင့်ဖေဖေကြောင့်ဆိုတာ က အဓိကလို့ ဆိုရမှာပဲ သူငယ်ချင်း။ မောင့်ဖေဖေက လက်ဝဲနိုင်ငံရေးသမားလို့ နာမည်ကြီးနေတာကိုး။ ဘာကြောင့် ညာကြောင့်ဆိုတာတွေ ထားပါတော့လေ။ ရက်တွေ လတွေ ကြာလာခဲ့တော့ မောင်လည်း စိတ်ပျက်စပြုလာပြီ။ စိတ်မော လူမော ဖြစ်ရဖန်များတော့လည်း စိတ်ခတ်ကျမှာပေါ့။ နောက်ဆုံးတော့ ဗိုလ်သင်တန်း တက်ဖို့ စီစဉ်တော့မယ်တဲ့။ သူ့သူငယ်ချင်းတွေလည်း တပ်မတော်ထဲ အများကြီး ရောက်နေပြီတဲ့။ သူတို့က သူတို့နဲ့အတူ စစ်မှုထမ်းဖို့ ပြောနေကြတယ်တဲ့။

ဒါကျတော့ ကိုယ်က သဘောမတူချင်ဘူး သူငယ်ချင်း။ ကိုယ်က မောင့် ကို အရိပ်ကြည့်နေချင်တာ။ သူ့အသက်နဲ့ရင်းပြီး ကျွေးမယ့် ထမင်းမျိုးကို မစား ရက်ပါဘူးလေ။

"အမြဲတမ်း ရင်ထိတ် စောင့်စားရမယ့်အဖြစ်မျိုးကိုလည်း ကြောက်ပါ တယ် မောင်ရယ်"

လူဆိုတာ သေကြရမှာချည်းပါလို့တော့ နားလည်ပါရဲ့။ တိုင်းပြည်အတွက် သေရတာ မြတ်တယ်လို့တော့ ပြောတတ်ကြတာပါပဲ သူငယ်ချင်း။ ဒါပေမဲ့ကွယ် ဘာပဲဖြစ်ဖြစ် ကိုယ့်မျက်စိအောက်မှာ အေးအတူပူအမျှ သေတဲ့အထိ နေလိုပါတယ် လို့ အထပ်ထပ်အခါခါ ပြောမိပါတယ်။





မောင်ကလည်း ခက်တယ်။ ဒါ လုပ်မယ်ဆို လုပ်မယ်ပဲ တားမရဘူး။ ဒါတော့လည်း ကိုယ်ပဲ တစ်ပတ်လျှော့ရပြန်တာပေါ့။

သူငယ်ချင်းရေ… ချစ်မိတဲ့ သူများဟာ အလျှော့ပေးရတတ်ပါလားလို့ သာ တွေးနှင့်ပါတော့။

သူက မဖြစ်မနေ ဗိုလ်သင်တန်းတက်မယ် ဘာမယ်နဲ့ ပြောနေတာပါ။ သူ့ကြည့်တော့ ပေါင်ချိန်ပြည့်မယ့်ပုံတောင် မပေါ်ပါဘူး။ ပိန်ပိန်သေးသေး တကယ့် အလေးလေးမှ ကလေးလေးပါကွယ်။ ဒါပေမဲ့ သူ သိပ်ပြီး စိတ်အားထက်သန်နေ တော့ သူ့စိတ်အားလေး လျော့မသွားရအောင်တော့ ကိုယ်က အားပေးကူညီရတော့ မှာပေါ့။ သူ့ ကြိုးစားချက် သူ လုပ်ချင်တာ အောင်မြင်သွားစေချင်တဲ့ ဆန္ဒတော့ ကိုယ့်မှာ ရှိပါတယ်။ ဒီတော့ ဘယ်လို အဆင်ပြေအောင် လုပ်ပေးရပါ့မလဲ။ ဘယ်သူ့ ပြောရပါ့မလဲလို့ တွေးရတယ်။

ကိုယ်က စစ်တပ်က ထောင်ထားတဲ့အဖွဲ့မှာ သီချင်းဆိုခဲ့တာ မဟုတ်လား။ စစ်တပ်က ဧည့်ခံပွဲတွေလုပ်တိုင်း လိုက်နေခဲ့ရတော့ တပ်မတော်က လူကြီးတွေ အတော်များများနဲ့ မြင်ဖူး သိဖူးရှိတာပေါ့။ ကိုယ်တွေးမိတဲ့ ဗိုလ်မှူးကြီးတစ်ဦးက တော့ သူ့မိသားစု တစ်စုလုံးနဲ့ပါ ကိုယ်က ရင်းနှီးတယ်။ ကိုယ့်ကိုလည်း ထွန်းထွန်း ပေါက်ပေါက် ဖြစ်စေချင်တဲ့ စေတနာထားမှန်းလည်း ကိုယ် သိတယ်။ သူကိုယ်တိုင် ကလည်း တေးဂီတကို တန်ဖိုးထားရကောင်းမှန်း နားလည်တဲ့ ပုဂ္ဂိုလ် တစ်ဦးဖြစ်လို့ သူ့တစ်အိမ်လုံး နိုင်ငံခြားဓာတ်ပြား သီချင်း၊ ပြဇာတ်၊ ဘဲလေး၊ တေးသံစုံ ဓာတ်ပြားတွေ၊ ကမ္ဘာသုံးသင်္ကေတ စာရွက်စာတမ်းတွေ၊ အသံသွင်းစက်၊ ဓာတ်ပြား ဖွင့်စက်တွေ၊ အသံသွင်းကြိုးခွေတွေနဲ့ ပြည့်နေတော့တာ။

ကိုယ် ချာတိတ်တုန်းကဆိုရင် သူတို့အိမ် မကြာခဏခေါ် သီချင်းတွေ အသာအစုံ နားထောင်ခိုင်း။ ဗမာလို အသံထွက်နဲ့ လိုက်ရေးစေပြီး တူအောင် လိုက်ဆိုခိုင်း၊ လေ့ကျင့်ခိုင်းနဲ့ပေါ့၊ ကိုယ့်ကို အဲဒီလောက် တိုးတက်အောင်မြင်စေ ချင်တဲ့၊ ညွှန်ကြား လေ့ကျင့်စေခဲ့တဲ့ ဗိုလ်မှူးကြီးကြောင့် ဒီကနေ့လို အောင်မြင်တဲ့ အဆိုတော်တစ်ယောက်၊ နေရာရနေတဲ့ အဆိုတော်တစ်ယောက် ဖြစ်လာတယ်ဆို တာလည်း မမှားပါဘူး။ ကိုယ့်အတွက် မိဘအရာ၊ ဆရာသမားအရာ ထားမိတဲ့သူ ဆိုတော့လည်း မောင့်ကိစ္စအတွက် အကူအညီတောင်းဖို့ သူ့ကိုပဲ သတိရတယ်။

ဒါပေမဲ့ ကိုယ်က လိပ်ပြာမလုံဘူး။ သူတို့က တိုးတက် အောင်မြင်စေချင်

www.burmeseclassic.com



နေတဲ့ ငယ်ငယ်ရွယ်ရွယ်လေးမှာ ကိုယ်က လင်ယူလိုက်မိတာကိုး။ ဒါနဲ့ သူတို့ မိသားစုတွေဆီ မရောက်ခဲ့တာ ကြာပြီလေ။ ဒါကြောင့် သွားရမှာ ခက်နေသလိုပဲ။ မောင့်ကို ဒီအကြောင်း ပြောပြမိတော့ သွားကြည့်ကြတာပေါ့လေတဲ့။

ဒါနဲ့ ကိုယ်တို့နှစ်ယောက် အိမ်ကိုသွားတွေ့ကြတယ်။ ကိုယ်တို့ အခက်အခဲအကြောင်း တင်ပြ အကူအညီတောင်းရတာပေါ့ကွယ်။ အကြောင်းစုံသိသွားတဲ့အခါမှာတော့ တပ်မတော်သားတစ်ယောက် ဖြစ်လာရင် တာဝန်ကျရာ နေရာဒေသမရွေး သွားလာနေထိုင်ကြရတယ်။ ဒါဆို ကိုယ်က မောင်နဲ့ လိုက်ရလိမ့်မယ်။ ကိုယ့်ဝါသနာနဲ့ ကိုယ့်အသက်မွေးဝမ်းကျောင်းမှုပညာက အတူတူဖြစ်နေတဲ့အပြင် ကိုယ်က အောင်မြင်မှုရနေပြီ။ ဒီထက်ပိုပြီး အောင်မြင်ကျော်ကြားမှုကို ခိုင်မာအောင် ကြိုးစားဖို့ပဲ လိုတော့တယ်။ မောင့်နောက် လိုက်သွားရရင် နေရာပျောက်သလို ဖြစ်လိမ့်မယ်။ မလိုက်လို့လည်း တကွဲစီ ခွဲနေနိုင်ကြမယ် မထင်ဘူး။ ဒီတော့ တပ်ထဲဝင်ဖို့ကိစ္စ အေးအေးဆေးဆေး ပြန်စဉ်းစားလို့ ပြောလိုက်ပါတယ်။

အိမ်ပြန်ရောက်တော့ ကိုယ်တို့နှစ်ယောက် တိုင်ပင်ရတာပေါ့။ နှစ်ယောက်လုံးအတွက် အဆင်ပြေဖို့သာ အဓိက မဟုတ်လား သူငယ်ချင်းရယ်။ ကိုယ့်ဝါသနာ ကိုယ့်အသက်မွေးမှု လုပ်ငန်းလည်းမပျက် မောင်လည်း အလုပ်အတွက် အဆင်ပြေရင် ကျောင်းပြန်တက်လို့ရမယ်။ ရန်ကုန်မှာ အတည်တကျဖြစ်မယ့် အလုပ်မျိုးဆို ပြီးတာပဲလို့ တိုင်ပင်ပြီး တစ်ခေါက်ထပ်သွားကြရတယ်။

အဲဒီအချိန်က ဒီအက်(စ်)အိုင် ကုမ္ပဏီတွေ ဖွဲ့စည်း တည်ထောင်နေတဲ့ အချိန်လေ သူငယ်ချင်းရဲ့။ ဒီတော့ မောင်က ဗိုလ်မှူးကြီးရဲ့ အကူအညီနဲ့ မြန်မာ ကျွန်းသစ်နဲ့ အထပ်သားကုမ္ပဏီမှာ အလုပ်ရတယ်။ မောင့်ကိုလည်း ကျွန်းအကြောင်းနဲ့ ပတ်သက်တာတွေ၊ တွက်ပုံတွက်နည်းတွေကအစ ရုံးလုပ်ငန်း စာရင်းဇယားတွေအထိ လေ့လာစေခဲ့တယ်၊ သင်ပေးစေခဲ့တယ်။ ဒီတော့ ကိုယ်တို့အတွက် ကျေးဇူးရှင်လို့လည်း ဆိုသွားနိုင်တာပေါ့ကွယ်။

ကိုယ့်မှာ မောင့်အလုပ်ကိစ္စတစ်ဖက်က အဆင်ပြေသွားခဲ့လို့ စိတ်အေးရပေမယ့် ကိုယ့်အိမ်သားတွေနဲ့ မောင်နဲ့ အဆင်မပြေတာတွေက များများလာတာကြောင့် စိတ်ဆင်းရဲဒုက္ခနဲ့တော့ မကင်းရပါဘူးကွာ။ ပြဿနာ ကြီးကြီးကျယ်ကျယ် မဟုတ်ပေမယ့် စိတ်ခုစရာ အသေးအဖွဲလေးတွေ တစ်စစီ ပေါင်းလိုက်ရင် ပြဿနာကြီး တစ်ခုထက် ပြင်းထန်သွားနိုင်တဲ့ အခြေအနေ ဖြစ်သွားနိုင်တယ်လို့ တွေးမိ





တော့ အစစအရာရာ ဟိုဘက် ဒီဘက် ထိန်းရ သိမ်းရ ဖာရထေးရတာ မလွယ်ဘူး သူငယ်ချင်း။

ပြဿနာကတော့ အိမ်ထောင်စုတိုင်း ကြုံရတတ်တာမျိုးတွေချည်းပါပဲ။ လူကြီးသူမတွေဆိုတာက ကိုယ်မွေးထားတဲ့ သားသမီး ဘယ်လောက် ကြီးလာလာ၊ ရာထူးကြီးရနေနေ၊ ဘာသိက္ခာတွေရှိရှိ သူတို့အမြင် အတွေးထဲမှာတော့ ကြီးမလာဘူး၊ ကလေးလိုပဲ သဘောထားတတ်တာ သဘာဝပါ။ ပူစရာရှိလည်း ပူတာပဲ၊ ဆူစရာရှိလည်း ဆူမှာပဲပေါ့။

ကိုယ့်မိဘတွေမှာလည်း ဒီသဘောမျိုးပဲ။ နှစ်ယောက်သား အပြင်ထွက်ကြမယ် ပြင်တာ ဆင်တာနဲ့ ဘယ်သွားကြမလို့လဲလို့ မေးတတ်တာပေါ့။ ဘယ်ရောက်နေတယ်လို့ သူတို့ သိထားချင်တဲ့ သဘောပါ။

ဒါကို မောင်က နည်းနည်းမှ မကြိုက်ဘူး။ အိမ်ထောင်သည်တွေဖြစ်နေပြီ၊ လင်သားတစ်ယောက်လုံးနဲ့ သွားတာပဲ။ ဒီလို မေးရကောင်းလားပေါ့။ အမေးခံရတိုင်း လမ်းကျရင် သူ မကျေနပ်တာ ပြောတော့တာပဲ။

ကိုယ်က မောင့်ကိုလည်း အပြစ်မတင်ချင်ပါဘူး။ လူကြီးတွေ သဘောသဘာဝ နားလည်နေတော့ မောင့်လို အပြစ်မမြင်နိုင်ဘူး။ ကိုယ်က သတိမေ့တတ်တော့ ငယ်ငယ်လေးကတည်းက ရေချိုးတော့လေ၊ ထမင်းစားတော့လေနဲ့ အိမ်က အမြဲ သတိပေးခဲ့ရတယ်။ ခုထိ သတိပေးတဲ့ အလေ့အထ ရှိနေခဲ့တာကို မောင်က သတိမှ မပြုမိ မသိလေဘူး သူငယ်ချင်း။

ဒီတော့ သူ့ထက် ဂရုစိုက်တယ်၊ အရေးပေးတယ်ထင်အောင်၊ သူ့ထက် ပိုချစ်တယ်ထင်အောင် ဖန်တီးတာလို့ ထင်ပေတာကိုး။

နောက်တစ်ချက်ကလည်း ကိုယ့်မှာ အတွင်းကျိတ်သောကလေး ခံစားနေရတာ အိမ်က သိနေပြီဆိုတော့ အမြဲစောင့်ကြည့်နေကြတာလေ။ ကိုယ် ကြားက ဒုက္ခများမှာစိုးလို့ မသိသလို နေကြရပေမယ့် တအုံ့နွေးနွေး အစိုင်အခဲ ဖြစ်နေကြတာလည်း ကိုယ် သိပါတယ်။ မောင်က ကိုယ့်ကို ဂရုမစိုက် အရေးမထားတော့လည်း သူတို့မှ ဂရုမစိုက်ရင် ဘယ့်နှယ်လုပ်ပါ့မလဲ။

အဆိုးဆုံးကတော့ ကိုယ် မီးဖွားရင် ဆေးရုံမှာ အိမ်မှာနဲ့ နေရာရွေးကြတဲ့ ပြဿနာပါ။ အိမ်မှာဆို သူတို့ မျက်စိအောက်တင်မို့ စိတ်ချတယ်ပေါ့၊ ကူညီနိုင်တယ်ပေါ့။ ဆေးရုံမှာဆို အချိန်နဲ့မှ တွေ့ရတော့ ကိုယ်တစ်ယောက်တည်း အားငယ်

www.burmeseclassic.com



မှာ စိုးတယ်ပေါ့ကွာ။ မောင်ကလည်း ခါးခါးသီးသီး အပြောကို မခံဘူး။ ဆေးရုံမှ ဆေးရုံ၊ ညှိမရတော့ စကားမပြောချင်အောင် ဖြစ်သွားကြတယ်။ ကိုယ်ကတော့လေ မောင့်ဘက်ကိုပဲ လိုက်လျောပေးလိုက်ပါတယ်။ သူ့ အေးဖို့ပဲ လိုတာကိုး။

ဒီတော့ ဆေးရုံပြဖို့သွားရတာ ကိုယ့်မှာ အလုပ်တစ်ခု ပိုလာတာပေါ့။ ဒီတုန်းကများ ဆရာဝန်နဲ့ သီးသန့် ကိုယ်ဝန် အပ်နှံလို့ ရကောင်းမှန်းမှ မသိတာပဲ။ ဒပ်ဖရင်သွား၊ နေ့ဝက်လောက်ကုန်တဲ့အထိ ခြေတောင့်အောင် တန်းစီစောင့်ရတဲ့ ဒုက္ခနဲ့ တွေ့တာပေါ့။ ဗဟုသုတက နည်းသေးသကိုး။ ကိုယ့်အမေကလည်း တစ်သက်လုံး အိမ်မှာသာ မီးဖွားဖူးတော့ နည်းပေးလမ်းညွှန်လုပ်ဖို့ နေနေသာသာ ဆေးထိုးအပ်တောင် မကြည့်ရဲတဲ့ အမေ။

မောင် အလုပ်အဆင်ပြေတာနဲ့ ကိုယ်ဝမ်းနာတဲ့အချိန်ဟာ အချိန်ကိုက်ထား သလိုပဲကွယ်။ ကိုယ်က ပထမဆုံး အတွေ့အကြုံဆိုတော့ နားမလည်ဘူးပေါ့။ အိမ်က ဥက္ကလာ၊ ဆေးရုံက အလုံ ဒပ်ဖရင်မှာ၊ နီးတဲ့ခရီး မဟုတ်လေတော့ ဝမ်းနာတာနဲ့ ဆေးရုံပြေးရတော့တာ။ ဆေးရုံရောက်တော့ ကိုယ့်မှာ ဗိုက်နာတာ မွေးရမှာကို စိုးရိမ် ကြောက်လန့်ရမယ့်အစား ဆေးရုံက ခန့်မှန်းထားတဲ့ မွေးရက် မရောက်သေးဘဲ ခုမွေးဖြစ်သွားမယ်ဆိုရင် တစ်လနီးပါး စောနေတော့မှာ။

ဒါဆို မောင့် သံသယကြီးကို ဘယ်လို ရှင်းနိုင်တော့မှာလဲလို့ ဝမ်းနည်း အားငယ်နေမိတယ်။ တစ်ယောက်တည်းရှိတာနဲ့ စိတ်ညစ်တိုင်း ငိုချည်းနေမိတာ ပေါ့ သူငယ်ချင်း၊ ဆုကလည်း တောင်းရတုန်းပါ။

"တပည့်တော်မရဲ့ ကလေးလေးကို သနားသဖြင့် ဆေးရုံက သတ်မှတ်ပေး လိုက်တဲ့နေ့ရဲ့ နောက်ပိုင်းရက်ကျမှသာ မွေးနိုင်ပါရစေ ဘုရား"လို့။

ကိုယ့် ဆုတောင်းပြည့်လို့လား၊ ကလေးကုသိုလ်ကံကောင်းလို့လား ဒါမှ မဟုတ် ဟိုလူနာကအော်၊ ဒီလူနာက ညည်း၊ ပုံစံအမျိုးမျိုးနဲ့ မီးဖွားခြင်း ဒုက္ခအဝဝ ကို မြင်မိလို့လား မသိပါဘူး။ ဆေးရုံမှာ တစ်ပတ်ပဲကြာတယ် ပြန်ခဲ့ရပါရော။

ကိုယ် အိမ်ပြန်ရောက်တော့ လူကြီးတွေဖြင့် ရင်တမမနဲ့ပေါ့။ ကိုယ်တော့ သိပ်ပျော်တာပဲ။ မမွေးဖြစ်သေးတာဘဲ ကျေးဇူးတင်မိသေးတော့တယ်။

စဉ်းစားကြည့်လေ သူငယ်ချင်း၊ ဆေးရုံက မွေးမယ် တွက်တဲ့ရက်ထက် စောနေရင် မောင်က သူ စွပ်စွဲချင်နေတဲ့အတိုင်း သူ့ကလေး မဟုတ်ပါဘူးလို့ ကျိန်းသေ ပြောတော့မှာ။ ဒါကြောင့် ဝမ်းသာမိတာ၊ ဆုတောင်းခဲ့ရတာပါ။





ခုအချိန်မှာလို ကလေးကို သွေးစစ်ကြည့်လို့ရတယ်ဆိုတာ အဲဒီအချိန်က ရင် ကိုယ် ဒါလောက် စိတ်ညစ်ရမှာ မဟုတ်ဘူးနော်။ ခုတော့ ကိုယ် အ႕တား တွေ သိလာတော့ ကိုယ့်ကိုယ်ကိုယ် ထုပစ်ချင်တယ်။

သူငယ်ချင်းရေ၊ ကံအားလျော်စွာပဲ မောင် အလုပ်ရလို့ တစ်လတိတိပြည့်တဲ့ ၁၉၆၀ ခု၊ စက်တင်ဘာလ (၄) ရက်နေ့မှာ သမီးကြီး မွေးခဲ့တယ်။

ဒီရက်မတိုင်ခင် ညဦးပိုင်းမှာ ဝမ်းနာလာတော့ မောင်ရယ် မေမေရယ် ယ်တို့ အိမ်ခေါင်းရင်းမှာနေတဲ့ အမေညီုရယ် လိုက်လာကြတယ်။ ကိုယ့်ဗိုက် အရှူးလိုပဲ။ ဆေးရုံရောက်လို့ အော်သံဟစ်သံတွေကြားတာနဲ့ အနာရပ်သွားတော့ ယ်။ ဒါပေမဲ့ အဲဒီနေ့က ဆေးရုံက မွေးမယ်လို့ ခန့်မှန်းသတ်မှတ်ထားတဲ့ရက်မို့ ချင် မွေးမှာပဲ ထင်တာနဲ့ ဆေးရုံမှာ နေခဲ့တော့တယ်။

မောင့်ကိုတော့ နောက်နေ့ အလုပ်သွားဖို့ရှိသေးလို့ အိမ်ရေးပျက်မှာ စိုးမိတယ် ။ အလုပ်က ဝင်ခါစ၊ ကိုယ့်ဗိုက်ကိုလည်း အစိုးမရတော့ အရင်ကလို တစ် ကြာ အိမ်ပြန်နေရရင် မောင် အလုပ်ပျက်မှာလို့လည်း တွေးမိသေးတော့ ပြန်ချင် နားပါလို့ မောင့်ကို အတင်းပြောပြီး ဆေးရုံအောက်ထပ်အထိ ဆင်းပို့ပေးလိုက် တာ။ မေမေတို့ကတော့ ကိုယ့်ကို စိတ်မချလို့ ဆေးရုံအောက်မှာ ထိုင်စောင့် ကြယ်တဲ့။

ည ဆယ်နာရီလောက် မောင် ပြန်သွားတယ်။ မောင် ပြန်ပြီး နာရီဝက် ာက်မှာ အပြင်းအထန် ဝေဒနာခံရတော့တာပဲ။ တာဝန်ကျ ဆရာဝန်တွေက တစိုက် ကြိုးစားကြပေမယ့် ဒဏ်တွေ စုပီထားလို့ အားနည်းနေတဲ့ ကိုယ်က ဖွားနိုင်ခဲ့ဘူး။ မောင့်ကို အကြောင်းကြားဖို့ အချိန်မရ။ ကိုယ်က သတိလစ်လု ။ ဒါနဲ့ ကိုယ့်မေမေကပဲ ခွဲစိတ်ကုသဖို့ သဘောတူကြောင်း လက်မှတ်ရေးထိုးပေး ရပါတယ်။

ကိုယ့်အမေက ခွဲစိတ်တာ မပြောပါနဲ့။ ဆေးရုံတောင် ရောက်ဖူးတာ ဟုတ်ဘူးလေ။ ဒီလို မေ့ဆေးပေးရမယ်။ ခွဲစိတ်ရမယ်ဆိုတော့ အရူးမီးဝိုင်း ဖြစ်ရှာတယ်။ ဆေးရုံပေါ် တက်လိုက် ဆင်းလိုက်၊ ငိုလိုက် ရယ်လိုက်ဖြစ်နေမှာ သေအချာပေါ့။

ကိုယ် သတိပြန်ရတော့–

"အေး… သတိရပြီလား၊ မောင် အနားမှာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ မောင့်စကားက စပြီး ကြားမိတယ်။

မနည်း အားယူ မျက်လုံးဖွင့်ကြည့်မိတော့ မောင့်ကို ဝါးတားတား မြင်ရတယ်။ မေ့ဆေးအရှိန်က မပြယ်သေးတော့ ဘာဖြစ်ခဲ့တယ်ဆိုတာလည်း ကိုယ်သတိမရပါဘူး။ ကိုယ့်အသိထဲမှာ ကြားနေတာကတော့ "အေး··· အေး" ဆိုတဲ့ မောင့်အသံပါပဲ။

စိတ်ကို ငြိမ်အောင်ထားပြီး အားတင်းကြည့်တော့မှ မေမေတို့ကိုပါ တွေ့ရတယ်။ ဘာမှမပြောဖြစ်ဘဲ ပြန်အိပ်ပျော်သလို ဖြစ်သွားတယ်။ နောက် ပြန်သတိရတော့ ခေါင်းထဲ ကြည်ကြည်လင်လင် ဖြစ်သွားခဲ့ပြီ။

ဒီတော့မှ အားလုံးကို ပြုံးပြလိုက်နိုင်တယ်။ ကိုယ် ပြုံးပြစရာ တစ်ယောက် လိုနေသေးတယ်။ မောင့်ကို မတွေ့ဘူးလေ။

"မောင်ကော" လို့ ပထမဦးဆုံး နှုတ်ခမ်းက လှုပ်တယ်။ မေမေက ပြုံးနေတယ်။ ကိုယ် ချက်ချင်း သတိပြန်ရလိုက်ပါတယ်။ မအေ တစ်ယောက်လုံးက ဘယ်လိုနေသေးလဲ၊ သတိကောင်းကောင်းရပြီလားလို့ မေးနေတာကို မဖြေမိ၊ ကျော်ပြီး မောင့်ကို မေးမိနေပါလား။ မေမေ ဒါ့ကြောင့်များ ပြုံးနေပါသလား။

"ရှိပါတယ် သမီးရဲ့၊ ကလေးဆီ သွားကြည့်နေတယ်" လို့ မေမေက ပြန်ဖြေတော့ ကလေးကို သတိရသွားတယ်။

"ယောကျာ်းလေးလား၊ မိန်းကလေးလားဟင်"

ကိုယ် အငမ်းမရ ဆာဆာလောင်လောင် မေးတဲ့အတွက် ပြန်လာတဲ့အဖြေက "သမီးလေး" တဲ့။ ရင်ထဲမှာ "သမီးလေး၊ သမီးလေး" လို့ ခေါ်ကြည့်ရင်း အေးမြသွားတယ်။

"အမယ်လေး မအေးမြင့်တို့များ တို့လည်းခေါ်၊ မအေကလည်းခေါ် သတိရပြီလား၊ သတိရပြီလားနဲ့ မေးလိုက်ရတာ အာစေးမတတ်ပဲ။ သတိမရပေါင်တော် သူ့လင်တော်မောင်ကျတော့ သတိရပြီလားလို့ တစ်ခွန်းပြောတာနဲ့ မျက်လုံးတွေ ဘာတွေ ဖွင့်ကြည့်။ ခုပဲကြည့်လေ သတိရတာနဲ့ သူ့အဆက်ကို စမေးပြီ၊ စံပါပဲတော်"

အမေကြီးက ပြောရင်း ရယ်နေတယ်။

"အို··· မဟုတ်ပါဘူး" လို့ အရှက်ပြေသာ ပြောလိုက်ရတယ်။ တကယ် သူတို့ပြောလည်း ပြောစရာပါပဲလေ။ စိတ်ထဲမှာ မောင်ဟာ ဘယ်လောက် လွှမ်းမိုး





လိုက်ပါသလဲ။ စကြားရတာ မောင့်အသံ၊ စကားပြောနိုင်တာနဲ့ စမေးမိတာ မောင် ဖြစ်နေတာသာ ကြည့်ပါတော့။

"ဘယ်သူနဲ့ ကလေးက တူသလဲ မေမေ"

လို့ ကိုယ်က ဆက်မေးမိတော့-

"မေးမနေနဲ့ သမီးရေ··· တို့များက အင်္ဂလိပ်စကားလုံးကို ပုတ်လောက်ကြီး နေပြီထားတောင် နားမလည်နိုင်ပေမယ့် တို့မြေးတော့ တို့ ရှာလို့တွေ့ပါတယ်၊ သမီးမျက်နှာအတိုင်းပဲ။ ဆရာမတွေ မမေးဘဲနဲ့ကို သိနေတယ်"

လို့ မေမေက ပြောနေတုန်း မောင် ပြန်လာတယ်။

မောင့်မျက်နှာက ဝင်းပ ရွှင်လန်းနေတယ်။ ကိုယ့်ကိုလည်း-

"အေးရေ··· သမီးမျက်နှာကတော့ ဝိုင်းဝိုင်းစက်စက် မုန့်ပျားသလက် ဆိုတဲ့ အေး အတိုင်းပဲဗျာ" လို့ အားရပါးရ ရယ်ရင်း ပြောလိုက်တယ်။

ကိုယ်ကတော့ သမီးလေး ထွားရဲ့လား၊ အရပ်မြင့်ရဲ့လားလို့ စိုးရိမ်ပြီး မေးမိသေးတာပေါ့။ ဒီကလေး ရင်မှာ လွယ်ထားတဲ့အခါတုန်းက စိတ်ဆင်းရဲ ရတုန်းတော့ ကလေးမှ သန်သန်မာမာ ဖြစ်ပါ့မလားလို့ ပူမိတာရယ်၊ အရပ်မမြင့်ရင် လည်း ကိုယ့်လို အရပ်ပုလို့ စတာ နောက်တာ ခံရမှာစိုးတာရယ်ကြောင့် မေးရတာ ပါ သူငယ်ချင်းရေ။

"မပူစမ်းပါနဲ့ အေးရာ၊ ထွားလိုက်တဲ့ သမီး၊ နည်းတာကြီး မဟုတ်ဘူး။ အရပ်ကလည်း ကလေးခန်းထဲက ကလေးတွေ အားလုံးထက် ရှည်ပါတယ်။ မောင်က သိပါတယ် အေးရ။ သူများကလေးတွေ ဇယားကွက်ပါ လိုက်ကြည့်ထား တာ၊ ဒါတင်မကသေးဘူး၊ သမီးလေးက အေးလို အသံကောင်းကောင်းလေးဖြစ် မှာ အေးရဲ့၊ ငိုလိုက်တဲ့အခါများ သူ့အသံချည်းပဲ"

လို့ မောင်က သမီး ချီးမွမ်းခန်းဖွင့်နေလိုက်တာ ထမင်းမြိန်သလို မြိန်စရာ ကောင်းလွန်းလို့ ကိုယ့်မှာ ရင်အေးလိုက်ရတာကွာ။

သမီးလေးကို သုံးရက်ကြာမှ ကိုယ် မြင်ခွင့်ရတယ်။ ကိုယ်က နေမကောင်း သူ၊ သွေးသွင်းရတာနဲ့ ဖျားသွေးများနေတာနဲ့ တော်တော်နဲ့ မတွေ့ရဘူးပေါ့။ သမီးလေး သမီးလေးလို့ ကိုယ့်ရင်ထဲမှာ အကြိမ်ကြိမ် ခေါ်ဖူးပေမယ့် ကလေးကို တွေ့တွေ့ချင်းမှာတော့ မခေါ်ရဲသလိုလို၊ ရှက်တာလိုလို၊ ဆန်းနေသလိုလိုနဲ့ အကြောင်ကြောင်ကို ဖြစ်လို့။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံမှာနေရတဲ့ ရက်အတွင်းမှာ ဆရာဝန်၊ ဆရာမတွေက လိုလေသေးမရှိ ဂရုစိုက်ကြလို့ ပူစရာမရှိပေမယ့် အိမ်ကိုတော့ လွမ်းပြီး စိတ်ပူသေးတာပေါ့။

အိမ်အတွက်ဆိုတာထက် မောင့်အတွက် ပိုမှန်ပါတယ်လေ။ သူတို့ အဆင် မပြေကြသေးဘူးဆိုတာ သိထားရတော့ ပူပန်ရတယ်။ အမှန်တော့ အားလုံးက ကိုယ့်ကို ချစ်ကြလို့ပါ။ မောင်ကဆိုရင် သူ့ထက် အိမ်သားတွေကို ပိုမချစ်စေ ချင်ဘူးလို့တောင် ဖွင့်ပြောသေးတာ။

''အေးဟာ မောင့်မိန်းမပါ၊ သူတို့နဲ့ ဆိုင်သာဆိုင်တယ်လို့ မောင် တွေးမိ တယ်။ အေးကို ပိုင်တဲ့ မောင့်ထက် အခွင့်အရေး ပိုယူတာ မောင် မကြိုက်ပါဘူး။ အေးကို မောင်ပဲ အမြဲပြောချင် တွေ့ချင်တယ်'' တဲ့။

မောင်ကလည်း ခက်တယ် သူငယ်ချင်း။ စိတ်ထဲရှိတဲ့အတိုင်း မျက်နှာ က ပေါ်နေတတ်တဲ့ လူစားဆိုတော့ ဆေးရုံဧည့်သည်ချိန်မှာ ကိုယ် စိတ်ညစ်ရတာ အရမ်းပဲ။ တစ်ခါတလေများ မေမေတို့နဲ့ စကားများများ ပြောမိသွားလို့၊ ထမင်း ကျွေးဖို့ ပြင်ဆင်ပေးနေကြလို့ ကိုယ့်အနားမှာ အနေကြာသွားလို့ရှိရင် မောင် က အခန်းအပြင်ထွက်သွားတတ်တာ။ လူတွေအားလုံး ပြန်ကုန်တဲ့အခါကျမှ သုန်သုန်မှုန်မှုန်နဲ့ ပြန်ဝင်လာတတ်တယ်ကွာ။

ဒီလိုတွေ့နေရတဲ့ ကိုယ်က စိတ်ချမ်းသာနိုင်ပါတော့မလား။ ကိုယ့်လင်နဲ့ ပြောရ နေရမှာလား၊ မိဘတွေနဲ့ သတင်းလာမေးတဲ့သူတွေကို ပြောရ နေရမှာလား နဲ့ မောင့်မျက်နှာကြည့်ပြီး သိပ်စိတ်သောက များရတာပဲ။ သူတို့အားလုံး မရှိတဲ့ အချိန်မျိုးကျရင်တော့ စိတ်ညစ်ညစ်နဲ့ ငိုမိပါတယ်ကွာ။

ဒီအကြောင်းကို အခန်းထဲ အတူနေတဲ့သူတွေက ပြန်ပြောကြတယ် ထင်ပါ ရဲ့၊ မေမေတို့ သိသွားတယ်။ ကိုယ် ငိုဖြစ်မယ့်ကိစ္စဟာ ဘာကြောင့်ဆိုတာလည်း တွေးမိကြဟန်ပါ။ မနက်ပိုင်း ထမင်းပို့ချိန်မှာ မေမေတို့ လာမယ်၊ ညနေကျတော့ ကားစီးရခက်တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ကိုယ့်အခက်အခဲကို ရှင်းပေးခဲ့ကြ ပါတယ်။ သူတို့ မနက်လာတွေ့မယ်။ မောင် ညနေပိုင်းလာတွေ့ဆိုတဲ့ သဘောပေါ့ သူငယ်ချင်း၊ ကိုယ့်အိမ်ဘက်ကတော့ ကိုယ့်ကို အဲဒါလောက်အထိ နားလည်ကြ ပါတယ်။

ဒီလို အချိန်လွှဲပေးလိုက်ပြန်တော့လည်း မောင်က မေမေတို့ လာတိုင်း သူ့အကြောင်း မကောင်းပြောမယ်၊ သူ့အပြစ်တွေ ပြောလိမ့်မယ်လို့ ထင်ပြန်တယ်။ ဒီတော့ ကိုယ့်အဖို့ ဘာမှ မထူးပါဘူးကွာ။





ဆေးရုံမှာ (၁၁) ရက်နေပြီးတော့ အိမ်ပြန်ခွင့်ရတယ်။ သမီးလေးက ဆေးရုံမှာ နို့တိုက်ချိန်ဆို နို့မရဘူး၊ အိပ်နေတာချည်းပဲ။ အချိန်လွန်လို့ မအေက နေရာပြန်ရတော့ သူက နို့ဆာလို့အော်၊ ဒီတော့ ဆေးရုံစည်းကမ်းအတိုင်း မအေ ဆီ မပို့ဘဲ နို့ဘူးနဲ့ထား၊ အဲဒါ အကျင့်ပါသွားတော့ မအေနို့တိုက်လို့ မရတော့ဘူး။ ကလည်း ခဏပဲ၊ ကိုယ် လက်လျှော့ရတယ်။ သားဦးကလေးဆိုတော့ ကိုယ်က မပြု မယုယတတ်၊ မချီမပိုးတတ် ဖြစ်နေရလို့ ကိုယ့်ကိုယ်ကိုယ် အားမရဘူး။ စိတ်မွေးထားရတော့ ကိုယ့်ကလေးတောင် ကြာကြာမချီနိုင်ဘူး။ ကလေးက (၈) ပေါင်ကျော်ကိုး။ မေမေတို့နဲ့ သိပ်ရတော့တာပေါ့။ ကိုယ့်သမီးလေး အနှ အသက်အရွယ်ရောက်တဲ့အထိ ကျန်းမာဝဖြိုးနေတာ ကိုယ့်မေမေ အပြုအစုကြောင့် ပါ သူငယ်ချင်း၊ တကယ်လို့သာ ကြည့်မပေးနိုင်ရင် အလုပ်က တစ်ဖက်၊ ကလေး က တစ်ဖက်နဲ့ ဒုက္ခရောက်လိုက်မယ့်ဖြစ်ခြင်း။

သမီးလေး စောင့်ရှောက်ပေးတာကို မောင်က မကျေနပ်ပြန်ဘူး။ သူ့အလို ဘျ ခေါ်သိပ်ကြည့်ပါတယ်၊ ကိုယ်က အင်မတန် အားနည်းနေတဲ့အချိန်မို့ အပင် ပန်း မခံနိုင်၊ သူကလည်း မလုပ်တတ်ဘူး။

ကလေးအကြောင်း မသိလို့ မကူတတ်တာက တစ်ပိုင်းပါ။ အဲဒီအချိန်အထိ ဒီသမီးလေးအတွက် မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေတာလည်း ပါတာပေါ့။ ကလေးကြောင့်တော့ ဘာပြဿနာမှ မပေါ်ခဲ့ပါဘူး။ သူ အေးဆေးသွားတော့လည်း ကိုယ် ရင်အေးရတာပေါ့။ ကိုယ့်အကျိုးပေးကလည်း တစ်မျိုး သူငယ်ချင်း။ တစ်ဖက်က အေးနေရင် တစ်ဖက်က ပူစရာတစ်ခုခု ဝင်လာပြန်တာပဲ။

သမီးလေး လအရွယ်ရလာတဲ့နေ့မှာ မောင်နဲ့ ကတောက်ကဆတ် ဖြစ်ရ တယ်။ မောင်က ထုံးစံအတိုင်း တွန်းလားထိုးလားလုပ်တာကို အိမ်သားတွေက တွေ့ သွားတယ်။ ခါတိုင်းလို သူတို့တစ်တွေ ဒေါသကို မျိုထားကြရပြန်တာပဲ။ တစ်ည လုံး သွေးနုနုနဲ့ ကိုယ်ဟာ ငိုနေရပြန်တယ်။ ဘဝ စပြီဆိုကတည်းက တစ်ခါမှ စိတ်ချမ်းသာတယ် မရှိခဲ့ပါလားလို့ စိတ်အားငယ်နေတယ်။

မောင်က စိတ်ကောက်နေတော့ လှည့်ကြည့်ဖော်တောင် မရပါဘူး။ မနက် အရုဏ်တက်လောက်ကျတော့ သမီးလေး ငိုသံကြားတယ်။ မအေပဲ မနေနိုင်ဘူးပေါ့။ ကလေးရှိတဲ့ ဖေဖေတို့ အိမ်ရှေ့ခန်းက အိပ်ကြတဲ့နေရာကို ထွက်ခဲ့ပြီး သမီးလေး ကို ချော့မော့ပြန်သိပ်ရင်း ကလေးနဲ့ ရောငိုလိုက်မိတာပေါ့။ မေမေက မီးဖိုချောင်



www.burmeseclassic.com

www.burmeseclassic.com



မှာ မောင် မနက်ရုံးတက်အမီ ထမင်းစားနိုင်အောင် ချက်ပြုတ်နေတယ်။ ကိုယ့်ဖေဖေလည်း မြေးလေးရလာတော့ မြေးအနှစ် ချစ်ဖို့ အိမ်ပြန်ရောက်နေပြီလေ။

ကလေးက တော်တော်နဲ့ အငိုမတိတ်တော့ ဖေဖေပါ နိုးလာတယ်။ ငိုနေတာ တွေ့တော့ သွေးနုနုနဲ့ မငိုရဘူး။ မီးယပ်ခေါင်းကိုက် စွဲတတ်တယ်နဲ့ နှစ်သိမ့်ပါသေးတယ်။ ပြီးတော့ ကိုယ်တို့ကိစ္စတွေ တစ်စွန်းတစ်စ သူ သိနေပြီလေ။ ဒီတော့ လင်မယားဘဝ ထူထောင်ကြပြီဆိုရင် အနည်းနဲ့ အများ ပြဿနာတွေ ကြုံရမယ်။ ရင်ဆိုင်ဖို့ သတ္တိမွေးတတ်ရမယ်။ စိတ်ညစ်လည်း ဒီနေရာမှာ ညစ်ရင် ဟိုနေရာရောက် ဖျောက်နိုင်အောင် နေတတ်အောင် နေရမယ်လို့ပြောပြီး မိုးမလင်းသေးဘူး ဆက်အိပ်ချင်အိပ်လို့ ကလေးနားမှာ အိပ်နိုင်အောင် နေရာလေး ပြင်ပေးတာနဲ့ ကိုယ်လည်း တစ်ညလုံး မအိပ်သေးတဲ့အရှိန်က ရှိတော့ အိပ်လိုက်ပါတယ်။

"မင်း ငါ့သမီးကို သွေးနုသားနုအချိန်မျိုးမှာ စိတ်ချမ်းသာအောင် ထားပါကွာ" ဆိုတဲ့ ဖေဖေ့စကားသံကြားတော့ ကိုယ်လည်း စိုးရိမ်တကြီး နားစွင့်လိုက်မိတယ်။

"ကျွန်တော်က ဘာစိတ်မချမ်းသာအောင် လုပ်နေလို့လဲ"

မကျေမနပ် ပြောလိုက်တဲ့ မောင့်အသံကို ကြားရပြန်တယ်။

"မင်းက ဘာစိတ်မချမ်းသာအောင် လုပ်လို့လဲ ဆိုပေမယ့် ငါ့သမီးက နေ့စဉ်နဲ့အမျှ မျက်ရည်နဲ့ မျက်ခွက် ဖြစ်နေရတယ်။ တို့က အေးရင် ပြီးရောလို့ မသိချင်ယောင်ဆောင်နေကြရပေမယ့် အားလုံးသိတယ်။ မင်းက တွန်းဟယ် ထိုးဟယ် လုပ်တာလည်း မြင်တယ်ကွ" လို့ ဖေဖေက ဒေါသထွက်လာတဲ့ အသံနဲ့ ဆက်ပြောတယ်။

"အို ဒါကတော့ ကျွန်တော်တို့ ပြဿနာနဲ့ ကျွန်တော်တို့ပါ၊ လင်နဲ့မယား ဒေါသအလျောက် ဖြစ်မိတာလည်း ရှိမှာပေါ့ဗျ" တဲ့၊ မောင်ကလည်း ခပ်မာမာ။

ဒီတော့ "ဒါ မင်းပြောမှ မဟုတ်ပါဘူး။ အခု မင်း နားလည်သင့်တာက ငါ့သမီးဟာ ခုမှ ကလေးရပြီးတာ တစ်လကျော်ကျော်လေး ရှိသေးတယ်ကွ။ အခုအချိန်မှာ ဒီလိုမလုပ်သင့်ဘူးလို့ ပြောနေတာ။ အခုတော့ ငိုလား၊ ရယ်လား ဖြစ်နေရပြန်ပြီ။ နည်းနည်းတော့ ကျေးဇူးသိတတ်ဖို့ကောင်းတယ်" လို့ ဒေါသတကြီး ထအော်ပါလေရော။

တစ်ဦးနဲ့တစ်ဦး အဆင်မပြေကြရာက ဒေါသပါ ပါလာပြီဆိုတော့ တစ်





ယောက်နဲ့ တစ်ယောက် အကောင်းပြောလည်း အကောင်းထင်ကြမှာ မဟုတ်တော့တာ သဘာဝကျပါတယ်လေ။ မောင်က အလုပ်ရတာ ကိုယ့်ကြောင့်ဆိုတာ ဖြစ်နေတယ်။ မသိစိတ်မှာ အားငယ်နေပါလိမ့်မယ်။ ဒီတော့ ဖေဖေ့စကားက သူ့ကို နှိမ်တယ်ပေါ့။ ဒီတော့ မကျေမနပ်ပြန်ပြော၊ ဖေဖေက ပိုပြီး ဒေါသဖြစ်နဲ့ နောက်ဆုံးဖေဖေက နှင်ချပါတယ်ဆိုတဲ့အဖြစ်မျိုး ဆိုက်တော့တာပဲ။

မောင်က မခံပါဘူး၊ ဆင်းမယ်ပြင်တာပါပဲ။ ကိုယ့်ကို ခြင်ထောင် အပြင်ဘနေ လှမ်းအော်တယ်။ သူနဲ့အတူ လိုက်ခဲ့ပါတဲ့။ ကိုယ် စဉ်းစားတယ်လေ။ ကိုယ်တို့နှစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ်လည်း မထိန်းနိုင်ကြသေးဘူး၊ ဘာမှ ပြည့်စုံတဲ့ အခြေအနေရှိသေးတာ မဟုတ်။ ကလေးလေးကလည်း ရှိသေး။ နေဖို့အိမ်ဆိုတာ ဘယ်ဆီနေမှန်းမသိ။ ခံထားရတဲ့ ဒုက္ခလေးတွေကြောင့် သူလည်း ကြောက်တယ်။ မယုံရဲဖြစ်နေတော့ မပြတ်မသားနဲ့ ဘာမှမပြောဘဲ စဉ်းစားတုန်းမှာ မောင် အိမ်က ထွက်သွားတာပါပဲ သူငယ်ချင်း။ ၁၉၆၀ ခုနှစ်၊ အောက်တိုဘာလ နောက်ပိုင်းမှာပေါ့။

မောင် ဆင်းသွားပြီလို့ သိခဲ့ရတဲ့အချိန်မှာ ကိုယ် ဘယ်လိုခံစားရမှန်း မသိဘူး။ အချိန်တိုင်း မောင့်အမူအရာလေးတွေ မြင်ယောင်ပါတယ်။ မောင့်အသံလေးတွေ ကြားနေသလို ညဆို ကျန်နေရစ်တဲ့ မောင့်အဝတ်အစား အသုံးအဆောင်လေးတွေကို ကြည့်မိရင်း ငိုရတယ်။ တစ်ချိန်ထက်တစ်ချိန် အလွမ်းပိုရတယ်။ သူ ဘယ်လိုနေရှာပါလိမ့်မလဲဆိုတဲ့ အတွေးက ရင်နွမ်းစေတယ်၊ ပင်ပန်းစေခဲ့တယ်။ မောင်ဟာ ရေချိုးပြီးတဲ့ ရေစိုလုံချည်တောင် ကွင်းလိုက်ချွတ်တတ်ခဲ့တဲ့ လူစားမျိုးလေ။ ကိုယ်စိတ်မချပါဘူး။ ဒီအချိန်ဆို သူ ထမင်းစားတတ်တယ်။ ဒီအချိန်ဆို ပြန်ရောက်တတ်တယ်။ ဒီအချိန်ဆို အိပ်ရာဝင်တတ်တယ်နဲ့ ကိုယ့်မှာ တွေးရင်းပြေနိုင် ဖြစ်ခဲ့ရပါတယ် သူငယ်ချင်းရယ်။

သူ အခုဆင်းသွားတာက ကိုယ်နဲ့ ကိုယ်တိုင် ဖြစ်လိုက်ရတဲ့အကြောင်း မဟုတ်လေတော့ ကိုယ် မမေ့နိုင်ဘူး။ အိမ်ထောင်သက် တစ်လျှောက်လုံး ကိုယ့်မှာ နာစရာတွေအပြည့်ပါ သူငယ်ချင်း၊ မောင့်ကို စိတ်နာအောင် တွေးကြည့်ပေမယ့် ရခဲ့ဘူးကွယ်။ မောင့်ကို ချစ်တယ်လေ။ ဒီတော့ နာစရာအကြောင်းတွေ ရှိနေပေမယ့် မောင့်အပေါ် တစ်စက်ကလေးမှ စိတ်မနာရက်ဘူး ချစ်တာပဲ။ ခွင့်လွှတ်ချင်နေမိတာပဲ။ အောက်မေ့တသနေမိတာပဲ။ ဒီတော့ကာ ကိုယ်ပဲ ငိုရပြန်တာပေါ့ သူငယ်ချင်းရယ်။



www.burmeseclassic.com

www.burmeseclassic.com



မောင်က ဘာသတင်းမှ မပေးခဲ့ပါဘူးကွာ။ မနေနိုင်သူက ကိုယ်ပါ သူငယ်ချင်း။ မောင် ဘယ်သူနဲ့ သွားနေတယ်၊ အရက်တွေ သိပ်သောက်နေတယ်ဆိုတဲ့ သတင်းတွေ မေးမြန်း ကြားသိရတော့ ပိုဆိုးတယ်။ မောင် ပျက်စီး လေလွင့်မှာကိုလည်း သိပ်စိုးရိမ်လာတယ်။ ဒါပေမဲ့ ကိုယ့်မိဘနဲ့ အဆင်မပြေရာကစတဲ့ ပြဿနာဆိုတော့ ဘယ်လို ပြေလည်အောင် လုပ်ရမယ် မသိဘူးကွယ်။

ဒီအထဲမှာ သမီးလေးအတွက်လည်း ထပ်ပူရပြန်တယ်။ အဖေမဲ့ သမီးလေး အဖြစ်မခံနိုင်ဘူးလေ သူငယ်ချင်းရယ်။ ကလေးကလည်း တစ်နေ့တခြား မောင်နဲ့ တူတူလာတယ်။ မျက်လုံးလေးကအစ၊ နှာတံလေးအစ သူ့အဖေမှ သူ့အဖေအတိုင်းပါပဲ။ သူကလေး ပြုံးရွှင်ချိုမြနေတာ မြင်ရလေ ကိုယ့်ရင်ထဲ မီးတောက်ရလေလေပေါ့ သူငယ်ချင်း။ မောင့်ကို ပိုပြီး သတိရတယ်။ တဖြည်းဖြည်း မောင်နဲ့ တူတူလာတဲ့ သမီးလေးကိုလည်း မောင် မြင်စေချင်မိပါတယ်ကွယ်။

နောက်တစ်ကြောင်းကလည်း ရှိနေသေးတယ် သူငယ်ချင်း။ ကိုယ်တို့လို ဂီတပညာသည်၊ သဘင်အနုပညာနယ်သူတွေဆိုရင် လျှော့တွက်ကြတာ များပါတယ်လေ။ အထင်မကြီးတတ်ကြပါဘူး။ ပေါ့ပေါ့နေ ပေါ့ပေါ့စား ဖက်ခွက်စားတွေလို့ နှိမ်ချင်တတ်ကြပါတယ် သူငယ်ချင်းရယ်။

ခုလည်း တကယ်လို့များ အိမ်ထောင်သက် တစ်နှစ်ကျော်ကျော်လောက်နဲ့ ကိုယ်တို့နှစ်ယောက် ကွဲကွာသွားရရင် ပြဿနာ အရင်းအမြစ်ကို ဘယ်သူမှ အစအခုံး သုံးသပ်ကြမယ်လို့ ကိုယ် မထင်ပါဘူး။ ပင်ကိုက ကိုယ်တို့ လောကသားတွေအပေါ် အမြင်မမှန်တာများတဲ့ ပတ်ဝန်းကျင်မှာ ကိုယ်သာ အဆိုးဖြစ်တော့မှာ။ အထင်ခံရမှာ မလွဲဘူးလို့လည်း ကိုယ်တွေးရပါသေးတယ်။

ဒီတော့ ကိုယ့်အဆိုးလို့ လူတွေ အထင်မသေးစေချင်တာရယ်။ သမီးလေး မျက်နှာငယ်ရမှာစိုးတာရယ်။ ကိုယ် ခံစားနေရတဲ့ မောင့်ကို မမေ့နိုင်၊ အချစ်မပျက်နိုင်သေးတဲ့ စိတ်ကလေးရယ်ပေါင်းပြီး မောင် ပြန်လာစေချင်မိပါတယ်။ မောင့် စိတ်က မလျှော့တတ်ဘူးဆိုတာလည်း ကိုယ် သိတယ်။ အောက်ကျခံမှာ မဟုတ်ဘူး ဆိုတာလည်း ကိုယ် သိတာပဲ။ ဒီတော့ ခက်တယ်။

ကိုယ်တို့ တကွဲစီဖြစ်နေချိန်မှာ လန်ဒန်ဂိုးလ်ဖလိတ် စီးကရက် ကုမ္ပဏီရဲ့ ကြော်ငြာဧည့်ခံပွဲအတွက်ခေါ်လို့ မော်လမြိုင်ကို သွားဖို့အကြောင်းက ပေါ်လာတယ်။ မွန်ယဉ်ကျေးမှုပွဲလား၊ ကျိုက်သုတ်ဘုရားပွဲလားတောင် ကိုယ် မမှတ်မိ





တော့ပါဘူးကွယ်။ ကိုယ့်ကိစ္စကလည်း မရှင်းသေးတော့ စိတ်က ညစ်နေတာမဟုတ်လား။ မထူးဘူးဆိုတဲ့စိတ်နဲ့ လိုက်မယ်လို့ပဲ ပြောလိုက်တယ်။

ကိုယ် ခရီးမထွက်ခင်ရက်အတွင်းမှာ မောင့်ကို သိပ်တွေ့ချင်တာပဲကွယ်။ ဒါနဲ့ ကိုယ့်အစ်ကိုတွေလို ချစ်ရခင်ရတဲ့ ဂီတအစ်ကိုသုံးယောက်နဲ့ ကိုယ်တို့ ထိုးဆိုးရှေ့ခုံးက စီစဉ်လိုက်လျော့နေကျ ဟိုမင်္ဂလာဆောင်မှာ လိုက်ပို့ပေးတဲ့ အစ်ကိုတို့ကို ပြောပြပြီး မောင့်ကိုတွေ့ဖို့ တိုင်ပင် စီစဉ်ခိုင်းရတယ်။

မသွားခင် တစ်ညမှာ မောင် ရောက်နေတယ်ဆိုတဲ့ ဖဆပလ တိုက်ခန်းက မောင့် သူငယ်ချင်း အခန်းမှာ အစ်ကိုတစ်သိုက်က လိုက်ရှာ မေးမြန်းခေါ်ရတယ်။ ကိုယ်က ကားပေါ်မှာ စောင့်နေခဲ့တယ်။ မောင့်ကို တွေ့ခဲ့ကြတော့ ကိုယ်တို့လာတဲ့ ကားနဲ့ အတူခေါ်လာပြီး နန်းသီတာဆိပ်ကမ်းမှာ ကားရပ် စကားပြောကြရတယ်။

အားလုံးက အိမ်ပြန်ဖို့အကြောင်း ဝိုင်းပြောပေးကြတယ်။ လူကြီးတွေပဲ ဘယ်သူက မှားမှား အဆင်ပြေရေးကြည့်ပြီး တောင်းပန်လိုက်ရင် ပြီးသွားမှာပါလို့ မောင် နားလည်အောင် ကူပြောပေးကြရတယ်။ မောင်ကတော့ ကျေနပ်ပုံ မရပါဘူး။ ကိုယ့်ကိုတော့ မမေ့ပုံပါ။ ဒါပေမဲ့ မောင်က စဉ်းစားဦးမယ်တဲ့။

ကိုယ့်လူ့အကြောင်း ကိုယ် သိပါတယ်လို့ ကိုယ် ပြောခဲ့ပြီးပြီကွယ်။ စိတ်ချေနေရင်တောင်မှ အင်တင်တင်တော့ လုပ်ပြဦးမယ်ဆိုတာ သိပါတယ်။ ဒါနဲ့ ကိုယ်လည်း ခရီးသွားရဦးမယ်၊ ပြန်ရောက်တဲ့အခါ စိတ်အေးချမ်းသာ ဖြစ်ချင်တယ်ဆိုတဲ့ အကြောင်း ဆက်ပြောခဲ့ရပါတယ်။

စိတ်ထဲမှာတော့ စဉ်းစားမယ်လို့ဆိုတဲ့ အတွက် မတင်မကျ ဖြစ်မိတာပေါ့။ ကိုယ့်စိတ်ကလေးက ကိုယ်ကသာ လိုက်ခေါ်ရင်တော့ ဝမ်းသာအားရ ပြန်လိုက်လာမှာလို့ ထင်မဖြစ်တာတောင် ထင်မိခဲ့သေးတာကိုး။ အထင်နဲ့ အမြင်ဆိုတာ လွဲတတ်သားပါလားလို့ စိတ်အားငယ်ငယ်နဲ့ပဲ ပြန်ခဲ့ရပါတယ်။

နောက်တစ်နေ့ ညနေပိုင်းမှာ ကိုယ်နဲ့ ဖေဖေ မော်လမြိုင် ခရီးထွက်ဖြစ်ခဲ့ပါတယ်။ မောင့်ကို ရထားမထွက်ခင် တွေ့ရပါသေးတယ်။ မောင်က ဘူတာရုံအဝင် ဆေါက်နားလေးမှာ ရပ်နေတာ တွေ့မိလို့ သူရှိတဲ့နေရာသွားပြီး တွေ့ရတာပါ။ မောင့်ကို ဝမ်းနည်း တသစွာနဲ့ ကိုယ် အကြာကြီး ကြည့်နေမိခဲ့ပါတယ် သူငယ်ချင်း။ သူ့ကြည့်ရတာလည်း ကြေကွဲနေပုံပါ။ သူ လိုက်ခဲ့ချင်တယ်လို့လည်း ကိုယ့်ကို ပြောတယ်။ ချက်ချင်း သိရတဲ့အချိန်မှာ ကိုယ် ဘယ်လို စီစဉ်ပေးနိုင်တော့မှာလဲ။ မျက်ရည်ထဲမှာချည်း ဝဲလည်နေရတဲ့ ဘဝပါလား။



www.burmeseclassic.com

www.burmeseclassic.com



မီးရထားကြီးထွက်လာတော့ မောင်နဲ့ ဝေးခဲ့ပြီ။ ရေမြေခြားခဲ့ပြီဆိုတာပဲ ကိုယ့်အတွေးထဲ ဝင်နေတော့တယ်။ ဒီလိုအဖြစ်မျိုးတွေနဲ့ ဝေးသွားမယ့် ဘဝတစ်ပါး ပြောင်းသွားချင်စိတ်လည်း ပေါက်မိပါတယ်။ ချစ်သူနဲ့ ကွေကွင်းရခြင်းဒုက္ခကို မခံစားလိုဘူးလေ။ ဒီတော့ ကိုယ် ဘာလုပ်သလဲသိလား။ ခွဲစိတ်မွေးဖွားရတဲ့သူဟာ ခြောက်လလောက်အတွင်း အလေးအပင် မမရဘူး၊ အကြမ်းပတမ်းမနေရ၊ မလှုပ်ရှားဘဲ ငြိမ်ငြိမ်လေး နေသင့်တယ်လို့ ဆရာဝန်တွေ မှာတာနဲ့ အားလုံး ဆန့်ကျင်တဲ့ အလုပ်တွေကို လုပ်မိတော့တာ။ ကိုယ်က အသက်ရှင်လျက်နဲ့ နေချင်တဲ့သူမှ မဟုတ်တော့ဘဲကိုး။ ပါလာတဲ့ ပစ္စည်းထဲက အလေးဆုံးကို ရွေးသယ်တယ်။ မတယ်၊ ရွှေ့တယ်၊ မကြမ်းပါနဲ့ဆို ရထားအဆင်းအတက်က အစ ခုန်ဆင်း၊ ခုန်တက်။ အဲဒီတုန်းက စစ်တောင်းတံတားသစ်ကြီး မလုပ်ရသေးဘူးလေ။ စစ်တောင်းမြစ်ဘက်ကမ်းကို စက်တပ်သမ္ဗန်ကြီးတွေနဲ့ ကူးကြရတာ မဟုတ်လား။ ရေကျချိန်ဆိုတော့ ကမ်းပါးနဲ့ လှေနဲ့ ဆင်းဖို့ရာ အမြင့်ကြီးကွာနေတတ်တာ။ ဒါလည်း ကိုယ်က မမှုသေးထဲက၊ ကမ်းပါးအမြင့်ကြီးကနေ သမ္ဗန်ပေါ်ကို တမင်ကို ခုန်ချမိခဲ့တာပဲ။ ဘာဆိုဘာမှမဖြစ်ဘူး။ သေချင်တဲ့သူများ သေကို မသေနိုင်ဘူး ထင်ပါရဲ့ကွာ။

မော်လမြိုင်မှာ ဆယ်ရက်လောက် ကြာတယ်။ မောင့်ကိုလည်း လွမ်းတယ်လေ။ စာတွေ ရေးခဲ့၊ ပို့ခဲ့မိပါတယ်။ အဲဒါလောက် သံယောဇဉ်က များပါတယ် သူငယ်ချင်း။ ဒီနေရာမှာ အကြောင်းဆုံလို့ "မေ့ကွက်ကိုရှာ" သီချင်းအကြောင်းကို မင်း သိချင်မယ်ထင်မိလို့ ကြားဖြတ်ရေးလိုက်ရဦးမယ် သူငယ်ချင်းရေ။

ကေသီပန် ကာလပေါ်တေးအဖွဲ့ကို ၁၉၆၀ ခုနှစ်မှာ စပြီး ဖွဲ့ခဲ့တယ်။ ဒီအဖွဲ့မှာ ကိုမြကြီး၊ စန္ဒရားချစ်ဆွေ၊ မောင်မောင်ကြီး၊ ခင်မောင်လွင်၊ ထား၊ ပြီးတော့ ကိုယ်ရယ် စုပေါင်း အသံလွှင့်ကြမှာလေ။ ကေသီပန် ပထမဦးဆုံးအကြိမ် အသံလွှင့်ဖို့ စီစဉ်ထားတဲ့ရက်က ကိုယ် သမီးလေးမွေးပြီး ဆယ့်ကိုးရက်ပဲ ရသေးတဲ့နေ့ ဖြစ်နေတယ်။ အင်မတန် သွေးနုတုန်းကာလပေမယ့် ပထမဆုံး အသံလွှင့်ရာမှာ အားလုံး လူစုံပါစေချင်ကြတယ်ဆိုတော့ ကိုယ်လည်း အသံသွင်းဖို့ ခေါင်းညိတ်လိုက်ရတယ်။

ဒီအချိန်က အသံလွှင့်ရုံမှာ တိုက်ရိုက် သီဆို ဖျော်ဖြေခဲ့ကြတဲ့ စနစ်ထိုး ပျောက်ပြီး အသံသွင်း တိပ်ကြိုးခွေနဲ့ အသံသွင်းထားပြီးမှ အသံပြန်လွှင့်စေတဲ့





စနစ် စပြီး အကောင်အထည်ဖော်နေတဲ့အချိန်ပေါ့ကွယ်။ ရှင်းရှင်းဆိုရရင် အသံလွှင့်ဌာနတိုင်ခင် သီချင်းတွေ ကြိုတင် အသံသွင်းထားရတာမျိုးပေါ့။

အဲဒီလို ကြိုတင် အသံသွင်းထားခဲ့ရတဲ့ မေ့ကွက်ကိုရှာ သီချင်းဟာ ကိုယ်တို့ခင်မယားကွဲနေတဲ့အချိန်၊ ကိုယ် မော်လမြိုင်ရောက်နေတဲ့ အချိန်မှာမှ တိုက်တိုက်ဆိုင်ဆိုင် ရေဒီယိုက အသံလွှင့်ထုတ်လိုက်တယ်။

အဲဒီမှာတင် ကိုယ်တို့ကိစ္စ တစ်စွန်းတစ်စ သိနေကြသူတွေအနေနဲ့ ကိုယ်က မောင့်ကို ရည်ရွယ်ပြီး ဆိုပါတယ်လို့ ပြောဖြစ်သွားကြတာ။

သူငယ်ချင်းလည်း ကြားဖူးမှာပေါ့။ တို့နှစ်ယောက် ကွဲနေတုန်းမှာ ကိုယ်က မေ့ကွက်ကိုရှာ သီချင်းကို ဆိုလိုက်လို့ မောင် အိမ်ပြန်ရောက်လာတယ်ဆိုတဲ့ သီချင်းနောက်က လိုက်လာတဲ့ သတင်းဇာတ်လမ်းကလေးလေကွာ။

အမှန်ကတော့ သီချင်းလွှင့်ချိန်မှာ ကိုယ်တို့ တကွဲစီ ဖြစ်နေတဲ့ အခြေအနေရယ်၊ သီချင်းစာသားလေးတွေအစ သံစဉ်အဆုံး အားလုံး အလွမ်းနွယ်တာရယ်၊ ဒီသီချင်းဆိုခဲ့တုန်းက မီးဖွားခါစ အားနည်းချည့်နဲ့ အသံလေးရယ် ပေါင်းလိုက်တော့ မေ့ကွက်ကိုရှာဟာ အောင်မြင်တဲ့ တေးတစ်ပုဒ် ဖြစ်သွား ကျော်ကြားသွားခဲ့တာပါ။ သေချာ နားထောင်ကြည့်၊ မူရင်းအသံလွှင့်တဲ့ သီချင်းသံဟာ နာသံလေးကို ပါနေတော့တာ သူငယ်ချင်းရဲ့။ တကယ်လို့သာ ဒီအကြောင်းတွေနဲ့လည်း တိုက်ဆိုင်၊ ကိုယ်လည်း ကျန်းမာနေခဲ့ရင် ဒီလိုမှ အောင်မြင်ပါ့မလားဆိုတာမျိုး ကိုယ် တွေးမိပါသေးတယ်။

ပြီးတော့ ဒီသီချင်းကို အိမ်ထောင်ကျခါစက ရောင်းတမ်းဇာတ်ပြားတောင် အသံသွင်းထားပြီးသားပါ။ ကိုယ်တို့ကို ရည်ရွယ်ရေးစပ်ခဲ့တာလည်း မဟုတ်ပါဘူးကွယ်။ ဒါပေမဲ့ မောင့်အတွက် (သို့မဟုတ်) ကိုယ်တို့အကြောင်း ရည်ရွယ်ရေးခဲ့တဲ့ သီချင်းတစ်ပုဒ်တော့ တကယ်ရှိခဲ့ပါတယ်။ ဆရာ ရဲသီဟ ကိုတင်အောင် ရေးတာလေ။ "ပန်းညွှန့်ညှာကြွေ" သီချင်းပေါ့။ နောက် ထင်နိုင်သေးတဲ့ တေးတစ်ပုဒ် ရှိသေးတယ်၊ ကိုလေးညွန့်ရေးတဲ့ "တစ်နေ့တော့ မောင် ပြန်လာမည်" သီချင်းလေ။ ဒီသီချင်းကို အစ်ကို လေးညွန့် ရေးတုန်းက ကိုယ့်အတွက် ရည်ရွယ်ရေးတာယ်၊ မရေးဘူးဆိုတာ ကိုယ် မသိပါဘူး။

ဘာပြောပြော ဒီသီချင်းသုံးပုဒ်ကတော့ ကိုယ်တို့နှစ်ယောက် ကွဲကွာနေကြတုန်းမှာ အသံလွှင့်ဖြစ်ခဲ့တာတော့ အမှန်ပါ။ ဒီတော့ ကိုယ့်ဘဝနဲ့ ကိုယ့်သီချင်းလေးတွေအကြောင်းကို ဒါလောက်ဆို သူငယ်ချင်း နားလည်လောက်ပါပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မော်လမြိုင်ခရီးက ပြန်ရောက်ပြီး ဆယ်ရက်လောက်အကြာမှာ မောင် အိမ်ပြန်ရောက်လာပါတယ်။ မောင့်ဖေဖေနဲ့ ကိုယ်တို့ ကေသီပန်ဝိုင်းတော်သားတွေက ပြန်လိုက်ပို့ပေးကြတာလေ။ လူတွေ ထင်ကြေးပေးကြသလို ကိုယ့်သီချင်းသံကြောင့်လား၊ ကိုယ်က လိုက်ခေါ်၊ ပို့တဲ့သူတွေက လိုက်ပို့နဲ့မို့လားဆိုတာ ကိုယ် မသိလိုတော့ပါဘူး။ မောင်ကတော့ ပြန်ရောက်လာခဲ့တာ အမှန်ပဲ။

ဘာကြောင့်ဖြစ်ဖြစ် မောင့်ကို ပြန်တွေ့ရတာ ကိုယ် ဝမ်းသာတယ်။ ကိုယ်တို့ ကံမကုန်ကြသေးဘူးလို့ ရင်အေးရပါတယ်ကွယ်။

မောင် ပြန်ရောက်တဲ့အချိန်ကစပြီး တော်တော် အဆင်ပြေလာပါတယ်။ တချို့နေရာတွေမှာ မောင်က လိုက်လျောလာသလို ကိုယ့်အိမ်ကလည်း အရင်လို မူမပြောင်း ချစ်ခင်ကြတာ တွေ့ရတယ်။ သူတို့ အဆင်ပြေတော့ ကိုယ် မမောရဘူးပေါ့။ မောင့် သံသယတွေလည်း ပျောက်သလောက် ဖြစ်လာတယ်။ သူနဲ့တူတဲ့ သမီးလေးကိုလည်း တယုတယ ချစ်တတ်လာခဲ့တယ်။

ကိုယ့်ကုသိုလ်ကံ ကောင်းလာပြီလို့များ ဆိုရမလား မပြောတတ်ဘူး သူငယ်ချင်း။ မောင်မရှိတုန်းက အသံလွှင့်ရုံ တွဲဖက်အစီအစဉ်က အလုပ်ဝင်ဖို့ ပြော ထားတာဟာလည်း မောင် ပြန်ရောက်တော့ အလုပ်စဝင်ဖို့ အကြောင်းကြားတယ်။ ဒီတော့ စီးပွားရေးပါ အဆင်ပြေခဲ့ရတာပေါ့။

မိဘတွေနဲ့ အတူနေလာတာကြာတော့ အိမ်ထောင်စု တစ်ခုနဲ့တစ်ခု အမြင်မတူကြတာတွေ ရှိတဲ့အကြောင်း ကိုယ် လေ့လာမိနေပြီ။ ကြာလေ သိလေ အဆင်မပြေမှာ စိုးရိမ်ရပြန်လေပဲ။

မောင်က နားပူနားဆာ လုပ်နေပြန်တယ်။ သူ့ကို ပြန်ခေါ်တုန်းက အိမ်ခွဲနေပါ့မယ်လို့ ကတိရှိခဲ့တာကို မကြာခဏ သတိပေးလှပြီ။

ကိုယ်က မောင့်ကို ချစ်ပေမယ့် သူ့အကြိုက်လိုက်လို့ ဖြစ်ပါ့မလားလို့တော့ တွက်ရသေးတာပေါ့ သူငယ်ချင်း။ ပထမအချက်က ကိုယ့်အပေါ် ယုံကြည်စိတ်ချပြီလား။ တကယ် နှစ်နှစ်ကာကာကော ချစ်ရဲ့လားဆိုတာ တွေးရတယ်၊ နောက် ကိုယ့်အိမ်အတွက်လည်း စဉ်းစားရသေးတယ်။ အိမ်မှာက ပုံမှန်ဝင်ငွေမှ မရှိတော့ စိတ်မချဘူး။

ဒီကိစ္စကို မောင်နဲ့ ဆွေးနွေးကြည့်ရတယ်၊ စဉ်းစားခိုင်းရတယ်။ ဒါက သူ့ အတွက် အဆန်းတကြယ်တော့ မဟုတ်ပါဘူး။ ရည်းစားမထားခင်ကတည်းက





ပြောဖူးတဲ့ပြဿနာ၊ ခွဲနေလို့ မဖြစ်ဘူးဆိုတာလေ။ မောင်ကလည်း အစဦးက သဘော တူပြီးသား ပြဿနာမို့ မငြင်းသာဖြစ်သွားတယ် ထင်ပါရဲ့။

“ဒါဖြင့်ရင် တခြားတစ်နည်းနဲ့ အဆင်ပြေအောင် ဖန်တီးပေးမယ်ဆိုရင် ပြောင်းရွှေ့နေကြဖို့ သဘောတူမှာလား”လို့ မေးတော့ အိမ်အတွက် သူက အဆင်ပြေ အောင် ဖန်တီးပေးမယ်ဆိုရင်တော့ သဘောတူရမှာပေါ့လို့ပဲ ဖြေရတော့မှာပေါ့ သူငယ်ချင်းရဲ့။ တော်ကြာ သူက အဆင်ပြေအောင် လုပ်ပါ့မယ်ဆိုရက်သားနဲ့ ကိုယ်က သက်သက် ပြဿနာတက်နေတာပါလို့ ထင်မှာ စိုးရသေးတာကိုး။

နောက်ဆုံး ကိုယ်တို့နှစ်ယောက် သဘောတူ ဆုံးဖြတ်လို့ ရတာကတော့ ကိုယ်တို့ ဘယ်မှာနေနေ ကိုယ်ရတဲ့ ဝင်ငွေရဲ့ (၂၅) ရာနှုန်းကို အိမ်ပို့ပေးမယ်၊ ဆောက်ပုံစေမယ် ဆိုတာပါပဲ။ ဒါကို မောင်က ကျေကျေနပ်နပ် လက်ခံ သဘောတူ တယ်ဆိုတော့ ကိုယ်ကလည်း မောင့်အလိုကျ အိမ်ခွဲနေရေးအတွက် သဘောတူ လိုက်ပါတယ်။

အိမ်ခွဲနေရေး စီစဉ်နေကြတုန်းအချိန်မှာ မောင့်ဖေဖေက ဥက္ကလာပကနေ တခြားပြောင်းမယ်လို့ သိရတာနဲ့ မောင့်ဖေဖေ အိမ်ကို ကိုယ်တို့ ပြောင်းယူလိုက် ကြတယ်။ မောင့်ဖေဖေ ကုန်ကျတဲ့ သစ်ဖိုး၊ သွပ်ဖိုးပဲ ကိုယ်တို့ ကန်တော့ပေး ဆေးခဲ့ကြပါတယ်။ အိမ်ဆိုပေမယ့် ကျောင်းအတွက် ဆောက်ထားတာဆိုတော့ ခေါင်လို ဖြစ်နေတာပေါ့။ ကိုယ်တို့က လုလုပပလေး ဖြစ်ချင်တော့ ပြန်ဆောက် ရည်ရွယ်ခဲ့တယ်။ ကိုယ်တို့အိမ်ကလည်း အိမ်ခွဲနေမယ့်အကြောင်း မပြောဘဲ သိနေပေမယ့် ကိုယ်တို့ စိတ်ချမ်းသာသလို နေကြပါစေဆိုတဲ့ သဘောနဲ့ ဘာမှ မပြောကြပါဘူး။

အိမ်လှလှလေး ဆောက်ချင်လာပြီဆိုတော့ ငွေကြေးကိစ္စ စဉ်းစားရပြီပေါ့။ ကိုယ် အဲဒီတုန်းက ပဒေသာ ဓာတ်ပြားကုမ္ပဏီနဲ့ အလုပ်အတွက် စာချုပ်၊ အသံ သွင်းနေတာမို့ ငွေလိုလာတော့ ကုမ္ပဏီပိုင်ရှင်ဆီမှာပဲ ပြောရတာပေါ့ကွာ။

ကိုယ် ရစရာရှိတဲ့ ကိုယ့်ငွေကို တောင်းရတာဖြစ်ပေမယ့် ကိုယ့်လက်ထဲ ရောက်လာသေးသမျှ သိပ်အောက်ကျပါတယ် သူငယ်ချင်းရယ်။ ငွေကိစ္စ စကား ပြောလို့ အဆင်မပြေဖြစ်ခဲ့ရင် ကိုယ် သေချင်တာပဲ။ အဲဒီမှာလည်း စိတ်ဆင်းရဲရတဲ့ ပြင် အိမ်ပြန်ရောက်တာနဲ့ မောင်က ဒေါသကြီးလိမ့်ဦးမှာကိုး။ မောင်က ကိုယ့် ဆက်ဆံရေး အခက်အခဲကို သိတာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မှာ ကုမ္ပဏီပိုင်ရှင်တွေ အိမ်မှာ တွေ့ရပေမယ့် သူတို့ အပေါင်းအသင်းတွေရှိနေရင် ကိုယ့်ကိစ္စ ပြောလို့ သင့်တော်၊ မသင့်တော် စဉ်းစားရတာက တစ်မျိုး တစ်ခါတလေ သူတို့ ဖဲကစားနေကြတာ စောင့်လို စောင့်ရ၊ ရနိုးနိုးနဲ့တော့ စောင့်ရတာပေါ့။ အချိန်ကုန်တော့ ဖဲတစ်ချပ် တစ်ကျပ်တို့၊ ငါးကျပ်တို့ ကစားနေတဲ့ သောင်းကိုင် သိန်းကိုင် ကစားနေကြတဲ့ သူတွေက ပိုက်ဆံ မရှိသေးလို့ပါကွယ်လို့ ပြောလွှတ်တာလည်း ခံရတာမျိုး။

ဒါမျိုးမခံနိုင်လို့ မသွားပြန်ရင်လည်း ပိုက်ဆံမရ၊ ပုန်းနေလည်း ကိုယ် ဘာတတ်နိုင်တာမှတ်လို့။ ပြောမနေနဲ့ သူငယ်ချင်း၊ ကိုယ့်မှာ ခံဘက်ကချည်းပါ။ မောင်က မျက်နှာချင်းဆိုင်ရတာမှ မဟုတ်ဘဲလေ။ သူ လုပ်စရာရှိတာကို အချိန်ပိုင်းနဲ့ ကြိုတင် စီစဉ်တတ်တာဆိုတော့ အဲဒီက ပြေလည်မလာရင် ကမောက်ကမ ဖြစ်မယ်ဆိုတဲ့ အတွေးနဲ့ ကိုယ့်ပဲ ဆူတာမျိုးပေါ့။ ဒီတော့ သူ စိတ်ချမ်းသာတာ စီစဉ်ပါစေတော့လို့ ကုမ္ပဏီပိုင်ရှင်အိမ်ကို ကူးချည်သန်းချည် လုပ်နေခဲ့ရတာ။

ဒီအချိန်မှာ သားလေး ကိုယ်ဝန်ကလည်း ရှိနေပြီလေ။ ဗိုက်ကလေး တမမနဲ့ အသံလွှင့်လုပ်ငန်းက တစ်ဖက်၊ အိမ်ဆောက်ဖို့ကိစ္စတွေအတွက် သွားရ လာရတာက တစ်ဖက်နဲ့ ဖတ်ဖတ်ကို မောလို့ပေါ့ကွာ။

ပင်ပန်းတာသာ အဖတ်တင်ပါတယ် သူငယ်ချင်း။ မျှော်လင့်ထားတဲ့ ကိုယ့် အလုပ် ကုမ္ပဏီက ငွေတောင်းလို့ မရခဲ့ပါဘူး။ ဒီတော့လည်း မောင် မသိအောင် စိတ်ညစ်တာတွေများတော့ ကျိတ်ငို၊ ကျိတ်ငိုနဲ့ပေါ့။

အကြောင်းမထူးတော့ အပင်ပန်းခံ မျက်နှာငယ်ခံပြီး ကိုယ်မသွားတော့ဘဲ အိမ်ဆောက်လို့ ဖြစ်မှ ဖြစ်ပါ့တော့မလားနဲ့ စိတ်ဆင်းရဲခဲ့ရတယ်။ ကိုယ်တို့ အိမ် ဆောက်မယ် စီစဉ်တဲ့အကြောင်း ကိုယ်တို့ကို ကျေးဇူးပြုထားတဲ့ ဗိုလ်မှူးကြီးက သိသွားပြန်တော့ အိမ်ပုံစံကို ဗိသုကာတွေနဲ့ တိုင်ပင်ပြီး ဂျပန်အိမ်ဆန်ဆန်လေး ထုတ်ပေးပြန်ရော။ ရိုးရိုးအိမ် မဆောက်ပါနဲ့တဲ့။

အိမ်က ဆရာကလည်း သိတဲ့အတိုင်းပေါ့ သူငယ်ချင်း။ ပုံစံလေးလည်း မြင်ရော အဲဒီအိမ်ပုံမှ အဲဒီအိမ်ပုံ ဖြစ်တော့တာပဲ။

ဒီတော့မှ ကိုယ့်မှာ ပိုပြီး အကျပ်ရိုက်တော့တာပေါ့ကွာ။ ရိုးရိုးအိမ်အတွက် တောင်မှ မပြေလည်နိုင်သေးဘူး။ ခေတ်မီပုံစံဆိုတော့ သာပြီး ဝေးတော့မှာပဲလို့ ရင်မအေးရပြန်ဘူး။ လူကြီးလုပ်တဲ့ သူရဲ့ စေတနာကို နားလည်မိတဲ့အပြင် ကိုယ် [illegible]လောက် မရှိတာသိရင် စိတ်မကောင်းဖြစ်မှာလည်း စိုးပါတယ်။ ကိုယ့်အတွင်း [illegible]ကိုလည်း သူများ အသိမခံချင်ဘူးလေ သူငယ်ချင်း။





ဒါနဲ့ ကိုယ် ကြော်ငြာသီချင်း ဆိုပေးနေကျ ဂိုးလ်ဖလိတ်စီးကရက် ကုမ္ပဏီ ပိုင်ရှင်ဆီမှာ တိုင်ပင်အကူအညီ တောင်းရတယ်။ ကိုယ့်ကို သားသမီးလို ဆက်ဆံနေ တဲ့သူဆိုတော့လည်း ကြိုတင်ငွေအဖြစ် ထုတ်ပေးလိုက်တယ်။ ကိုယ်က ကြွေးကို အလုပ်နဲ့ ပြန်ဆပ်ရမယ်။

ဘယ်လိုဖြစ်ဖြစ် ကိုယ့်အခက်အခဲကို ဖြေရှင်းပေးခဲ့တဲ့ ကျေးဇူးကို တစ်သက် [illegible]ခဲ့ပါဘူး။ ကိုယ်လည်း ငွေအဆင်ပြေတော့မှ သက်ပြင်းချ အငိုတိတ်ရတော့တာ [illegible]ပဲကွာ။ မောင့်ရုံးကလည်း နိုင်ငံခြားတင် ပထမတန်းစား ကျွန်းသစ်တွေကို အရစ်ကျ ဝယ်ခွင့်ပြုပေးခဲ့ပါတယ်။ အိမ်ကလေးကို ၁၉၆၂၊ ဖေဖော်ဝါရီလမှာ [illegible]ဆောက်တာ တစ်လကျော်ကျော်လောက်ကြာတော့ ဂျပန်အိမ်ကလေးလို ချစ်စရာ [illegible]ကောင်းတယ်လို့ ချီးမွမ်းခံခဲ့ရတဲ့ ကိုယ်တို့အိမ်ကလေး ပြီးသွားလို့ ပျော်စရာ [illegible]ကောင်းတာပေါ့။ ပျော်တာပေါ့ သူငယ်ချင်းရာ။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

အိမ်ကလေး လက်စသတ်တာနဲ့ ကိုယ့်သားငယ်လေး ရတာနဲ့ တစ်ချိန် တည်းလောက်ပါပဲ။ သားလေး တစ်လသားလောက်ရတော့ ကိုယ်တို့ အိမ်သစ် ကလေးကို ပြောင်းကြတယ်။ အိမ်ချင်းက မျက်စောင်းထိုးလို့ ပြောပါရော။ ဒီတော့ မေမေတို့က ကိုယ်တို့ ဒုက္ခများမှာစိုးလို့ ကလေးတွေ ထားခဲ့ဖို့ ပြောပေမယ့် မောင်က သားကလေးမို့ မထားနိုင်ဘူးတဲ့။ သမီးကြီးကတော့ အနေလည်းများ လက်လည်းသာတဲ့ အဘိုးအဘွား အရသာကို သိတတ်နေတော့ ကိုယ်တို့ ခေါ်လို့ ကို မရဘူး။

အိမ်ပြောင်းလို့ ပစ္စည်းတွေ သယ်ကြရင်းနဲ့ ကိုယ်တို့ ချစ်သူများဘဝမှာ မောင် လက်ဆောင်ပေးခဲ့တဲ့ ကြွေရုပ်ကလေးတစ်ခု လွတ်ကျပြီး ကျိုးသွားတယ်။ ကိုယ်က အမြတ်တနိုး အမှတ်တရ ထားတာလေးမို့ ငိုတောင် ငိုမိပါတယ်။ ပြီးတော့ကွယ် အယူသီးတတ်တယ် ဆိုချင်ဆို ရှေ့ခရီး ဖြောင့်ဖြူးပါ့မလားလို့ ရင်ဖို စိုးရိမ်မိတာ အမှန်ပါပဲ။

အဲဒီညမှာ မေမေက ကိုယ့်အတွက် ဆီးရောင် ပတ္တမြားတစ်စုံနဲ့ ဥဿဖရား တစ်စုံ လက်ဝတ်လက်စားတွေ ပေးလိုက်ပါသေးတယ်။ အဲဒါတောင်မှ ကိုယ် ငယ်ငယ်တုန်းက ဝတ်တဲ့ တချို့ လက်ဝတ်လက်စားတွေ မပါလို့တဲ့။ မောင်က သူ့ကို မယုံလို့ ထားခဲ့တာလား၊ ဘာလား မကျေမနပ် ဖြစ်ခဲ့သေးတယ် သူငယ်ချင်း။ သူ နားလည်အောင်တော့ ကိုယ် နှစ်သိမ့်စကား ဆိုခဲ့ရပါတယ်။ တကယ်တော့ ကိုယ် ငယ်ငယ်က ဝတ်ဝတ်၊ ဘယ်အချိန်က ဝတ်ဝတ်၊ မိဘ လက်ထက်ပွား ပစ္စည်းကွဲ့။ မိဘက ပေးရင် ယူရတာပေါ့။ ခုဟာက မိဘ သေလို့ အမွေခွဲတာမှ





တော့တာ။ အမွေခွဲပေးတယ်ဆိုလည်း ကိုယ်က တစ်ဦးတည်းသော သမီးမှ တော့တာကွယ်။ မောင်တစ်ယောက်၊ ညီမလေးတစ်ယောက် ကျန်သေးတယ်။

ကိုယ်တို့အိမ်မှာ ကိုယ်တို့ မိသားစု သုံးယောက်ရယ်၊ မောင့်ညီမရယ်၊ မောင့်အမေဘက်က အမျိုးဆိုတဲ့ မိန်းကလေးတစ်ယောက်ရယ် နေကြတယ်။ မောင်က သူ့ညီမလေးကို ခေါ်ထားမယ်လို့ ကိုယ့်ကို တိုင်ပင်တော့ အိမ်ပြောင်းပြီး မှ ခေါ်ထားဖို့ စဉ်းစားကြတာပေါ့လို့ ပြောထားခဲ့ပါတယ်။ ဒါပေမဲ့ မောင်က အိမ် မပြီးခင်ကတည်းက ခေါ်ပြီး သူ့အမေအိမ်မှာ ပို့ထားခဲ့တာကိုး။ ဒါကို ကိုယ်က နောက်မှ သိရတယ်။ သူ့အဖေနဲ့ အမေက ကွဲနေကြတော့ သူ့အိမ်ထောင်နဲ့သူ ဖြစ် နေကြပြီ။ မောင့်ညီမက အဖေအိမ်မှာ ကျန်နေခဲ့ရတာကွဲ့။ အိမ်မပြီးခင်ခေါ်ရင် သူ့အမေအိမ် ပို့ထားမှာဆိုတာ ကိုယ်က တွေးမိပြီးသား။ မောင့်ဖေဖေ သိသွားရင် ပြဿနာတက်မှာ ကြောက်ပါတယ်။ ဒါကြောင့် ကြိုတားလည်း တားတာသာ အတတ်တင်တယ် ကိုယ့်စကားဟာ အလကား။

မီးဖွားခွင့်စေ့လို့ ကိုယ် ရုံးပြန်တက်ရတော့ သားငယ်ကို အိမ်မှာရှိတဲ့ မောင့်ညီမနဲ့ ထားခဲ့ရတာပေါ့။ ကိုယ့်ကျန်းမာရေးအတွက်ဆိုပြီး ကလေးကို သူ့ညီမ နဲ့ သူ့ဆွေမျိုး ကောင်မလေးနဲ့ သိပ်ပြန်တယ်။ မောင်က ကလေးကို မေမေတို့ဆီ ပို့ဖို့တာတောင် မကြိုက်တော့ စိတ်မချလည်း ကိုယ် မထားခဲ့လို့မှ မရတာဘဲ။ အလုပ်ကလည်း ညဥ့်နက်တာများတယ်လေ။ ကိုယ်ရှိတုန်း ခဏပဲ ကလေးကို ကောင်းကောင်းကြည့်ရတယ်။ အလုပ်တွေ၊ အသံသွင်းစရာတွေ များလာလို့ စီးပွား ရေး လုံးပန်းချိန်များနေတော့ ထားခဲ့ရတာ များလာတာပေါ့ကွယ်။

ကလေး (၂) လသားလောက်ရတော့ ကလေးရဲ့ ကျန်းမာရေး ချို့ယွင်း လာတာကို တွေ့ရတယ်။ သားလေးက ကိုလူအေးလေး၊ ငိုကို မငိုဘဲနေတာ၊ က်တာက ကိုယ်တိုင်လည်း ကလေးကြည့်ဖို့ အချိန်မရ၊ နားလည် စိတ်ချရတဲ့ ဘလက်ထဲ ခဏလေးတောင် မောင် မကြိုက်မှန်းသိလို့ အပ်မထားနိုင်။ စိတ်ဒုက္ခ တကယ်များပါတယ်။ ဒီလိုနဲ့ သားလေးဟာ ဝမ်းပျက်ရောဂါ ရလာတော့တယ်။ ကလေးက သိပ်ငယ်တော့ ဆေးထိုးရမှာ မသင့်သေးဘူးထင်လို့ မြန်မာဆရာ ကောင်းကောင်းတွေနဲ့ ပြတယ်။ ကုသကြည့်တယ် ရှင်းရှင်းမပျောက်ပါဘူးကွယ်။

ကိုယ့်သားလေးဟာ အအေးမိပြီး အစာမခြေနိုင်လို့ ဝမ်းပျက်ဝမ်းသွားတာ သိလာရတယ်။ ကိုယ့်သားလေးက အေးတယ်။ အငိုမရှိတဲ့ ကလေးမျိုးဆိုတော့ သေး စိုခြောက်ခြောက် ပုခက်ထဲထားလွှဲနေရင် ပြီးတာကိုး။ အိမ်မှာရှိတဲ့ ဒီကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေက အပျိုဖော်ဝင်စ ဖြိုးကောင်ပေါက်အရွယ်၊ လှချင်ပချင်တဲ့ အရွယ်တွေ ဒီတော့ ကိုယ်တို့ အလုပ်သွားပြီဆိုတာနဲ့ ကိုယ့်အဝတ်အစားတွေ အမျိုးမျိုး ဝတ်ကြည့်ကြ၊ ဒေါက်ဖိနပ်တွေ စီးကြည့်ကြ၊ မှန်ထဲကြည့်လိုက်ကြနဲ့ အရူးထ အချိန်ကုန်နေတတ်ကြတယ်တဲ့။

ဒီတော့ သူတို့ အားသည်ဖြစ်စေ၊ မအားသည်ဖြစ်စေ မငိုတတ်တဲ့ ကလေး တစ်နေကုန် ပုခက်ထဲ လွှဲထားပေးလေတော့ အအေးမိရောဂါ ဝင်ရှာပေမပေါ့။ အိမ်နီးချင်းတွေ ပြောပြလို့ ဒီကိစ္စ ကိုယ် အကုန်သိထားရပေမယ့် မောင့်ကို ပြောမပြမိခဲ့ပါဘူး။ ပြောရင်လည်း သူ့ညီမကို သဘောမကျလို့ အပြစ်ပြောတယ် ထင်မှာ စိုးပါတယ်။ သားဖေနဲ့မို့ ဒါတော့ပွချင်တာပေါ့ သူငယ်ချင်း။

ရုံးက တစ်ဖက်၊ ကလေးစိတ်က တစ်ဖက်နဲ့ မဖြစ်တော့ဘူးဆိုပြီး မေမေ့ဆီ ပို့ရတော့တာပဲ။ လွယ်လွယ်နဲ့ ပြောလို့ရတယ် မမှတ်နဲ့ သူငယ်ချင်း။ ရန်ဖြစ်ပြီးမှ ပို့ခွင့်ရတာ။ ကလေးက နားလည်တဲ့သူတွေ လက်ထဲရောက်တော့ အထိုက်အလျောက် သက်သာသွားလို့ တော်သေးတာပေါ့ကွာ။

သားအတွက်မှ ရင်မကျရသေးဘူး မောင့်ညီမက သူ့အမေအိမ်သွားသလိုလို ဈေးသွားသလိုလိုနဲ့ အိမ်ပြန်မရောက်လာဘူး။ ကိုယ်ဖြင့် ရင်တထိတ်ထိတ်နဲ့ ခေါင်းကြီးရတာပေါ့။ ညီမချင်း စာနာ ပူပန်ရပြန်တယ်။ အားလုံး ရှာလိုက်ကြတာ ဒေါင်းတောက်နေတာလည်း မတွေ့ဘူး။ အိမ်က ကောင်မလေးကို မောင်ရယ် သူ့အမေရယ် ရိုက်စစ်တော့မှ ရည်းစားတွေ ဘာတွေနဲ့ဆိုတာ သိကြရတယ်။ သူ့အမေ အိမ်နားကတဲ့။

ကိုယ် ဘာလုပ်ရမှန်း မသိပါဘူး။ ငယ်ငယ်လေးတွေ၊ ပညာမစုံ၊ အလုပ်မရှိနဲ့ ဘာစိတ်ကူးယဉ် မိုက်သွေးဝင်ချင်ကြတယ် မသိဘူးလို့ တွေးမိပြီး ရင်မောတယ်။ မောင်ကတော့ နမအကြောင်းစုံသိတော့ ပိုပြီး ဒေါသကြီးတော့တာပေါ့။ သားအမိနှစ်ယောက် စကားများကြ၊ အော်ကြဟစ်ကြနဲ့ပေါ့ကွာ။ ကိုယ်လည်း အချောင်အဆူခံရသေးတာပေါ့။ သူ့ညီမကို ကိုယ်က စိတ်ချမ်းသာအောင် မထားလို့ မကြည်ဖြူလို့၊ ညီမချင်း စာနာပြီး မကြည့်ရှု မစောင့်ရှောက်လို့ ဖြစ်ရတာတဲ့ စုံရော သူငယ်ချင်းရေ။

ကိုယ့်မှာ ဒီလို စိတ်ယုတ်မာမျိုး မရှိပါဘူး သူငယ်ချင်းရယ်။ ဖြူစင်မကြည်ဖြူဖို့ အချိန်မရပါဘူးကွာ။ နေ့ရှိသရွေ့ သီချင်းတွေ၊ ဓာတ်ပြားတွေ၊ တိပ်ခွေ





တွေကြားမှာ နစ်မြုပ်နေရတာပါ။ စီးပွားရေးအတွက်၊ မိသားစု ချောင်လည်ရေး အတွက် အလုပ်တွေကြားမှာ ဗျာများနေခဲ့တာပါ။ မောင် ဒီလိုထင်ရက်လေခြင်း။

ဒါပေမဲ့လေ မောင် သိပ်စိတ်လှုပ်ရှားတာ မြင်နေရတော့ ဘာမှပြန်မပြောဘဲ ငြိမ်နေလိုက်ပါတယ်။ နောင် သူ စိတ်အေးသွားရင် သူ့အမှား သူ သိမှာပါလို့ စိတ်ချမ်းသာလွန်းတာနဲ့ သူတို့ သားအမိနှစ်က ခွာခဲ့ပြီး အိပ်ရာထဲ ဝင်နေခဲ့တော့ တယ်။ နောက်တော့ မောင် ရောက်လာပါတယ်။ မောင့်ကို ကြည့်ရတာ ပင်ပန်း နေပါကွယ်။ ဒီတော့လည်း ချစ်တဲ့သူကို အပန်းပြေစေမယ့် စကား အချိုအသာ တွေနဲ့ ဖျောင်းဖျရမှာ တာဝန်ပဲ။

မောင်က ကိုယ့်ကို အမြတ်တနိုးလေး ဖက်ထားတယ်။ စောစောက သူ ငြင် မောင်းမဲမိတဲ့အတွက်လည်း ခွင့်လွှတ်ဖို့ ပြောပါတယ်။ ကိုယ်ကလည်း မောင့်စိတ်ကို သိပြီးသားမို့ အစောကြီးကတည်းက ခွင့်လွှတ်ထားတဲ့အကြောင်း၊ စိတ်မဆိုးတဲ့အကြောင်းတွေ ပြောရင်း အေးချမ်းသွားကြတာပါ။

မောင် စိတ်ဆိုးပြီး ပြန်ချော့တဲ့အခါလောက် ညင်သာတာ၊ သိမ်မွေ့ပြီး ချစ်စရာကောင်းတာ မရှိဘူး။ မောင်ဟာ ကလေးငယ်လေးလိုပါပဲကွယ်။

သန်းခေါင်ကျော်တော့ မောင့်အမေနဲ့ သူ့ယောက်ျားက လာကြပြန်ရော။ မောင်က ကိုယ့်ကို ခဏလေးနော် အေးလို့ နှစ်သိမ့်ခဲ့ပြီး သူတို့နဲ့ စကားသွားပြော နေတယ်။ ဘာတွေများ ဖြစ်ကြဦးမှာလဲလို့ ကိုယ့်မှာ ရင်မကျန်ခဲ့ရတယ်။ ကြားရတဲ့ စကားတွေက ရင်တုန်လောက်၊ ထိတ်လောက်ပါတယ် သူငယ်ချင်း။ ကောင်မလေး ရည်းစား ဒုက္ခရောက်စရာ နည်းမျိုးစုံ လာတင်ပြကြ၊ တိုက်တွန်းကြ လုပ်နေတာ ကလား။ ထောင်ကျပေါက် သေဖော်ညှိနေကြတာလေ။

ဒါမျိုးတော့ ကိုယ် နေလို့မဖြစ်ဘူး သူငယ်ချင်းရဲ့။ ဒီတော့- "ဒီမှာ အမေ တို့ ကျွန်မ ယောက်ျား ဒေါသကိုလာပြီး ဆွပေးမနေကြပါနဲ့။ အမေတို့ဟာ အမေတို့ ရိုက်ချင်လည်း သွားရိုက်၊ သတ်ချင်လည်း သွားသတ်၊ ကျွန်မ လင်တော့ ထောင်ကျ ခံနိုင်ဘူး။ ကုန်ကုန်ပြောလိုက်မယ်၊ ကျွန်မဟာ လင်ကိုပဲ ချစ်နိုင်မယ်၊ ကျွန်မ ယောက်မ၊ ကျွန်မ ယောက္ခမကို မချစ်နိုင်ဘူး ရှင်းရှင်းပဲ။ နောက်ရိုက်ဖို့ သတ်ဖို့ ကိစ္စအတွက် ကျွန်မ ယောက်ျားကို လာမပြောပါနဲ့၊ မဆွယ်ပါနဲ့။ ကျွန်မ အိမ်မှာ ရာဇဝတ်မှုမကင်းတဲ့ စကားမျိုးတွေ လက်ခံ စကားမပြောနိုင်ဘူး" လို့ ကိုယ်က တည်တည်ပြောချလိုက်တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ယောက်ျားကြီးဆိုတာ တစ်ခါမှ ကိုယ်က ဒီလို ဝင်မပြောဖူးခဲ့လေတော့ ဆွေ့ဆွေ့ခုန် စိတ်ဆိုးတာပေါ့။ ချဉ်လိုက်မယ့်အချိုးကွာ၊ ဘယ်ပြောကောင်းလို့ မတုန်း။ ကိုယ့်လည်း အစကတည်းက သူက ချစ်တာမှ မဟုတ်ဘဲ၊ မုန်းတာ စိတ်ဆိုးတာ မဆန်းပါဘူး။ မောင့်ကိုတော့ အော်တာပေါ့။ နောင် ဘယ်တော့မှ တို့ရွာအိမ်ကို မလာတော့ပါဘူး၊ ဘာညာနဲ့ပေါ့ကွာ။ ငိုကြီးချက်မ ပြန်သွားကြလေရဲ့။

ကိုယ်က မုန်နေတော့ မောင်က ဘာမှ ဆူပဟာ၊ ပူဟယ် မလုပ်ပါဘူး။ သူ့အမေစကားဝင်ဖျက်သလို ဖြစ်သွားတာကိုတော့ ကွဲပြီးတိုချင်ချင် ဖြစ်မှာပေါ့။ နောင်ကို သူတို့အမျိုးတွေကိစ္စမှာ ဘယ်တော့မှ မဝင်နဲ့လို့တော့ ဟန့်တားလိုက်တယ်။

မောင့်ညီမက ပြန်လာပါတယ်။ စကားပြောရင်း အချိန်လွန်သွားလို့ မပြန်ရဲတာကြောင့် နောက်ကျခဲ့တာပါတဲ့ကွယ်။ ဒီနေရာမှာ သူက ကိုယ့်ထက် သတ္တိရှိတယ်လို့ ချီးကျူးချင်တယ်။ ကိုယ့်ရဲ့ကိစ္စမှာတုန်းက ကိုယ် သတ္တိနည်းလို့ ကိုယ်တို့နှစ်ယောက်လုံး ပညာတစ်ပိုင်းတစ်စဖြစ်ခဲ့ရတာ အနှောင်းမသေချာတာ မဟုတ်လား။

ဒါပေမဲ့ သူ့ခများလည်း မသက်သာရှာပါဘူးကွာ။ အမေက ရိုက်လိုက် မောင်က ရိုက်လိုက်နဲ့ အတော်ခံလိုက်ရပါတယ်။ ဒီတော့ ကိုယ် မနေနိုင်ဘူး။ သူ့ကြောင့် ကိုယ် ဘယ်လို အပြောခံရ၊ အပြစ်တင်ခံရပေမယ့် စိတ်မဆိုးမိပါဘူး သူငယ်ချင်း။ ဒီလို အရိုက်အနှက်ခံနေရတာလည်း ကိုယ် မကြည့်ရက်ပါဘူး။ ဝင်တားရ ဆွဲရမိတာ။ ရိုက်နေရင်း ဝင်ခေါ်ဆွဲတားလုပ်ရတော့ ကိုယ့်ပါ ထိတာပေါ့။ ဒီတော့မှ ကိုယ့်ထိမှာစိုးလို့ အရိုက်ရပ်ကြတာ။

သူကလေးကို ကိုယ့်ညီမလို ချစ်ပါတယ်။ မိတကွဲ ဖတကွဲလေးမို့လို့ ကိုယ့်ညီမအရင်းထက် အစစအရာရာ သနားညှာတာပါတယ်။ ပြင်ပေးဆင်ပေး အရေးပေးခဲ့ပါတယ်။ ဒါပေမဲ့ ကိုယ်နဲ့အတူနေတုန်း ဒီပြဿနာမျိုး ဖြစ်ခဲ့လေတော့ နောက်တစ်ခါ ထပ်ပြီး ဒီအဖြစ်မျိုး ကြုံရမှာကို ကိုယ် သိပ်ကြောက်တယ်။ ကိုယ့်အပေါ် မောင်က ထပ်ပြီး အထင်မမှားစေလိုတော့ဘူး။ ကိုယ့်မှာ အလုပ်တစ်ဖက်နဲ့ မအားလပ်ရတဲ့ကြားထဲမှာ စောင့်ရှောက် ကြည့်ရှုနေဖို့ တာဝန်က ကြီးလှပါဘိသနဲ့။ တာဝန်မယူနိုင်ဘူး သူငယ်ချင်း။ ဒီအရွယ်တွေထိန်းရတာ လွယ်တာမှ မဟုတ်တာကွယ်။

ကိုယ်က အေးအေးနေချင်တယ်။ ဘာပြဿနာမှ မဖြစ်ချင်တော့ဘူးလို့ မောင့်ကို သေသေချာချာ နားလည်အောင် ပြောပြမိပါတယ်။ မောင်က ကိုယ့်





အကြောင်း သိတာပဲ အကောင်းဆုံးနဲ့ အအေးချမ်းဆုံးဖြစ်အောင် ပြန်ပို့လိုက်ပါတယ်။ ညီမကိစ္စ အေးမယ်ကြံတော့ သားငယ်လေး ရောဂါအပြင်းအထန် သည်းလာပြန်ပါရော။ သားကို အိမ်ပြန်ခေါ်၊ ဆေးတိုက်ပြ၊ ဗမာဆရာနဲ့ ထပ်ကု၊ စုံနေအောင် ပြုစု ကုသရင်းကကို ရောဂါဆိုးဆိုးလာလိုက်တာ အသက်ရှင်စရာအကြောင်း မရှိတော့ပါဘူးလို့ ထင်ရမယ့်အခြေအနေ ရောက်တော့တယ်။ သားလေး သေတော့မှာပဲဆိုတဲ့ အသိနဲ့ ကိုယ့်မှာ မျက်ရည်နဲ့မျက်ခွက်။ မစားနိုင် မအိပ်နိုင်၊ မောင်ဆိုဘာလည်း မပြောပါနဲ့တော့။ သားလေးတစ်ယောက်၊ သမီးလေးတစ်ယောက်သာ ရှိတာ မဟုတ်လား။ ယူကျုံးမရဖြစ် မျက်ရည်ကျ ဒေါသက မိုးအထိပါပဲ။ သူ့သားဆိုရင် လင်မယားအကွဲတဲ့။ ကိုယ့်ကိုလည်း ကြိမ်းလိုက် မောင်းလိုက် အော်လိုက်၊ ကိုယ်က ဗမာဆရာ အစုတ်အပဲ့တွေနဲ့ ကုလို့ ဒီလိုဖြစ်ရတာနဲ့ စုံလို့ စုံလို့။

ကိုယ့်ကိုယ်ကိုယ် စိတ်ဆင်းရဲလွန်းလို့ သေပါစေပဲ ဆုတောင်းမိတော့တယ်။ သားသမီးကို သေစေချင်တဲ့ မအေ ရှိပါ့မလား သူငယ်ချင်း။ မိခင်ဆိုတာ သန္ဓေဦးကတည်းက ရင်နဲ့လွယ်မွေးလာခဲ့ရသူတွေပါ။ မေတ္တာတရားနဲ့ ဆန့်ကျင်တဲ့ မအေတစ်ယောက်လို့ မောင် ထင်ရက်တာကို ဝမ်းနည်းလို့မဆုံးဘူး။ သားကလေးအတွက် နောက်ဆုံး ပင့်မိခဲ့တဲ့ ဆရာဝန်ရဲ့ အကြံပေးချက်အရ သားကို မြေနီကုန်းမှာ ဖွင့်ထားတဲ့ ကလေးဆေးရုံကို တင်လိုက်ရတယ်။ ဆေးရုံကလည်း ကလေး လာပို့တာ နောက်ကျရပါမို့လားနဲ့ ကိုယ့်ကို ဆူတာပေါ့။

နားက မလည်၊ သောက အဘက်ဘက်က တွယ်နေတဲ့ ကိုယ်ဟာ သားကလေး အသက်လုနေတဲ့ ဆေးရုံအခန်းဝမှာ ငုတ်တုတ် ငိုရက်နဲ့ချည်း မိုးလင်းခဲ့တော့တယ်။ ကလေး မြင်ရပြန်လည်း အားဆေးရည်ပုလင်းတန်းလန်း၊ အသံကလေးဆီက အင် အင်သံပဲ ကြားနေရ။ ကမ္ဘဋ္ဌာန်းရပ်က သားထက် လုလိမ့်မယ် အဖြစ်နဲ့ သားကို မမြင်ရက်ပေမယ့် ကြည့်ရတယ်။ သားကလေး ကြည့်ရတာ ခံလိုက်ရတော့မယ်နဲ့ တူပါရဲ့။ တကယ့်ကို သားလေး ရေတိမ်နစ်ပြီဆိုရင်တော့ ကိုယ် သေမှာ ရူးမှာပဲ။ ကိုယ် ခံနိုင်ရည်ရှိမယ် မထင်တော့ပါဘူး သူငယ်ချင်းရယ်။

ကလေးကို အားမရလို့ ငိုလွန်းလို့ ဆေးရုံက ဝေါက်လွှတ်တာနဲ့ ကိုယ် အသံလွှင့်ရုံသွား ခဏထိုင်ရင်း ခွင့်ကိစ္စပြောနေတုန်း မန္တလေးကို အလုပ်ကိစ္စတစ်ခုအတွက် တစ်ရက်လိုက်ခဲ့ပါလို့ ကိုယ့်ဒုက္ခမသိတဲ့ အလုပ်ရှင်တစ်ဦးက လာခေါ်တာနဲ့ တိုးပါရော။ အယူသီးတယ်ပြောချင် ပြောတော့ကွာ။ တချို့ အယူအဆက လု



www.burmeseclassic.com

www.burmeseclassic.com



ထွက်မယ့် ကိစ္စမျိုးမှာ လူစားတစ်ယောက် အိမ်က ထွက်သွားရင် ကောင်းတယ် ယတြာကျေတယ်ဆိုတယ် မဟုတ်လား။ ကိုယ်လည်း ဒီအချိန်မှာ သားဇော ကပ်လေတော့ မှန်တာ မမှန်တာ အသာထား၊ ကိုယ် ခရီးယာယီသွားလိုက်မယ် လို့ ဆုံးဖြတ်ပြီး ထွက်သွားခဲ့မိသေးတာပေါ့။

ခရီးသွားတဲ့ တစ်လမ်းလုံး ကိုယ့်သည်းပွတ် နှလုံးနဲ့တူတဲ့ ချစ်သားလေး အသက်ရှင်ရေး ဆုတောင်းသွားလိုက်ရတာ သိကြားတွေ၊ နတ်တွေ အတော် နားငြီးမှာ။ အလျှုတစ်ရက် ဆိုပေမယ့် သွားတာ ပြန်တာနဲ့ဆိုတော့ သုံးလေးရက် ဖြစ်သွားတာပေါ့ကွာ။ စိတ်ကို မအေးရပါဘူး။ အချိန်နဲ့အမျှ မျက်ရည်ကျမိတယ် တစ်ခါတလေတော့ ကိုယ် မျက်ရည်ကျမိလို့ သားလေးအတွက် ပိုဆိုးမလားနဲ့ တွေးမိပြီး ငိုရင်းက ကြောက်လန့်တကြား မျက်ရည်သုတ်မိ ဖြစ်ရပါတယ် သူငယ် ချင်း။ ရန်ကုန် ခြေချမိတာနဲ့ ဆေးရုံ တန်းပြေးမိတယ်။ သားက အသားလေး ဘာလေး အတော်ပြည့်နေတာ တွေ့ရတယ်။ သားကို မောင့်အမေက တစ်ရက် ကိုယ့်မွေးစားအမေက တစ်ရက် ကြည့်ပေးကြတာလို့ သိရတဲ့အပြင် အဲဒီ အဘွား ကြီး နှစ်ယောက် ဆေးရုံမှာ ရန်ဖြစ်ကြလို့ ဘာလို့နဲ့ ကလေးအတွက် ဝမ်းသာရတာ တောင် မဖြောင့်ပါဘူးကွာ။

ဆေးရုံမှာ အဆင်ပြေအောင် စီစဉ်ပေးပြီး အိမ်ပြန်ကြတော့ မောင်က တကျိုကျို၊ သူ့အမေ ပင်ပန်းလှပြီ ဘာပြီနဲ့။ သိပ်စိတ်ညစ်စရာကောင်းတာ။ ကိုယ် စောင့်ပါ့မယ်ဆိုတော့လည်း မဟုတ်ဘူး။ ပြန်ခိုင်းလည်း ပြန်တာ မဟုတ်ဘူး။ သူတို့ဟာသူတို့ လုပ်ချင်တာတွေ လုပ်ကြ၊ ပြီးတော့ ကိုယ့်ကိုကျိတ်ကြ၊ ဒါကို ဘယ်လိုလုပ် ရှင်းပေးရမလဲ။ ကိုယ့်အမေ စောင့်မပေးလို့တဲ့ကွာ။ အိမ်မှာလည်း အကြီးမက ရှိသေးတာ။ ဘယ်လိုလုပ် နှစ်ကိုယ်ခွဲရမလဲလို့။ မေမေက ဆေးရုံဆို အသေကြောက်လို့ မွေးစားအမေ လွှတ်ထားတာကို မတန်ဘူး၊ မရာဘူး အောက် တန်းစား ဘာညာနဲ့ စကားများ၊ ခက်တယ် သူငယ်ချင်း၊ သိပ်ခက်တယ်။

တစ်ခါ အိမ်လည်းရောက်ရော မောင့်ညီမ ပြန်ရောက်နေတာ တွေ့ရပြန်ရော ကိုယ် သိပ်အံ့သြသွားရတယ်။ မောင့်ကိုလည်း မျက်မိပါတယ်။ ကိုယ် မကျေနပ် တာ၊ စိတ်ပျက်မိတာဟာ အခိပ္ပာယ်မဲ့ မဟုတ်ပါဘူး သူငယ်ချင်း။ ကိုယ် သားစိတ် နဲ့ ခရီးသွားဖို့ပြင်တော့ မောင်က ပြောပါတယ်။ သူ့ညီမ ပြန်လာနေချင်တယ်တဲ့ ဖအေအိမ်မှာ မိထွေးနဲ့မို့ မနေချင်ဘူးလို့ ပြောသတဲ့။ ပြန်ခေါ်ဖို့ သင့်၊ မသင့် အကြောင်းကြောင်းတွေ တွေးရပါသေးတယ် သူငယ်ချင်း။





အိမ်မှာ ကောင်မလေးတွေ မရှိကြတဲ့အချိန်ကစပြီး ကိုယ့်အစ်ကိုဝမ်းကွဲ တစ်ယောက်ရယ်၊ ကိုယ်တို့ သူငယ်ချင်း အရင်းနှီးဆုံး ငယ်ပေါင်းတွေထဲက တစ်ယောက်ရယ် လာနေကြတယ်။ အားလုံး လူပျိုတွေချည်းပဲ။ ကိုယ်တို့ ရုံးသွား ချိန် သူတို့က အိမ်စောင့်ကြ၊ ချက်ပြုတ်ကျွေးကြတယ်။ ရင်းနှီးတာကတော့ ညီ အစ်ကို မောင်နှမတွေထက် သာချင်သာလိမ့်မယ်။ ဒါပေမဲ့ လူပျိုလေးယောက်နဲ့ အပျိုလေး တစ်ယောက်တည်းကို တစ်အိမ်တည်းမှာ ရောထားလို့ ဖြစ်မလား၊ သင့်ပါ့မလား။ လူမြင်တော်ပါ့မလားကွာ။

နောက် မိထွေးပြဿနာဆိုတာလည်း နဂိုက အတူမနေခဲ့ဘူးဆိုရင် ထား ပါ၊ ခုတော့ သူတို့တွေ အတူတူနေလာခဲ့တာ နှစ်နဲ့ချီကြာခဲ့ပြီကွယ်။ အဲဒီ မိထွေး ဆိုတဲ့ မိန်းမတွေကိုလည်း မောင်တို့က နိုင်ရတာ ကိုယ်အသိဆုံး။ ကိုယ့်ရှေ့တင်ပဲ သူတို့မောင်နှမတွေက အော်လား၊ ငေါက်လား လုပ်တာကို ခံနေရရှာတာပါ။ သူမှ အဆင်မပြေနိုင်တာ မရှိပါဘူး။ ဒါကို ကိုယ်က ပြောပြတော့ မောင် ကိုယ်တိုင် သဘောကျေနပ်နပ်ပါ။ ကိုယ်မဟုတ်တာပြောတာမှ မဟုတ်တော့ မောင် နားလည် ခဲ့တာပေါ့။

ခုတော့ လင်မယားနှစ်ယောက် သေချာ တိုင်ပင် ပြောဆိုဆွေးနွေးထားတဲ့ ကိစ္စကို ကိုယ်မရှိတဲ့ သုံးလေးရက်အတွင်း လုပ်ထားခဲ့တော့ ကိုယ် မကျေနပ်တာ ဆန်းသလား သူငယ်ချင်းရယ်။ မင်း စဉ်းစားကြည့်ပါကွာ။ ဆွေမျိုးကိစ္စနဲ့ ပတ်သက် ပြီး ကိုယ်တို့ လင်မယား အဆင်မပြေတာမျိုး အဖြစ်မခံနိုင်ဘူး သူငယ်ချင်းရယ်။ သဘောကတော့ ပေးစရာရှိလည်း ဝေးဝေးက ပေးကြမယ်ပေါ့။

ကိုင်း··· အခု လွန်သွားတဲ့ကိစ္စက သူ ဘာမှမပြောပေမယ့် ရင်ထဲမှာ တောင်မကျနဲ့။ မောင်ကတော့ သူ့အပြစ်နဲ့သူဆိုတော့ မျက်နှာချိုသွေးလို့ပေါ့။ အဲဒီလို မောင် မျက်နှာချိုသွေးတာမြင်ရလေ ဒေါသဖြစ်လေလေ၊ ကိုယ့်ကို လူရာမသွင်းဘူး။ ကိုယ့်စကားကို အလေးအနက်မထားဘူးဆိုတဲ့စိတ်က ကိုယ့်ကိုယ်ကိုယ် ပင်ပန်း စေပါပြီလား။

သားလည်း နေကောင်းလို့ ဆေးရုံက ဆင်းခွင့်ရတယ်။ ကိုယ်တို့နဲ့ ထားလို့ မဖြစ်တော့ဘူးဆိုပြီး ကိုယ့်မိဘတွေက ခွတ်ခေါ်ထားခဲ့ကြပြီပေါ့။ ကလေးအတွက် ငြိမ်းသွားပေမယ့် တစ်ဖက်ကစိတ်နဲ့ မငြိမ်းရလေတော့ ကိုယ့်မှ ဂရုမစိုက်တာခံတဲ့ ဘန်ကလေးနဲ့ ညပိုင်းတာဝန်ကျတဲ့နေ့မှာ အိမ်မပြန်တော့ဘူး။ ဒေါ်မေမြင့်ရဲ့ ခမ်းချောင်းက အိမ်ကို လိုက်သွားခဲ့တယ်။ မောင် သိရအောင်လို့ပေါ့ အိမ်က



www.burmeseclassic.com

www.burmeseclassic.com



မထွက်ခင် သူငယ်ချင်းတွေလက်ထဲ စာရေးပေးခဲ့တယ်။ ကိုယ့်တာဝန်ချိန်ကျမှ ပေးလို့ မှာခဲ့တာလေ။ သူတို့ကလည်း ဘာစာရယ်လို့မှ မသိတာ ကိုယ်မှာတဲ့အတိုင်း အချိန်ကျမှ ပေးကြတာပေါ့ကွာ။

ဒီတော့မှ မောင့်မှာ ပျာပျာသလဲဖြစ်ပြီး မိတ်ဆွေအိမ်ရှိရာ လိုက်ရှာတော့တာ။ ကိုယ်ရှိနေတဲ့ အမေမြို့င်တို့အိမ်လည်း သူ ရောက်တာပေါ့ သူငယ်ချင်းရဲ့ အမေမြို့င်ကတောင် လိုက်သွားပါ၊ သနားပါတယ်နဲ့ ပြောနေသေးတာ။ အမေမြို့င်က ကိုယ့်အကြောင်းစုံ သိနေတော့ မောင့်ကို ပြဿနာတွေ ဆက်တိုက်ဖြစ်လာရတဲ့ အကျိုးဆက်တွေအကြောင်း ရှင်းပြလိုက်တာ ကိုယ် ကြားရတယ်။

မောင်က နောက် ဒီလို မဖြစ်စေရပါဘူး။ တခြားနေရာတွေ လိုက်ရှာဦးမယ်လို့ ပြောပြီး ပြန်သွားတော့ ကိုယ့်မှာ သူ့ခမျာ စိတ်ပူနေတော့မှာလို့ စိတ်မကောင်းလိုက်တာ။ နောင်ကြည့်အောင် ဇွတ်စိတ်တင်းပြီး နေလိုက်ရမှာပဲလို့ နေဖြစ်အောင်သာ နေရတယ် ဘယ်ပျော်နိုင်ပါ့မလဲ။

နောက်နေ့မနက်အစောကြီး မေမေ လိုက်လာပြန်ရော။ ကိုယ် ဒီအိမ်မှာ ရှိတာ သူ ဘယ်လိုသိပါလိမ့်လို့ အံ့အားသင့်တောင်နေရတယ်။ မေမေက ကိုယ့်ကို ဆူတာပေါ့။ ဘာစိတ်ရူးထတာလဲ။ ကလေးမှတ်နေသလား။ အိမ်ထောင်ရေးဆိုတာ ကလေးကစားသလို အခုခေါ်မယ်၊ ခုမခေါ်ဘူးဆိုတာမျိုး လုပ်ဖို့ မဟုတ်ဘူးတဲ့ အခု အိမ်ပြန်လိုက်ခဲ့ရမယ်။ တစ်ယောက်သဘောနဲ့ တစ်ယောက် မတိုက်ဆိုင်တာ ရှိရင် ဖြောင်ပြော၊ ဖြေရှင်းလိုက်။ ပြီးတော့လည်း အတူတူပဲ။ လူကြီးတွေ စိတ်ဆင်းရဲအောင် မလုပ်ကြပါနဲ့တဲ့။ ဘာမကျေနပ်လို့ ထွက်လာပြန်တာလဲလို့ မေးတော့ ကိုယ်က ပြောပြလိုက်တယ်။ မမေးရင်တော့ ပြောမှာ မဟုတ်ဘူး။ ခုဟာက ကိုယ် တရားခံဖြစ်မှာစိုးလို့သာ ပြောမိတာ။

မေမေက ဒီပြဿနာကြောင့် ထင်သားလို့ ပြောပါတယ်။ ဒါပေမဲ့ ကလေး မျက်နှာကြည့်၊ ကိုယ့်ဆွေ ကိုယ့်မျိုးထဲမှာ ဒီပြဿနာမျိုးမရှိခဲ့တော့ အစဉ်အလာ မပျက်ပါစေနဲ့။ သည်းခံစိတ် အပြည့်မွေးပြီး ကိုယ်ခင်းခဲ့တဲ့ဇာတ် ကိုယ်ဆုံးအောင်ကရမယ်။ နောင်လည်း စိတ်ကောက်လို့ ဆင်းသွားလိုက်၊ ပြန်တက်လိုက် မဖြစ်ပါစေနဲ့။ ရှက်စရာလည်း ကောင်းတယ်။ ကိုယ့်အလွန် ဘယ်တော့မှ မဖြစ်ပါစေနဲ့ သူများ မှားတာကို သူတို့ကိုယ်တိုင် သိရှိပြီး သင်ခန်းစာယူတာမျိုးသာ တာရှည်ခံတဲ့ အမှန်တရားရမယ်လို့ပြောပြီး ပြန်သွားတော့တာပဲ။





အမှန်ကလည်း ကိုယ့်ကို ဂရုမစိုက်ဘူးဆိုတဲ့ စိတ်ကွက်စရာလေးကြောင့်သာကိုး။ မောင့်ကို မုန်းလို့မှ မဟုတ်တာ။ အချိန်တန်ရင် ပြန်မှာပါကွာ။ မောင့်ကို ကြာကြာမခွဲနိုင်ပါဘူး။ ကိုယ် သူ့ကို ချစ်တယ်။

နောက်တစ်ရက်ကျတော့ အဆိုတော်တို့ "…"အိမ်ကို သွားတယ်။ သူတို့ဇနီးမောင်နှံလည်း ကိုယ်တို့ကိစ္စ သိပြီးပြီလေ။ မည်မည်ရရလည်း မဟုတ်ဘဲနဲ့ အိမ်ကိုတော့ပြန်အောင် လုပ်ရပါ့မလားလို့ ဆီးပြီး ဆူကြ၊ မောင့်ဆီ သတင်းပေးကြနဲ့ ညနေကျတော့ မောင် လာတာပါပဲ။ ကိုယ့်တွေ့တော့ "မင်း ဘာအဓိပ္ပာယ်မရှိ လုပ်နေတာလဲ။ ကဲ လာ ပြန်မယ်" လို့ မျက်နှာကြောတင်းတင်းနဲ့ ကိုယ့်ကို ခေါ်တယ် သူငယ်ချင်းရေ။

ကိုယ်ဖြင့် အာစေးထည့်ခံရသလို ဖြစ်နေမိတယ်။ ကြည့်လေ၊ ဟိုဘက်ခြမ်းက ရှာရဖွေရ အမောတကော စုံနံ့သာမြိုင် ရှာပုံတော်ထက် လွမ်းမလောက်ဖြစ်နေတဲ့သူက ခု တွေ့လည်းတွေ့ရော ဒေါသအိုးကွဲတော့မလိုကိုးကွဲ့။ ကိုယ်က အေးအေးဆေး ပြန်လိုက်ခဲ့ပါတော့လို့ တောင်းတောင်းပန်ပန် ပုံစံလေးကိုသာ စိတ်ကူးယဉ်ထားတာဆိုတော့ အထင်နဲ့အမြင် လွဲပြန်ပေါ့လို့ ဝမ်းနည်းမိတယ်။ ကိုယ့်ကို ဆန့်ကျင်လိုက်တော့ အပြစ်မဟုတ်။ တန်ပြန် ဆန့်ကျင်ခဲ့တဲ့ ကိုယ့်မှာ အပြစ်ဖြစ်ခဲ့ရတယ်။

ဟိုလင်မယားကတော့ အေးအေးဆေးဆေး ဆွေးနွေးရအောင် ရှောင်နေလေကြတော့ ကိုယ်ဖြစ်နေရတာကို မသိကြဘူး။ ကိုယ့်မှာတော့ အချောခံရမယ့်အစား အငေါက်ခံနေရတော့ မအီမလည် ဖြစ်နေရတယ်။

သူတို့ ပြန်လာလို့ "ဘယ့်နှယ် ကလေးလင်မယား စိတ်ပြေသွားပြီ မဟုတ်လား" ဆိုတော့ ကြည့်လေ… မောင်က ပြုံးလို့ "ပြီးသွားပါပြီ၊ အလကားပါ၊ အေးက ကျွန်တော် အလုပ်ပိုအောင် လုပ်တာ၊ ကဲ ပြန်ကြစို့ အေးရေ၊ မိုးချုပ်ပြီ" လို့ ပြောလိုက်ရင်းက ပြန်ဖို့ ပြင်ပါလေရော။

ဒီတော့ ကိုယ့်မှာသာ အခက်။ မပြေလည်သေးပါဘူးလို့ ပြောလည်း ကိုယ့်ပေါင် ကိုယ်လှန်ထောင်းသလို ဖြစ်တော့မယ် သူငယ်ချင်းရဲ့။ ကိုင်း… ကိုယ်က ပြတ်နိုင်တာမှ မဟုတ်တော့လည်း ဘာမှပြန်မပြောတာဘဲ ကောင်းပါတယ်လေ ဆိုတဲ့ အတွေးနဲ့ ပြန်လိုက်ခဲ့ရတယ်။

တစ်လမ်းလုံး စကားတစ်ခွန်းမှ မပြောဘဲ မောင်က သုန်သုန်မှုန်မှုန်ကြီး လုပ်လာတော့တာ။ မတတ်နိုင်ဘူး၊ ကိုယ့်ကုသိုလ်ပဲ။ ကိုယ်မွေးတဲ့မီး ကိုယ့်ရင်ထဲမှာ

www.burmeseclassic.com



ထိန်ထိန်ညီးပေမယ့် ပြီးသည်အထိ ကရတော့မှာလို့ မေမေပြောခဲ့သလို ဆွေမျိုးမျက်နှာ သားသမီးမျက်နှာ ကြည့်ရင်း ဖြေရတော့တာပါပဲကွယ်။

ပြန်ရောက်လို့ သူငယ်ချင်းတွေက ဝိုင်းစကြ၊ နောက်ကြ၊ ပြောင်ကြ လုပ်ပေမယ့် ကိုယ့်မှာ ရယ်သာ ရယ်ရတယ် ရင်ထဲမှာ နာနေတယ်။ ကိုယ် စိတ်ပျက်ပျက် ရှိတာနဲ့ တော်တော်နဲ့ အိပ်ရာမဝင်ဖြစ်ပါဘူး။ ထပ်အပြောခံရမှာစိုးလို့ပေါ့ကွယ်။ ညဦးနက်မှ အိပ်ရာဝင်ခဲ့တယ်။ ကိုယ်ကတော့ ဒီအချိန်လောက်ဆို မောင် အိပ်ပျော်လောက်ပြီလို့ ထင်တာကိုး။ ဘယ်ဟုတ်လိမ့်မလဲ ကိုယ်တော်ချောက ထပ်ပြီးတော့ "စိတ်မပြေသေးရင် မင်းအမေအိမ် သွားအိပ်ပါဦးလား" လို့ ခနဲ့တော့တာ။ ကိုယ်လည်း စိတ်မညစ်ချင်ခါမှ ညစ်ဖို့ ဖြစ်လာတော့ ငိုမိတော့တာပေါ့။

အဲဒီတော့မှ တဟားဟား အော်ရယ်ရင်းနဲ့ အတင်းဖက် အတင်းနမ်းနဲ့လေ

"ကိုင်း မှတ်ထား၊ နောက် မောင့်ကို စိတ်ဒုက္ခပေးဦး။ အဲဒါ သက်သက် ကလဲ့စားချေတာ သိလား။ ကဲ တိတ်တော့ တိတ်တော့ မောင် ကျီစားတာပါ အေးရာ။ ဒီမယ် မောင့်ကို ကြည့်စမ်း၊ မောင် ဘယ်လောက် ပိန်သွားသလဲ တွေ့လား နောက် မောင့်ကို မထားခဲ့ပါနဲ့ အေးရယ်။ ဘယ်လောက် စိတ်ထိခိုက်ရ ပူပန်ရသလဲ ချစ် မသိတော့ဘူးလား" တဲ့။

ပြောလိုက်သမှ ရွှန်းရွှန်းကို ဝေလို့။ ချစ်တဲ့ သူက ဒီလိုပြောပြန်တော့ အပြစ်တို့၊ စိတ်နာတာတို့၊ ဝမ်းနည်းတာတို့ ဘယ်ပျောက်ကုန်မှန်း မသိတော့ဘူး အလွမ်းသယ်လို့ မဆုံးနိုင်ပြန်ဘူး။

မောင့်အလုပ်က ဒီအက်စ်အိုင်အဖြစ်ကနေ ဘီအီးဒီစီဘဝ တစ်ဖြစ်လဲသွားပြန်တယ်။ သူ့မှာ အလုပ်တွေ ပိုများလာတယ်။ အနောက်တောင်တိုင်း စစ်ဌာနချုပ် တည်ဆောက်ရေးကိစ္စအတွက် သူတို့ကုမ္ပဏီက တာဝန်ယူထားလေတော့ ပုသိမ်နဲ့ ရန်ကုန် ကူးနေရတော့တာပေါ့ကွာ။

မောင် မရှိတဲ့အခါ တစ်ယောက်တည်း မနေတတ်သလို ဖြစ်ရတယ်။ ခါတိုင်းတော့ ကိုယ်ကချည်း ခရီးထွက်ခဲ့တာဆိုတော့ ကျန်ခဲ့ရတဲ့သူဘက်က ဘယ်လိုနေမယ်ဆိုတာ ကိုယ် မသိဘူးလေ။ ခုတော့ ကိုယ်ချင်းစာတတ်သွားပြီ။ သူလည်း ကိုယ်မရှိတဲ့အချိန်မှာ ဘယ်လောက် အနေခက်လိမ့်မလဲလို့ မှန်းကြည့်တတ်နေပြီ၊ တွေးတတ်နေခဲ့ပြီ။

ဒီအချိန်ရောက်တော့ ကိုယ့်အိမ်မှာ တယ်လီဖုန်း ရှိနေပြီလေ။ မောင်က





ပြောလို့ပေါ့။ ကိုယ်တို့ နေကြတဲ့နေရာက မြို့ထဲနဲ့ အလှမ်းဝေးတယ်လေကွယ်။ ...တော့ အလုပ်ကိစ္စ၊ စီးပွားရေးကိစ္စအတွက် ကိုယ်နဲ့ ဆက်သွယ်ဖို့လည်း လွယ်အောင်၊ တစ်ယောက်နဲ့ တစ်ယောက်လည်း ဘယ်မှာရှိနေတယ်ဆိုတာ စိတ်မပူရအောင် အကြောင်းကြားနိုင်ဖို့ တယ်လီဖုန်းထားသင့်တယ်တဲ့။ ဟုတ်တာပေါ့၊ တယ်လီဖုန်းထားခိုင်းတဲ့ မောင့်စကားကို ခုလို မောင် ခရီးဝေးထွက်ရတော့မှ ပိုပြီး သဘောကျတယ်။ သူ ပုသိမ်မှာ ရှိနေတာပေမယ့် စကားသံလေးတော့ ကိုယ် ဒီဘက်ကနေ ကြားနေနိုင်သေးတယ် မဟုတ်လားကွယ်။

မောင်ဟာ ကိုယ်ပိုင်အလုပ်ရှိလာ၊ ဝင်ငွေရလာတော့ ငွေကြေးရဲ့ တန်ဖိုးကို ပိုပြီး နားလည်ဟန်တူပါရဲ့။ သိပ်စနစ်ဇယားကြီးသွားတယ်။ ဝင်ငွေ သုံးငွေအပေါ်မှာလည်း မကြာခဏ စစ်လား ဆေးလား လုပ်လာတယ်။ ဒီမှာ ပြဿနာတစ်ခု ထပ်တွေ့ရတာပဲ။ ကိုယ်က တစ်သက်လုံး ပိုက်ဆံ ကိုင်သုံးခဲ့တာ မဟုတ်ဘူးလေ သူငယ်ချင်းရယ်။ အိမ်ထောင်သာကျလာရော "မေမေ ငါးပြားလောက် ဆယ်ပြားလောက်" နဲ့ လက်ဖြန့်တောင်းသုံးတတ်တဲ့သူကိုး။

ကိုယ့်အိမ်ထောင် ကိုယ်ထိန်းနေရပြီဆိုတော့ ဈေးဖိုးကအစ တစ်အိမ်ထောင်လုံး အသုံးစရိတ်တွေ မှတ်ရသားရတာ အလေ့အထမရှိတဲ့ အလုပ်တစ်ခုလို ဖြစ်နေတယ်။ ပင်ကိုကလည်း သတိမေ့တတ်တာရယ်၊ ကလေးတွေ ခွဲစိတ်မွေးရတော့လည်း မေ့ဆေးရှိန်ဟပ်သလား မသိပါဘူး၊ ရှေ့က မှတ် နောက်က မေ့၊ ခုဝယ် ခုဈေး စာရင်းရေးတော့ မေ့ပြီး မမှတ်မိဖြစ်တာ မကြာခဏ ကြုံတယ်။ မောင်က တွေ့ကျရင် မကြိုက်၊ စိတ်အိုက်စရာပဲ။

ကိုယ်က တစ်သက်လုံး အိမ်မှာကတည်းက အပြင်လူ ဖြစ်နေတာ၊ ငွေပဲ ရှာပေးခဲ့တာ မသုံးတတ်ဘူး၊ သုံးလည်း မသုံးဘူး။ ခု မသုံးမဖြစ်လို့ သုံးလာရပြန်တော့ တစ်နေ့တစ်နေ့ မေ့တာ လျော့တာနဲ့ စိတ်ညစ်ရ၊ တွက်ရ၊ နောက်ပိုင်းကျတော့ နေ့တိုင်းလိုလို မေးမြန်း စစ်ဆေးတာ ခံလာရတာ မခံချင်ဘူး၊ စိတ်ညစ်တယ်။ သူ ဘာလုပ်ချင်တယ်ဆိုတာ သိနေပြီ။ ဒီတော့ စောစောစီးစီး အရှုံးပေးထားလိုက်ပါတယ်။ ကိုယ် ငွေမကိုင်ခဲ့တော့ပါဘူး၊ ဈေးဖိုးသာ သိမ်းတော့တယ်။

ကိုယ်က လင်ကို ငွေအပ်လိုက်တယ်ဆိုတော့ မင်း ရယ်ချင်မှာပဲ။ ကိုယ် အသုံးမကျဘူးလို့ အပြစ်တင်ချင်လည်း တင်မှာပဲ။ သဘာဝမှ မဟုတ်တာကိုး။ ထားပါတော့။ အပြစ်တင်ချင်လည်းတင်၊ ရယ်ချင်လည်း ရယ်ပါကွယ်။ လင်ကို



www.burmeseclassic.com

www.burmeseclassic.com



ငွေအပ်တယ်ဆိုတာ မြန်မာ့အိမ်ထောင်ရှင်မတွေမှာ အစဉ်အလာမရှိဘူးဆိုတာလည်း သိပါရဲ့။ ဒီစာရှင်းထားတာလောက်တော့ အတန်းတိုင်း စာမေးပွဲတိုင်း သန့်ရှင်း ပြည့် အမြဲရခဲ့တဲ့ မင့်သူငယ်ချင်းမအကြောင်း မင်း သိတယ်နော်။ လုပ်နိုင်ပါတယ် ထားတတ်ပါတယ်။ မေ့တဲ့ကိစ္စဟာကလည်း တစ်ဖက်က ယုံကြည်မှုရှိရင်တော့ ပြဿနာ ဘယ်ရှိလိမ့်မလဲ။

နောက်တစ်ခုက မိန်းကလေး အိမ်ထောင်ရှင်မတွေဟာ လင်သိအောင် တစ်မျိုး၊ မသိအောင် တစ်မျိုး၊ မိဘဆွေမျိုးတွေကို ပေးကမ်း ထောက်ပံ့တတ်တယ် ဆိုတဲ့ အစွဲအလမ်းတစ်ခု အိမ်ထောင်ရှင်တိုင်းမှာ ရှိကြတယ်။ အထူးသဖြင့်ကတော့ လင်ယောက်ျားတွေမှာရှိတတ်တဲ့ သံသယဆိုပါစို့။

ဒီစိတ်မျိုး မောင့်မှာ မရှိခဲ့ဘူးဆိုလည်း တစ်နေ့မှာ ပတ်ဝန်းကျင် ထင်ကြေး စကားတွေကြောင့် ဒီစိတ်မျိုး ရှိလာမှာပါပဲ။ ခုတော့ ရှိပြီဆိုတာ ကိုယ် ယုံကြည် ရတဲ့အချိန် ရောက်လာပြီ သူငယ်ချင်းရဲ့။

ကိုယ့်လခ ဘယ်လောက်ရပြီလဲ၊ နှစ်တိုး ဘယ်တော့စေမလဲဆိုတာမျိုး အစ၊ အသံသွင်းက ပြန်ရောက်လာတဲ့အခါမျိုးကျရင် သီချင်းဘယ်နှပုဒ် အသံသွင်း ခဲ့ရသလဲနဲ့ မေးလာခဲ့ပြီကိုး။ ဒါကို ကြည့်ရင် သီချင်းတစ်ပုဒ် ဘယ်လောက်ရ တယ်ဆိုတာ သူ သိတော့ ဘယ်လောက်ရမယ်ဆိုတာ သိနိုင်တဲ့သဘောပဲ။ သီချင်း များလို့ ငွေလျှော့ယူရတဲ့အခါတွေရှိလို့ အရင် ကိုယ်က ရှင်းပြရင်တောင် ကြည့်ပုံ က သံသယရှိသလိုမျိုး။

ဒီလို အယုံအကြည်မကင်းသလို ကြည့်တာတောင် ကိုယ်က လက်မခံချင် မိဘူး။ ဒါကြောင့် ဘာပြဿနာမှ ဖြစ်မလာခင် ကိုယ်က ငွေအပ်လိုက်တော့တာပါ။ ကိုယ့်အလုပ်က စိတ်ဆင်းရဲရင် အောင်မြင်ဖို့ မလွယ်ပါဘူး သူငယ်ချင်း။ ကိုယ် အေးအေးပဲ နေချင်တယ်၊ နားပူတာကို ကြောက်တယ်။ အိမ်ထောင်သာယာရေး သည် ပထမ၊ ဒုတိယ၊ တတိယအနေနဲ့ အကောင်းဆုံးထင်တာ ကိုယ် လုပ်ခဲ့ရတာ ပါကွာ။

မောင့်ကို နေရာတိုင်းမှာ ကိုယ်လျှော့ပေးခဲ့ရတာပါလေ။ အင်္ကျီစလေး ထိ ချင်တာကအစ မောင့်ကို ပြ၊ သူသဘောကျမှ ဝတ်တာ။ ငွေလည်း သူ့ဆီက တိုက်ရိုက် တောင်းပေးခဲ့တာ။ သံသယဆိုတာကို ကြောက်လွန်းလို့ သူငယ်ချင်း

ဒါကြောင့်လည်း ''မောင့်လစာ (၁၅၀) ကျပ်ပဲ တောင်းတာကို (၂၀၀)





ထုတ်ပေးတယ် အေးရေ'' လို့ အလုပ်က ပထမဦးဆုံး လစာ စထုတ်ခဲ့တဲ့ အခါတည်း မောင် ပြောတာကို နားထောင်နေခဲ့တာ၊ ဘယ်တော့မှ ကိုယ် မအေး ခဲ့ဘူး။ ဝတ္ထုရားအရ မေးမေး သိချင်လို့ပဲ မေးမေးပေါ့ကွာ။ ကိုယ် မေးလိုက် မိရင် အားငယ်မှာစိုးပါတယ်။ ကိုယ်က သူ့ထက် ဝင်ငွေပိုများလို့ အထင်သေး၊ အမြင် သေးနဲ့ မေးတယ်လို့ ထင်မှာ စိုးပါတယ်လေ။

မောင်ဟာ အလုပ်နဲ့ ပတ်သက်ပြီး အပေါင်းအသင်း မိတ်ဆွေတွေ များ တာတယ်။ ကိုယ်ကလည်း သူ အားငယ်စိတ်မဝင်ရအောင် နေရာတိုင်းမှာ ဦးစား ပေး ရှေ့တန်းတင်ခဲ့တယ်။ ကိုယ့်စီးပွားရေးကိစ္စမှာတောင် မောင့်ကို ပြောပြီးမှ ဦးမယ်ဆိုတာမျိုးဖြစ်အောင် ကိုယ် ဖန်တီးခဲ့ပါတယ်။ ဒါတွေကလည်း မောင့်မှာ အလိုလိုနေရင်း စိတ်ငယ်တာမျိုး မကြာခဏ တွေ့ရတတ်လို့ လုပ်ခဲ့မိတာတွေပေါ့ သူငယ်ချင်းရဲ့။

ဥပမာ တစ်ခု နှစ်ခုလောက်ဆိုရင် မင်းသိတဲ့အတိုင်းပဲ။ ကိုယ်က ထင်ပေါ် ကျော်ကြားနေတဲ့သူတစ်ယောက် မဟုတ်လား။ ကိုယ်တို့နှစ်ယောက် အတူသွား ကြရင် ကိုယ့်ကိုတော့ ကလေးကအစ သိတယ်လေ။ ဒီတော့ ဘယ်သူကဖြစ်ဖြစ် ကိုယ့်ကို အရင်ဆုံး မြင်မှာ နှုတ်ဆက်မှာချည်းပဲပေါ့။ အရေးပေးကြမှာပေါ့။

ဒီလို ကြုံရတာနဲ့ မောင့်မျက်နှာက ညှိုးငယ်သွားလေ့ရှိတယ်။ တစ်ခါတလေ စိတ်စာတွေ ဘာတွေ ပို့တဲ့အခါ မောင့်နာမည်မှ မသိကြတော့ ''ဒေါ်မာမာအေးနှင့် ခင်ပွန်း'' ဆိုတာမျိုးလည်း ရေးတတ်၊ ဖိတ်တတ်ကြပါတယ်။ ဌာနဆိုင်ရာရဲ့ ဖိတ်စာမျိုးကျတော့ ကိုယ့်တစ်ဦးတည်းသာ ဖိတ်တတ်ပါတယ်။

အဲဒီအခါမျိုးမှာ မောင်က သိပ်ကိုစိတ်ဆိုးတော့တာ သူငယ်ချင်း။ ဒါလောက် သိတတ်ကြရင် မဖိတ်နဲ့ပေါ့။ ခင်ပွန်းရှိတဲ့ မိန်းမကို တစ်ယောက်တည်း ဖိတ်တာ အဓိပ္ပာယ်မရှိဘူး။ မသွားနဲ့တော့လို့ တားခဲ့တာတွေ ရှိတယ်။

ဒီတော့ အပေါင်းအသင်းတွေကြားမှာ နေရာပေးဖို့၊ ရှေ့တန်းတင်ဖို့ မောင့် ကို မြင်တာနဲ့ ကိုယ့်ခင်ပွန်းပါလို့ သိနေအောင် အမွှမ်းတင်ပွဲထုတ်ဖို့ကလွဲလို့ တခြား နည်းလမ်း မရှိခဲ့ပါဘူး။ ဒါကြောင့် ကိုယ် ဖန်တီးခဲ့တယ်လို့ ဆိုရတာပေါ့ကွာ။ ကိုယ့်ဖန်တီးချက်ကြောင့်ရော မောင့်အလုပ်အကိုင် အခြေအနေအတွင်း ဆက်ဆံ ပေါင်းသင်းရတဲ့ အကြောင်းကြောင်းတွေကြောင့်ပါ မောင်ဟာ လိုအပ်တာထက် ပိုပြီး လူသိများလာတယ်။ အပေါင်းအသင်းလည်း စုံလာခဲ့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအသင်းစုံလာပြီဆိုရင် အသွားအလာလည်း များလာမှာပေါ့ကွာ။ ဒါကတော့ ပျော်တတ်တဲ့သူနဲ့သွားရင် ပျော်တတ်မှာပဲ။ အရက်သောက်တတ်တဲ့ သူနဲ့သွားရင် အရက်သောက်ဖြစ်မှာပဲ။ သူက ငွေများများသုံးရင် ကိုယ်လည်း ငွေ များများသုံးရတော့မှာပဲဆိုတဲ့ လူ့သဘောတွေကို ကိုယ် သဘောပေါက်ထားပါတယ်။ ပေါင်းသင်းတဲ့လူနဲ့ အဆင့်အတန်းတူနေနိုင်မှ စားနိုင် သုံးနိုင် သွားနိုင်မှ ဆိုတာ မျိုးလည်း ကိုယ် နားလည်တတ်ပါတယ် သူငယ်ချင်း။ ဒါကြောင့် မောင့် အပေါင်း အသင်းကိစ္စတွေနဲ့ ပတ်သက်လို့ မောင် စိတ်အနှောင့်အယှက် ဖြစ်စေမယ့် စကား မျိုး ကိုယ် လုံးဝ မပြောခဲ့ဘူး။ မောင် စိတ်ကျေနပ်နေတယ်ဆိုရင် တော်ပါပြီကွာ။ ကိုယ် ဝမ်းသာရတာပဲ။ ဩော်... သူ ပျော်နေရှာတယ်ပေါ့။

ဒါပေမဲ့ ကိုယ့်စိတ်ထဲမှာ ပူပင်ကြောင့်ကြမှုကလေးက ရှိနေတယ်။ ပျော်မူး ပါးမှုဘက်မှာချည်း သိပ်စိတ်ဝင်စားသွားလေမလား၊ အရက်မသောက်ရ မနေနိုင်တဲ့ အခြေအနေမျိုး ဖြစ်သွားမလား၊ မတော်သူနဲ့ ဆက်ဆံမိရင် ပျက်စီးလေလွင့်ရမှာ ရဲ့ ဆိုတာတွေ တွေးမိပြီး ရင်တမမနဲ့ ညတွေလည်း အများသား သူငယ်ချင်း။ ကိုယ့်ဘက်ကတော့ မောင့်ကို ချစ်တယ်လေ၊ ဒီတော့ စိတ်ချတယ်၊ ယုံကြည်တယ်။ သောကဆိုတဲ့ စိတ်ကလေးကိုတော့ ချစ်တဲ့စိတ်နဲ့ဖြေရင် ပြေရမှာပေါ့လို့ စိတ်တင်း ထားပါတယ်။

မောင် အပြန်ညဉ့်နက်တာ များများလာပေမယ့် ပြန်လာတဲ့အခါ မောင် ဘယ်သူနဲ့ သွားတာ၊ ဘယ်ကိုသွားတာပါလို့ ပြောလိုက်ရင် ပြီးခဲ့တာချည်းပါပဲ။ ကိုယ်ကတော့ မောင့်ကို တွေ့လိုက်ရင် ကိုယ် စိတ်အေးသွားတော့တာပါကွယ်။

တစ်နေ့တော့ ညဘက် ကိုယ် အိမ်မှာရှိနေတဲ့အချိန်မှာ တယ်လီဖုန်းတစ်ခု လာတယ်။ အသံက ယောကျ်ားလေးတစ်ယောက်ရဲ့ အသံပါ။ ကိုယ့်အနုပညာကို မြတ်နိုးတဲ့သူ တစ်ယောက်ပါတဲ့။ နာမည်တော့ မပြောဘူးကွဲ့။ ကိုယ်က ဘာ အကြောင်းကိစ္စရှိလို့လဲ။ ကိုယ့်အကူအညီ လိုအပ်ပါသလားလို့ မေးတော့ အသံရှင် က အကူအညီလိုလို့ မဟုတ်ပါဘူး။ ကိစ္စကတော့ ကိုယ့်ကို ကူညီချင်လို့ပါတဲ့။

ကိုယ့်မှာ တွေးရခက်ကြီးပေါ့။ ကဲ... ဒါဖြင့် ဆိုပါဦးလို့ ဆက်ပြောခွင့် ပေးလိုက်တော့ မောင့်ကို စိတ်ချမနေပါနဲ့။ မောင့်အပေါင်းအသင်းတွေထဲက နယ်က စစ်ဗိုလ်လူထွက် ချင်းအမျိုးသားနဲ့လည်း မသွားမလာပါစေနဲ့။ ခင်ဗျား ယောကျ်ား ကို ခင်ဗျား ဘယ်လောက်ချစ်တယ်ဆိုတာ သိလို့ ကျွန်တော်တို့ ချစ်မြတ်နိုးတဲ့





အားသံရှင်မလေး စိတ်ဆင်းရဲမှု မတွေ့ရပါစေနဲ့တော့ဆိုတဲ့ စေတနာကြောင့် ပြော နေတာပါလို့ ပြောတယ် သူငယ်ချင်း။

ကိုယ်က ပိုပြီး ခေါင်းနောက်လာတယ်။

"ရှင်ကလည်း ရှင်းရှင်းပြောစမ်းပါ။ ဘာကို စိတ်မချရမှာလဲ။ ဘာလို့ သွားရမှာလဲ။ ရှင် ဘာတွေသိထားလဲ။ ပွင့်ပွင့်လင်းလင်းပြောပါ" လို့ စိတ်မရှည်သံ နဲ့ မေးလိုက်တော့-

"ကောင်းပါပြီဗျာ၊ ခင်ဗျားယောကျ်ား ဘယ်လောက် အပျော်အပါးများနေ ပြီလဲ ခင်ဗျား သိရဲ့လား။ ပျော်ရင်းပါးရင်း သွားရင်းလာရင်း မိန်းကလေးတစ်ယောက် နဲ့ ဖြစ်နေပြီဆိုတာကော ခင်ဗျား သိရဲ့လား"

သူငယ်ချင်းရေ၊ အဲဒီလူ ဘာတွေ ဆက်ပြောသလဲဆိုတာ ကိုယ် မကြားတော့ ဘူးကွယ်။ မိန်းကလေးတစ်ယောက်နဲ့၊ မိန်းကလေးတစ်ယောက်နဲ့ဆိုတာပဲ နားထဲ က မထွက်တော့အောင် ကြားနေမိတော့တယ်။ မျက်ရည်တွေလည်း တပေါက် ပေါက် ကျလာတယ်။ တစ်ဖက်က တယ်လီဖုန်း ချသွားတယ်၊ မသွားဘူးဆိုတာ လည်း မသိတော့ဘူး။ ကိုယ့်မှာ တယ်လီဖုန်း ကိုင်ထားရက်နဲ့ ငိုင်ချက်သား ကောင်းနေတော့တာပဲ။ ရင်ထဲမှာ တလိမ့်လိမ့်တက်လာတဲ့ အပူလှိုင်း မီးလျှံက ခံနိုင်လောက်အောင် ပြင်းထန်လိုက်ပါဘိတော့။

"မေမေ ဘာလို့ ငိုနေတာလဲ။ ဖေဖေ ဆူလို့လား" ဆိုတဲ့ သမီးလေး မေးသံကြားတော့မှ ကိုယ့်အဖြစ် ကိုယ် သတိရပြီး ကမန်းကတန်း မျက်ရည်သုတ်၊ တယ်လီဖုန်း သူ့နေရာသူပြန်ထား၊ သမီးလေး ရောက်လာတာ အရေးတယူ မယုယ မိလို့ စိတ်မကောက်အောင် ချော့ပေါ့ကွာ။

သမီးလေးက တွတ်တီးတွတ်တာ ဟိုမေးဒီမေးနဲ့ ကိုယ့်ရင်ခွင်ထဲ ဝင်ကွေး နေလေရဲ့။ မျက်လုံးလေးက ဝိုင်းဝိုင်းတောက်တောက်၊ နှုတ်ခမ်းလေးက နီစွေးစွေး ဘာမေးတည်း မေးလိုက်တာတွေစုံလို့။ ချစ်စရာကောင်းတဲ့၊ အပြစ်ကင်းစင်တဲ့ သမီးလေး မျက်နှာလေး မြင်ရတာ ငြိမ်းချမ်းစရာ ဓမ္မတာတော့ မှန်ပါရဲ့။ မောင့် အကြောင်း သတင်းကောင်းက ပူပူနွေးနွေးဖြစ်နေသေးတော့ သမီးကို ကယုကယင် နေပါမှ ပိုပြီး သောက ဘောင်ဘင်ဝင်လာတယ်။ သောကနဲ့ မျက်ရည်စက ဘာ တွေလေ။

ဒါကိုမြင်တဲ့ သမီးလေးကလည်း ဘာရယ်မသိပေမယ့် ကိုယ့် မျက်ရည်ကျ



www.burmeseclassic.com

www.burmeseclassic.com



နေတော့ လိုက်ငိုတာပေါ့။ ကလေးက ဝမ်းပန်းတနည်း ငိုလေမှ ကိုယ့်မှာ ရင်ကွဲရ မလောက် ခံစားရတော့တာကလား။ သူကလေး မသိတတ် နားမလည်တတ် မခံစားတတ်တဲ့ ကိုယ့်ရင်ထဲ အပူကို ဆက်ယူရှိုက်ရင်း ရင်ခွင်ထဲမှ ငိုက်မေးသွား ရှာတဲ့ ချစ်သမီး မျက်နှာဖောင်းဖောင်းလေးကို ကြည့်ရင်း မေတ္တာစိတ်က ရင့်သွား လိုက်တာလေ၊ သူတို့လေးတွေအတွက် မျက်ရည်ပင်လယ်ထဲ လက်ပစ်ကူးရဦး တော့ ဒီသမီး ဒီသား ဒီအိမ်ထောင်ကြီး မပြိုကွဲသွားအောင်နေမယ်လို့ ဆုံးဖြတ် မိတဲ့ အထိပါပဲကွယ်။

ဒါကြောင့် ဒီတယ်လီဖုန်းသတင်းကို မောင့် မမေးမိလိုက်တော့ဘူး။ မောင် ကတော့ သွားမြဲ လာမြဲ နေမြဲပဲပေါ့။ ကိုယ်လည်း လုံးဝ မေ့လိုက်တဲ့အကြောင်းမို့ သတိကို မရတော့ပါဘူး။ အဲဒီလို မေ့မေ့ပျောက်ပျောက်ဖြစ်ခါမှ တယ်လီဖုန်း သတင်း ထပ်ပေးလာပြန်တယ် သူငယ်ချင်း။

ဒီတစ်ခါ သတင်းက ပိုစုံလာတယ် ဆိုပါတော့။ မိန်းကလေးနာမည်က တစ်လုံးတည်း '------' ဆိုပဲ။ ဒီမိန်းကလေးအတွက် ရတနာပစ္စည်းတွေပါ လုပ်ပေးတဲ့အကြောင်းလည်းပါရဲ့။ ဘယ်ရွှေပန်းထိမ်မှာ လုပ်ပေးတယ်ဆိုတာကအစ ပြောသွားတယ်။ ဒီတစ်ကြိမ်မှာတော့ ဟိုတစ်ကြိမ်ကလောက် ကိုယ် မတုန်လှုပ် တော့ဘူး။ သိပြီးသားဖြစ်နေတာက တစ်ကြောင်း၊ အို ဘာပဲဖြစ်ဖြစ် ကိုယ့်အိမ်ပြန် လာ ကိုယ့်လင်သားပေါ့ဆိုတဲ့ စိတ်တုံးတုံးချပြီးခဲ့တာတစ်ကြောင်း၊ မတုန်လှုပ်မိတာ တော့ အမှန်ပါ။

ဒါပေမဲ့ကွာ မောင်က ကိုယ့်ကို မချစ်တော့လို့လားဆိုတဲ့ အတွေးလေး ရလာတာမို့ ဝမ်းနည်းရသေးတာပေါ့ သူငယ်ချင်း။

ဒီတော့လည်း ဟုတ် မဟုတ် စုံစမ်းချင်စိတ်လောက်တော့ ဝင်လာရတယ်။ မောင် ပြန်ရောက်ရင် အဝတ်အစားမှာ နှုတ်ခမ်းနီစလေးတွေ ရှိမရှိ ကြည့်လိုကြည့် တခြားကိုယ်နဲ့ ပါလာမလာ အနံ့ခံကြည့်လိုကြည့်နဲ့ ဦးစံရှား လက်သစ်လုပ်ပြီး ရှုးမိခဲ့ပါရဲ့။ အတွေ့အကြုံမရှိလို့ တိတိကျကျသာ မပြောနိုင်ရင်ရှိရမယ် ထူးခြား ချက်တွေ တစ်စွန်းတစ်စ သိလာရတော့ ကိုယ်တစ်ယောက်တည်း ကျိတ်ပြီး စိတ် ဆင်းရဲနေရတယ်။ လူက တဖြည်းဖြည်း ချုံးကျလာတာသာ အဖတ်တင်ခဲ့တယ် သူငယ်ချင်း။

တစ်နေ့တော့ ကိုယ် ရုံးက ညတာဝန်အပြီး အိမ်ပြန်ရောက်တယ်ဆိုရင်ပဲ တယ်လီဖုန်းလာတာနဲ့ တိုးတော့တာ သူငယ်ချင်းရေ။





"ဒေါ်မာမာအေး၊ ခင်ဗျား ဘာအကြောင်းကြောင့် ဒါလောက် သည်းခံနေ နိုင်တယ်ဆိုတာ ကျွန်တော် တွေးမရဘူး။ ခင်ဗျား စိတ်မှ မှန်သေးရဲ့လား။ ခင်ဗျား ယောကျ်ားကို မချစ်လို့လား၊ ကျွန်တော်တို့က ပျော်ရွှင်သာယာနေတဲ့ အိမ်ထောင်ကို ကြိုတင်ကာကွယ်နိုင်အောင် သတင်းပေးနေတယ်ဆိုတာတော့ ခင်ဗျား နားလည်စေ ချင်တယ်။ ခင်ဗျား လွှတ်ထားရင်တော့ ဒါထက် စိတ်ဆင်းရဲစရာတွေ တွေ့မှာပဲ" တဲ့၊

သတင်းက ပိုထူးမှာ မဟုတ်ဘူးလို့ နားမထောင်ချင်ပေမယ့် စိတ်ထဲက ဒီလိုပြောတာမျိုးတော့ စိတ်တိုချင်သွားတာပေါ့။ ကိုယ့်တောင် မချစ်လို့ ပစ်ထား သလားဆိုတာမျိုး၊ ရူးနေသလားလို့ မပြောရုံတစ်မည်ကိုး။

"ဒီလိုတော့ မပြောနဲ့ရှင်။ ကျွန်မ ယောကျ်ားကို ချစ်လွန်းလို့ မေးတောင် မေးရက်ဘူး။ သူ့ စိတ်ပင်ပန်းမှာ ကျွန်မ မမြင်ချင်လို့ရှင့်။ ကြိုတင် ကာကွယ် နိုင်အောင်လို့သာ ရှင်က ပြောနေတယ်။ ဘာသက်သေပြပြီး ကျွန်မက ပြောရမှာလဲ။ ကျွန်မကိုယ်တိုင်က မျက်စိနဲ့ တပ်အပ်မြင်မှ ယုံနိုင်မယ့် မိန်းမစားရှင့်" လို့ ပြန် ပြောမိတာပေါ့။

"အင်းလေ ဒါကြောင့် ခုဆက်တာပဲ။ ကျွန်တော် ပြောတာမယုံရင် ခင်ဗျား အခု အင်းလျားဂါးဒင်းဟိုတယ်ကို လိုက်သွားကြည့် ရှိတယ်" လို့ ပြန်အော်တယ် ဗျာ။ ဒီလူ့အသံက ကိုယ့်ကို ကောင်းဖို့ပြောတာတောင် ကိုယ်က မာရေကျောရေ နဲ့ မခံချင်သွားသလို အသံမျိုးဖြစ်နေတော့ ကိုယ်မမြင်ရတဲ့ ကိုယ့်သောတရှင်တစ်ဦး အပေါ် အားနာသွားပါတယ်ကွယ်။ ဒါနဲ့ ဆက်မေးလိုက်ပါတယ်။

"ကဲ... ထားပါတော့။ ရှင်က ရှင်တို့ယောကျ်ားလေးချင်း သတိမပေးဘဲ နဲ့ ကျွန်မကို ဘာလို့ သတင်းပေးရတာလဲ" လို့ သူ့အပေါင်းအသင်း ကိုယ့်အပေါင်း အသင်းထဲကဆိုလည်း သိနိုင်အောင် ဆက်အစ်တဲ့ သဘောပေါ့ကွာ။

"ခင်ဗျားကလည်း အတော်နားဝေးတဲ့ မိန်းမပဲ။ ခင်ဗျားယောကျ်ားမှန်း ကျွန်တော် သိပေမယ့် ကျွန်တော်နဲ့ သိတာမှ မဟုတ်တာဗျ။ ပြီးတော့ နာချင်းနာ ကျွန်တော်တို့ တန်ဖိုးထား နှစ်သက် မြတ်နိုးတဲ့ အသံရှင် ခင်ဗျားဘက်က နာတဲ့ သူတို့ဗျ။ ပြောချင်းပြော ခင်ဗျားပဲ ပြောမှာပေါ့။ ခင်ဗျားက လက်တွေ့ပြမှ ယုံမယ် ဆိုတာ မပြောလည်း သိပါတယ်။ ဒါကြောင့် ခုတွေ့ခဲ့တာကို ပြောနေတာ။ နောက်လည်း မပြောတော့ပါဘူးဗျာ။ ခင်ဗျား သည်းခံနိုင်ရင်လည်း ခင်ဗျားဘာသိလ် နဲ့ ခင်ဗျားပေါ့" လို့ ပြောပြီး ဖုန်းချခဲ့တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လည်း တွေတွေဝေဝေကြီး ကျန်ခဲ့တော့တယ်။ နေရာကိုပါ အတိအကျ ပြောတဲ့သူက ပြောလာတော့ နေမထိထိုင်မထိဘဲ ဒိန်းဒလိန်းနတ် ဖမ်းတယ်ဆိုတာ ဒါမျိုးထင်ပါရဲ့ သူငယ်ချင်းရာ။ အိပ်ရာထဲ လှဲနေလည်းမရ၊ ထိုင်နေလို့လည်း ဘဝင်မကျ။ ဘယ်သူ့တိုင်ပင်လို့ကောင်းမယ့် ကိစ္စမျိုးလဲ။ ရင်ထဲမှာ မခံချိမခံသာနဲ့ လိုက်သွားကြည့်မယ်လို့ပဲ စဉ်းစားရတော့တယ်လေ။

ညဆယ့်တစ်နာရီလောက်ကြီးမှာ လမ်းထိပ်က သုံးဘီးကား ဦးလေးကြီး အိမ်သွားနှိုးပြီး လိုက်မိတော့တာပေါ့။ အင်းလျားဂါးဒင်းနားကျတော့ ကားရပ်စောင့်ခိုင်းထားပြီး စိတ်ဆိုးဆိုးနဲ့ လျှောက်သွားလိုက်တာ ဝင်းတံခါးပေါက်ရောက်ရော ဒိုးဒိုးဒန့်ဒန့် အုပ်စုလိုက် နန့်နေကြတာလည်းမြင်ရော လန့်ဖျပ်ပြီး ခြေထောက်အစုံက ရပ်သွားရတယ်။

အို… ကိုယ်က နာမည်ကြီး အဆိုတော်တစ်ယောက်၊ မိန်းကလေးလည်းဖြစ်။ ဒီလို အစုလိုက် အတွဲလိုက် ဒန်နေတဲ့ လူအုပ်ထဲ ဝင်သွားလို့ သင့်တော်ပါ့မလား။ အနားရောက်လို့ အမြင်မတော်တွေ့လို့ ကိုယ့်ဒေါသကို မထိန်းနိုင်ခဲ့ရင် ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်တော့မှာပါလားလို့ တွေးမိသွားတာနဲ့ မဝင်တော့ဘဲ မောင်တို့အတွဲ ရှိ၊ မရှိ အသာချောင်းကြည့်ရတော့တာပေါ့ကွာ။

ဟုတ်လိုက်တာမှ သူငယ်ချင်းရေ၊ မောင်မှ မောင်ပါ၊ ရေမရောပါဘူး။ တေးဂီတသံက ငြိမ့်ငြိမ့်ညောင်းညောင်း၊ မောင်တို့ အတွဲကလည်း သွဲ့သွဲ့ပျောင်းပျောင်း အကကောင်းကြပါပေတယ်။ ယစ်ရွှေရည်ခြယ်တဲ့ဆေးနဲ့ မောင့်မျက်နှာက မှေးမှေးလေး ငေးနေတယ်။ မိန်းကလေးက မောင့်ရင်ခွင်နွေးမှာ ခိုဝင်ဖေးထားရင်းက အပြုံးတွေကို လွင်လို့ပဲ။

တီးလုံးတစ်ပုဒ်ဆုံးတော့ စားပွဲမှာ ပြန်ထိုင်ကြရင်း အသံကလေးများ ထွက်အောင် လွင်လွင်ကြည်ကြည် ရယ်မောနေလိုက်ကြပါသေးရော။ မောင်က တော်တော်လေး မူးနေပုံပါ။ အမျိုးသမီးပခုံးမှာ ခေါင်းငုံ့မှီထားသေးတာ။ မိန်းကလေးက မောင့်ကို ကိုယ်တိုင် အရက်ငုံ့ပေးရုံမကပါဘူး လက်တစ်ဖက်ကလည်း မောင့်ပခုံးကို ပွေ့ဖက်ထားသေးတာ။ မောင့်နှုတ်ခမ်းပါးလေးအထိ ရောက်အောင် ဖန်ခွက်ကလေးနဲ့ ယူတိုက်ကျွေးသေးတာ။

ဒါတွေမြင်ရတဲ့ ကိုယ်က ဒေါသဖြစ်ရမယ့်အစား မျက်ရည်ကျလာတယ်။ မောင် ဒါတွေ ဒီလို သာယာချင်လို့ ဖြစ်ရရှာတာနဲ့ တူပါရဲ့လို့လည်း မောင့်ဘက်က





…နေလိုက် တွေးမိပါတယ်။ ကိုယ် လိုသေးတယ်။ ဒီအမျိုးသမီးလို သူ့အနားတင် …း သူ့အကြိုက် မနေတတ်ဘဲကိုး။ ခုတော့ သူ ဘယ်လိုနေချင်တယ်ဆိုတာ သိ…။ ကိုယ့်ဘက်က မလိုအောင် အကြိုးစားနိုင်ဆုံး လုပ်ရမှာပေါ့ဆိုတဲ့အသိ ဝင်လာ…တယ်။ ပြီးတော့ သူ့စိတ်ချမ်းသာမှုကို မဖျက်ဆီးခဲ့ချင်ဘူး။ ကိုယ်လည်း နာမည် …ပျက်ချင်ဘူး။ ပြန်ခဲ့ပါတယ်။

အိမ်ပြန်ရောက်တဲ့အထိ စကားမပြောမိဘူး။ အသက်ရှူလည်း မမှန်ဘူး။ …ပ်လည်း မအိပ်နိုင်ဘူး သူငယ်ချင်း။ ငိုနေရတယ်။ ငိုလို့သာ နေမိတော့တယ်။ …တ်ပြေမလားလို့ ကိုယ်တို့ ချစ်သူဘဝက ရေးခဲ့ကြတဲ့စာတွေ ပြန်ဖတ်ရင်း …စ်ခဲ့ရတာတွေ၊ ရင်ဖိုသည်းထိတ် ဖြစ်ရတဲ့အကြောင်းတွေ၊ တစ်ပြည်တစ်ရွာဆီ …ခြားခဲ့ဖူးတဲ့ အချိန်ကလေးတွေမှာတောင် လွမ်းရတဲ့ အကြောင်း၊ နှစ်တစ်ရာ …လောက် ထင်ရကြောင်းတွေဟာ အခုပဲ ဖြစ်နေသလိုလို ကွင်းကွင်းကွက်ကွက် …လုံးသားထက်မှာ ထင်ဟပ်နေမိသေးတော့တယ်။ ဒီစာတွေထဲမှာအတိုင်းလိုတော့ …ဦးမှာပေါ့လေ။ မောင် မချစ်လို့တော့ မဟုတ်တန်ရာပါဘူးလို့ တွေးနေမိတာပေါ့။

မနက် သုံးနာရီလောက်ကျတော့ မောင့်ကို ပြန်ပို့တဲ့အသံ ကြားရတယ်။ …ိုယ်လား၊ သောကမရှိတဲ့ ပုံကလေးနဲ့ အပြေးကြီးလို့ပေါ့ သူငယ်ချင်း။ မောင်က …ိပ်ရာပေါ်မှာ အထပ်လိုက်ကလေးတွေ အစီအရီလေးတွေ ဖြစ်နေတဲ့ စာခေါက် …ိုးနွမ်းလေးတွေကို လှမ်းမြင်တော့ အံ့သြသွားတယ် ထင်ပါရဲ့။

"သက်ရေ ဘာတွေလုပ်နေတာလဲ" လို့ မေးရင်းက စာရွက်ခေါက် ဖြန့်…တ်ကြည့်တော့ ကိုယ်တို့ ချစ်သဝဏ်လွှာတွေမှန်း သိသွားတယ်လေ။

မောင့်မျက်နှာက မှိုင်းညို့သွားတယ်။ စာကလေးတွေရဲ့ ခေါင်းစဉ်တွေ …စ်ခုပြီးတစ်ခု ကြည့်လိုက်၊ ကိုယ့်မျက်နှာကြည့်လိုက်နဲ့ နားမလည်သလိုလို …ာလိုလို။ ကိုယ်က ရှေ့ငုံ့နှုတ်ပိတ်နဲ့ ဘာမှ မမေးဘူးလေ။ ပြုံးနေရင်း ကြည်ကြည် …နဲ့ မောင့်မျက်နှာကို ဖူးနေမိတာကလား။

"ချစ် မအိပ်သေးဘူးပေါ့၊ ဟုတ်လား" တဲ့။

ဒီလို မေးလာတော့လည်း "ဟုတ်တယ် မောင်၊ အေး မအိပ်သေးဘူး။ …ောင့်ကို စောင့်ရင်း အလွမ်းပြေ ပြန်ဖတ်နေတာ။ မောင်နဲ့ စကားမပြောရပေမယ့် …ောင့်စာလေးတွေက မောင့်စကားသံလေးတွေအတိုင်း ကြားနိုင်တယ်လို့ …ေ…င်တယ်။ စာလေးတွေ ပြန်ဖတ်နေရတာ မောင် အနားမှာ ရှိနေသလိုပါပဲ။ ဒါနဲ့ …အိပ်ချင်တော့ဘူး မောင်ရဲ့" လို့ ပြန်ဖြေလိုက်တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



"အေးဟာလေ ခုထက်ထိ ကလေးလိုပဲ သိပ်စိတ်ကူးယဉ်တာကိုး။ မောင့် အလုပ်ကိစ္စတွေအတွက် အရေးကြီးလို့ အိမ်စောစော ပြန်မရောက်တိုင်းသာ ဒီလို မအိပ်တဲ့ စောင့်စောင့်နေလို့ရှိရင် ချစ် ကျန်းမာရေး ထိခိုက်မယ်၊ အသံပျက်လိမ့်မယ် ဗျူ။ ကဲ… ပေး၊ ဒီစာတွေကို မောင် သိမ်းလိုက်မယ်။ အေး အိပ်နှင့်တော့နော်" တဲ့။

ကိုင်း… ဘယ့်နှယ်ရှိစ သူငယ်ချင်း။ အလုပ်အတွက် အရေးကြီးလို့ဆိုပဲ။ ကိုယ့်ကို အိပ်ခိုင်းခဲ့၊ ကိုယ် စာထည့်တဲ့ သေတ္တာလေးကို ဗီရိုထဲ ပြန်ထားခဲ့ပြီး မောင် ပြန်လာတယ်။ ကိုယ်က ကြည့်ပြီး ပြုံးနေတော့ သူ့မှာ မနေတတ်၊ မျက်နှာ မထားတတ် ဖြစ်နေတာ ကိုယ် အကဲခတ်မိပါတယ် သူငယ်ချင်း။

"အေး ဘာပြုံးနေတာလဲ။ အိပ်တော့လို့ မောင် ပြောခဲ့ပြီလေ။ ညဉ့်နက်လှပြီ ချစ်မယားရဲ့။ မနက် ဘာဂျူတီလဲ မောင့်ကို ပြောထားလေ။ အေး အိပ်ပျော် နေရင် ရုံးချိန်နီးမှ မောင် နှိုးမယ် ဟုတ်လား။ အိပ်တော့… အိပ်တော့" လို့ ပြောရင်း ကိုယ့်နဖူးလေးမွှေး၊ ကိုယ့်မျက်ခွံလေးတွေ အမှိတ်ခိုင်းပြီး မွှေးလေရဲ့။

သူငယ်ချင်း၊ ကိုယ် ဘာမှ မပြောနိုင်တော့လောက်အောင် မောင့် ချော့သံ မော့သံ ကြင်နာဟန်က လွှမ်းပါတယ်။ စောစောက ရင်နာစရာတွေ၊ ဆို့စရာ မြင်ကွင်းတွေ၊ သောကတွေးလေးတွေက ပုန်းလို့ ရှောင်လို့ နေပြီပဲ။

မောင်က အိပ်တော့လို့ သိပ်ခဲ့တာ ကိုယ့်ကိုပါ။ ဒါပေမဲ့ ကိုယ် အိပ်မရခဲ့ ပါဘူး။ မောင်က အိပ်မောကျလို့နေရှာပြီ။ မောင် အိပ်ပျော်နေတဲ့အခါ မောင့် မျက်ခွံလေးတွေက အရောင်လက်နေတာကို ကြည့်ရတာ တစ်မျိုးပဲ။ ရင်ထဲမှာ ချမ်းမြေ့တယ်၊ အေးချမ်းတယ်။ ညတိုင်း မောင် အိပ်ပျော်နေတာလေးကို ကြည့်ချေ ကြည့်ထရှိခဲ့တဲ့ ကိုယ်က ဒီနေ့ ပိုပြီး ကြည့်မိတယ်။

အတွေးတွေကလည်း အမျိုးမျိုးပေါ့ကွာ။ ဒီမိန်းကလေးကို မောင်က စွဲလမ်းနေပြီလား၊ ချစ်နေပြီလား၊ ဘယ်အထိ ခရီးလွန်နေကြပြီလဲ။ မိန်းကလေး ကကော မောင့်ကို တွဲရုံတွဲတာလား၊ တကယ်ချစ်နေတာလား၊ သူတို့ တကယ်ချစ်နေ ကြပြီဆို ဘာလုပ်မလဲ၊ နောက်ဆုတ်ပေးရမလား၊ ဒီအတိုင်း သည်းခံနေရမလား ကွယ်…စိတ်နောက်ပါတယ် တကယ်။

"အေးရေ ချစ်ရေ ဟင့်အင်း ကျွန်တော် အေးကို ချစ်တယ်၊ မခွဲနိုင်ဘူး ဟင့်အင်း မလိုက်ဘူး" လို့ မောင်က ရုန်းရင်းကန်ရင်း အော်လိုက်တာကြောင့်





ကိုယ်လည်း စိုးရိမ်ပြီး ထကြည့်မိတယ်။ မောင်က မနိုးရှာပါဘူး။ ဘာတွေ အိပ်မက် တော်ပြီး ယောင်အော်လိုက်တယ် မသိဘူး။

ကိုယ်ကတော့ ဘာအိပ်မက် မက်မက်၊ ဘာဖြစ်လို့ အော်အော် "ကျွန်တော် အေးကို ချစ်တယ်၊ မခွဲနိုင်ဘူး" လို့ ကြားလိုက်ရတဲ့ စကားလုံးလေးတွေကြောင့် ရင်ထဲလည်း အေးမြသွားတယ်၊ ခေါင်းထဲလည်း ကြည်လင်သွားတော့တယ်။ တကယ်လို့များ မောင်က ဒီမိန်းကလေးကို မခွဲနိုင်ပါဘူး၊ ယူရပါလိမ့်မယ်လို့ ဆို လာရင်တောင်မှ မောင် စိတ်ချမ်းသာရေးသည် ပထမအနေအထားနဲ့ ကိုယ်က လျှော့ပေးလိုက်တော့မယ်လို့ ဆုံးဖြတ်မိတာပဲ။ ဒါမှလည်း ချစ်ခြင်းသည် ခွင့်လွှတ် ခြင်းဆိုတဲ့ ကိုယ့်အချစ်သဘောတရား ကိုယ့်မေတ္တာသဘောထားနဲ့ ညီလေမယ် ဟုတ်လားကွယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

မနက်လင်းတော့ ကိုယ့်အတွေး ကိုယ့်ဆုံးဖြတ်ချက်ကို အကောင်အထည် ဖော်တော့မယ်လို့ စကားစလိုက်ပါတယ်။

''မောင်ရေ၊ မနေ့က ဖုန်းဆက်ကြတဲ့အထဲမှာ ထူးထူးဆန်းဆန်း ပါလာတယ် ဆရာ''

''ဟုတ်လား၊ ပြောစမ်းပါဦး ချစ်ရဲ့။ ဘာတွေ ထူးတာလဲ''

''လူတစ်ယောက်က ပြောတယ် မောင်ရဲ့၊ သူ့နာမည်တော့ မေးလို့မရ သိလား။ မောင်က မိန်းကလေးတစ်ယောက်နဲ့ ချစ်နေသတဲ့။ သူ့အတွက် လက်ထပ် လက်စားတွေ ဘယ်ပန်းထိမ်မှာ လုပ်ပေးတယ်၊ အခု ဘယ်မှာရှိနေတယ်ဆိုတာ သတင်းပေးတာပါတဲ့''

''ဒါနဲ့ အေးက ယုံလိုက်ကောလား''

''အေးလား၊ ယုံတော့ မယုံပါဘူး။ ဒါပေမဲ့ စိတ်မကောင်းတော့ ဖြစ်တာ ပေါ့ မောင်ရယ်''

ကိုယ်က ပြောရင်းနဲ့ မောင့်မျက်နှာကို အကဲခတ်ရတယ်။ မောင့်မျက်နှာ ဝေခွဲရခက်နေသလိုပဲ။ အတော်ကြာတော့မှ-

''ဖုန်းသရဲဖြစ်မှာပါ အေးရာ။ နောက် နားမထောင်နဲ့နော် အလကား စိတ်အနှောင့်အယှက်ဖြစ်အောင် နောက်တာနဲ့ တူပါတယ်။ မောင့်မှာ ဘာမှ ရှုပ်ထွေး ပြဿနာမရှိပါဘူး။ အေးထက် ပိုချစ်ရမယ့်သူဆိုတာလည်း မောင့်မှာ မရှိပါဘူး။ အေး ဘယ်လောက်ချစ်တယ်၊ သည်းခံတယ်ဆိုတာလည်း မောင် သိတာပဲ။ အေး





တို့ အေး တစ်ယောက်ပဲ နားလည်နိုင်တယ်ဆိုတာ မောင် သိပါတယ် အေးရယ်။ စိတ်မကောင်း မဖြစ်ပါနဲ့'' လို့ ဆက်ပြောပြန်တယ်။

''ကဲ… ထားပါတော့လေ၊ မောင် ညက ဘယ်သွားတာလဲ အမှန်အတိုင်း ပြောစမ်းပါ မောင်ရယ်'' လို့ ကိုယ်က ဆက်မေးတယ်။

''…… နဲ့ ထမင်းသွားစားကြတာပါ၊ ဘာဖြစ်လို့လဲ''

''သြော်… ဟုတ်လား၊ မောင် နောက်မသွားနဲ့တော့လို့ အေး တောင်းပန် ချင်တယ်။ မောင် ဒီလူနဲ့ ဆက်သွားနေရင် မောင်ပါ မိန်းမကိစ္စမှာ စိတ်ဝင်စားသွား မှာ စိုးလို့ပါ။ အေးဟာ သူများ မိန်းမတွေလို မဟုတ်ဘူးဆိုတာ မောင် သိပါလိမ့် မယ်၊ ဒီတော့ မောင် ညက ဘယ်မှာရှိတယ်၊ ဘယ်သူတွေပါတယ်ဆိုတာကအစ သိတယ်။ အေး ခွင့်လွှတ်ပါတယ်လေ။ ဒါပေမဲ့ အကြောင်းအမှန် အရင်းအတိုင်း မောင် ပြောပြရင် ပြောပြ၊ မပြောနိုင်ဘူးဆိုလည်း ကိစ္စမရှိပါဘူး'' လို့ပဲ ဆက်ပြော လိုက်ရတယ်။

မောင်က ကိုယ့်စကားကြားတော့ အံ့အားသင့်နေပုံလည်းရတယ်။ မပြောရင် မဖြစ်တော့ဘူးဆိုတာလည်း သိပုံရပါတယ်။ ဒီတော့ ပြောပြတယ်လေ။ စားရင်း သောက်ရင်း တွေ့တာပါဆိုတဲ့အကြောင်း၊ မိန်းကလေးက ပျက်စီးစပြုနေပြီဖြစ်တဲ့အပြင် သနားစရာကောင်းတဲ့အကြောင်း၊ ဒါပေမဲ့ ကိုယ့်ထက် ပိုပြီး မချစ်နိုင်တာ မောင့် ကိုယ်မောင် သိနေသလို ဒီမိန်းကလေးကလည်း သိနေပါကြောင်းပေါ့။

''အင်း… မောင်က သနားလို့ပေါ့ ဟုတ်လား။ အဲဒီ သနားတတ်တယ် ဆိုတဲ့ သံယောဇဉ်ဟာ ချစ်တာရဲ့အစပဲ။ ဒီတော့ မောင့်ကို မေးမယ်။ မောင် သူ့ကို ယူချင်သလား၊ စိတ်ထဲမှာရှိသလို ပွင့်ပွင့်လင်းလင်းပြော၊ အေးကို ထည့် မစဉ်းစားနဲ့'' လို့ ကိုယ်က ပြောလိုက်တော့ မောင့်မျက်နှာက မိုးလိုညို့တယ်။ ငိုက်စိုက်နေတဲ့ မျက်လုံးလေးကလည်း သနားစရာ။ ဘာစကားမှ ပြန်မလာပါဘူး။

''ကဲ… ဒါဖြင့် အေး ပြောမယ်။ မောင် သူ့ကို ချစ်ရင်ယူလိုက်။ အေး က ဒီလိုနေရာမျိုးမှာတော့ ပြတ်သားတယ်။ ပြတ်သားမှလည်း ကြိုက်တယ်။ သူများတကာကို ချစ်ပါတယ်ဆိုတာကိုက အိမ်က လူထက် ပိုချစ်လို့ပေါ့။ ဒီတော့ ဘာ အေး ချစ်တာကိုလည်း မောင့်စိတ်က ဘဝင်ကျချင်မှ ကျတော့မှာ မဟုတ်လား။ မောင်က စိတ်မပါဘဲနဲ့ နေနေရတာမျိုးတော့ အေး မနေလိုပါဘူး။ ဘယ်သူ့ကိုပဲ ဖြစ်ဖြစ်ပေါ့လေ။ မောင်က သဘောကျသွားပြီ၊ ချစ်သွားပြီဆိုတဲ့ တစ်နေ့ အေးကို



www.burmeseclassic.com

www.burmeseclassic.com



မချစ်နိုင်တော့ပါဘူးဆိုတဲ့နေ့မှာ ပြောင်ပြောင်ပဲ ဖွင့်ပြောပါ။ မောင်ကြိုက်တဲ့ မိန်းမကို ချစ်ခွင့် ယူခွင့်ပေးပါ့မယ်။ ဟိုမပြတ် ဒီမပြတ်ဆိုတာမျိုးတော့ အေး လက်မခံနိုင်ဘူး။ လုံးဝ သဘောမတူဘူး။ အေး မသိရသေးရင်တော့ ကောင်းပါတယ်၊ သိလို့ တွေ့ရရင်တော့ မောင့်ကိုရော အဲဒီမိန်းမကိုပါ သတ်မိလိမ့်မယ်။ ဒါ နောက်ဆုံး ပြောခြင်းပါပဲ'' လို့ စိတ်ထဲ အရှိအတိုင်း ပြောချလိုက်မိပါတယ်။

ဟုတ်တယ်လေ သူငယ်ချင်းရဲ့။ ကိုယ့်ချစ်စရာရှိသားနဲ့ သူများချစ်တာဟာ ကိုယ့်ထက် ပိုလို့သာ ဖြစ်ရမှာပေါ့။ ဒီတော့ ယူချင်လည်း အပြတ်ယူသွား မယူချင်ရင်လည်း နောက် မဆက်နဲ့၊ ဒါမျိုးပဲ ဖြစ်သင့်တယ် မဟုတ်လား။

အဲဒီနေ့ကစပြီး နောက်တရလေသလား မပြောတတ်ပါဘူး၊ အပြင် သိပ်မထွက်ဘူး သူငယ်ချင်းရဲ့။ ဒါပေမဲ့ ရွှင်ရွှင်ပျပျ မရှိတာတော့ အမှန်ပဲ။ ကိုယ်လည်း အတတ်နိုင်ဆုံး မောင် စိတ်ချမ်းသာအောင် ထားဖို့ကလွဲလို့ ဘာမှမပြောတော့ပါဘူးကွယ်။ တစ်နေ့တော့ မောင်က စာရွက်တွေ တစ်ထပ်ကြီး လာပေးတယ် သူငယ်ချင်း။

''အေးရေ၊ မောင် ဝတ္ထုတစ်ပုဒ် ရေးထားတယ်။ အေးက စာလုံးနုနုလေးတွေ ရွေးတဲ့ နေရာမှာရော စကားပြေ ရေးတာမှာပါ မောင့်ထက် ကောင်းပါတယ်ကွာ။ မောင့်ဝတ္ထုလေး ဖတ်ရင်းနဲ့ ပြင်ပေးစမ်းပါ'' လို့ ခိုင်းတယ်။

''ဘာလဲ၊ မောင်တို့ ဇာတ်လမ်းလား'' လို့ ကိုယ်က မေးတော့ မောင်က ပြုံးပြုံးကြီး ကြည့်ရင်းနဲ့ ''တချို့လည်း ပါတာပေါ့'' လို့ ပြောပြီး ကိုယ့်အနားက ထွက်ပြေးလေရဲ့။

ကိုယ်လည်း သူ စိတ်ချမ်းသာရင် ပြီးတာပဲဆိုတဲ့စိတ်နဲ့ သူ ရေးထားတဲ့ ဝတ္ထုကို ဖတ်ရင်း ပိုဖတ်ကောင်းလာအောင်၊ စာချောအောင် ပြင်ဆင်ပေးခဲ့ပါတယ်။ ဝတ္ထုနာမည်တော့ ကိုယ် မမှတ်မိတော့ဘူး။ ဇာတ်လမ်းကတော့ မင်းသားက အိမ်ထောင်ရှင်၊ မင်းသမီးက တွယ်ရာမဲ့ ပျက်စီးနိုင်တဲ့ အခြေအနေမျိုးထဲက ကောင်မလေး။ မင်းသားနဲ့ မင်းသမီးဟာ အိမ်က စိတ်လေပြီး ထွက်လာတုန်းမှာ တွေ့ကြ၊ ချစ်ကြတယ်၊ ပျော်ကြတယ်။ မင်းသားရဲ့ အိမ်ရှင်မကလည်း အချစ်လိုက်လျှောပြီး ချစ်ခဲ့တဲ့သူဖြစ်တယ်။ မင်းသားက မင်းသမီးအိမ်ကို ယူတော့မယ်လို့ လိုက်သွားတော့ မင်းသမီးက ချစ်သူဟောင်း စစ်ဗိုလ်နဲ့ တွဲနေတာတွေ့ရလို့ နောင်တရပြီး အိမ်ပြန်မယ်လုပ်တယ်။ ဒါကို မင်းသမီးသိတော့ မင်းသားကို တားတယ်၊ ငိုတယ်ပေါ့။ ဒါပေမဲ့ မင်းသားကတော့ အိမ်မှာစောင့်မျှော် ကြိုလင့်မြဲနေရှာတဲ့ ချစ်ဇနီးဆီကို ပြန်ခဲ့တော့တယ်ဆိုတဲ့ ဇာတ်လမ်းလေးပါ။





ဒီဝတ္ထုဟာ မောင်နဲ့ ဆိုင်သည်ဖြစ်စေ၊ မဆိုင်ဘူးဖြစ်စေ ဇာတ်လမ်းထဲက မင်းသမီးရဲ့ နာမည်က မောင်နဲ့ ချစ်နေတဲ့ ''.........'' ဆိုတဲ့ မိန်းကလေးရဲ့ နာမည်ကို သုံးထားလေတော့ မောင်တို့အကြောင်း ဖြစ်မှာပါလေလို့ စိတ်ထဲမှာတော့ ချမ်းမြေ့ဘူးပေါ့ သူငယ်ချင်း။ ဒါပေမဲ့ ပြီးသည်အထိ ချောပေးခဲ့ပါတယ်ကွာ။

တစ်ခါ မောင်က ဒီဝတ္ထုကို ကိုယ်တိုင် ထုတ်ဝေချင်ပြန်သတဲ့လေ။ ကိုယ်က ဘာပြောရမှာလဲကွယ်။ ကောင်းမယ်ထင်သလား၊ စိတ်ချမ်းသာမယ် ထင်သလား ဒါဆို ဆက်လုပ်ပေါ့။ ဒါပဲရှိတာပဲ သူငယ်ချင်း။ သူ ပျော်ရင် ကိုယ် ကျေနပ်ပါ့မယ်။ ဒါပေမဲ့ တစ်ခုတော့ ပြောလိုက်မိတယ်။ ဇာတ်လမ်းကိုလည်း မဝေဖန်ဘူး၊ မင်းသမီးနာမည်က မောင့်မိန်းကလေးရဲ့ နာမည်ရင်း ဖြစ်နေတော့ ဒီဇာတ်လမ်းကို မြင်တိုင်း၊ ဖတ်မိတိုင်း သတိရနေမှာစိုးလို့ ပြင်နိုင်မယ်ဆိုရင် တခြားကြိုက်တဲ့ နာမည် ပြောင်းစေချင်တယ်ဆိုတာပါပဲ။ ဒီလို ကိုယ်ပြောမိတဲ့နေ့ကစပြီး လုံးဝ ဒီဝတ္ထုအကြောင်းလည်း မပြောတော့ဘူး၊ ထုတ်ဝေဖို့လည်း မလုပ်တော့ဘူး။ ဘယ်မှာ သိမ်းလိုက်တယ်ဆိုတာကိုတောင် ကိုယ် မသိရတော့ပါဘူး။

ကိုယ်တို့လည်း မတင်မကျစိတ်တွေနဲ့ အချိန်ကုန်နေရတာပါပဲကွာ။ ကိုယ့်အလုပ်က ညနေပိုင်း။ မောင့်အလုပ်က ရုံးချိန်အတိုင်းဆိုတော့ အိပ်ချိန်ရောက်မှ တွေ့ရ ပြောရ တိုင်ပင်ရတာများတယ်။ နေ့လယ်ပိုင်း အကြောင်းကိစ္စရှိရင်တော့ ဖုန်းနဲ့ ဆက်သွယ်နိုင်သေးတာပေါ့။ ဒီအခါမှာ မောင်က ညည်းညူတတ်တာ ရှိသေးတယ် သူငယ်ချင်း။ ဥက္ကလာကနေ မြို့ထဲကို ဘတ်(စ်)ကား စီးသွားရတာ ခက်လို့ ပင်ပန်းတဲ့အကြောင်း၊ အရေးအကြောင်းရှိလို့မှ ချက်ချင်း ပြန်မရောက်နိုင်တဲ့အကြောင်း၊ အချိန်ကုန်တဲ့အကြောင်း၊ ရုံးက ငွေတွေ ထောင်နဲ့ သောင်းနဲ့ချီပြီး ပါလာတဲ့အခါ စိတ်မချရတဲ့အကြောင်းတွေပါ။

ဟုတ်တော့လည်း ဟုတ်ပါတယ်လေ။ ဥက္ကလာကနေ (၃၂) လမ်းရုံး သွားရတဲ့ခရီးက မနီးဘူးပေါ့။ ရုံးငွေတွေ ကိုင်နေရတာသိလို့ မောင့် စိတ်ပူပြီး တစ်ခါတလေ ကိုယ်တောင် အိပ်မရပါဘူး။ ဒီတော့ အားလုံး ကောင်းမယ့်နည်းလမ်းတစ်ခု မောင်က တင်ပြလာတယ်။ ကားဝယ်ကြရင် ကောင်းမယ်တဲ့။

အင်း... ကောင်းတာပေါ့လို့ ကိုယ်က ထောက်ခံတဲ့ဘက်ကပေါ့ကွယ်။ ဒီတော့လည်း ငွေလေး ဘာလေး ရှာရဖို့ ဖြစ်လာပြန်ပြီပေါ့ကွာ။ ကိုယ်ကတော့ မောင့်အတွက်ဆို ဘာပဲလုပ်ရလုပ်ရလေဆိုတဲ့ မိန်းမစားကိုး။ နည်းလမ်းရှာရ၊ သွားရ အေးရပြန်ဘူးပေါ့ သူငယ်ချင်းရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကုသိုလ်လေးတော့ အလိုက်သား။ တိုးနိုင်ကုမ္ပဏီက ဓာတ်ပြားသွင်းဖို့ ကမ်းလှမ်းလာတာနဲ့ အံကိုက်ပဲ။ ကိုယ်တို့ ကားဝယ်နိုင်လောက်တဲ့ ငွေရခဲ့ပါတယ်။ ကားဝယ်ဖြစ်ခဲ့ပါတယ်။ အော်စတင် (၃၅) အမျိုးအစား ကားလေးတဲ့။

ကားဝယ်လိုက်တာတော့ ဝယ်လိုက်တာပဲ၊ ဒါပေမဲ့ ကိုယ်တို့နှစ်ယောက်လုံး ကားမမောင်းတတ်ကြဘူး။ ဒရိုင်ဘာထားဖို့ဆိုတာကလည်း ကိုယ်တို့ ပိုက်ဆံလခလေးနဲ့ မလွယ်ဘူး မဟုတ်လား။ စရိတ်သက်သာအောင် ကိုယ်တိုင်မောင်းပါ့မယ် သူငယ်ချင်းရဲ့။ ဒီတော့ မမောင်းတတ်သေးတဲ့အချိန်မှာ ဒရိုင်ဘာ ခဏငှားမယ်၊ မောင်းတတ်တော့ ကိုယ်တိုင် မောင်းကြမယ်လို့ ဆုံးဖြတ်ပြီး အိမ်နားက သုံးဘီး ကားမောင်းတဲ့သူကို တစ်လလောက် ခဏမောင်းပေးဖို့ ငှားရတာပေါ့။

မောင်က လပိုင်းအတွင်း ဒရိုင်ဘာနဲ့ ကားမောင်းသင်လို့ တတ်သွားတယ်။ ကိုယ့်မှာသာ မောင့်ကို ဦးစားပေးရတာကြောင့် မမောင်းနိုင်သေးဘူး။ ကြိုးကြား ကြိုးကြားတော့ မောင်းတာ သင်ကြည့်ပါတယ်။ မောင် စနစ်ကြီးပုံကတော့ မပြော တောင် မပြောချင်ဘူး သူငယ်ချင်းရေ။ ဂီယာထိုးလိုက်လို့ တစ်ချက် အသံမြည်တာနဲ့ တစ်ခါ အအော်ခံရတာကွာ ကလေးလေးကျနေတာပဲ။ ဘယ်သူက ဂီယာမှားသွင်းချင်ပါ့မလဲဆိုတာ သူ မစဉ်းစားဘူး ထင်ပါရဲ့။ ခဏခဏ အအော်ခံနေရလို့ သူနဲ့ အတူ ကားမောင်းကြည့်ရမှာကို လန့်နေတော့တယ်။ နောက်တော့ ဒရိုင်ဘာနဲ့ သင်တယ်။

ကားလေးတစ်စီးရှိပြီးပြီ၊ အိမ်ကလေးလည်း ဆောက်ပြီးပြီ၊ အလုပ်ကလည်း ကိုယ်စီ၊ အပိုဝင်ငွေလည်း ကိုယ့်မှာရနေပြီ၊ ပိုပြီး စိတ်ချမ်းသာမလာပါဘူးကွယ်။ မောင်က ခြေရှည်တော်မူနိုင်သွားပြီ မဟုတ်လား။ ကားရှိလာမှ မောင့်အလုပ်တွေက ပိုများလာသေးတယ်။ ကိုယ့်စေတနာကလည်း မောင်မှ မပင်ပန်းစေချင်တာ သူ့ကို ကားအမြဲယူသွားစေခဲ့ပါတယ်။ ကိုယ့်အဖို့ ရုပ်ရှင်တို့၊ ဓာတ်ပြားတို့ အသံသွင်းစရာ ရှိရင် မောင် လိုက်ပို့နိုင်ရင်လည်း ပို့ပေါ့ကွာ၊ မပို့အားဘူးဆိုရင်လည်း ကားနဲ့ လာ ကြိုခိုင်းရင် ပြီးတာကိုး။ ရုံးကိုတော့ ဘတ်(စ်)ကားနဲ့ သွားရတာများပါတယ်။ ညရုံးအပြန်က ရုံးကားလိုက်ပို့လို့ မလိုပါဘူးလေ။

ကားလေးရှိလို့ သွားရလာရ အဆင်ပြေတယ်၊ ပြဿနာမရှိဘူးဆိုပေမယ့် မောင်က ညဉ့်နက်သန်းခေါင်မှ ပြန်လာတတ်လို့ မျှော်ရတဲ့အချိန်တွေတော့ ကိုယ့် အတွက် တိုးတက်လာရတာပေါ့ကွာ။ မောင် အပြင်သွားတဲ့အခါတိုင်း ဘေးအန္တ ရာယ်မခပါစေနဲ့လို့ ဆုတောင်းရတာ အမောပဲ။





ကြာတော့ ကိုယ်ကပဲ တောင်းပန်ရတယ်။ ကြိုက်တဲ့ အပေါင်းအသင်း ခေါ်လာပါ။ အိမ်မှာ အဆင်ပြေရအောင် အစစအရာရာ စီစဉ်ပေးပါ့မယ်။ မောင် အပြင်ရောက်နေတာထက်စာရင် မျက်စိရှေ့မှာတင် စိတ်အေးရတာပေါ့လို့ တဖြည်း ဖြည်း စည်းရုံးခဲ့ရတယ်။

မောင် ခင်မင်တဲ့ အပေါင်းအသင်းတွေ ကျွေးမွေး ဧည့်ခံရလို့ ငွေကုန်တယ်၊ ပင်ပန်းတာတော့ မှန်တယ်။ ဒါပေမဲ့ မောင့်မှာ ဘာဒုက္ခမှ ဝင်မလာနိုင်တော့ဘူး။ အရက်ကြောင့် ကားတိုက်မှု ဖြစ်မှာလည်း မပူရတော့ဘူး။ မသမာသူနဲ့ တွေ့မှာ လည်း မစိုးရိမ်ရတော့ဘူး။ သနားစရာ ချစ်စရာဆိုတဲ့ မိန်းကလေးမျိုးတွေနဲ့လည်း ဆုံသွားနိုင်မယ် မဟုတ်လား။

သူငယ်ချင်းရေ၊ ကိုယ့်မှာ မောင့်အပေါင်းအသင်းတွေရဲ့အန်ဖတ် ကျုံးမဆေး ရတာရယ်လို့ မရှိသလောက်ပါဘဲ။ ပုဆိုးဆီးပေးရတဲ့သူလည်း တစ်ခါလေ ပါတာ ပေါ့ကွာ။ မောင်ဆိုတဲ့ မောင်ကတော့ မူးပြီဆိုတာနဲ့ တစ်ခါတည်း အိပ်ပျော်သွား တတ်တာကိုး။ ဒီတော့ ဧည့်သည်ဖိတ်တာကသူ၊ ဧည့်ခံရ စိတ်ညစ်ရတာက ကိုယ် ပေါ့၊ ဒါပေမဲ့ ကိုယ့်အဖို့ကတော့ မောင် အေးချမ်းရေးသည် အဓိကမို့ စိတ်မပျက် ပါဘူး။

အိမ်သာလို့ ဧည့်လာတာပေါ့ကွာ။ မောင့်အပေါင်းအသင်း၊ ကိုယ့်အပေါင်း အသင်းက အစုံလေ။ တစ်ခါတလေ ဂီတအသိုင်းအဝိုင်းချည်းသက်သက် ဆိုကြ ဆိုကြတာတွေလည်း ရှိပါတယ်။ အဆိုတော်တို့၊ ရုပ်ရှင်လောကတို့က လာကြ တာတွေ ရှိတော့လည်း ကိုယ့်အိမ် ပတ်ဝန်းကျင်မှာက ဝိုင်းကြည့်ကြတဲ့သူတွေ အများကြီးပေါ့။ ဒီလို လာကြည့်ရင် မောင်က မကြိုက်ဘူး။ လွတ်လပ်ခြင်းကို ချုပ်ချယ်သူတွေလို့လည်း ကင်ပွန်းတပ် ပြောလေ့ရှိတယ်။ လူ့အလိုက်မသိတဲ့ ပတ်ဝန်း ကျင်မှာ နေရတာ စိတ်ပျက်တယ်လို့ အမြဲညည်းလေ့ရှိတယ်။

ဒီကိစ္စမျိုးမှာ ပတ်ဝန်းကျင်က လူတွေရဲ့ အဆိုးမဟုတ်ဘူးလို့ ကိုယ် မြင်ပါတယ်။ သူ့သူကိုယ်ကိုယ် မမြင်ဖူးရင် မြင်ချင်မှာ ဒါ သဘာဝပါ။ မောင်တို့ ကိုယ်တို့လည်း ဒီလောကက လူတွေနဲ့ မသိဘူး၊ အကျွမ်းတဝင်မရှိဘူးဆိုရင် ဒီလူတွေကို သိချင် ကြည့်ချင်မှာ မဟုတ်လား။ မောင် သဘောပေါက်အောင် ဘယ်လို လုပ်ရမှန်း မသိပါဘူးကွယ်။

ဒါမျိုး တွေကြုံလာရပြန်တော့ မောင်က ဒီနေရာမှာ နေရတာ မပျော်တော့ ဘူး။ ဟိုလူက ကြည့်၊ ဒီလူက ကြည့်နဲ့၊ လမ်းကလည်း မိုးတွင်းဆို ရွှံ့ဗွက်တွေ



www.burmeseclassic.com

www.burmeseclassic.com



အပြည့်၊ ကားနဲ့လာတဲ့ ဧည့်သည်ဆိုရင် ဘယ်တော့များ လမ်းချော်လို့ တွန်းပေးရပါ့မလဲဆိုတာ လန့်နေရတယ်။ ရုံးတက်ရတာ ဝေးတယ်၊ ကလေးတွေ ကျောင်းပို့ရတာ ဝေးတယ်။ ကိုယ့်လည်း ဒီ့ထက်ကောင်းတဲ့ ပတ်ဝန်းကျင် နေရာမျိုးမှာ နေရင် စီးပွားရေးကိစ္စ ဆက်ဆံရာမှာ လူတွေရဲ့ ဆက်ဆံရေးအမြင်မှာ မြင့်တက်လာမှာလို့ချည်း ပြောနေပြန်တာကိုး။ ဒီမှာ မနေချင်ဘူး၊ ဒါထက်ကောင်းတဲ့ နေရာမျိုး ရှာရအောင်လို့ဆိုတဲ့ သဘောလေ သူငယ်ချင်းရယ်။

မောင် ပြောတာဟာ ကိုယ်တို့ တစ်အိမ်ထောင်လုံးရဲ့ တိုးတက် မြင့်မားရေးကို ဦးတည် တွေးခေါ်ချက်ဆိုတာ ကိုယ် သဘောပေါက်ပါတယ်။ ဒါပေမဲ့ ဥက္ကလာက ရွှေ့ဖို့ဆိုရာမှာ အခက်အခဲတွေ အများကြီးရှိမှာ ဆိုတာလည်း မတွေးလို့မှ မရတာ။

ကဲ··· နေရာရှာကြပြီ ထားပါတော့။ ခုနေရာထက် လွတ်လပ်ပြီး အိမ်နီးချင်းကို အားမနာရတဲ့နေရာမျိုး ဖြစ်ရမယ်ဆိုတော့ ကိုယ့်ဝင်းနဲ့ ကိုယ့်ခြံနဲ့ နေနိုင်မှ ဖြစ်မှာပေါ့။ ဒီတော့ ငွေကြေး အခက်အခဲရှိလာမှာပဲ။ ပြီးတော့ ကလေးတွေ ဘယ်သူကြည့်ပေးမလဲ။ ဒါကို မေ့ထားလို့ မဖြစ်ဘူးလေ။ ကိုယ့်ရုံးချိန်က မှန်ရတဲ့အထဲမှာ အားတဲ့အချိန် ဟိုအသံသွင်း၊ ဒီအသံသွင်းတွေနဲ့ အိမ်ပြန်ကြည့်ဖို့ အချိန်မရဘူး။ ရုံးချိန်အတိုင်း လှုပ်ရှားရတဲ့ မောင်ကလည်း ကိုယ်မရှိရင် အိမ်မှာ ကပ်တာမဟုတ်၊ ခက်ဘူးလားကွာ။ ဥက္ကလာအိမ်ကတော့ ကိုယ့်မိဘအိမ်နဲ့ နီးတော့ အဆင်ပြေနေတာ၊ အိမ်နီးချင်းတွေကလည်း ဦးဝိစာရ ရပ်ကွက်မှာကတည်းက အတူနေလာကြတဲ့ ရပ်ဆွေရပ်မျိုးတွေဆိုတော့ အိမ်အတွက် ဘာမှ မပူရဘူး။

ကိုယ့်စိတ်ထဲမှာ ငယ်တုန်းကအတိုင်းပဲ ဘာမှမပြောင်းလဲချင်ပါဘူး။ မာနကြီးသွားတယ်၊ ဘဝင်မြင့်သွားတယ်လို့ အပြောခံရမှာစိုးတယ်။ ကိုယ် အကြောက်ဆုံးကတော့ မောင့်အချစ်ဆိုတာကိုပါ။ ကိုယ့်အပေါ် ယုံကြည်စိတ်ချပြီလား တကယ်ချစ်ရဲ့လား။ မိဘမျက်ကွယ်၊ အသိုင်းအဝိုင်း မျက်ကွယ်မှာ စိတ်ငယ်ရမှာ သိပ်ကြောက်မိပါတယ်။ ဒါကြောင့် ပြောင်းရွှေ့နေချင်စိတ် ရှာမရအောင် ဖြစ်ရပါတယ်။ အားလုံး ပြဿနာတွေထဲမှာ အခက်ဆုံးက ငွေကြေးကိစ္စပေါ့။

မောင် နေချင်မယ့် နေရာမျိုးက ဈေးခေါင်ခိုက်နေမှာ မဟုတ်လား။ ရုံးလေး နှစ်ယောက်ပေါင်းမှ ခုနစ်ရာလောက်ရတာလေ သူငယ်ချင်းရဲ့။ ကလေးကျောင်းစရိတ်၊ မီးဖိုချောင်စရိတ်၊ ကားဓာတ်ဆီဖိုး၊ ပြင်ဆင်စရိတ်၊ အဝတ်အစားစရိတ်





ဧည့်ခံစရိတ်တွေကတောင် ပုံမှန်ဝင်ငွေထက် ပိုနေပါသေးတယ်။ သီချင်းဘစ်ဒုဒ်အသံသွင်းမှ အများဆုံး ကျပ် (၂၀၀) လောက်သာရတာ။ ဘယ်က ပိုတဲ့ငွေနဲ့ ခြံဝယ်ဖို့ စဉ်းစားနိုင်ပါ့မလဲလို့ စိတ်ပင်ပန်းလိုက်တာ။

ကိုယ်တို့ဘဝကို သုညအဆင့်ကနေပြီး ပထမ အိမ်ခွဲဆောက်၊ ကိုယ့်အိမ်ကိုယ့်ရာလေးနဲ့ ဖြစ်လာရာက ကားလေးတစ်စင်း ဝယ်နိုင်အောင် ကြိုးစား၊ ဒါကိုအတော် ကြိုးစားခဲ့ရတာဆိုတော့ ကျေနပ်သင့်ပါပြီလို့ စိတ်နှား လူနားနေချင်တဲ့အတွေးက ပေါက်မိတာ အမှန်။ ဒါပေမဲ့ မကြာမကြာ ပြောလာတော့ ကိုယ့်မှာပါအေးချမ်းသာယာမယ့် နေရာမျိုးလေးတွေ စိတ်ကူးယဉ်လာမိခဲ့တယ်လို့ ကိုယ်ဝန်ခံပါတယ် သူငယ်ချင်း။

မြေကွက်ကျယ်ကျယ်ထဲမှာ လှလှပပ အိမ်လေးဆောက်၊ ကြည်နူးစရာရှုခင်းရာပန်းခင်းလေးတွေ၊ ထင်းရှူးပင်လေးတွေ၊ ရေကန်လေးတွေ စိုက်ပျိုးပြင်ဆင်ထား။ နှစ်ယောက်သား လက်ချိတ်တွဲရင်း ချစ်ပီတီတွေနဲ့ လမ်းလျှောက်ကြ၊ သားတို့သမီးတို့ မြက်ခင်းစိမ်းစိမ်းလေးတွေပေါ်မှာ ကစားကြတာကိုထိုင်ကြည့်ရင်း ပျော်ပျော်ရွှင်ရွှင် နေလိုက်မယ်ဆိုတဲ့ စိတ်ကူးယဉ် အိပ်မက်တွေ မက်ခဲ့မိပါတယ်ကွယ်။

လေထဲက တိုက်အိမ်ကလေး တကယ် အစစ်အမှန် ဖြစ်ရအောင် ဘယ်လိုလုပ်ဆောင်နိုင်ပါ့မလဲလို့ ကိုယ် တွေးခဲ့တယ်။ နည်းလမ်းတွေ ရှာခဲ့ရပါတယ်။ တစ်လောက ငွေပိုလေး ရှိနေတုန်း နှစ်ယောက် ရုံးချိန်က မတူလို့ ဘယ်သူ ကားယူသွားမယ်၊ ဘယ်သူက ဘတ်(စ်)ကားနဲ့ သွားမယ်ဆိုတဲ့ ပြဿနာလေး ရှင်းသွားအောင်လို့ မော့(စ)ဗစ်အိုပယ်ဆိုတဲ့ ကားလေးတစ်စီး ထပ်ဝယ်ထားတာရှိလေတော့ ဒီကားလေး ပြန်ရောင်း၊ ခုနေတဲ့ အိမ်ကလေးရောင်း၊ အင်း··· ဒါလည်း အများဆုံး နှစ်သောင်းတောင် ပြည့်အောင်ရမှာ မဟုတ်တော့ မဖြစ်သေးပါဘူးလို့ ခေါင်းခဲရတယ်။

အဲဒီလို အိမ်ရှူး ခြံရှူးနေကြတုန်းမှာ တိုးနိုင်ကုမ္ပဏီက ဓာတ်ပြားထပ်သွင်းဖို့ ပြောတယ်။ ကိုယ် သိပ်ဝမ်းသာတာပေါ့။ မောင်က ငွေရင်းများတဲ့ စီးပွားရေးကိစ္စမှာ အမြဲ ဦးဆောင်ပြောလေ့ရှိတဲ့အတိုင်းပဲ ကိုယ်နဲ့ အလုပ်လုပ်မယ့် ငွေထဲက ငွေရာအားလုံး ကြိုတင်ထုတ်ပေးပါ။ ဒါမှမဟုတ်ရင် အလုပ်တန်ဖိုးနဲ့ ညီမျှမယ့် မြေကွက် (သို့) တိုက်ကလေးတစ်လုံး ရှာဝယ်ပေးပါဆိုတဲ့ အချက်ကို အဓိကထား ဆွေးနွေးလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သဘောတူညီမှုရတော့ ပထမအရစ် အဖြစ်နဲ့ ငွေ (၂၀၀၀၀) ရတယ် သူငယ်ချင်း။ ဒီရက်အတွင်းမှာ ကုမ္ပဏီက သူတို့ တွေ့ထားတဲ့ အိမ်တွေ၊ မြေကွက်တွေ လိုက်ပြပေးပါတယ်။ နေရာမကြိုက်တာနဲ့၊ အိမ်မကြိုက်တာနဲ့၊ ဈေးမတည့်တာနဲ့ ဟိုလိုက်ရ ဒီလိုက်ရပေါ့။ မောင်တော့ ဘယ်လိုနေမယ် မသိဘူး ကိုယ်တော့ လိုက်ပြတဲ့သူတွေကို အားနာတယ်။ လိုက်ကြည့်ခဲ့ရတဲ့ အိမ်ရှင်တွေအပေါ်မှာလည်း စာနာမိပါတယ်။ သူတို့ခမျာ မဖြစ်နိုင်လို့သာ သူတို့အိမ်ကလေးတွေကို လက်လွှတ်လိုက်ရတာ ဖြစ်မှာပဲလို့ စိတ်မကောင်းပါဘူး။ ခြံရော အိမ်ရော ကြိုက်ပြန်တော့ ဈေးက မမီရင် စိတ်ပင်ပန်းရပြန်ရော။ မေးသမျှနေရာတိုင်း ခြောက်သောင်းခွဲထက် မအောက်ဘူး သူငယ်ချင်း။ ကိုယ့်စိတ်ဝင်စားမှုအားလုံးဟာ လုံးဝ ပျောက်သွားသလောက် ဖြစ်သွားတယ်။ ဒါပေမဲ့ ချစ်ရတဲ့သူ စိတ်မပူအောင်တော့ လိုက်ပါကြည့်ရှုနေရတော့တာပဲ။

တစ်နေ့တော့ မောင့်သူငယ်ချင်းတစ်ယောက်ရဲ့ အဖေက တစ်ဆင့် ဝင်ဒါမီယာလမ်းက ခြံနဲ့ အိမ်ကလေး သွားကြည့်ကြပါတယ်။ ကိုယ်တော့ သိပ်မကြိုက်ပါဘူး။ ဈေးကတော့ မဆိုးဘူး။ အိမ်က ကိုယ့်စိတ်ထဲ ပြင်ဆင်ကြည့်တာတောင်မှ နှစ်သောင်းလောက်တော့ ထပ်ကုန်စရာရှိမယ်လို့ တွေးရင်းနဲ့ အဲဒီခြံရဲ့ ရှေ့က တောဖုံးနေတဲ့ မြေကွက်ကို မြင်မိတယ်။ ပိုင်ရှင်လည်း အတူတူပဲ။ ဈေးလည်း သိပ်မကွာဘူး။ ကြည့်ခိုင်းတဲ့ ခြံဝင်းထက်လည်း နှစ်ဆလောက် ပိုကျယ်တယ်ကွာ။

ဒီမှာတော့ ကိုယ် စိတ်ကူးတယ်လေ။ ဥက္ကလာက အိမ်လေး ရွှေ့ကြည့်၊ ကလေးတွေအတွက် လျှောတွေ ဒန်းတွေ ထားကြည့်နဲ့ ကိုယ် လိုချင်တဲ့ အဆင်အပြင်မျိုး လုပ်လို့ရမယ်လို့ သဘောကျသွားတယ်။ နောက်ဆုံး ဈေးတည့်သွားရောဆိုပါတော့။

ဒါနဲ့ ငွေထုတ်ပေးမယ့် ကုမ္ပဏီ လှမ်းအကြောင်းကြားရတာပေါ့။ ကိုယ့်ကုသိုလ်ကလည်း တစ်ဖက်က အေးရင် တစ်ဖက်က ဆွေးရတယ်လို့ ယုံကြည်ရတော့မယ် ထင်ပါရဲ့ကွာ။ ပြည်သူပိုင်လုပ်တဲ့အချိန်နဲ့ တိုးနေတော့ ငွေကိစ္စ အဆင်မပြေတော့ဘူး။ ရူးချင်တယ် သူငယ်ချင်း၊ တကယ် ရူးသွားလိုက်ချင်ပါတယ်။ အရောင်းအဝယ်ကိစ္စ အားလုံး စကားပြောဆိုပြီးပြီ။ စရန်ငွေလည်း ပေးပြီးပြီ၊ ကျန်ငွေ ဆက်ချေဖို့ကျတော့ ဒုက္ခရောက်နေပြီလေ။ မမီတော့ဘူး ဖြစ်နေတာပေါ့။ အစကိုက ကိုယ့်ရှိလို့ ဝယ်မှာမှ မဟုတ်တာကိုး။ ပေးပြီးသား စရန်ငွေလေးလည်း





အဆုံးမခံနိုင်နဲ့ ဒုက္ခမှ ဒုက္ခပေါ့ကွာ။ လိုငွေကို အပြေးအလွှား ရှာရတော့တာပေါ့။ ကိုယ် မျက်နှာအပျက်၊ စကားအပျက်မခံနိုင်ဘူး သူငယ်ချင်း။

ငွေဆိုတဲ့ သဘောကလည်း ကိုယ် အဆင်မပြေရင် သူများတကာဆီ ပြောဖို့ ကိုယ့်အတွက် မလွယ်ဘူး။ ကိုယ့်လို နာမည်ကျော် အဆိုတော်တစ်ယောက်မှာ ငွေလိုပါတယ်ဆိုတာကို ဘယ်သူကမှ မယုံကြဘူး။ ကိုယ်ပြောလို့ရမယ့်သူ ရှိတယ်ပဲ ထားပါတော့။ ဒါတောင် မျက်နှာအောက်ချ မစခိုင်းရဦးမှာ မဟုတ်လား။ ဒါပေမဲ့ ခုတော့ အကျဉ်းအကျပ် ဖြစ်နေပြီလေ။ မနေသာဘူး၊ ပြေးရလွှားရ ရှာရ ဖွေရတော့တာပဲ။

အဆင်တော့ ပြေသွားခဲ့ပါတယ်။ ဥက္ကလာက အိမ်ကွက်နဲ့ ကားအပိုတစ်စီးလည်း ရောင်းပြီး ဖြည့်လိုက်ရသေးတယ်။ ဝင်ဒါမီယာမှာတော့ ဥက္ကလာက အိမ်အဟောင်းလေး ရွှေ့ဆောက်ကြတယ်။ ဖျက်ယူရတော့လည်း ပစ္စည်းတွေ ပျက်စီးတာပေါ့။ တစ်ဝက်မက ထပ်စိုက်ဆောက်ရတယ်။ အားလုံး အိမ်ရော၊ ခြံရော၊ ခြံရိုးခတွေရော ပေါင်းလိုက်ရင် ခြောက်သောင်းကျော်လောက် ကုန်သွားတယ်။ သုံးပုံနှစ်ပုံလောက် ကိုယ် ထပ်ရှာခဲ့ရတယ်ဆိုရင် ဘယ်လောက် မျက်နှာငယ်အဝန်းတကြီး တခက်တခဲ ဖြစ်မလဲဆိုတာ မင်း စဉ်းစားယူပါတော့ သူငယ်ချင်းရာ။

၁၉၆၇ ခုနှစ်၊ မတ်လမှာ ကိုယ်တို့ ဝင်ဒါမီယာအိမ်ကို ပြောင်းနေခဲ့ကြတယ်။ ကိုယ်တို့ မိသားစုလေးယောက်၊ အိမ်ဖော်တစ်ယောက်နဲ့ မောင့်ဦးလေး တစ်ယောက် အားလုံး ခြောက်ယောက် နေကြရတယ်။

ကိုယ်တော့ မအားပြီးရင်း မအားရင်းပေါ့ကွာ။ အိမ်က ဆောက်တုန်းတန်းလန်းဆိုတော့ ကုန်သွယ်ရေး (၁၅) ကို ချောင်းပေါက်မတတ် သွားရတယ်။ နေ့က တစ်ဖက်နဲ့ အိမ်ဖော်ကောင်မလေး တစ်ယောက်တည်း အိမ်မှာ ကျန်ခဲ့တာ စိတ်မချ။ ကလေးတွေ ကျောင်းအပြန် ခြံထိပ်မှာ ဘယ်သူကြိုပါ့မလဲ စိတ်ပူရသောက ကျ မကျနိုင်ဘူး။ မောင်ကလည်း ထုံးစံအတိုင်း ထွက်မြဲ လည်မြဲ နေမြဲပဲ။ ဝင်ဒါမီယာတန်ခိုးနဲ့ နှစ်ဆတိုးလာတဲ့ အပေါင်းအသင်းတွေကြားမှာ ဝဲလည်နေပြန်တော့ မခက်လား၊ စိတ်အေးရတယ် မရှိပါဘူး။

အိမ်ဖော်ကလည်း သိတဲ့အတိုင်းပဲ မမြဲတတ်ဘူး မဟုတ်လား။ တော်ရုံနဲ့တော့ မောင့်သည်းညည်းခံနိုင်ဖို့ သာဝေးပါသေးတယ်။ မောင်က အိမ်အလုပ်ရေးတာ အစ မီးဖိုချောင်ကိစ္စအထိ ကိုယ်တိုင် ဝင်ပါနေတော့ အိမ်ဖော်ကောင်မကဘူး



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လည်း စိတ်ညစ်ရတာပဲ။ မလိုအပ်ဘဲ အဓိကပြဿနာ လုပ်ချင်လုပ်နေတတ်တာကွ။

ဥပမာတစ်ခု စွပ်ကျယ်တို့၊ လက်ကိုင်ပဝါတို့၊ လက်သုတ်ပဝါတို့ကအစ ခိုးမှာစိုးလို့တဲ့။ အများဆုံး သုံးထည်ပဲ လှည့်ပတ်သုံးခိုင်းတယ်။ ဧည့်သည်များတဲ့အခါ၊ အလုပ်ရှုပ်လို့၊ မိုးရာသီ၊ ဆောင်းရာသီတို့လို ခြောက်သွေ့ဖို့ အခက်အခဲရှိတဲ့အခါ ပြဿနာ၊ ပြီးတော့ သူက ချွေးထွက်သန်တယ်။ ပစ္စည်းသုံးစွဲတဲ့အခါ မသပ်ရပ်ဘူး။ တစ်ခါတလေ မနက်တစ်ခါ၊ ညနေတစ်ခါ လဲလှယ် အသုံးပြုရတယ်။ ဒီတော့ ပြဿနာတက်ရရော။

ဒါကို အသေးအဖွဲ့ကိစ္စလေးပါလို့ မင်း ထင်မှာပါပဲလေ။ ဟုတ်ပါတယ်။ ဒါပေမဲ့ စွပ်ကျယ်ရော၊ လက်ကိုင်ပဝါရော အလျှော်မီအောင်မှ လုပ်မပေးနိုင်ကြတော့ဘူးလား။ ငါ့ကို ဂရုမှမစိုက်တာဆိုတဲ့အသံ မနက်တိုင်း ကြားနေရတော့ စိတ်ပျက်စရာ အကြီးကြီးကွ။ အိမ်မှာ ဆူပြီဟေ့ဆိုတာနဲ့ ကိုယ် အဆစ်ပါတာပဲ။

“မင်းက လူရာသွင်းလွန်းလို့၊ မျက်နှာသာပေးလွန်းလို့ အိမ်ကဟာတွေ ပျက်စီးတာ။ အစီအစဉ် ညံ့ဖျင်းတဲ့ မိန်းမ၊ အသုံးကို မကျဘူး။ သီချင်းဆိုတတ်တာ ကလွဲလို့ ဘာမှ သုံးရမယ့် မိန်းမ မဟုတ်ဘူး။ လင့်ကိစ္စ ဒါလောက် အသေးအဖွဲ လေးတောင်မှ စိတ်မဝင်စားဘူး” ဆိုတဲ့ အော်သံညံသံကို မကြားချင်လည်း ကြားရတာပဲ သူငယ်ချင်း။

အိမ်အလုပ်၊ မီးဖိုချောင်အလုပ်တွေကို ကိုယ်တိုင် မလုပ်နိုင်ခဲ့ပေမယ့် ကိုယ့်အိမ်မှာ ဘာလိုတယ်၊ ဘာဖြစ်သင့်တယ်ဆိုတာတော့ ကိုယ် မသိဘဲ ရှိပါ့မလားကွာ။ ဘာကြောင့် ပြဿနာဖြစ်နေတယ်ဆိုတဲ့ အရင်းခံကိစ္စကိုလည်း သိနေတော့ ကိုယ် ပြောလည်း သန်လျက်တော်ယူသည့်သူခိုး ကိစ္စမျိုးပဲလေ။ ခွင့်မလွှတ်လို့ ရမလား။

အိမ်ဖော်ဆိုတာဟာလည်း အိမ်မှုအလုပ်သမားပဲ လူပါပဲ။ လူလူချင်း နှိမ်ချလိုစိတ် ကိုယ် မမွေးနိုင်ဘူး။ ကိုယ့်အစေအပါးအဖြစ်နဲ့ မလွှဲသာလို့ အလုပ်လုပ်ကြရတဲ့သူတွေချည်းပဲလို့ ကိုယ်ချင်းစာမိပါတယ်။

စကားတောင် ရိုင်းရိုင်းစိုင်းစိုင်း မပြောမိ မဆက်ဆံမိခဲ့ဘူး။ အသက်ကြီးရင် အဒေါ် အမေ အစ်မကြီးလို့၊ အသက်ငယ်ရင် ညီမလို သမီးလို ကိုယ်ထားခဲ့တယ်။ ဒီတော့လည်း စေတနာအကျိုးပေးပေါ့ကွာ။ အိမ်ဖော်တွေပေမယ့် ကိုယ့်ဆို သွေးသားလို ဆက်ဆံစောင့်ရှောက်ကြတယ်။ အားကိုးကြတယ်။





အပျောက်အရှနည်းတယ်။ သားသမီးတွေအပေါ်လည်း သည်းခံစောင့်ရှောက်ပေးကြတယ်၊ သစ္စာရှိကြပါတယ်။ မောင့်ကိုတော့ သိပ်ကြောက်၊ အလွန့်ကြောက်ပေါ့ကွာ။

ကိုယ်တို့ကလေးတွေဟာ ဖအေဆို သိပ်ကြောက်ကြတယ်။ မောင်က ရုံးမှာပဲ အဆင်မပြေဖြစ်လာလာ၊ ကိုယ်နဲ့ပဲ ကတောက်ကဆတ်ဖြစ်ဖြစ် တစ်အိမ်လုံး ကြက်လောရိုက်တတ်တာ။ ပြဿနာမရှိ ပြဿနာ ကြံဖန်စကားများတတ်တယ်။ အော်လို အော်ရ ငိုလို ငိုရနဲ့ဟာ အကျင့်ကို ပါနေတော့တာ။ ရုံးကိုယ်စီ ရောက်ကြတော့ မောင်က ဖုန်းဆက် ပြန်တောင်းပန် ပြန်ချော့နဲ့ ပြီးသွားရတာချည်းပါ။

ကလေးတွေဟာ သိပ်သနားဖို့ ကောင်းပါတယ်ကွာ။ သူတို့ခမျာ ကိုယ်တို့ ပြန်ချိန် ကားရပ်သံကြားပြီဆိုတာနဲ့ အိမ်ပေါ်က လှမ်းပြီး အဖေ၊ အမေ မျက်နှာသာယာကြရဲ့လားလို့ အရင်ကြည့်နေတတ်တာ။ သုန်မှုန်လာတာတွေ့ရင် သူတို့ အခန်းလေးထဲ ဝင်ပြေးနေကြရော။ အသံကို တိတ်လို့။

ဒီအဖြစ်မျိုး မြင်နေရတဲ့ ကိုယ့်ရင်ထဲမှာ နာနေတာပဲ။ သိတတ်လွန်းတဲ့ ချစ်စရာ ရင်သွေးတွေကို အတတ်နိုင်ဆုံး ကြင်ကြင်နာနာ စကားလေးနဲ့ တချိုတသာ ပြောတာကအစ ကိုယ် ယုယမိပါတယ်။

မောင့်မှာ ကလေးတွေကို တော်စေတတ်စေချင်တဲ့ မိဘမေတ္တာ စေတနာ အရင်းခံက အပြည့်ရှိရှာပါရဲ့။ မကိုင်တွယ်တတ် စိတ်လိုက်မာန်ပါ ဖြစ်တတ်တော့ အမေးလို့လည်းမရ၊ အော်လိုအော် ရိုက်လိုရိုက် ဒဏ်ပေးလိုပေးဆိုတော့ ကိုယ့်စိတ်နဲ့ ဆန့်ကျင်ဘက်ပဲလေ။ စိတ်ကလည်း နုနုရယ်။ သူ ပြန်လာလို့ သားသမီးတွေက ပြေးမကြိုမိခဲ့ရင် ဖအေ ပြန်လာတာတောင် အရေးမစိုက်ဘူးနဲ့ ဆူပြန်ရော။ ကြာတော့ ကလေးတွေမှာ နေစရာကိုမရှိလောက်အောင်ဘဲ။ ဖအေက အော်လိုက်တာနဲ့ ကြောက်သေးကိုပါရော။

ကိုယ်က ဖခင်တစ်ယောက်အနေနဲ့ ဆူတာ၊ ကြိမ်းတာမို့ မဟန့်တားခဲ့ပါဘူး။ ကလေးတွေရှေ့မှာ ဝင်ပြောမိရင် ငါတို့ဘက်က မေမေ ရှိသားပဲဆိုတဲ့စိတ်မျိုး ဝင်သွားမှာစိုးတယ်။ ဖအေကို ကြည်ညိုစိတ်ကင်းသွားမှာပူတယ်။ ဒီတော့ ပြဿနာပြီးလို့ ကိုယ်တို့နှစ်ယောက်တည်းရှိတဲ့အခါမျိုးကျမှ မတော်ရင် မတော်တဲ့အကြောင်း ပြော၊ ပြဿနာရဲ့ အရင်းအမြစ်ကို ထောက်ပြပြီး အပြစ်မရှိတဲ့အကြောင်း ပြောကြပြီဆိုရင်လား ကိုယ်နဲ့ နောက်တစ်ပွဲ ထပ်ချဲရတော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာတင် ဒီလိုဖြစ်တာ မဟုတ်ဘူး သူငယ်ချင်း။ ရုံးမှာလည်း ဒီလိုပဲတဲ့။ မောင့်လက်အောက်ခံ စာရေးစာချီ လုပ်သားတွေအပေါ် ဆက်ဆံတဲ့အခါ တာဝန်ပေးရာ၊ စေခိုင်းရာမှာပါ လေသံက ပြင်းသတဲ့။ ဗျူရိုကရက်ဆန်သတဲ့။ ဒါမျိုးကြားရတာလည်း ကိုယ်စိတ်မချမ်းမြေ့နိုင်ဘူးကွယ်။ မောင့်ကို ချစ်ကြောက်ရိုသေ သဘောရှိကြတယ်ဆိုတာသာ ကိုယ်က ကြားချင်တဲ့သူကိုး။

မောင့်ရုံးကိစ္စမှာ ကိုယ်က ဝင်စွက်ဖက်ချင်တာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဌာနလုပ်ငန်းတူချင်း ပြောင်းရွှေ့ခဲ့ရတဲ့အချိန်မှာ မောင်ကလည်း သစ်လုပ်ငန်းအဖွဲ့ ပြောင်းရလေတော့ မောင် မျက်နှာမငယ်ရအောင် ဆောင်ရွက်ပေးခဲ့ရသေးတာပေါ့။ နယ်လည်း မပြောင်းရ၊ ဌာနလူကြီးတွေနဲ့ အဆင်ပြေအောင် ကိုယ့်ကို ညီမလို ချစ်တဲ့ ဆရာဝန် အစ်မကြီးတစ်ဦးက တစ်ဆင့် ကူညီဖန်တီးပေးခဲ့တယ် ဆိုပါစို့ကွယ်။

ဒီတော့ ကိုယ့်ခင်ပွန်းဆိုတဲ့နာမည်နဲ့ ကူညီစောင့်ရှောက်ခဲ့တဲ့ လူကြီးတစ်ဦးရဲ့ အရှိန်အဝါကြောင့် သစ်လုပ်ငန်းအဖွဲ့မှာ လိုအပ်သည်ထက် ထင်ထင်ပေါ်ပေါ် ဖြစ်လာခဲ့တယ်ဆိုလည်း မမှားဘူးပေါ့။

မောင့်မှာ အရည်အချင်းမရှိလို့ဆိုတဲ့ သဘောတော့ မဟုတ်ပါဘူး သူငယ်ချင်း။ မောင်ဟာ နေရာတိုင်း၊ အကြောင်းအရာတိုင်းမှာ ဝင်ဆံ့အောင် ဆွေးနွေးပြောဆိုနိုင်တဲ့သူပါ။ လုပ်ငန်းမှာ စိတ်ပါဝင်စားတယ်။ အချိန်လေးစားတယ်။ ကိုယ့်တာဝန်ကို နိုင်နိုင်နင်းနင်း ဖျတ်ဖျတ်လတ်လတ် တက်တက်ကြွကြွ လုပ်လေ့လုပ်ထရှိတယ်။ ဒါတွေက ချစ်စရာကောင်းတဲ့၊ စံယူစရာကောင်းတဲ့ မောင့် ပင်ကိုသဘာဝပါ။ ဒီလို လုပ်ဆောင်ချက်တွေကြောင့်လည်း လူကြီးတွေက စိတ်ချယုံကြည်တယ်။ တာဝန်ပေးရဲကြတယ်ဆိုတာတော့ မငြင်းနိုင်ပါဘူး။ အားပေးမယ့်သူ၊ လမ်းကောင်း လမ်းမှန် ပြနိုင်တဲ့သူသာရှိရင် အလွန်ထွန်းပေါက် တက်လမ်းရှိမယ့် လူစားမျိုးပါ။

ဒီလို တာဝန်ရှိ လူကြီးတွေနဲ့ချည်း ဆက်ဆံရဖန်များလာတော့ လုပ်ဖော် ကိုင်ဖက်တွေအပေါ် အနိုင်ယူချင်လာတယ်။ ငါပြောတာ မှန်တယ်။ ငါ့အတွေး အခေါ်ကသာ ရင့်သန်တယ်။ ငါသာ လုပ်နိုင်စွမ်းတယ်ဆိုတဲ့စိတ်က ဝင်လာတယ် ဆိုရမလား မသိပါဘူးကွာ။

"မောင်က ခြောက်ရာစား အထက်ကို ပေါင်းတယ်။ ဒီလို မောင့်အထက် အရာရှိတွေနဲ့ ပေါင်းတယ်ဆိုပေမယ့် မောင်က တန်းတူဆက်ဆံတာ။ အတူသွားကြ





စားကြ၊ သောက်ကြရင်လည်း မောင် ဘယ်တော့မှ အထင်သေးမခံဘူး။ မောင်တာဝန်ကျက်ဆံထုတ်ပေးလိုက်တာပဲ" ဆိုတဲ့ စကားမျိုးကြားရတာ မရေတွက်နိုင်ဘူး။

မောင်က သူ့အပေါင်းအသင်းတွေအကြောင်း၊ သူတို့တစ်တွေနဲ့ ဆက်ဆံရေးတွေအကြောင်း မြိန်မြိန်ကြီး၊ ရွှင်ရွှင်ကြီး ပြောလေလေ ကိုယ့်မှာ ဘဝင်မကျနိုင်လေပါကွာ။ ကိုယ်တို့အခြေအနေကောင်းနေတုန်းမှာ ဒါတွေဟာ ဘာပြဿနာမှ မရှိနိုင်ဘူးပေါ့။ လူ့ဘဝအခြေအနေဆိုတာမျိုးက အချိန်နဲ့ အမျှ ပြောင်းလဲနေတတ်တာလေ သူငယ်ချင်းရယ်။ ဒီကနေ့ စားနိုင် သောက်နိုင် ပေးနိုင် ကမ်းနိုင် အဆင့်အတန်းမီ ပေါင်းသင်းဆက်ဆံနိုင်ပေမယ့် မနက်ဖြန် ဘာဖြစ်မယ်ဆိုတာ ဘယ်သူမှ ကြိုတင် သိနိုင်ကြတာမှ မဟုတ်တာ။ ကိုယ် နေချင်သလို မနေနိုင်တဲ့ တစ်နေ့၊ ကိုယ် မှန်းတိုင်း မပေါက်နိုင်တဲ့ အခြေအနေမျိုး ဆိုက်လာတဲ့တစ်နေ့မှာ စိတ်ဆင်းရဲရလိမ့်မယ်လို့ ကိုယ် တွေးမိလို့ပါကွယ်။

စိုးရိမ်ရတာလည်း ရှိတယ်လေ။ လခကြီးကြီးရတဲ့သူတွေနဲ့ ပေါင်းတော့ သူတို့ နေချင်သလို၊ သူတို့ သွားတတ်သလို၊ သူတို့ သုံးကြသလို မောင်လည်း ဖြစ်လာဘူးလို့ မပြောနိုင်ဘူး။ တည့်တည့်ရေးကြကြေးဆိုရင်တော့ကွာ သဘာဝနဲ့ ဆန့်ကျင်နဲ့ ကင်းလွတ်မယ့် အတွေးအခေါ်မျိုးတွေ ဝင်မလာစေချင်ဘူး။ အထက်တန်းလွှာကိုမှ အထင်ကြီးတတ်တဲ့စိတ်မျိုး ဖြစ်သွားမှာကို အစိုးရိမ်ဆုံးပဲ သူငယ်ချင်း။

ထားပါတော့။ မောင့်အပေါင်းအသင်း အရာရှိကြီးတွေရဲ့ ပုံမှန် တစ်လစာငွေ ဆိုတာ ကိုယ်တို့နှစ်ယောက်လုံးရတဲ့ တစ်လစာငွေချင်း ပေါင်းကြည့်တာတောင် မမီပါဘူး။ ကိုယ့်အပြင်ဝင်ငွေဆိုတာက ရတဲ့အခါမှာတော့ မက်လောက်စရာပေါ့။ မရတဲ့အခါလည်း ရှိတာပဲ။ အမြဲဝင်နေရင်တော့ အကောင်းသားပေါ့ သူငယ်ချင်း။ ကိုယ်လည်း စိတ်ပူခံပြီး ဘယ်တွေးနေရတော့မလဲ။ ဒီတော့ ပုံမှန်ဝင်ငွေအပေါ်မှာ သာကကောင်းကောင်း နေထိုင် သုံးစွဲသွားနိုင်အောင် ကြိုးစားပါမှ စိတ်ချမ်းသာမယ်လို့ ကိုယ် တွက်မိတာပါ။

ကိုယ့်စိုးရိမ်ချက်ကလည်း မလွဲပါဘူးလေ။ မောင်လည်း ကိုယ် တွေးသလို တွေးမိလို့ ဟုတ်မယ်မထင်ပါဘူး။ ကျံနေပြီးသား ခြေလှမ်းကို ပြန်အဆုတ်ရခက်နေတဲ့ သဘောမျိုး ဖြစ်ပါလိမ့်မယ်။ ဒါမှမဟုတ် နေခဲ့ သွားခဲ့ ဆက်ဆံခဲ့တဲ့ အဝိုင်းက များပြန့်ပြီး အထင်အမြင်သေးမလားဆိုတာမျိုး တွေးမိလို့ရင်လည်း ဖြစ်ပါလိမ့်မယ်။ လူက ဆင်ခြင်လိုစိတ် ရှိချင်ပေမယ့် စိတ်က ပြင်လို့မရတော့ဘူး ဆိုတာ ကိုယ် သိနေပါတယ်။

www.burmeseclassic.com



တချို့ မောင့်အပေါင်းအသင်းတွေက တော်ပါတယ်။ ညီအစ်ကိုလို ခင်မင်ကြတာတွေ ရှိပါတယ်။ တချို့ကျတော့ ကိုယ့်ကျော်ကြားမှုအပေါ် အရင်းခံလာတဲ့ ဆက်ဆံရေးမျိုး ရှိတတ်သလို မောင်က အကုန်အကျခံ ပေါင်းတတ်မှန်းသိလို့ဆိုတာတွေ ပါကောင်း ပါလိမ့်မပေါ့။ ကိုယ် ဘယ်တော့မှ မောင့်ကို မချုပ်ချယ်ခဲ့ပါဘူး။ စိတ်လွတ်လပ်မှ လူတောက်ပြောင်နိုင်မယ်ဆိုတာ ကိုယ် နားလည်ပါတယ်။ ဒါပေမဲ့ အိမ်ထောင်ရှင်တစ်ယောက်အနေနဲ့ တာဝန်ရှိလာပြီလို့ ထင်စရာအကြောင်း ပေါ်လာရင်တော့ ကိုယ် ဆွေးနွေးယူပါတယ်။

မောင် အလည်လွန်တာတွေ၊ ညဥ့်နက်သန်းခေါင် ဖြစ်တာတွေ၊ ကိုယ်မကြားချင်တဲ့ မောင့်သတင်း သောင်းပြောင်းတွေ များလာခဲ့ရင်တော့ ကိုယ် သိပ်အားငယ်ရပါတယ် သူငယ်ချင်း။

မောင် ပြန်မရောက်မချင်း ရင်တမမနဲ့ မျှော်ရတယ်။ ငယ်ငယ်က အကြောင်းတွေ ပြန်တွေးရင်း အလွမ်းပြေရတဲ့ ရက်မျိုးလည်း ရှိရဲ့။ တွေးမိမှ မျက်ရည်မိုးရွာရတဲ့ ရက်ကလည်း မရေတွက်နိုင်နဲ့ပေါ့ကွယ်။ ဒီလိုခံစားရတဲ့ ရက်တွေများလာရင် ကိုယ် အိပ်မပျော်တော့ဘူး။ အိမ်ရှေ့က ခြံထဲ ဆင်း၊ ထန်းကြောကုလားထိုင်လေးမှာ ထိုင်၊ လမင်းကြီးထွက်လာတာကို ငေး၊ လရောင်ခြည်အေးအေးရဲ့ အောက်မှာ တစ်ယောက်တည်း ဆွေးနေတတ်တော့တာ။ ဒီအချိန်မျိုးမှာ အအေးမိမှာတို့၊ မြွေပါးကင်းပါး ကြောက်ရမှာတို့ ဘယ်တွေးမိလိမ့်မလဲ။ သေ အေးတာပဲဆိုတဲ့စိတ်သာ ရှိတော့တာကလား။

ကိုယ့်ရင်ထဲမှာ မထွေးနိုင် မမျိုနိုင် ဖြစ်လာတော့မှ မောင့်အတွက် ကိုယ့်ခံစားရချက်တွေ၊ ကိုယ် သောကများရတာတွေ၊ ကိုယ်ဖြစ်စေချင်တာတွေ စာရွက်ပေါ် ရေးချလိုက်တာပဲ။ တစ်ခါတလေလည်း ကိုယ် ရေးတဲ့စာ ကိုယ် ပြန်ဖတ်ရင်း မျက်ရည်ကျမိပါတယ်။ တစ်ခါတလေတော့လည်း မောင် သိရင် စိတ်မကောင်း ဖြစ်နေပါ့မယ်လေလို့ ဆုတ်ပစ်လိုက်တာပဲ။ အဲ··· မောင် ဖတ်စေချင်ရင်တော့ မောင့် စာကြည့်စားပွဲပေါ်မှာ အခေါက်လိုက်ကလေး တင်ထားလိုက်တော့တာ။

မောင် မရောက်မချင်း ကိုယ် ထိုင်စောင့်လေ့ရှိပေမယ့် ဒီလို စာရေးမိတဲ့နေ့မျိုးမှာတော့ မောင့် ကားရပ်သံ ကြားတာနဲ့ အိပ်ရာထဲဝင်ပြီး အိပ်ပျော်ဟန်ဆောင်နေလိုက်မိတယ်။ ကိုယ်ရေးတဲ့စာကို ကိုယ့်ရှေ့မှာတင် ဖတ်ရင် မျက်နှာမထားတတ်ဘူး၊ တစ်မျိုးပဲလေ။ ရှက်တာလား၊ ဘာလား မသိတတ်တော့ဘူး။





ပြီးတော့ ကိုယ် ရေးတဲ့စာကို ဖတ်ပြီး မောင် ဘယ်လိုခံစားရတယ်ဆိုတာကလေး ကြည့်ချင်တတ်တာ။ ဒေါသဖြစ်သလား၊ စိတ်မကောင်းဖြစ်သွားသလား နောင်တရတဲ့ အမူအရာလားဆိုတဲ့ မောင့်မျက်နှာရဲ့ လှုပ်ရှားချက်ကို သိချင်တယ်လေကွယ်။

ဒီလို စာမျိုး ဖတ်ရပြီဆိုရင်လည်း မောင်က ကိုယ် ဘာကိုဆိုလိုတယ်လို့ သဘောပေါက်တယ် ထင်တာပဲ။ များသောအားဖြင့်တော့ ကိုယ့်ခံစားရချက်တွေ ကြည့်ပြီး ကြင်နာပုံပေါ်ပါတယ်။ အဝတ်လဲတာ၊ လမ်းလျှောက်တာကအစ ဘာသံ မကြားရအောင် နုနုနယ်နယ်လေးကို ဖြစ်လို့ပဲ။ စာခေါက်ကလေး တယုတယ သိမ်းလို့ ကိုယ့်ဘေးနားမှာ အသာလေး ဝင်လှဲပြီး ခြင်ထောင်အမိုးကို တွေတွေကြီး ကြည့်ရင်း တွေးနေတတ်တော့တာ။ စိတ်ကြည်သွားလောက်ပြီ ထင်ရတဲ့အခါ ကျတော့မှ ကိုယ့်ဆံနွယ်လေးတွေ သာသာဖြည်းဖြည်း သပ်တင်ပေးလိုပေး၊ မှိတ်ထားတဲ့ မျက်လွှာကလေး မွှေးလိုမွှေးနဲ့။

“ချစ် အိပ်ပြီလား၊ မောင် ပြန်ရောက်ပြီလေ” လို့ လေသံကလေးနဲ့ နားကပ်ပြီး ပြောလေ့ရှိတယ်။ ဒီတော့လည်း ရွှေရင်အေးရလှလေခြင်းပေါ့ကွယ်။

“ဟင့်အင်း မအိပ်သေးပါဘူး” လို့ အပြုံးလေးဝင့်ရင်း မောင့်ကို အပြစ်ကင်းစင်တဲ့ ကလေးတစ်ယောက်လို ကြည့်နေတတ်ခဲ့တာ၊ သောကဆိုတာ ဗလာ ဖြစ်သွားပါရော။

တစ်ခါလောက် စာရေးဖြစ်သွားရင် အတော်ကြာကြာတော့ အဆင်ပြေတတ်သားကွဲ့။ အနည်းဆုံး တစ်ပတ်တော့ ငြိမ်သွားတာ။ ရုံးမှာရော၊ ကိုယ့်ကိုရော သားသမီးတွေအပေါ်မှာပါ ပြေလည်တယ်။ အိမ်လည်ထွက်၊ ရုပ်ရှင်ကြည့်၊ ဘုရားဖူး စိတ်ချမ်းသာစရာ တစ်မျိုးပဲ။ ဒီလို စိတ်ချမ်းသာရလို့တော့ ကိုယ်က ဘာလုပ်ရ ညာလုပ်ရ မပင်ပန်းဘူး သူငယ်ချင်း။ မောပါဘူး ဟူး ဟူး ဆိုတာမျိုးပေါ့ကွာ။

ဒါပေမဲ့ အချိန်တန်တော့ ဒုံရင်း ဒုံရင်းဟော့ ပုံမှန်ပြန်ရောက်သွားတာပဲ။ တစ်ခါတလေတော့ စိတ်ဓာတ်ကျတယ်ကွာ။ ဘယ်လိုလုပ် ကိုင်ရတွယ်ရမယ်ဆိုတာတောင် နည်းလမ်းမရှာတတ်တော့အောင် ဦးနှောက်ပျက်ခမန်းဖြစ်ရတယ်။ ခင်နှင်းယု ရေးတဲ့ဝတ္ထုထဲက မင်းသမီးလေးလို “မသိတာရော၊ လျှော့လိုက် လျှော့လိုက်” လို့ ကိုယ့်ကိုယ်ကိုယ် မဲတင်းရတော့တယ်။

မောင်ဟာ အရက်သောက်လေ့ သောက်ထ များလာတော့ ရှေ့ထက် ပိုများ



www.burmeseclassic.com

www.burmeseclassic.com



လာတယ် ထင်ပါရဲ့။ အသောက်များလာပြီဆိုတော့ ခါတိုင်းနဲ့ မတူတဲ့ အမူအကျင့် တွေ ဝင်လာခဲ့တော့တာပေါ့။ ခါတိုင်း အပေါင်းအသင်းနဲ့ စားကြ၊ သောက်ကြ လို့ ထွေလာရင် ဘာမှမပြောဘဲ အိပ်ရာထဲ တောက်လျှောက် ဝင်အိပ်တတ်ပေမယ့် နောက်ပိုင်းမှာ အိမ်ကို ပြန်မရောက်ခင်ကတည်းက ကားပေါ်မှာတင် အိပ်ပျော် သွားလို့ ပြန်ပို့ပေးကြရတာတွေ၊ သူများအိမ်မှာ အိပ်ပျော်နေလို့ လိုက်ခေါ်ရတာ တွေ တိုးတက်လာခဲ့တာပေါ့။ ဒါမျိုးကျတော့ ကိုယ် ရှက်တယ်။

ဘယ်သူ့အိမ်မှာ အိပ်ပျော်နေတယ်ဆိုတာသိရလို့ လိုက်ခေါ်ရတာ အကြောင်း မဟုတ်ပါဘူး။ ကိုယ် ရှက်လည်း ရှက်ရှက်ပေါ့။ ကိုယ့်လင်သားဆိုတော့ မျက်နှာ နောက်ထားပေါ့။ တစ်ခါတလေကျတော့ အစကို ပျောက်နေတော့တာ ပဲ။ ညဉ့်နက်ပြီ၊ ရောင်နီလာပြီ၊ မိုးလင်းတော့မယ်နဲ့ ကိုယ့်မှာ စိတ်တွေပူ မအိပ်နိုင် ဟာကွာ တော်တော်ချောက်ကျတယ် သူငယ်ချင်း။ ကိုယ်သိတဲ့ သူ့အပေါင်းအသင်း တွေထဲက တယ်လီဖုန်းရှိတဲ့ အိမ်တိုင်းကို အချိန်မတော် ဖုန်းနဲ့ လိုက်မေး၊ တချို့ ကလည်း ချောင်းကြပါရဲ့၊ တချို့ကလည်း ဘယ်ကြိုက်မှာလဲကွာ။ ကိုယ့်ဒုက္ခနဲ့ ကိုယ် ဖြစ်လာတော့ အားနာရကောင်းမှန်း သိပေမယ့် တခြားနည်းက မရှိတော့ ခ လိုက်တဲ့ဖြစ်ခြင်းကွာ၊ ပြော မပြောချင်ဘူး။

ဒီလိုဖြစ်ပေါင်းများလာတော့ ကိုယ် စိတ်မရှည်နိုင်ဘူး။ ဒေါသထွက်မိတာ အမှန်ပါ။ ကိုယ့်မှာ ရုံးတစ်ဖက်၊ လုပ်ငန်းတွေက တစ်ဖက်နဲ့ တပင်တပန်း ဖြ လာ၊ အိမ်ရောက်တော့လည်း မောင့်အတွက် မအိပ်နိုင်၊ မနေနိုင် စောင့်ရ စိတ်ပူ ခါတိုင်းလို စားသောက်ပြီးရင် အေးအေးမနေတော့ဘဲ ဆူတတ် လောင်တတ် အော်ဟစ် ကြိမ်းမောင်း ဆဲဆိုရန်စတတ်နေကြောင်းတွေ ကြားသိထားရတာ ကြောင့် ရင်အေးအေးထားလို့ မရနိုင်တဲ့ အခြေအနေပဲ။ ရှုးချင်စရာ မကောင်းလား ကွာ။

တစ်ညတော့ ကိုယ့်စိတ်ကို ဘယ်လိုမှ ထိန်းလို့မရအောင် ဒေါသဖြစ် ပါတယ်။ သတ်ပစ်ချင်စိတ်တောင် ပေါက်တယ်။ အဲဒါလောက် စိတ်ဆိုးတယ် ရုံးက ညတာဝန် ရုပ်ရှင်သီချင်း အသံသွင်းဖို့ ဆက်သွားရတာနဲ့ ညတစ်နာရီလောက် မှ ရောက်ပါတယ်။ မောင်က အသံသွင်းတဲ့နေရာ လိုက်လာမယ်ဆိုလို့ သီချင်းသွင်း ပြီးပေမယ့် စောင့်ရတာပေါ့။ အချိန်သာ ကုန်ကုန်သွားတယ် မလာပါဘူး။ ဒါနဲ့ ကုမ္ပဏီက ကားနဲ့ ပြန်ပို့ပေးခိုင်းရတယ်လေ။ အိမ်ရောက်တော့ သူက မရှိဘူး





ဘယ်သွားမယ်ဆိုတာ ကိုယ့်လည်း မပြောဘူး။ အိမ်ကို မပြောထားခဲ့ဘူးတဲ့။ အခန်းသော့က သူ့ဆီ ပါသွားတယ်။ ကိုယ့်မှာ အဝတ်မလဲနိုင်။ အညောင်းလည်း ဆန့်နိုင်နဲ့။ လင်းတမှိုင် မှိုင်ရတော့တာပဲ။ ခဏကြာရင် ရောက်မယ်၊ ပြန်ရောက် တော့မှာပါလို့ ထိုင်စောင့် ထိုင်စောင့်နဲ့ မနက်သုံးနာရီသာ ထိုးပါရော သူကတော့ ပြန်တန်း (No Return) ပဲ။ ဒီတော့လည်း ဘာများဖြစ်ပါလိမ့်ပေါ့။ စိုးရိမ်တာ စိုးရိမ်တာ စိုးရိမ်ရတာ၊ ကိုယ် အလုပ်ရှိတာ သူ သိတယ်။ အခန်းသော့လည်း ယူထားတယ်။ ကိုယ်ရောက်တဲ့နေရာတိုင်း ဖုန်းရှိတယ်။ မဆက်ဘူး၊ ပြန်မရောက် ဘူး ဒါကိုထောက်တော့ တစ်ခုခု ဖြစ်ပါပြီလို့ ငိုရပြန်ရော။ မနေနိုင်တဲ့အဆုံး သူ သွားတတ်တဲ့ သူ့သူငယ်ချင်းတစ်ယောက်အိမ်ကို ဖုန်းဆက်မေးမိပါတယ်။

"ရှင့်လင်ပျောက်တိုင်း ဒီအိမ်လာမယ်ချည်း ထင်နေသလား" လို့ တစ်ဖက် က အိမ်ရှင်မရဲ့ ငေါက်သံအဆုံးမှာ ဖုန်းသံ ချောက်ခနဲ ချလိုက်တာ ကြားရတာပါပဲ။ ကိုယ်ဖြင့် ရှက်လည်းရှက် ဒေါသလည်းထွက် ငိုလည်းငိုဖြစ်ရတယ်။

မနက် လေးနာရီကျော်လောက် ဝေလီဝေလင်း အလင်းရောင်လေး ပေါ်လာ တော့ မဖြစ်တော့ဘူး၊ တုတ်ခေါ်းလေးဆွဲပြီး ဘတ်(စ်)ကားနဲ့ လင်အရှာထွက်ရတော့ တယ်။ ကားပေါ်သာ တက်ခဲ့ရတယ် ဘယ်နေရာ ဘယ်အိမ်ကို သွားလိုက်ရှာရမလဲ ဆိုတာ မသိဘူးလေ။ တွေးလို့မရခဲ့နိုင်ဘူး။ နောက်တော့ ဗိုလ်တထောင် သစ်စက်ဝင်းမှာ နေတဲ့ မောင့်သူငယ်ချင်းက သိပ်ရင်းနှီးတယ်။ အဲဒီလည်း သူ သွားတတ်တယ်။ အဲဒီမှာ သူမရှိရင် သူ ရှိမယ့်နေရာတော့ အသိပေးနိုင်လိမ့်မယ်လို့ တွေးမိတာနဲ့ အဲဒီ ရောက်တော့ ကားပေါ်က ဆင်းလိုက်ရော။

အင်း… ဆင်းလိုက်တာတော့ ဟုတ်ပါပြီ၊ အဲဒီကို ဘယ်ကားနံပါတ်က ရောက်လို့ ဘယ်နေရာက ပြောင်းစီးရမယ်ဆိုတာ ကိုယ် မသိပြန်ဘူး။ မရယ်လိုက် နဲ့ သူငယ်ချင်း၊ ကိုယ် တုံးတာလည်း သိပါတယ်။ ရန်ကုန်မှာနေတာ ကြာခဲ့ ပေမယ့် အလုပ်ကိစ္စကလွဲလို့ ဘယ်မှသွားဖူးတာမှ မဟုတ်တာ။ ဘယ်ကားစီးလို့ ဘယ်ရောက်မယ် မသိတာ မဆန်းပါဘူး။ မိုးကလည်း မလင်းသေးတော့ အငှား ကား မစီးရဲ။ ဘယ်လောက် ခက်သလဲ။ ဒါနဲ့ ကားဂိတ်နားက မုန့်ဟင်းခါးဆိုင် ကို ဝင်မေးရတယ်။ ဗိုလ်တထောင်ကို ဘယ်ကားစီးသွားရသလဲလို့။

မုန့်သည်က မျက်လုံးပြူးကြည့်တယ်ကွာ။ ဒီလိုပုံမျိုးနဲ့ တောက လာ တာလည်း ဟုတ်မယ်မထင်ပေါင်။ ဘာလာကြောင်တာလဲဆိုတဲ့ သဘောပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပြန်တော့ ပြောပါတယ်။ (၁၃) ကားဆိုလား၊ (၁၅) ကားဆိုလား နားထဲမှာ မသေချာပါဘူး။ ထပ်မေးရမှာ ရှက်စရာကြီး။ တုံးလွန်း အလွန်းတာ တယ်ဗျ သိတယ်ကွ။ ဒီတော့ ငါမှာ ဓားပါသားပဲပေါ့လေ။ ရဲသွေးလေး တွန့်ဆုတ်တွန့်ဆုတ် သုံးဘီး ငှားစီးပြီး ခရီးဆက်လိုက်ရတယ်။

အဲဒီအိမ်ကို မနက် (၅) နာရီခွဲလောက်ကြီး ကိုယ် ရောက်သွားတယ် တံခါးခေါက်သံကြားတဲ့ သူ့သူငယ်ချင်း အရာရှိမင်းက တံခါးလာဖွင့်ပေးရင်း ကိုယ့်ကို မြင်တော့ ပါးစပ်ကို ဟသွားတာပဲ။ လင်မယား ရန်ဖြစ်မှာလည်း စိုးတယ်ထင်ရဲ့။ "ညက များသွားလို့ အိပ်ပျော်သွားတာ။ နှိုးလို့မရတာနဲ့ ကျွန်တော် သိပ်ထားပါတယ်။ သူ ဘယ်မှမသွားပါဘူး။ တခြား ဘယ်သူမှလည်း မပါပါဘူး။ သူ တစ်ယောက်တည်း ပြန်မှာဆိုတော့ မူးလည်း မူးနေပြီဆိုတော့ ကျွန်တော် စိတ်မချလို့ပါဗျာ စိတ်မဆိုးပါနဲ့နော်" လို့ ဆီးကြို တောင်းပန်စကား ပြောတယ်။

ကိုယ်က ဒေါကန်လာတဲ့သူဆိုတော့ ဘာစကားမှ ပြန်မပြောနိုင်ဘူး။ သူ ဘယ်မှာလဲဆိုတာပဲ မေးနိုင်တယ်။ မောင် အိပ်နေတဲ့ အခန်းကို လိုက်ပို့လို့ ကြည့်လိုက်တော့ မောင်က ခွေခွေလေး အိပ်ပျော်နေတယ်။ သူ့ဘေးမှာ ပုလင်းခွံတွေ တန်းကိုစီလို့။ အိပ်မောကျနေလိုက်တာမှ သူသတ်သွားတောင် သိမယ့်ပုံ မဟုတ်ဘူး။ နှိုးလို့ တော်တော်နဲ့ မရဘူး။

နိုးလည်း နိုးရော "ဟာ... အေး လိုက်လာတယ်၊ ဘယ်သူပါသေးလဲ" တဲ့။ ကိုယ် စိတ်တိုမှန်းလည်း သိနေတော့ မျက်လုံးအဝိုင်းသားနဲ့လေ။

"တစ်ယောက်တည်းလာတာ ခုတွေ့ပြီပဲ ပြန်မယ်" လို့ တုံးတိတိ ပြောခဲ့ပြီး အခန်းထဲက လှည့်ထွက်ခဲ့တယ်။

မောင်လည်း ကိုယ့်ခြေလှမ်းမြန်မြန်နောက်ကို အမီလိုက်လာတယ်။ အိမ်ရှင်က ထိုင်ပါဦးဆိုလို့ စိတ်အသာထိန်းပြီး ပြောဆိုနေရပေမယ့် မအိပ်နိုင်၊ မနေနိုင် သောကလှိုင်ခဲ့ရတာတွေအတွက် ဘဝင်မကျသေးပါဘူး။ တွေ့တာ တော်သေးတာပေါ့။ မဟုတ်ရင် ဘယ်လျှောက်လိုက်ရဦးမယ်မှ မသိတာ။ ပြန်ခဲ့ကြတော့ မောင်က အရှိန်ပြေသေးတာ၊ မဟုတ်ဘဲ ကိုယ်တိုင် မောင်းပြန်လာခဲ့ရတယ်။

အိမ်ရောက်တော့ သူ ကြည်ကြည်လင်လင် ဖြစ်သွားပြီလေ။ ဒီတော့ ကိုယ့်လက်ထဲက တုတ်ဓားကို မြင်တော်မူရှာတာကိုး။

"အလို... ဓားတွေ ဘာတွေနဲ့ပါလား"တဲ့။ "ဟုတ်တယ်၊ ရှင့်ကို သတ်





ချင်" လို့ ကိုယ်က ခပ်တည်တည် ထန်ထန်ကြီး ပြောလိုက်တယ်။ ဒီတော့လည်း ကြောက်တတ်လိုက်တာ သူ့အပြင် မရှိဘူး။ "အေး... တကယ် မောင့်ကို သတ်မလို့လား"တဲ့။ သူကြည့်ရတာ တုန်တုန်ရီရီနဲ့ဆိုတော့ ကိုယ် သနားသွားတယ်။ ရယ်လည်း ရယ်ချင်တယ်၊ မရယ်မိအောင်လည်း ထိန်းထားရတယ်။

"ဟုတ်တယ်၊ ဘယ်နှခါ ပြောရမလဲ။ ဒါပေမဲ့ တခြားမိန်းမတစ်ယောက်နဲ့ အိပ်နေတာ မဟုတ်လို့ မသတ်တော့ဘူး" လို့ ပြောရင်း မနေနိုင်တော့ဘူး ဟားဟားနဲ့ ကိုယ်က အော်ဟစ်ရယ်ပစ်လိုက်တော့ မောင်က ကြောင်တောင်တောင်ကြီး ငေးလို့။ ငါမိန်းမတော့ ဒေါသအားကြီးလို့ ဦးနှောက် ချောင်သွားသလားလို့ တွေးသလား မသိဘူး။

"အေး... အေး ဘာဖြစ်နေတာလဲ။ လက်ထဲကဓား ချထားလိုက်စမ်းပါ။ အေး... အေး၊ ဘာလို့ အော်ရယ်နေတာလဲ။ သူများတွေ ကြားကုန်ပါ့မယ်။ အော့... အေး၊ ဒီမှာ မောင့်ကို ကြည့်စမ်း" နဲ့ ကိုယ့်ကို လှုပ်လှုပ်ပြီး မျက်ကလဲဆန်ပျာ ဖြစ်နေတယ်။

မောင်က အဲဒီလိုလုပ်လေ ကိုယ်က ရယ်ချင်လေ။ ပိုရယ်လေ မောင်က စိုးရိမ်လေ ဖြစ်နေတယ်။ ကြာတော့ မောင့်မျက်အိမ်မှာ မျက်ရည်တွေ ဝိုင်းလာတယ်။ အိမ်ကလူတွေ ခေါ်လိုခေါ်၊ ကိုယ် နေမကောင်းရဲ့လား၊ အခြေအနေကောင်းရဲ့လား မေးလိုမေးနဲ့ ကိုယ့်မှာ အတော်ပြန်ပြီး ဣန္ဒြေဆည်ရတယ်။ ဒီတော့မှ ကိုယ်တော်က "အေး သတိရတယ်နော်" တဲ့။ ကိုင်း... မှတ်ကရော။ သူ့ကို အရှုံးလို့ ကင်ပွန်းမတပ်ရဲ ခံလိုက်ရတယ်။ ဒါနဲ့ သူ သေမှာ ကြောက်တာ မြင်လိုက်ရတာ တွေးမိလို့ ရယ်တာပါလို့ ရှင်းပြရတယ်။ ကိုယ့်မှာ ဒေါသကို ဟာသလုပ်ပြီး ပြဿနာရှင်းခဲ့ဖူးသလို မျက်ရည်ကျ မာန်ချရှင်းရတာလည်း ရှိတာပေါ့ သူငယ်ချင်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ကိုယ်တို့ ဝင်ဒါမီယာပြောင်းပြီး သုံးလေးလလောက်ရှိတဲ့ အချိန်ကပေါ့။ ကိုယ်တို့အိမ်ကလေး အရှေ့သပ်တုန်းဆိုတော့ လက်သမားဆရာကြီးကို ဆင်စရာ ပြင်စရာ အလုအပလေးတွေ၊ ချစ်စရာကောင်းတဲ့ ပရိဘောဂလေးတွေ လုပ်ခိုင်းခဲ့ တယ်။ ဒီပစ္စည်းလေးတွေထဲမှာ စာထည့်ဖို့ စာတိုက်ပုံး ပြာပြာလှလှလေးလည်း ပါတယ်။ ကိုယ်က အိမ်မှာရှိတဲ့ ထားတဲ့ အိမ်ထောင်ပရိဘောဂ အားလုံး ကိုယ်တိုင် ပုံစံထုတ်ပြီး လုပ်ခိုင်းတယ်။ ဒါက ကိုယ့်အတွက် စိတ်ကြည်နူးစရာမို့လို့ ဝါသနာ တစ်ပိုင်းကို ဖြစ်နေတာပါ။ အဲဒီစာတိုက်ပုံးကလေးက ချစ်စရာကောင်းတော့ ရှု ဖြုတ်သွားမှာစိုးလို့ တော်တော်နဲ့ မချိတ်ထားဖြစ်ပါဘူးကွယ်။

တစ်နေ့တော့ ခိုးလည်းခိုးဖြုတ်ပါစေလို့ ချိတ်ခဲ့တယ်။ ဒါတောင် အိမ်ခြံ မှာ မဟုတ်ဘူး၊ အိမ်ကနေ လှမ်းမြင်နေရတဲ့ တယ်လီဖုန်းတိုင်မှာ။ ကိုယ်တို့ ညနေ ရုံးဆင်းပြန်လာကြတော့ လက်သမားဆရာကြီးက ပြန်မယ်ပြင်ရင်း "ဒီနေ့ စာတိုက်ပုံးလေး စချိတ်တာဆိုတော့ ဈေးဦးပေါက်ပြီလား ကြည့်လိုက်ဦးမယ်" လို့ စက်ဘီးလေးတွန်းထွက်သွားတယ်လေ။ ကိုယ်တို့ အိမ်ထဲတောင် မဝင်ကြ သေးပါဘူး။ မောင်က "အေးရေ ခုန ကောင်လေးနှစ်ယောက် စာတိုက်ပုံးနားအထိ ဆင်းလာကြတာ တွေ့လိုက်သလား" တဲ့။ ကိုယ်က အမှတ်တမဲ့ဆိုတော့ မမြင် လိုက်ဘူး။ လက်သမားဆရာကြီးက စာတိုက်ပုံးထဲ လက်နှိုက်ရင်း အော်ပြောတယ် "စာတစ်စောင် ရှိတယ်ဟေ့" တဲ့။ ကိုယ့်အိမ်မှာ လူမရှိသေးလို့ ခဏလာနေတာ တဲ့ ဥက္ကလာက အိမ်နီးချင်း အမေကြီးက သွားယူလာခဲ့တယ်။ မောင်က စာအိတ်





ကို ကိုယ်တိုင် ယူလိုက်တော့ စာအိတ်က ဖောက်ပြီးသားကြီး။ စာတိုက်တံဆိပ် ပါဘူး။ လူကိုယ်တိုင် ထားသွားတာ ဖြစ်မှာပဲ။

မောင်က စာထုတ်ဖတ်ရင်းနဲ့ မျက်လုံးက အရောင်တောက်လာတယ်။ ပြုံးမှုန်လာတယ်။ ပြီးတော့ ဝုန်းခနဲ ထရင်း "ကိုင်း... မအေးမြင့်၊ ခင်ဗျား ဖတ်ကြည့်ပြီး ပြန်ဖြေစမ်း" တဲ့။ စာခေါက်ကို ပြန်ပေးခဲ့ပြီး အခန်းထဲဝင် ဝုန်းဒိုင်း ကြဲနေလေရဲ့။ ရင်တထိတ်ထိတ်နဲ့ စာဖြန့်ဖတ်မိတဲ့အဖြစ်ကို ခုထိ မြင်ယောင်ပါ သေးတယ် သူငယ်ချင်းရယ်။

စာရွက်အစိမ်းရောင်ကလေးတွေ ငါးရွက်လောက် အပြည့်ရေးထားတဲ့စာ။ အထဲမှာ ပါတာကတော့ လက်ရေးရှင်က ကိုယ့်ရဲ့ အပစ်ပယ်ခံ အချစ်သမားလေး။ ကိုယ်က အသည်းစား ဘုရင်မကြီး စိမ်းဆိုတဲ့အဖြစ်မျိုး။ လက်မှတ်ထိုးထားတာ မပါဘူး။ လက်ရေးရှင်က KEN ဆိုတဲ့ နာမ်စား သုံးထားတယ်။ ကိုယ် ဘာမှ မသိတဲ့ကိစ္စပါ။ ဒါပေမဲ့ တစ်ယောက်ယောက်က ကိုယ့်ချောက်ချတာလို့ သဘော ပေါက်ရပါတယ်။ ဒါမှမဟုတ် ကိုယ် မျက်ရည်ကျအောင် ကျီစားချင်တဲ့ လမ်းသရဲ လေးတွေလက်ချက် ဖြစ်နိုင်တယ်ဆိုတာလောက်ပဲ တွေးလို့ ရနိုင်တယ်။

မောင့်ရာဇသံကတော့ "ဖတ်ပြီး ဖြေစမ်း" တဲ့။ ကိုယ်မှမသိတဲ့ ဒီစာ အကြောင်းအတွက် ကိုယ့်အဖြေဟာ "မသိဘူး" ဆိုတာပဲ ရှိတော့မှာပေါ့။ လုံးဝ မတ်သက်တဲ့စာအတွက် မစိုးရိမ်မိပေမယ့် ဖြေရှင်းရ ပြဿနာတက်ရမယ့်အတွက် တော့ ရင်အလေးသားပေါ့။ မောင်ကတော့ အိမ်ရှိ လူကုန်စစ်ဟယ် မေးဟယ် လုပ်ရုံမက ခြံနီးပါးချင်းတွေကိုလည်း ရန်မဖြစ်ရုံတစ်မည်။ ကိုယ့်ကို ကြိမ်းလိုက် မောင်းလိုက်တာ ရစရာ မရှိဘူး။

ကိုယ့်မယားအတွက် မကျေနပ်စရာ စာကြောင့် လင်သားတစ်ယောက်အနေ နဲ့ခံနိုင်မယ်မဟုတ်ဘူး။ သဘာဝကျပါတယ်၊ လက်ခံစရာကောင်းပါတယ်။ ဒါပေမဲ့ ကိုယ် ပတ်ဝန်းကျင်ကို စော်ကားမော်ကား ပြောတာဆိုတာ၊ အမူအရာနဲ့ တင်စီး ခဲ့တာမျိုး၊ မေးတာ စုံစမ်းတာမျိုးကိုတော့ ရှက်ရမယ်လို့ ကိုယ် ထင်ပါတယ်။ စိတ်ပျက်စရာကြီးကွယ်။ ခြံနီးပါးချင်းတွေ ကိုယ်တို့အိမ်တွင်းရေးကိစ္စကြောင့် အပ်လှုပ်ရှားရှားဖြစ်သွားရတာ အားနာစရာကြီး။

ဒီလိုလုပ်ရလို့ ပြီးသွားတာ မဟုတ်ဘူးလေ။ ကိုယ် ရှင်းလို့လည်းမရ နောက်ဆုံး ငိုရပြန်တာပဲ။ သူက စိတ်ပျက်တယ်ဆို ကားတစ်စီးနဲ့ ထွက်မယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က အတူဇွတ်လိုက်မယ်လုပ်တော့ တွန်းဟယ် ထိုးဟယ် မလိုက်ရဘူးတဲ့။ ကိုယ်နဲ့ ကားအတူတွဲစီးသွားရမှာတောင် ရှက်ပါသတဲ့။

ဘာပြောပြော ဘာထင်ထင် သူမျှားနှောင့်ယှက်တာနဲ့တော့ ကိုယ့်အိမ်ထောင်ရေး ဘယ်အပျက်ခံနိုင်မှာတုန်း။ သူ သိသွားရင် ပြီးသွားမှာ၊ အေးသွားမှာ သိနေတာပဲဟာ ဇွတ်ကိုလိုက်တာပေါ့။ သွားချင်ရာသွား အရက်ဆိုင်ပဲသွားသွား မရှက်ဘူး ကိုယ့်လင်နောက် ကိုယ်လိုက်မယ်ပြောလို့ သူ လက်လျှော့ ကားမောင်းသွားတော့တာ။ စကားတစ်လုံးမှ မပြောကြဘူး။ နောက် ရန်ကင်းက ဂီတလင်မယားအိမ် ရောက်သွားကြရော။

မောင်က တစ်ချပ်မှောက်ဖဲ ကစားနေတယ်။ ကိုယ်က ဘေးမှာထိုင် ကြည့်နေခဲ့တာလေ။ တစ်ယောက်နဲ့တစ်ယောက် စကားတစ်ခွန်းမှတော့ မပြောဘူး။ ဒါပေမဲ့ ကိုယ်တို့ ရန်ဖြစ်လာကြတယ်ဆိုတာ ကျိန်ပြောတောင် ဘယ်သူမှ ယုံနိုင်စရာမရှိအောင် ကိုယ်နေပါတယ်။ ဘယ်သူမှလည်း မသိကြဘူး။

အဲဒီရောက်လို့ နာရီဝက်လောက်ကြာတော့ ကိုယ့်မေမေနဲ့ ဖေဖေ ရောက်လာတယ်။ ကိစ္စရှိလို့ဆိုပြီး ကိုယ်တို့နှစ်ယောက်လုံးကို ပြန်ခေါ်ခဲ့တယ်။ ဘယ်သွားစရာ အရေးတကြီးရှိလို့လဲဆိုတော့ အိမ်ကိုပဲ မောင်းတဲ့။ ကိုယ်ကတော့ တိုင်ပင်စရာရှိလို့ ကိုယ်တို့ဆီလာရင်းနဲ့ ကိုယ်တို့ ကားလေး ရပ်ထားတာတွေ့လို့ ဝင်ခေါ်တယ်မှတ်ပြီး လင်မယား ရန်ဖြစ်ထားမှန်းမသိအောင် စကားတွေ ဖောင်လာတာပေါ့။

အိမ်ရောက်လို့ ထိုင်မိတာနဲ့-

"…. စာကိစ္စနဲ့ ပတ်သက်ပြီး မင်း ဘယ်လိုမြင်သလဲ။ ဘာလုပ်ဖို့ ဆုံးဖြတ်ထားသလဲ" လို့ ဖေဖေက စမေးတော့တာ။ နာရီဝက်လောက်အတွင်း ဘယ်လိုလုပ် သိသွားပါလိမ့်လို့ ကိုယ် အံ့သြနေတယ်။

မောင်ကတော့ ခပ်တည်တည်ပဲ ဆရာရေ့။

"ဘယ်သိမလဲ စဉ်းစားရဦးမှာပေါ့။ ခင်ဗျားသမီးအပေါ် ဘယ်လောက် ယုံကြည်ရမလဲမှ မသိတာ" လို့ မျက်နှာထားတင်းတင်းနဲ့ ပြန်ပြောတယ်။

အင်း… တစ်ပွဲတစ်လမ်းတော့ တွေ့ကြပြန်ပြီလို့ ကိုယ့်မှာ စိုးရိမ်နေတယ်။ မောင်ကလည်း မာရေကျောရေ အပြောအဆို ဟန်ပန်ကအစ အထက်စီးနဲ့ ကိုယ့်အဖေကလည်း ရေခဲတုံး ငါးခုတ်တုံးကြီးလို မတုန်မလှုပ်နေတတ်ပေမဲ့





ကိုယ့်အတွက်ဆို ဘာကို ရင်ဆိုင်ရမှာမှ မကြောက်တတ်တဲ့ အဘိုးကြီး။ ဆော---ဆော်ကြပြီ။

"အေးကွာ ခုနစ်နှစ်၊ ရှစ်နှစ်ပေါင်းလာခဲ့တဲ့ ကိုယ့်မိန်းမကို ဘယ်လောက် ယုံကြည်ရမလဲလို့ ပြောနိုင်တာ မင်း သိပ်တော်တာပေါ့။ ဒါဖြင့် မင်းတို့ အဆင်ပြေနေတာကို မလိုတဲ့သူတွေက ကြားဝင်ရင်လည်း မင်း ယုံမှာပဲဆိုတဲ့သဘောပေါ့။ အေးလေ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ကွာ၊ ခု မင်း ဘာဆုံးဖြတ်ထားသလဲ။ ဒါပဲ တို့ သိချင်တယ်" လို့ ထပ်မေးတယ်။

ဖေဖေ့ ကြည့်ရတာ မကျေနပ်တာကို ဖုံးဖိရလွန်းတဲ့အသွင်နဲ့ တစ်မျက်နှာလုံး ရဲရဲနီနေတယ်။ နှုတ်ခမ်းတွေတောင် တုန်လို့လေ။ ကိုယ့်အတွက် ဒါလောက် သောကရောက်ရရှာပါလားလို့ ရင်ထဲ နင့်ရပါတယ် သူငယ်ချင်းရယ်။

ကိုယ့်သားသမီးကို ဘယ်လောက် ယုံကြည်ရမှာမို့လဲလို့ အပြောခံထားရတော့ ဘယ်မိဘမောင်ဖွားမဆို ကျဲမြီးတိုကြစမြဲပေါ့။ ဖေဖေလည်း ဒီလိုပဲ ခံစားနေမယ် ထင်ပါရဲ့။ စိတ်က လူကို ထိန်းနိုင်ပေမယ့် အသံကိုတော့ တော်ရုံနဲ့ ထိန်းနိုင်တတ်ကြပါဘူးလေ။ အသံကတော့ ကျယ်ပေမယ်ပေါ့။

"သိပ်အော်မပြောနဲ့ဗျာ၊ ဒါရပ်ကွက်မဟုတ်ဘူး။ လူကြီးလူကောင်းတွေနေတာ။ ဒီကိစ္စအတွက် ဘာမှမပြောနိုင်သေးဘူး" လို့ မောင်က ပြန်ပြောရော။ ကိုယ့်အဖေက ပိုဒေါသကြီးသွားတယ်။ ကိုယ့်မိဘကို ပြောရက်လေခြင်းလို့ ရင်ထဲ ကောင်းလိုက်တာ မျက်ရည်ကျပြန်ရော။

"ဟေ… အော်ပြောတော့ ဘာဖြစ်သလဲ။ မင်းလို လူစကား နားမလည်တဲ့ ကောင်မျိုးကို စကားမပြောချင်ပါဘူး။ ငါ့သမီးကိစ္စမို့ မေးနေတာ၊ မင်းက အင်ဒါမီယာအရှိန် တက်နေတာကိုးကွ။ မင်းဟာ အတော် ဘဝမေ့တဲ့ ကောင်ပဲ" လို့ အော်တော့တာပေါ့။ ဒီတော့ မေမေက နှစ်ဦးလုံး အေးချမ်းအောင် နှင်းသိမ့်ကြားဝင်ခဲ့တယ်။

ကိုယ့်မေမေပြောတဲ့ စကားတွေထဲက-

"---- မင်း ပြောတာတွေ သင့် မသင့် မိဘချင်း ကိုယ်ချင်းစာနာပြီး ပြန်တွေးကြည့်ပေါ့ကွာ။ ဒီကိစ္စကိုလည်း အတိအကျ စုံစမ်းပါ၊ တို့က တို့သမီးကို ရင်အုပ်မကွာ မွေးလာတာပါ။ တို့ဟာ အနုပညာနဲ့ အသက်မွေးဝမ်းကျောင်းမှု ပြုခဲ့ရတဲ့သူတွေပေမယ့် တို့မှာ အမြဲပေါ် အမည်းစက်တင်မယ့် ပြဿနာမျိုးဖြစ်အောင်

www.burmeseclassic.com



မနေခဲ့ဖူးပါဘူး။ မင်းကြိုက်တဲ့နေရာမှာ မေးနိုင်တယ်။ တို့သမီးက မှားရင် မှန်တဲ့ အတိုင်းဖြစ်ရအောင် တို့ တာဝန်ယူတယ်'' ဆိုတဲ့ စကားကို ခုထိ ကိုယ် မမေ့သေး ပါဘူး။

မိဘနဲ့ လင်သားကြားမှာ ငိုရုံကလွဲလို့ ဘာမှ မဖြေရှင်းနိုင်ခဲ့ဘူး၊ မပြတ်သားခဲ့ ဘူး။ မိဘကို အထင်သေး၊ အမြင်သေး ဆက်ဆံ ပြောဆိုနေတာသိတယ်၊ ကြား တယ်။ လက်တွေ့မြင်နေခဲ့ရတယ်။

မိဘဆိုရင် သူခိုး၊ ဓားပြပဲဖြစ်ဖြစ် ဗုဒ္ဓဘာသာဝင်တို့မည်သည် ရှိသေရမယ် နေရာထားရမယ် မဟုတ်လား။ မိဘဆိုတာ အနန္တော အနန္တ ဂိုဏ်းဝင်တွေပါ။ မြတ်စွာ ဘုရားရှင် ကိုယ်တော်မြတ်နဲ့ တစ်ဂိုဏ်းတည်းပါလားလို့ ရိုးရာယဉ်ကျေးမှု တစ်ရပ် အဖြစ်သာ လက်ခံတယ်ထား လေးစားထိုက်တယ်လို့ ကိုယ် ယုံကြည်တယ် သူငယ်ချင်း။ အမှန်ကို အမှန်အတိုင်းတော့ သိပါရဲ့၊ ကိုယ်မပြောခဲ့ပါဘူး။ ကိုယ့် လင်က ကိုယ့်မိဘကို မလေးမစားလုပ်တာတွေ ရှိပေမယ့် ပြောရင် ဘက်လိုက်တယ် ဆိုတာ ကိုယ့်ပြန်ပြောမှာ ကြားရမှာပါ။

ကိုယ့်အိမ်အကြောင်းနဲ့ ပတ်သက်လာရင် မောင်က ကိုယ့်ကို ဘယ်တော့မှ အလျှော့ပေးမှာ မဟုတ်ဘူးဆိုတာ ကိုယ် သိထားတယ်။ သူက တင်းလို့ ကိုယ်က တင်းရင် ပြတ်ကြဖို့ပဲ ရှိတော့တယ် မဟုတ်လား သူငယ်ချင်း။ မိဘဆိုတာကတော့ သားဆိုးသမီးဆိုးပေမယ့် ပစ်ရိုးထုံးစံ မရှိလေဘူး။ ဒီတော့ ခွင့်လွှတ် နားလည်မှာပါ လို့ ဖြေရတော့တာပါပဲကွယ်။

မိဘကတော့ ဒီစာပြဿနာနဲ့ ပတ်သက်ပြီး နောက်ထပ် ဆက်မဖြစ်ကြနဲ့ လို့ ပြောဆိုဆုံးမ ပြန်သွားကြတယ်။ မပြန်ခင်က သွေးအေးသလိုလို အရိုက်သတ် နေခဲ့တဲ့ မောင်က မိဘမျက်ကွယ်ရောက်တာနဲ့ ကိုယ့်ကြောင့် သူ အပြောခံရပါတယ် ဆိုပြီး မကျေပွဲလေး ဆက်ပြန်တော့တယ်။

သူငယ်ချင်းရေ၊ ကိုယ်တို့ မိန်းမသားတွေ ဆိုတာက နောက်ဆုံးတော့ အားလုံးကို ငုံ့ရ ညှာရတာနဲ့ အလျှော့ပေးရတတ်တာပဲ မဟုတ်လား။

ဒီပြဿနာဖြစ်ပြီးတဲ့ တစ်ရက်၊ နှစ်ရက်အတွင်း မောင်က စိတ်မပြေဘူး သုန်တုန်းမှုန်တုန်း။ (၃) ရက်လောက်ရှိတော့ ကိုယ်တို့ တစ်လမ်းလုံး တစ်ခြံထဲ နံပါတ် တစ်ခြံကို ပြောင်းချိတ်၊ တစ်အိမ်က နာမည် တခြားအိမ်ကို ရောက်လိုရောက် တစ်လမ်းလုံး နောက်ပြောင် ဆွဲချိတ်ထားကြတာ ရယ်စရာကြီး သူငယ်ချင်းရေ၊ ဒီလို မကြာခဏ နောက်ပြောင်တတ်တယ်။ မဟုတ်မဟတ် စာတွေ ရေးထည့်ထား





တတ်ကြတယ်ဆိုတာ သိလာရတယ်။ ကိုယ်တို့လို ကသိကအောက်နဲ့ ဖြစ်တာမျိုး တွေလည်း ရှိခဲ့ဖူးတယ်ဆိုတော့မှ မောင့် သံသယလည်းကျ၊ ကိုယ် သက်ပြင်းလည်း ချနိုင်တော့တာပါ။

ဆက်ရေးချင်တာက ကိုယ်တို့ နှစ်ယောက် ဆွေမျိုးရေး ပြဿနာတွေ ဆိုပါတော့ကွာ။ ရှေ့မှာ သူငယ်ချင်း ဖတ်ခဲ့ရတာတွေကို ကြည့်ရင် ကိုယ့်ဘက်က အမိအဖတွေနဲ့ အဆင်မပြေဘူးဆိုတာ အကြမ်းအားဖြင့် သိနိုင်မယ်လို့ ကိုယ် မျှော်လင့်ပါတယ်။

ကိုယ့်ဖေဖေက လူအေးဆိုတော့ တော်ရုံကိစ္စဆို မသိသလို နေခဲ့တာပါ၊ ကိုယ့်မေမေက မောင့်ကို သိပ်ချစ်ခဲ့တယ်။ အိမ်ထောင်ကျခါစကများ သား သားနဲ့ နှုတ်များက ချတယ်ကို မရှိဘူး။ ကိုယ်တို့ အိမ်ထောင်ရေး အဆင်မပြေတာတွေ ကြားရ မြင်ရတာက တစ်မျိုး၊ အဖက်မတန်သလို ဆက်ဆံခံရတာတွေ များလာ တော့ သားလို့ကို မခေါ်ခဲ့တော့ဘူး။ ကိုယ်တို့ ဝင်ဒါမီယာကို ပြောင်းလာမှ ပိုဆိုး ခဲ့တာပါလေ။

သူငယ်ချင်း သိပြီးတဲ့အတိုင်းပေါ့ကွာ၊ ကိုယ့်သမီးနဲ့သားကို မွေးစကတည်း က ကိုယ့်မိဘတွေက မွေးကျွေးပြုစုလာခဲ့တာ မဟုတ်လား။ သားသမီးကိုတော့ အချစ်၊ မြေးကိုတော့ အနှစ် ဆိုသလိုပေါ့ကွာ၊ တုန်နေအောင် ချစ်ကြတာကိုး။ ပြဿနာက အချစ်ပြိုင်ကြတာ ဆိုပါစို့။ ကလေးတွေကို ကိုယ်တို့နဲ့ ခေါ်လာခဲ့ကြ တော့ ကျောင်းပိတ်ပြီဆိုရင် လာလာခေါ်တတ်ကြတယ်။

ဒါကို မောင်က နည်းနည်းမှ မကြိုက်ခဲ့ဘူးလေ။ စည်းကမ်းပျက်တယ်၊ ရပ်ကွက်က အကျင့်တွေ ကူးတယ်နဲ့ အမြဲဖျက်ခဲ့တယ်။ ကလေးဆိုတာ အဘိုး အဘွား လက်သာရင် တွယ်တာတတ်ကြတာ ဓမ္မတာပဲ မဟုတ်လားကွယ်။ အလို လိုက်တာကိုး။

အဘိုးအဘွားတွေကကောကွယ် မြေးမချစ်ဘဲ အလိုမလိုက်ဘဲ လက်မသာ ဘဲ ရှိလိမ့်မလား။ ဒီအဘိုးအဘွားနဲ့ ဒီမြေးတွေအတွက် မောင်က ပြဿနာတက် လာတော့ ကိုယ်လည်း မတတ်နိုင်ပြန်ဘူး။ အကျိုးသင့် အကြောင်းသင့် ပြောပြ သည်း အသည်းခိုက်လောက်အောင် အပြောအဆိုခံရတာပါပဲ။

''မင်းတို့ အောက်တန်းစားစိတ်တွေ ဝင်မှာစိုးလို့'' ဆိုပဲ။ အထက်တန်း စားဆိုတာ ဘယ်လို အဓိပ္ပာယ်ဖွင့်သလဲ မသိပါဘူးကွာ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မေမေက အမှတ်ကြီးတယ်။ ဒီစကားကြားရကတည်းက မလွှဲသာ မရှောင်သာတဲ့ ကိစ္စကလွဲပြီး အိမ်ကို မလာဘဲနေတော့တာ သူငယ်ချင်းရဲ့။ ဖေဖေကတော့ ကိုယ့်သမီးကြီးကို အသည်းစွဲကိုး။ မနေနိုင်ရှာဘူး၊ ကျောင်းပိတ်ရင် ပေါက်လာတာပဲ။ ဒီကိစ္စမှာ ကိုယ်က နှာစေးနေတဲ့ ယုန်သူငယ်လို နေတာမှန်း သိတော့ သမက်ကို မျက်နှာအောက်ချ ပြောဆို ခေါ်ရှာတယ်။ ပြောလို့ရတဲ့အခါ ဆိုတာတောင်မှ ဘယ်နေ့နောက်ဆုံးထား ပြန်ပို့ပါဆိုတာမျိုး ခါးထောက်ပြောလွှတ် တတ်သေးတာ။ ဒါလည်း ဖေဖေကတော့ ပြုံးပြုံးပါပဲ။ ဖေဖေ့အဖို့ရာမှာ သူ့မြေး တွေ စိတ်လွတ်လက်လွတ်နေချင်၊ ကစားချင်၊ စားချင်တဲ့ ဆန္ဒတွေကို ဖြည့်ပေး ဖို့သာ အဓိကဆိုတော့ သည်းခံလိုက်တာချည်းပေါ့။

မခေါ်ပါနဲ့ ဆိုတဲ့အခါကျတော့ မြေးတွေက ငိုမဲ့ငိုမဲ့နဲ့မို့ မပြန်နိုင်ရှာဘူး။ အိမ်မှာ မြေးတွေနဲ့အတူ အိပ်တော့တာပဲ။ ဒါလောက် သံယောဇဉ်ကြီးတာ သူငယ်ချင်း။

ဒီတော့ ကလေးတွေက မချစ်ဘဲ၊ မတွယ်တာဘဲ ရှိပါ့မလားကွာ။ မြေး တွေများ ခေါ်သွားခွင့်ရရင် ဖေဖေဆိုတာ ရှင်လို့။ မြေးလေးတွေ အဝတ်အစား ကိုယ်တိုင် ထုပ်ပိုး၊ ကိုယ်တိုင်လွယ်နဲ့၊ ကလေးတွေဆိုတာလည်း လိုက်ခွင့်ရတာနဲ့ ထမင်းတောင် မစားနိုင်ဘူး။ မြေးအဘိုးတစ်တွေ ကုပ်ကုပ်ကုပ်ကုပ်နဲ့ ဘတ်စ်ကား ဂိတ်ပြေးကြရော။

သူငယ်ချင်းက ဘတ်စ်ကားဂိတ် ပြေးကြရောလို့ဆိုတာနဲ့ မင်းက ဘာလို့ လိုက်မပို့ရတာလဲလို့ မေးချင်လိမ့်မယ် ထင်ပါရဲ့။

အေးကွာ သူငယ်ချင်း၊ ပြောရ ခက်ပါတယ်။ မောင်က သူ မကြိုက်တဲ့လမ်း သွားတဲ့အတွက် ကလေးတွေကို ဒဏ်ပေးတာတဲ့။ သူတို့ဟာ သူတို့ သွားချင်လို့ သွားတာ၊ ခေါ်ချင်တဲ့သူကလည်း ခေါ်တာ၊ ဒီတော့ ကြိုက်ရာ၊ ကြုံရာနဲ့ သွားပေ့စေ ပေါ့တဲ့။ သမီးတို့၊ သားတို့က လိုက်သွားခွင့်ရလို့ ပျော်ပျော်ရွှင်ရွှင် အိမ်က ထွက်သွား ကြပေမယ့် ပြန်မယ့်ရက်ကျရင်တော့ စိတ်ဆင်းရဲကြမှာပါကွယ်။

စဉ်းစားကြည့်လေ သူငယ်ချင်းရယ်။ သောကြာနေ့ ညနေ ခေါ်သွားတယ် ဆိုပါတော့ တနင်္ဂနွေနေ့ ပြန်ရမယ်ဆိုတာ သိတာပေါ့။ ပြန်ရမှာကလည်း စိတ် မပါတော့ အဘိုးအဘွားတွေကလည်း သနားပြီး ဖွတ်လိုက် မပို့ရက်ကြပြန်ဘူး။ အဲဒါဟာ သူတို့အတွက် အပတ်စဉ်လိုလို ဖြစ်ရတဲ့ ပြဿနာကြီးလိုကို ဖြစ်နေ တော့တယ်။





အဲဒီလိုမျိုး ကလေးတွေအလိုကို လိုက်ခဲ့မိရင် တနင်္လာနေ့မနက် အစောကြီး ပြီးပို့ရတာ၊ ဥက္ကလာကနေ ကလေးတွေ ကျောင်းကားရောက်မယ့် မနက် (၇) နာရီခွဲ အရောက်လာရမှာကိုး။ မမီရင်လည်း ကလေးတွေ အတီးခံရမှာ စိုးရသေး တယ် မဟုတ်လား။ ကသုတ်ကရက်ထဲမှာ ကလေးတွေ ကြိုက်တတ်တဲ့ ထမင်း ကြော်လည်း ကျွေးဖြစ်အောင် ကျွေးရသေးတာ။ တစ်ခါတလေ ကလေးတွေ မမီ တန်းဖြစ်ခဲ့ရင် ကားကလည်း အလွယ်တကူ တက်လို့မရ၊ စီးရမှာကလည်း ကားနှစ်တန်၊ သုံးဘီးကားခေါ်လို့က ခက်နဲ့၊ သူတို့ခမျာတွေ ငိုတောင် ငိုရှာတယ်။ သုံးဘီးကားခေါ်လို့ရရင် တော်သေးတယ်၊ ဘတ်စ်ကားနှစ်ဆင့်နဲ့လာရင် လမ်းထိပ် ကနေ ကုန်းအတက်ကြီးကို ကိုက် (၅၀၀) တောက်လျှောက် တက်လာကြရတာ အပြေးအလွှားဆိုတော့ ဘယ်လို နေကြရှာမလဲကွယ်။

နွေနဲ့ဆောင်းမှာ ပြဿနာမရှိပေမယ့် မိုးနဲ့ လေနဲ့ဆိုရင် ရွှံ့ရွှံ့ကို စိုလို့။,မြင် ရတဲ့ ကိုယ့်မှာ ရှေ့ရင်ဆို့ရတယ်၊ အသည်းနာတယ်။ ကိုယ့်မှာ ကိုယ်ပိုင်ကားရှိတယ်၊ ကိုယ့်မိဘ ကိုယ့်သားသမီးအတွက် ကိုယ် မသုံးနိုင်ခဲ့လို့ မျက်ရည်ကျရတယ် သူငယ်ချင်း။ တစ်ခါတလေ မောင့်ဆွေမျိုးတွေ ဥက္ကလာပြန်မှာနဲ့ ကြုံရင်သာ ကလေးတွေနဲ့ မိဘတွေဟာ ကားစီးခွင့်ရကြတာ၊ ဒါလောက်အထိ အဆက်ဆံခံကြ ရပါတယ်ကွာ။

ကိုယ့်မှာ ရှားရှားပါးပါး မောင်လေးဆို တစ်ယောက်တည်းရှိတာပါ။ သူ့ အတွက် "နမ ကောင်းစားရင် မောင် ခေါင်းပေါင်းစထောင်" ဆိုတာမျိုး မဖြစ်ခဲ့ ပါဘူး။ အမြဲ အနှိမ်ခံရရှာပါတယ်။ ညီမအထွေးဆုံးလေးကလည်း တစ်ယောက် တည်း ပါတာပါ။ သူကလေးကတော့ အနေသိပ်ဝေးလေတော့ တော်သေးတယ်။ ကိုယ့်အပြစ်တွေပါ သူငယ်ချင်း။ ကိုယ်က ကိုယ့်လုပ်ငန်းတွေနဲ့ ကိုယ့်လင်အတွက် အချိန်ပေးခဲ့တာကိုး။ ကိုယ်က ကိုယ့်အိမ်ကလွဲလို့ မိဘမောင်ဖွားအိမ်ဆိုလို့ ညတောင် သွားမအိပ်၊ မနေခဲ့ဖူးဘူး။ ကိုယ် အားလုံးကို ပစ်ထားခဲ့သလို ဖြစ် တယ်။

ဒါကလည်း ကိုယ့်အိမ်ထောင်သည်သာ ပထမ၊ ဒုတိယ၊ တတိယ ထား ခဲ့လို့ပဲ။ ဘာပြဿနာမှ မရှင်းချင်တာလည်းပါတယ်။ နေ့လယ်နေ့ခင်း အကြောင်း ကြောင်းတောင်မှ မောင်မပါဘဲ မသွားဘူးလေ။ တစ်ယောက်တည်းသွားရင် နောက်ကွယ် တိုက်တယ်၊ တွန်းတယ် မထင်စေချင်တာရယ်၊ ကျွန်မ ယောကျ်ားလည်း



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို လိုက်လည်ချင်စိတ် ရှိပါတယ်လို့ မိဘတွေရဲ့စိတ်ကို အေးစေချင်တာရယ် ကြောင့်ပါ။ အဲဒီလို ဘယ်လောက်ပဲ အဆင်ပြေအောင် ဖန်တီး ဖန်တီး ပင်ပန်းတာ သာ အမြတ်ကျန်တာပါပဲ။

ကိုယ့်ဘက်ကိုသာ မောင်က ဒီလိုဆက်ဆံတာပါကွာ။ သူ့ဘက်ကျတော့ မေမေ၊ ညီလေး၊ ညီမလေးနဲ့ အလွန် ယဉ်ကျေးသိမ်မွေ့ရှာတာ။ အရင်းအချာတွေကို ချည်း ဒီလို ကြင်နာစကားဆိုတာ မဟုတ်ဘူး။ အမေနဲ့ ပထွေးက ထပ်မွေးထား တဲ့ မအေတူ ဖအေကွဲ ညီမတွေကိုရော၊ ဖအေနဲ့ မိထွေးတွေမှာရှိတဲ့ ညီ၊ ညီမတွေ ကိုပါ ဒီအတိုင်းပဲ ဆက်ဆံတာ။ ဒါတွေသာ ရေးရရင် ဘယ်တော့မှ ကုန်မယ် မထင်ပါဘူးကွာ။ ကိုယ်ကတော့ မောင့်အကြိုက်ဆို ပြီးတာကလား။ အားလုံးနဲ့ မသင့်တာကို မဖြစ်စေရပါဘူး။ ရင်းရင်းဖွားဖွား ကိုယ်ရောစိတ်ပါ သဘောထားတာပါ

အဲ… သူ့အမေကိုတော့ အိမ်ထောင်ကျပြီးပော့ ဆိုတာနဲ့ သူ့ကြောင့် မျက်ရည် ကျရတာများလို့ စေတနာက မရိုးသားချင်မိတာ အမှန်ပဲ။ ကိုယ့်လင်သားရဲ့ မိဘ ဆိုတာလည်း ကိုယ့်မိဘပဲလေလို့ မြန်မာမှုကို လေးစား၊ သဘောထားကြီးကြီး ထားခဲ့မိလို့သာ။ ကြက်ခေါင်းဆိတ်မခံတတ်တဲ့ မိန်းမသားမျိုးသာ ကိုယ်ဖြစ်ခဲ့ရင် အိမ်နားတောင် သီခွင့်ပေးမိမှာ မဟုတ်ဘူးလို့ ဆိုရလိမ့်မယ်။

မောင့်ထက် အငယ်ညီ (၂) ယောက်၊ ညီမ (၁) ယောက်ရှိတဲ့အထဲက အလတ် ညီတစ်ယောက်ကိုတော့ ကိုယ် ချစ်တယ်၊ စေတနာလည်း ရှိတယ်။ တစ်ခါတစ်ခါတော့ ဇွတ်လုပ်တတ်လွန်းလို့ စိတ်ဆိုးရတတ်တယ်။ မောင့် အဝတ် အစားတွေ အတင်းတားနေတဲ့ကြားက ယူယူဝတ်တတ်တာကြောင့်ပါ။ ကိုယ် ကလည်း ကိုယ့်လင်ပစ္စည်းဆို သူများဝတ်တာ မကြိုက်ဘူး။ ကိုယ်က အမြတ်တနိုး ဝယ်ပေးထားတာကိုး။ မောင်က သူ့ကိုယ်သူ ဘယ်တော့မှ ဆင်တတ် ပြင်တတ် ခဲ့တာ မဟုတ်ဘူး သူငယ်ချင်း။

ကိုယ် နယ်ထွက်ပြီဆိုတာနဲ့ မောင်နဲ့ လိုက်မယ့် ပစ္စည်းဆို မပါမဖြစ်အား ကိုယ့်အပေါင်းအသင်းတွေကဆို သိပ်ကို နောက်ကြ ပြောင်ကြတာပေါ့။ ဘယ်သူ ဘာပြောပြော ကိုယ်ချစ်တဲ့သူ့အတွက် ဝယ်မိတာပဲ၊ မရှက်ပါဘူး။ ဘယ်လောက် ကုန်ကုန်ကျကျ အချိန်တန်လို့ မောင့်ကိုယ်ပေါ်မှာ ခေတ်နောက်ကျတဲ့ အဝတ် အစားမျိုး မမြင်ရရင် ကိုယ် ကျေနပ်နေတာပဲ။ ဒါကြောင့် မောင့်ညီကိုရော၊ မောင့်ညီမ ရော ကိုယ့်အကြောင်း မသိတာ မဟုတ်တဲ့နဲ့ ဂရုမစိုက်သလို လုပ်ကြတာကို ခေါ်





တာပါ။ ပြီးတော့လည်း အစ်မရဲ့ ဘာရဲ့နဲ့ ကိုယ့် လာချွဲသွားရင် ပါသွားတာချည်း ပါလေ။

မောင့်ညီမကျတော့ တစ်မျိုး။ အလိုက်လည်း သိပါတယ်။ ကိုယ်နဲ့လည်း အချိန်များများ နေခဲ့ရတော့ သူ့အပေါ် သံယောဇဉ်ကြီးရပါတယ်။ အစစအရာရာ ကိုယ့်ညီမ အရင်းထက်ကို ဦးစားပေးပါသေးတယ်။ ဒါကို သူသိတော့ ကိုယ့်တို ချစ်ရှာမယ်လို့ ထင်မိပါတယ်။ ဒုက္ခပေးတယ်လို့ မဆိုချင်ပါဘူး။ ဒါပေမဲ့ ဒုက္ခပေး သလို ဖြစ်ရတဲ့ အကြောင်းတွေကတော့ တစ်ပုံကြီးပေါ့ကွာ။

တစ်ခါတော့ ဒီကလေးမကြောင့် ကိုယ့်ယောက္ခမ မိန်းမသူကြီးနဲ့ အကြီး အကျယ် ပြဿနာပေါ်ခဲ့ရဖူးပါတယ်။ သိပ်တော့ မဆန်းပါဘူး။ လှချင်တဲ့ အရွယ် မဟုတ်လား။ ကိုယ်ကလည်း မမှတ်မိတတ်ပါဘူး။ ကိုယ့်ပစ္စည်းလေးတွေ ယူယူ ဝတ်တတ်တယ်။ ကိုယ်က ယောက်မဆိုတော့ ပြောမကောင်းဘူး မဟုတ်လား။ ကိုယ့်ပစ္စည်း သူများဝတ်တာ မကြိုက်တဲ့ အလေ့ကလည်း ရှိနေတော့ သူ ယူဝတ် တာနဲ့ ပြန်ကို မတောင်းတော့၊ မဝတ်တော့ပါဘူး။ တစ်ခါတော့ ဒီလိုယူတဲ့အထဲမှာ တစ်ခါတည်းမှ တစ်ခါတည်းသာ မောင် ဝယ်ပေးခဲ့ဖူးတဲ့ အင်္ကျီလေးတစ်ထည် ပါသွားတယ်ကွာ။ ဒါကျတော့ ချစ်သူက ပေးတာကိုး။ အမြတ်တနိုး ဖြစ်မိတာ ပေါ့။ ကိုယ်က ပြန်တောင်းရင် ရှက်သွားရှာမယ်လေလို့ တွေးမိတာနဲ့ သူတို့အမေ ကို ပြန်ယူပေးပါလို့ စာရေးမိပါတယ်။

ကိုယ်သာ ဒီအကျင့်မျိုးရှိလို့ ကိုယ်ဟာ ကိုယ့်အမေ ကိုယ့်ညီမ ကိုယ့် ဆွေမျိုးကို ခိုးပေးတဲ့ မိန်းမမျိုး ဘာညာနဲ့ အိမ်လာပြီး အော်ကျယ် ဟစ်ကျယ် နေရာမရှိအောင် ပြောရဆိုရတာတောင် အားမရနိုင်ဘူး သူငယ်ချင်းရေ။ စာနဲ့ရေးပြီး ဆဲသေးတာ။ သူ လာချဲနေတုန်း အိမ်မှာ ကိုယ်တို့ အိမ်ပုံစံထုတ်ပေးတဲ့ ဗိသုကာ ဆရာ ရောက်နေတော့ ရှက်ဖို့ သိပ်ကောင်းတာပေါ့ကွာ။

ဘာမှလည်း ပြန်မပြောသာဘူး။ ပြောနေရင် ပိုဆိုးဦးမှာ။ သူ့တော့ ကိုယ် ဘာမှ ပြန်မပြောလိုက်ပါဘူးလေ။ မောင့်ကိုတော့ အခြေအနေမှန် ရှင်းပြ၊ မငြင်းနိုင် အောင် သက်သေသက္ခာယနဲ့ပြပြီး ပြောရတယ်။

မောင်တို့ မောင်နှမအားလုံးဟာ သူတို့ဟာ သူတို့ဆို ကောင်းကြပါတယ်။ အဲ… အမေသာ ပါလာရင်တော့ ကိုယ်က လက်တွေ့လေ၊ မကောင်းဘူးလို့ ပြော နေတော့မှာပဲကွာ။



www.burmeseclassic.com

www.burmeseclassic.com



မောင်ကတော့ ကိုယ့်အဆွေအမျိုးကိစ္စ ဆိုရင်တော့ ပြဿနာကြီးပေါ့။ ရန်ဖြစ်ရတာလည်း မနည်းဘူး၊ ကိုယ့်တစ်သက်မှာ မောင့်ဆွေမျိုးရေးကိစ္စတစ်ခု ကြောင့် ရန်ဖြစ်ခဲ့ရတာ ရှိပါတယ်။ ဒီအကြောင်းကို မကွယ်ဝှက်ပါဘူး ရေးပါ့မယ်။

ဒီလို သူငယ်ချင်း၊ ကိုယ်တို့နှစ်ယောက်မှာ ရည်ရွယ်ချက်တစ်ခုရှိတယ်။ မောင်နှမအရင်းတွေ အိမ်ထောင်ပြုခဲ့ကြရင် တစ်ယောက်ကို ငွေငါးရာစီ လက်ဖွဲ့ကြ မယ်ဆိုတဲ့ အကြောင်းပါ။ ပထမဆုံးမဲပေါက်တာက ကိုယ့်ညီမလေးအငယ်ဆုံးပေါ့။ အေးအေးဆေးဆေး ပေးနိုင်ခဲ့တယ်။ ဒီနောက် မောင့်ညီမ၊ သူ့ကိစ္စမှာလည်း အေးအေး ဆေးဆေး ပြီးသွားတယ်။ သူတို့ကျတော့ ခင်ပွန်းရဲ့တပ်က ရေဒီယိုတစ်လုံး ဝယ် ခွင့်ရလို့ ဝယ်ချင်တယ်ဆိုလို့ ထပ်စိုက်ဝယ်ပေးခဲ့ရတယ်။ ပြန်ချင်းမလာတော့ ရည်မှန်းတာထက် ပိုသွားတာပေါ့လေ။

တတိယစွံတာက ကိုယ့်မောင်လေး၊ အဲ- သူအိမ်ထောင်ပြုချိန်နဲ့ ကိုယ်တို့ခြံဝယ် အိမ်ဆောက်ချိန်နဲ့ တစ်ချိန်တည်းဖြစ်နေလို့ တစ်ပြားတစ်ချပ်မှ မကူနိုင်တော့ မျက်နှာငယ်ရရှာပါတယ်။ အခြေအနေအရပေါ့။ အဆိုးဆုံးကတော့ မောင့်ညီအလတ်ပေါ့ကွာ။ မိန်းမယူမယ်ကြံတော့ အိမ်ကိုလာတယ်။ နှစ်ခေါက် သုံးခေါက် သူ့အစ်ကိုကိုလာမေးတယ်၊ မရှိရင် ချက်ချင်းထပြန်တယ်။ ခါတိုင်းထက် အမူအရာထူးနေတော့ သူ့ကို ကိုယ်က မေးတာပေါ့၊ ကိုယ်က သူ့တော့ ချစ်လည်း ချစ်တာကိုး။ အတင်းမေးပေမယ့် မပြောခဲ့ဘူး။ ဒါနဲ့ မောင့်ကို မေးတော့ မိန်းမယူ မလို့၊ ညှို့ခံပွဲလုပ်ပေးဖို့ ပူဆာတာလို့ သိရတယ်။

ညှို့ခံပွဲလုပ်မယ်ဆိုတော့ ကိုယ်တို့မှန်းထားတဲ့ ငွေငါးရာနဲ့ ဘယ်လို လုပ် မလဲ၊ မထွာပ်ဆောက်တာနဲ့တင် ကုန်မှာလို့ ပြောပြတော့ သူ့စစ်တပ်က ငွေချေး မယ်ဆိုသတဲ့၊ အင်း ဒီတော့ ကိုယ်ဘာပြောရတော့မှာလဲ၊ ပြီးတော့ မောင့်ဖေဖေ အထိန်းသိမ်းခံနေရတဲ့အချိန်မို့ မင်္ဂလာပွဲလုပ်မယ်ဆိုရင် အပြင်ထွက်ခွင့်ရချင်ရပါစေ ဆိုတဲ့ စေတနာက ကိုယ့်မှာ အပြည့်ရှိနေတယ်။ ကိုယ်က ဒီယောက်ျားကြီးကျတော့ ကိုယ့်စာသင်ပေးခဲ့တဲ့ ဆရာလည်း ဖြစ်တယ်။ ဘာဒုက္ခမှ မပေးလေတော့ ချစ်တယ် ကြည်ညိုလေးစားတယ်လေ။ ဒီတော့ လက်ထဲမှာငွေမရှိပေမယ့် ရှာဖွေပေးခဲ့ပါတယ်။

သူတို့မင်္ဂလာကိစ္စကလည်း သတို့သားအိမ်မှာလုပ်မယ်၊ သတို့သမီးအိမ်မှာ ညှို့ခံမယ်နဲ့ နှစ်ဖက်အမျိုးတွေ မညှားရခင် ရန်ဖြစ်ကြ၊ ဆဲကြ၊ ဆိုကြနဲ့မို့ ပြဿနာ ဝင်ရှင်းပေးတဲ့နေရာ ကိုယ်ပါ မပါ မနေရ ဖြစ်ရောကွာ။





စကတည်းက အဆင်မပြေလို့ စိတ်ညစ်ရတဲ့အထဲ ရန်ပွဲဖျန်ဖြေရတာလာ ထပ်ရောင့်။ ရှက်စရာကောင်းလိုက်တာ ကိုယ့်မျက်နှာ ဘယ်ထားရမှန်း မသိတော့ ပါဘူး။ ဒါလောက် အစမကောင်းတဲ့ အိမ်ထောင်ရေးကို စိုးရိမ်မိပါရဲ့။

ဒီအထဲမှာ မောင်က သူတို့လင်မယားကို အိမ်မှာအတူခေါ်ထားမလို့ အရေး ဆိုလာပြန်တယ်။ ဒီတော့ အချေအတင် ကိုယ်နဲ့ဖြစ်ရပြန်ရော၊ ကိုယ်ဘယ်အမျိုးနဲ့ မှ မဖြစ် ဝေးဝေးပဲ နေချင်တော့တယ်၊ နားအေးချင်တယ်၊ ပြဿနာကင်းချင်တယ်။ ဒါလည်း ကိုယ်ရှုံးတာပါပဲ။ တပ်ရင်းပြန်သွားရတဲ့အထိ နေခွင့်ပေးဖို့ သဘောတူခဲ့ ရတယ်။

ကိုယ်လေ ကိုယ့်ခြံလေး အိမ်လေးဆောက်နေရင်းနဲ့ ငွေမလောက်နိုင်လို့ ဟိုပြေးဒီလွှား ဖြစ်နေရတဲ့အထဲမှာ ဒီကိစ္စက ထပ်ပိုးလာတော့ အိပ်တောင်မပျော်ဘူး။ ငွေဆိုတာ ယူရတာတော့ လွယ်ပါရဲ့ ပြန်ပေးဖို့ရှာရတဲ့အခါ ငါးရာဖြစ်ဖြစ်၊ ငါးကျပ် ပဲဖြစ်ဖြစ် မလွယ်ဘူးလေ သူငယ်ချင်းရယ်၊ ကိုယ်ပဲ စိတ်မောရတာ မဟုတ်လား။

ကံအားလျော်စွာ သူငယ်ချင်းရေ၊ မနက်ဖြန် သူတို့မင်္ဂလာဆောင်နေ့ဆို ဒီနေ့လို ကိုယ့်မှာအသံသွင်းစရာအကြောင်း ပေါ်လာတယ်။ အမှတ်တရ အခက်အခဲ ထဲက လွတ်သွားရတဲ့အဖြစ်မို့ ဒီရုပ်ရှင်ကား နာမည်ကိုတောင် မှတ်မိပါသေးတယ်။ ဒါရိုက်တာ ဦးတင်ယုရဲ့ "တူတူညီညီ ရယ်ရယ်ပြုံးပြုံး" ဇာတ်ကားပါ။ သီချင်း ကလည်း ငါးပုဒ်ကြီးများ ဆိုရမယ်တဲ့။

အိုး… ဘာပြောကောင်းမလဲ ကိုယ့်မှာ ဝမ်းသာအားရပေါ့၊ သူတို့ကုသိုလ်ပဲ၊ စိတ်မပူရတော့အောင် ကုသိုလ်ပေးပါပေရဲ့လို့ မျက်ရည်များတောင် လည်မိပါတယ် သူငယ်ချင်း။ မဟုတ်ရင် နက်ဖြန် မင်္ဂလာကိစ္စတွေ ပြီးစီးလို့ ငွေချေဖို့အကြောင်း တွေ ရှိလာရင် ကိုယ်ပဲ ခေါင်းခဲမယ်။ ခုတော့ ကိုယ် ရှင်နိုင်ပြီလေ၊ မနက်ဖြန်ဆို ကိုယ့်လက်ထဲ ငွေအထပ်လိုက် ရှိနေတော့မှာကိုးကွဲ့။

အဲဒီနေ့က ကိုယ်က အသံလွှင့်တာဝန်ကရှိနေတော့ အလုပ်လုပ်ရတာက လွှတ်လပ်ပါဘူး သူငယ်ချင်းရယ်။ မနက် (၉) နာရီကစပြီး အသံသွင်းလိုက်တာ (၃) နာရီခွဲလောက်မှာ သီချင်းနှစ်ပုဒ် ပြီးသွားတယ်။ ခဏထားခဲ့ပြီး ရုံးသွား၊ အသံလွှင့်၊ ည (၉) နာရီခွဲပြီးမှ ရုံးကနေ တစ်ခေါက်ပြန်သွား၊ အသံသွင်းရတယ်။ ပြန်ရောက်ကတည်းက မနားမနေ သီချင်းဆိုနေရတာ ည (၃) နာရီလောက်မှာ နှစ်ပုဒ်ထပ်ဆို၊ နောက်တစ်ပုဒ်ကျန်သေးတော့ ဆက်ရန်ရှိသေးသည်ပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



မောင်က ရုံးဆင်းတော့ ကိုယ့်ဆီလိုက်လာပါတယ်။ ညဥ့်နက်တော့ မောင့်ကို ပြန်နားခိုင်းရတယ်။ မနက်ကျရင် အစ်ကိုကြီးဆိုတော့ အဖအရာ မဟုတ်လားကွယ်၊ သူမရှိလို့ မဖြစ်ဘူးလေ။ ကိုယ်က အလုပ်မပြီးရင် ခက်နေမယ်လို့ ပြန်လွှတ်လိုက်တာပါ။ မနက်လင်းမှ ပြီးစီးဖို့မြင်နေတော့ မောင်ပင်ပန်းနွမ်းနယ်မှာ စိုးတယ်ကွယ်။ သူ ကိုယ့်လို မပင်ပန်းစေချင်ဘူး။ ကိုယ့်လို အိပ်ပျက်နေပျက် ခံရမှာ စိုးတယ်။ မနက်ကျမှ ကားလွှတ်လိုက်တော့၊ အိမ်ပြန်အဝတ်အစားလဲပြီး မင်္ဂလာဆောင်ကို လိုက်ခဲ့မယ်လို့ မှာလိုက်ရတယ်။

မောင်ပင်ပန်းနေတာ ကိုယ်မကြည့်ရက်သလို ကိုယ်ပင်ပန်းနေတာလည်း ကြည့်ရက်ရှာမယ် မဟုတ်ဘူးလို့ တွေးသကိုး၊ ဒီတော့ ကိုယ့်ကို အိပ်ပျက်စားပျက် ပင်ပင်ပန်းပန်း နွမ်းနယ်လှလှအခြေအနေမျိုးနဲ့ မောင် မမြင်စေလိုပါဘူးကွယ်။

မနက် (၇) နာရီခွဲလောက် အသံသွင်းကိစ္စ ပြီးသွားတယ်။ ကားရောက်မလာခဲ့ဘူး။ ကိုယ်လည်းတစ်ညလုံး တစ်နေ့လုံး လှုပ်ရှားထားခဲ့ရတာမို့ ကိုယ့်ကိုယ်ကိုယ်မှ မသယ်ချင်တော့ဘူး၊ မောင်ရောက်လာရင် ကောင်းမှာလို့ တမ်းတနေမိပါတယ်။ သူငယ်ချင်းရယ်၊ မောင်ဟာ ကိုယ့်အတွက် အင်အားပါ၊ ကြေးမုံပါကွယ်။ နွမ်းနယ်ပင်ပန်းတဲ့အခါ ချစ်သူမျက်နှာ မြင်လိုပါတယ်လို့ ကိုယ်တသမိတာ မလွန်ပါဘူးနော်။

မနက် (၈)နာရီကျော်တဲ့အထိ ဘယ်သူမှ ရောက်မလာတော့ ဘာများ အဆင်မပြေကြပါလိမ့်လို့ စိုးရိမ်ရပြန်ရော။ မင်္ဂလာဆောင်က ရှစ်နာရီစမှာဆိုတော့ ဒါလောက်ဆို စဖြစ်ပြီလို့လည်း တွေးမိပါသေးတယ်။ မလာချင်လို့ စိတ်မဝင်စားဘဲ ကိုယ်က နောက်ကျနေတာလို့ အပြောခံရ ပြစ်တင်ခံရမှာ ကြောက်တာအမှန်ပါ။

(၉) နာရီထိုးတော့မှ မောင်ရောက်လာတယ်၊ ကားလွှတ်လိုက်တာ ကြာလှပြီ ရောက်မလာတာနဲ့ လိုက်ခေါ်တာတဲ့ကွယ်၊ ကိုယ်လည်းမြင်တဲ့အတိုင်းပဲ ကားမလာလို့ အသံသွင်းရုံမှာ တစ်ယောက်တည်း စောင့်နေတာပြောပြီး ချက်ချင်း ကားပေါ်တက် အဝတ်လဲဖို့ အိမ်ပြန်ထွက်ခဲ့ရတယ်။ ဒီနေ့တော့ မောင်က ကြင်ကြင်နာနာပါပဲ နေကောင်းရဲ့လား၊ ခေါင်းမူးသေးလား၊ ဘာစားပြီးပြီလဲနဲ့ တစ်လမ်းလုံး မေးဖော် ရလာတယ်။ အနွမ်းပြေ အပန်းပြေရတာပေါ့ကွယ်။

အိမ်ရောက်ရောက်ချင်း တယ်လီဖုန်းက လိုက်လာတယ်၊ မောင့်ဖေဖေ အချုပ်က ထွက်ခွင့်ရသတဲ့၊ မင်္ဂလာဆောင်မှာ ရောက်နေပြီတဲ့၊ ကိုယ့်မှာ အဝတ်





အစားလဲနိုင်တော့ဘူး။ ချက်ချင်း ဥက္ကလာကသည့်ခံပွဲလုပ်တဲ့နေရာကို လင်မယား နှစ်ယောက် ဖအေကြီးတွေ့လိုဇောနဲ့ အပြေးအလွှား သွားရတာပေါ့။ မျက်နှာအဆီပြန်နေလည်း ဂရုစိုက်ဖို့ မလိုဘူးလေ။ ဒီနေ့ ကိုယ်က သတို့သမီးမှ မဟုတ်ဘဲ။

ဖအေကို တွေ့ရတော့ ကိုယ်တို့မှာ ဝမ်းသာဝမ်းနည်းကြီးပေါ့ကွယ်။ ဖေဖေက ကိုယ့်ကို ချစ်တယ် စိတ်ချတယ်၊ တပည့်လည်း တပည့်ဆိုတော့ အကြောင်းသိကြီး ယုံကြည်တယ်။ သူ့သားသမီးတွေ ကိစ္စတိုင်း ရှေ့ဆောင်ခေါင်းရွက်ဖြတ်တဲ့ အတွက် ကျေးဇူးတင်တဲ့အကြောင်း ထိန်းသိမ်းပေးပါဆိုတဲ့အကြောင်း ပြောရှာတယ်။ ခများလည်း ကြာကြာနေခွင့် မရရှာပါဘူး။ ဆယ်နာရီခွဲတော့ ပြန်သွားရှာတယ်။ မောင်တို့တစ်တွေလည်း ငိုကြတယ်၊ ကိုယ်လည်း ငိုရတယ်။

မင်္ဂလာအချိန်က (၈) နာရီက (၁၁) နာရီဆိုတော့ ဧည့်သည်တွေ ရှင်းလောက် ရှိသွားပြီ။ တွေ့ချင်တဲ့ဖအေနဲ့လည်း တွေ့လိုက်ကြပြီ။ စိစဥ်စရာတွေ အားလုံးပြီးစီးပြီဆိုတော့ ပင်ပန်းထားတာလေးက ပြန်ပေါ်လာတယ်။ အိပ်လည်း အိပ်ချင်လာပြီလေ။ အနားယူလှဲနေချင်စိတ်က ပေါ်နေလေတော့ မောင့်လိုက်ရှာ ရတာပေါ့။

လားလား တွေ့မယ့်တွေ့တော့ မောင်က သူ့အမေအိမ်ပေါ်မှာ အရက် သောက်နေတော့တာကိုး၊ အမေကိုယ်တိုင်က အရက်ငှဲ့လို့၊ ကိုယ်ဖြင့် လဲသာသေ လိုက်ချင်တယ်။ ညီကမင်္ဂလာဆောင်တယ်၊ ဖအေက ထိန်းသိမ်းခံရတဲ့နေရာ ပြန်သွား ရတယ်။ သားအကြီးက အရက်ဝိုင်းထိုင်တော့ အမေလုပ်သူက ကိုယ်တိုင်ပါဝင် ဆင်နွှဲနေတယ်။ ကိုယ်စိတ်ပျက်သွားတယ် သူငယ်ချင်း။ မောင့်ကိုလည်း ပွဲပြီး အောင်မှ ဣန္ဒြေမဆောင်နိုင်တော့ဘူးလားလို့ ဆွဲကိုင်ဆောင့်ပစ်လိုက်ချင်တော့တယ်။ ဧည့်သည်တွေရှေ့မှာ ဘာတစ်ခွန်းမှ မပြောချင်ပါဘူးလေ။ သူ့အဖေ ပြန်သွားရတာကို စိတ်ညစ်လို့သောက်တာ ဖြစ်မှာပါလို့ ဖြေလိုက်ပါတယ်။

''ကဲ မောင်ရေ၊ ဧည့်လည်းစဲပါပြီ၊ အေးလည်း ပင်ပန်းနေတယ်ကွယ်၊ ပြန်ကြရအောင်ပါ'' လို့ ပြောရတော့တယ်။

မောင်က နေခဲ့ဦးမယ်၊ အပေါင်းအသင်းတွေ ထားခဲ့ပြီး ပြန်လိုက်လို့ မကောင်းသေးဘူးလို့ အကြောင်းပြတယ်။

''ဒါဖြင့်လည်း နေလေ၊ ဘယ်အချိန် ပြန်လာမှာလဲ'' လို့ ဆင့်မေးမိပါ သေးတယ်။ ကိုယ့်ဆန္ဒက ဒီနေ့အဖို့ရာ မောင် ကိုယ့်အနားမှာ ရှိစေချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချလက်ချ အိပ်ပျော်ချင်လို့ပါကွယ်။ ဒါကြောင့် တောင်းပန်မိတာ၊ မောင်အေး ဆယ့်နှစ်နာရီတိတိ ရောက်အောင် ပြန်ခဲ့မယ်တဲ့။ ဒါဆို တစ်နာရီလောက်ပဲ ကွာမှာ မို့ ထမင်းစားဖို့ပါ စောင့်နေမယ်လို့မှာပြီး ကိုယ်ပြန်လာခဲ့ပါတယ်။

အိမ်ရောက်တော့ လန်းလန်းဆန်းဆန်း ဖြစ်သွားအောင် ရေမိုးချိုး အဝတ်အစားပါလဲပြီး ထမင်းအတူစားရအောင် မျှော်နေခဲ့တာပေါ့၊ ဆယ့်နှစ်နာရီလည်း မရောက်၊ တစ်နာရီထိုးလည်း မရောက်နဲ့ဆိုတော့ ထမင်းလည်းမစားဖြစ်၊ အိပ်လည်း မအိပ်ဖြစ်နဲ့ လည်တဆန့်ဆန့် ဖြစ်နေရတာပေါ့။

ကိုယ်တို့အိမ်မှာ ကိုယ့်အစ်ကိုဝမ်းကွဲလင်မယား လာနေပေးကြတာ ရှိပါ တယ်။ သူတို့က ထမင်းစားခိုင်း၊ အိပ်ခိုင်း၊ နားနားနေနေနေဖို့ ဝိုင်းပြောကြ နှစ်သိမ့်ကြပါတယ်။ ကိုယ်က အားလုံးကို ဆန့်ကျင်တယ်၊ မစားဘူး၊ မအိပ်ဘူး မနားဘူး၊ စောင့်တယ်၊ မျှော်တယ်၊ နောက်ဝမ်းနည်းတယ်၊ ငိုတယ်၊ ကိုယ့်အဖေ ဒီလောက် နေစိမ့်လေခြင်းလို့ ရင်ထဲမှာ တသိမ့်သိမ့် ဆွေးရတယ်။ တစ်ညလုံး တစ်နေကုန် အပင်ပန်းခံမိခဲ့တာတွေ၊ စေတနာထားခဲ့ရတာတွေကို တွေးမိလေ မချိတရိခံစားရလေ မဖြေနိုင်လေ မကျေမချမ်းဖြစ်လေပေါ့။

ကိုယ်ဟာ ပုထုဇဉ် လူသားတစ်ယောက်ပါ သူငယ်ချင်း။ သည်းခံနိုင်ချေ ထက် ပိုကဲလာတဲ့ အတိုင်းအတာအထိတော့ စိတ်မရှည်နိုင်ပါဘူး။

ညနေသုံးနာရီလောက်ကျတော့ ကိုယ်တို့ကားလေး ခြံထဲပြန်ဝင်လာတာ တွေ့ရလို့ မောင်ပြန်လာပြီအထင်နဲ့ အိမ်ဝအထိ ထွက်ကြိုမိတာပါ။ မလာဘူး သူငယ်ချင်း၊ သူ့ရုံးကလာပြီး ကူညီတဲ့ ဒရိုင်ဘာနဲ့ ကားပြန်လွှတ်လိုက်သတဲ့။

"ရှင့်ဆရာ ဘယ်မှာ ကျန်နေခဲ့သလဲ" လို့ မေးတော့ မင်္ဂလာကိစ္စ ကူညီ လုပ်ပေးတဲ့သူတွေနဲ့ ဆွေမျိုးတွေက ဘုရားဖူးလည်ချင်ပါတယ်ဆိုလို့ ဆက်လိုက် သွားတယ်ဆိုပဲ။

ဒီမှာတင် ကိုယ့်ဒေါသကို ထိန်းမရအောင် ဖြစ်မိတော့တာပဲ၊ ဘာမှ မမြင် တော့ဘူး၊ ဘာဆင်ခြင်တွေးတောတာမှ မရှိတော့ဘူး။ တစ်ချိန်လုံး ပြန်လာမှ စေ၊ သတ်ကိုသတ်မယ်လို့ ဓားတဝင့်ဝင့်နဲ့ မပြောစဖူး၊ မကြိမ်းစဖူးတွေ ဖြစ်နေမိ ခဲ့တာပေါ့။

စဉ်းစားကြည့်စမ်းပါဦး သူငယ်ချင်းရယ်။ ပြန်လာမယ်ဆိုလို့ ကိုယ်ဖြင့် တစ်နေ့လုံး မစားဘဲ မအိပ်ဘဲ မျှော်နေရတယ်။ စိတ်လည်းမနာ လူလည်းမနာ





ဖြစ်နေရတဲ့ကိုယ့်အပေါ် ဘာညှာတာတာရှိသေးသလဲ၊ ကိုယ်ချင်းမှ စာသေးရဲ့လား ကိုယ့်နေရာကနေပြီး ခဏလေးဖြစ်ဖြစ် ဝင်ကြည့်ပေးစမ်းပါကွာ။ ကိုယ် ဘယ်လို နေမလဲဆိုတာ ကိုယ့်အတွက် ကူပြီး တွေးပေးစမ်းပါ။

အဲဒီတဒင်္ဂမှာတော့ ကိုယ်ဟာလူစိတ်ပျောက်နေခဲ့တာအမှန် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေတယ်။ မျက်စိတွေပြာနေတယ်။ သတ်မိလို့ ကြိုးစင်တက်ရရင် လည်း အေးရောလို့ မိုက်တိမိုက်ကန်း ဆုံးဖြတ်မိတယ်။ မောင့်ရုံးက ဒရိုင်ဘာရော ကိုယ့်အစ်ကိုနဲ့ ယောက်မကရော ဝိုင်းချော့ဝိုင်းပြော ဝိုင်းနှစ်သိမ့်ကြပေမယ့် ကိုယ့် ဒေါသဟာ အရှိန်သေမသွားဘူး၊ ကိုယ့်စိတ်က ပြင်းထန်ပြီဟော့ဆို တားလို့ရနိုင် တာမှ မဟုတ်တာဘဲ။

လေးနာရီလည်း ပြန်မရောက်၊ ငါးနာရီလည်း အရိပ်အယောင်မမြင်၊ ကိုယ့် ဒေါသ ကြာလေပိုဆိုးလေဖြစ်ခဲ့တာ၊ ခြောက်နာရီခွဲလောက်ကျတော့မှ မောင်တို့ ရုံးကား အလတ်စားတစ်စီးနဲ့ ဆွေစုမျိုးစု၊ ရပ်ကွက်က လူတစ်စုပါမကျန် ကားတစ်စီးတိုက် လူအပြည့်နဲ့ ပြန်လာကြတော့တာကလား။ ကားပေါ်မှာ သောသော ညံလို့ပေါ့၊ ကိုယ့်အဖို့တော့ ဒီလိုကြားရတာကပဲ မီးလောင်ရာလေပင့်သဘော ဖြစ်ရတယ်။

ဘာမှမပြောနဲ့တော့ သူငယ်ချင်းရေ၊ အိုက်တင်တစ်ခွဲသားနဲ့ လျှောက်လာ တဲ့ မောင့်ကို အိမ်ပေါ်ရောက်ဖို့တောင် မဆိုင်းနိုင်တော့ဘူး၊ အိမ်ပေါ်ကနေ ခုန်ဆင်း ပြီး ဓားနဲ့ကို ခုတ်မိတော့တာပဲ။

"ရှင့်ကိုသတ်ပြီးမှ ကျုပ်ကိုယ်ကျုပ် သတ်သေပစ်မယ်" လို့အော်ရင်း သစ်ရင်း ငိုရင်းနဲ့ကို ခုတ်တာ၊ အခြေအနေသိနေတဲ့ ကိုယ့်အစ်ကိုကြောင့်ပေါ့ကွာ၊ မဟုတ်ရင် မောင် သေရင်သေ၊ မသေရင် ဒဏ်ရာက သေတဲ့အထိကို ပါမှာ သိန်းသေပဲ။

ကိုယ်က ဓားနဲ့အခုတ်မှာ အစ်ကိုက ကိုယ့်တစ်ကိုယ်လုံး သိမ်းကျုံးဆွဲ ဖက် လှဲချလိုက်လို့သာပေါ့၊ ဒါတောင် မောင့်လက်မောင်းကို ဓားနှောင့်နဲ့ ထိသွား ဦးမှာပါ။ မောင်လည်း လူအများရှေ့၊ ဆွေမျိုးတွေရဲ့ အလယ်မှာခံလိုက်ရလို့ အတော် အရှက်ရမှာပဲ၊ မျက်နှာကိုပျက်နေတော့တာပေါ့၊ ကိုယ်က ဒီအချိန်မှာတော့ သောင်း တောင်ကြောက်မှာမှ မဟုတ်တာ၊ ခပ်တင်းတင်းဟော့ သူငယ်ချင်း၊ ဘာသူ့မှ သောက်ရေးမလုပ်ဘူးဆိုတဲ့ ပုံစံမျိုးနဲ့ကို နေပစ်လိုက်တာ။ အရှုံ့တိုက်တယ်ဆို အရှုံ့တိုက်မှန်းသိမှ အေးတယ်လို့ပဲ သဘောထားလိုက်တယ်၊ မှတ်ထား၊



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ပါလာတဲ့ဟာတွေ တစ်ယောက်မှ အိမ်ပေါ်တက်ဖို့နေနေသာသာ ကားအောက်တောင် မဆင်းရဲကြဘူးလေ။ စာမရီသွေးတွေကိုး၊ တစ်ချီတည်း ဥက္ကလာပြန်ပြေးကြတော့တာပဲ။

ကိုယ်ဟာ အိမ်သာလို့ ညွှန်လာတယ်ဆိုတဲ့စကားကို ယုံလည်းယုံတယ်။ လှူတိုင်း စိတ်ချမ်းသာလိုက်တာလို့ ပြောတာကို ဂုဏ်တစ်ရပ်အနေနဲ့ ဝမ်းသာတတ်သူပါ။ လှူတိုင်းကို ကြည်နူးနှစ်လိုဖြစ်အောင် နေပြခဲ့သူပါ။ ဒါပေမဲ့ ဒီတစ်ခါကတော့ ပြန်ကြတာ အေးတယ်လို့ပဲ သဘောပိုက်မိပါတယ်လို့ အမှန်ဝန်ခံပါတယ်။ မတတ်နိုင်တော့ဘူး သူငယ်ချင်းရဲ့။ ကိုယ့်ရင်ထဲ မချိမဆံ့ ခံနေရတာတွေ ပေါက်ကွဲခဲ့တော့တာကိုး။

မောင်လည်း တစ်ခွန်းမှကို မဟတော့ဘူး၊ ကိုယ်ဒေါသ အေးလောက်ပြီဆိုမှ စကားစတယ်။

"အေး၊ မင်း ဘယ်လို ခံစားနေရမယ်ဆိုတာ မောင် နားလည်ပါတယ်။ ဒါပေမဲ့ ဒီလို အရှက်ခွဲလိုက်ရတာကို နည်းလမ်းမှန်တယ် ထင်သလား၊ ကိုယ့်ရုံးအဒရိုင်ဘာရှေ့မရှောင် မင်း ဒီလိုလုပ်ရက်တာ အံ့သြတယ်။ ဘယ်လောက် ကျုပ်အရှက်ရလိုက်မလဲ။ မင်းမစဉ်းစားတော့ဘူးလား၊ ဒီအချိန်မှာ ကျုပ်တာဝန်ရှိတယ်။ ဖအေနေရာမှာ ကျုပ်နေရတယ်ဆိုတာ မင်းနားလည်ဖို့ ကောင်းတယ်။ ဒီတစ်ခါ နောက်ဆုံးဖြစ်ပါစေ။ မင်းအကြမ်းနည်းနဲ့သုံးလို့ ဘယ်တော့မှ မရဘူး၊ မှတ်ထားပါ"တဲ့လေ။

မောင်က ဒီလိုပြောတော့ အေးအေးဆေးဆေးဖြစ်အောင် ငြိမ်နေမိတဲ့စိတ်ထောင်းခနဲ ဒေါသပြန်ဝင်လာတယ် သူငယ်ချင်း။

ကိုယ်လည်း စဉ်းစားတာပေါ့၊ ကိုယ်ချင်းစာနားလည်လို့ပဲ အစစအဆင်ပြေအောင် ကိုယ်တိုင်ပါဝင်ပေးခဲ့ရပြီးပြီ။ ဒေါသဖြစ်စရာ တစ်ခုပြီးတစ်ခု၊ မကျေနပ်စရာတွေ တစ်ချိန်ပြီးတစ်ချိန် တိုးလာတော့လည်း မခံနိုင်ဘူးကွ၊ ပထမဆုံး ဖအေနေရာက နေတဲ့သူကြီးဆိုပြီး မင်္ဂလာဆောင်ရက်တန်းလန်းနဲ့ အရက်ဝိုင်းထောင်တယ်။ ဘယ်နှနာရီ ပြန်ခဲ့ပါ့မယ်လို့ ဆက်ဆက်ကြီး ကတိပေးပြီး မလာဘူး။ ကတိဖျက်တယ်။ မရောက်လာတဲ့အပြင် ဆက်ပြီး ကားတစ်စီးနဲ့ တစ်ပြူ၊ တစ်အုံ၊ တစ်သိုက်နောက် လျှောက်လိုက်သွားသေးတယ်။

စိတ်မချရအောင်လည်း တစ်ဦးစ နှစ်ဦးစ တောက တက်လာတာလည်း





မဟုတ်။ စိတ်ပူတတ်တာလည်း သူ သိပါတယ်။ မျှော်တတ်တာလည်း သူ သိမှာပဲ။ အတိုပျက်တာဆို လုံးဝ ကိုယ်မကြိုက်မှန်း သူ သိတာပါ။ တစ်ခုပြီးတစ်ခု ဆက်တိုက်မကြိုက်တာ၊ မကျေနပ်မှာတွေ လုပ်ခဲ့ပါလားဆိုတာတော့ မတွက်ဘူးလေ။ သက်သက် ကိုယ်က အရှက်ခွဲပါတယ်လို့တောင် ပြန်စွပ်စွဲနေပါသေးရော။

"ဩော် ကျွန်မက သက်သက်ထွင်ပြီး တမင်အရှက်ကွဲအောင် လုပ်တယ်ပေါ့တယ်လား။ အင်း...ထားပါတော့လေ၊ ဒီမှာ နောက်ကို မှတ်ထား၊ သိလားအချုပ်ထက်ပိုပြီး ရှင့်ဟာတွေ ဂရုစိုက်ရင် ဒီလိုချည်းလုပ်မှာပဲ" လို့ပြောပြီး အခန်းထဲသွားနေလိုက်တော့တယ်။

စိတ်မနိုင်မှာစိုးလို့ သူ့ကို မတွေ့ချင်တော့ဘူး၊ သူလည်း ဒေါသ ဖြစ်နေပေမယ့် သူ့ထက်ကဲတဲ့ ဒေါသအိုး ကိုယ့်ကို တစ်ခွန်းမှပြန်မပြောတော့ပါဘူး။ ကိုယ်ကလည်း ဒီနေ့အဖို့ကတော့ ဆယ်ခါပြန်သတ်ရလည်း သတ်မှာပဲ။ သူ့အော်လည်းပြန်အော်မှာပဲ။ သူပြောလည်း ပြန်ပြောမှာပဲ၊ တကယ်တော့ သူငြိမ်နေတာဟာ ကိုယ့်မှာ မားနဲ့ခုတ်ရဲတဲ့သတ္တိမျိုးဖြစ်သွားတာကို လန့်သွားတာ ပါမှာပါ သူငယ်ချင်းရော။ ကိုယ့်လင်အကြောင်း ကိုယ်သိပါတယ်။

မောင့်ကို လင်သားတစ်ယောက်လို ချစ်တာထက် မောင်ငယ်လေးတစ်ယောက်လို သံယောဇဉ်ခိုင်ခိုင်နဲ့ ချစ်မိတဲ့အချစ်က ပိုလိမ့်မယ်လို့ ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး သုံးသပ်လို့ရပါတယ်။ တော်ရုံအချစ် တော်ရုံသံယောဇဉ်မျိုးဆိုရင် ကိုယ်တို့ဇာတ်လမ်းဟာ စလယ်ဝင် ဖင်မည်းခင်က ရှင်ကွဲကွဲဖို့သာ ရှိခဲ့တာ မဟုတ်လား၊ တစ်ခါတလေတော့လည်းလေ ဘဝဇာတ်ဆရာကြီးရေ၊ သူ့အလှည့်ချည်း ပေးထားပါနဲ့၊ ကိုယ့်အလှည့်လေးများလည်း ပေးတော်မူပါလို့ ပြောလို့များရရင် ဘယ်လောက်ကောင်းလိုက်မလဲ ဆိုတာမျိုး ပေါချာချာတွေးလား တွေးမိပါရဲ့ကွယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

အဲဒီလို ရှစ်နှစ်ကျော်ကျော် ပေါင်းသင်းလာမိတဲ့အချိန်အထိ ကိုယ့်စိတ် ဘယ်လောက်အေးချမ်းရပြီလဲလို့တောင် ကိုယ့်ကိုယ်ကိုယ် အဖြေမတောင်းရဲပါဘူး သူငယ်ချင်း။ ဘယ်မိန်းကလေးနဲ့ ဘယ်ရုပ်ရှင်ရုံမှာ တွေ့ခဲ့တယ်ဆိုတာတို့၊ ဘယ်သူနဲ့ တွဲနေပြန်ပြီဆိုတာတို့၊ ဘယ်ဟိုတယ်မှာ ဘယ်သူတွေနဲ့ပျော်တယ်၊ ပါးတယ်၊ ကတယ်၊ ခုန်တယ်၊ မူးတယ်၊ ရူးတယ်ဆိုတာတို့၊ ဘယ်နေရာမှာ မူးရင်းမောင်းလို့ ကားချောက်ထဲကျပြန်ပြီဆိုတာတို့၊ အိုကွယ် နားမစွင့်ဘဲ ကြားရသိရနဲ့ ဘယ်မှာ စိတ်အေးရတယ် ရှိမှာလဲ။ ဒါပေမဲ့ ကိုယ်က မျက်စိနဲ့ တပ်အပ်သေချာတွေ့မှ ယုံမယ်လို့ နေနေတဲ့ကောင်စားကိုး။ ဒါလောက်တော့ အသာလေး ဖြေနိုင်ပါတယ်။ ကိုယ်တိုင်တွေ့နိုင်ဖို့လည်း ကိုယ်မကြိုးစားပါဘူး၊ ကြိုးစားလည်း မကြိုးစားချင်ဘူး သူငယ်ချင်း။ ကိုယ့်အကြောင်း ကိုယ်အသိဆုံးမို့ပါ။

ကိုယ် ခွင့်ပေးထားတယ်လေ၊ ကိုယ့်ကို မချစ်တော့လို့ တခြားမိန်းမ တစ်ယောက်ကို လိုချင်ရင်ယူနိုင်တယ်။ ပြတ်ပြတ်သားသား လုပ်ရမယ်လေ၊ မပြတ်မသားနဲ့သာ ဒီပြဿနာမျိုး ကိုယ်တိုင်တွေ့ရရင်တော့ အသတ်ပဲလို့ ပြောခဲ့ပြီးပြီ မဟုတ်လား သူငယ်ချင်း။

သူငယ်ချင်း၊ ဒီတော့ ဘာလိုသေးလဲ၊ သူတို့ ကံဆိုးလို့ပဲဖြစ်ဖြစ် ကိုယ်နဲ့ တွေ့လို့ကတော့ မလွယ်ဘူးကွ၊ အကောင်းဆုံးနည်းလမ်းကတော့ ဒုက္ခမရောက်ချင် ရင် ကိုယ်ကြားရသိရတာတွေအပေါ် သံသယမရှိအောင်နေမယ်၊ ကိုယ်တိုင်မကြုံရ သရွေ့တော့ ကိုယ့်ခြံဝင်လာရင် ကိုယ့်နွားလို့ သဘောပိုက်ရတော့မှာပါ။

မောင်က အပေါင်းအသင်းဆို သိပ်မင်တာ၊ သူကသာ ခင်မိလို့ကတော့





သူကချည်း အလျှော့ပေးပေါင်းမှာချည်းပဲ၊ သူအစ်ကိုလိုခင်တဲ့ လူမျိုးကျတော့ ညီလေး တစ်ယောက်လို နွဲ့တတ်တာ၊ ငွေကြေးဆိုလည်း ဘယ်တော့မှ တွက်ကတ်တာ မဟုတ်ဘူး။ ပေးစရာရှိ သူသာပေးရမှဆိုတာမျိုးလေ၊ ကစားရာကပြန်ပြန်၊ စားရာ သောက်ရာကပြန်ပြန် ဘယ်လောက်ကုန်ခဲ့တယ် အေးရေလို့တောင် ပြောလေ့မရှိ ခဲ့ပါဘူး။ ကိုယ်ကလည်း ဒါမျိုးမေးရမှာ သိပ်ဝန်လေးပါတယ် သူငယ်ချင်း၊ သူ့ထက် ငွေပိုလို့ အထက်စီးမေးတယ်လို့ စိတ်ထဲမခုစေချင်တော့ မပြောရက်ပါဘူးကွယ်။ တစ်နေ့နေ့ သူသုံးခဲ့ကုန်ခဲ့တာတွေကို သတိရသွားတဲ့အခါမှာ သူပြန်ပြီး သင်ခန်းစာ ရသွားပါလိမ့်မယ်လို့ သဘောထား စောင့်စားခဲ့ရပါတယ်။ တစ်ခါတလေတော့ ရှေ့ရေးနောက်ရေး တွေးပူမိတာတွေ ရှိတာပေါ့ကွယ်။

တစ်ခါတော့ ကိုယ့်အပေါ် အစ်မကြီးလိုချစ်ခင်နေတဲ့ အထူးကုဆရာဝန်မ ကြီးတစ်ဦးနဲ့ စကားစပ်မိရင်း ဆွေးနွေးခဲ့ဖူးပါတယ်။ သူပြောတဲ့…

"အေးရေ မမတို့၊ အေးတို့လို ပြင်ပဝင်ငွေအပိုရတဲ့ မိန်းမတွေရဲ့ ဘဝဟာ မလွယ်ပါဘူးကွယ်။ အမြင်အားဖြင့်တော့ ထင်ကြမှာပေါ့လေ၊ မယားလုပ်သူက ဝင်ငွေကောင်းတတ်သူမျိုးဆိုရင် ဖူးဖူးမှုတ်ထားတာ ခံရမယ်ဆိုတာမျိုးပေါ့၊ ရှင်းရှင်း ပြောရရင် တို့ဝင်ငွေကြောင့် တို့များက လင်နိုင်ရလိမ့်မယ်လို့ ထင်တတ်ကြမှာပါကွယ်။ တို့ရင်ထဲမှာဖြစ်နေရတဲ့ တို့က လင်သားထက် ငွေပိုဝင်လို့ တို့လင်တွေရဲ့ စိတ်ထဲမှာ သူတို့ကို အထင်သေးတယ် တင်စီးတယ် မာနရှိနေတယ်လို့ အထင်မခံချင်တဲ့စိတ် သောကဟာ ဘယ်လောက်ဒုက္ခပေးနေတယ်ဆိုတာ မသိကြလို့ပါလေ။

တကယ်တော့ မမတို့လို ဆရာဝန်ဆိုတာလည်း ငွေပိုရနိုင်အောင် အချိန် ရွေး လူနာဆီလိုက်ကုပေးရတာပဲ။ အေးတို့ဆိုလည်း ငွေပိုရနိုင်အောင် ညဉ့်နက် နှိုးချုပ် အသံသွင်းရေးကိစ္စနောက် လိုက်ကြရတာမျိုးတွေ ရှိနေလေတော့ တို့လင် တော်မောင်တွေရဲ့ အနားကပ်ပြီး ထမင်းဟင်းချက်ပြုတ်ကျွေးမွေး၊ အညစ်အကြေး အဝတ်အစားကစ လျှော်ဖွပ်ပေးနဲ့ ကိုယ့်လင်လုပ်စာ ကိုယ်တိုင်ကိုင်သုံး စီမံခန့်ခွဲ နေရတဲ့ အိမ်ရှင်မတွေလို အချိန်ပြည့် အိမ်မှာ မနေနိုင်ကြဘူး မဟုတ်လား။

ဒါကို တို့လင်သားတွေက သူတို့အနားမနေကြဘူးလို့ လက်ညှိုးထိုးပြ တတ်တယ်လေ။ တို့ကဘာဖြစ်လို့ သူတို့နား အချိန်ပြည့်မနေဘဲ လင်ပစ်ပြီး သွား ရှာနေကြတယ် ဆိုတာကို သဘောမပေါက်ဘူးကွဲ့။ အေးလည်းလူ၊ မမလည်းလူပဲ။ သွေးနဲ့ကိုယ် သားနဲ့ကိုယ် ပီတိချိုချိုနဲ့ လူတိုင်းလို ကိုယ့်လင် ကိုယ့်မယားအနားမှာ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ပါးကြည်နေချင်ကြတာချည်းပေါ့၊ တူနှစ်ကိုယ် တဲအိုပျက်မှာနေရ ရွှေဘုံပေါ်မှာ စံရ ချစ်တာသာ ပဓာနလို့သာ ဆိုလေ့ရှိတယ်၊ တကယ်လို့သာ စိတ်အေးချမ်းသာ စားစရာမှမရှိရင် ကျန်းမာရေးကောင်းပါ့မလား၊ ဝမ်းကကော မတောင်းတော့ မဆာ တော့ဘူးလား၊ ထမင်းမစားကြေးဆိုပြီး တစ်ယောက်မျက်နှာ ဘယ်နှရက် ဆက် ကြည့်နိုင်မှာတဲ့လဲ၊ ဒါဟာ သဘာဝအတိုင်း မဟုတ်တဲ့ အတွေးအခေါ်တစ်မျိုးလို့ မမ ယူဆပါတယ် အေး။

ဒီလို စိတ်ကူးယဉ် တင်စားချက်တွေကြောင့် ငယ်ငယ်ရွယ်ရွယ်လေးတွေ ဘယ်လောက် ဒုက္ခရောက်နေကြပြီလဲကွယ်။ ဘာအခက်အခဲမှ ခေါင်းထဲ မရှိကြ ဘူး၊ ခုကြိုက် ခုယူ စီးပွားရေးဒုက္ခတွေကြတော့ နှာလန်မထူနိုင်၊ ဒီဒဏ်မခံနိုင်ကြ တော့ အချစ်လည်းပျက် အိမ်ထောင်လည်း ယောက်ယက်ခတ်ဖြစ်ကြရတာတွေ တွေ့နေ မြင်နေရတာ တစ်ပုံကြီး အေးရေ။

ဒီသဘောပဲလေ အိမ်ထောင်ဖက်ဆိုတာ တစ်ခဏလေးကြည့်ပြီး ပြောလို့ရ တာမှ မဟုတ်တာ၊ သေသည်အထိ ကြည့်ကြရလိမ့်မပေါ့။ လူဆိုတာ အချိန်ရှိတုန်း အရွယ်ရှိတုန်း၊ ကျန်းမာရေးနဲ့ ပြည့်စုံနေတုန်း၊ အခွင့်အလမ်းရှိတုန်းမှာ အလုပ်လုပ်ကြ ရမယ်။ နောင်ရေး စိတ်အေးရအောင် စုတတ်၊ ဆောင်းတတ်ကြဖို့ လိုတယ်။

ဒါကို တို့လို အမျိုးသမီးပိုင်းရဲ့ အတွေးအခေါ်လို့ ထားချင်ထားပါဦး နောက်ပြီး မိန်းမသားတိုင်းရဲ့ သဘာဝပင်ကိုစိတ်က အသက်အရွယ်လေးထောက် လာရင် ပိုပြီး စိတ်အေးချမ်းသာဖြစ်ချင်တယ်၊ နေချင်တယ်၊ သောကကင်းချင် တတ်ကြတယ်။ ဒါကြောင့်လည်း တို့များ အခုကတည်းက လင်စား၊ သားစား တစ်အိမ်လုံး ဘဝတာအတွက် ရှာကြဖွေကြတာပါ။

မလုပ်တတ်လို့ မလုပ်တဲ့သူရှိသလို လုပ်တတ်ပါရက်ကနဲ့ မိဘအိုးဘွား လက်ထက်ကတည်းက ငွေပုံပေါ် ကြီးလာတဲ့သူတွေတော့ ရှိတာပေါ့လေ၊ ဒါထား တစ်ပိုင်းထား၊ အဲ-တို့က အဲဒီလိုစိတ်ဓာတ်နဲ့ ရှာကြဖွေကြတာဆိုပေမယ့် တို့ လင်တွေအတွက်ကတော့ ရှိစေချင်တဲ့အခါ သူတို့အနား မရှိကြလို့ စိတ်ပျက်စရာ ဖြစ်ကောင်းဖြစ်မယ်၊ စိတ်ပျက်ချင်လည်း ပျက်နေကြမယ်ဆိုတာကို တို့က သဘော ပေါက်ရတယ်၊ ကိုယ်ချင်းလည်း စာပါတယ်။ အိမ်ထောင်ကြီးအတွက်ရယ်လို့ ရည်ရွယ်ချက်သန့်သန့်နဲ့ လုပ်မိတာမှန်မှန်၊ ချက်ချင်း လောလောဆယ်မှာတော့ တို့က လျှော်ဖွပ်ချက်ပြုတ်မပေးနိုင်တာက တို့ဝတ္တရားပျက်သလို သက်ရောက်နေ





ပြန်ရော၊ ဒီတော့ တို့က စာနာရမယ် လိုက်လျောရမယ် သည်းခံခွင့်လွှတ်ရမယ် ပေါ့ကွယ်။ ငွေဝင်ပေါက်လည်း ဝင်တာပေါ့၊ နောက်တစ်ပိုင်းကလည်း အလုပ်လုပ် တယ်ဆိုတာ တိုင်းပြည်အတွက် တစ်ဖက်တစ်လမ်းက ကိုယ်သန်ရာလုပ်ငန်းနဲ့ အကျိုး ပြုတယ်လို့ မမတော့ ယူဆမိတယ်။

မမဟာ မမ တတ်ကျွမ်းတဲ့ ဆေးကုအတတ်ပညာနဲ့ ပြည်သူတွေ ကျန်းမာရေးအတွက် အကျိုးပြုနေတယ်။ အေးလည်း အေး ကျွမ်းကျင်တဲ့ အဆိုပညာ လေးနဲ့ ဖျော်ဖြေမှုအပိုင်းကလေးရရဆိုပြီး အကျိုးပြုခွင့်ရတာမျိုးပဲ။ ကိုယ့်ခွန် ကိုယ့် အားအလိုက်လည်း အကျိုးပြုသင့်တာပဲ မဟုတ်လား၊ တတ်ကျွမ်းထားတာကို အသုံးမချရင် ဆုတ်ယုတ်မှုဖြစ်မှာ၊ စက်ပစ္စည်းတွေကြည့်လေ မသုံးဘဲနဲ့ ရပ်ထား ကြည့်ပါလား အသစ်စက်စက်ကြီးဖြစ်ပါစေ သံချေးတက်မှာပဲ၊ လည်ပတ်တဲ့အခါ အခက်အခဲတွေ့မှာပဲ။

အေးလေ ပြောရတာသိပ်တော့မထူးပါဘူး။ တို့တိုင်းပြည်က လူတွေရဲ့ စိတ်ထဲမှာ မိန်းမဆိုတာ လင်ကို အလုပ်အကျွေးပြုဖို့ချည်း အသက်ရှင်နေရမယ့် သတ္တဝါတွေ မဟုတ်ဘူးဆိုတာ သဘောပေါက်လာတဲ့နေ့၊ တိုးတက်တဲ့ ကမ္ဘာကြီး နဲ့အမီ တို့မိန်းမသားတွေ တန်းတူအခွင့်အရေး ထားပေးလာတတ်တဲ့နေ့၊ မိန်းမတွေ မှာလည်း လူလိုတွေးခေါ်တတ်တာပဲလို့ ကိုယ်ချင်းစာတတ်တဲ့ကြတဲ့နေ့ကျရင်တော့ တို့သောကတွေ ပျောက်ရမှာပေါ့။

ခုတော့ လူတွေမှာ မယားနဲ့နွား မသနားနဲ့၊ မိန်းမတွေဟာ မီးဖိုချောင်က မထွက်သင့်ဘူးလို့ ထင်လေ့ရှိတဲ့ သဘောထားတစ်ခု ဖြစ်နေလို့ အတော်ကြာ အောင် စောင့်ရမှာပါ အေးရာ၊ ဒီတော့ မမတို့၊ အေးတို့ လင်တွေကို စိတ်ချမ်းသာ အောင် ထားရ သည်းခံရတော့မှာပဲ။ ဖွဲ့ခိုင်ခိုင်ထားဖို့သာ ကြိုးစားပါ ညီမရယ်''

ဆိုတဲ့ စကားကို မှန်လိုက်ပါပေရဲ့လို့ ကိုယ်ဘဝင်ကျခဲ့မိပါတယ်။

ဟုတ်တာပေါ့ကွယ်၊ ကိုယ်တို့အတွေးနဲ့ ကိုယ်တို့ဘက်က ဘယ်လို မှန်ကန် နေစေတော့ မောင့်အတွက်၊ အိမ်ထောင့်အရှင်သခင်အတွက်ကျတော့ သာမန် သင်မယားတွေထက် ဇနီးသည်နဲ့ အတွေ့ရနည်းလေတော့ ရာနှုန်းပြည့်အိမ်ထောင် သူခရတယ်လို့ ထင်မယ် မဟုတ်ဘူးပေါ့။

ဒါကြောင့်မို့ ''အေးဟာ ပဲပြုတ်သည်မလေးတစ်ယောက်ဆိုရင် ကောင်း မှာ''လို့ မကြာ မကြာ ပြောတတ်တာနဲ့ တူပါတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို မောင့်ဘက်က အသာပေးတွေးမိလေ ပိုဂရုစိုက်မိလေပဲ၊ အိမ်မှာ ရှိနေရတဲ့ အချိန်ကလေးမှာဆို မောင့်အကြိုက်၊ မောင့်အလိုကျ၊ အနားမှာလည်း ကြင်ကြင်နာနာ ချိုချိုသာသာ နေပေးတော့တာကလား။

ဒါကြောင့်မို့ သားတွေ၊ သမီးတွေကတောင်မှ "မေမေက ဖေဖေ့လောက် သားတို့၊ သမီးတို့ကို မချစ်ပါဘူး။ ဖေဖေမှ ဖေဖေ ခွာကို မခွာဘူး။ သားတို့ သမီးတို့နားမှာကို မနေဘူး" လို့ နှုတ်ခမ်းလေးတွေစူရင်း စိတ်ကောက်ရင်း မနာ လိုဖြစ်ကြ ပြောကြတယ်။

ကလေးတွေကတောင် ပြောယူရတော့ ရှက်မျှားတောင်ရှက်မိပါရဲ့။ ဒါတွေ ဘာတတ်နိုင်မှာတုန်း၊ ကိုယ့်လင်က ယုယနိုင်မှ ကြိုက်တဲ့၊ အနားမှာနေမှ သဘော ကျတဲ့ လူစားမျိုးဖြစ်နေတော့တာကိုး။ မောင် ဘုရင်တစ်ဆူပဲလေ၊ အိမ်မှာ သူ အေး ဆေးနိုင်ပါမှ အားလုံးအေးချမ်းရမှာ သူငယ်ချင်း၊ ကလေးတွေဆိုတာကတော့ ချော့ မော့ နှစ်သိမ့်လိုက်ရင် ပြီးသွားတတ်တာမဟုတ်လား။ ဒီတော့ ကလေးတွေပေါ်မှာ တာဝန်ကျေရုံလောက်သာ ဖြစ်ခဲ့ရတာပေါ့ကွယ်။

မောင်ကခက်သားပါကွာ၊ ဘယ်လောက် အေးဆေးကြည်သာနေပေးပြန်ရင် လည်း သူနေချင်မှနေတာ၊ အိမ်ကပ်ချင်မှ ကပ်တာပါ၊ သွားမိရင် မနားပြန်ဘူး ဒီတော့ ကိုယ့်မယ် ရွှေလည်မော့မော့ အားလျော့လျော့ပေါ့။

တစ်ခါတလေ မောင် နေမကောင်းဖြစ်နေပါစေလို့ကို ဆုတောင်းမိတယ်။ မောင်က နေမကောင်းဖြစ်တဲ့အခါဆို သိပ်အားငယ်တတ်တာ၊ ကြောက်တတ်တာ သူငယ်ချင်းရဲ့။

အဲဒီအခါကျရင် ကိုယ့်ကို သိပ်အားကိုးတော့တာ၊ နားကိုပူနေအောင် တအေး တည်း အေးနေတော့တာမျိုး။

"အေးရေ၊ အပူချိန်တိုင်းပေးပါဦး၊ မောင်ကိုယ်အရမ်းပူနေသလားဟင် ဘာရောဂါတွေ ဖြစ်နေသလဲ မသိဘူး။ အေး၊ အေး မောင့်အနားမှာနေနော်၊ ဘယ်မှ မသွားနဲ့နော်" နဲ့ မျက်နှာငယ်လေးနဲ့ကွာ။ ချစ်စရာ သနားစရာကို ကောင်းလို့ အသည်း ကလည်း ကြောင်ပါပေ့၊ သေမှာဆိုးလို့ ငိုလိုပိုနဲ့ ကလေးစိတ်မှ ကလေးစိတ်ပဲ။

ကိုယ့်မှာ ကလေးတွေ နေမကောင်းရင် ရုံးက ခွင့်ယူချင်မှ ယူရတာ၊ သူမှုး ဖြစ်ပြီဆိုရင်တော့ ရုံးလည်းပျက် အလုပ်တွေရှိလည်း ဖျက်ရတော့တာပဲ။

ဒါကြောင့်မို့ သူ နေမကောင်း ဖြစ်စေချင်မိတာပါ။ ဒါဆို အိမ်လည်းကပ်





ရော၊ ကိုယ့်အပြုအစု အကြင်နာလည်း တန်ဖိုးရှိသွားရော မဟုတ်လား။ အင်းလေ အမှန်တော့ ကိုယ်ကသာ ဒီလို ဆုတောင်းနေမိတာပါ၊ ရောဂါကျွမ်းနေတဲ့ နာတာရှည် ရောဂါသည်ကလွဲလို့ အမြဲတမ်း နာမကျန်းဖြစ်နေမယ့်သူ ဘယ်ရှိပါ့မလဲကွယ်။

ကျန်းမာပြီဆိုတာနဲ့ မောင်က စာအုပ်ကြီးအတိုင်းသွားတာပဲ၊ ထွက်တာပဲ၊ ကိုယ်လည်း ဒေါသပွားရတာပဲ၊ သောကများရတာပဲ၊ ဝင်ဒါမီယာလမ်းရောက်ပြီ ဆိုကတည်းက မောင့်အတွက် ပိုပြီး စိတ်ပူလာရပါတယ်ကွာ၊ အပေါင်းအသင်း က ကြာလေစုံလေကိုး။ နေရာစုံကို သူရောက်တယ်လေ၊ ရုပ်ရှင်ကောင်စီအဖျော် ဖြေမကာဆိုင်ကအစ ကုက္ကိုင်းရေကူးကန်ကလပ်အထိ ကျယ်ဝန်းလာပြီပေါ့၊ ဘယ် ကလပ်မှာတော့ ရန်ဖြစ်ကြလို့၊ ဘယ်ဘားမှာ ဘယ်လို ဖျန်ဖြေလိုက်ရတယ် ဆိုတာ တွေလည်း အများကြီးပဲ ကြားသိခဲ့ရပါပြီ သူငယ်ချင်း။

တစ်ခါကများ နန်းသီတာ အပေါ်ထပ်ကိုတက်ပြီး စာရင်းဖွင့်ဧည့်ခံလိုက် သတဲ့၊ သီသတင်းကိုတော့ ကြားရသမျှတွေထဲမှာ ကိုယ်အတုန်လှုပ်ဆုံး ဖြစ်ရ ပါတယ်။

ဒါကလည်း ခရီးသွားဟန်လွှဲ ကိုယ်သိလိုက်ရတာပါ၊ တစ်နေ့ ကိုယ်သိချင်း သွင်းကိစ္စနဲ့ မဟာမြိုင်အသံသွင်းရုံကိုရောက်တော့ ကိုယ့်အစ်ကိုလို ဆက်ဆံနေရတဲ့ တက်ဆရာကြီးက မေးတယ်ကွ။

"မာမာအေးအဆက် ပါသေးလား" တဲ့။

ကိုယ်စဉ်းစားတယ်ကွယ်၊ ဒီလူကြီးက မောင့်ကို သိနေသားနဲ့ ဘာလို့မေး ပါလိမ့်ပေါ့။

"ရုံးဆင်းရင် လိုက်လာမယ် ပြောတာပဲ၊ ဘာလဲ တွေ့ချင်လို့လား" လို့ ပြေ လည်းဖြေ၊ မေးလည်း မေးလိုက်ရော "အမလေး မတွေ့ချင်ပါဘူးဗျာ ကြောက်လွန်း လို့ ထွက်ပြေးဖို့မေးတာ" လို့ ပြောပြီး အူလှိုက်သည်းလှိုက် ရယ်နေတယ်ကွာ၊ ကိုယ်လည်း ကြောင်သွားတာပေါ့။ ကြောက်တယ်လည်းဆိုသေး၊ ရယ်လည်း ရယ်နေ သေးနဲ့။

"စိုးရိမ်မနေစမ်းပါနဲ့ မအေးရာ၊ တခြားကြောင့် မဟုတ်ပါဘူး၊ တစ်နေ့ည က တို့များ အသံသွင်းပြီးတော့ ညဘက်အပန်းဖြေ နန်းသီတာမှာ ဘီယာလေး သောက်မလားလို့ သွားကြတယ်။ မသွားခင်ကလည်း အရိုန်က ရှိနေပြီသားလေ။ သိတဲ့အတိုင်းပေါ့၊ ဟိုရောက်တော့ မင်းယောက်ျားနဲ့တွေ့ရော အတင်းဆွဲ



www.burmeseclassic.com

www.burmeseclassic.com



တိုက်တယ်၊ သူက ဖဲနိုင်လို့ ဆိုလားပဲ၊ နန်းသီတာအပေါ်ထပ် တစ်ထပ်လုံးပိတ်ပြီး တက်လာတဲ့လူတွေ အကုန်သောက်သမျှ သူငွေရှင်းသတဲ့ဗျ၊ တို့က မသောက်နိုင်တော့ပါဘူးဆိုလည်း မရဘူးကွာ၊ အတင်းပါးစပ်ဖြဲတိုက်တော့တာ မအေးရ၊ တို့လို ကြွက်တွင်းတွေတောင် အိမ်ကို ဘယ်လိုလုပ် ပြန်ရောက်မှန်း မသိတော့ဘူး။

မနက်နိုးလာတော့ အဲဒီကပါသွားတဲ့ ကြက်ပေါင်ကြော်ကြီး ကိုင်ရက်သားကြီးပေါ့ဟာ၊ လူမှန်းသူမှန်းမသိ၊ အိပ်ရာထဲ အပေါ့သွားလိုသွားမိနဲ့၊ မပြောပါနဲ့တော့ မိန်းမနဲ့ ရန်ကိုဖြစ်ယူရတာပဲ၊ အမလေး တစ်ခါတည်းနဲ့ လန့်ပါပြီ၊ ဒါကြောင့် သူ့မြင်ရင် ဝေးဝေးက ပြေးမလို့'' တဲ့။

ဒီလူကြီးအဖြစ်ကိုကြားရတော့ ကိုယ်လည်း မရယ်ဘဲ မနေနိုင်ဘူး။

အင်း- ဒါဆို ကြောက်သင့်တာပေါ့ သူငယ်ချင်းရဲ့၊ တစ်ဆက်တည်းမှာ နန်းသီတာတစ်ထပ်လုံး စာရင်းပိတ်အရက်တိုက်နိုင်တဲ့ငွေ ရနိုင်မယ့် ဖဲဝိုင်းတစ်ဝိုင်းရဲ့ ငွေကြေးပမာဏကို ခန့်မှန်းကြည့်ရင်း လန့်လိုက်တာ၊ စိုးရိမ်လိုက်တာကွယ်။

ငွေကုန်တာ ထားပါဦး၊ သောက်ရုံစားရုံဆို တော်ပါရဲ့၊ မူးပြီး ရမ်းမိလို့ ပစ္စည်းတွေများ ကွဲရှ ကျိုးပဲ့ကုန်ရင် နိုင်ငံပိုင်ပစ္စည်းဖျက်ဆီးမှုထဲ ရောက်တော့မှာ မဟုတ်လား။ နာမည်ကြီး ရုပ်ရှင်မင်းသားတစ်ယောက် ဒီကိစ္စမျိုးနဲ့ အပြစ်ပေးခံရတာလည်း မကြာသေးတဲ့ကာလမို့ ကိုယ် ရင်ပူလွန်းမိခဲ့ပါတယ်။

ဘယ်တုန်းကမှ ဒီကိစ္စမျိုးနဲ့ မမေးခဲ့ဖူးတဲ့ကိုယ်ဟာ ဒါကိုတော့မေးရတော့တာပဲ။ မောင်က မလိမ်ပါဘူး၊ ဟုတ်ပါတယ်တဲ့။ ဖဲနိုင်တဲ့ငွေတွေအပြင် အိမ်က ပါသွားတာပါ မကျန်အောင် ကုန်ခဲ့သတဲ့။

တစ်ခါတလေပဲ အေးရယ်၊ မိုးကုတ်သူဌေးတွေ တစ်ခါတစ်ခါ ရန်ကုန်ဆင်းလာပြီး စတန့်ထွင်တတ်ကြလွန်းလို့ အမြင်ကတ်တာနဲ့ စမ်းကြည့်တာပါတဲ့၊ ခုတော့ မလုပ်သင့်ဘူးဆိုတာ မောင်သိပြီလေ။ အရသာရှိရှိ ကလိလိုက်ရတာမို့ ကျေနပ်သွားပြီ နောက်ဆို အပေါင်းအသင်းရွေးပေါင်းတော့မယ်၊ ဣန္ဒြေမရ နာမည်ပေါ်မယ့် နေရာမျိုးတွေ မောင် မသွားတော့ဘူး။

သားတို့၊ သမီးတို့ရဲ့ ကျန်းမာရေးအတွက် ပျော်ရွှင်ရေးအတွက် ရေကူးနိုင်မောင်လည်း သိက္ခာရှိရှိ နေဖြစ်သွားအောင် ကုက္ကိုင်းရေကူးကန်မှာ အသင်းဝင်လိုက်တော့မယ်တဲ့ သူငယ်ချင်းရဲ့။

ကိုယ်လည်း ဟိုဘဝက ပုတ်သင်ညိုမျိုး ဖြစ်ခဲ့ဖူးသလား မပြောတတ်ဘူး





ကွာ၊ ခေါင်းညိတ်လိုက်မိတာပဲ။ ကိုယ့်ကိုတော့ အလုပ်တွေရှုပ်နေလို့ ကျန်းမာရေး အတွက်ကောင်း၊ အညောင်းအညာလည်းပြေအောင် ရေကူးပေါ့လို့ ပြောသေးတယ်။ ရေကူးအကျင့်ရသွားရင် အသက်ရှူပိုမှန်ပြီး သီချင်းဆိုတဲ့နေရာမှာ အထောက်အကူ ဖြစ်မှာ ဆိုတာတောင် မကျန်ဘူး။ စကားသိပ်ကြွယ်တဲ့ မောင်ပါပဲကွယ်။

ကုက္ကိုင်းရေကူးကန်အသင်းဝင်ဖြစ်သွားရော ဆိုပါတော့ကွာ၊ ကလေးတွေက ပျော်မှပျော်ပေါ့၊ သားတို့သမီးတို့က ရေကြိုက်တယ်၊ သမီးကြီးကဆို သာကဲသေးတယ်။ သူတို့ပျော်တော့ ကိုယ်ဝမ်းသာမိတာပေါ့။ မောင့်ကိုလည်း ကြံဖန်တွေးတတ်လေခြင်းလို့ ကျေးဇူးကိုတင်လို့။

ကိုယ်တို့ မနက် (၅) နာရီကနေ (၆) နာရီခွဲ အထိ ရေကူးလေ့ရှိပါတယ်။ ကိုယ်က သိပ်ကူးတတ်တာ မဟုတ်တော့ ရေကူးချန်ပီယံ သူငယ်ချင်း မညွန့်ခင်ကို တောင်ဥက္ကလာမှာ ဝင်ခေါ်ပြီး သင်ခိုင်းရသေးတာကိုး။ ကိုယ်က လူများလာရင် မကူးချင်ဘူးလေ။ ဒီတော့ မနက် အစောကြီးသွားရတာပေါ့။ ညနေဆိုရင် မောင်က သူငယ်ချင်းတွေနဲ့ သွားတယ်ပြောတာပဲ။ ကိုယ်လိုက်လို့ မကောင်းဘူးလို့ ပြောပါတယ်။ ကိုယ်က အရက်သွေးနေတဲ့သူတွေကြားမှာ မနေချင်တော့ အတော်ပါပဲ။ ဒါတောင်မှ ကိုယ်အလုပ်အားမှ၊ မပင်ပန်းတဲ့အချိန်မျိုးကျမှ ရောက်ကြတာပါကွာ။ တစ်လ နှစ်လလောက်သာ သွားဖြစ်ပါတယ်။ မောင်က ကောက်ရိုးမီးပဲဟာ၊ သူ အင်းနစ်ကစားတဲ့ဘက် စိတ်ပါသွားပြန်တာနဲ့ တစ်လမ်းစီဖြစ်သွား၊ မနက်ထရ တာ အိပ်ရေးပျက်တယ် ဖြစ်သွားပြန်လို့ မသွားကြတော့ပါဘူး။

ဒီလို အားကစားဘက်မှာ စိတ်အလေးသာလာတာကိုတော့ ကိုယ်က အထူး အားပေးတာပေါ့။ ဒါဆို အရက်ဘက်က လျော့သွားနိုင်မယ် မဟုတ်လားလို့။ ပြီးတော့ ကိုယ်ကိုယ်တိုင်က အားကစားဝါသနာကြီးခဲ့တာ သူငယ်ချင်းသိသားပဲ။ ဘောလုံးပွဲဆို ကိုယ်အစွဲဆုံးပေါ့။ မောင်က စိတ်မဝင်စားလို့ တစ်ခါတလေ ရန် ဖြစ်ပြီး အတင်းခေါ်ရတတ်သေးတာ။ လက်ဝှေ့ပွဲဆိုရင်လည်း မောင့်ကို အရခေါ် ရတာ။ နောက်ပိုင်းမှ အလုပ်ကများ၊ လက်မှတ်ကိစ္စ ခေါင်းခဲရတာနဲ့၊ ကိုယ့်နာမည် ကြောင့် မသိသူ မရှိသလောက်ဖြစ်ပြီး လူတွေထဲ သွားရလာရခက်လွန်းလို့ စိတ်ပူရ အားလျော့ လမ်းဖြတ်ထားရတာလေ။

ခုတော့ သူအားကစားစိတ်ရောက်သွားပြန်ပြီ၊ မောင်က စာရေးချင်တယ်ဆို ကတည်းကလည်း ကိုယ်တိုင်ထုတ်ဝေချင်သလားလို့ ကိုယ်တိုက်တွန်းခဲ့တာပဲ။ တင်းနစ်



www.burmeseclassic.com

www.burmeseclassic.com



စွဲပြန်ပြီတဲ့၊ ဘာဖြစ်သလဲ အားပေးရမှာပေါ့။ ကလေးတွေနဲ့ ဘောလုံးတောင်မှ လိုက်ကောက်ပေးသေးတယ်။

အဲ- ဂေါ့ဖ်ရိုက်ချင်တယ် ဆိုလာတာကိုတော့ ကိုယ်ဟာ ဝမ်းပန်းတနည်း တားလိုက်ရပါတယ် သူငယ်ချင်း။

ငြင်းရတာကတော့ ရည်ရွယ်ချက်မမှန်လို့ပါ၊ ဂေါ့ဖ်ကစားရင် ဘယ်လို လူကြီးတွေနဲ့ တွေ့နိုင်မယ်၊ လူကုံထံတွေနဲ့ ပေါင်းသင်းနိုင်မယ်၊ ဘယ်လိုအခွင့်အရေး နဲ့ ဘယ်လောက်ခရီးရောက်မယ်လို့ သူပြောခဲ့တာကိုး၊ ဒါဟာ အားကစားစိတ်ဓာတ် လားကွယ်။ ပြီးတော့ ကိုယ့်အင်ကိုယ့်အားနဲ့ ဒီအားကစား မဖြစ်နိုင်ပါဘူးလို့ ကိုယ်စဉ်းစားမိပါတယ်။ အကြမ်းတွက်ကြည့်ပါစို့ သူငယ်ချင်းရယ်၊ ဂေါ့ဖ်ရိုက် တံတစ်စုံဟာ အနည်းဆုံး တစ်ထောင်ကျော်လောက်ရှိတယ်။ ဂေါ့ဖ်ဘောလုံးတစ်လုံး ရဲ့ တန်ဖိုးက (၄) ကျပ်လောက် ပေးရတယ်။ အဲဒီတုန်းက ကုန်ဈေးနှုန်းနဲ့ တစ်နေ့ဈေးဖိုးလောက် ကျနေတာ၊ တစ်ခါ ဘောလုံးကောက်ပေးတဲ့ ကယ်ရီလေး ကယ်လီလား အဲဒီလူကို ပေးရမှာက တစ်ကြိမ်ကို (၅) ကျပ်၊ အရက်ကလေး လည်း သောက်နေတတ်ပြန်တော့ကာ အမြည်းလေးဘာလေးနဲ့ (၁၅) ကျပ်ထား ကိုးမိုင်လောက် ဝေးတဲ့နေရာမှာ သွားကစားရမယ့် သွားလာရေး အခက်အခဲ

ကဲ- ကားရှိတယ်ပဲထားကွာ၊ ဓာတ်ဆီဖိုး ရှိသေးတယ်၊ ဒီတော့ ဂေါ့ဖ် ခါ သွားကစားဖို့ရာ မကုန်ဘူးဆိုတာတောင် တစ်နေ့ (၂၅) ကျပ်အထက်ကုန် တစ်လလုံးသာ ဂေါ့ဖ်ရိုက်စမ်း၊ ကုန်ကျစရိတ်ကို မတွေးရဲသလောက်ပါ ဒါကြောင့် အားမပေးရတာပါ။ ကိုယ့်လင်ကို ထင်ပေါ်စေချင်ပါတယ်။ သူ ချမ်းသာတဲ့ အလုပ်မျိုးကို အားပေးရင်း ဝမ်းသာချင်ပါတယ်။

ဒါပေမဲ့ ကိုယ်တို့ သန်းကြွယ်သူဌေး မဟုတ်ကြပါဘူး သူငယ်ချင်း။

လူ့စိတ်ဟာ မျောက်စိတ်နဲ့တူတယ်လို့ နှိုင်းပြောတတ်တဲ့ လူကြီး စကားဟာ မမှားဘူးလို့ဆိုရမယ်။ မောင်က ခု ဒါလုပ်ချင်၊ တော်ကြာ ဟိုဟာ ချင်၊ စိတ်ငြိမ်တယ်ကို မရှိပါဘူး။ အဲ...သူ တည်ငြိမ်တာ တစ်ခုတော့ရှိတယ် ဘာလုပ်လုပ် အရက်ခွက်ဘက်ကို ပြန်ပြန်လှည့်တတ်တယ်။

မောင်အရက်သောက်တာကို ခွင့်လွှတ်ပါတယ်။ ဒါက အမျိုးသား အ အတွက် မကင်းနိုင်တဲ့ အကြောင်းတစ်ရပ်လို့ နားလည်သွားလို့ပါ။

ကိုယ်ငယ်ငယ်တုန်းကတော့ အရက်နဲ့ ပတ်သက်ရင် ခွင့်မလွှတ်ခဲ့ဘူး





သောက်တဲ့လူဆိုလည်း မုန်းတယ်။ ကုန်ကုန်ပြောမယ်ကွာ ကိုယ့်အဖေတောင် ကိုယ်ခွင့်မလွှတ်ဘူး၊ ကိုယ်တို့ ဖေဖေက ဓာတ်၊ အငြိမ့်၊ ရုပ်ရှင်၊ ဂီတ နယ်စုံ အပေါင်း အသင်းစုံတော့ သောက်တတ်တာပေါ့။ ဒါသိပေမယ့် ကိုယ်က သဘောတွေ့တာ မဟုတ်ဘူး၊ တစ်ညနေဖေဖေအလုပ်ကအပြန် အနံ့လေးသင်းလာတော့ ကိုယ်ငိုတာပဲ။

ဖေဖေက ကိုယ့်ဆို သိပ်ချစ်တာလေကွယ်၊ ဘာလို့ငိုမှန်းမသိတော့ ချော့မော့ မေးတာပေါ့၊ ကိုယ်များများမပြောလိုက်ရပါဘူး။

"ဖေဖေက အရက်သောက်လာတော့ သူများတွေက အရက်သမားသမီး လို့ ပြောမှာပါ"လို့သာ တစ်ခါတည်း ပြောလိုက်ရတယ်။ ဖေဖေဟာ အရက်ကို လုံးဝ သောက်လာတော့ဘူး။ အဲဒီလောက် ချစ်တဲ့၊ လိုက်လျောတဲ့ အဖေမျိုးကို မေမေ့ ဘက်က ဘကြီးအရင်းတွေဆိုတာ အရက်ကို အနံ့တောင်ခံကြတာ မဟုတ်တော့ ကိုယ်လည်း သဘောမကျတဲ့ဘက် ပါသွားတာနဲ့ တူပါတယ်။

ဟော... ကိုယ့်အိမ်ထောင်နဲ့ ကိုယ်ဖြစ်လာတော့ မူလအသိုင်းအဝိုင်းလေး နဲ့လည်း နှိုင်းကြည့်တိုင်းကြည့်လို့ မဖြစ်တော့ဘူး။ အများနဲ့ခြံပြီး စဉ်းစားရတော့ မှာပါလားလို့ တွေးလာရလေတော့ အရက်သောက်တယ်ဆိုတာကို ကြီးကျယ်တဲ့ အပြစ်ကြီးတစ်ခုလို ထင်လို့မဖြစ်မှန်း သိလာရပါတယ်။ ကိုးဆယ်ရာနိုင်နှုန်းလောက် အသောက်အစားနဲ့ မကင်းတတ်တဲ့ အမျိုးသားလောကကို မြင်တွေ့နေရတော့ မောင့်ကို ခွင့်လွှတ်ရတော့မှာပေါ့ကွယ်။

မျက်နှာလိုက်တယ်လို့ ဆိုချင်ဆိုတော့ သူက ချစ်သူကိုး၊ လျှော့တွက်ပေးရ မပေါ့။ ကိုယ့်အကြောင်းသိထားတဲ့သူတွေကတော့ "ဘယ့်နှယ်လဲ၊ အဖေတုန်း ကတော့ မကြိုက်ဘူးလေ၊ အရက်သမားသမီး ပြောကြမယ်လေးနဲ့ ခုတော့ အရက် သမားမယားလို့ အပြောမခံရတော့ဘူးလား"လို့ နောက်ကြလှောင်ကြပေါ့လေ၊ ဘယ်သူလှောင်လှောင်ကွာ မောင်စိတ်ချမ်းသာရင် ပြီးတာပဲ မဟုတ်လား။

ဒါပေမဲ့ ဘဝင်မကျတာလေးတော့ ရှိတာပေါ့ကွာ၊ အစက ဒါလောက် မဟုတ်ခဲ့ပါဘူး။ မောင်က ဣန္ဒြေရှိစွာ သွေတတ်တာကိုး။

ဘာလဲ သူငယ်ချင်းရဲ့၊ ကိုယ် ဒီလိုရေးလို့ ပြုံးနေပါသလားကွယ်၊ ကိုယ် ဆိုလိုတာ ဒီလိုပါ။ မောင်က အပေါင်းအသင်းတွေနဲ့ သောက်စားပြန်လာမယ့် အိမ်သူမှ မသိသာခဲ့ဘူး ရုပ်မပျက်ဘူး။ အိမ်ပြန်ရောက်ရင်လည်း အပိုစကားမပြော အိပ်တော့တာ။ ဒါကြောင့် ဣန္ဒြေနဲ့လို့ ဆိုတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အင်းလေ… အရက်ဆိုတာမျိုးကလည်း ပထမတော့ အပေါင်းအသင်းကြောင့် မဖြစ်မနေပါဆိုတာက စလိုက်တာပဲ။ တစ်ကြိမ်ထက်အကြိမ် ပိုပြီးသောက်နိုင်လာတယ်၊ နောက်သောက်ရမှ နေသားကျသလို ဖြစ်လာတယ်။ နောက်တော့ အရက်ကို ကြိုက်လာတယ်၊ မူးအောင်သောက်တတ်လာတယ်၊ အရက်ကို လူက သောက်ခဲ့တာတော့ သောက်ခဲ့တာပဲကွ။ ဒါပေမဲ့ နောက်ဆုံးကျတော့ အရက်က လူကို ပြန်သောက်သွားတဲ့ဘဝ ရောက်တော့တာမျိုးပဲ။

မောင်လည်း ဒီသဘောပေါ့၊ အစကတော့ ဣန္ဒြေကိုရှိလို့၊ ခုတော့ မပြောချင်တော့ပါဘူးကွာ၊ ထွေလာရင် စကားသိပ်များတယ်၊ မကျေနပ်ပြီး ပြန်လာရင်လည်း အိမ်ရောက်တာနဲ့ ဟိုဖုန်းဆက်၊ ဒီဖုန်းဆက်၊ ကြိမ်းမောင်းလုပ်၊ လူကြီးအချို့ရဲ့ နာမည်တွေ အသုံးချလိုချနဲ့ဆိုတော့ စိတ်ညစ်တယ်ကွယ်။

ကိုယ်က လင်မူးနေလို့ တွဲခေါ်ရမှာကိုလည်း မရှက်ပါဘူး။ လိုက်ခေါ်ရမှာလည်း မကြောက်ပါဘူး။ လူသိရှင်ကြား ရုပ်ပျက်ဆင်းပျက် ဖြစ်မှာမျိုးတော့ ကိုယ်ကြောက်တယ်။ အော်လို့ဟစ်လို့ လူကြားမကောင်းဖြစ်မှာကိုလည်း ရှက်ပါတယ်။ လူကြီးနာမည်တွေသုံး ခြိမ်းခြောက်တတ်တာတွေကြောင့် ပြဿနာရှာမှာ သိပ်စိုးရိမ်မိတယ်။

ကိုယ် ဘာလုပ်ရမလဲကွယ်၊ လိုက်လျောလို့မရမှန်း သိနေရပြီလေ သူငယ်ချင်းရဲ့၊ ဒီလို ချော့လို့မရတော့ ကြမ်းရတော့မယ်ပေါ့။ စိတ်မဆိုးပေမယ့် ဆိုးသယောင် ပြုံးချင်ပေမယ့် ဒေါသဝင်သယောင် နေခဲ့ရတော့တယ်။

ဒီလိုပုံပြောင်းဆက်ဆံတော့ တော်လာသလိုလိုရှိသား၊ မူးလာလို့ ကိုယ် ဒေါပွနေတာမျိုးမြင်ရင်ကိုပဲ ငြိမ်သွားတတ်တယ်လေ။ သူငယ်ချင်းရဲ့ ကိုယ်ကြောက်တတ်သွားတာကလည်း မရှယ်ဘဲ အသိဝင်စရာ ပြဿနာတစ်ခုကြောင့်ပါ။ ဒီအခါမှာ ကိုယ်က နောက်တစ်ကြိမ် ဒိန်းဒလိန်းနတ် ဖမ်းစားခံနေရတာကွ။

ဒီလိုသူငယ်ချင်းရေ… မောင်ဟာ ခုတစ်လော အလုပ်သမားရှာဖွေရေး ရုံးတစ်ရုံးမှာချည်း စက်ကျနေသတဲ့၊ အဲဒီရုံးကအမျိုးသမီးကြီးတစ်ဦးနဲ့ တွဲနေတော့ ဆိုပဲ၊ မျက်စိနဲ့တပ်အပ်မပြောနိုင်လို့ နေရပေမယ့် ရင်ထဲတော့ မခံချိနိုင်ဘူးပေါ့ကွာ မောင့်ကိုလည်း ဘာလို့ အဲဒီကိုချည်း သွားနေရတာလဲ၊ အဲဒီသွားတာနဲ့ ပတ်သက်လို့ ကိုယ်ကြားရတာ စိတ်မချမ်းသာစရာတွေ ဖြစ်နေတယ်လို့ ပြောမိတယ်။ မောင့်အဖြေက ရုံးအတွက် အလုပ်သမားရွေးဖို့သွားတာ ကြုံလို့ လက်ဖက်ရည်ဝင်သောက်၊ လက်ဖက်သုပ် ဝင်စားမိတာလောက်ပါကွာတဲ့။





တစ်နေ့ အလုပ်သမားတွေနဲ့ ပတ်သက်တဲ့ ညှိခံပွဲတစ်ခုမှာ အမျိုးသမီးတစ်ယောက်က ကိုယ့်ဆီလာပြီး သူ့ကိုယ်သူ ကျွန်မက ဘယ်သူပါ၊ မောင်နဲ့ဆို အားကြီးရင်းနှီးတာဆိုတဲ့ အပြောနဲ့ မိတ်ဆက်စကားလာပြောတယ် သူငယ်ချင်း၊ သူများတွေပြောတဲ့ ပုံသဏ္ဌာန်၊ မောင်ပြောဖူးတဲ့နာမည်နဲ့ ပေါင်းစပ်တွေးယူတော့ အင်း- တွေ့ပြီ တွေ့ပြီ သူပဲ သူပဲပေါ့။

သူ့ကြည့်ရတာ မောင့်အကြောင်းပြောလို့ မမောနိုင်ပါဘူးဆိုတာမျိုး မြင်ရေရှက်ရေပဲ သူငယ်ချင်းရေ့။

ဒီတော့ မိန်းမချင်းကွာ၊ မောင့်ကို စိတ်ဝင်စားတာတော့ မှန်နေပြီဆိုတာ သိလိုက်ပါတယ်။ ကိုယ်ကသာ ရှာရင် တွေ့ချင်မှ တွေ့မှာ၊ ခုတော့ သူ့ဟာသူ လာတွေ့ခံသလို ဖြစ်သွားလို့ ကိုယ်မြန်မြန်ကြီး သိရတာပေါ့လေ။

ဒါပေမဲ့ ကိုယ် ဘာမှ ပြောလိုက်ပါဘူး၊ ပြောစရာလည်း မလိုပါဘူး၊ ကိုယ့် …ပ် ကိုယ်နိုင်အောင် ထိန်းရမှာ ကိုယ့်ဝတ္တရားမဟုတ်လား၊ ဒီတော့ မောင့်ကို …ဝင် မဆက်ဆံဖို့အကြောင်း တားလိုက်တယ်။ တကယ် သဘောကျနေတယ် ဆိုရင်လည်း ယူလိုက်ဖို့ ခွင့်ပေးလိုက်ပါတယ်။

မောင်ကတော့ "အင်းပါ၊ မသွားတော့ပါဘူး အေးရာ" လို့ ပြောတယ်။ မျက်နှာက ပြုံးတုံးတုံးနဲ့ သိလား၊ နောက်ထပ် ဆက်သွယ်၊ မဆက်သွယ်ဆိုတာ ခေါင်းထဲမထားတော့ပေမယ့် မထားချင်ပေမယ့် တွဲတုန်းပဲ၊ သွားတုန်းပဲလို့ သိရပြန် တော့ မကျေနပ်ချင်ဘူးကွာ၊ သိရတာကလည်း ကလေးတွေက ပြန်ပြောလို့။

တစ်နေ့ သူတို့အဖေနဲ့အတူ ပြန်လာကြတုန်း မြေနီကုန်းမှာ အမျိုးသမီးတစ်ယောက်နဲ့ ကလေးတစ်ယောက်ဆိုလား ကားနဲ့တင်ခေါ်ခဲ့သတဲ့၊ ပြန်ရောက်တော့ သမီးက ကိုယ့်ကိုပြောပြတယ်။

"မေမေ၊ သမီးလေ အဲဒီမိန်းမကြီးကို သိပ်မုန်းတာပဲ၊ ဖေဖေကားမောင်းတာကို ကြည့်ပြီး စပ်ဖြဲဖြဲလုပ်နေတာ၊ စကားလည်း သိပ်များတာပဲ" တဲ့။

"ဒါနဲ့ပဲ သမီးက မုန်းရသလား၊ မိတ်ဆွေအပေါင်းအသင်းချင်း တွေ့ရင် ဒီလိုပဲပေါ့ကွဲ့" လို့ ကိုယ်က ဖျောင်းဖျမိတော့…

"မဟုတ်ပါဘူး မေမေရဲ့၊ သမီးက ဖေဖေ့ဘေးနားမှာ ကပ်ထိုင်တာကို …တာ" လို့ ဆက်ပြောတယ်၊ ဒီတော့ သားက "မမကြီးကလည်း မေမေက …ခိုင်းတာကိုး" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ဒါကြောင့်မုန်းတာပေါ့၊ သူထိုင်ရအောင်လို့ ဖေဖေက တို့တို့ကားနောက်ခန်းပြောင်းထိုင်ခိုင်းတာ မဟုတ်လား။ သူ့ကြောင့် တို့ဖေဖေနားကဖယ်ပေးရလို့ သိပ်မုန်းတာ၊ ဘာဖြစ်လဲ"နဲ့ မောင်နှမနှစ်ယောက် စကားနိုင်လုနေတာလေ။ ကလေးတွေပြောတဲ့ ပုံသဏ္ဍာန်အရ တွေးယူလိုက်တော့ ဒါ ဟိုအမျိုးသမီးဆိုတာ သိရပြန်တာပေါ့ကွာ။

စကားကြုံလို့ မောင့်မေးကြည့်တော့ ကိုယ်တွေးတာအမှန်ဖြစ်နေတယ်လမ်းကြုံတာတွေ့လို့မှ မတင်ခေါ်ရင် ဘယ်ကောင်းပါ့မလဲတဲ့။ ဒါပေါ့ကွာ မိတ်ဆွေဆိုတာ ကူညီရမှာပေါ့လို့ ကိုယ်ဖြေလိုက်ပါတယ်၊ ကျေနပ်တယ်မဆိုသာပေမယ့်အေးချမ်းဖို့က အရေးကြီးတယ် မဟုတ်လား သူငယ်ချင်းရယ်။

ဒီကိစ္စလေး မေ့သလောက်ရှိတဲ့အခါမှာ ကိုယ်တို့အိမ်မှာ အတူနေခဲ့ဖူးတဲ့သူငယ်ချင်းတစ်ယောက်ရယ်၊ ကိုယ်တို့သူငယ်ချင်းရဲ့အပေါင်းအသင်း ချင်းတစ်ယောက်ရယ်၊ ရှမ်းတစ်ယောက်ရယ် အလည်လာကြတယ်။

သူတို့က တပ်မတော်သားတွေပါ။ ပင်လုံမှာ တာဝန်ကျနေရာက တာဝန်နဲ့လာကြတာတဲ့၊ ရှမ်းပြည်နယ်က လာတာဆိုတော့ ရွှေလီမွှော်နဲ့ ဆတ်ချိုနဲ့ဆိုင်တဲ့အရက်ပုလင်းတွေ မောင့်အတွက် လက်ဆောင်ယူခဲ့တာပေါ့၊ မောင်က သူတို့ရောက်တဲ့အချိန်မှာ ရုံးအားရက်ဆိုတော့ ထုံးစံအတိုင်း အပြင်ထွက်နေတယ်လေ၊ ပြန်ရောက်တော့ ရေချိန်ကိုက်ပြီးသားဖြစ်နေပြီပေါ့၊ အိမ်မှာလည်း သူငယ်ချင်းတွေပါလာတာတွေနဲ့ ပွဲတော်ကြီးထပ်နွှဲပြန်လို့ ညဆယ်နာရီခွဲကျော်နေပြီ၊ ကိုယ့်မှာတော့သူတို့အတွက် ကြော်လှော်ပေးနေရတာ လက်မလည်အောင်ဘဲ။ ဒီအချိန်မှာဖုန်းလာတယ်သူငယ်ချင်း၊ မောင်ပဲ ကိုယ်မအားလို့ ဖုန်းထူးပါတယ်။ စကားဆက်ပြောနေသံကြားတာနဲ့ ကိုယ်ကြော်လှော်ပြီးတာတွေကို အေးအေးဆေးဆေး ယူခဲ့ပြီး ပြန်ထွက်လာခဲ့တယ်။

"အင်းပါ… ရယ်… ကိုယ်နောက်မမူးတော့ပါဘူးကွယ်၊ အချစ်ကလည်းမသောက်တော့ပါဘူးဆိုနေမှပဲ၊ ခု သူငယ်ချင်းတွေ ရှမ်းပြည်နယ်က ယူလာတာနဲ့လို့၊ အင်း ကောင်းပြီ၊ မနက်ဖြန်လာတွေ့မယ်လေ၊ အင်း…ဘြော် အင်းပါ"

မောင့်အသံက လျှာလေးအာလေးနဲ့ တစ်လုံးချင်း ကြိုးစားပြောတာဆိုတော့ ကိုယ်ကောင်းကောင်း ကြားရတယ်။ မျက်စိထဲမှာ မီးဝင်းဝင်းတောက်သွားတာပဲ သူငယ်ချင်းရာ၊ ဒေါသထွက်လွန်းလို့ အသားဆတ်ဆတ်တုန်နေတော့တာ





ဒေါသဆိုတာ လူကိုအလွန်မှ အမှောင်ဖုံးစေတာမျိုးပါ သူငယ်ချင်း၊ စဉ်းစားဆင်ခြင်သည်းခံဆိုတာတွေ ဘယ်ရောက်ကုန်မှန်းမသိဘူး။ မောင်ဖုန်းပြောတဲ့နား အတင်းပြေးသွား သူ့ပြောလက်စ ဖုန်းကိုလု လွှင့်ပစ်၊ သူ့ရင်ခွင်တစ်ပြင်လုံး တအုန်းအုန်းထုမိ ရိုက်မိတော့တာပဲ။

"ဟင်… ရှင်… ရှင် ဘာလုပ်တာလဲ၊ ကျုပ်ကို နွားမကြီးလို သဘောထားတယ်ပေါ့လေ ဟုတ်လား၊ ကျုပ်ရှိနေတာတောင် ရှင်ဒီလိုပြောနေတာ သိပ်အံ့သြဖို့ ကောင်းတယ်။ ဒါ ရှင်ချစ်ကြောင်းတွေ သက်သေပြနေတာပေါ့ ပြောစမ်းပါဦး" လို့ ပြောလည်းပြော၊ ငိုလည်းငို၊ သူ့ကိုလည်း တွန်းဟယ်ဖယ်ဟယ် ရိုက်မယ်လုပ်တာပေါ့။ သူငယ်ချင်းတွေက ကိုယ့်အတင်းဝိုင်းဆွဲကြတာပေါ့။ "အေးရာ တော်ပါတော့၊ လူကြားရင် ရှက်စရာကြီးဗျာ"နဲ့ ဝိုင်းနားချကြ၊ ဖျန်ဖြေကြပေါ့၊ လူစိတ်ပျောက်မတတ် ဒေါသထနေတဲ့ကိုယ့်ကို ယောက်ျားရင့်မကြီးသုံးယောက် ဝိုင်းဆွဲတာတောင် မနိုင်နိုင်အောင် ရုန်းထွက်တော့တာ။ သူတို့တားတဲ့ကြားက လွတ်ထွက်သွားရင်း မောင့်ဆီ ပြေးအော်ထုရိုက်ရင်း၊ မောင်က သူ့အပြစ်နဲ့သူ ဖြစ်နေတော့ တစ်ချက်မှ ပြန်မလုပ်ဘူး၊ ငြိမ်ကုပ်နေတာပဲကွ။

"ရှင်… ကျွန်မကိုချစ်တယ်ဆို" လို့ ကိုယ်ကမေးတော့ "အင်း"တဲ့၊ "ဒါဖြင့် ရှင်ဘာလို့ ဒီဟာမနဲ့ ကျုပ်ရှေ့မရှောင် ဒီလိုညှိနေရတာလဲ"ဆိုတော့ မဖြေတော့ဘူး။ ကိုယ်ကမေး၊ သူကမဖြေ၊ ကြာလေမေးလေ မဖြေလေ ဒေါသကထပ်ပြီး ကြီးလာလေပေါ့ကွာ။

သူငယ်ချင်းတွေက နှစ်ယောက်လုံးရဲ့ ငယ်သူငယ်ချင်းတွေဖြစ်နေတော့ဘက်လိုက်တယ်လို့လည်း အထင်မခံနိုင်ကြဘူးထင်ပါရဲ့။

"ကဲ… အေးကလည်း မပြောနဲ့တော့၊ မင်းကလည်း ဝန်ခံလိုက်တော့၊ အဲဒါ ကျေရောပေါ့" လို့ စကားနည်းရန်စဲလုပ်ကြတယ်။ ကျုပ်က ဘယ်ကျေနပ်နိုင်မှာတဲ့တုန်း။ အနှစ်နှစ်အလလ ပေါင်းလာတဲ့မိန်းမက အရက်သောက်ဆင်ခြင်ဖို့အမျိုးမျိုး ဆွေးနွေးတယ်၊ စာနဲ့ ရေးပြ၊ မျက်ရည်ကျတောင်းပန်ရတာ မရေတွက်နိုင်အောင်ပါ။ ဒါကို တစ်ခါဖူးမှ "နောက်မသောက်တော့ပါဘူး" ဆိုတာမပြောဖူး "ဆင်ခြင်ပါ့မယ် အေးရယ်" လို့တောင် မပြောခဲ့ဖူးတဲ့သူက တယ်လီဖုန်းထဲကနေ တောင်းသံလေးနဲ့ ပြောတာကျတော့ "နောက်မသောက်တော့ပါဘူး"တဲ့လေ။

ကိုယ် ဘယ်လိုနေမလဲ စဉ်းစားကြည့်ပေတော့၊ ဒါကို သူငယ်ချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ရှေ့ချ ပြောပြမိတော့ သူတို့ သဘောပေါက်ပါတယ်။ ကိုယ့်ဒေါသက မပြေနိုင်ဘူး သူငယ်ချင်းရဲ့၊ မောင်က သူ့မျက်နှာကို စပ်ဖြဲဖြဲလုပ်ပြနေတော့ ဒေါသကို ဆွပေးသလို ခံစားရတယ်။ စိတ်တိုတယ်။ သူငယ်ချင်းတွေက ကိုယ်တို့နှစ်ယောက်ကြားမှာ ထိုင်နေပေးကြရတယ်။ ကိုယ်က မေးလိုက်ရင်း ထသတ်ရင်း ဖြစ်နေလို့ပေါ့။

"အေးကလည်း အလကား ဒေါသ ဖြစ်ဖြစ်နေတယ်။ သူ့ဟာသူဆက်တဲ့ ဥစ္စာ၊ မောင်က ဆက်တာမှ မဟုတ်ဘဲ။ သူက ဆက်တော့ ပြောမိသွားတာပေါ့" တဲ့လေ မောင်က။

"သူက ဆက်တယ်ထားပါတော့ ရှင်က ကျွန်မ ဘေးမှာ ငုတ်တုတ်ရှိနေရက်နဲ့ ချွဲချွဲ နွဲ့နွဲ့ညုရုံတင်မကဘူး အချစ်ရယ်ဘာရယ်နဲ့ ဟင် ရှင်… ရှင် ကျွန်မကို သိပ်စော်ကားတယ်၊ နည်းနည်းမှ အရေးမစိုက်ပါဘူးဆိုတာမျိုးပေါ့ ဟုတ်လား" လို့ ကိုယ်က ထအော်မိပြန်ရော။

"အေးကလည်းကွာ အချစ်ရယ်လို့ ပြောမိတာ အေးကို စော်ကားတာလား"

ကြည့်စမ်း သူငယ်ချင်း၊ မသိသားဆိုးဝါးလိုက်တဲ့ စကားကို။ ကိုယ်အံ့ ရပ်သွားတယ်၊ သူငယ်ချင်းတွေ ကာထားလို့ စိတ်ပြေအောင် ထမသတ်နိုင်တော့ အနားရှိတဲ့ တစ်ခုခုနဲ့ တီးထည့်လိုက်ဖို့ပဲ ခေါင်းထဲဝင်လာတော့တယ်။ သောက်ပြီး ကျင်းပနေတဲ့ အချိန်ပဲ၊ အနားမှာ ပုလင်းတွေ၊ ဖန်ခွက်တွေကို ပြည့်လို့။

"တယ်… ဒါတွေနဲ့ တီးထည့်လိုက်ရ သွေးထွက်သံယိုဖြစ်တော့ မှာပဲ" လို့ ဒေါသသာဖြစ်တယ်၊ ဒဏ်ရာပြင်းမှာ စိုးနေသားကွ။

ကြည့်စမ်း သူငယ်ချင်း၊ နာတဲ့အထဲမှာ ညာတာသနားတာတွေက ပါ သေးတာ။ ဒါနဲ့ မြင်ကွင်းထဲရှိနေတဲ့ ပစ္စည်းတွေထဲမှာ အသေးဆုံးဆိုတဲ့ ကျားဘမ်း ပရုတ်ဆီဘူး အသေးစားမျိုးလေးနဲ့ ကောက်ပေါက်ထည့်လိုက်တာပေါ့။

ကိုယ့်အခြေအနေကြည့်နေတဲ့ သူငယ်ချင်းက ကိုယ်လက်မြှောက်ပြီး ပေါက် လိုက်တာနဲ့ ကိုယ့်လက်ကို သူ့လက်နဲ့ဖမ်းခံထားလိုက်တော့ ကိုယ်ထိစေချင်တာ က ရင်ဘတ်တစ်နေရာရာ၊ ဖြစ်ချင်တော့ ကြားလက်ကြောင့် အပေါ်မြှောက်သလို ဖြစ်ပြီး မျက်နှာတည့်တည့် သွားမှန်လေရော သူငယ်ချင်းရေ။

မောင်ဖြင့် ငိုလိုက်တာလေ၊ ရှိုက်ကြီးတငင်ပဲ၊ ကိုယ်တစ်သက်လုံး တစ်ခါ ဖူးမှ ရက်စက်ခဲ့တာ မဟုတ်ဘူး။ နာကျင်စေခဲ့တာ မဟုတ်ဘူးမို့လား။ သူ့ကို မချစ် တော့လို့ ဒီလိုလုပ်ရက်တယ်၊ ဘဝဆုံးပါပြီတဲ့ကွယ်။





သူငယ်ချင်းတွေလည်း အထိတ်အလန့်ဖြစ်၊ ကလေးတွေလည်းငို၊ သူငိုသံကြားတော့ ကိုယ့်မှာ ခြေမကိုင်မိ လက်မကိုင်မိ၊ မျက်နှာကို လက်ဝါးနဲ့ အုပ်ငိုလို့ မျက်နှာကိုထိတယ်ဆိုတာသိပေမယ့် ဘယ်နားထိမှန်း မသိရဘူး။ သူ့ လက်ကို အတင်းဖယ်ကြည့်ကြတော့မှ မျက်လုံးကို ထိတာတာကိုး၊ မျက်လုံးကို ခိုခဲ့တွတ်နေတာပဲကွာ။

မျက်လုံးထိတယ်ဆိုတာလည်းသိရော စောစောကဖြစ်ထားတဲ့ ဒေါသ ဘယ်ထားလိုက်မှန်းမသိဘူး။ မောင့်အနားပြေးသွား တကြင်တနာကြည့်၊ အတင်း ဖက်မိ ငိုမိဖြစ်ရတော့တာ။ မရည်ရွယ်ဘဲ ဒဏ်ရာပေးမိသွားရတဲ့ ကိုယ့်ကိုယ်ကိုယ် လည်း ခွင့်မလွှတ်နိုင်အောင် ဖြစ်ရတယ်။ မောင့်ကို တောင်းပန်၊ သူငယ်ချင်းတွေကို ဆုပ်ပါဦး ဝိုင်းကြည့်ပေးကြပါဦး၊ မောင့်မျက်လုံးများ ပေါက်သွားပြီလားနဲ့ ကိုယ် အရူးလို ဖြစ်နေမိခဲ့ပါတယ်။

ဆေးရုံသွားပြမှ ဖြစ်မှာလို့ သတိရပြီး မျက်စိ၊ နား၊ နှာခေါင်းဆေးရုံက ဆေးရုံအုပ်ကြီးဆီ ဖုန်းဆက်မိတယ်။ ညကြီးသန်းခေါင်ဖြစ်နေတာလည်း လင်စိတ် က မွှန်နေတော့ အားနာရကောင်းမှန်း ဘယ်တွေးမိလိမ့်မလဲ။ ဆရာဝန်ကြီးက ဆေးရုံမှာ ပြောထားနှင့်မယ်ဆိုတာနဲ့ သွားဖို့စီစဉ်ကြတော့ ကားက ဘာဖြစ်မှန်း မသိပါဘူး။ နိုးမရပြန်တာနဲ့ ရန်ကင်းက ဂီတလင်မယားဆီ ဖုန်းဆက်အကူအညီ တောင်းရတယ်။

သူတို့ကလည်း တော်တော်နဲ့ ရောက်မလာကြဘူးကွယ်၊ စောင့်နေရတဲ့ စက္ကန့်လောက်ကို ကမ္ဘာချင့်အောင် ကြာတယ်ထင်မိအောင် စိတ်မောရတယ်။ သူတို့ရောက်လာတော့ သူတို့ကားကလည်း နိုးမရလို့ အိမ်နီးချင်း တစ်ယောက်ဆီက အငှားလာကြရသတဲ့၊ အဲဒီကားကလည်း ကိုယ်တို့ဝင်ဒါမီယာကုန်းကို မတက် နိုင်လို့ ခါတ်ပေါင်းစုဘက်က တစ်ပတ်ပြန်လှည့် မောင်းရတော့ ကြာတာပေါ့လေ။

ဆေးရုံသွားပြပြီးလို့ မောင့်မျက်လုံးအခြေအနေ မစိုးရိမ်ရပါဘူးဆိုမှ စိတ် အေးရတော့တယ်။ မောင်က ဆေးရုံမှာ ချော်လဲလို့ပါလို့ပြောတယ်၊ ဒါနဲ့ပဲ အပြန် တမ်းကျ ကိုယ်က မနေနိုင်ဘူး။

"မောင် ဘာလို့ အမှန်အတိုင်း မပြောတာလဲ။ အေးကြောင့်လို့ ပြောပါ လား" လို့ ပြောပေမယ့် ဘာမှပြန်မပြောတော့ပါဘူး။ ဒဏ်ရာရသွားတာတည်းက ကိုယ့်ကို စကားတစ်လုံးမှ မောင်က မပြောဘဲနေတော့တာ၊ ကိုယ်လည်း သိပ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ထိခိုက်ပါတယ် သူငယ်ချင်း၊ ကိုယ်ဟာ မောင့်အပေါ် မြူတောင်မတင်စေချင်သူ ခုလိုဖြစ်တာ ကိုယ့်လက်ချက် ဆိုတာပဲ သိကြတဲ့ ဂီတစုံတွဲကတော့ ကိုယ့် ကြတာပေါ့။ သူတို့ကို ကိုယ်ဘာမှ ဆင်ခြေမပေးလိုက်တော့ပါဘူး။ ဖြစ်ရင်း သိသွားရင် မောင့်သိက္ခာထိခိုက်လိမ့်မယ်၊ ပြီးတော့ ကိုယ်တို့အိမ်တွင်း မသိစေချင်ဘူးကွယ်။

မျက်စိဒဏ်ကြောင့် မောင်ရုံးကတော့ ခွင့်ယူရတာပေါ့ကွာ၊ သူ့အဖြစ် ရခဲ့တဲ့ ပြဿနာမှန်ပေမယ့် ကိုယ်လက်လွန်တာ ပိုသွားတယ်လို့ ကိုယ့်ကိုယ် အဆိုးချပြီး တွက်လိုက်ပါတယ်။ ပိုပြီးတော့ ကြင်နာပြုစုမိပါတယ်ကွယ်။

* * *



## အခန်း (၁၃)

မောင်လည်း ဒဏ်ရာပျောက်ပြီးမှ အတော်အေးသွားတယ်။ ဟိုတုန်းက သူသွားချင်ရာသွားတာ၊ ပြောချင်မှ ပြောတတ်တာ၊ ဒီနောက်ပိုင်းကစပြီး ယ့်မျက်နှာထားက တင်းနေ မှန်နေရင် ချော့ပြောရင်ပြော ဒါမှမဟုတ် အပြင် သွားတော့ဘဲ နေပါတယ်။

အပေါင်းအသင်းတို့၊ ပတ်ဝန်းကျင်တို့ဆိုတာမှာ တစ်ခါတစ်ခါ စိတ်ပျက် ကောင်းတဲ့ အချက်တွေရှိတယ် သူငယ်ချင်း။ သူတို့ကတော့ တစ်ယောက်နဲ့ စ်ယောက် ရင်းနှီးခင်မင်လို့ သက်သက်နောက်ပြောင်တတ်ကြတယ် ထားပါတော့ ရတဲ့သူအဖို့ သူတို့စကားတွေကြောင့် နောက်ဆုတ်ရမလို၊ ရှေ့တိုးရတော့မလိုလို ဖြစ်ရတာတွေ အများကြီးကြားဖူးပါတယ်။

ဥပမာ အိမ်ထောင်တိုင်းကြုံရတဲ့ ပြဿနာလေးတစ်ခု ကိုယ်ပြောပါရစေ၊ ယောက်ျားဟာ အိမ်ကဇနီးသည် မကြိုက်လို့ တားလို့ပဲဖြစ်ဖြစ် အပေါင်းအသင်း ထမင်းစားအရက်သောက် ရုပ်ရှင်ကြည့် အလည်အပတ်ထွက်ကြဖို့ အကြောင်း ခုခုအတွက် ခေါ်လို့များ အခေါ်ခံရတဲ့သူက မလိုက်ဘူးဆိုခဲ့ရင် "ဘာလဲ မင်း အိမ်ကမိန်းမ ကြောက်လို့လား" ဆိုတာမျိုး အနည်းဆုံးပြောတာ စတာ ခံရ တတ်တယ်။ ဒီလို အပြောခံရတဲ့သူအဖို့ရာမှာ သူတို့နဲ့အတူမလိုက်တာနဲ့ မိန်းမ ကြောက်တတ်တဲ့သူအဖြစ် သိက္ခာကျမယ့် အဖြစ်မျိုးတော့ ဘယ်ခံချင်ရှာကြ ေး၊ ဒီတော့ စိတ်မပါပေမယ့်လည်း လိုက်သွားရတတ်တာတွေ ရှိကြမယ်ပေါ့။ တိုင်းဟာ ခေါ်တိုင်း စိတ်ပါလက်ပါ လိုက်သွားတတ်ကြမယ်လို့ ကိုယ်မထင် ဘူး။ မောင်လည်း ဒီအတိုင်း ဖြစ်ချင်ဖြစ်မယ်လို့ ယူဆမိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလို နားလည်မှုမျိုးနဲ့ ခွင့်လွှတ်နေတတ်တဲ့ ကိုယ်လိုမိန်းမစားမျိုးကို ``လင်နိုင်တယ်'' လို့ ပြောတဲ့သူကတစ်မျိုး၊ ``လင်ကြောက်တယ်'' လို့ မှတ်ချက် ချတဲ့သူတွေကတစ်မျိုး၊ အမျိုးမျိုးပဲ သူငယ်ချင်းရေ။ ကိုယ်ကတော့ ဘာ ထင်ထင်လေ၊ အရေးကြီးတာက ကိုယ့်တို့လင်မယား နားလည်ဖို့သာ အဓိက တွက်တယ်။

မောင့်လုပ်ငန်း မောင့်အပေါင်းအသင်းတွေနဲ့ ပတ်သက်လို့ ကိုယ် ဝင်စွက်ဖက်ခြင်း မပြုဖူးပါဘူး။ မောင့်အနားမှာတွေ့နိုင်သူတွေကိုတော့ စိတ် အတိုင်း ပေါင်း၊ မပေါင်းဆိုတာသိအောင် လေ့လာရတာပေါ့ကွာ၊ ကိုယ့်သ ထား မောင့်ပြောပြ ဆွေးနွေးကြည့်ရတာပေါ့၊ ကိုယ်ပြောရင် မှားခဲတယ်ဆို မောင်သိပါတယ်လေ။ မှတ်မှတ်ရရ မောင့်အပေါင်းအဖော်တွေထဲကဆိုရင် က ဒုမန်နေဂျာနှစ်ယောက်နဲ့ နိုင်ငံခြားသစ်ကိုယ်စားလှယ်တစ်ယောက်ကို သဘောမကျကြောင်း ပြောဖူးတယ်။ သူ့ရုံးက အဲဒီနှစ်ယောက်ဆိုရင် စိတ်လည်း စိတ်လည်းပျက်တာနဲ့ တစ်ဆိတ်ကလေး အိမ်ကိုတောင် မဖိတ်ကြားခဲ့ပါနဲ့ ပြောခဲ့မိပါတယ်ကွာ။

ဘယ်သဘောကျနိုင်ပါ့မလဲကွာ မောင်မှူးရင်အော်တတ် ဟစ်တတ် သူတို့အကျင့်တွေ ကူးလာတာလို့ ကိုယ်သိရတာကိုး၊ သူတို့က အရက်သောက် အမူးအလဲသောက်တာ၊ အိမ်လိုက်ပို့ရ ထိန်းရနဲ့ သိပ်ဒုက္ခပေးကြတာပဲကွာ။

တစ်နေ့ သူတို့ ဆုံကြသောက်ကြတဲ့နေရာမှာ အခြေအနေဆိုးနေပြီ ကိုယ့်ညပိုင်းတာဝန်ချိန်ကအထွက်မှာ သိရတာနဲ့ လိုက်သွားရတယ်၊ အားလုံး လေးဖက်မထောက်ရုံတစ်မည် ဖြစ်နေတာ ကိုယ်တွေ့ရတော့ စိတ်ပျက်တယ် သူငယ်ချင်း။

မောင့်ကို ချော့ခေါ်တော့လည်း သူတို့ မပါရင် မပြန်ပါဘူးတဲ့ကွာ။ ကို ဂျစ်တိုက်နေတယ်။ မောင့်မှာ ဉာဏ်ကောင်းလေးတစ်ခုတော့ ရှိတယ် မမူးခင်က ပြောထားတဲ့စကား မူးသွားလည်း မမေ့တတ်ဘူး။

အဲဒီနေ့မှာလည်း ဒီလိုပဲပေါ့၊ မသောက်ခင်က သူတို့ကို ပြန်ပို့ပေးမယ် ပြောထားမှာကိုး၊ ဒါကြောင့် အတူပြန်ရမှလို့ ဖြစ်နေတာပါ။

ဒါနဲ့ ကိုယ်ကိုယ်တိုင် ကားမောင်းလိုက်ပို့ရတာပေါ့ကွယ်၊ မောင်က ဘေးကထိုင်ရင်း ကိုယ်တို့ကားကို ကျော်တက်သမျှကားတွေကို အော်ဟစ်ရင်း





လာတယ်။ ဟိုလူနှစ်ယောက်က ကားနောက်ခန်းမှာထိုင်ရင်း တစ်ယောက်နဲ့ တစ်ယောက် ထိုးလိုက်ကြိတ်လိုက် နမ်းလိုက်နဲ့ဖြစ်နေတော့ ကိုယ့်မှာ ကားသာ မောင်းနေရတယ် စိတ်ကိုမဖြောင့်ရဘူး။ မတော်လို့ ကားတံခါးပွင့်ပြီး လိမ့်ကျ နေတာရဖြစ်သွားရင် ကိုယ်အရင်ဆုံး ထောင်ထဲတန်းဝင်ရမှာ သူငယ်ချင်းရဲ့။

ကမာရွတ် လှည်းတန်းလမ်းကြားထဲအထိ လိုက်ပို့ရတာလေ။ အဲဒီ အိမ် ရောက်တော့ သူ့မိန်းမက ခဏဆင်းပါဦးလို့ ခေါ်တာနဲ့ ဆင်းရသေးတာ။ ဒီလူရဲ့ သားကွဲမ မိဘ ခယ်မသားချင်းတွေလည်း ရှိကြပါတယ်။

ကိုယ်တို့လည်း ပြန်ဖို့ နှုတ်ဆက်ပြီး ထွက်ကြတော့မယ်လို့ အိမ်တံခါးဝ ရောက်ရော ကိုယ်တို့ ပြန်ပို့ရဦးမယ့်လူကို မပြန်ရသေးဘူးလို့ အတင်းဆွဲ တစ်ယောက်က ပြန်မယ်ဆိုပြီး ရုန်းထွက်လိုက်၊ သူကဆွဲထိုးလိုက် ပြန်ပါရော၊ မောင်ကလည်း ကျန်တဲ့တစ်ယောက်ကို ပြန်ပို့ပေးဖို့လောက်သာ ရနေတော့ အတင်းပြန်ဆွဲခေါ်ရော။

အိမ်ရှင်ကဆွဲလိုက် မောင်ကဆွဲလိုက်နဲ့၊ အိမ်ခံလူက သူ့အိမ်မှာမနေခဲ့ရင် နတ်နဲ့ ပစ်မလို့တဲ့၊ ခြောက်လုံးပြူးကြီး တကားကားနဲ့၊ ကျည်ဆန်ကလည်း နဲ့ မတော်လို့မှန်ကုန်ရင် ဘယ့်နှယ်လုပ်ပါ့မလဲလို့ ကိုယ့်ခေါင်းထဲ ထူပူသွား သူငယ်ချင်းရာ၊ သူ့လက်ထဲက သေနတ်ကိုလည်း ဘယ်သူမှ တောင်းလို့ ။ ကိုယ်ကသာ စိုးရိမ်ရင်ပူနေတာကွ၊ သူ့မိန်းမကတော့ ရိုးနေပြီလား မသိ ။ ကိုယ့်မျက်နှာကိုသာ အားနာတဲ့အမူအရာနဲ့ ကြည့်နေရှာတယ်။

ဒီနေရာမှာ ကိုယ်က လူစွမ်းကောင်းကြီးပေါ့ သူငယ်ချင်းရဲ့။

``ခင်ဗျား ကျုပ်ပြောတာ ရမလား မရဘူးလား၊ ခင်ဗျားသေနတ် အခု မ်း'' လို့ ခပ်တည်တည်ဘုတောပြီး လှမ်းယူလိုက်ရတယ်။ အံမယ် ဒီတော့လည်း က ဘာလန့်သွားတယ်မသိဘူး ဆရာရေ၊ မျက်နှာသေလေးနဲ့ ကိုယ့်လက်ထဲ လာတဲ့ ခြောက်လုံးပြူးကို ကြည့်နေတယ်ကွ သိလား။

ကိုယ့်မှာလည်း ဟန်ကိုယ့်ဖို့မို့ မာန်တစ်ပြားသား မလျှော့အောင် အဲဒါကြီး ထားရတာ မောင်းတင်ပြီးသားကြီးများ ဖြစ်နေမလားလို့ စိတ်ထဲမှာတော့ သားကွ။ ဒါပေမဲ့ ရှုသိုးသိုးနဲ့ သူ့မိန်းမကို သွားသိမ်းခိုင်းလိုက်တယ်။ ကိုယ့် ထဲ သေနတ်လည်းမရှိရော ပြန်ပြီး သောင်းကျန်းပြန်တာပဲ။ တစ်ယောက် ဖက်စီ အတင်းကာရောဆွဲနေကြလေတော့ ကြားကလူ ဘယ်မှိနိုင်တော့မှာ



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ ဒေါ်ပွပြီး ရုန်းကန်ထွက်လို့ လွတ်လည်းသွားရော မောင့်အင်္ကျီရင်ဘတ်ကို ဆွဲပြီး ထိုးမလို့လုပ်တယ်။

ဒါကိုမြင်တော့မှ ကိုယ်တကယ်ဒေါသဖြစ်တော့တာပဲဟေ့၊ ကြည့်စမ်းပါဦး သူငယ်ချင်းရာ၊ တစ်ယောက်က ထိုးလိုက်ရိုက်လိုက် လုပ်ရုံတင်မကဘူး သူ့ကို သေနတ်နဲ့ပစ်ပါမယ် တကဲကဲ လုပ်နေတဲ့သူတော့ ဘာမှမလုပ်၊ အိမ်ပြန်ဖို့သာ သက် အမိုက်ခံဆွဲခေါ်နေတဲ့လူကျတော့ ထိုးမယ်ကြိတ်မယ် လုပ်တယ်။ ဒါဟာ ဘာသဘောလဲကွာ၊ ကိုယ်တစ်ယောက်လုံး သူတို့အတွက် ဒရိုင်ဘာလုပ်ပေးနေ ရသေးတယ်၊ လိုက်ထိန်းပေးနေရတယ်။ ဒါတောင် မျက်နှာထောက်ရမှန်းမသိ အားနာရကောင်းမှန်းမသိနဲ့ မောင့်ကို စော်ကားလာတော့ ကိုယ်စိတ်ဆိုးမိတာပေါ့။

ဒါနဲ့ ကိုယ်ထိုင်နေတဲ့နေရာက သူတို့အနားပြေးသွားပြီး နှစ်ယောက်ကြား မှာ ဝင်ရပ်လိုက်တယ်။ အဲဒီကောင်ကိုလည်း ကိုင်ဆွဲဖယ် တွန်းလွှတ်ပစ်လိုက် တယ်။

“ကိုင်း ရှင်က ဘာသဘောလဲ၊ ရှင်ဟာ မိတ်ဆွေမှန်းမသိ ဘာမှန်းမသိ တော်တော်ဆိုးဝါးပါလား၊ ရှင့်ကို နှိပ်စက်တဲ့လူကျတော့ ရှင်က ဘာမှ ပြန်မလုပ် ဘဲနဲ့ ကျုပ်ယောကျ်ားကျတော့ ရန်မူမလို့ပေါ့လေ။ ရှင့်သတ္တိ ဘယ်လောက်ရှိလဲ ကဲ… ထိကြည့်စမ်း” လို့ လူမိုက်ဂိုက်နဲ့ ဝင်ပြောမိတာပေါ့။

“ကဲလေ သတ္တိရှိရင် မောင့်အသားကို နည်းနည်းလေးပဲ ရှင်ထိကြည့် စမ်းပါ။ ဒီမှာ ကျွန်မက ယဉ်ကျေးရင် သိပ်ယဉ်ကျေးတတ်ပါတယ်။ ကြမ်းချင် ရင်လည်း ကြမ်းကြည့်လေ၊ မိုက်မယ်ဆိုလည်း ရှင်တို့ထက် မိုက်တုံ့တယ်။ ထပ် လာပါ၊ မောင့်ကို ထိကြည့်စမ်းပါ” လို့ ထချဲတော့တာ။

“ကျွန်တော်… ကျွန်တော်မှား… မှားသွားပါတယ် အေးရယ်၊ ကျွန်တော် တောင်းပန်ပါတယ်” ဖြစ်လာမှ ကိုယ်အတော်စိတ်ငြိမ်အောင် လုပ်ယူရတယ်။ လိုက်ပို့ခဲ့ရတာပါပဲ။

ကဲ… ဘယ့်နှယ်လဲ သူငယ်ချင်း၊ မောင့်ကို ဒီလိုအပေါင်းအသင်းတွေနဲ့ မသွားစေချင်ဘူး၊ စိတ်မချဘူးဆိုမိတာ ကိုယ်မှားသလား၊ အရေးရှိလို့မှ မောင့်အတွက် အကူအညီရပါ့မလား၊ မင်းစဉ်းစားကြည့်လေ၊ အသက်အန္တရာယ်တောင် စိုးရိမ်ရတာ ပဲ၊ ဒီလူတွေနဲ့ အကျင့်တူ စိတ်တူဖြစ်သွားမှာတော့ ကိုယ်အစိုးရိမ်ဆုံးပေါ့ကွာ။

ကျန်တဲ့ သစ်ကိုယ်စားလှယ်ဆိုတဲ့လူကျတော့လည်း တစ်မျိုးကွ။ မောင်နဲ့





ဆုံခင်တယ်ဆိုတာ ကိုယ်လက်ခံပါတယ် သူငယ်ချင်း။ ဒါပေမဲ့ ဒီလူက နိုင်ငံခြား သစ်ကုမ္ပဏီတွေအတွက် သစ်ဝယ်ပေးရတဲ့လုပ်ငန်းဆိုတော့ ကိုယ်ပိုင်အလုပ်တစ်ခု လို လွတ်လပ်တယ်၊ လခအများကြီးရတယ်။ ကားနှစ်စီး၊ သုံးစီး စီးနိုင်တယ်ဆိုတဲ့ အခြေအနေမျိုးရှိတဲ့ လူပဲ။ ဒီလူဟာ သူ့အိမ်ထောင်ရေးကို လုံးဝစိတ်မဝင်စားဘူး၊ အရက်၊ ဖဲနဲ့ အပျော်မယားဆိုတာတွေနဲ့ အချိန်ဖြုန်းလေ့ရှိတယ်လို့ ကိုယ်သိထားရ တယ်၊ မောင့်ကို ခေါ်ခေါ်ထုတ်သွားတတ်လာတော့ ကြာရင် ဘာဖြစ်မလဲကွယ်၊ လူဆိုတာ မုဆိုးနားနီးမုဆိုး၊ တံငါနားနီး တံငါဆိုတာမျိုး မဟုတ်လား။ ဒီလူနေသလို နေချင်လာမှာပဲလို့ ကိုယ်ကောက်ချက်ချလို့ရနေတယ် သူငယ်ချင်း။

ဒီလူနဲ့ ပေါင်းမိတော့မှ အလုပ်ကထွက်ပြီး ဒီလူ့လိုပဲ နိုင်ငံခြားသစ်အဝယ် တော်လုပ်ချင်တယ်ဆိုတာမျိုး၊ ဒီလူက ဘယ်အရက်မျိုးမှ သောက်တာဆိုတာမျိုး တွေ အားကျလာတာတွေ ကြားနေရတဲ့အပြင် ဒီလူ့အိမ်ထောင်ရေးက မချစ်ဘဲ ယူခဲ့ရတာမျိုးမို့ မိန်းကလေးတွေနဲ့ သွားလာနေထိုင်တတ်တာပါလို့ သူ့အပေါင်း အသင်းဘက်က ရှေ့နေလိုက်တာတွေလည်း ပါတာပေါ့ကွာ၊ အဲဒီလူအနေနဲ့လည်း ကိုယ့်ကို ကျေနပ်မှာမဟုတ်ဘူးလို့ ထင်ပါတယ်။ ပထမဆုံး အိမ်ကိုလာတဲ့အချိန် ကတည်းက ကသိကအောက်ဖြစ်တာပဲဟာ။

စနေတစ်နေ့မို့ မောင်ရုံးကဆင်းတာနဲ့ မြို့ထဲသွားတယ်လေ၊ အဲဒီလူအိမ် သွားမယ်လို့ မောင်ပြောခဲ့တာ မဟုတ်ဘူး။ ကိုယ်က ညတာဝန်ကျတဲ့ရက်ဆိုတော့ အိမ်ကို ဆယ်နာရီလောက်မှ ပြန်ရောက်ရတော့ ဘယ်သိလိုက်မလဲ၊ မောင် အိမ်က ထွက်သွားတုန်းကတော့ ခဏလို့ စိတ်ကူးသွားတာ ထင်ပါရဲ့၊ အိပ်ခန်းသော့ ယူ သွားတယ်လေ။ ဒါနဲ့ ဧည့်ခန်းမှာပဲ ထိုင်စောင့်ရတော့တယ်၊ အိမ်မှာက ကိုယ်နဲ့ အိမ်ဖော်မိန်းကလေးနဲ့ နှစ်ယောက်တည်းရှိတာ။

စောင့်ရင်းစောင့်ရင်း ည (၂) နာရီကျော်လာတော့ ခွင့်မလွှတ်ချင်တော့ဘူး ကွာ၊ ဒေါပွလာပြီ။ အမှန်က မိုးတွင်းကြီးမို့လို့ ပိုပြီး စိတ်ပူမိရာက ဖြစ်မိလာရတဲ့ ဒေါသပါ သူငယ်ချင်းရာ၊ ကိုယ်တို့အိမ်က ကုန်းပေါ်ကနေ အနိမ့်ထဲကို ဆင်းလာ ရတဲ့ နေရာမျိုးကွဲ့။ ကားဆင်းတဲ့လမ်းက ကွန်ကရစ်လမ်းပေမယ့် မိုးတွင်းမှာ အစိုးကျတော့ ရေညှိတက်နေတတ်လို့ လူလျှောက်ဖို့တောင်မှ အတက်အဆင်း လွယ်ဘူး။ ကားလည်း ဒီအခါမျိုးမှာ လုံးဝမဆင်းနိုင်လို့ ခြံထိပ်အပေါ်မှာတင် ကားဂိုဒေါင်လေး ဆောက်ထားရတာ သူငယ်ချင်း။

www.burmeseclassic.com

www.burmeseclassic.com



မှုးပြန်လာလို့ချော်လဲမှာ ဒဏ်ရာအနာတရဖြစ်မှာလည်း စိုးမိသေးတာရှိ တာမျှော်မျှော်နဲ့ပေါ့။ မိန်းမသူတွေချည်းဆိုတော့ တံခါးတွေအလုံပိတ်နေရတာ။ ကား ရပ်သံကိုပဲ နားစွင့်နေနိုင်တာကွဲ့။ မောင်အပြင်ထွက်တဲ့ညမျိုးဆိုရင် လမ်းထဲမောင်း လာသမျှ ကားသံတွေကိုကြားရတာ ခြံထဲဆင်းလာတဲ့အသံလိုလို၊ ခြံဝမှာ ကားရပ် တာမျိုးလိုလိုချည်း စိတ်ကထင်နေ စိတ်စောနေမိတတ်တယ်ကွယ်၊ အကြောင်း မသိတဲ့ကား ခြံထဲဝင်လာရင် ပြဿနာဖြစ်မှာကွ၊ ပြန်တက်လို့ရမှာ မဟုတ်ဘူး ဒါကို ကြောင့်ကြရတာကလည်း ဒုက္ခတစ်မျိုး၊ ဒါကြောင့် ခြံထဲ ကားဆင်းလို့ မရကြောင်း သိနိုင်အောင်နဲ့ ဆင်းမလာရအောင် ရှစ်လက်မပတ်လည် သစ်တိုင်ကြီးရဲ့ ငုတ်ရိုက်ထားရတယ်။

မနက်သုံးနာရီခွဲလောက်ကျတော့ ဘောက်(စ်)ဝက်ဂွန်း ကားသံမျိုး ခြံထဲ ဆီက ကြားမိသလိုလိုမို့ နားစွင့်နေတုန်း သစ်တိုင်ကို တိုက်မိတဲ့အသံ၊ ခြံထဲကို အရှိန်ပြင်းပြင်းနဲ့ ဆင်းလာသံကြားလိုက်ရလို့ ကိုယ့်မှာ ရင်တုန်ပန်းတုန် ကမန်း ကတန်း တံခါးဖွင့်ပြီး မဆင်းခဲ့နဲ့ မဆင်းခဲ့နဲ့ မှောက်တော့မှာပဲလို့ အသံကုန်အော် တားမိပေမယ့် ပြန်တက်ဖို့ ရပ်လို့ရဖို့ နေနေသာသာ ရေညှိလွှမ်းတဲ့လမ်းပေါ်မှာ ကားဟာ ထိန်းမရသိမ်းမရဖြစ်ပြီး ခြံထဲ ရောက်ချလာတော့တာပေါ့။

အိမ်ခြံထဲမရောက်မလာချင်း ကိုယ့်မှာ သေကုန်တော့မှာပဲလို့ ဘုရားတနေ ရတယ်။ ဘောက်(စ်)ဝက်ဂွန်းကား အဖြူလေးပဲ၊ ကိုယ့်အိမ်ကို တစ်ခါမှမလာဖူး တော့ မှားဝင်လာသလားလို့ သွားမေးတော့မှ မောင်ဘုရားဇက်ကျိုးတော်မူနေလို့ လိုက်ပို့ကြမှန်း သိတော့တယ်။ ဘယ်လောက် ရေချိန်ကျော်လာတယ်တော့ မသိဘူး သူငယ်ချင်းရေ၊ ကိုယ်သွားမေးတဲ့ စီစီညံညံအသံတွေလည်း သူမကြားဘူး၊ ရေညှိ လမ်းပေါ်ကနေ ကားမြွေလိမ်မြွေကောက် ဆင်းလာတာလည်း သူ မနိုးခဲ့ဘူး။

ကြည့်ပါဦး၊ ကိုယ့်အိမ် ကိုယ့်ခြံအကြောင်း သိနေတဲ့ လူတစ်ယောက်ပဲကွာ သတိလေးတော့ ထားဦးမှပေါ့။ ကိုယ့်အတွက်နဲ့ ကားများ မှောက်စမ်း၊ တစ်သက် လုံး ဖြေလို့ရစရာကောင်းပါ့မလား အသေအပျောက်မရှိဘူးလို့ကော ပြောနိုင်မလား လမ်းနဲ့မြေညီအထိ ပေနှစ်ဆယ်ကျော်လောက်မြင့်တာ သူငယ်ချင်းရဲ့၊ ပြီးတော့ သူ့သူငယ်ချင်းရဲ့ မိန်းမလည်း ပါလာသေးတယ်။ ဒီအမျိုးသမီးမှာလည်း ကိုယ်ဝန် အရင့်အမာကြီးနဲ့လေ။ တကယ်လို့များ ကတိမ်းကပါး ဖြစ်သွားကြမယ်ဆိုရင် ဘယ်လိုမှ သက်သာနိုင်စရာ အကြောင်းမရှိဘူး။





မောင့်ကို သတိရအောင် အတော်နှိုးယူရပါတယ်။ ဒီတော့မှ သူ့မှာ လန့်ဖျပ် အားနာဖြစ်ပုံပေါ်တော့တာ၊ ကိုယ်ကလည်း မှန်တေတေနဲ့ဆိုတော့ သူ့ဘာမှမပြော တော့ဘဲ အဲဒီကားပေါ်ပြန်တက်၊ အတင်းမောင်းပြီး ပြန်တက်ဖို့ ကြိုးစားတယ်။ မရကြောင့် မြေကြီးက ပျော့နေတော့ ကားဘီးကချော်တော့တာပေါ့။ ကားခေါင်း ကို ပြန်လှည့်ဖို့တောင် အနိုင်နိုင်ပါကွာ။ ကားလေးလည်း သနားစရာ၊ စက်ကို ထလိုက်မှာလေ။ ကားရှင်ကိုလည်းအားနာ၊ မောင့်ကိုလည်း ကားပြန်တက်ဖို့ မကြိုး စားပါနဲ့ဆိုတာ ပြောလို့မရနဲ့ တကယ်သေချင်စရာကောင်းတယ်။ မြေကြီးပေါ်မှာ တောင်မှ မောင်းလို့ မရရင် ရေညှိလမ်းပေါ် ဘယ်လိုလုပ် တက်နိုင်မှာတဲ့လဲ။ ကားကျွမ်းပြန်ကျဖို့ပဲရှိတော့ မောင့်အသက်အတွက် စိုးရိမ်ရတာကိုး။

ဘယ်လိုမှတားမရတော့ ကိုယ့်မှာ အော်ရဟစ်ရဖြစ်ရတာပဲ။ မောင်ဘုရားကို ဧည့်သည်တွေရှေ့မှာ ဘယ်ဒေါသဖြစ်ပြချင်မှာလဲ၊ ကိုယ့်ကို လင်နိုင်တဲ့ကောင်မလို့ အထင်ခံရမှာလည်း စိုးပါတယ်။ သူ့သိက္ခာချရာရောက်မှာလည်း စိုးပါတယ်။ ဖြစ်တတ်သာတော့ ဒီလမ်းပဲ လိုက်ခဲ့ရတယ် သူငယ်ချင်း။

ကိုယ်တော်မြတ်ကလည်း ဒီတော့မှ ကားပေါ်က ပြန်ဆင်းတော်မူတာ။ လိုက်ပို့တဲ့ဧည့်သည်သုံးယောက်ကိုတော့ အိမ်မှာပဲ ညအိပ်ပြီး မနက်ကျမှ ကား ကိစ္စ စီစဉ်ရအောင်ပါလို့ တောင်းပန်ရတယ်။ သူတို့ကိုလည်း ကိုယ်ကအားနာ၊ ကိုယ့်ကိုလည်း သူတို့က အားနာပေါ့ကွာ။

ကံအားလျော်စွာပဲ မနက်ကျတော့ နေပြင်းပြင်းပူတယ်၊ လမ်းခြောက်သွား တယ်။ ကားပြန်တက်ဖို့၊ မတက်ဖို့ကိုတော့ ကိုယ်က စိတ်မချနိုင်ပါဘူး။ ဒါပေမဲ့ မောင်က ဇွတ်အတင်းမောင်းတက်ကြည့်တာနဲ့ လမ်းမပေါ် ပြန်ရောက်ခဲ့ပါတယ်။ ကားကလည်း ဒီအချိန်က နောက်ဆုံးနံပါတ် (စ)အက္ခရာ ဘောက်(စ်) ဝက်ဂွန်း ဆိုတော့ ကောင်းပေသကိုး။ ဒါကိုပဲ ဝမ်းသာရင်ပေါ့ရလှပါပြီလေ။

ဒီတော့ ဧည့်သည်တွေက ပြန်ဖို့ပြင်ဆင်ကြတာပေါ့၊ မနက်ရှစ်နာရီလောက် ရှိမှာပါ။ မောင်က ပြန်လိုက်သွားမလို့ဆိုပဲ။ ကိုယ်ကတော့ အနားယူပါဦး မလိုက် ပါနဲ့လို့ပြောတာပဲ။ မောင့်ဆင်ခြေက သူတို့အိမ်မှာ ကားကျန်ခဲ့တာ သွားယူမှာပါတဲ့ ချက်ချင်းပြန်ခဲ့မယ်တဲ့။

ကိုယ့်သဘောက မောင်နားနေစေချင်တယ်ကွယ်၊ ညက မူးထားတော့ အရက်နာကျပြီး ပင်ပန်းနေမှာစိုးတယ်။ ပြီးတော့ ဒီအဖွဲ့နဲ့ ပြန်လိုက်သွားရင် ပြန်



www.burmeseclassic.com

www.burmeseclassic.com



လာဖို့အကြောင်း မမြင်ဘူးလေကွယ်။ သူများတွေရှေ့မှာ ဖြောင်တားဖို့ကလည်း မကောင်းဘူး မဟုတ်လား။ ယဉ်ကျေးမှုတစ်ရပ်အနေလေးနဲ့တော့ ကိုယ့်လင်ကို နေရာတော့ထားရတာပေါ့။ ပြန်တော့လာခဲ့ပါနော်လို့ မှာရတယ် ခွင့်ပေးရတယ်။

သူတို့တစ်တွေ ထွက်သွားကြတော့ တစ်ယောက်တည်း တစ်ညလုံး မအိပ်ရတာကြောင့် နွမ်းနယ်ပင်ပန်းလှလွန်းလို့ အိပ်ရာထဲမှာ နားနေရင်း မောင့်အပြန်ကို စောင့်မိပါတယ်။ သူငယ်ချင်း၊ မိန်းမသားဆိုတာ ဘယ်လောက်ပဲ မာန်တင်းတင်း တစ်ယောက်တည်း ကျန်နေတတ်တဲ့အချိန်မျိုးမှာ စိတ်အားငယ်ရစမြဲပါကွယ်။ ကိုယ်လည်း ဒီလိုပေါ့၊ ကိုယ့်လုပ်ငန်းကိုယ့်ဝင်ငွေ ကိုယ့်ပတ်ဝန်းကျင်နဲ့ ဘာမှပူပန်စရာမလိုတော့တဲ့အခြေအနေမှာ ရောက်နေသူဖြစ်ပေမယ့် တစ်ခါတလေ မောင်က တစ်ယောက်တည်းထားရက်တယ်လို့ အားငယ်စိတ်ကလေး ဝင်မိပါတယ်။

ပင်ပန်းစမ်းပါစေကွာ၊ ကိုယ့်အိမ်ထောင်စုအတွက်၊ ကိုယ့်ချစ်သူအတွက် ကိုယ့်ရင်သွေးတွေ အတွက် မိုးချုပ်နေဝင် မနေမနား လှုပ်ရှားရုန်းကန်ရစမ်းပါစေ ကိုယ်မမှုပါဘူး။ မညည်းညူခဲ့ပါဘူး။ မောင့်အကြင်နာ မောင့်ချစ်ကား မောင့်ရင်ခွင်ကြား နားနေခွင့်ပေး တစ်ခဏလေးသာရရင် ငြိမ်းချမ်းပြေပျောက် နှင်းစည်သောက်ရသလိုပါပဲ။

ကိုယ်ကတော့ မျှော်နေသူ၊ မောင်ကတော့ တော်ရာနေသူအဖြစ်တွေ။ ထမင်းစားချိန် ရောက်တော့လည်း မောင်ပြန်လာမှာပဲဟာ အတူစားမှာပေါ့လို့ မစားနိုင်ဘူး မစားဖြစ်ဘူး၊ ညနေကျတော့ ခြံဝသွားငေး သက်ပြင်းသာ ဖြည်းဖြည်းချခဲ့ရတယ်။ အရိပ်အယောင်လေးမှ မမြင်ရတော့ ကြာလေလေ ဝမ်းနည်းလေလေ မျက်ရည်ရွှဲနဲ့ ခြံဝင်းထဲ ဟိုလျှောက်ဒီလျှောက် အတွေးတွေဖျောက်ရင်း မောင်ချစ်တယ်ဆိုတဲ့ ပန်းခင်းလေးကို သွားတိုင်တဲ့အတိုင်း ပြောလိုပြော၊ လသာညတိုင်း မောင့်အပြန်ကို မျှော်နေရတဲ့ နှစ်ယောက်ထိုင်ဒန်းကလေးပေါ်မှာ ထိုင်ရင်းက ကိုယ်တို့အဖြစ်တွေ အချစ်တွေ ပြန်စဉ်းစားရင်း ရှိုက်လို့ ရှိုက်လို့ ငိုရပါတယ်လေ၊ မောင်ကတော့ ရောက်မလာခဲ့ပါဘူး။

သူငယ်ချင်းရေ. . . တစ်နေ့လုံး တစ်ချိန်လုံး မအိပ်နိုင်မစားနိုင် မပြင်နိုင် မဆင်နိုင်နဲ့ စိတ်ထောင်းတော့ ကိုယ်ကြေလွန်းလှတယ်၊ ညဆယ့်နှစ်နာရီကျော်ခဲ့ပြီ မနက် (၈) နာရီက ည (၁၂) နာရီအထိ တွက်ကြည့်ပါ။ (၁၆) နာရီများ ရှိနေပေါ့ပဲ။ မောင်သွားလာနေတဲ့အချိန်တွေလေ မိနစ်တွေ စက္ကန့်တွေသာ ဖွဲ့ကြည့်





ခဲ့ ဘယ်လောက်များမလဲ၊ ဝန်းကျင်အားလုံး တိတ်ဆိတ်ငြိမ်သက်နေတဲ့ အချိန်ပါကွယ်။ ကိုယ့်ရှိုက်သံလေးတွေကတော့ ဖောက်ထွင်းထွက်ပေါ်နေဆဲ။

ရင်ထဲ ဆို့နင့်လှိုက်ဖို ရှိုက်ငိုလို့ကို မဆုံးနိုင်ပါလား။ ကိုယ့်အတွက် နည်းနည်းလေးပဲဖြစ်ဖြစ် ညှာတာပါစေနာပါ သတိရပါ စိတ်အေးရရင် ကျေနပ်မှာပါကွယ်။ ကတိအမျိုးမျိုးနဲ့ ချက်ချင်းပြန်ခဲ့ပါ့မယ်တဲ့။ ခုဆို ဘယ်မှာရှိနေမယ်လေး ဆောင်မှ ကိုယ်မသိနိုင်တော့ပါဘူး။ ကိုယ့်သားမယား ကိုယ့်သားသမီး ကိုယ့်အိမ်ကိုယ့်ရာရယ်လို့မှ သူ့အာရုံထဲ တွေးမိပါတော့မလား. . . မေ့လောက်ပြီလေ. . . မေ့လေလေပေါ့။

ဘယ်မှာလည်း ကိုယ်စိတ်ချမ်းသာစရာ၊ ဘယ်လောက်ကြင်နာ ကြင်နာ ဘယ်လောက်လိုက်လျှောလိုက်လျှော ဘယ်လောက်ဆွေးနွေးဆွေးနွေး ဘယ်လို အချစ်တွေ ပျိုးပျိုး အခြေအနေ တိုးမလာခဲ့လေတော့ ကိုယ်ဆိုးလိုက်ချင်တော့တယ်။ နှစ်ယောက်လုံး သေမှအေးမှာပဲဆိုတဲ့စိတ်နဲ့ မိုက်တိမိုက်ကန်း ရမ်းပစ်လိုက်ချင်တယ်။ အားငယ်ဝမ်းနည်း သည်းခံခွင့်လွှတ်စိတ်တွေ အထားကြီးထားပြီးလို့ နောက်ဆုံး စိတ်ဓာတ်ကျသွားတဲ့အခါမှာ ရောက်သွားတော့ ဒေါမာန်တံပိုး လှိုင်းမိုးပြင်းထန် သွားရပြန်တယ်။

ည (၂) နာရီကျော်တော့ ကားဂိုဒေါင်ထဲမှာ ရပ်တဲ့အသံကြားရပြီး မောင်နဲ့ လူတစ်ယောက် အိမ်ဘက်လျှောက်လာတာတွေ့ရတယ်။ သူတို့ အိမ်ပေါ် ခြေစလှမ်းလိုက်တာနဲ့ အိမ်နောက်ဖေးပြေးဝင်ပြီး တွေ့တဲ့ကြက်သွန်လှီးဓားနဲ့ ထိုးမိတော့တာ။ ကိုယ့်အခြေအနေကြည့်နေတဲ့ အိမ်ဖော်မလေးက ကိုယ့်ဆွဲဖက်လုံ့ပစ်လိုက်လို့သာ မောင့်ကို မထိတာပေါ့။ အိုး. . . မောင်ဆိုတာ လန့်လိုက်တာမှ လေပ်နဲ့အေး မလုပ်နဲ့လို့ ကြောက်ပြီး အော်နေတော့တာ။

သူနဲ့ပါလာတဲ့လူလည်း တစ်ချီးတည်း လစ်တော့တာပေါ့၊ ဘယ်လောက်အားကိုးရတဲ့သူငယ်ချင်းလဲ။ လိုက်ခေါ်တာတောင် ပြန်မလိုက်ရဲတော့ဘူးလေ၊ ကိုယ်က ဒီလူ့ကို မကြိုက်ဘူးလို့ ပြောထားတာ ပါလာတော့ ပိုစိတ်တိုတယ်။ ညကလည်း သူပါလာတာပဲ၊ မောင်တို့ ပြန်ထွက်တော့လည်း ပါသွားခဲ့တာကိုး၊ မောင့်ကိုလည်း ကိုယ် တော်တော်ကြီး အပြစ်တင်လိုက်တယ်။

အပေါင်းအသင်း ဒါလောက် မက်မောနေရင် အစကတည်းက လွတ်လွတ်လပ်လပ် ဖြစ်ရအောင် မိန်းမမယူခဲ့ဖို့ မကောင်းဘူးလို့၊ ကိုယ့်အပေါ် ခွင့်လွှတ်နေတော့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမအကြောင်းကို နားလည်ရင် လိုတာထက်ပိုပြီး ယောကျ်ားတစ်ယောက်အနေနဲ့ အခွင့်အရေးမယူသင့်ဘူးလို့၊ ခုလို တရားလွှတ် တရားမဲ့ သွားလာနေထိုင်တာဟာ ကိုယ့်အိမ်ထောင်စုတစ်ခုလုံးအပေါ် တရားတယ် ထင်သလားလို့ပေါ့၊ အားလုံးသော အကြောင်းကြောင်းတွေကို ပြောပြဆွေးနွေးတော့ မောင်က ဘာစောဒက တက်တယ်ထင်သလဲ၊ အိမ်မှာ အေးအေးချမ်းချမ်း မနေနိုင်တဲ့အကြောင်းက ကိုယ့်အိမ်မှာ အချိန်ပြည့် မရှိလို့တဲ့။

သူငယ်ချင်းရေ… ကိုယ်တို့အသံလွှင့်ရုံအလုပ်က သူများရုံးအလုပ်ချိန်နဲ့ မတူဘူးကွယ်၊ မနက်ပိုင်းတာဝန်ကျရင် မနက် (၆) နာရီကနေ နေ့လယ် (၁၂) နာရီအထိ၊ ညနေပိုင်းတာဝန်ဆို ညနေ (၃) နာရီက ည (၉) နာရီအထိ၊ နေ့လယ်ပိုင်းတာဝန်ဆိုရင် မနက် (၁၀) နာရီက ညနေ (၄) နာရီအထိ အလုပ်ချိန်ခွဲထားတာ။ တစ်ခါတလေ တာဝန်မှူးကြီးတာဝန် ကျနေရင် မနက် (၆) နာရီကနေ ည (၁၀) နာရီခွဲအထိ ရုံးတက်ရပါတယ်။ အမြဲတမ်း (၉) နာရီခွဲက ညနေ (၄) နာရီ အလုပ်ဆင်းရတဲ့ မောင်နဲ့ ဘယ်တိုက်ဆိုင်ချင်လို့ရမှာလဲ။ ဒီကြားထဲက ရုံးချိန်လေးလွှတ်တဲ့ အချိန်ပိုင်းအတွင်းမှာ ခေတ်ပြားသွင်းတာ၊ ရုပ်ရှင်သီချင်း သွင်းတာတွေက ရှိသေးတော့ မောင်နဲ့တွေ့ရတဲ့အချိန်ဟာ အိပ်ချိန်လောက်ရှိတော့တာ အမှန်ပါပဲ။

မောင်စိတ်ပျက်မယ်ဆိုလည်း ပျက်စရာတော့ ကောင်းတာပေါ့လေ။ ဒါပေမဲ့ကွယ် ကိုယ်အလုပ်လုပ်တာက ကိုယ့်အိမ်ထောင်စုအတွက်၊ ကိုယ့်လင် ကိုယ့်သမီးသားအတွက် စားဝတ်နေရေး ပြေလည်ရအောင်ပါ၊ အိမ်အလည်သက်သက်ထွက်တာမျိုးဆိုရင်တော့ ကိုယ့်ကို ခွင့်မလွှတ်သင့်ဘူးပေါ့၊ ကိုယ်ကကိုယ့်မိသားစုအတွက် မောင်အလုပ်ပိုလုပ်ရမှာအတွက်ကို အစားကူတဲ့သဘောလို့ တွေးသင့်ပါသေးတယ် ကိုယ်တို့မြန်မာလေ့မှာကို မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုတာလေးက ရှိနေတာပါ သူငယ်ချင်းရယ်။ ဒီတော့ မောင်မရှိတဲ့အချိန်မှာကိုယ်၊ ကိုယ်မရှိတဲ့အချိန်မှာ မောင်က အိမ်ထောင်စုချမ်းမြေ့ပျော်ရွှင်ရေးအတွက်၊ သားသမီးတွေ ကျန်းမာရေး ပညာရေးအတွက် နေရာစား ဝင်မထားသင့်ဘူးလားကွယ်။

မင်းသူငယ်ချင်းကိုယ်ဟာ လူသားတစ်ယောက်ပါ၊ ကိုယ့်မိသားစုနဲ့ ပျော်ပျော်ပါးပါး အချိန်ကုန်ချင်တာပေါ့၊ စိတ်ပျော်ရွှင်ချမ်းမြေ့မှုကို အင်မတန် ရချင်ပါတယ် ပေးလည်း ပေးချင်ပါတယ်ကွယ်။ ကိုယ်အလုပ်များများလုပ်နေမိတာလည်း အချိန်





ကောင်းတုန်း အချိန်ရှိတုန်း လူကျန်းမာနေတုန်းမို့ပါ။ များသောအားဖြင့် အနုပညာသမားထဲက ကိုယ်တို့လို လုပ်ငန်းမျိုးက ငယ်ရွယ်ပျိုမျစ်တုန်း၊ နာမည်လေးရှိနေတုန်းသာ ကောင်းတာ သူငယ်ချင်း။

ကိုယ့်တို့ဂီတလောကနဲ့ ရုပ်ရှင်လောကမှာ ကိုယ့်အနေနဲ့ သင်ခန်းစာ ယူစရာတွေ အများကြီး တွေ့ခဲ့ရတာကိုးကွဲ့။ အသက်အရွယ်ကြီးလာပြီး ကိုယ့်လုပ်အား အနုပညာစွမ်းပကား လျော့ပါးလာတာနဲ့အမျှ ပင်ပန်းဆင်းရဲမှုဆိုတာ တွေ့ရတတ်ပါတယ်။ တစ်ချိန်က နာမည်လျှမ်းလျှမ်းတောက်ကြီးတွေ ဖြစ်ခဲ့ပါစေ။ ကျဆုံးချိန်ရောက်လာတော့ လောလောဆယ်မှာ နာမည်ရ ဝင်ငွေကောင်းနေတဲ့ ကိုယ့်သားသမီးအရွယ်တွေ တပည့်တပန်းတွေကိုတောင်မှ မျက်နှာငယ်လေးတွေနဲ့ ပေါင်းသင်းဆက်ဆံရလို ဆက်ဆံရ၊ ငွေရေးကြေးရေး ဒုက္ခတွေလို့မှ မတောင်းဝံ့၊ ဒီဝါသနာကို စွန့်ပယ်နိုင်လို့ ဒီ အသိုင်းအဝိုင်းနားသွားမိရင်လည်း ရှုပ်လိုက်တာဆိုတဲ့ အမူအရာလေးနဲ့တော့ အနည်းဆုံး စော်ကားသလိုလုပ်တာ ခံကြရတာမျိုး ရှိတယ်။ လူမသိသူမသိ ကူညီထောက်ပံ့မယ့်သူမရှိနဲ့ အရပ်ကစုပြီး သင်္ဂြိုဟ်လိုက်ရတဲ့ ရင်နာစရာ ပြဿနာတွေလည်း ကြားဖူး ကြုံဖူးပါတယ် သူငယ်ချင်း။

ဒီအဖြစ်မျိုးတွေကို သင်ခန်းစာရနေတဲ့ ကိုယ်ဟာ တစ်ချိန်က ရွှေထီးဆောင်းခဲ့ရပါလားလို့ အသက်အရွယ် ကြီးမြောက်ခါမှ နောင်တမရလိုဘူးပေါ့ကွယ်။ ဒါကြောင့် ခုလောလောဆယ် အပင်ပန်းခံမိတာပါ။ အိုဆင်းရဲမျိုး မဆင်းရဲချင်ဘူး သူငယ်ချင်း၊ ငါ သန်းကြွယ်သူဌေးဖြစ်ရမယ်လို့လည်း လောဘတကြီး ကိုယ့်ကိုယ်ကိုယ် နိုင်းမစားပါဘူး။ ကိုယ့်အမြတ်တနိုး ဝါသနာ၊ ကိုယ့်ကျေးဇူးရှင် အနုပညာကို ထမင်းဝဖို့ ခါးလှဖို့အတွက် အသုံးချနေရတာကိုတောင် ရင်နာလှပါတယ်။

ဒါပေမဲ့ လူတန်းစေ့နေနိုင်အောင် နောင်ပညာပေးရမယ့် အချိန့်အရွယ်မှာ အေးအေးမျိုးဆက်ပွား ထိုင်စားနိုင်အောင် ကြိုးစားထားရမယ်ဆိုတဲ့ အသိမျိုးတော့ မွေးထားရပါတယ်။ ဒါ ကိုယ်မှားသလားကွယ်။

သားသမီးတွေဆီက မျှော်ကိုးလက်ဖြန့်ရမယ့် ဘဝမျိုးလည်း မလိုချင်တာ အမှန်ပဲလေ၊ မာနကြီးတာတော့ မဟုတ်ပါဘူး။ မိဘဆိုတာ ဘယ်မိဘမဆို ကိုယ့်က သာပေးချင်တဲ့ မေတ္တာမျိုးချည်းပါ။ ဒီတော့ ဘာပဲဖြစ်ဖြစ် သူတို့လေးတွေအတွက် မထားခဲ့နိုင်တောင်မှ ပညာရေး ကျန်းမာရေး လူမှုကိစ္စအဝဝမှာ မပူပင်ရအောင် မျိုးထောင်ပြုစုတဲ့နေရာမှာ ကိုယ်မကျန်းမာလို့ အတက်ဇက်ပြတ်တယ်ဆိုတာမျိုး



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ရအောင်တော့ အလုပ်လုပ်ရမယ်၊ စုသင့် ဆောင်းသင့်တာ ဝတ္တရားလို့ပြောရင် တောင် ဖြစ်ပါသေးတယ် သူငယ်ချင်းရယ်။

ဒါတွေကို သဘောပေါက်အောင် မောင့်ကို ပြောပြတော့လည်း ပြေလည် သွားရတာပါ။ မောင်နဲ့ အေးအေးဆေးဆေး ဆွေးနွေးဖြစ်တော့မှ စောစောကလို စိတ်ထင်တိုင်း ဒေါသကို လွှတ်လိုက်မိရင် မောင်သေနိုင်တယ်၊ ကိုယ်လည်း ရူ သတ်သမကြီးအဖြစ်နဲ့ ထောင်လား ကြိုးလားဖြစ်မယ်၊ မိဘနှစ်ပါးလုံး ဒီအခြေအနေ ဆိုးမျိုးဖြစ်သွားရင် ကိုယ့်ချစ်သားသမီးတွေသာ ဒုက္ခဖြစ်ကျန်ခဲ့ကြမှာ၊ ဥမစည် စာမပြောက်လေးတွေအတွက် တွေးမိပြီး ခေါင်းနားပန်းကိုကြီးသွားတာပဲကွာ။ ကြည့်စမ်း သူငယ်ချင်း၊ လင်စိတ်မွှန်တာများ သားမေ့၊ သမီးမေ့ကို ဖြစ်လို့ ဒါပေမဲ့ အမြတ်တော့ထွက်ပါတယ် မောင့်အပေါင်းအသင်းလောကမှာတော့ မိန်းမ ဆိုးကြီး လင်နိုင်မကြီးလို့ နာမည်ကို ဟိုးလေးတကျော် ကျော်သွားခဲ့တာပဲ။

ကိုယ်သာ နာမည်ပိုပိုဆိုးလာတာ၊ မောင်ကတော့ ဒုံရင်း ဒုံရင်းပါ။ တချို့ ကတော့ ကိုယ်အလိုလိုက်လွန်းလို့ မတားမြစ်လို့ ပျက်စီးတာလို့ ပြောကြတယ်။ အင်းလေ··· သူတို့ထင်သလို ဟုတ်တယ် မဟုတ်ဘူးဆိုတာ ကိုယ်တို့အိမ်တွင်း ရေးတွေ ဆက်ဆံရေးတွေ သူတို့သိတာမှ မဟုတ်ဘဲ။ အရပ်ကသိအောင် ကိုယ်က လိုက်ပြောတတ်တဲ့ မိန်းမစားမဟုတ်တော့ အခက်သားကွ၊ ကိုယ့်အကြောင်းလည်း မပြောတတ်ဘူး၊ သူများအကြောင်းလည်း မစပ်စုတတ်ဘူးဆိုတာ သူငယ်ချင်းအသိ သား မဟုတ်လား။ ဒီတော့ ကိုယ့်ဒုက္ခကိုယ်ခံ အုံ့ပုန်းပူ လူမသိအောင်စံနေရတဲ့ သတ္တဝါမလေးအဖြစ် ရောက်နေတာပေါ့ကွာ။

ကိုယ့်အိမ်ဦးသခင်အတွက် ကြိုးစားရချက်တွေ မအောင်မြင်တော့ စိတ်ဓာတ် ကျတယ် တကယ်၊ ချော့လို့လည်းမပျော့ ကြမ်းတော့လည်း ကြမ်းဗရမ်းပေါ့ဆိုတာ မျိုးနဲ့လေ၊ ကိုယ် ဘယ်လို ဆက်ပြုပြင်ရတော့မှန်း မသိတော့သလောက်ပါဘဲ။ လင်ကို အိမ်ကပ်စေဖို့ နည်းအမျိုးမျိုး ကြိုးစားရပါတယ်။

အိမ်အပြင်အဆင် အနေအထား တစ်နေ့တစ်မျိုး၊ တစ်ပတ်တစ်ကြိမ် ပြောင်း ထားကြည့်ရ၊ အလှအပလေးတွေ ချိတ်ရဆွဲရ၊ ပန်းချီကားလေးတွေကအစ သူ့အမြင် မှာ ရိုးမသွားရအောင် ဟိုရွှေ့ဒီရွှေ့ လုပ်ရတာအမော။

ကြားဖူးတယ်လေ သူငယ်ချင်းရဲ့၊ တချို့ယောကျ်ားတွေက အိမ်အပြင်အဆင် လေး လှပသပ်ရပ်နေတာတွေ့ရင် အိမ်မှာ ကြည်လင်နေသွားတတ်တယ်ဆိုတာကိုး





မိန်းမလှလေးတွေကြား ရေပန်းစားလှတယ် ကြားရပြန်တော့လည်း ပဟေဠိလို ကိုယ်မလှနိုင်ပေမယ့် သူပြန်လာရင် အမောပြေလေးမှ ဖြစ်ပါစေတော့လို့ ပြင်ရဆင်ရ ဖွန်းရ၊ အပြုံးကလေးနဲ့ ကြိုလို ကြိုရ၊ မောင်ရယ်၊ ချစ်ရယ်၊ သက်ရယ်နဲ့ အနာအမော ဘာရ၊ ခရာရတာမျိုးလည်း ပါရဲ့၊ အို··· စုံလို့ပါကွယ်။

ကုန်ကုန်ပြောလိုက်မယ် သူငယ်ချင်းရေ၊ ဗေဒင်မေးရ ဓာတ်ရိုက်ရ သူများ အကာ အကြံပေးသမျှ စုံရောပေါ့၊ သူ့အိမ်ကပ်စေချင်လွန်းလို့ ကိုယ်ရှုးခဲ့တာတွေ လေ။ ဒီအကြောင်းတွေသိရတော့ သူငယ်ချင်းအနေနဲ့ ရယ်ချင်မှာပဲဆိုတာ ကိုယ်သိ ပါတယ်ကွာ၊ အမှန်အတိုင်း သိစေချင်လို့သာ အသိပေးရတယ် ရှက်စရာတော့ အကောင်းသားနော့။

ဒါတောင်မှ မောင်က ဟိုသစ်ကိုယ်စားလှယ်ဆိုတဲ့လူနဲ့ တွဲမိပြီး မိန်းမကိစ္စ တစ်ခုရှုပ်နေကြောင်း သတင်းရလာပြန်တယ်။ မင်းသူငယ်ချင်း လင်တရူးက ဘယ် နေလိမ့်မလဲ သွားတယ်ဆိုတဲ့နေရာ လိုက်တာပေါ့၊ ပြောတဲ့သူကလည်း ကြည့်လေ အဲဒီလူရဲ့ မိန်းမကိုယ်တိုင်ကွ၊ မောင်ကလည်း ခဏခဏပြောတာ။ အဲဒီလူရဲ့ ညီမ အိမ်ကိုသွားကြတယ်၊ သွားကြတယ်နဲ့လေ။ မောင်က အပြန်နောက်ကျမယ်လို့ ဖုန်းဆက်ပြောတဲ့အခါတိုင်း ကိုယ်က မောင်ဘယ်က ပြောနေတာလဲလို့ မေးလိုက်ရင် အဲဒီအိမ်ကလို့ ပြန်ပြန်ပြောတတ်တော့ စိတ်ဘယ်ချတော့မလဲ။

တစ်ညတော့ မောင်ကထုံးစံအတိုင်း အပြန်နောက်ကျမယ်လို့ ဖုန်းဆက် ထားတာနဲ့ အဲဒီလူမိန်းမဆီ ကိုယ်လိုက်သွားပြီး မေးတာပေါ့။

“နေပါဦး၊ ရှင့်ယောကျ်ားရဲ့ ညီမအိမ် သဃ်န်းကျွန်းမှာရှိတယ်ဆို” လို့ မေးတာကို–

“ဘယ်က ညီမ ရှိရမှာလဲ၊ သူ့ကောင်မအိမ်” လို့ ပြန်ဖြေတယ်ကွာ။

ဒီမိန်းမကတော့ ခပ်အေးအေးပဲ၊ ဒါ မဆန်းတော့ပါဘူးလို့ ပြောနေသလို မျက်နှာက အပြုံးကို မပျက်ဘူး။ ကိုယ်ကတော့ သိရတာနဲ့ ရင်ထဲ ဒိုင်းခနဲ ဆောင့် လိုက်သလို ခံစားရတယ်။ ဒါနဲ့ အဲဒီအိမ်လိပ်စာမေးတော့ နံပါတ်မသိဘူး။ လမ်း နာမည်ကဘယ်လို၊ လမ်းထဲဝင်ရင် ဘယ်နှအိမ်ကျော်လောက်မှာ ရှိတယ်ပဲ ပြော တယ်။ ကိုယ်ခေါ်တော့ သူ့ယောကျ်ားသိရင် ရန်ဖြစ်နေရမှာမို့ မလိုက်ဘူးတဲ့။

ကိုယ်လည်း စိတ်ပေါက်ပေါက်နဲ့ မလိုက်လည်းနေဟဲ့ဆိုပြီး ကိုညိုမောင် လေးနဲ့ ညဆယ်နာရီခွဲလောက်မှာ ကိုယ်တိုင်ကားမောင်း လိုက်ရှာတာပေါ့။ သဃ်န်းကျွန်းမှာ ရှိသမျှလမ်းကို ကုန်ရော မတွေ့ဘူးကွ။

www.burmeseclassic.com



ကိုယ်က မကျေနပ်လို့တော့ ဘယ်ဖြစ်မှာတုန်း၊ အဲဒီမိန်းမ ဖွတ်ပြန်ခေါ်ပြီး ပြန်ရှာတာပေါ့။ အိမ်ပဲတွေ့ခဲ့တယ်၊ ကားမတွေ့တော့ သူတို့လည်း မရှိဘူးပေါ့။ ဒါနဲ့ ခေါ်ခဲ့တဲ့ အမျိုးသမီး ပြန်ပို့တော့မှ သူ့ယောကျ်ားကား မောင်းဝင်လာတာ တွေ့ရတယ်။ ကိုယ့်ကားလည်းမြင်ရော မရပ်ဘဲ အတင်းမောင်းပြေးတော့ ကိုယ် လိုက်ရပြန်တာပေါ့။ မီလာတော့မှ ရပ်လိုက်တယ်။

ကားထဲမှာ ခေတ်ဆန်တဲ့ အမျိုးသမီးတစ်ယောက်လည်း ပါရဲ့။ မောင့်ကို အိမ်မှာ ပို့ခဲ့ပြီတဲ့၊ ကိုယ်က ကိုယ့်ယောကျ်ားကိုတော့ ဒီကိစ္စမျိုးအထိ မဆွယ်ပါနဲ့ လို့ ဘုပြောခဲ့ပြီး ပြန်ခဲ့ရတယ်။

အိမ်ပြန်ရောက်နှင့်နေတဲ့မောင်က ကိုယ့်မြင်တော့ မျက်နှာချိုသွေးလို့-

"အေး ဘယ်သွားတာလဲ" တဲ့၊ မေးသေးတာ။

"ဘယ်သွားရမှာလဲ၊ ရှင့်နောက်လိုက်တာပေါ့၊ မျက်စိရှေ့မှာသာ တွေ့လို့ တော့ဖြင့် ဘယ်လိုဖြစ်မလဲ မသိဘူး"

လို့ ဒေါပွပွနဲ့ ပြောပြီး အိပ်ရာထဲ ဝင်ခဲ့တော့တယ်။ အလုပ်အတွက် စိတ် ပင်ပန်းလူပင်ပန်းတာကတစ်မျိုး၊ သူ့ကို ကြောင့်ကြရတာကတစ်မျိုးနဲ့ အားလည်းကုန် ခြေကုန်လက်ပန်း ကျခဲ့ပြီလေကွယ်။ စိတ်လျှော့ပြီး အိပ်လိုက်တာ ကောင်းမှာပေါ့ ရန်လည်းဖြစ်မနေချင်တော့ဘူး။ အားလုံးမေ့လိုက်တာသာ သက်သာတော့မယ် မဟုတ်လား။

ကိုယ်က မေ့လိုက်တော့မယ်ဆိုရင် မောင့်အပေါ် မြူတောင်မသန်းတော့ပါ ဘူး။ ချစ်မြဲကြင်နာမြဲပါပဲ။ ကိုယ့်အလုပ်မျိုးက စိတ်အမြဲဆင်းရဲနေလို့မဖြစ်ဘူး ကွယ်။ တွေဝေတာနဲ့အမျှ ကိုယ်ဖော်ထုတ်ချင်တဲ့ အလှအပ အနုပညာစွမ်းကအေး ထွက်ပြေးကုန်တတ်ကြတာကလား။

စိတ်သောင်းလို့ ကိုယ်ကြေမှာကို ခံနိုင်ရည် ရှိချင်ရှိမယ်။ ကိုယ့်နှလုံးသားမှာ မွေးကတည်းက ပါလာတဲ့ ဝါသနာကို အမြွတ်တနိုး တီထွင်ဖန်တီးစိတ်ကလေး ကြေသွားမှာကိုတော့ စိုးရိမ်တယ်။

ဂီတဟာ ကိုယ့်ဘဝရဲ့ အရေးကြီးတဲ့ အပိုင်းတစ်ခုပါ။ သူဟာ ကိုယ့် အတွက် ဖေဖေ၊ မေမေ ဒါမှမဟုတ် ထမင်းရှင်ကျေးဇူးရှင်လို့ကော မဆိုနိုင်ဘူး လား။ ဂီတကို မိဘလို ကြည်ညိုမြတ်နိုးတယ်။ သားလို သမီးလိုလည်း တွယ်တာရ သံယောဇဉ်ကြီးရပါတယ်။





ကိုယ်ချစ်တဲ့ဂီတအပေါ် မောင့်သဘောထားက တစ်မျိုးပဲလေ၊ သီချင်းကြီး ဆင်တာ၊ စောင်းအတီးသင်တာ၊ ဂီတသင်္ကေတသင်တာ၊ နိုင်ငံခြားသီချင်းတွေ သွားလေ့လာတာမျိုးမှာ စိတ်လိုလက်ရ ဆွေးနွေးပြောဆိုတတ်တာ၊ ကြိုပေး ပို့ပေး လုပ်တာတွေ ရှိခဲ့ပါတယ်။ ဒီလို ကြည်သာသမှုရှိနေရင် ကိုယ့်ဘဝမှာ လိုအပ်တဲ့ အရာ မရှိဘူးလို့ ခံစားရပါတယ်။

ဒါပေမဲ့ သူငယ်ချင်း··· သူ့လိုက်လျောမှုဆိုတာ ကြာကြာမခံဘူး၊ မအား လို့ ကားစိတ်မချရလို့နဲ့ တစ်ပိုင်းတစ်ပျက်နဲ့ ပျက်စီးသွားတာချည်းပဲ။ လမ်းတစ်ဝက် မှာ လမ်းပျောက်ရတဲ့ အဖြစ်ပါကွယ်။

ဒီလို ကိုယ်က လေ့လာသင်ကြားချင်မိတာက ဝါသနာအရ တိုးတက်ချင် တာရယ်၊ ကိုယ်အသက်ကြီးလာလို့ ပညာပေးရမယ့်အချိန်ရောက်ရင် ပညာပွားပေး နိုင်အောင်ရယ်၊ အလေ့အကျင့် အမြဲဖြစ်နေချင်တာရယ်ကြောင့်ပါ။ ကိုယ်တတ်ကျွမ်း တဲ့ပညာကို ကိုယ့်လောကသား နောင်လာနောက်သားတွေကို လက်ဆင့်ကမ်းခဲ့ရ မှာ ဝတ္တရားတစ်ခုလို့ ကိုယ်ယူဆပါတယ်။

မောင်က သူ့ဝါသနာမှ မဟုတ်တဲ့ကိုး၊ စိတ်သဘောကောင်းနေတဲ့အခါတော့ အကောင်းမြင်တာပေါ့ကွယ်၊ စိတ်က မလိုလားတဲ့အချိန်မျိုးနဲ့ ကြုံရင်တော့-

"ဘာအသုံးကျလို့လဲ၊ မင်းတို့လောကက လူတွေနဲ့ မတန်လို့ မလိုက်နိုင် ဘူး၊ မတွေ့နိုင်ဘူး၊ မင်းကကော ဒီသီချင်းအစုတ်ပလုတ် ဆိုတတ်တာလေး ဖယ် ကြည့်ရင် အလကားပဲ၊ ဘာမှ အသုံးကျမယ့်ဟာမျိုး မဟုတ်ဘူး"

လို့ အပြောခံရ တာပါ။

ကိုယ့်ကုသိုလ်ပေါ့ သူငယ်ချင်းရယ်၊ ကိုယ့်ကို ဘယ်သူတွေက ထိပ်တန်း တင်တင်၊ ပြည်သူတွေက ဘယ်လောက် အားပေး အားပေး အိမ်ကသခင်အဖို့တော့ အနင်းခံ မြက်ခင်းကလေးပါကွယ်။

အင်းလေ··· ဘယ်လိုညှိလို့ရရ မရရ အဆင်မပြေဖြစ်ဖြစ် ကိုယ်တန်ဖိုး ထား ထိန်းသိမ်းရမှာက ကိုယ့်မိသားတစ်စုလုံးရဲ့ အေးချမ်းသာယာရေးပါ၊ ကိုယ် အလိုချင်ဆုံးက စိတ်ချမ်းသာမှုပါ၊ အေးချမ်းချင်ပါတယ်လေ။

၁၉၆၉ ခုနှစ်ရောက်တော့ မောင့်မှာ ကောင်းတဲ့အပြောင်းအလဲလေး တွေ့ရတယ် သူငယ်ချင်း။ ဆောင်းပါးရေးတာတို့၊ စာပေပြန်ပြီး လေ့လာတာတို့ ပြင်သစ်ဘာသာ ကျောင်းတက်တာတို့ပေါ့ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သိပ်ဝမ်းသာပါတယ် သူငယ်ချင်း။ အားပေးခဲ့ပါတယ်။ မောင်က ကြိုးစားလိုက်တာမှ မနက်အစောကြီးထ ရိကော်ဒါတစ်လုံးနဲ့ ပြောလိုက်ဖတ်လိုက် ဖွင့်ကြည့်လိုက်ပဲကွ။ နောက်နှစ်ဆိုရင် ဘယ်ဘာသာသင်ဦးမယ်၊ ဘာမယ်နဲ့ အားပါးတရ ပြောတတ်ပါသေးတယ်။ မောင့်ရဲ့ကြိုးစားချင်စိတ်ကလေးကတော့ ချစ်စရာကောင်းပါရဲ့၊ လမ်းခုလတ်မှာ စိတ်ပျက်မသွားပါစေနဲ့လို့ ကိုယ်ဆုတောင်း ရတာ အမောပဲ။

စာသင်ချင်စိတ် မပျက်ပေမယ့် အပေါင်းအသင်းနဲ့ တွေ့ပြန်တော့ ဒုံရင်း ပြန်ချင်ချင် ဖြစ်တာပါပဲလေ။ ကျောင်းတက်တဲ့ကိစ္စ မထိခိုက်ရင် ပြီးတာပဲလို့ ဖြေရပါတယ်။ အိမ်မှာလည်း အဆင်ပြေလာလို့ ဝမ်းသာရသား။

ကိုယ့်ကုသိုလ်က ဝမ်းသာရရင်တစ်ခဏလို့ ဆိုချင်ချင်ပဲကွာ၊ သားသမီးနဲ့ မောင့်ဆွေမျိုးတွေ ပြဿနာပါ၊ မောင်က ကိုယ့်ရင်သွေးတွေထက် သူ့ညီတွေ ညီမတွေကို အရေးပေးလွန်းတယ်လို့ထင်တယ်။ ကိုယ့်မောင် ကိုယ့်ညီမကိုတော့ ဘေးဖယ်ထားလိုက်ပါတော့။ သားတို့သမီးတို့ဆိုတာ ဖအေကို ကြောက်လိုက်တာ မှ တုန်လို့ပါဆိုတာ ကိုယ်ပြောခဲ့ပြီးသားလေ၊ ဒီလိုထင်ရတဲ့ အကြောင်းတွေကတော့ ရေးမကုန်အောင် ရှိတာပေါ့ကွာ။

ဒီကိစ္စမှာ မင်းစဉ်းစားကြည့်လေ၊ ဘယ်မအေမျိုး ကိုယ့်သားသမီးထက် သူများကို အရေးပေးတာ ကြိုက်နိုင်မှာလဲ၊ ကိုယ်လည်း အတူတူပေါ့၊ ခုတော့ သူ့ဘက်က မအေနဲ့ ညီ ညီမတွေကသာပြော ယုံလိုက်တာမှ ရှင်းလို့ကို မရဘူး ဒီတော့ ဒေါသဖြစ်စရာမျိုးဆို ရှေ့နောက် စဉ်းစားခြင်း မေးမြန်းခြင်း မရှိတော့တာနဲ့ ကိုယ်တို့နှစ်ယောက်မှာ ပြဿနာကြီးတစ်ခု ဖြစ်ခဲ့ရသေးတယ်။

ဒီအချိန်က ကိုယ်တို့နဲ့အတူ မောင့်ညီလင်မယားနဲ့ ကိုယ့်အစ်ကိုဝမ်းကွဲ လင်မယားရယ်နေတယ်။ ခြံထဲက အိမ်အပိုလေးတစ်လုံးမှာတော့ မောင့်ကျောင်း နေဖက် သူငယ်ချင်း စာရေးဆရာမိသားစုနေပါတယ်။ ကိုယ့်မတ်ဆော်မောင်က စစ်သားလေ၊ ရန်ကုန်မှာ တာဝန်ခဏကျတုန်း အိမ်ထောင်ပြုတာမို့ တပ်ရင်းမှာလည်း အိမ်ခန်းကိစ္စ မပြေလည်ဘူး။ သူတို့အမေအိမ်မှာနေလည်း အဆင်ပြေမှာ မဟုတ် ဘူးကိုး။ သူ့မိန်းမကလည်း အသက်ငယ်ရတဲ့အထဲ ကရင်ကပြားမလေးဖြစ်နေပြန် တော့ စကားပြောရတာ တယ်ပြီး အမြီးအမောက်မတည့်ဘူး။ ဘာကိုဆိုလိုတယ် ဆိုတာလည်း နားမလည်တတ်ဘူး။ သူဒီလို အပြောအဆို မလိမ္မာမှုကြောင့် သူတို့ လင်မယားချင်း သတ်ကြ ပုတ်ကြ ခဏ ခဏပဲ။





ဒါတွေ တွေ့နေရတော့ ကိုယ့်စိတ်ထဲ မချမ်းမြေ့ဘူးပေါ့၊ ဒီတော့ ကိုယ်က အိမ်ထောင်ရေးရာနဲ့ ပတ်သက်တာတွေ၊ အိမ်ထောင်ထိန်းသိမ်းရေးနဲ့ ပတ်သက် တာတွေ၊ ရှေ့ရေးအတွက် ဘယ်လို စုဆောင်းသင့်တယ်ဆိုတာတွေ အချိန်ရသ လောက်ကလေးမှာ ကိုယ်သင်ရပြောပြရပါတယ်။ သဘောပေါက်တဲ့အခါတော့ ဟုတ်လို့ပေါ့၊ တစ်ခါတလေကျတော့ ဆရာလုပ်တယ်၊ မကြိုက်လို့ ပြောတယ်နဲ့ ဆင်တတ်တယ် ဆောင့်တတ်တယ်။

တစ်ခါတော့ ကိုယ်ကမနက်တာဝန်ကျတာနဲ့ နေ့လယ်ပိုင်းမှာ ပြန်လာပြီး အိမ်ခန်းထဲနားနေရင်း သတင်းစာဖတ်နေတုန်း သမီးကငိုပြီး အနားကို ရောက်လာ တယ်။ ကိုယ်ချော့ရတာပေါ့၊ သမီးလေးက အငိုမတိတ်နိုင်တော့ဘူး၊ ဘာလို့ ငိုတာလဲဆိုတာ မေးမရ၊ ချော့လည်းဆက်ငိုနေတော့တာပါပဲ သူငယ်ချင်းရယ်၊ ကြည်တစ်ပေါက်ကျမှာတောင် သားသမီးအတွက် မငြိမ်းချမ်းနိုင်ဘူးဆိုတာ ကြားဖူးတယ်မဟုတ်လား။ ဝမ်းနည်းပမ်းနည်း ငိုကြွေးနေရှာတဲ့ သမီးလေးကို ကြည့်ရင်း ကိုယ်ပါ ရောပြီး ငိုမိခဲ့ပါတယ်။

ကလေးက အကြောင်းမရှိဘဲနဲ့တော့ မငိုနိုင်ဘူးလို့ ကိုယ်တွေးရတယ်။ အမေစိတ်မကောင်းအောင် မလုပ်ပါနဲ့ သမီးလေးရယ်လို့ မအေကို သနားအောင် ပြောလည်း အဖြေက ထွက်မလာတော့ မပြောရင်ရိုက်မယ်လို့ ခြောက်လိုက်မှ "ညနေကျရင် သမီးအရိုက်ခံရ ဒဏ်ပေးခံရမှာ ကြောက်လို့ မေမေ" တဲ့။

ဘာအကြောင်း ဘာအပြစ်ကြောင့် ဒဏ်ပေးခံရမှာ အရိုက်ခံရမှာလဲ၊ ဘာ လို့ ဒါလောက် စိုးရိမ်ကြောင့်ကြ ဝမ်းနည်းရတာလဲလို့ မေးပြန်တော့ ကိုယ်တာဝန် နဲ့ မန္တလေးသွားရတုန်းဖြစ်တဲ့ သမီးလေးကိစ္စကို သိခဲ့ရတယ်။

ကိုယ့်သမီးက အသက်ကိုးနှစ်လောက် ရှိသေးတာပါ။ မိန်းကလေးဆန်တဲ့ ကိုယ့်သမီးလေးဟာ အရှက်အကြောက် အလွန်ကြီးပါတယ် သူငယ်ချင်း၊ တစ်နေ့ မှာ စာရေးဆရာကတော်က နောက်ပြောင်သတဲ့။ သမီးက သိပ်ချောတာ၊ ကြီးလာ ရင် ချစ်သူဝိုင်းဝိုင်းလည်နေမှာ၊ အရာရှိကြီးကတော် ဆရာဝန်ကြီးကတော် ဖြစ်မှာ ဆိုတာတွေပေါ့ကွယ်။

ကလေးက လင်မယူချင်ဘူးဆိုတာချည်း ပြန်ပြောတတ်တော့ မခံနိုင်မှန်း သိလေစလေ၊ သမီးကရှက်လေ ဒေါသဖြစ်လေ အဒေါ်ဟာ အဒေါ်ရဲ့ဆိုတာမျိုး တွေ ပြန်ပြောလေပေါ့၊ လူတွေသဘောက ခက်တယ်ကွာ မကြိုက်လေ ပိုပြောတတ်



www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်လား၊ ကလေးကို စိတ်မဆိုး ဆိုးအောင်စရတာကို ပျော်တတ်ကြသေး မသိပါဘူး။ ဒီလိုလူကြီးအစားတွေ တော်တော်များများ ကြုံဖူးတယ် သူငယ်ချင်း

ကိုယ့်သမီးကိစ္စမှာလည်း ဒီလိုစတာပဲလေ ကြာတော့ မခံနိုင်ဘူးပေါ့၊ လို့ ဟစ်လို့မရတော့ ရှက်ရမ်းရမ်းပြီးလှမ်းရိုက်၊ ဒီကလေးက အရိုက် ဟိုကအော နဲ့ ကြုံတော့ ပါးဆိုလား လည်ပင်းဆိုလားထိသွားသတဲ့၊ ဒါကို မောင့်ညီက အော ကို ပြန်တိုင်တယ်။ ဖအေကလည်း ပြဿနာရဲ့ အရင်းအမြစ်ကို မစစ်မမေးတော့ ဘူး။ လူကြီးတစ်ယောက်ကို အပြစ်ကျူးလွန်တဲ့အနေနဲ့ ထိုင်ထလုပ်ဖို့ ဒဏ်ပေး လိုက်ပြီး စကားဝိုင်းဖွဲ့ အရက်ပွဲလည်းဖွဲ့ ထင်ပါရဲ့၊ ကလေးထိုင်ထ ဒဏ်ပေးထား တာကို မေ့နေသတဲ့။

ကလေးက ဖအေကို ကြောက်လို့မပြောရဲ၊ မအေအနားမရှိတော့လည်း အားကိုးရာမရှိသလိုဖြစ်၊ ထိုင်ထလုပ်ရတာလည်း အချိန်က ကြာသွားလေတော့ ကြောက်လန့်စိတ် အားငယ်စိတ် ပင်ပန်းဒဏ်တွေစုပြီး ခွေကျသတိမေ့သွား သတဲ့ကွယ်၊ ကလေးဟာ သုံးလေးရက် အရမ်းဖျား၊ အိပ်ရင်းက လန့်လန့်ပြီးအော် နဲ့ ဖြစ်ခဲ့ရရှာတယ်။

ဒီအကြောင်းပြန်သိရတဲ့ ကိုယ့်အနေနဲ့ ဘယ်လိုခံစားရမလဲလို့ မိခင်စိတ်နဲ့ သူငယ်ချင်း ဝင်စဉ်းစားကြည့်စမ်းပါကွယ်၊ ခုလည်း သမီးက သူပြောမိတဲ့စကား အတွက် မအေငတ်တုတ်ရှိရက်နဲ့တောင် မပြောရဲလောက်အောင် ကြောက်လန့်တ ကြား ဖြစ်နေရရှာပြန်လေ။ သမီးက စည်းကမ်းကြီးတယ်၊ သန့်ရှင်းတာကြိုက်တယ် သူတို့အခန်းမှာနေကြတဲ့ ဦးလေးလင်မယားရဲ့ ထားသိုနေထိုင်မှု မသပ်ရပ်တာ ပွရှုနေတာ သူမကြိုက်ဘူး။ တစ်ခန်းထဲ နေရတာဆိုတော့ ဖအေ ဝင်ကြည့်လို့ ပွနေတာတွေ့ရင် သူတို့ အဆူခံရမှာကိုး။

ခုကိစ္စကတော့ ညမီးထွန်းအိပ်တဲ့မီးကို မွန်းလွဲချိန်အထိ ဖွင့်ထားကြလို့ ကလေးက ဆောင့်ဆောင့်အောင့်အောင့် သူတို့ အဆူခံရမှာလို့ ပြောမိတာကြောင့် ကောင်မလေးက ညည်းဦးလေးလာရင် ပြန်တိုင်ပြောမယ်လို့ ခွန်းတုံ့ပြန်လိုက် တယ်လေ။

ဒီတော့ သမီးလေးစိတ်ထဲမှာ တစ်ခါကလည်း သူတို့ကြောင့် ဒဏ်ပေး ရဖူးပြီ။ ခုလည်း ထပ်ခံရတော့မှာပဲဆိုတဲ့ အတွေးကဝင်နေတော့ ကြောက်လန့်တာ ပေါ့ကွယ်၊ သူကြောက်နေရတာကိုလည်း မအေမသိစေချင်၊ ပြောမထားရင်လည်း သူ့အတွက် အားကိုးရာမဲ့တော့မယ်လို့ တွေးငိုတော့တာကိုး။





ဒါကိုသိရတော့ ဖအေစုံမအေစုံရှိပါရက်က အားကိုးရာမရနိုင်သလို ဖြစ် နေရရှာတဲ့ သမီးလေးအဖြစ်ကို သနားရတယ်၊ ဝမ်းနည်းမိတယ်။

နှမစုံမွေး ချစ်ရင်သွေးလေးတန်မဲ့ အားငယ်ရရှာလေခြင်း၊ သူတစိမ်းလို ဆက်ဆံခံရလေခြင်းလို့ ရင်ထုမနာ ဖြစ်ရသည်နှင့်အမျှ မကျေမချမ်းဖြစ်မိတယ်။ ကိုယ့်ရင်က လွယ်မွေးခဲ့ရတဲ့သွေးမို့ မိခင်စိတ်နဲ့ ကလေးဖြစ်နေတဲ့သောက ကိုယ့် သောကအဖြစ် ပြောင်းယူချင်ပါတယ်။ ကလေးကို ကြောက်လန့်အောင် စိတ် ဆင်းရဲအောင် လုပ်တာထက် ကိုယ့်ပါးကို ရိုက်လိုက်တာကိုမှ ခံချင် ခံနိုင်မယ်။

ဒါကြောင့်လည်း…

"ငါ့သားသမီးတွေကို မိမဲ့ဖမဲ့တွေလို ငါ့အိမ်မှာ ဆက်ဆံကြတာ မခံနိုင်ဘူး။ ဒီအိမ်မှာ ငါ့လင်ကလွဲရင် ကလေးတွေဟာ အရေးကြီးဆုံးဆိုတာ မှတ်ထားကြ၊ ငါ့သား ငါ့သမီးတွေအတွက်ဆိုရင် ဘယ်သူ့ကို ရင်ဆိုင်ရမှာမှ မကြောက်ဘူး။ အောင်ကို ပြောစရာရှိရင် ငါ့ကိုပြော၊ ငါ့ကလေးတွေမှာ အပြစ်ရှိရင် ငါဆုံးမမယ်၊ ငါ့ကို လွန်ပြီး ဘယ်သူ့ သံတော်ဦးတင်တာမှ မကြိုက်ဘူး"

လို့ တစ်အိမ်သားလုံးကို အော်ပြောပစ်လိုက်တယ်။

ဒီအပြောဟာ မောင့်ဆီပြန်ရောက်သွားတော့ ဖြစ်လိုက်ရတဲ့ပြဿနာ အငြင်း ပွားဆုံး အခြေအနေကို ရောက်တော့တာပဲ။

မောင်က သူ့ညီလင်မယားကို မလိုလားလို့ ပြောတာလို့ စွပ်စွဲတယ်။ ကိုယ်ပြောပြတာ ဆုံးမခဲ့သမျှတွေဟာ သက်သက်မဲ့ ပညာရှိနှိပ်စက်တာတဲ့၊ ဒီအချိန် မှာ သူ့အဖေက အထိန်းသိမ်းခံနေရတာမို့ သူဟာ အဖေနေရာမှာ ရောက်နေရတော့ သူ့သားသမီးပဲတဲ့၊ တင်းတင်းမာမာရပ်တည် တုံ့ပြန်ခဲ့တယ်လေ။

ကိုယ်က အမှန်ရှင်းပြတာကို နားမဝင်ဘူး။ စေတနာကို စော်ကားလိုက် ကြတာ ရင်နာစရာကောင်းပါတယ် သူငယ်ချင်း။ မောင်ကလည်း ညီဘက်က တစ်ပြားသားမှ မလျှော့၊ ကိုယ်ကလည်း သားသမီးဇောက ရင်လုံးလျှံနေတော့ မလျှော့နိုင်တော့ဘူးလေ။ နောက်ဆုံး လင်မယားကွာရလည်း ကွာဟဲ့ဆိုတဲ့စိတ်မျိုး ခင်ကုန်ရတဲ့အခြေ ဆိုက်တော့တာနဲ့ အရင်းနှီးဆုံးလို့ သတ်မှတ်ထားတဲ့ မိတ်ဆွေ တစ်သိုက်နဲ့ အစ်ကိုလိုနေတဲ့ ရှေ့နေတစ်ဦးကိုပါ ခေါ်လိုက်ပြီး ဒီပြဿနာကို ရှင်းကြရတယ်။

ဘယ့်နှယ်ကွယ်… ကိုယ်မွေးထားတဲ့ သားသမီးထက်ပဲ သည်းချင်သေး



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ဖအေဘက်လိုက်စိတ်ကို ဘယ်လိုနားလည်နိုင်ရမှာလဲ။ မထူးတော့ဘူး အားလုံးဖြစ်ကြတဲ့ပြဿနာတွေကို ရှင်းကြတဲ့အချိန်မှာ ပြောပြမိပါတယ်။

မောင်မသိဘဲ ကိုယ်တစ်ယောက်တည်း ကြိတ်မှိတ်သည်းခံထားခဲ့ရ တွေကိုပါ မချန်နိုင်တော့ဘူး။ ကိုယ့်စေတနာကိုယ့်သဘောထား ကိုယ်ဖြစ် ချင်တာတွေ အားလုံးရင်ဖွင့်ပြီးခါမှ မောင်တော်ဘုရားက သဘောပေါက် ရှင် နားလည်သွားတော်မူတာကလား။ ချက်ချင်းမာန်ချ၊ ချက်ချင်းစကားပြင်၊ ခုဘီ ရုပ်၊ ခုမင်းသားရုပ်၊ ဟုတ် ဟုတ်သေးတော့ကွာ။

"အခြေအနေကို မောင်မဆင်ခြင်မိလို့ ပြောမိထင်မှားမိခဲ့တာတွေအတွက် ခွင့်လွှတ်ပါ ကျေပါ အေးရယ်" လို့ တောင်းပန်လိုက်သေးရဲ့။ အားလုံးကလည်း ဝိုင်းပြီး ဖျန်ဖြေနားချကြပါတယ်။ ကိုယ့်စေတနာ မေတ္တာအမှန်ကို ဆက်ပြီး ထိန်းသိမ်းပါဆိုတဲ့အကြောင်း၊ နောင်အလားတူ ပြဿနာမျိုး မပေါ်ရလေအောင် မောင့်ကို ဆင်ခြင်ဖို့အကြောင်း၊ အထင်အမြင်မှားမှုဆိုတာ အိမ်ထောင်တိုင်း ကြုံ တတ်တာမို့ တစ်ဦးနဲ့တစ်ဦး နားလည်ခွင့်လွှတ် ညှိနှိုင်းယူပါလို့ ပြောကြတယ်။ မောင်က ချော့လဲရောထိုင်လုပ်ပစ်လိုက်တယ်လေ၊ ကိုယ်မကျေနပ်လို့ ဘာထူးမှာလဲ။

သူငယ်ချင်းရေ… ရေးစရာတွေက ကိုယ့်အသက်ထက် ပိုပါတယ်။ ကလည်း ရှည်လှပါပြီလေ၊ သူငယ်ချင်းကိုလည်း အားနာပါတယ်၊ ကိုယ့်ဒုက္ခတွေ ကူးစက်ခံစားရမှာလည်း စိုးပါတယ်။

ဒီတော့ ကိုယ်တို့ရဲ့ နောက်ဆုံးနဲ့ တစ်သက်လုံး သောကရစေတဲ့ ပြဿနာ ကိုပဲ ရေးလိုက်ပါတော့မယ်။ ဘာပြဿနာလဲဆိုတာတော့ သူငယ်ချင်းလည်း ကြားလိမ့်မယ်၊ ကိုယ်ချစ်တဲ့သောတရှင် ပြည်သူအပေါင်းလည်း ကြားသိပြီးသား ထင်တယ်၊ အထွေအထူး ဘာအကြောင်းမှ မရေးတော့ပါဘူး။

ကိုယ့်တစ်သက်စွဲတဲ့ ငရဲရက်အစဟာ ၁၉၆၉ ခုနှစ် စက်တင်ဘာလ (၂၂) ရက်နေ့ ညပါပဲ။ ဒီနေ့က ကိုယ်ဟာ ဂီတကောင်စီက ပေးအပ်တဲ့တာဝန်အရ အမှတ် (၈) နယ်မြေ ဗဟန်းမြို့နယ် ဂီတရေးရာ စည်းရုံးရေးဆွေးနွေးပွဲကို သွား ရတယ်၊ မောင်က ပြင်သစ်ဘာသာ သင်တန်းရှိနေလို့ ပြီးရင် ကိုယ့်ဆီလိုက်ခဲ့ဖို့ သွားရလာရမခက်ခဲရအောင်လည်း သူငယ်ချင်းတစ်ယောက်ကိုကားနဲ့ခေါ်ခဲ့ပြီး လိုက်ပို့ပေးဖို့ ပြောထားပြီးသားမို့လို့ အေးအေးဆေးဆေး ဆွေးနွေးပွဲ တက်နေခဲ့ ပါတယ်။





ည (၁၀) နာရီခွဲလောက်မှာ ဆွေးနွေးပွဲပြီးတာတောင် မောင်ရောက်မလာ ဘူး။ အတူဆွေးနွေးပွဲတက်ခဲ့တဲ့ အမှုဆောင်တွေမှာလည်း မိုးချုပ်နေလို့ ကား အခက်အခဲရှိနေကြတော့ ကိုယ်လိုက်ပို့ပါတယ်။ ဒါဟာ ကိုယ့်အတွက် လုပ်ရိုးလုပ် စဉ်တစ်ရပ်ပါ သူငယ်ချင်း။ လမ်း (၃၀) ပတ်ဝန်းကျင်၊ လေဟာပြင်၊ ရေကျော် ဘဲ့၊ နောက်ဆုံး ရန်ကင်းပြန်ပို့ပြီး ကိုယ်အိမ်ပြန်ရောက်တော့ ဆယ့်နှစ်နာရီ ခွဲ ရှိခဲ့ပြီပေါ့။

မောင့်မျက်နှာက ညှိုးနေတယ်၊ စကားပြောဖော်မရဘူး။ မောင်မျက်နှာညှိုး ရင် မနေတတ်ခဲ့တာ ကိုယ့်တစ်သက်လုံး ရင်တွင်းနာဆေဒနာတစ်ခုပါ သူငယ်ချင်း။ ဘလူးလူးတလွန့်လွန့်နဲ့ မောင်မအိပ်တော့ စိုးရိမ်ပြန်ရော၊ နေမကောင်းလို့လား ကောင်ရယ်ဆိုတော့လည်း ဘာမှ မဖြစ်ပါဘူးတဲ့။

အကြောင်းတစ်ခုခု မရှိဘဲနဲ့တော့ ဒီလိုနေမှာ မဟုတ်ဘူးမို့လားကွယ်၊ ချစ်တဲ့သူမှာ ဘာသောက ဘာမပြေလည်တာ ဘာညှိုးနွမ်းစရာရှိနေမလဲဆိုတာ ကိုယ်သိချင်ပါတယ်။ သိမှ သူ့စိတ်ချမ်းသာမှု ကိုယ်ပြုပေးနိုင်မှာလေ သူငယ်ချင်း ရယ်။ သူမပြေချင်တာ ဘာ့ကြောင့်ပါလိမ့်မလဲလို့ ကိုယ့်ရင်ထဲ ဝဲဝေ့တဲ့အတွေးက နွမ်းနယ်စေသလိုချည်း။

ဒါပေမဲ့ သူမှ မပြောချင်တာ သိနေရတော့ မမေးတော့ပါဘူး။ ခက်ရတာ ကိုယ်ပါ၊ မောင်အိပ်ပျော်နေတဲ့ မျက်နှာလေး ငေးပြီးမှ အိပ်ပျော်တတ်တဲ့ အကျင့် က ပါနေလို့လေ။

အချိန်တွေ အကြာကြီးကြာအောင် ငြိမ်နေကြပြီးတော့မှ မောင့်အသံက ထွက်လာတယ်။

"အေး… မောင့်ကိုချစ်သေးရဲ့လား" တဲ့။

သူ့အမေးက အံ့သြစေလိုက်တာကွာ။

"မောင် ဘာလို့ ဒီလို မေးရတာလဲ၊ ဘယ်တုန်းကမှ မမျှော်လင့် မကြားခဲ့ ရှူးတဲ့ စကားမို့ အဆန်းပဲ၊ နေပါဦး မောင်ရဲ့… မောင့်ကို အေးက မချစ်ဘူးလို့ ထင်ရအောင် မေးရအောင် အေးမှာ ချို့ယွင်းချက် တွေ့နေလို့လား၊ ပြောပါဦး" လို့ ပြန်မေးမိတယ်။

ရင်ထဲကိုယ်စီ နွမ်းနယ်ပင်ပန်းနေကြမှာပေါ့လေ၊ ဒါပေမဲ့ ကိုယ်က ပြဿနာ ရှိနေရင် ရှင်းလိုက်ရမှ ရင်ပေါ့တယ် နေလို့ရတယ်။ ရှင်းရင် အေးသွားမှာပဲ မောင်



www.burmeseclassic.com

www.burmeseclassic.com



လား၊ မချစ်ဘူးထင်လို့သာ မေးမှာဆိုတော့လည်း စိတ်အေးအေးတည်တည်ငြိမ်ငြိမ် နဲ့ ရှင်းချက်နှုနယ်သိမ်မွေ့မှ ဖြစ်မယ်လို့လည်း တွေးရပါသေးတယ်။

"ညနေက မောင်… အေးဆီမရောက်တာဟာ မောင့်ကို လူတချို့က ဖုန်းဆက်ခေါ်တာနဲ့ သွားတွေ့နေရလို့ပါ။ သူတို့ခေါ်ပြောကြတာကတော့ အေးဟာ ရုပ်ရှင်မင်းသားတစ်ယောက်နဲ့ရော စန္ဒရားဆရာတစ်ယောက်နဲ့ပါ ရှုပ်ထွေးနေတယ်တဲ့၊ ဒီတော့ အိမ်ထောင်ရေးလည်း ထိခိုက်နိုင်တယ်၊ သူတို့က အေးကိုပြောလို့ မရဘူးဆိုတာသိနေကြလို့ မောင့်ကိုခေါ်ပြီး သတိပေးရတာလို့ ပြောကြတယ်။ ဒါ့ကြောင့်မို့လို့ မောင့်ကို ချစ်သေးရဲ့လားလို့ မေးတာပါ"

လို့ မောင်က ဆက်ပြောတယ်။

ကြားရတဲ့သတင်းကြောင့် ကိုယ့်ဦးခေါင်းကို မိုးကြိုးပစ်ချခံရသလို ဖြစ်သွားတယ်။ စိတ်ထဲ ဘယ်အထိ ဆင်းရဲသွားမလဲဆိုတာတော့ စဉ်းစားသာယူပါကွာ။ ဒီပြဿနာဟာ ကိုယ်တို့နှစ်ယောက်စလုံးအတွက် အမင်္ဂလာ အဆုံးစွန်ဘဝ တွန်းချမယ့်ပြဿနာကြီးလို့ အလေးအနက်ထား ယုံကြည်ပါတယ်။ အပြေလည်ဆုံး ရှင်းနိုင်အောင် ကြိုးစားရမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

"ကောင်းပါပြီမောင်၊ မောင်ကြားသိခဲ့ရတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ အကောင်းဘက်ကို ထိပ်တန်းထား၊ ဖြည်းဖြည်းဆေးဆေး စိတ်အေးအေးထားပြီး ဖြေရှင်းကြရအောင်နော်။ ပထမဆုံး စီစဉ်စေချင်တာကတော့ မောင့်ကိုပြောတဲ့သူတွေကို ခေါ်လိုက်ပါ၊ သူတို့က အေးနဲ့ရှုပ်နေပါတယ်လို့ ပြောတဲ့သူတွေကိုလည်း ခေါ်ကြမယ်၊ အားလုံးမျက်နှာစုံညီရှင်းလိုက်ကြရင် မောင်ကြားခဲ့ရတဲ့သတင်းအတွက်နဲ့ မောင့်စိတ်ထဲမှာ ရှိနေမယ့် သံသယအားလုံးရှင်းသွားမှာပဲ"

လို့ ကိုယ်က ပြောတော့…

"ဟင့်အင်း… မောင်ဒီလူတွေကို ခေါ်လို့ရမယ် မထင်ဘူး။ သူတို့နဲ့တွေ့တုန်းက သူတို့ဟာ အေးနဲ့အလုပ်တူတွေမို့ နာမည်ကိုတောင်မှ ဖွင့်မပြောပါဘူးလို့ ကတိပေးခဲ့ရတယ်လေ" တဲ့။

"ဒါဖြင့် သူတို့မရိုးသားကြလို့ပေါ့ မောင်ရဲ့၊ အေးတို့ကို တကယ်တမ်း ကောင်းကျိုးပြုချင်လို့ အိမ်ထောင်ပြိုကွဲမှာ စိုးရိမ်လို့ ဖွင့်ပြောရပါတယ်လို့ မောင့်ကို ပြောခဲ့ကြတယ်ဆိုတာဟာ ဘာအဓိပ္ပာယ်ရှိသလဲ၊ တကယ်သာ စေတနာအပြည့်ရှိကြရင် ညီလေးလို ညီမလို မိတ်ဆွေကောင်းတွေလို သဘောထားကြရင် မောင့်ကို တစ်ဦးချင်း ခေါ်ပြောလိမ့်မယ်လို့ အေး မထင်ဘူး။





ဖြစ်သင့်တာက အေးဟာ အကျင့်ပျက်နေတယ်ပဲထားပါတော့၊ အေး ဖောက်ပြန်ကျင်ကလူဆိုရင် အေးကို ဆုံးမသွန်သင်နိုင်တယ်၊ ထိန်းသိမ်းနိုင်တယ်၊ ဒါမှမဟုတ်ရင် နှစ်ယောက်လုံး မျက်နှာစုံညီရှေ့မှာတင် ပြောသင့်ကြတယ်။ ဒါမှ လည်း တစ်ခါတည်း ကိစ္စပြီးပြတ်မှာပေါ့၊ ပြေလည်မှာပေါ့။ အခု နာမည်တောင်မှ မပြောလိုက်ပါနဲ့ဆိုတော့ ဘာသဘောတွေလဲ၊ သက်သက်မဲ့ ပြဿနာကြီးထွားအောင် လုပ်တဲ့သဘောလို့ အေး မြင်တယ်။

ဒီတော့ လင်မယားကြားမှာ အကောင်းဆုံးဖြစ်နိုင်မယ့် နည်းလမ်းကတော့ အားလုံးတွေ့ဆုံဖြေရှင်းခြင်းပါ။ မောင်က မပြောဘဲနေရင် ဘယ်လိုမှ ရှင်းလို့ရမှာ မဟုတ်ဘူး။

ခက်တာပဲ မောင်ရယ်၊ တခြားဘာကိုမှ အရေးထားဖို့မလိုပါဘူး။ အရေးအကြီးဆုံးက မောင်ရယ် အေးရယ် သမီးရယ် သားရယ် ဒီမိသားစု ငြိမ်းချမ်းသာယာရေးဟာ အဓိကပါ။ ပြောစမ်းပါ၊ ဒီလူတွေက မောင့်အတွက် အရေးကြီးသလား၊ အေးနဲ့ကလေးတွေက အရေးကြီးသလား။ တခြား ဘာမှ မတွက်ပါနဲ့၊ အခု သက်ငင်းကို စိတ်သောကရောက်နေကြပြီ။ ဒီသောကဝင်လာအောင် ဖန်တီးတာ ဘယ်သူတွေလဲ၊ သူတို့က ကောင်းစေချင်လို့ပါတဲ့၊ ကောင်းပြီ အခုလက်တွေ့ပဲ ကောင်းလာရဲ့လား။

ဒီမယ်မောင်၊ ဒီပြဿနာမရှင်းမချင်း မောင်က သံသယရှိနေမှာပဲ၊ အေးကလည်း မောင့်မှာ သံသယကြီးနဲ့ပါလားလို့တွေးပြီး စိတ်ချမ်းသာရာ ရတော့မှာမဟုတ်ဘူး။ မောင့်မှာ ဘာဆန္ဒရှိရှိ အေးအနေနဲ့တော့ ရင်အေးချင်တယ်၊ ပြတ်ပြတ်သားသား ရှင်းချင်တယ်။ သူတို့စေတနာမှန်တယ်၊ သူတို့ပြောတာမှန်တယ်၊ သက်သေပြနိုင်ကြတယ်ဆိုရင် အေးနဲ့ ရင်ဆိုင်ဝံ့ရမှာပေါ့။ မောင် သူတို့ နာမည်လေးပဲ ပြောစမ်းပါ၊ အေးကိုယ်တိုင် ခေါ်ဆိုလည်း ခေါ်မယ် ရှင်းမယ်"

ဒီလို စကားအမျိုးမျိုးနဲ့ ပြောတယ် မေးတယ် ရှင်းခိုင်းတယ်။ မောင့်ဘက်က ခပ်တင်းတင်းခပ်မာမာပဲ။

"မခေါ်နိုင်ဘူး မပြောနိုင်ဘူး ရှင်းစရာမလိုဘူး" တဲ့ကွာ။

သူငယ်ချင်း၊ ကိုယ်က လက်တွေ့သမားဆိုတာ မင်းသိပါတယ်၊ ကိုယ် မှန်တယ်ထင်တာကို ရင်ဆိုင်ရဲတဲ့သတ္တိအပြည့်ပါ။ ဒါကြောင့် ကိုယ့်အကြောင်း ပြောင်းလိုက်ကြတဲ့သူတွေနဲ့တွေ့ပြီး ရှင်းချင်ရှင်းရဲနေတာပေါ့၊ ဘယ်လိုတောင်းဆို



www.burmeseclassic.com

www.burmeseclassic.com



တောင်းဆို မောင်က ငြင်းပယ်ခဲ့တာချည်းပါပဲ။ ဒါကြောင့် ကိုယ်ပြောဖူးတာ မဟုတ်လား၊ မောင်ဟာ သူများကို ယုံတတ်တဲ့စိတ် ရှိတယ်လို့။

အဲဒီညအဖို့ ရှင်းမရ ပြောမရတော့ဘူးဆိုတာ ကိုယ်သိလိုက်ရပါပြီ သူငယ်ချင်း၊ ကိုယ့်ဆန္ဒကိုယ့်စကား ကိုယ့်တောင်းဆိုချက်ဟာ မောင့်အတွက် ရေပါပဲ။

တိုတိုပြောကြစို့ဆိုရင် သူကတောင်မှ ပြန်ပြီး ကိုယ့်အပေါ် ဥပဒေသလေး ထုတ်လိုက်သေးရဲ့။

ပထမ.... ကိုယ် ဂီတကောင်စီက ထွက်ရမယ်။

ဒုတိယ.... ကိုယ်နဲ့ စပ်စွဲခံရတဲ့သူတွေနဲ့ လုံးဝ မဆက်ဆံရ။

တတိယ.... ကိုယ့်ဝတ်စားဆင်ယင်မှု ပြင်ရမယ်။

နောက်ဆုံးအချက်က... အလုပ်ပါ ထွက်ရမယ်... ဆိုပဲ။

ပထမကိစ္စကတော့ အမှုဆောင်သက်တမ်း လေးငါးလအတွင်း ကိုယ် ကောင်စီမှာ ဆက်မလုပ်ဘဲနေလိုက်ရင် ပြီးတာပါ။ ထွက်စာတင်မယ်ဆိုရင် တောင် အီအီသတင်းက ထွက်လာမယ်၊ ထွက်သည်ဖြစ်စေ မထွက်ဘူးဖြစ်စေ ဒီ အပေါ်မှာ အကျိုးသက်ရောက်မှု ရှိနိုင်မယ်လို့ ကိုယ်မထင်ပါဘူး။ တကယ်ဆို ဒီတစ်နေရာတည်းမှာမှ ဒီလူတွေနဲ့ တွေ့နိုင်ဆုံနိုင်မှာမို့လား။

ဂီတကောင်စီအမှုဆောင်အဖြစ် အရွေးခံရတာကိုက မောင်ပဲ ဇွတ်တိုက် တွန်းလွန်းလို့ပါ။ ဘာကြောင့် အမှုဆောင်လုပ်စေချင်တယ်၊ ဘာကြောင့် မောင် တိုက်တွန်းခဲ့တယ်ဆိုတာကိုတော့ မောင့်သိက္ခာအတွက် ကိုယ်မရေးချင်ဘူးကွာ အမှုဆောင်ဖြစ်လာပြီဆိုတော့ ကျရာတာဝန် ကျေပွန်သင့်တယ်၊ အားကြိုးမာန်တက် ကိုယ်ဆောင်ရွက်ခဲ့တယ်။ ခုတော့ ဒီအတွက် အပြစ်ကြီးတစ်ခုလို မောင်က မြင် လာပြန်တော့ ခက်သားပဲ။

ဒါတွေပြန်ပြောပြပေမယ့် မောင်က ဇွတ်တရွတ် ထွက်စာရေးဖို့သာ အမိန့် ပေးနေတော့တယ်။ မလိုက်လျှောရင် ကိုယ်နဲ့ကွာရှင်းမယ်လို့ အကျပ်ကိုင်နေတော့ တော့ ကိုယ်ဘာလုပ်ရမလဲ သူငယ်ချင်း၊ ကိုယ့်အိမ်ထောင်ရေးထက် ဘယ်ကိစ္စက မှ အရေးမကြီးဘူးလို့ ဆုံးဖြတ်ရတာပဲ၊ ကိုယ်ကအမြင်ကတ် အပြောရကတ်လာ တော့ "ကဲ ထွက်မယ်၊ မောင်ကိုယ်တိုင် ထွက်စာရေးပေး" လို့ ပြောလိုက်မိရော အဲ... ရေးပေးတယ် ဆရာရေ့။





ဒုတိယအချက်ကိုလည်း ကိုယ်လျှော့ပေးခဲ့ပါတယ်။

တတိယအချက်ကိုလည်း တွေးကြည့်ပါဦးကွာ၊ ကိုယ့်အပြင်အဆင်ဟာ ...ယ်တုန်းကမှ လော်လီဆန်းပြား မခမ်းနားခဲ့တာ မြင်ဖူးသူတိုင်းအသိပါ။ ကိုယ့် ...တ်မှုစားမှုနဲ့ ပတ်သက်ပြီး အဘွားကြီးကျနေတာပဲလို့သာ အများက ကဲ့ရဲ့ခံရ ...ပါ။ မောင်ဆို အလှအပ ကြိုက်တတ်လွန်းလို့ စိတ်ပျက်တောင်ယူရတာ ...ပြောကို ပြောခဲ့ရတာပါ။ ဒါ့ကြောင့် စနစ်တကျ သန့်သန့်ပြန့်ပြန့်ဝတ်ခဲ့ရတယ် ...ောင့်အကြိုက်ကလေးဖြစ်ရင် ပြီးရောပေါ့။

နောက်တစ်ချက်ကလည်း ခုတစ်လောလေးမှာ အဝတ်ပိုင်းလေး တစ် ...ောင်လောက်ကို ကိုယ့်ဟာကိုယ် ရမ်းသမ်းညှပ်ချုပ်ကြည့်တာ ဝတ်လို့ ဟန်ကျ ...ွားတယ် သူငယ်ချင်းရဲ့။ ကိုယ့်တွက်ကိန်းက စက်ချုပ်ခသက်သာတယ်၊ ပိတ် ...ကုန်သက်သာတယ်၊ ကိုယ်တိုင်လက်ချုပ်ကလေးပါလို့ ပြောလိုက်ရတာလေး ...ို ကျေနပ်မိပါတယ်။

ဒါကို မောင်ထင်ပုံက ကိုယ်ဒီလိုချုပ်လုပ်ဝတ်ဆင်နေတာဟာ အလှကြည့် ...ာလူ ရှိလို့ပေါ့လေ။ ဒါ့ကြောင့်လည်း တားမြစ်ချက်ထဲပါလာတာ ဖြစ်မှာပေါ့ ...ွာ၊ ဒီအချက်မလိုက်နာရင်လည်း ကွဲရမှာပဲဆိုတော့ လျှော့လိုက်ရမှာပေါ့၊ နဂိုက ...ပြင်ရ ဆင်ရမှာ သိပ်ပျင်းတဲ့အကောင်၊ ကုန်ကျမှာပူတဲ့ကောင်ကို ဒီလိုစွပ်စွဲလာ ...ောာ့ ကိုယ့်အဖို့ စူဠလိပ် ရေထဲချလိုက်သလိုပါပဲ။

ရယ်လည်း ရယ်ရတယ်ကွာ၊ ဘယ်လောက် လှအောင်ဝတ်ဝတ်ပါ၊ ကိုယ်ရုပ် ...ာထက် ပိုမလှနိုင်ပါဘူး။ ပပဝတီဒေဝီလို လှငေးမယ့်ရုပ်မျိုးမှ မဟုတ်တာ ...ိုယ်သိသလို မောင်လည်းသိသင့်ပါတယ်။ သူများတွေတောင် သိသေးတာကွယ် ...

နောက်ဆုံးအချက် အလုပ်ကထွက်ရမယ်ဆိုတာကတော့ လွန်လွန်းပြီ ...ါကိုတော့ ပြင်းပြင်းထန်ထန် ရင်ဆိုင်ခဲ့တယ်၊ မထွက်နိုင်ဘူးလို့၊ အလုပ်ထွက်... ...မှာ နှစ်ယောက်တည်းရဲ့ပြဿနာလို့ မြင်လို့ မဖြစ်ဘူးဆိုတာ သူငယ်ချင်း... ...ဘောပေါက်ပါလိမ့်မယ်။ မောင်ရတဲ့ လခသုံးရာလောက်နဲ့ ကိုယ်တို့... ...ရေး ဘယ်လို ထားလို့ရမလဲ။

ကိုယ်တို့မှာ စားစရိတ်ရှိတယ်၊ သားသမီးပညာသင်စရိတ်ရှိ... ...တော့ ခေတ်ဆီဖိုးလိုတယ်။ ဒါက မကုန်မဖြစ်ကုန်ရမှာကိုပဲ ...



www.burmeseclassic.com

www.burmeseclassic.com



တခြားဇာဟီရကိစ္စတွေ ဘယ်သွားထားရမှာတဲ့လဲ။ ဘယ်လိုတွေးတွေး လျှော့ပေး မရနိုင်ဘူး။ ထားပါတော့ကွာ၊ နောက်ဆုံးအချက်ကိုတော့ မောင်က အင်တင်တယ် လျှော့ပေးရတာပေါ့လေ။

သူငယ်ချင်းရယ်… တကယ်လို့သာ မောင့်ကိုမချစ်ရင်၊ သားသမီးတွေ မင့်ကွက်ခဲ့ရင်၊ ဒီအိမ်ထောင်ကြီးမသာယာလည်း ဘာအရေးလဲလို့ ကိုယ်တွေးခဲ့ အစိပ္ပာယ်မရှိ နိုင်စားချင်တဲ့ကိစ္စကြီးကို ကိုယ်အလျှော့ပေးစရာ မလိုပါဘူး။

ဒါပေမဲ့ ဘာမဟုတ်တဲ့ အကြောင်းတစ်ခုအတွက် ကိုယ်တို့ဘဝတွေ အပျက်စီးမခံနိုင်ပါဘူးကွာ။ မောင် ဘယ်လိုပဲထင်ထင် သူနားလည်တဲ့တစ်နေ့ တော့ ကောင်းသွားမှာပဲ၊ စောင့်ရမှာပဲလို့သာ ကိုယ့်စိတ်မှာ ထားလိုက်ပါတယ်။

အားလုံးပြောဆို ညှိနှိုင်းသဘောတူညီချက်တွေ ရယူပြီးသွားတော့ ပြဿနာ ပြီးသလောက်မရှိတော့ သံသယတစ်ဝက်လောက်ပဲ ကျန်မယ်လို့ ထင်မိပါတယ်။ ဒါပေမဲ့ သူငယ်ချင်းရေ၊ လက်တွေ့ကျတော့ အထင်နဲ့ဆန့်ကျင်တယ်။

ဒီညမှာပဲ မောင်က စပြီး ပြောခဲ့တယ်လေ။

"မင်းနဲ့အတူ အိပ်လိုစိတ်မရှိဘူး၊ မင်း ခုတင်အောက် ဆင်းအိပ်တော့" တဲ့။

သူငယ်ချင်းရေ… ကြားရတဲ့စကားကြောင့် နှလုံးသွေးများ ရပ်သွားမလား ထင်မှားခံစားလိုက်ရတယ်။ ပြောရက်လိုက်လေကွာ၊ ဆွေးနွေးခဲ့ကြတဲ့ တစ်ချိန်တုန်း ခံနိုင်ရည်ရှိပေမယ့် မောင်ဒီလိုပြောထွက်ရက်တာလေးကိုတော့ ကိုယ့်ရင်ထဲက ခံနိုင် ရည် မရှိနိုင်တော့ဘူး သူငယ်ချင်းရဲ့။ စကားလည်း မဆက်နိုင်၊ ရှိုက်သံလည်း မထွက်နိုင်၊ မျက်ရည်သာ ဖွေးတော့တယ်။ ကိုယ့်ဘဝရဲ့နေဝင်ချိန်လို့ပဲ ထင်မိ ပါတယ်။ စကားမဆက် အဖက်မတန် အနေခံရတဲ့ဘဝ စိတ်နာလှပါတယ်။ ကိုယ်ချစ်ရတာတွေ မေ့လွယ်လွန်းလှချေရဲ့လို့ ဝမ်းနည်းတယ်။

ဆောက်တည်ရာမရစိတ်က အတိတ်ဆီမယ်၊ ချစ်ရတဲ့ အတိတ်ဆီမယ်…။

ခုတော့ ကိုယ့်နဲ့အတူ ချစ်ရသူက တစ်မေ့မစက်နိုင်ပါဘူးတဲ့လေ။ ဝမ်းနည်း ခြင်း၊ အံ့သြခြင်း၊ တုန်လှုပ်ခြင်း၊ ရင်နာခြင်းဆိုတဲ့ ခံစားချက်တွေနဲ့ မောင့်အပါးက ခွာခဲ့ရပါတယ်။ ညဉ့်ခန်းက ကုလားထိုင်လေးတွေဆက်ပြီး လှဲနေမိရင်းက ဒီနေရာ လေးမှာ အပေါင်းအသင်း ရောင်းရင်းတွေကို ပျော်ပျော်ရွှင်ရွှင် ညဉ့်ခံကြ၊ ကျွေးမွေး ကြ၊ ဆွေးနွေးပြုံးရွှင်ရတာတွေကို ပြန်ပြီးမြင်ယောင်တယ်။





သြော်… တို့လင်မယားမှာ ဒီမိတ်ဆွေ အပေါင်းအသင်းဆိုတာတွေကြောင့် ဆွေးကြရတော့မှာပါလားလို့ တွေးမိရင်း မခံချိအောင် ပူလောင်တယ်။ ကျွမ်းအောင် လွန်းလို့ အသက်ရှူမရတော့ဘူး သူငယ်ချင်း။

"အေး… အေး၊ လုပ်ပါဦး အစ်ကိုရယ်၊ ဘာကိုမှ သတိမရတော့ဘူး သူငယ်ချင်း… အေး မောင်ခေါ်နေတယ်လေ အေးသတိရရဲ့လား ဘာကြောင့်ကြည့် နေတာလဲ။ အို… ဘာလို့ရယ်နေရတာလဲ အေး…အေး မရယ်နဲ့လေ၊ ဟော ပြီ အစ်ကိုရေ၊ အေး… အေး ရူးသွားတာလား မသိဘူး။ ဆေးရုံပို့ရင်ကောင်း မလား" လို့ မောင့်အသံက ပူပင်ပျာယာခတ်နေသလို ကိုယ်က ကြားရတယ်။

မောင့်အသံ… ချစ်ရလွန်းသူရဲ့အသံကိုတော့ ရင်ထဲအသည်းထဲ စွဲနေတော့ မှတ်မိနေတယ်။ ကိုယ့်ကိုယ်ကိုယ်တော့ ဘာဖြစ်လို့ဖြစ်မှန်း မမှတ်မိတော့ဘူး။ ကိုယ့်အစ်ကိုနဲ့ ယောက်မက တခေါ်ခေါ်၊ မောင်ကလည်း တကျော်ကျော်ပေါ့ကွာ၊ ကိုယ့်အခြေအနေမှန်ကို ပြန်ရောက်သွားလို့ သတိကောင်းကောင်းဝင်ချိန်ကျတော့ မောင့်ရင်ခွင်ထဲမှာ ကိုယ်ရောက်နေခဲ့ပြီလေ။

"အေး… သတိရပြီလားဟင်၊ စိတ်ကိုထိန်းထားစမ်းပါ" ဆိုတဲ့ မောင့် စကားကို ရေရေလည်လည် ကြားလိုက်နိုင်ပါပြီ။ မောင့်မျက်ဝန်းမှာ မျက်ရည်ဥ လေးတွေ တွဲလဲခိုနေကြလေရဲ့ သူငယ်ချင်း။

ကိုယ်က မောင့်ကို တွေတွေကြီး ကြောင်ငေးကြည့်နေရာက သတိရတော့ "မောင်ရယ် မောင်ရယ် အချစ်ရယ်" ဆိုတာလွဲလို့ ဘာစကားမှ မဆက်နိုင်ဘဲ အငင်းဖက်ငိုတော့တယ်။ မောင်နဲ့ကိုယ်တို့ တင်းတင်းကျပ်ကျပ် ဖက်ထားမိကြ တာမှ လွတ်ထွက်သွားမှာ စိုးတဲ့အတိုင်းပဲ။

"အေးရယ်… အချစ်စိတ်မချမ်းသာမယ့် စကားမျိုး မောင်ထပ်မပြော တော့ဘူးနော်။ အေး နေကောင်းအောင်နေနော်၊ မောင်တို့ အေးအေးဆေးဆေး နောက်မှ ဆက်ဆွေးနွေးကြတာပေါ့၊ ကဲ- လာ အေး၊ အိပ်ရာဝင်ကြရအောင်၊ အေးလေ အခုနက ငိုလိုက် ရယ်လိုက် စကားမေးမရလိုက်နဲ့ တကယ်လို့များ အချစ်စိတ်ဝေဒနာသည်မလေး ဖြစ်သွားရင် မောင့်ကြောင့် မောင့်ကြောင့်လို့ စိတ် ဆင်းရဲလို့ပြီးမှာ မဟုတ်တော့ပါဘူးကွယ်"

ဒီစကားကိုပြောနေတဲ့ မောင့်အသံလေးက တုန်တော့င်နေပါတယ်။ တကယ့် အရေးကျတော့ မောင့်ဆီက အကြင်နာစကားလေးရတာကပဲ တအင်တအားလိုပါ၊



www.burmeseclassic.com

နောက်တစ်နေ့ မနက်အစောကြီး မောင်ကိုယ်တိုင် အတွင်းရေးမှူး သွားပြီး ထွက်စာပေးတယ်။ ကိုယ့်ထွက်စာကြောင့် ဂီတကောင်စီဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတို့က ဘာဖြစ်လို့လဲဆိုတာ ဖုန်းဆက်မေးကြတော့ ဖုန်းနဲ့မပြောချင် ပြောမိတာနဲ့ အိမ်ကို လိုက်လာကြပါတယ်။ ဆွေလိုမျိုးလို သူတွေဆိုတော့ ကို တင်ပြဆွေးနွေးရတာပေါ့။

သူတို့အကြံပြုချက်ကတော့ အမှုဆောင်သက်တမ်းကုန်တဲ့အထိ နေလိုက်ပါ၊ မပါမဖြစ်ကိစ္စကလွဲပြီး ဘာတာဝန်မှ မယူစေရပါဘူး၊ ထွက်လိုက က ပိုအရုပ်ဆိုးမယ်။ ဒီတော့ ထွက်စာကို သူတို့သိမ်းထားမယ်၊ မောင့်ကို ဆွေးနွေးရင် ပြေလည်ပါလိမ့်မယ်ပေါ့ကွာ။ ကိုယ့်ကို စိတ်အေးအေးနဲ့ ဖြေရှင်း နှစ်သိမ့်ပြန်သွားကြပါတယ်။

ကိုယ့်ထွက်စာကို အမှုဆောင်အစည်းအဝေးမှာ မတင်ဘူးဆိုတာ မောင် တာနဲ့ ယမ်းပုံမီးကျဖြစ်တော့တာပဲ၊ ကိုယ့်ကိုလည်း အမျိုးမျိုးအပြစ်တင် မောင်းမဲလိုက်တာလေ။ သူတို့လူကြီးတွေ သဘောနဲ့ လုပ်တာပါလို့ အမှန်ရှင်း လည်း မရဘူး။ စိတ်ညစ်ဖို့ သိပ်ကောင်းပါတယ်ကွာ။

ကိုယ့်ပြဿနာကို မသိကြတဲ့ လုပ်ဖော်ကိုင်ဖက်တွေကတော့ ဒီနေ့ ဘယ် နေရာမှာ ဘယ်နယ်မြေမှာ စည်းရုံးရေးဆင်းရမယ် လာခဲ့ပါဆိုတာရော ဖုန်းဆက် ကြ၊ လာခေါ်တဲ့သူကခေါ်နဲ့ ကိုယ့်မှာလေ အကြောင်းမှန်အတိုင်းလည်း မပြော ပြောမကောင်းတော့ ဟိုလွှဲ ဒီလွှဲ ဖြေနေရ ရှောင်နေရနဲ့ ရင်မောတယ်။

ကိုယ့်ဒုက္ခကိုသိတဲ့ လူကြီးသူမတချို့နဲ့ ပြဿနာဖြစ်ပါတယ်လို့ စွပ်စွဲခံရတဲ့ ကာယကံရှင်တွေကိုယ်တိုင်က မောင့်သံသယအတွက် ဖြေရှင်းပေးလိုပါတယ်လို့ ဖုန်းဆက်ခွင့်တောင်းကြပါတယ်။ မောင်က ဘယ်သူ့မှ အတွေ့မခံနိုင်ဘူး။ ဘယ်သူ နဲ့မှ မတန်မရာမို့ မဆွေးနွေးနိုင်ဘူးလို့ ကိုယ့်ကိုလည်း ပြောတယ်၊ ရှောင်နေခဲ့ တယ်၊ တစ်ဦးဦးက တွေ့ချင်ပါတယ်ဆိုတဲ့သတင်းရတိုင်း ကြားက မြေစာပင်ဖြစ် ရတာကတော့ ကိုယ်ပါ သူငယ်ချင်း။ နေ့စဉ်နဲ့အမျှ မျက်ရည်နဲ့ အတူပါကွယ်။

သူငယ်ချင်း၊ ဘယ်လောက်လှတဲ့မိန်းကလေး၊ ဘယ်လောက်ချမ်းသာ ကြွယ်ဝတဲ့ မိန်းကလေး၊ ဘယ်လိုဂုဏ်ရှိန်ရာထူးမြင့်တဲ့ မိန်းကလေးပဲဖြစ်ဖြစ် အချိန်တန်ရင် ကိုယ့်လင်သားမျက်နှာ ကြည့်ကြရတာသဘာဝပါပဲ။ ဘာအကြောင်း ကြောင့်ပဲ မျက်နှာအိုအို ကိုယ်တို့မိန်းမသားတွေရဲ့ အသည်းနှလုံးတွေထဲမှာ အကြင်နာစိတ် မိခင်စိတ်က ရှိနေတာမို့ ခံစားထိခိုက်ရတတ်တာချည်းပါကွယ်။





ဒီလိုမျက်နှာညှိုတာလေးတောင်မှ စိတ်ထိခိုက်ရတတ်တဲ့၊ မျက်နှာအညှိုမခံ ကြတဲ့ ကိုယ်တို့မိန်းမသားတွေအဖို့ ကိုယ့်ချစ်လင်က ကိုယ့်အပေါ်မှာ သံသယ ပါတယ်လို့ သိနေရရင် ဘယ်လိုနေပါ့မလဲ၊ ဘယ်လောက်ခံစားလိုက်ရမလဲ ချင်းရယ်။ အိမ်ထောင်ရှင် မိန်းမတွေအတွက် အရေးအကြီးဆုံး လိုအပ်ချက် လင်သားရဲ့ယုံကြည်မှု သံသယကင်းစင်မှုလို့ ကိုယ်ယုံကြည်တယ်။

ဒီတော့ ကိုယ်အတောင့်တဆုံးဟာ မောင့်သံသယ ကင်းရှင်းရေးပဲပေါ့။ အတွက် ဘယ်သူနဲ့ ရင်ဆိုင်ရရင်ဆိုင်ရ ဘာမှ သွေးကြောင်နေစရာ မလိုဘူး နည်းလမ်းတွေ ကိုယ်ရှာခဲ့ပါတယ်။ လိုက်လျောကြည့်ပါတယ်။ စေတနာမေတ္တာ ဘာမှာ ရောင်ပြန်ဟပ်မှု ရှိတယ်ဆိုတဲ့စကားကို အများသူငါ လက်ခံယုံကြည် သလို ကိုယ်ယုံခဲ့တယ်။ ခုတော့ ဘာဆက်ယုံရမယ် မသိသလောက်ဘဲကွယ်၊ လည်နိုင်တော့ မသိတော့ဘူး။

ဘာလို့ ကိုယ့်ယုံကြည်စိတ်တွေအပေါ် တွေဝေနေရတာလဲဆိုတော့ သနာဖြစ်ခဲ့တဲ့ နောက်ပိုင်းမှာ နေ့စဉ်နဲ့အမျှ "ဘာကောင်မ ညာကောင်မ ဘယ်လို းမစား မတန်ဘူး မရာဘူး မသတီဘူး" ဆိုတာမျိုး မျက်နှာချင်းဆိုင်တာနဲ့ ပြောခံရတာကိုး။

"ရှက်တတ်ရင် မင်းကိုယ်မင်း သတ်သေလိုက်ဖို့ကောင်းတယ်" ဆိုတဲ့ စကားမျိုးကတော့ ရိုးတောင်နေပါပြီကွာ။

ကိုယ်နဲ့အတူနေနေရတာ သူ့အတွက် ဒုက္ခဆင်းရဲခြင်းပါပဲတဲ့၊ စကား ပြောတာလေးကအစ သူ့အကြိုက် မလိုက်မိတာနဲ့ ကွဲမယ်၊ ကွာမယ်ချည်း ပြောတယ်။ ဘယ်တတ်နိုင်မလဲ သူငယ်ချင်း၊ ကိုယ်က သူ့ကိုချစ်တယ်၊ သားသမီး တွေကိုလည်း ချစ်တယ်၊ အားလုံးအေးချမ်းစေချင်တယ်၊ အိမ်ထောင်ရေး အလေး ထားဖို့သာ စိတ်ကခိုင်မာနေတော့ သူပြောချင်တာပြော သူဆိုချင်ရာ ဆိုပေ့စေပေါ့။ တစ်နေ့ နားလည်ခဲ့ရင် သူအများကြီး နောင်တရလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်ကလေး နဲ့ ခွင့်လွှတ်ရတော့တာပဲလေ။ စိတ်ထောင်းကိုယ်ကြေနဲ့ ကိုယ်ပလွေရိုးဖြစ်နေခဲ့တာ ပေါ့ကွာ။ မင်းမြင်တောင် မှတ်မိမှာ မဟုတ်ပါဘူး။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

အရေးထဲမှာ ပြဿနာတစ်ခု ထပ်တိုးရပြန်တယ်။ အဲဒါကတော့ မော်လမြိုင် မြို့ကို သွားရမယ့် ဂီတပဒေသာကပွဲကိစ္စပဲ။ ဒီမော်လမြိုင်မှာတင်မယ့် ဂီတပဒေသာ ကပွဲကိစ္စဟာ ကိုယ်တို့ပြဿနာမဖြစ်ခင်ကတည်းက စီစဉ်ထားတာပါ။

ကိုယ်က မြန်မာ့အသံအမှုထမ်းဆိုတော့ ကိုယ်တို့ကို အစိုးရတာဝန်အဖြစ် သွားဖို့အမိန့်ရပါမှ ဘယ်ပွဲမဆို သွားခွင့်ဆိုခွင့် ရှိပါတယ်။ ခုလည်း တာဝန်အရ သွားမိန့်ကျလာတာ ပေါ့။

အမိန့်စာရတဲ့နေ့က ၁၉၆၉ ခု အောက်တိုဘာလ (၁၁) ရက်နေ့၊ သွားရမှာ က (၁၆)ရက်နေ့ပါ။ ဒီပွဲကို လိုက်ရလိမ့်မယ်ဆိုတာ စီစဉ်ကတည်းက ကိုယ်တို့ ကြို ပြီး သိနေခဲ့ရတာကိုးကွ။ ခုတော့ ကိုယ့်အတွက် ဒါဟာ ခေါင်းကိုက်စရာ မဟာပြဿနာဖြစ်လာရပြီပေါ့။ ကိုယ်သိပေမယ့် မောင့်ကို မပြောပြရဲဘူး။ နဂိုက ကိုယ်က မောင့်အပြစ်တင်ခံ၊ စိတ်အဆိုးခံမိန်းမစားဖြစ်နေရတဲ့အထဲ ဒီကိစ္စပါ ထပ်ဆောင်းလိုက်ရရင် ပိုဆိုးမယ်ဆိုတာ ကိုယ်သိတယ်။ အကျယ်အကျယ် မငြင်း ဖွယ်ဆိုတာမျိုး ကိုယ်ကမဖြစ်ချင်ဘူး။ ဒီတော့ အေးအေးပဲနေလိုက်၊ မေ့ထား လိုက် တယ်၊ ခရီးထွက်တဲ့အထဲ မပါလည်းပြီးတာပဲ၊ သွားရမယ်ဆိုရင် မီးစင်ကြည့် ကရမှာပဲပေါ့ကွာ။

မေ့ထားချင်ပေမယ့် အမိန့်ဆိုတာ အမိန့်ပဲ၊ တာဝန်ချထားတဲ့အမိန့် မေ့ ထားလို့ ဘယ်ရမှာတဲ့တုန်း။ စာရတော့ မောင့်ကိုပြလိုက်ရတော့တယ်။ မောင့် ဒေါသက မျှော်လင့်တဲ့အတိုင်းပေါ့ကွာ၊ ပြဿနာရှိနေတာသိရက်နဲ့ သက်သက် ကိုယ်က အခြေအနေပိုဆိုးအောင် ထွင်ထာလို့ စွပ်စွဲသေးတယ်။





ခက်တယ်ကွာ၊ ကိုယ်က ထွင်ရအောင် ကိုယ်လုပ်လို့ ဖြစ်တဲ့ကိစ္စမျိုးမို့လား။ ကိုယ်က အမိန့်စာတစ်ခု ထွက်အောင် အမိန့်ပေးနိုင်တဲ့ တာဝန်ကြီးကြီးပိုင်းမှာ နေရာရထားတဲ့ ကောင်မမှ မဟုတ်တာဘဲ။

အဲ··· ဘယ်လိုဖြစ်ဖြစ်ပေါ့လေ၊ မောင့်အမိန့်က ပိုပြင်းတယ်ကွ။

"မလိုက်ရဘူး" တဲ့၊ တစ်ချက်လွှတ်ပဲ။

ကိုယ် သူ့ကို သေချာပြောပြရတယ်။ ဂီတပဒေသာကပွဲမှာ အဓိကပြဇာတ် "ငယ်ကျွမ်းဆွေ"ကမယ်၊ မင်းသမီးအစား ကိုယ်က ဆိုပေးရတယ်။ အင်တိုင်းမှာ ငယ်ကျွမ်းဆွေကတုန်းကလည်း ကိုယ်ပဲဆိုပေးရတာ သူသိသားနဲ့။ တခြားတစ် ယောက်ယောက် ဆိုပေးရင်လည်း ရတော့ရမယ်ပေါ့၊ သီချင်းတွေ ပြန်တိုက်ရမယ်၊ မင်းသမီးနဲ့ ပါးစပ်ကိုက်ဖို့တွေပါ ဆက်တိုက်ရှုပ်ကုန်တော့မှာကွ။

နောက်ပြီးတော့ ဂီတကောင်စီက ဦးဆောင်ခရီးထွက်တိုင်း ကိုယ်က အမြဲ လိုက်ခဲ့တာ မဟုတ်လား။ ဒီတစ်ခါမလိုက်ရင် အင်အားလျော့မယ့်အပြင် ခုကိုပဲ ကောင်စီလုပ်ငန်းတွေမှာ ပါဝင်လှုပ်ရှားနေကျကို မတွေ့ကြရလို့ ကိုယ်တို့သတင်း လေးလည်း တစ်စွန်းတစ်စပေါက်သလိုလိုမို့ ဟိုပြောဒီပြော ဟိုကတစ်စ ဒီကတစ်စ ကိုယ်တို့အကြောင်း သောင်းပြောင်းရောရာ ကြားနေရပြီလေ၊ နောက်ပိုင်းပြောကြ တယ်ဆိုတာ ကောင်းသတင်းလို့ ယူဆလို့မရဘူးကွ၊ ဒါတွေကို ထိန်းလိုက်ချင်တယ်၊ ထိန်းဖို့ လိုအပ်တယ်လို့လည်း ထင်ပါတယ်။

အစိုးရတာဝန်အဖြစ်နဲ့ ဂီတကောင်စီက ကိုယ့်တို့ကို ခေါ်ယူနိုင်ဖို့ဆိုတာက လည်း လွယ်တာမဟုတ်ဘူး သူငယ်ချင်းရဲ့။ သက်ဆိုင်ရာဝန်ကြီးဌာနတွေအထိ အဆင့်ဆင့် အမိန့်တောင်းခံရတာပါ။ တာဝန်ချပေးလိုက်ပြီဆိုတော့ ကိုယ်တို့အနေနဲ့ ရှောင်လွှဲလို့ ဖြစ်ပါတော့မလား၊ ဒါဟာ ကိုယ်တစ်ဦးတည်းကိုမှ မဟုတ်ပါဘူး၊ တခြားဌာနအသီးသီးကလူတွေလည်း ဒီအတိုင်းပဲပေါ့။

မောင်က မလိုက်ရဘူး၊ ကိုယ်က လိုက်မှဖြစ်မယ်နဲ့ အခြေအနေပြင်းထန်လာ ပြန်တယ်။ မောင်ကတော့ ထုံးစံအတိုင်းပေါ့ကွာ၊ ကိုယ်က ဒီအသိုင်းအဝိုင်းကြားမှာ သာယာချင်လို့၊ ကမြင်းချင်လို့၊ ကိုယ်တွေ့ချင်တဲ့သူတွေနဲ့ တွေ့မြင်သွားလာ ကြည့်ရှု ချင်လို့နဲ့ စကားရိုင်း စကားရမ်း စကားကြမ်းတွေ သုံးလာတာပဲ။

ဒီတော့ ကိုယ်လည်း မထူးတော့ပါဘူးလို့၊ ထင်ချင်တာထင် ပြောချင်တာ ပြောပေ့စေ ဖွတ်တင်းခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအခါတော့ ကိုယ့်ရဲ့ မလျှော့တဲ့သဘောကို မောင်နားလည်သွားပါတယ်လေ။ သူကိုယ်တိုင် လိုက်ခဲ့မယ်ဖြစ်လာရော၊ မောင်က ကိုယ်တိုင်လိုက်ခဲ့တယ်ဆိုရင် ကိုယ့်အတွက် ပိုကောင်းတာပေါ့ သူငယ်ချင်းရဲ့ မဟုတ်ဘူးလား၊ ကိုယ်လည်း နောက်ဆံ မတင်းရတော့ဘူး။ သူမျှားတွန်းထားတဲ့ ကိုယ့်အနေအထိုင် မမှန်ဘူး မှန်တယ်ဆိုတာ သူတွေ့နိုင်သွားမယ်ပေါ့။ ပျော်စရာရှိ ပျော်ကြရမယ်။ လင်မယား အဆင်မပြေဖြစ်နေတုန်း ခရီးသွားရတော့ စိတ်အပြောင်းအလဲ ဖြစ်ကြရမယ်ပေါ့လို့ ကိုယ်ထင်မိတာ အမှန်ပဲ။ ကိုယ်ဝမ်းသာတာကို ထုတ်တောင် ပြောမိပါတယ်ကွာ။

မောင်က သူ့အခက်အခဲကို ဒီနေရာမှာ တင်ပြလာတယ်။ ခွင့်ကိစ္စပါ။ မောင် ရုံးက ခွင့်ရက်ရှည်ယူမယ်ဆိုရင် တစ်ပတ်ကြိုခွင့်တောင်းရသတဲ့။သွားရှိကလည်း တစ်ပတ်မှ မလိုတော့ဘဲကိုး။ ဒါနဲ့ မောင်ခွင့်ရရေးအတွက် ကိုယ်က မောင်တို့ဌာနရဲ့ သက်ဆိုင်ရာ လူကြီးတွေကို ခွင့်တောင်းရတာပေါ့၊ ခွင့်လည်း ပြုပေးကြပါတယ်။

ခွင့်ရခါမှ မိန်းမကို လိုက်ထိန်းရတဲ့ အဖြစ်မျိုး အပြောမခံချင်ဘူးလို့ ပြောပြန်ရော။ သေလိုက်ချင်ပါတယ် သူငယ်ချင်းရာ။ ကိုယ်လည်း တာဝန်ကျေ၊ လူတွေလည်း အမြင်ကောင်း၊ နှစ်ယောက်လုံးလည်း အေးချမ်းမယ့်နည်းလမ်း ရှာပေးပြန်တော့ သူ မလိုက်လာပြန်ဘူး၊ သူ့အမေနဲ့ သွားရမယ်တဲ့။

သူငယ်ချင်း စဉ်းစားကြည့်လေ၊ တစ်သက်လုံးအကောင်းမမြင် အကောင်းမပြောတဲ့ ဒီယောက္ခမသာခေါ်သွားခဲ့ရင် ကိုယ့်အဖို့ မြွေပွေးခါးပိုက်ပိုက်သလို ဖြစ်တော့မှာပေါ့ကွာ။ ကိုယ့်အသိုင်းအဝိုင်းအကြောင်း သူက ဘာသိနိုင်မှာမို့လဲ ခေါ်သွားမိလို့ အကောင်းပြောရင် တော်ပါရဲ့၊ မဟုတ်တရုတ်သာ ပြန်ပြောစမ်းသားကလည်း ယုံတတ်တာနဲ့ မလွယ်ရေးချမလွယ် ကျောချမ်းပါတယ်။

ခေါ်လို့မဖြစ်နိုင်တာ မခေါ်နိုင်ဘူးလို့ ပြတ်ပြတ်ပဲ ပြောလိုက်ရတော့တာပေါ့။ တစ်ခါထပ်အဆင်မပြေဖြစ်ရပြန်တာပဲလေ၊ ကိုယ်ပြဿနာတွေ တစ်ဆင့်ပြီးတစ်ဆင့် တက်လာနေတော့ စိတ်မရှည်ချင်တော့ဘူး။ သူမလိုက်ခဲ့ရင် ကိုယ့်မေမေနဲ့သွားမယ်လို့ ပြောပါတယ်။ ဒီတော့ ဘာပြောတယ်မှတ်သလဲ-

"ဒါပေါ့၊ ကိုယ့်လူနဲ့ ကိုယ်သွားတော့ မင်းဘာလုပ်လုပ် အကောင်းချည်း ဖြစ်မှာပေါ့" တဲ့။

"ဒီမယ်... ရှင်သိထားဖို့က ဘယ်မအေမိဘကမှ ကိုယ့်သွေးသား ကိုယ့်





သားသမီးကို မပျက်စီးစေချင်ကြဘူး။ ဒီတော့ ကျွန်မကိုလည်း ကျွန်မအမေက မိန်းမပျက်ဖြစ်ဖို့ လမ်းမညွှန်ဘူး၊ ကြည့်နေမှာမဟုတ်ဘူး"

လို့ ပိတ်ပြောပစ်လိုက်တယ်ကွာ... ကဲ။

သူငယ်ချင်းရေ၊ တစ်နေ့တစ်မျိုး နားမခံနိုင်အောင်ကို အပြောအဆိုခံရတယ်။ ဒေါသက လျှော့တယ်မှမရှိဘဲကိုး။ အရှိန်တက်တက်သွားလိုက်တာ ခရီးမထွက်ခင် သူ့ကို ကွာရှင်းပေးခဲ့ရမယ်တဲ့။

အမျိုးမျိုးပြောပြခဲ့ပြီ၊ ညှိနှိုင်းခဲ့ပြီ၊ စီစဉ်ပေးခဲ့ပြီ၊ တစ်ခုမှအရာမထင်ဘူး၊ ကိုယ်စွမ်းရှိသမျှ မကျန်ရအောင် အေးချမ်းစရာဖြစ်ဖို့ ကိုယ်ကြိုးစားခဲ့တယ်။ ဒီကြားထဲက ကွာမယ်ကွဲမယ် တကဲကဲဖြစ်နေတော့ ဒီစကားအပေါ် အတော်အရသာတွေ့နေသလား တွေးရတော့မလိုလိုပါပဲ။

ကိုယ်က အေးချင်လို့ ဘာမှပြန်မပြောဘဲနေတာကို ထပ်ထပ်ရိလိုက် ခနဲ့လိုက်နဲ့ချည်း လုပ်နေတော့လည်း လူပဲကွ ကြာတော့ ပြန်ထွေဖြစ် ငေါ့ဖြစ်တော့တာပေါ့။ သူက ကွဲမယ်ဆိုတာပြောရင် ရှေ့နေခေါ်ပေးရမလား လိုက်ပို့ပေးရမလားလို့ ပြန်ပြောလိုက်ရော၊ အဲဒါကျတော့ သူ့မှာ နာတတ်လိုက်တာ ဆွေ့ဆွေ့ကိုခုန်လို့။

တစ်နေ့မှ အဆင်မပြေပါဘူးကွာ၊ ခရီးမထွက်ခင်ညရောက်လာတော့ မေမေနဲ့သွားလိုက်လို့ ကိုယ်နဲ့အဖော်လိုက်ရအောင် မေမေရောက်လာပါတယ်။ ဖေဖေလည်း ပါတယ်၊ ကိုယ်တို့ သူငယ်ချင်းလင်မယားနဲ့ သူညီလေးတွေ အိမ်ကို အလည်ရောက်နေကြလို့ စကားထိုင်ပြောနေကြတယ်၊ မောင်က ညဆယ်နာရီကျော်တော့ ပြန်ရောက်လာတယ်လေ။

ဧည့်သည်တွေရှေ့မှာ ရောက်မဆိုက်ဘဲ ကိုယ်က သူသဘောမတူတဲ့ ခရီးကို သွားမှာမို့လို့ မနက်ကျရင် ရထားဘူတာ လိုက်မပို့နိုင်ဘူးလို့ စပြောတော့တာပဲကွာ။ အားလုံးက အံ့အားသင့်နေကြတယ်၊ ကိုယ်လည်း ဘယ်စိတ်ကောင်းနိုင်တော့မှာလဲ။ ကားက ကိုယ်နဲ့မတန်ဘူးပြောလိုက်သေးတော့ ရှက်လည်းရှက်သွားရတယ်လေ။

လူရှေ့မရှောင် သူရှေ့မရှောင် စော်ကားရိုင်းပျရက်ပါပေ့လို့ ဝမ်းနည်းရတယ်။ ဒါပေမဲ့ ဣန္ဒြေပျက်လို့မဖြစ်ဘူး၊ ဟန်ကိုယ့်ဖို့ပေါ့ကွာ။ စကားဆက်ပြောနေရတယ်။ မောင်လည်း စကားဝိုင်းမှာ ပါဝင်ပြောဆိုနေရင်းက ခဏလေးလို့ဆိုပြီး ဖုန်းသွားဆက်ပါတယ်။ တယ်လီဖုန်းက ကိုယ်တို့နောက်ကျောဘက်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်သူ့ကို ဆက်တာမှန်း မသိပေမယ့် ပြောတဲ့အတိုင်း ကြားနေရတာပါပဲ။

"ဟိုင်း မိုင်းဒီးယားလပ် (ဖ)၊ ဟောင်းအဘောက်ယူ၊ အိုင်လ်ဖရီး တူမောရိုး၊ အိုင်မတ်(ထ)ကမ်း(မ)တူယူ၊ အိုကေ ဂွတ်(ဒ)နိုက်(ထ)၊ ဝစ်(သ)ကစ်စက်(စ)" (Hi! My dear love, how about you? I'll free tomorrow. I must come to you, Ok good night with kisses.)"

"အို… ကိုယ့်အချစ်ရယ် မင်း ဘယ်လိုလဲကွယ်၊ မနက်ဖြန် ကိုယ်သေသေချာချာအားပါတယ်၊ ကိုယ်မင်းဆီ လာကိုလာခဲ့မယ်၊ အိုကေ… အနမ်းများနဲ့အတူ ကောင်းသော ညပါကွယ်"

သူ့စကားကို ကြည့်စမ်းပါ သူငယ်ချင်း၊ တခြားညှော်သည်တွေလည်း ကြားမယ်၊ ကိုယ်ရှက်လိုက်တာကွယ်၊ ရှက်ဒေါသနဲ့ အော်ပစ်လိုက်တယ်။

"ရှင်… ရှင်… ကျုပ်ကို အရှက်ခွဲပြန်ပြီပေါ့"

"မင်းလည်း ကိုယ်မကြိုက်တာ လုပ်တာပဲ မဟုတ်လား"

ခွန်းတုံ့ခွန်းပြန်တွေနဲ့ အခြေအနေဆိုးလာတော့မှာမို့ သူ့အနားကို ဒေါသနဲ့ ရောက်သွားတဲ့ ကိုယ့်ကို ဖေဖေက အတင်းပြန်ဆွဲခေါ်ပြီး ထိုင်နိုင်းတယ်၊ ကိုယ့်အတွက်ထက် ကိုယ့်မိဘတွေ ညှော်သည်ရှေ့မှာ သွယ်ဝိုက်စော်ကားခံလိုက်ရပါလား လို့ ပိုပြီး စိတ်ဆင်းရဲပါတယ်။ သူငယ်ချင်း၊ ညှော်သည်တွေလည်း အနေရခက်ပြီး ပြေရာပြေကြောင်း ပြောဆိုပြန်သွားကြရတယ်၊ မနက်ကျရင် သူတို့ကားနဲ့ ပို့ပေးပါ့မယ်လို့ ပြောခဲ့ပါတယ်။

မနက် ရထားဘူတာသွားတော့ သူငယ်ချင်းလာခေါ်ပေးတဲ့ ကားနဲ့ပဲ မောင်လည်း လိုက်ခဲ့ပါတယ်။

ဘူတာကြီးရောက်တော့ အကြာကြီး မောင့်ကို ဆွေးနွေးခဲ့ပါတယ်။ ကိုယ်ပြန်လာတဲ့အချိန်ကစပြီး ပြဿနာအားလုံးကို မေ့လိုက်ကြမယ်၊ အိမ်ထောင်သာယာအေး ဖန်တီးကြရအောင်ဆိုတာပါ။ ရထားတွဲပေါ် ခေါ်မရလို့ ဘူတာစင်္ကြံမှာရပ်ပြီး စကား ပြောရပါတယ်။ လူတွေက တကြည့်ကြည့်နဲ့၊ အပေါင်းအသင်းတွေက ကိန္နရီမောင်နှံ အလွမ်းသယ်နေတယ်ဟေ့လို့ နောက်ကြပြောင်ကြ မေးငေါ့ကြ အတင်းချုပ်တဲ့ သူလည်း ရှိပေါ့ကွာ။

"အေးပြန်လာရင် အကောင်းဆုံးဖြစ်အောင် လုပ်ကြတာပေါ့ အေးရယ်"





လို့သာ မောင်ပြန်ပြောခဲ့တယ်။ မောင့်ကြည့်ရတာ တွေဝေနေပုံနဲ့ပါ သူငယ်ချင်း။ ထိုက်ပို့တဲ့ ကိုယ်တို့မိတ်ဆွေကိုလည်း မောင့်ကို ထိန်းသိမ်းစောင့်ရှောက် ပြောပြ ပေးပါလို့ အထပ်ထပ်အခါခါ မှာခဲ့မိပါတယ်။

ရထားကြီးနဲ့ ထွက်လာတော့ ဪ…ဟိုအရင် တို့များ အဆင်မပြေကြတုန်း က မော်လမြိုင်ကို သွားခဲ့ရတယ်။ အခုလည်း မော်လမြိုင်ပါပဲကလား၊ မောင့်ကို ခွဲထားခဲ့ရပြန်ပြီ။ သူ့ရင်ထဲမှာ သံသယတွေနဲ့လို့ တွေးမိနေပါတယ်။

ထွက်သာ လာခဲ့ရတယ် လုပ်သင့်တဲ့လမ်းမို့ ရွေးလိုက်ရတယ်၊ ခရီးပေါ်မှာ စိတ်မဝင်စားနိုင်ပါဘူးကွယ်၊ ကိုယ့်တို့ချစ်ဘဝခရီး အစအဆုံး ပြန်တွေးရင်း မျက်ရည် ခဲခဲ လှိုက်လှဲလှဲ ဖြစ်နေတယ်။

မနက်မလင်းတလင်းလေးမှာ ရထားပေါ်က မြင်ရတဲ့နေရာတိုင်း မြူနှင်းတွေ ဝေနေတော့တာပဲ၊ ရထားလမ်းနဲ့ ကားလမ်းကပ်နေတဲ့ နေရာတွေမှာ ကားတွေက မြူထဲတိုးဝင်ပျောက်ကွယ်သွားတာ တွေ့နေရတယ်လေ။ ဒီတော့ သောကရင်းခံရှိ နေတဲ့ ကိုယ်ဟာ ဘေးမှာအတူရှိနေတဲ့ ဂီတရောင်းရင်းတွေကို ဟန်ဆောင်မဆောင် နိုင်တော့အောင် ခံစားပြောလိုက်မိတယ်ကွယ်။

"နှင်းမှုန်တွေကြားမှာ တိုးဝင်ပျောက်ကွယ်သွားတဲ့ ကားကြီး ကားငယ်တွေ လို ကိုယ်လည်း အဲဒီနှင်းတွေကြားထဲ ဆင်းလျှောက်သွားရင်း ပျောက်သွားနိုင်ရင် သိပ်ကောင်းမှာပဲ"

အားလုံးက အံ့သြနေကြတယ်။ ဘယ်တုန်းကမှ ကိုယ့်ဆီက ဝမ်းနည်းစကား၊ ကိုယ့်မျက်နှာကဝမ်းနည်းရိပ်ကို တွေ့ဖူးကြတာမှ မဟုတ်တာကိုး။ ကိုယ်ဟာ အဲဒီ ဆော်လီတိုက်(ပ) အမြဲပြုံးရွှင်နေတဲ့ ပုံစံသာ နေတတ်ခဲ့တာ မဟုတ်လား။

"ခင်မောင်အေးကလည်းကွာ… ဘာတွေပြောနေမှန်းမသိဘူး။ သွေးဆူ တုန်းတော့ ဒီလိုပေါ့။ သောကရောက် ခဏပေါ့ကွာ။ မင်းတို့ချင်း ပြီးတော့ အတူ တူပဲဟာ၊ ဘဝဆိုတာ အဆိုးချည်း၊ ဝမ်းနည်းတာချည်း ဖြစ်မနေပါဘူး။ မင်း နေ့ကုန်ပြန်ရောက်ရင် အေးသွားမှာပါ"

ဒီလိုပဲ အကြောင်းသိသူတွေက အားပေးကြ နှစ်သိမ့်ကြပါတယ်။ ကိုယ်ဟာ ကိုယ့်အပေါင်းအသင်းတွေကြားမှာ ညီလေးတစ်ယောက်လို၊ ယောက်ျားလေး သူငယ်ချင်းတစ်ယောက်လို အဆက်ဆံခံရတတ်တာပါ။ ကိုယ့်ကို "ခင်မောင် အေး" လို့ ခေါ်ကြတာသာ ကြည့်တော့။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပင်ပန်း သောကဖိစီးနဲ့ ချုံးကျနေတဲ့ ကိုယ့်အဖြစ်ကို စာနာသူတွေ ရှိသလို အမနာပ ပြောကြမယ့်သူတွေ ဒုနဲ့ဒေးဆိုတာ ကိုယ်သိပါတယ်။ မမှုပေမယ့် စိတ်ကတော့ ကျဉ်းကျပ်တယ်ကွာ။ ခရီးမထွက်ခင်ကပဲ ကိုယ့်ကျန်းမာရေးက သိပ် အကောင်းကြီး မဟုတ်တော့ဘူးလေ။ အိပ်မပျော်တဲ့ညတွေက နှစ်နဲ့လနဲ့ချီနေခဲ့ တာ မဟုတ်လား။

ခုလည်း သောကဝန်ပိုးကြီးနဲ့ စိတ်ဆောင်လို့သာ အလုပ်လုပ်နိုင်တယ်။ တာဝန်ချိန်ကုန်ပြီးလို့ အိပ်ရာပေါ်ရောက်တာနဲ့ အရုပ်ကြိုးပြတ်ပါပဲ။ ဂီတပဒေသာ ပွဲ တတိယမြောက်ညကျတော့ ကိုယ်မခံနိုင်တော့ဘူး။ ဗိုက်ကအရမ်းနာတယ်၊ အရေး ပေါ်ဆေးခန်းကလာပြီး ဆေးထိုးပေးရတဲ့အထိပါကွယ်။ ကိုယ့်တာဝန်ကို တစ်ချွေ မှ မကျေပွန်ဘူးလို့ အထင်မခံချင်ဘူး။ ကိုယ့်စိတ်ကိုက ခက်နေတာပါ၊ လုပ်ရမယ် ဆို ဖြစ်အောင်လုပ်လိုက်ရမှ နေပျော်တယ်၊ ခေါင်းမာတယ်။

ဒါနဲ့ ကိုယ့်ဆိုလှည့်ရောက်ဖို့ တစ်ဦးအလိုမှာ အဆင်သင့်သွားစောင့်နေ ပါတယ်။ နေရင်း နေရင်းက ခေါင်းထဲ မကြည်လင်တော့ဘူး၊ ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်လာတာနဲ့ အစ်ကိုလို တစ်ဖွဲ့ထဲနေသူတွေကို ပြောရပါတယ်။

"ကျွန်တော်တော့ သိပ်မဟန်ဘူး ထင်တယ်။ သီချင်းတစ်ကျော့တည်း ဆိုတော့မယ်လို့ တီးဝိုင်းကို ပြောပေးပါ။ ကျွန်တော့်ကိုလည်း ကြည့်နေပါ"လို့။

ဒီည ကိုယ်ဆိုရတဲ့သီချင်းက "တစ်ရေးချစ်ခွင့် မြင်ရနိုး"ပါ သူငယ်ချင်း ကြားဖူးတယ် မဟုတ်လား။ အလွမ်းသီချင်းလေးတစ်ပုဒ်ပေါ့။ ကိုယ့်အကြောင်းရေး ထားတာ မဟုတ်ပေမယ့် ကိုယ်သီချင်းဆိုရင် ရင်ထဲအသည်းထဲက လှိုက်လှိုက်လှဲလှဲ ဖွင့်ဟသလိုပဲ ဆိုတတ်ပါတယ်။ ဒီသီချင်းမျိုးဆိုရင် ကိုယ်ဘယ်လို ခံစားသီဆိုမှာ မလဲလို့ တွေးကြည့်ပေါ့ကွာ။

ဆိုရင်း… ဆိုရင်းက မျက်စိတွေ ပြာဝေဝေဖြစ်လာတယ်။ ပရိသတ် ဝါးဝါးလေး မြင်ရတော့တယ်။ ရင်ထဲမှာ အေးခနဲ အေးခနဲ သတိလွှတ်သလိုပဲ။ သီချင်းတော့ပြီးအောင် ဆိုမယ်လို့ စိတ်ကိုအတင်း တင်းထားရတယ်။ သီချင်းဆုံး သွားတဲ့အခါမှာ မမြင်ဝေမှုးနေတဲ့ မျက်လုံးတွေနဲ့ ပြုံးပြခဲ့တယ်။ ပရိသတ်ကို နှုတ်ဆက်သမှုပြုပြီး စိတ်ကိုလျှော့ရင်း ဖြည်းဖြည်းချင်းပြန်ဝင်ဖို့ ခြေလှမ်းတာ သုံးလေးခါပဲ သတိရလိုက်တော့တယ်။

ကိုယ်သတိပြန်ရလာတော့ အမျိုးသမီးတွေ အဝတ်လဲတဲ့အခန်း ရောက်





နေတာ တွေ့ရတယ်။ အဆိုတော်တစ်ယောက်ရဲ့ ခင်ပွန်းဆရာဝန်ကို အနားမှာ တွေ့ရတယ်။ ဆေးခန်းက တာဝန်ရှိသူတွေ၊ အရှေ့တောင်တိုင်းက တာဝန်ရှိ သူ့ဂိုလ်တွေ၊ ကိုယ့်ဂီတရဲဘော်တွေ အများကြီး အနားမှာရှိကြတာ တွေ့ပါတယ်။ မော်လမြိုင်ဆေးရုံက သမားတော်ကြီးတစ်ဦးလည်း ပွဲကြည့်ရင်းကြုံလို့ ကိုယ့်ကို ဆေးကုပြုစုပေးသေးတယ်လို့ သိရတယ်။ ဆရာဝန်ကြီးက ကိုယ့်မှာ အသည်းကြီး တဲ့ရောဂါတွေ့ကြောင်း ပြောတယ်။ စိတ်ထိခိုက်နေသလားလို့ မေးသေးတယ်။ ရန်ကုန်က ကိုယ့်ကို စောင့်ရှောက်ဆေးကုပေးနေကျ ဆရာဝန်ကြီးတွေက ကျန်းမာရေးကိစ္စ အရေးကြုံရင်သွားဖို့ စာရေးပေးလိုက်တာကလည်း အခု ကိုယ့် ကို ကုသပေးနေတဲ့ ဆရာဝန်ကြီး ဖြစ်နေပြန်လို့ ဝမ်းသာရသေးတာပေါ့။

ငယ်ကျွမ်းဆွေအတွက်လည်း ကိုယ်စား ဝင်ဆိုမပေးနဲ့တော့လို့ လူကြီး တွေက ပြောပါတယ်။ ကိုယ်က ဖြစ်အောင်လုပ်မယ်လို့ ဇွတ်ငြင်းတယ်။ ရောဂါက စိတ်ပိုင်းဆိုင်ရာပါနေတယ်လို့ ဆရာဝန်ကြီးက ယူဆလေတော့ ကိုယ်လုပ်ချင်တာ ကို လုပ်စေပါတယ်။ အဲဒီညကစပြီး ကိုယ့်ဟာ တစ်ဦးချင်း အဆို မဆိုခဲ့နိုင်ပါဘူး။

ခေါင်းမူးတာကတော့ ဘယ်လိုမူးတဲ့နည်းမျိုးလည်းဆိုတာ ပြောမပြတတ် ပါဘူးကွာ။ လှုပ်ရှားလို့ကို မရနိုင်အောင်ဘဲ၊ ရှေ့တည့်တည့်နဲ့ အပေါ်ဘက်ကို ကြည့်လို့ ရတယ်။ အောက်ငုံ့ကြည့်ဖို့ ဘေးလှည့်ကြည့်ဖို့ဆိုတာ စိတ်ကူးမိမှာတောင် ကြောက်ပါတယ်။ မူးလွန်းလို့ လမ်းလျှောက်လည်း လူတွဲနဲ့မှ၊ မသိတဲ့လူတွေက ကြောင်တောင်ကန်းမလေးလို့ကို ထင်ကြသတဲ့။

ကိုယ့်ခေါင်းမာမှုက အဆိုးသားသူငယ်ချင်း၊ စန္ဒရားဘေးမှာ ခေါင်းအုံးတွေ နဲ့ မလှုပ်နိုင်အောင် စုပြီးကြံဖန်ထိုင်၊ ဘေးမှာ သောက်စရာတွေ ဆေးတွေ ဟောလစ် ဘူးတွေ အသင့်ထားလိုထားရနဲ့။ ထမင်းမစားရဘူးတဲ့၊ အရည်သက်သက်ချည်း သောက်နေရတော့ ထမင်းကြိုက်တဲ့ ကိုယ့်မှာ ဘယ်လောက်ဒုက္ခများမယ်ဆိုတာ တွေးစားကြည့်တော့။

ရန်ကုန်ကထွက်မယ့်ညက တယ်လီဖုန်းပြဿနာကြောင့် ဘာအဆက် အသွယ်မှ မလုပ်တော့ဘူးလို့ ဒေါပွခဲ့ပေမယ့် တစ်နယ်ဝေးလာတော့ဆွေးပြီ၊ မနေ နိုင်ဘူး။ မောင့်ဆီ ကိုယ် စာရေးပို့ခဲ့မိပါတယ်ကွယ် မောင့်ဆီကလည်း ကြေးနန်းပို့ ပါတယ်။

"I miss you in the mist" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကြေးနန်းစာရတော့ မန္တလေးပြည်ထောင်စုပွဲတုန်းက အဖြစ်ကလေးတစ်ခု သွားပြီး သတိရပြန်ရော။ ပွဲကွင်းထဲက ကြေးနန်းရုံးကို ပို့လိုက်တာဆိုတော့ ကိုယ်တို့ဇာတ်စင်မရောက်ခင် ကိုယ့်ဂီတအစ်ကိုတွေလက်ထဲ ရောက်နှင့်နေတာပေါ့။ ကိုယ်တို့ကားက နောက်ဆုံးမှ ထွက်ရတာမို့ တော်တော်နဲ့ ရောက်မလာတော့ သေရေးရှင်ရေးမို့ ကြေးနန်းပို့တာ ဖြစ်မှာပဲလို့ စိုးရိမ်တကြီးနဲ့ သူတို့တစ်တွေ မအောင့်နိုင်တော့ဘဲ ဖွင့်ဖတ်ကြတော့ "I MISS YOU WITH LOVE AND BILLION KISSES"လို့ တွေ့လိုက်ရတာကိုး။ ဒီတော့မှ အတော် နောက်ကြချစ်ကြတဲ့ လင်မယားပါလားလို့ တဝါးဝါး ပွဲကျနေတော့တာကလား။ ကိုယ်ရောက်လို့ သူတို့အဖြစ်ကို သိလိုက်ရတော့ ကိုယ်ပါ ဝါးလုံးကွဲ ရယ်ရတယ် လေ။ ကြေးနန်းသတင်းလည်း အားလုံးသိကြရော ကိုယ့်အတွက် "မစ္စတယ်လီ ဂရမ်" လို့ နာမည်တစ်ခုတိုးပါရော။

"အခုလာတဲ့ကြေးနန်းက နှင်းမှုန်တွေထဲမှာ သတိရအောက်မေ့နေရပါ တယ်" တဲ့၊ ဟိုအရင်ကလို "အချစ်များနဲ့ အနမ်းပေါင်း သန်းပေါင်းတစ်ထောင်" ဆိုတဲ့ အမိပ္ပာယ်ပါမလာတော့ဘူး၊ ဝမ်းနည်းတကြီး ကိုယ်ငိုမိပါတယ်။

လူကမကျွန်းမာတော့ ပိုပြီးသတိရတယ်။ ဒါပေမဲ့ တာဝန်ဟာ တာဝန်ပဲလေ လို့ စိတ်ဖြေနေရတုန်း မပြန်ခင်နှစ်ရက်လောက်အလိုမှာ မောင့်လက်ရေးနဲ့ စာတစ် စောင် ရောက်လာလို့ ဝမ်းသာလိုက်တာလေ၊ အားရပါးရ ဖောက်ဖတ်လိုက်တော့ သားလေးနဲ့ သမီးလေးတို့ လက်ရေးလေးတွေနဲ့စာ ဖြစ်နေတယ်။

သားက ဒုတိယတန်းပဲ ရှိသေးတယ်။ "မေမေနေကောင်းရဲ့လား၊ သားနေ ကောင်းတယ်။ မေမေ ပြန်ရင်လာကြိုမယ်၊ မုန့်တွေ အများကြီးဝယ်ခဲ့ပါ"တဲ့။

သမီးစာက ပိုပြီးပြည့်စုံတယ်၊ သူ့ဖေဖေ အိမ်ပြန်မအိပ်တာ ဆယ့်နှစ်ရက် ရှိပြီ၊ တယ်လီဖုန်းလည်း ဖြုတ်သိမ်းထားတယ်၊ မေမေ ဆက်မနေနဲ့တဲ့။ နေမကောင်းဘူးဆိုလို့ စိုးရိမ်တယ်ဆိုတာလည်း ပါရဲ့။

မောင့်လက်ရေးလား မျှော်လင့်မှားလို့ ရှက်ဝမ်းနည်းဖြစ်ရတယ်။ သားသမီး လက်ရေး စာလေးတွေဖတ်ရတာ ဝမ်းသာဖို့ကောင်းပေမယ့် စာဖတ်ရင်းက မျက်ရည် တားမရနိုင်ဘူး။ ကိုယ်က ပြန်ရောက်ရင် အေးချမ်းမယ်ဆိုတာသာ မျှော်လင့်စိတ် ထားခဲ့တာကိုး။ ခုပြန်တောင်မအိပ်ဘူးဆိုတော့ ကလေးတွေ စိတ်မချ၊ မောင့်စိတ်ရှု နဲ့၊ ကိုယ့်ကိုယ်မှလည်း အနိုင်နိုင်လေ၊ ပြန်ရက်သာရောက်လာရော ကိုယ့်မှာလှုတဲ့





ရတုန်း၊ ဆေးသောက်ဆေးထိုးရတုန်း၊ အကြောင်းမဲ့ သိက္ခာချချင်သူတွေက တစ်ရုန်း ငြိုးငွေ့စရာကြီးပါ။

အောက်တိုဘာ (၂၄) ရက်နေ့ပြန်ခဲ့ကြတော့ မနက်ပိုင်းလေယာဉ်ပျံနဲ့ ပြန် ကြမယ့်သူတွေကို လာကြိုဖို့ အကြောင်းကြားပေးပါလို့ မှာမိခဲ့ပါတယ်။ ရထား နဲ့ ပြန်ရတော့ ညဆယ်နာရီကျော်မှရောက်တာ၊ ရန်ကုန်ဘူတာကိုဝင်တယ် ဆိုကတည်းက မောင် လာကြိုမှာပဲလို့ ကြည့်လိုက်ရတာ။

တွေ့ပါတယ် သူငယ်ချင်း၊ မောင့်ကိုယ်ပွားလေးတွေ၊ ကိုယ့်သမီးရယ်၊ သားရယ် တွေ့ပါတယ်၊ ကိုယ့်ကို ကြိုရင်း မြူးထူးခုန်ပေါက်နေကြလေရဲ့။

"သမီးရေ... သားရေ၊ ဖေဖေကော"

"ဖေဖေက မလိုက်ဘူး၊ အိပ်နေတယ် မေမေ"

ကိုယ်တို့ သားအမိတစ်တွေ အမေးအဖြေကို တွေ့တယ်မဟုတ်လား။ မျှော်လင့်မိတဲ့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်လိုက်မိတယ်။ ရှက်လိုက်တာကွယ် ငိုချင်တယ်၊ ကြိုလာတဲ့ ချစ်သမီးနဲ့ ချစ်သားကို တွဲပြီးအိမ်ပြန်ခဲ့ကြတော့ မောင့် သံသယတွေ ပျောက်ပါစေလို့၊ ကိုယ့်စကားတွေ သတိရပါစေလို့ ဆုတောင်းရင်း နဲ့ပေါ့။

အိမ်ရောက်လို့ အိမ်ခန်းအပြင်က တံခါးခေါက်သံပေးတော့ မောင်က ဖွင့် ပေးရင်းနဲ့ နှုတ်ဆက်စကားဆို ကြိုပါတယ်။

"ဘယ့်နယ်လဲ၊ အတော်ပျော်ခဲ့ရဲ့လား" တဲ့။

"မောင်ရယ်... ဘယ်လိုမေးလိုက်တာလဲ၊ အေး...ပျော်ရအောင်သွားတာ မဟုတ်ပါဘူး။ တာဝန်နဲ့သွားတာလေ၊ ရောက်ပြီး နှစ်ရက်သုံးရက်လောက်က ပြီး နေမကောင်းလို့ ဘယ်မှလည်း မရောက်နိုင်၊ ဘာမှလည်း မစားရ၊ အိမ်ကိုလည်း နောက်ဆံတင်းနဲ့ သောကများလိုက်ရတာ" လို့ ရင်ထဲနင့်အောင် ခံလိုက်ရပေမယ့် ကိုယ်ပြောပြရပါသေးတယ်။ မောင် ဆက်မေးတာကတော့...

"နေပါဦး၊ မင်းက ဘာလို့ မေ့လဲတာတို့ ဘာတို့ ဖြစ်ရတာလဲ" တဲ့။

"ဆရာဝန်ကြီးအနေနဲ့ ပြောတာကတော့ အေးမှာ အသည်းကြီးနေတယ် စိတ်ဆင်းရဲနေတာလည်းပါတယ်၊ လူပင်ပန်းတာလည်း ပါတယ်လို့ ပြောတာပဲ။ မပျောက်သေးဘူးမောင်ရဲ့၊ ခေါင်းမူးတုန်းပဲ၊ ဆန်ပြုတ်သောက်ရတုန်းပဲ၊ ဒီတော့ ဆေးဆက်ကုပါဦးလို့ မှာလိုက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ကွာ… မင်းဂရုစိုက်စေချင်တဲ့သူတွေ ပါသားပဲ မဟုတ်လား ပြီးရောပေါ့"

ဘယ်လိုလဲ သူငယ်ချင်း၊ ချစ်သူချင်းပြန်တွေ့လို့ ပြောတဲ့စကားတွေထဲ တစ်မျိုးကြီးပါလားလို့ မထင်ဘူးလား။ ကိုယ်တော့ ကလိတာ ရိတာတွေကြောင့် မျက်ရည်ကျမိတာပါပဲ။

"အေး… မောင်သံကြိုးပို့လိုက်တာ ရတယ်မဟုတ်လား၊ အဲဒီနေ့က မနက် အစောကြီး နှင်းတွေကျလိုက်တာလေ…အေးရယ် ကြည့်လိုက်တဲ့နေရာတိုင်း နှင်းတွေဖွေးလို့ ဘာမှမမြင်ရဘူး။ အေးကို မောင်သိပ်သတိရတာနဲ့ ပို့လိုက်တာ"

ကိုယ့်ကို သတိရနေပါတယ်ဆိုတာ ဖွင့်ပြောလို့ ဝမ်းသာရမလို ဖြစ်ပေမယ့် ကိုယ်စောစောက ဝမ်းနည်းနေခဲ့ရတာ၊ အင်အားမရှိတော့တာ၊ နေကောင်းရဲ့လားလို့ တစ်ခွန်းမဟာတာ၊ မေးစေချင်တာတွေ သူမမေးပါလားလို့တွေးပြီး တစ်ဖက်လှည့် မျက်ရည်ကျနေတော့ ခုငို ခုပျော် ကိုယ့်စိတ်ကို ချက်ချင်းမနှပျိုစေနိုင်ဘူး။

"အေး စာတွေလည်း မောင်ရပါတယ်။ သမီးနဲ့သားက စာရေးထားပြီး တယ်ဆိုလို့ ပို့ပေးခဲ့သေးတယ်လေ။ သူတို့တာတွေရေးထားတယ်ဆိုတာ မောင်တွေ့ လိုက်ရသားပဲ၊ အေးဖတ်ရတယ် မဟုတ်လား။ သမီးက အတော်ဆိုးတယ်၊ မောင့် အကြောင်း စုံအောင်တိုင်လိုက်သလိုပဲ၊ ကဲ…အေး အိပ်တော့၊ မောင်လည်း အိပ်မယ်"

မေးထူးခေါ်ပြောလောက်နဲ့ နားခွင့်ရတဲ့ (၂) ရက်ကို အိမ်မှာ အချိန်ကုန် သွားတယ်။ သီတင်းကျွတ်ပွဲတော်ရက်လည်းဖြစ်နေတော့ မောင်က ရုံးပိတ်တယ် လေ။ ကိုယ်တို့အနားမှာတော့ မောင် မရှိခဲ့ပါဘူးကွယ်။

ပွဲတော်ရက်မှာ ကလေးတွေ စိတ်ပျော်အောင် ဘယ်မှလိုက်မပို့နိုင်ပါဘူး။ ကိုယ်က နေမှမကောင်းသေးတော့ လျှပ်စစ်မီးကြိုးကလေးတွေတောင် မသွယ်ပေး နိုင်ပါဘူး။ အိမ်မှာ ကိုယ့်ညီမလေးက သူ့တူနဲ့ တူမအတွက် ပို့ပေးလိုက်တဲ့ ဆီစိမ်စက္ကူမီးပုံးလေးတွေ ထွန်းနိုင်အောင် အပ်ချည်ကြိုးအနက်နဲ့ အိမ်တိုင်တွေမှာ လိုက်ချည်ထွန်းခိုင်းရတယ်။

ညမီးထွန်းချိန်မှာ သမီးလေးနဲ့ သားလေးကိုတွဲပြီး ခြံထဲတင်ပဲ သားအမိ တစ်တွေ လမ်းလျှောက်ကြတယ်။ သီတင်းကျွတ်မှာ ဘာလို့ မီးထွန်းတာလဲလို့ ကလေးတွေက မေးတာကို ပုံပြင်လေးတွေလို ပြောပြရတယ်။ မီးထွန်းပွဲစည်ကား တဲ့ နေရာတွေအကြောင်း ပြောပြရတယ်။ ကိုယ့်အဖော်ဟာ ကလေးတွေ၊ ကလေးတွေ ရဲ့အဖော်ဟာ ကိုယ်ပေါ့ကွယ်။





စိတ်ကူးခဲ့တုန်းကတော့ ရန်ကုန်ရောက်ရင် ခွင့်ဆက်ယူပြီး နားမယ်၊ အေးအေးချမ်းချမ်းနေမယ်ပေါ့။ ဒါပေမဲ့ အခြေအနေက ထူးမလာသေးတော့ အိမ်မှာ နေလည်း စိတ်ညစ်နေရတာပဲလေ။ ဟိုတွေးဒီတွေးနဲ့ ရင်ကို မအေးရဘူး။ အလုပ်ထဲ စိတ်သွင်းထားတာမှ သက်သာဦးမယ်လို့ ထင်တာနဲ့ ရုံးပြန်တက်မယ်လို့ စိတ်ပိုင်း ထားရတော့ ခွင့်မတင်တော့ပါဘူး။

ရုံးပြန်တက်ရမယ့်နေ့ကျတော့ ရုံးကဖုန်းဆက်ညွှန်ကြားတယ်။ ဒီနေ့ ရုံးမ လာပါနဲ့တော့၊ ညနေ ဂျပန်လူငယ်ဧည့်ခံပွဲကို သွားလိုက်ပါတဲ့ သူငယ်ချင်း။

မောင် ပြန်လာလို့ ဧည့်ခံပွဲသွားဖို့ ရုံးက တာဝန်ပေးထားတဲ့အကြောင်း ပြောပြတဲ့အခါ မသွားရဘူး ဖြစ်ပြန်ရော၊ ကိုယ့်ရုံးက လူကြီးတွေကို ကလော်တုတ် လို တုတ်နဲ့ဆိုတော့…

"မောင်ကလည်း ခက်လိုက်တာ၊ တာဝန်ချလို့သွားရမှာ၊ အေး ဘယ်လို လုပ်ရမလဲ၊ အေးက ဂျပန်ဝန်ကြီးချုပ်ဆာတိုလာတုန်းက ဂျပန်သီချင်းဆိုပြခဲ့ရတာ မဟုတ်လား။ ဒါ့ကြောင့် အခု ဂျပန်လူငယ်အဖွဲ့အတွက် ဂျပန်သီချင်းဆိုပြတော့ မြန်မာတွေ ဂျပန်သီချင်းဆိုတတ်သားပဲလို့ လူမျိုးချင်း ရင်းနှီးတာပေါ့။ တိုင်းပြည် အတွက် အကျိုးပြုရတာမျိုးမို့ ဖြစ်မှာပါ" လို့ နှစ်သိမ့်စကားဆိုရပါတယ်။

"သြ… ဟုတ်လား ဒေါ်အမျိုးချစ်ကြီး၊ အေးလေ မင်းသွားချင်သွားပေါ့ မင်းက နှစ်ယောက်တွဲပြီး ကြဲချင်နေမှာ မဟုတ်လား။ သွားသွား ကိုယ်လည်း သွားမယ် ပြန်မလာတော့ဘူး"

မောင်က အော်ဟစ်ပြောဆိုထွက်သွားတော့ မျက်ရည်စက်လက်နဲ့ ကိုယ် ကျန်ရစ်ခဲ့ရတယ်။ ရုံးကား လာကြိုတော့မှ ကမန်းကတန်း မျက်ရည်သုတ်၊ ဖြီး လိမ်းပြီး ဧည့်ခံပွဲကို ထွက်ခဲ့ရပါတယ်။

ကိုယ် အိမ်ပြန်ရောက်ပေမယ့် မောင်ကတော့ ပြောတဲ့အတိုင်း ပြန် မရောက်တော့ပါဘူး။ ဒါဟာ ပထမဆုံးအကြိမ် မောင်မပြန်တော့ဘူးလို့ ပြောခဲ့ပြီး ကာကယ့်ကို ပြန်မလာခဲ့တဲ့နေ့ပါပဲ။ သြော်… ဘဝကလည်း တာဝန်ပိုင်းမှာတောင် စိတ်အေးချမ်းအောင် မထမ်းဆောင်နိုင်ပါလား။

ကိုယ်တို့လင်မယား ဘယ်လောက်ရန်ဖြစ်ထားထား ဘယ်တုန်းကမှ အခန်း ခွဲအိပ်ကြတယ်လို့ မရှိခဲ့ပါဘူး သူငယ်ချင်း၊ ကိုယ်ဆိုတာ အကြောင်းကြီးငယ်ရှိလို့ ဆောင်မှ မိဘအိမ်မှာ တစ်ညမအိပ်ခဲ့ဖူးဘူး။ မောင့်ဟာမောင် အမူးလွန်လို့ သူများ အိမ်မှာ အိပ်ပျော်သွားတာမျိုးကတော့ တစ်ပိုင်းလို့ ထားလိုက်ပါတော့လေ။ ဒါတောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လိုက်ခေါ်ခဲ့တာပါပဲ။ စိတ်က အရမ်းပူတော့ သွားတတ်တဲ့နေရာတွေ ဖုန်းဆက်မေးမိပါတယ်။ ဘယ်သူ့ဆီကမှ အဖြေမရတော့ မအိပ်နိုင်မနေနိုင် ငိုနေတာသာ တတ်နိုင်ခဲ့ပါတယ်။ ခါတိုင်းလို ကိုယ်က ကျန်းမာတာမဟုတ်တော့ ခက်သား။ ဒါလည်း အိမ်မှာ ကားသာကျန်ခဲ့ရင် လိုက်ဖြစ်ဦးမှာပါလေ။ ခုတော့ ခြံဝင်းထဲဆင်းပြီး ဖြည်းဖြည်းလေး တုန်ချည့်တုန်ချည့် လျှောက်နေရတာပေါ့ကွာ၊ လမင်းက ထိန်ထိန်သာနိုင်ပါပေရဲ့။

နောက်တစ်နေ့ မောင်ပြန်လာတော့ စိတ်ပူရတာတွေပေါ့ကွာ ပြောပြတာပေါ့။

"နောက်မှတ်ထား ကျုပ်မကြိုက်တာလုပ်ရင် မင်းကို လက်စားချေမှာချည်းပဲ" တဲ့။ မောင်က ခပ်တည်တည် ဟိန်းဟောက်ပြီး ပြန်ထွက်သွားတယ် သူငယ်ချင်း။

အိမ်ပြန်ရောက်လာတိုင်းမှာလည်း "အလကားကောင်မ၊ တန်ဖိုးမရှိတဲ့ကောင်မ" လို့ အကြောင်းမဲ့ ပြောဆိုတတ်ပြန်တော့ ကိုယ့်မှာ နားလည်ရခက်လာတယ်။ နယ်ကပြန်ရောက်ရင် အဆင်ပြေတော့မှာပါလို့ မျှော်လင့်တကြီးစောင့်နေခဲ့မိတာလည်း ပျောက်လုလုဖြစ်ရပါပြီကွယ်။ အခြေအနေက တစ်နေ့တခြား ဆိုးဝါးလာသလို ပြောစကားတွေကလည်း ပြင်းထန်ကြမ်းကြုတ်လာခဲ့တယ်။ ကိုယ်ချေပဖို့ စိတ်မကူးတော့ပါဘူးကွယ်၊ ထင်ချင်ရာထင် ပြောချင်ရာပြော သံသယတောကထွက်တဲ့အခါ ကိုယ်ဝမ်းသာရမယ်လို့ပဲ အချိန်ကို စောင့်ရပါတော့မယ်။

* * *



## အခန်း (၁၅)

စိတ်မချမ်းသာ လူမကျန်းမာနဲ့ပဲ ရုံးပြန်တက်နေခဲ့လိုက်တယ်။ ပြန်ရောက်မှ အသံလွှင့်တာဝန် ပြန်ကျခဲ့တဲ့နေ့ကတော့ အောက်တိုဘာ (၃၀) ရက်နေ့ပါ။ ညပိုင်းတာဝန်ဆိုတော့ ညနေ (၃) နာရီက ည (၉) နာရီ (၁၅) မိနစ်အထိ အလုပ်ဆင်းရပါတယ်။ တာဝန်ကထွက်လို့ အိမ်ပြန်ရောက်တော့ ည (၉) နာရီခွဲပြီးပြီ။

မေမေက ဘုရားကန်တော့နေတယ်။ အစ်ကိုလင်မယားက အိမ်ရှေ့မှာ စကားပြောနေကြတယ်။ ကိုယ်တို့နှစ်ယောက် အိပ်ခန်းထဲအတူဝင်ခဲ့ကြတယ်။ မောင်ကအိပ်ရာပေါ်လှဲနေရင်းနဲ့ ကိုယ်အဝတ်လဲနေတာကို မျက်မှောင်ကြီးကြုတ်လို့ လှမ်းကြည့်နေတယ်လေ။ ဆိုသံဆူသံ နားမခံချင်တာနဲ့ စကားနည်းရန်စဲ ကိုယ်လုပ်ရေရှိတာတွေလုပ်ပြီးတော့ အပြင်ထွက်ရဦးမှာမို့ အိပ်ခန်းတံခါးကိုဖွင့်ပြီး အခန်းပြင်ထွက်မယ်ပြင်တုန်း နောက်က မောင့်အရိပ်ကျလာတာ တွေ့တာနဲ့ ပြန်ဝင်ဖို့ကြိုးစားတယ်။

ပြန်ဝင်ဖို့ ကြိုးစားရတာကလည်း အကြောင်းရှိတယ်ကွဲ့၊ ကိုယ်ပြန်ရောက်ကတည်းက မောင်အခန်းထဲမှာ အရင်ရောက်နှင့်နေရင် တံခါးချက်ချပိတ်ထားတတ်လို့ပါ။ ကိုယ့်အခန်းထဲဝင်ချင်ရင် တော်တော်နဲ့ဖွင့်မပေးဘဲ ညဉ်းထားတတ်တော့ အိမ်မှာက ကိုယ်တို့ချည်းရှိနေတာမှ မဟုတ်ဘဲကွယ်။ ကိုယ်ရှက်လည်းရှက်တယ်။ မိဘဆွေမျိုးတွေသိရင် စိတ်ကောင်းနိုင်မှာ မဟုတ်ဘူး။ အားလုံးအတွက် ကြည့်ရမယ် မဟုတ်လား။

ခုလည်း ကိုယ်ထင်တဲ့အတိုင်း၊ ဖြစ်နေကျအတိုင်း မောင်က တံခါးပိတ်မလို့ပေါ့ကွာ၊ ဒီတော့ သူက တံခါးပိတ်ဖို့ကြိုးစား၊ ကိုယ်က အခန်းထဲ ပြန်ဝင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနေ့ဆိုတော့ အခန်းအပြင်မှ မရောက်သေးဘဲ၊ တံခါးကြားမှာ ညပ်နေတဲ့ ကိုယ်ဟာ ယောက်ျားလေးအင်အားနဲ့ တအားတွန်းပိတ်ထားတာကို တော်တော်နဲ့ ပြန်တွန်းလို့ ဘယ်ရမလဲ၊ တံခါးညပ်လို့ ကိုယ့်တံတောင်ဆစ်ကွေးနေရာနဲ့ ရင်ဘတ် နေရာတွေမှာ စုတ်ပြတ်သွေးထွက်လာတာ တွေ့ရတယ်။ လူသိမှာ၊ ကြားမှာစိုးလို့ ကိုယ်တို့ကြောင့် စိတ်မချမ်းသာ ဖြစ်ကြမှာကို တွေးလို့ သည်းခံလေလေ မညှာမတာ ရက်စက်လေနဲ့ ခုလို သွေးထွက်သံယို ဒဏ်ရာအနာတရဖြစ်လာရတော့ သည်းခံနိုင် စိတ် ကုန်ခန်းသွားပြီလေ။

ရှိသမျှအင်အားလေးနဲ့ အားကုန်ဆောင့်တွန်းဖွင့်ပြီး အထဲလည်း ပြန်ဝင်နိုင် ရော "ဟင် ရှင်…ရှင်ဘာလုပ်တာလဲ၊ အေးအေးနေလို့လည်း မရပါလား။ ရှင့်မှာ လူစိတ်ရှိသေးရဲ့လား"လို့ ပြောရင်း ကိုယ်က သူ့ရင်ကို တွန်းပစ်လိုက်တယ်။ သူက လက်သီးစွမ်းပြတော့တာပေါ့။ အရပ်ကကွာတော့ ကိုယ့်လက်က မထိတစ်ချက် ထိတစ်ချက်၊ ကိုယ့်ကိုယ်မှာ နေရာအနှံ့ ထိခိုက်ဒဏ်ရာရသွားတော့ သူကျေနပ်သွား တယ် ထင်ပါရဲ့။ အိပ်ရာပေါ်မှာ ပြန်အိပ်နေလိုက်တာ ကျော့လို့။

"ရှင်ဟာ ပြဿနာကို ပြေလည်အောင်တော့ မကြိုးစားဘဲနဲ့ ဆိုး သထက်ဆိုးအောင် စက်ဆုပ်သထက် စက်ဆုပ်ဖြစ်အောင်သာ ဖန်တီးနေတာပဲ"လို့ ပြောရင်းငိုရင်း၊ ပွရှုသွားတဲ့ ပန်ည်းတွေ လိုက်ကောက်သိမ်းရင်း မှန်တင်ခုံနား ရောက်သွားပြီး ကိုယ့်ရုပ်ကို အမှတ်မထင် မှန်ထဲမှာ တွေ့လိုက်ရတယ်။ ကိုယ့်နှာ ပေါ်မှာ လက်သီးဆုပ်လောက် အဖုကြီးနဲ့ကွာ၊ ဒီတော့မှ ရှိုက်ကြီးငင်ကြီး ငိုမိတယ်။

"ငို… ငို… ငိုရုံမကလို့ လဲသေသွားသွား သနားဖို့ အဝေးကြီး၊ အရှက် မရှိတဲ့ ကောင်မ၊ ရှက်တတ်ရင် မင်းကိုယ်မင်းတောင် သတ်သေဖို့ ကောင်းတယ် သိလား၊ လင့်နောက်ကွယ်ကျ သူများအနမ်းခံတဲ့ကောင်မ" တဲ့။

ဒီစကားကြားရတော့ ပိုတောင်မခံနိုင်သေးတယ်၊ မထူးဘူးလေကွာ၊ ငွေခံ နေပြန်တော့ နှစ်ပြားမတန်အပြောခံရ၊ ပြန်အော်တော့လည်း ရန်ဖြစ်ရ။ ကိုယ်မှ ဒီလို အကျင့်ယုတ်မျိုး မလုပ်ခဲ့ဘဲကိုး။ ပြန်အော်ဖို့ရော၊ ပြန်သတ်ဖို့ရော အားအင် မရှိပေမယ့် စကားလေးနဲ့တော့ ပြန်ပြီး ငေါ့လိုက် ပြောလိုက်တာပေါ့။

"ဟုတ်တယ်ဟေ့ တို့အမျိုးက အရှက်မရှိဘူး၊ လင်ငယ်နေတဲ့အမျိုး မျောက်မထားတဲ့ အမျိုးကိုး"

ဒီစကားဟာ သူ့တစ်သက်လုံး မကြားချင်ဆုံးနဲ့ အကြောက်ဆုံးဆိုတာ





ကိုယ်သိပ်သိတာပေါ့ကွာ၊ ဒါမျိုး တစ်သက်လုံးက အတင်းအဖျင်းအနေနဲ့ သူကြား ခဲ့ရတာ မဟုတ်လား။

သူငယ်ချင်းမရှင်းရင် ကိုယ့်မိဘကို ချစ်သူအတွက် သူ့အတွက် တော်လှန် ခဲ့ရတဲ့ကိစ္စမှာ ပြန်တွေးကြည့်ပေါ့ကွာ၊ လူတွေက ဘာပြောခဲ့ကြသလဲဆိုတာ သိ နိုင်ပါတယ်။ မင်းတို့သာ ဒီလိုဟာတွေလို့ မပြောချင်လို့ဘဲ။ ဒါပေမဲ့ ခုကိုယ်ပြော တဲ့ စကားက ဒီသဘော၊ ဒီအဓိပ္ပာယ်ပေါ့။ ရင်ထဲမှာ အခံရခက် မြင်ပြင်းကကတ်နေ တော့ သူ့ကို လှည့်တောင် ပြောမနေတော့ဘူး၊ ခပ်လျှောင်လျှောင်ပဲ မှန်ထဲကတစ်ဆင့် ကြည့်ပြောခဲ့တာကလား။

"ဟင်… ဘာပြောတယ်၊ မင်းထိခိုက်ပြောချင်ဦး၊ ကဲ ထိခိုက်ပြောဦး" ဆိုတဲ့ စကားနဲ့အတူ ထိုးတော့နက်တော့တာပါပဲ၊ ကိုယ့်ကျန်းမာရေးကလည်း သိတဲ့အတိုင်း ယဲ့ယဲ့လေးပါကွယ်။ လက်သီးတစ်ချက်ထိတာနဲ့ ခုတင်ပေါ် ပစ်လဲကျ သွားလိုက်တာ ဘာမှပြန်မလုပ်နိုင်တော့ဘူးပေါ့။ တဖြည်းဖြည်း ဒဏ်ချက်ပြင်း တာ များလာတော့ သတိကိုလစ်သွားတဲ့အဖြစ် ရောက်ပါရော။

အိမ်ရှေ့က အစ်ကို့မိန်းမက ဝုန်းဒိုင်းသံကြောင့် လာပြေးကြည့်မှ ကိုယ်တို့ သတ်ပုတ်နေကြတာတွေ့ပြီး အစ်ကိုနဲ့မေမေ့ကို ကျူးအော်ခေါ်တော့မှ အိမ်သားတွေ သိကြ တံခါးအတင်းဖွင့်ခိုင်းကြ ဖြစ်ရတာ။

ကိုယ် သတိပြန်ရတာနဲ့ ချက်ချင်း ဒီလင်ကို မပေါင်းတော့ဘူးလို့ ဆုံးဖြတ် ချက်ချပြီး ဖြစ်သွားတယ်။

ကိုယ်တော်ချောက သွေးအေးအေးပဲ၊ ခုတင်ပေါ်မှာ တစ်ဖက်လှည့်ပြီး အိပ်နေတယ်။ တစ်ခုတော့ သူသတိရှိသား သူငယ်ချင်းရေ။ ကိုယ်တို့အိပ်ရာမှာ အမြဲထားလေ့ရှိတဲ့ ဓားကိုတော့ မွေ့ရာအောက် ဆွဲသွင်းထားလိုက်တာ ဗျာလို့။

ကိုယ့်တစ်ကိုယ်လုံး ဒဏ်ရာအပြည့်ပါ အထူးသဖြင့်တော့ မျက်နှာမှာပေါ့။ အပြင်က တံခါးဖွင့်ခိုင်းနေပေမယ့် ကိုယ်မထနိုင်သေးလို့ ဖွင့်မပေးနိုင်သေးဘူး။ ဒီမထနိုင်တဲ့အချိန်ကလေး၊ အပြေးအလွှားမှာတောင်မှ ကိုယ်က သူ့အတွက် စဉ်းစား လိုက်ပါသေးတယ်။ ကိုယ့်အစ်ကိုနဲ့အမေ ဒေါသကြောင့် သူ့မှာအနာတရ မဖြစ်စေ ချင်တဲ့စိတ်ကလေး ဒါမှမဟုတ် ပုန်းကွယ်ငြိတွယ်နေတဲ့ သံယောဇဉ်ကလေးလေ သူငယ်ချင်း။

ကိုယ်လှုပ်ရှားအားတင်းနိုင်တာနဲ့ တဖြည်းဖြည်း ယိုင်တိယိုင်ထိုးလျှောက်သွား



www.burmeseclassic.com

www.burmeseclassic.com



ပြီး တံခါးအသာဖွင့်ပေးရတယ်။ မှန်တင်ခုံရှေ့က ဖြတ်လာရလို့ ဒဏ်ရာတွေ ကိုယ်မြင်ခဲ့ရပြီးပြီ။ ဒီဒဏ်ရာတွေမြင်ကြရင် သွေးဆိုတဲ့အသိနဲ့ ဒေါသမချုပ်ထိန်းနိုင်ကြမှာ စိုးရိမ်တယ်။ ဒါနဲ့ အလင်းရောင်ကို ကျောပေးရပ်ပြီး တံခါးတစ်ဝက်သာ ဖွင့်ပေးလိုက်တယ်။

အရင်ဆုံး တွေ့ရတဲ့ အစ်ကိုကို "ကားသော့ယူပါ၊ ကားထုတ် အိမ်ရှေ့ရပ်ထားပါ" လို့ လေသံလေးနဲ့ ကိုယ်ပြောနိုင်တော့တယ်။

"အေး… နင်စိတ်ချမ်းသာရင်ပြီးရော ငါလုပ်ပေးမယ်"

လို့ အစ်ကိုက ချာခနဲ လှည့်ထွက်သွားတယ်။

မေမေကတော့ ဘုရားရှိခိုးတုန်းတန်းလန်းက ယောက်မခေါ်လို့သာ ရောက်လာတာ ဘာရယ်မသိဘူးကိုး။ တံခါးပေါက်က ခေါင်းဝင်ကြည့်ရင်း "ဘာဖြစ်ကြလို့လဲဟဲ့" လို့ မေးရင်းနဲ့မှ မီးရောင်အရှိန်နဲ့ ကိုယ့်မျက်နှာက ဖူးဖူးထနေတဲ့ ဒဏ်ရာတွေနဲ့ သွေးစွန်းနေတဲ့ မျက်ဝန်းဒဏ်ရာတွေ့တော့တာ၊ မအေတွေ ကိုယ်တိုင်ရင်နဲ့ လွယ်မွေးခဲ့ရတဲ့သမီးကို ဒဏ်ရာအပြည့်နဲ့ မြင်ရတော့ ဘယ်လောက်တရားရှိရှိ သတိလက်လွတ် ဖြစ်မှာပဲ။ လူကျင့်လူကြံမကြံဘူးဆိုတာလောက်တော့ ပြောတာပေါ့ကွာ။

သူကလည်း တစ်ခွန်းမခံပါဘူး သူငယ်ချင်းရဲ့။ ခင်ဗျားကြီးက ပုတီးလည်ပင်းဆွဲပြီး လင်မယားကွဲအောင်လုပ်နေတာ ဘာညာနဲ့ ပြန်အော်ရုံ ဘယ်ကမလဲ "ခင်ဗျားကြီး အခု အိမ်ပေါ်က ဆင်းသွား" လို့တောင် နှင်ချသေးတာ။

ပြဿနာရဲ့ နောက်ဆုံးချိန်ရောက်နေပြီပေါ့ သူငယ်ချင်းရာ၊ ကိုယ်ကသာ မေမေ့ကို တောင်းပန်တရားချ၊ ကိုယ်ခင်းတဲ့ဇာတ်ကို ကိုယ်ပြီးအောင် ကရတော့မှာပါ။ မေမေ့ဘုရားခန်းထဲ ပြန်ပို့တယ်၊ ချုံးပွဲချငိုကျန်ခဲ့တဲ့ မအေကြီးကို ကြည့်ပြီး ယူကျုံးမရဖြစ်ရင်း ကားပေါ်ကို အစ်ကို့ပွေ့တင်ခိုင်း၊ အစ်ကို့ကိုပဲ မောင်းခိုင်းပြီး မြို့ထဲထွက်ခဲ့တယ်။

ကိုယ့်မျက်နှာက ဒဏ်ရာတွေ သူငယ်ချင်းမြင်စေချင်တယ်။ ဘီလူးရုပ်ထက် ဆရာတင်လောက်ပါရဲ့။ မျက်လုံးပေါက်ဆိုတာ ဘယ်နားမှာမှန်း မသိတော့ဘူး။ ပထမဆုံးရှင်းရတာက ကိုယ့်ရုံးကိစ္စပါပဲ။ နောက်နေ့မနက် (၇) နာရီမှာ အသံလွှင့်ရမှာ၊ မလာနိုင်လို့ အကူအညီပေးဖို့ တာဝန်မှူးကြီးဂျူတီ ကျနေတဲ့သူကို ပြောရတယ်လေ။





ကိုယ့်အရင်းနှီးဆုံးပေါင်းတဲ့သူတွေ တစ်အိမ်ပြီးတစ်အိမ် လိုက်ခေါ်မိတာလေ။ (၁၆) လမ်း၊ မောင်ခိုင်လမ်း၊ ရန်ကင်းအနှံ့ပဲကွာ။ ကိုယ်ကတော့ ဘာမှ မမြင်ရဘဲ တစ်ယောက်ဆင်းလာလိုက် ပြောပြလိုက် ငိုလိုက်နဲ့ ခေါ်လာလိုက်တာ ရန်ကင်းမှာ တစ်ယောက်ဝင်ခေါ်ပြီး ပြန်ထွက်တော့ သတိမရတော့ပါဘူး။

နားထဲမှာ ကိုယ်တို့ဖြစ်တဲ့အကြောင်းတွေ ပြောနေကြတယ်ဆိုတာ သိနေတော့ အိမ်ပြန်ရောက်ပြီလို့ ခန့်မှန်းမိနေတယ်။ အသံတွေက ဝေးသွားလိုက် နီးလာလိုက် အသက်မှန်အောင် ရှူလို့မရ ဘာမှမမြင်ရဖြစ်နေတယ်။ သူ့ဖွဲ့ချက်တွေလည်း ကြားပါရဲ့။ ဘေးလူတွေရဲ့ ဝေဖန်သံတွေလည်း ကြားပါရဲ့။ ဒါပေမဲ့ ကိုယ့်မှာ လုံးဝ ချေပပြောဆို ဝင်ပါဆွေးနွေးနိုင်လောက်တဲ့ သတိတော့ ပြန်မလာသေးပါဘူး။

ကိုယ်သတိရလာတဲ့အချိန်မှာတော့ ဆရာဝန်က ဆေးကုသပေးနေတာ တွေ့ရတယ်။ ဘာဖြစ်လဲလို့ မေးတော့ ပြောပြလိုက် သတိလစ်သွားလိုက် မရေမရာတွေ ဖြစ်နေခဲ့ပါတယ်။ မနက်လေးနာရီလောက်မှာကျတော့ ကိုယ်ကောင်းကောင်းကြီး သတိရပါပြီ၊ အားလုံးပြောနေကြတာတွေကို ပီပီပြင်ပြင် ကြားနိုင်ခဲ့ပြီပေါ့။

ပြောဦးမယ် သူငယ်ချင်း…ကိုယ့်အရင်းအနှီးဆုံး ကိုယ့်ကိုနားအလည်ဆုံးလို့ထားတဲ့ အသိုင်းအဝိုင်းထဲက ပြောလိုက်တဲ့ စကားတစ်ခွန်းကိုပေါ့ကွာ။

"မိအေး…နင့်လင်က သဘောမကျဘူးဆိုရင် တို့လိုလူတွေတောင် နင် မပေါင်းသင်းသင့်ဘူး" တဲ့။ ရှေ့နေငှားမှ ထောင်ကျတဲ့ကိန်း ဆိုက်တော့တာ၊ ဆရာဝန်က ဆေးရုံတင်ဖို့ပြောတယ်၊ သူတို့တစ်တွေက ဖျက်တယ်။

တကယ်လို့ ဆေးရုံတင်ဖို့ သူတို့က တိုက်တွန်းခဲ့ရင်တောင်မှ ကိုယ်က ဆေးရုံတက်မှာ မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ဒီကိစ္စဟာ ရာဇဝတ်မှုနဲ့ အကျုံးဝင်မယ်ဆိုတာကို နားလည်ပြီးသားလေ။ ကိုယ့်လင်ကို မပေါင်းသင်းတော့ဘူးလို့ ဆုံးဖြတ်ရပေမယ့် ထောင်ကျမယ့်ဒဏ်မျိုး မပေးလို မပေးရက်ပါဘူး။ ကိုယ်ဖြစ်ရတဲ့ဒုက္ခအတွက် ကိုယ်မရက်စက်ချင်ပါဘူး။

အဲ… တစ်ခုတော့ ကိုယ်တောင်းဆိုလိုက်ပါတယ် သူ့ကို ခေါ်သွားကြပါတော့၊ ဒါကလည်း နောက်ထပ်ပြဿနာဆိုး မကြုံစေချင်တဲ့ စေတနာပါ သူငယ်ချင်း စဉ်းစားကြည့်၊ အတူရှိနေတာက အစ်ကိုဝမ်းကွဲမို့ စိတ်ထိခိုက်တာပဲ ရှိမှာ၊ မေမေက တရားဘက်မှာရှိနေလို့ မိန်းမသားလည်းဖြစ်လို့ အေးအေးနေမှာပေါ့။ အဖေရှိတယ်၊ မောင်အရင်းရှိတယ်၊ သွေးရင်းကတော့ နေနိုင်မှာ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ လျှပ်တစ်ပြက် ဒေါသမကြွရဘူးလို့ ကိုယ်အာမမခံနိုင်ဘူး မဟုတ်လား။ အားလုံးက သိပ်ကောင်းပါသတဲ့။

ကိုယ့်လင်ကတော့ စံထားထိုက်ပါပေတယ်။ အပေါင်းအသင်းတွေက အတင်းခေါ်ထုတ်မှ အိမ်ခန်းထဲမှ ထွက်လာဖော်ရသတဲ့။ ကိုယ်ပင်ပန်းတကြီး ဒုက္ခခံစားနေရတဲ့အဖြစ်ကို မြင်လို့လား၊ ယောကျ်ားသားချင်း ဝိုင်းပြောလို့လားတော့ ကိုယ်မသိလိုတော့ပါဘူး။ ကိုယ်သတိရတော့ ကိုယ့်အနားကို လာပါသေးတယ်။ မေးလည်း မေးပါသေးတယ်။ ""အေး··· သတိရပြီလား"" တဲ့။

ရင်ထဲမှာ နာကြည်းလွန်းနေတဲ့ အချိန်ကွာ၊ သူ့အသံဘယ်ကြားချင်လိမ့်မလဲ။ သူ ယုယမှာတောင် ကြောက်သေးတယ်။ ဒီလိုပဲ လူတွေရှေ့မှာ ဟန်ဆောင်ခဲ့တာတွေ ကိုယ်တို့အိမ်ထောင်သက်တမ်းတစ်လျှောက်လုံး ပြည့်လို့ပါ။ နောင်တရပါပြီဆိုတဲ့ သူကသာ ""ပင်လယ်ထဲမှာ ရေတွေရှိတယ် အေးရယ်""လို့ ဆိုဆို မယုံနိုင်တော့ဘူး။ နှလုံးသားမပါတဲ့စကားမျိုး လက်မခံနိုင်တော့ဘူးကွာ။ မောမောနဲ့ တိုတိုပြတ်ပြတ်ပဲ ကိုယ်ပြောခဲ့တယ်။

""ရှင် ဘာစကားမှ ပြောစရာ မလိုတော့ဘူး""

""ကဲ··· အစ်ကိုတို့မြင်တဲ့အတိုင်းပဲ၊ ကျွန်တော့်ဆို အမြဲ လူဆိုးလုပ်နေတာ""

အားလုံးကို သက်သေထူနေပြန်တော့ ကိုယ့်စိတ်ထဲမှာ လူလည်လုပ်သွားပြန်ပြီလို့ ပြုံးမိလိုက်ပါရဲ့ သူငယ်ချင်းရယ်··· ဆရာဝန်က ဆေးရုံတက်ဖို့ အတင်းတိုက်တွန်းအကြံပေးပေမယ့် ကိုယ်ငြင်းလိုက်တယ်ကွာ။ ထိခိုက်တဲ့ဒဏ်ရာတွေက အထိမခံနိုင်လောက်အောင် ဖြစ်နေလို့ မနက်ကိုတော့ ဆက်ဆက် ဓာတ်မှန်လာရိုက်ပါ၊ လူသိရှင်ကြား ဟိုးလေးတကျော် မဖြစ်ရအောင် စီစဉ်ထားပါ့မယ်လို့ ပြောနေတုန်းမှာပဲ ဆေးတွေ အတိုက်ခံထားရတော့ ပြောရင်းက ဘာမှမသိဘူးဖြစ်သွားတယ်။ သူတို့တွေလည်း ကိုယ့်အခြေအနေကြည့်ပြီး ပြန်သွားကြတာနဲ့တူတယ်။

ဒီကိစ္စဖြစ်လာရတော့ အသိတစ်ခု ထပ်ရလာတယ် သူငယ်ချင်း။ ""မိမိကိုယ်သာ ကိုးကွယ်ရာ"" ဆိုတဲ့ တရားတစ်ပါးပေါ့ကွာ။

ဒီညက ကိုယ့်အဖြစ်က သတိလစ်နေလိုက်၊ ကြောက်လန့်တကြား ထအော်လိုက်၊ အသက်မရှူဘဲ အကြာကြီးဖြစ်သွားလိုက်၊ အသက်ရှူတော့လည်း လည်ချောင်းသံများတောင် ပါနေခဲ့တာဆိုပဲ။ ဒါတွေပြန်သိလာရတော့ ကိုယ့်ကိုယ်





ကိုယ် စိုးရိမ်လာတယ်၊ ဆေးရုံပြချင်တယ်၊ ကားကို သူယူသွားတယ်ဆိုတော့ တစ်ခက်ပေါ့။ လူမသိအောင် သွားချင်တာ မဟုတ်လား။

ဒါနဲ့ ကျန်းမာရေးဌာနက အစ်ကိုလိုနေတဲ့သူတစ်ဦးကို ဆေးရုံပြချင်တဲ့ အကြောင်း၊ ကျန်တာ ရောက်ရင်တွေ့မှာပါလို့ပဲပြောပြီး အကူအညီတောင်းရပါတယ်။ သူ့ကားပျက်နေလို့တဲ့ တခြားသမားတော်ကြီးတစ်ဦးနဲ့အတူ လာခေါ်ပေးပါတယ်။ မေမေနဲ့အတူ ဆရာဝန်ကြီးတွေနဲ့ လိုက်သွားပြီး ဆေးရုံပြရတယ်။ ဆေးရုံတော့ မတက်ပါရစေနဲ့လို့ လမ်းမှာ ပြောပြရတယ်။

ဓာတ်မှန်ဌာနက သီးသန့်အခန်းမှာ ဓာတ်မှန်ကိစ္စ၊ မျက်လုံးကိစ္စ၊ အသည်းရောဂါကိစ္စတွေအတွက် ဆိုင်ရာသမားတော်ကြီးတွေ ဆရာဝန်ကြီးတွေက စမ်းသပ်ကုသပေးကြတယ်။ ကျေးဇူးတင်ဖို့ အင်မတန်ကောင်းတဲ့ ဆရာဝန်ကြီးတွေကို ကိုယ် အသက်ရှည်သမျှ သတိရနေမှာပါကွယ်။

ချစ်သူလက်ဆောင်လေးတွေက တစ်သက်မေ့ရက်စရာ မရှိဘူး။ မှန်ထဲကြည့်တိုင်း သတိရစရာလေးတွေ ရှိနေမှာကိုး။ မျက်လုံးထဲက အနက်စင်းတန်းလေးရယ်၊ မျက်လုံးအောက်က ပါးရိုးလေးမောက်တက်လာတာလေးရယ် တိုးလာခဲ့ပြီလေ။ မျက်မှန်လေးတောင် အဆစ်ပါသေးတာပေါ့ သူငယ်ချင်းရ···။ ဖျားတိုင်း အအေးမိတိုင်း ရင်အောင့်တာလေးတွေ၊ အသားအထိမခံနိုင်အောင် နာတာလေးတွေက တစ်သက်စာ ချစ်အမှတ်တရလေ။

မကျန်းမာတဲ့အချိန်အတွင်းမှာ ရုံးကလူကြီးတွေ၊ ဂီတကောင်စီအမှုဆောင်တွေ လာကြ မေးကြ အားပေးကြပါတယ်။ ကျန်းမာအောင်နေပြီး ပြန်ပေါင်းဖို့ ပြောကြတာပေါ့။ တချို့က ဒီလိုစိတ်ဆင်းရဲအောင် လုပ်တဲ့လူစားမျိုး ပေါင်းမနေနဲ့လို့ ပြောတာပေါ့။

ဖေဖေ့ကိုတော့ ဖျားလို့ ရုံးမတက်နိုင်တာပါလို့ လူကြီးတွေကတာဆင့်သတင်းပေး၊ အတတ်နိုင်ဆုံး အိမ်မလာနိုင်အောင် အချိန်ဆွဲထားဖို့ ပြောထားတော့တာ။ လေးငါးရက်ကြာတော့ တစ်စွန်းတစ်စကြားတာလည်းရှိ၊ သမီးနေမကောင်းတာလည်း တွေ့ချင်မှာပေါ့။ လာခဲ့မယ်လို့ ဖုန်းဆက်တယ် သူငယ်ချင်း၊ တခြားသူငယ်ချင်းနှစ်ယောက်ကလည်း ဘယ်နေ့မှ ပြန်ပေါင်းပေါင်း နောင်ကျေ[illegible]သွားမှာဆိုတဲ့သဘောနဲ့ ကိုယ်စိတ်ဆိုးရင်လည်း ဆိုးပါ လာပြန်ပို့မယ်လို့ [illegible]ပြောထားတာနဲ့ တစ်နေ့တည်း ဖြစ်နေပါရော။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ လာတုန်းကတော့ ကိုယ်ပြောလိုက်တယ်။

''ရှင်တို့ ဒီနေ့ မေးရင်လည်း ကျွန်မအဖြေဟာ မပေါင်းတော့ဘူးလို့ ပြောမှာပဲ။ ဘယ်အချိန်မှာမေးမေး ပြောပြော ဒီအဖြေပဲ ရှင်တို့ရမှာပဲ၊ ကျွန်မဟာ ဆုံးဖြတ်ပြီးရင် ဘယ်တော့မှ ပြင်ရိုးထုံးစံမရှိဘူး။ တစ်ခုတော့ရှိတယ် ဒီအိမ်မှာ သူနေပိုင်ခွင့်ရှိတယ်။ ဒီတော့ ရှင်တို့ ပြန်ပို့မှ မဟုတ်ဘူး။ သူ့သဘောနဲ့သူ အချိန်မရွေးပြန်လာနိုင်ပါတယ်။ ဒါပေမဲ့ ကျွန်မကတော့ လင်ယောကျ်ားအနေနဲ့ မသတ်မှတ်တော့လို့ သူ့ရဲ့စားဝတ်နေရေးနဲ့ ပတ်သက်ပြီး ဘာမှ တာဝန်ယူစီစဉ်ပေးမှာ မဟုတ်ဘူးဆိုတာ ရှင်တို့ မှတ်သွားပါ''

''ဒါကတော့ ခင်ဗျားတို့နှစ်ယောက်ရဲ့ ပြဿနာပါ ဒေါ်အေးရှာ ကျွန်တော်တို့က ပြန်ပို့ခွင့်ရရင် ဝမ်းသာတာပဲ၊ ပြန်ပို့ရဖို့သာ လိုရင်းပါ၊ ကောင်းသွားကြလည်း ပိုဝမ်းသာရတာပေါ့ဗျာ'' လို့ သူတို့က ပြောခဲ့ကြတယ်လေ။

ဒီနေ့ သူတို့က ပြန်ပို့မယ်တဲ့၊ ဖေဖေကလည်း ဒီနေ့ ရုံးဆင်းမှ လာမယ်တဲ့ ရင်ဆိုင်ပေးလို့မဖြစ်ဘူး။ တစ်ခုခုဖြစ်ရင် ဘယ်သူ့အတွက်မှ ကောင်းကျိုးရှိမှာ မဟုတ်ဘူးလေ။ သူ့ကိုလည်း ဘာမှ မဖြစ်စေချင်ဘူးကွယ်၊ ကိုယ့်မသိစိတ်ကလေးမှာ သူ့အတွက် အချစ်တွေက ရှိနေသေးတယ်။

စိတ်ပူရပြန်တော့ လာပြောတဲ့လူကို ဖုန်းဆက်လိုက်ရှာပြောရတယ်။ ဒီနေ့ မပို့ကြပါနဲ့၊ အခြေအနေမကောင်းမှာ စိုးလို့ပါပေါ့။ ထင်တဲ့အတိုင်းပဲ ဖေဖေက ကိုယ့်ဒဏ်ရာတွေတွေ့တော့ အိမ်ရှေ့မှာ ချော်လဲကျလို့ပါ လိမ်ပြောလည်း မယုံတော့ဘူး။

''ငါ့ကို ခွေးမှတ်လို့ ညာကြတာလား၊ တကယ်လို့ ငါသမီးသေရင်တောင် ငါမသိအောင်ထားကြမှာလား'' နဲ့ ယောကျ်ားရင့်မကြီး ဖအေကြီးမှာ သမီးသောကနဲ့ ရင်ဘတ်စည်တီး အငိုကြီးငိုခဲ့ရရှာတယ်။

မောင်လေးဆိုတာ တိုင်နဲ့ခေါင်းနဲ့ ဆောင့်ဆောင့်ပြီး ငိုတော့တာ။ တစ်ခုခု မလုပ်ရရင် သူ့ကိုယ်သူ သတ်သေပါ့မယ်တကဲကဲနဲ့ ဖြစ်ကြတာတွေ့တော့ ကိုယ့်ကိုယ်ကိုယ် သေပါစေတော့ သေပါစေတော့လို့ ဆုတောင်းမိတယ်။

ကိုယ့်ကို သတ်လိုက်ကြတော့ဆိုမှ အေးတော့တယ်။ သေဖို့ကော ဆုတောင်းသင့်ဘူးလား၊ ကိုယ့်မိဘတွေ အသက်ကြီးခါမှ ကိုယ့်ကြောင့် မတန်တဆ အနိမ့်ခံလိုခံရ၊ မောင်နှမအရင်းဖြစ်ပေမယ့် အဖက်မလုပ် ဆက်ဆံခံလိုက်ကြရတာ ဘယ်သူ့ကြောင့်လဲ၊ ကိုယ့်ကြောင့်ချည်းပေါ့။





ကိုယ့်ဖေဖေလည်း ပြဿနာသိပြီးကတည်းက ကိုယ့်ကို စိတ်မချတော့လို့ မပြန်ဘဲစောင့်ရှောက်ပေးရအောင် ဆက်နေခဲ့တယ်။ ဒေါသပြေအောင် ကိုယ်ပဲ နားချချလာခဲ့တာနဲ့၊ သူ့ပင်ကိုစိတ်ရင်းက အေးအေးနေတတ်တာနဲ့ ပြီးသွားခဲ့တာပေါ့။

ကိုယ့်ဒဏ်ရာတွေအတွက် ဆေးရုံသွား၊ ဆေးခန်းသွားဖို့က ဒုက္ခအရောက်ဆုံးပါ သူငယ်ချင်း။ ဟိုမိတ်ဆွေကား၊ ဒီကုမ္ပဏီကားတောင်းနဲ့ အားနာရတယ်။ သုံးဘီးကလည်း ခေါ်ရခက်တယ်။

ခွင့်တစ်ပတ်ပဲ ကိုယ်ယူပါတယ်၊ အိမ်မှာနေရတာ အဟောင်းက အသစ်ဖြစ်လွန်းလို့ပါ။ အသံလွှင့်တာဝန်တော့ မယူနိုင်သေးဘူးပေါ့လေ။ စိတ်အပြောင်းအလဲရအောင်သာ ရုံးတက်နေရတယ်။ ဒဏ်ရာတွေက ရှိနေသေးတော့ နာလည်းနာ၊ ရှက်လည်းရှက်ပဲ။ မျက်လုံးကတော့ သွေးရောင်လိုအတိုင်း ဖြစ်နေတော့ မျက်မှန်နက်ကလေးနဲ့ ကာလို့ပေါ့။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ဒုက္ခကတော့ ပြောရင်တောင် ယုံမှာတောင် မထင်ပါဘူး သူငယ်ချင်း တစ်ခါတလေ သုံးဘီးကားခတောင်မရှိလို့ ဆေးရုံသွား၊ ရုံးသွားရင် ဘတ်စ်နဲ့ သွားရတာ။ ပိုက်ဆံမရှိဘူးဆိုလို့ ဆန်းနေသလား။ ယုံချင်မှယုံပါ သူငယ်ချင်း အမှန်အတိုင်း အသိပေးရတာ ရှက်စရာမဟုတ်ပါဘူးနော်။ ကိုယ် မော်လမြိုင်က ပြန်ရောက်တဲ့ နောက်တစ်ရက်မှ ကိုယ်မသွားခင်က ပေးလိုက်တဲ့ငွေ (၅၀၀) ပြန်တောင်းတယ်လေ။

ကိုယ်ကဖြင့် နေမကောင်းလို့ အိပ်ရာထဲ ပက်လက်ရှိနေတုန်းပါ၊ ဖြစ်မှ ဖြစ်ရလေ၊ လူမမာက ဘယ်မှာ သွားရှာပေးရပါ့မလဲလို့၊ သူပြောပုံက ရုံးကငွေချေး တာကိုး။ အလုပ်သမားတွေ ပေးရမှာတဲ့လေ။ လကုန်ရက်က ကပ်နေပြီလေကွာ မပေးမဖြစ်ဘူးဆိုတဲ့ သဘောလေ။ ကိုယ့်အခြေအနေလည်း သူအမြင်ပါ။ ရုံးငွေ ဆို တစ်ယောက်ဆီက ခဏယူပေးထားလိုက်ရင်ပြီးတာပဲ။ ကိုယ်တို့မှာလည်း ဒါလောက်တော့ ကိုယ်ပိုင်ငွေ ရှိနေမယ်လို့ ကိုယ်သိပါတယ်။ စိတ်ညှဉ်းဆဲမှု လေး ပေးချင်သေးတော့ ခံလိုက်ရုံပေါ့၊ စိတ်လျှော့ထားတာ ကောင်းပါတယ်။ သူငယ်ချင်း၊ မေမေဆွဲနေကျ ရွှေဆွဲကြိုးကလေးပေါင်ပြီး ပြန်ပေးလိုက်ရတယ်။ မိဘက ပေးကျွေးစောင့်ရှောက်လို့သာ ရုပ်မပျက်တယ်၊ ဒီအရိပ်သာမရှိရင် ကိုယ့်မှာ နားခိုစရာတောင် ဘယ်ရှာရမှန်း သိမှာ မဟုတ်ဘူးကွယ်။

နိုဝင်ဘာ (၁၅) ရက်ကျရင် သူပြန်လာမယ်လို့ သိရတယ်။ ကိုယ်စဉ်းစား တယ်လေ၊ မပေါင်းနိုင်တာ သေချာပြီ။ ကလေးတွေ လူလားမြောက်ရေး ဘယ်လို





ဆက်လုပ်ပါ့မလဲပေါ့၊ နောက်ဆုံးတော့ ဒီရင်သွေးနှစ်ယောက် ရှေ့ရေးကို အမိအဖ မပေါင်းကြလည်း အတူမျက်စိအောက်တင်ပဲ ကြီးပြင်းစေမယ်။ သူတတ်နိုင်တာ သူဆောင်ရွက်ပေး၊ ကိုယ်တတ်နိုင်တာ ကိုယ်ဆောင်ရွက်ပေးမယ်။ ကိုယ့်အခန်းနဲ့ ကိုယ်နေကြမယ်။ ကလေးတွေကိစ္စနဲ့ ပတ်သက်ရင်သာ ပြောဆိုဆွေးနွေးမယ်၊ ကျန်တာ ကိုယ့်နည်းကိုယ့်ဟန်ပဲလို့ စိတ်ပိုင်းဖြတ်လိုက်ပါတယ်။ ဒီတော့ ကိုယ်တို့ အိပ်ခန်းကို မောင့်အတွက် သတ်မှတ်လိုက်ပြီး ကိုယ့်အဝတ်အစား အသုံးအဆောင် တွေအားလုံး ကလေးတွေအခန်း ရွှေ့ထားလိုက်တယ်လေ။ သူနဲ့ သက်ဆိုင်တဲ့ ပစ္စည်းအားလုံး သူ့အခန်းထဲမှာ သေချာသော့ခတ်ပေးလိုက်တယ်။

သူပြန်လာမယ်ပြောတဲ့ ညနေအထိ ရောက်မလာပါဘူး။ စိတ်ကို တည်ငြိမ် အေးချမ်းချင်တယ်လေ၊ ဒါနဲ့ မေမေ့ကို ဘုရားပန်းပါလဲခိုင်း။ ဘုရားဝေယျာဝစ္စလေး ဆောင်ရွက်ချင်တဲ့ ကိုယ်ဟာ ကိုယ့်အနှစ်သက်ဆုံး အနီရဲရဲအဆင်ရွေးဝတ်ပြီး ဘုရားခန်းထဲ ဝင်မယ်ပြင်ရော သူ ပြန်ရောက်လာပါရော။

ဒီမျက်နှာတွေ့လိုက်ရတော့ ရင်ထဲနာလိုက်တာ သူငယ်ချင်းရယ်၊ ဘုရား ခန်း ဆက်ဝင်သွားပြီးတော့ ဆုတောင်းလိုက်မိတယ်။

"ဒီလင်ကို ဘယ်ကမ္ဘာ ဘယ်ဘဝအဆက်ဆက်မှာမှ မတွေ့ရ မကြုံရ ဆုံရ မကြားတဲ့ကိုယ် ဖြစ်ရပါလို့"လို့။

သူလည်း ကြားမှာပါပဲ၊ ဘုရားခန်းထဲက ထွက်လာပေမယ့် ကိုယ်ဟာ ဝါရင့်တရားရှင် မဟုတ်သေးပါဘူး သူငယ်ချင်း။ သူ့ကိုလိုက်ပို့တဲ့ သူငယ်ချင်း နှစ်ယောက်ကိုတော့ "ကောင်းကြ တော်ကြပါပေတယ်။ ရှင်တို့သာ ကျွန်မမောင် အရင်းတွေလို ကိုယ်ချင်းစာရင် သူ့ကို ခေါ်ခဲ့မှာဟုတ်ဘူး"လို့ စကားနာထိုးမိတယ်။

ဒီတော့ ကိုယ့်အခန်းထဲဝင်ပြီး တံခါးချက်ထိုးနေလိုက်တယ်။ ကလေး တွေကိုတော့ သူတို့သဘောအတိုင်းလေ။ သူတို့အဖေပဲ၊ နေချင်သလို နေကြပေစေ ပေါ့။ သော့လည်း ပေးခိုင်းလိုက်ပါတယ်။ သော့ရတာနဲ့ သူ့အခန်းထဲသူဝင် စောင့် အောင့်နေသံကြားရတယ်၊ ဆိုင်လည်း မဆိုင်တော့ဘူးဆိုတော့ တံခါးပေါက်က အသာထိုင် ကြည့်နေခဲ့ပါတယ်။

ပထမဆုံး သူ့လုပ်ရှားမှုက ဧည့်ခန်းမှာထားတဲ့ ရေဒီယိုနဲ့ ရီကော်ဒါကို အခန်းထဲ ပြောင်းထားလိုက်တာပါ။ ကိုယ်ပြုံးလိုက်မိပါတယ် သူငယ်ချင်း၊ ဒီပစ္စည်း လေးလောက်မှ ကိုယ့်ကို စိတ်မချတော့ပါလားဆိုတဲ့အသိကြောင့် ရယ်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ မကောင်း ဖွင့်ကြည့်တာလည်း ကြားနေရပါတယ်။ အင်းလေ··· သူက တော့ ဒီပစ္စည်းလေးတွေအတွက် သိတတ်ရမှာပေါ့၊ ကိုယ့်အတွက်က လိုမှ မလိုတာ ကွယ်။ ကိုယ့်မှာ အဖေ၊ အမေက တစ်သက်စာ အမွေပေးထားတဲ့ ရေဒီယိုနဲ့ ရီကော်ဒါတို့က ရင်ထဲမှာ ရှိနေပြီးသားကိုး။

အဲဒီညကစပြီး ကိုယ့်အခန်းမှာ အဖေရယ် အမေရယ် သားနဲ့သမီးရယ် နေကြရတယ်။ သူရှိတဲ့အချိန်ဆို ကိုယ့်အခန်းထဲမှာပဲနေတော့တယ်။ မတွေ့ရရင် စိတ်နာတာ ပိုသက်သာမယ်ထင်လို့ပါ။

တစ်ညလွန်မြောက်တဲ့နောက်နေ့ နိုဝင်ဘာ (၁၆) ရက်နေ့ မနက် (၉) နာရီခွဲလောက်မှာ ရွှေဟသာ်ရုပ်ရှင်ကုမ္ပဏီက လာခေါ်တဲ့ကားနဲ့ ''မြချည်'' ကန်တော့ပွဲပေးတဲ့ အခမ်းအနားကို မိဘတွေ သားသမီးတွေနဲ့ အတူသွားခဲ့တယ်။ သူ့အိမ်မှာရှိနေပေမယ့် ကိုယ့်အရှင်သခင်လို့ ပြန်ပြီး သဘောထားလို့ မရနိုင်သေးလို့ မဖိတ်ခေါ်တော့ပါဘူး။ စိတ်ထဲတော့ မချမ်းသာခဲ့ပါဘူးလို့ အမှန်ကို ဝန်ခံပါရစေကွာ။

ဒီရုပ်ရှင်ကားဟာ ကိုယ့်ရဲ့ပထမဆုံး ရုပ်ရှင်ဘက်ကူးရတဲ့ ဇာတ်ကားဖြစ် တကယ်လို့ ကိုယ်တို့ အဆင်ပြေနေတဲ့အချိန်မှာဆိုရင် သူဟာ ကိုယ်နဲ့အတူ အဝေး ကမခွာ အနားမှာသာ ရှိနေမှာလို့ ရင်ထဲက တသသဖြစ်ရသည်နှင့်အမျှ မျက်နှာ မချွတ်နိုင်သေးတဲ့၊ အလင်းရောင်ဒဏ် မခံနိုင် မကြည့်နိုင်သေးတဲ့ မျက်လုံးအစုံက မျက်ရည်ဖြာဖြာကျခဲ့ရပါတယ်။ ဒါတွေ သူ မသိနိုင်တော့ပါဘူးလေ။

ရုပ်ရှင်အကြောင်းရောက်လာလို့ ကြားဖြတ်ရေးလိုက်ပါရစေဦးကွယ်။ ကိုယ်ချစ်တဲ့ သောတရှင်ပြည်သူတွေထဲမှာ ကိုယ်တို့လင်မယားကွဲကြတာ ကိုယ် ရုပ်ရှင်ရိုက်လို့ ကွဲရတာလို့ ထင်နေကြမှာစိုးလို့ပါ၊ ထင်ရအောင်လည်း ရုပ်ရှင်စာစောင် တစ်ခုမှာ ကိုယ်ရုပ်ရှင်ရိုက်လို့ အဆင်မပြေကြရတာ။ ဒါ့ကြောင့် ကိုယ့်လင်တော် မောင်က အသည်းကွဲစာတွေ ရေးသားထုတ်ဝေခဲ့တယ်လို့ ရေးထားတာ ကိုယ်ဖတ်ခဲ့ ရဖူးတယ် သူငယ်ချင်း။

ရုပ်ရှင်ကိစ္စနဲ့ ကိုယ်ဟာ ခုလိုအိမ်ထောင်မကျခင်ကတည်းက တွဲမိဖို့ပါ။ ပထမဆုံး ရုပ်ရှင်ရိုက်ဖို့ ဆရာသာခုက ခေါ်ပါတယ်။ ချစ်သူဘဝမှာ မောင်က မကြိုက်ဖူးဆိုတာနဲ့ မိုက်ခဲ့တာပါ။ ယူဖြစ်ကြတော့လည်း ခေါ်တဲ့သူတွေရှိပါတယ်။ ဒါလည်း သူက သဘောမတူချင်ဘူးဆိုတော့ မရိုက်ခဲ့ပါဘူး။

လာပြီး ကမ်းလှမ်းတဲ့သူ ဘယ်လောက်ရင်းနှီးစေ ''ကျွန်တော့်မိန်းမကို ရုပ်ရှင်ရိုက်ခိုင်းဖို့ စိတ်မကူးဘူး'' လို့သာ ပြန်ပြောခဲ့တတ်ပါတယ်။ ကိုယ့်အပေါ်





ဆေတနာရှိတာက တစ်ပိုင်း၊ တောင်းတဲ့သရုပ်ဆောင်ခ ညှိလို့မရတာက တစ်ပိုင်း၊ ကိုယ်မလုပ်နိုင်ဘူးလို့ အထင်ရောက်တာကလည်း တစ်ပိုင်း၊ စိတ်က နုနုလေးကိုး။

သူ့စေတနာပိုင်းလို့ဆိုရာမှာ ကိုယ်က အဆိုလောကမှာတော့ ပထမတန်း ဟုတ်လား။ ရုပ်ရှင်လောကဝင်မယ်ဆိုရင် သူငယ်တန်းပြန်ဆင်းရမှာ စိုးလို့တဲ့။ မြစ်ကတတ်ဆန်း ရိုက်ချက်တွေနဲ့ တွေ့ရင်လည်း ခက်မယ်တဲ့။ ရုပ်ရှင်လောကကို ဆုံလို့တဲ့ကွယ်။ ဈေးမကိုက်တာကတော့ အရှင်းလေးပါ၊ သူရစေချင်တာနဲ့ကွာ သို့ပေါ့ကွာ။

ကိုယ့်ကို အထင်သေးတဲ့အပိုင်းကတော့ ကိုယ်ဟာ ပပဝတီ မဟုတ်ဘူး ဆိုတာမျိုး၊ အဆိုလေးသာ မတတ်ခဲ့ရင် ဘာမှသုံးလို့ရမယ့် မိန်းမမျိုး မဟုတ်ဘူး ဆိုတာမျိုး၊ ရိုက်ကြည့်ပါလား တစ်ကားတည်းနဲ့ ထိုင်သွားရမှာပေါ့ဆိုတဲ့ အပြော တွေကို ကြည့်ပြီး သိနိုင်နေတာပါ၊ ထိုင်နေအကောင်းသား ထသွားမှ ကျိုးမှန်း သိဆိုတာ သူပေးလေ့ရှိတဲ့ ဥပမာပါပဲ။

ကိုယ်ရုပ်ရှင်လောကကူးဖို့ စဉ်းစားမိတာကတော့ အပေါင်းအသင်းတွေ က ပြောကြတယ်၊ ရုပ်ရှင် ဘာလို့ မရိုက်တာလဲ၊ ဂီတလောကထဲက တချို့နာမည် ကြီးတွေတောင်မှ ရုပ်ရှင်ရိုက်နေကြပြီလို့ တိုက်တွန်းအကြံပြုကြသလို တချို့က သည်း ရုပ်ကဖြင့် ကြည့်စရာ မရှိဘဲနဲ့ ဘာသွားလုပ်ရမလဲ၊ ရိုက်ချင်းရိုက် ရှုးတဲ့ သူတွေသာ သူ့ကို ရိုက်လိမ့်မပေါ့လို့ ဆိုကြတယ်ကွ။

ကိုယ်က အနုပညာဆိုတာ တစ်မျိုးနဲ့တစ်မျိုး ဆက်နွှယ်နေတယ်လို့ သဘော ပေါက်ခဲ့တာပါ။ ရုပ်ရှင်ဆိုတာမှာ ပန်းချီရယ် ဂီတရယ် စာပေရယ် သရုပ်ဆောင် မှုရယ် မတွဲလို့မှ မဖြစ်တာဘဲကွာ။ ဝတ်စားပြင်ဆင်ဖြီးလိမ်း ခြယ်သတာက ပန်းချီ သဘော၊ ဇာတ်လမ်းက စာပေအနွှယ်၊ ဂီတက မပါမဖြစ်၊ ဒါတွေ ပေါင်းစပ်ပြီးမှ သဘာဝအတိုင်း လွမ်းဆွေး ပျော်ကြမ်း အခန်းခန်းတွေလှုပ်ရှားရတာပဲ။ ကဲ- သရုပ်ဆောင်ဖို့ဆိုတာ ခက်သတဲ့လား။ ဇာတ်လမ်းမှန်သမျှ လူ့ဘဝမှာ ကြုံခဲ့ဖူးတဲ့ ဖြစ်ရပ်တွေချည်း မဟုတ်လား သူငယ်ချင်း၊ လောကမှာရှိတဲ့ အမူအရာကို ဘယ်သူ့ ထံက စံယူပြီး သရုပ်ဆောင်မှာတဲ့လဲ။

ဒီတော့ ကိုယ့်ဘဝအတွေ့အကြုံက ရှိသင့်သလောက်ရှိတယ်၊ ပတ်ဝန်းကျင် မှာ တစေ့တစောင်း အကဲခတ်ကြည့်ရင် သိနိုင်တယ်။ အဝတ်ဝတ်တာ ဆင်တာ တတော့ ဇာတ်လမ်းကပေးတဲ့ သဘာဝအတိုင်းပေါ့။ ဂီတဆိုတာကလည်း စိတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပါပြီးသား။ လှတာ မလှတာကတော့ အမေမွေးတဲ့အတိုင်း သဘာဝအကျိုး... သလောက်ပဲလေ။ ကိုယ်က ဥမ္မာဒန္တီဇာတ်လမ်းမျိုး ရွေးမိရင်တော့ ရယ်စရာဖြစ်... မှာပေါ့။ ကိုယ့်သဘာဝနဲ့ လိုက်ဖက်မှာကိုရွေးရင် အောင်မြင်မယ်လို့ ယုံကြည်တယ်... ဂီတာကပေးတဲ့နာမည်ကြောင့် ရုပ်ရှင်ကြည့်ပရိသတ်က တစ်နေရာပေးနိုင်... မယ်လို့ ယူဆတယ်လေ။

ဒါပေမဲ့ကွယ် သူ့အကြိုက် မရိုက်ခဲ့ပါဘူး။ တစ်နေ့ ''ဆိတ်မြည်သံ'' ဇာတ်ကားအတွက် သီချင်းသွင်းရင်း ရွှေဟင်္သာ ကုမ္ပဏီပိုင်ရှင်တစ်ဦးက ရုပ်ရှင် ရိုက်ပါလားလို့ ထပ်ပြောတယ်ကွာ။ တစ်ခါက ပန်းကလေးများဘေးဆိုချင် ရိုက်... ခေါ်ပြီးပြီ၊ ကိုယ်မလုပ်ခဲ့ဘူး၊ ဇာတ်လမ်းကို လိုက်တာရှာရိုက်မယ်၊ ရေးခိုင်းမယ်... ဆက်ပြောတော့ ကိုယ်က သောတောင် သောခဲ့သေးတယ်။

''ကြိုက်ဈေးရရင် လုပ်တာပေါ့'' လို့။

နောက်တစ်နေ့မနက် (၁၀) နာရီလောက်ကျတော့ တကယ်ရုပ်ရှင်ရိုက်... လာပြောကြတယ်။ သူတို့ပြောသာပြောနေတာ ကိုယ်က ယုံတောင် မယုံဘူး။ ဆွေးနွေးလာတော့ အံ့သြနေရတယ်။ သူနဲ့ဖြစ်ပါ့မလားလို့ စဉ်းစားရသေးတယ်... ပြောတော့ ဒါရိုက်တာ သူနဲ့သွေးရင်းလိုနေကြတာမို့ ပြောပေးဖို့ တာဝန်ယူမယ်... သူပြောပေးရင် ဖြစ်မှာပါတဲ့၊ အားလုံးအဆင်ပြေ၊ ငွေကြေးကိစ္စ မင်းသမီးကြီးဈေး... လို ရစေမယ်တဲ့၊ ပြောဆိုပြန်သွားကြတယ်။ ဇာတ်လမ်းက အဘဦးသန်းမြင့်ကို... သီးသန့် ရေးခိုင်းကြမယ်တဲ့၊ ဒါတောင် ကိုယ်က မောင်သဘောမတူရင် မရိုက်ဘူး... နော်လို့ ပြောထားခဲ့ပါတယ် သူငယ်ချင်း။

ညဘက်မှာဆုံကြတော့ ရုပ်ရှင်ကိစ္စကိုယ်ပြောပြရတယ်။ ကိုယ်ပြောပြတဲ့... နေရာမှာ မိသားစုရေရှည်စီးပွားရေးဟာ အဓိကပါ။ ကိုယ်တို့မှာ ခြံပိုင် အိမ်ပိုင်... ကားစီးနိုင်ကြပြီ၊ ရုံးအလုပ်တွေလည်း ကိုယ်စီရှိကြပြီ၊ အပိုဝင်ငွေဆိုတာက ကိုယ်... တို့ မိသားစုနောင်ရေး အာမခံချက်အဖြစ် လိုမှာပဲ၊ အခွင့်အရေးဆိုတာ အရွယ်နဲ့... နာမည်ရှိတုန်းရမှာ၊ အောင်မြင်ဖို့ဆိုရာမှာ သရုပ်ဆောင်မှု နည်းနည်းလေးပဲ ပေါင်း... လိုက်ဖို့ လိုတာပါ ဆိုတာတွေပေါ့။

ရုပ်ရှင်ကို ဂီတာလောက် မခင်တွယ်တာ အမှန်ပါ သူငယ်ချင်း၊ ဂီတာ... ဝါသနာရင်းကိုးကွယ်။ ဒါပေမဲ့ ကိုယ့်အနုပညာ စွမ်းအားကိုတော့ စမ်းကြည့်ချင်... ပါတယ်လေ။ မောင်က သဘောပေါက်ပါတယ်တဲ့၊ စဉ်းစားပြီး ပြန်ပြောမယ်လို့...





...ဆိုတယ်။ ကိုယ်ကလည်း သူသဘောတူမှ လုပ်မှာလို့ ပြောထားလိုက်တော့ အရေး... ...ပြင်း မဖြစ်မိပါဘူး။

ဒီတစ်ခါတော့ မောင်က မီးစိမ်းပြလိုက်တယ်ကွ။ ရုံးကလည်း ရိုက်ခွင့် ...ရတယ်။ ကုမ္ပဏီက ကိုယ်နဲ့လိုက်ဖက်မယ့် ဇာတ်လမ်းကို သီးသန့်ရေးခိုင်း ရိုက်... ...ဆးတယ်လေ။ မောင်သဘောတူလို့ ရိုက်ဖြစ်တော့မယ့် အချိန်ကျတော့ လူချင်း... ...ဆးနေကြပြီ သူငယ်ချင်းရယ်။ နိုဝင်ဘာ (၈) ရက်နေ့ကျရင် ကန်တော့ပွဲပေးဖို့ ...စီစဉ်ထားတာလည်း (၁၆) ရက်ကို ပြောင်းလိုက်ရတယ်။ ကိုယ့်ဒဏ်ရာကြောင့် ...မှတ်တရ ဓာတ်ပုံရိုက်ကြရာမှာတောင် မျက်မှန်မချွတ်နိုင်သေးတဲ့ဘဝပါ။

ရုပ်ရှင်ရိုက်ဖို့ကိုတော့ ဒဏ်ရာတွေပျောက်မှလို့ စီစဉ်ကြရပါတယ်။ ...ထမတော့ ရိုက်တောင် မရိုက်တော့ဘူး။ ဖျက်တော့မယ်လို့ စိတ်ကူးပါတယ်။ ...ကိုယ့်ဘဝကို စိတ်ပျက်နေတဲ့ကာလကိုး။ နောက်တော့လည်း ဘာပဲဖြစ်ဖြစ် ...ကြိုးစားမယ်လို့ ဆုံးဖြတ်ရပါတယ်လေ။ ဘဝကို အရှုံးပေးရာကျမှာစိုးလို့ပေါ့။ ...နောက်ထပ် ''သူ့ကိုချစ်သည်''နဲ့ ''မန်ဒါလီ'' ပါ ဆက်တိုက်ရိုက်ဖို့ လက်ခံ ...လိုက်တယ်။

ရုပ်ရှင်ကန်တော့ပွဲမှာ လာပြီးနှုတ်ဆက်အားပေးကြတဲ့သူတွေကို ကျေးဇူး ...တင်ပြုံးပြနေခဲ့ရပေမယ့် ရင်ထဲက ငိုနေရတာပါ သူငယ်ချင်း။ ရုပ်ရှင်နယ်ကိုကူး ...နိုင်ခဲ့ပြီ၊ ပထမအရစ် ငွေလက်ခံပြီးပြီ၊ ကိုယ်မပျော်နိုင်ပါဘူး။ အိမ်ရောက်တော့ ...သည်း အခန်းထဲမှာ တစ်ယောက်တည်းရယ်။ ခါတိုင်းလိုသာဆိုရင် မောင့်ကိုပြပြီး ...မ်းသာရမှာလို့ သတိရပြီး မျက်ရည်ကျရတယ်။

ကိုယ်ရှာဖွေခဲ့သမျှ ဒီလင်အတွက် ပထမ၊ ရင်သွေးက ဒုတိယ။ ကျွန်တော ...အိမ်မှုကိစ္စအဝဝ ဖြစ်ခဲ့ပေသကိုးကွဲ့။ အိုကွယ် နောက်ဆုံးတော့ ကလေးတွေ ...အတွက် ဖြစ်သွားတာပေါ့လို့ စိတ်ကိုတင်းရင်း ဒီငွေတွေလည်း မကြည့်ချင်ဘူး။ ...ကလေးတွေဖို့ သိမ်းပါတော့လို့ မေမေ့လက်ထဲ အပ်လိုက်ရတယ်။

ကိုယ်သတိရနေသလို သူလည်းစိတ်မကောင်းဖြစ်နေမှာလို့ ကိုယ်ချင်းစာ ...စိတ်နဲ့ တွေးမိပါတယ် သူငယ်ချင်း။ ခက်တာက သူ့ဘက်ကျ တစ်ပြားမှ ...အိုးကွ။ အိမ်ပြန်လာရင် ဆူတာဆောင့်တာ အမြဲရှိနေသေးတာ။ ဘာရန်း ဘာ... ...ဘာသရဲမှ မယုံဘူးဆိုတဲ့သူက ကလေးတွေ မီးပုံးချိတ်တဲ့အပ်ချည်ကြိုး... ...တော့ သူ့ကို မဟုတ်မဟတ်လုပ်တယ် ဘာဖြစ်တယ်၊ တန်ဆောင်တိုင်မှာ မီးထွန်း... ...မှာမို့ မဖြုတ်တာပါလို့ ကလေးတွေက ဝင်ပြောကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စိတ်မပြောင်းတော့ဘူးဆိုတာ သိတယ်ထင်ပါရဲ့၊ နှစ်ရက် သုံးရက် လောက်ပဲ အိမ်မှာနေပြီး တစ်ခါပြန်မလာပြန်တော့ဘူး။ ကိုယ်လည်း မဆိုင်းအောင် နေခဲ့ပေမယ့် စိတ်တော့ အပူသားသူငယ်ချင်း။ သူက ဖုန်းဆက်လို့ ပြောဖြစ်လည်း အဆင်မပြေပါဘူး။ ကောင်းတဲ့စကား မကြားရတော့ ဒေါသနဲ့သာ ကျန်ခဲ့ရတယ်။ သူကပြောတာ ကြည့်ဦးလေ "အေးဖေဖေနဲ့ မေမေကို အိမ်ပေါ်မှာ ခေါ်မထားပါနဲ့" တဲ့။

ကိုယ်က ခံမှန်ဖူးတဲ့စာသူငယ်ပါကွယ်၊ သူ့ကို မယုံနိုင်ပါဘူး။ နောက်တစ်ခါ ဆို ဒါ့ထက် ပိုမဆိုးဘူးလို့ မပြောနိုင်ဘူးလေ။ ကိုယ်သေရဲတယ်ထားတော့ ကလေး တွေကို စိတ်မချနိုင်သေးဘူးကွဲ့။ လူတွေကလည်း ဝေဖန်လိုက်ကြတာ အမျိုးမျိုး နားမခံသာဘူး၊ ဒါတွေကြုံရလေ စိတ်ထဲ ဖြေမရလေဘဲကွယ်။

ကလေးတွေအတွက် မစဉ်းစားတော့ဘူးလားဆိုတဲ့ စကား အကြားရဦးမယ် ပေါ့။ သူတို့စဉ်းစားတယ် စိုးရိမ်တယ်ဆိုတာ ကာယကံရှင်ကိုယ့်ထက်သာပါ့မလား ဝမ်းနဲ့လွယ်ခဲ့ရတဲ့ မအေအရင်းခေါက်ခေါက်ပါ သူငယ်ချင်းရဲ့။ ကိုယ့်ထက်ပိုနိုင် မယ်လို့ လက်ခံစရာအကြောင်း တွေးမရပါဘူးကွာ။

ကလေးတွေအဖေက သုံးလေးရက်လောက်ပျောက်နေပြီး ပြန်လာတယ်။ သူတစ်ယောက်တည်းတော့ မဟုတ်ဘူး သူငယ်ချင်းရဲ့။ သူ့အမေရယ် ပထွေးရယ် သူတို့ကရလာတဲ့ ညီမတော်နှစ်ယောက်ရယ် ခေါ်လာတယ်။ မင်းတောင်မှ မင်းမီး တွေ တင်ထားသေးတာတဲ့၊ ဆန့်ကျင်လိုတဲ့ သဘောနဲ့ပေါ့ကွာ။

ကိုယ်ခေါ်ထားရတာက သူငယ်ချင်းသိတဲ့အတိုင်း လုံခြုံမှုအတွက်ပါ ကျန်းမာသေးတာမှ မဟုတ်တာ၊ ဒါကို အခွင့်အရေးတစ်ရပ်အနေနဲ့ တုံ့ပြန်ပြီလား တော့ မကျေနပ်တာထက် စိုးရိမ်တာပိုများလာရတယ်။ တစ်အိမ်ထဲနေတဲ့ လင်မယား ချင်း အဆင်မပြေလို့ အခန်းခွဲနေကြရတဲ့အထဲမှာ နှစ်ဖက်အမျိုးတူနေလို့ တစ်ဖက်ဖက် က ပြဿနာရှိလာရင် နောက်တစ်ချီရန်ပွဲ ခြိမ့်ခြိမ့်သဲမှာ စိုးရတယ် မဟုတ်လား။

ကိုယ်ဖြင့် ရုံးသာရောက်နေရင် အိမ်မှာဘာတယ်လိုများဖြစ်နေကြမလဲ၊ ရင်တမမ နဲ့ အလုပ်ထဲ စိတ်မဝင်စားနိုင်ဘူး။

ကလေးတွေလည်း ဖအေနဲ့မအေကြားမှာ မျက်စိသူငယ်ဖြစ်နေတာ၊ ကိုယ့် အိမ်မှာ ကိုယ်နေရင်း အိမ်တွင်းပုန်းမ ဖြစ်နေရတဲ့ကိစ္စကလည်း အကြောင်းရှာ စရာ မမြင်နဲ့ စိတ်ပင်ပန်းပါတယ်ကွယ်။ သူ့အခန်းထဲ သော့ခတ်ထားတဲ့ ပစ္စည်း ပျက်စီးတာကအစ အကြိမ်းအမောင်းခံလိုခံရ တရားခံဖြစ်လိုဖြစ်ရနဲ့ပါကွယ်။





ရီကော်ဒါဖွင့်မရလို့တဲ့ သူငယ်ချင်း၊ ရေဒီယိုပစ္စည်းဖျက်ဆီးဖို့ဆိုတာ ဝေး လို့ အခန်းဘက်တောင် လှည့်မကြည့်ခဲ့ပါဘူး။ မျက်နှာချင်းဆိုင်ရမှာ ကြောက် လွန်းလို့ပါ သူငယ်ချင်းရယ်။

စိတ်ယုတ်မာလို့ရှိရင် ကိုယ်က အိမ်မှာကျန်နေခဲ့တဲ့သူပဲ၊ လိုချင်မျက်စိနဲ့ အစကတည်းက ယူထားလိုက်ရင် ရတာပဲလို့ သူ မတွေးတော့ဘူးလား မသိပါ ဘူး။ အင်းလေ လူဆိုတာမျိုးက အပြစ်လိုမြင်နေချိန်မျိုးမှာ မှားမှားမှန်မှန် အမှားပဲ မြင်တတ်ကြတာဆိုတော့ ခွင့်လွှတ်ရပါတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

တစ်နေ့တော့ ဆေးရုံသွားချင်လို့ ကလေးတွေကို ကားသော့တောင်းခိုင်းပါတယ်။ ချစ်သက်လက်ဆောင်လေးတွေက ရှိသေးတော့ ဆေးရုံပြရတုန်းလေး သူမရောက်ခင်က တာမွေက အစ်မကြီးတစ်ယောက်ရဲ့ကားနဲ့ လိုက်ပို့ပေးတာပါကွယ်၊ ကြာတော့ အားနာရမှာပေါ့၊ လင်တစ်ယောက်လုံး ပြန်ရောက်နေမှတော့ သူများ အကူအညီယူရတာ မသင့်တော်ဘူး သူငယ်ချင်း။ သူ့အတွက် သိက္ခာကျမှာ စိုးရသေးတာကိုး။ ဒါလောက်တော့ သူသိလိမ့်မယ် ညာတာလိမ့်ဦးမယ်လို့ ကိုယ်မျှော်လင့်မိတာပေါ့။ သူက မပေးနိုင်ဘူးလို့ ငြင်းလိုက်တယ် သူငယ်ချင်း။

ဝမ်းနည်းလွန်းလို့ ငိုရပါတယ်။ ချစ်ခဲ့တာလေးတွေမှ မတွေးတော့ဘူး။ မျက်နှာလွှဲရက်လှချေလား၊ ရက်စက်နိုင်ပါ့လားလို့ မချိတင်ကဲ ဖြစ်ရတယ်။ တွေးရင်းက ရင်ထဲနာတယ်၊ စိတ်လည်းနာတယ်။ ဒါလောက်ဖြစ်လာရတော့လည်း ပုထုဇဉ်တို့သဘာဝ "ငါ" ဆိုတဲ့ အတ္တက ဝင်လာတယ်။ ငါ့ပစ္စည်း ငါ့ဥစ္စာနဲ့ ငါ့ကို မဆိုင်သလို လုပ်ရက်လေခြင်းဆိုတဲ့ မကျေနပ်ချက်ကလေးပေါ့။ သူ့မှာတော့ မနက်ဆို ကားလေးနဲ့ ကျော့လို့ မော့လို့ ထွက်တတ်တာကိုး။ ကိုယ်က လည်းမှီ ရုံးသွားဖို့ဆို မတောင်းပါဘူး။ ခုတော့ အောင့်သက်သက်ဖြစ်သွားတာပေါ့။

ဒီလို စိတ်မကောင်းလိုက် မကျေနပ်လိုက်နဲ့ အထာမကျနေတုန်းမှာ ကိုယ့်မှန်တင်ခုံ အံဆွဲထဲက ကားသော့အဟောင်းတစ်ခု အစ်ကိုက ရှာတွေ့လို့ လာပေးတယ်။ အဲဒီသော့က ကားသော့အိမ်နဲ့ချောင်နေလို့ မသုံးဘဲ ပစ်ထားတာမို့ ကိုယ့်အံဆွဲထဲ ရှိနေတာတောင် သတိမရပါဘူး။ ခုတွေ့တဲ့သူက တွေ့လို့ လာပေး





တော့ ဝမ်းသာသွားတယ်။ ဒါနဲ့ သူပြန်ရောက်တဲ့ အချိန်ကျရင် ဒီသော့သုံးလို့ ရ၊ မရ စမ်းကြည့်မယ်လို့ တစ်ယောက်တည်း ကျိတ်စဉ်းစားတော့တယ်။

သူပြန်ရောက်တော့ ညဉ့်နက်လှပါပြီ။ ဒါပေမဲ့ ကိုယ့်မှာ မျက်လုံးကိုက်လို့၊ ရင်ဘတ်အောင့်လို့ ညတိုင်းအိပ်မရတဲ့ကြားက ဒီညတော့ ကားသော့စမ်းချင်တဲ့ ရောဂါလေးပါတက်နေလို့ ပိုမအိပ်နိုင်တော့ဘူး သူငယ်ချင်း။ အားလုံးအိပ်ပျော်ချိန်လောက်ကျမှ အသာလေးနောက်ဖေးလှေကားကဆင်း ကားထားတဲ့နေရာသွားတာပေါ့။ ကိုက်သုံးရာနီးပါးဝေးတဲ့ နေရာကိုရောက်ဖို့ လမ်းမှာ သုံးလေးခါ နားယူရတယ်။ ဒဏ်ရာနာတာတစ်မျိုး၊ ကုန်းပေါ်တက်ရလို့ မောတာကတစ်မျိုး၊ မျက်ရည်တောင်ကျချင်တယ်၊ နေပါစေတော့လို့တောင် အိမ်ပြန်လှည့်သွားချင်မိတယ်။

မခံချင်စိတ်ကလေးက ရှိတော့ ရောက်အောင် လေးဖက်ထောက် တက်မိတော့တာပဲ။ ကားတံခါးအသံမမြည်အောင်ဖွင့် ကားထဲအသာလေးဝင်ထိုင် ကားသော့ တပ်ကြည့်လိုက်တော့ ကားနှိုးလို့ရမယ်လို့ သိနိုင်တဲ့ မီးနီလေး ရဲသွားတာမြင်ရလို့ ဝမ်းသာလိုက်တာ ပျော်လိုက်တာလေ ထခုန်ချင်မိတယ်။ အင်း စိတ်ကသာ မြူးသွားလို့ ခုန်ချင်တာ လမ်းလျှောက်တာတောင် အနိုင်နိုင်ပါကွာ။

ကားစက်နှိုးနိုင်တယ်ဆိုတာလည်း သိရော ဘာပဲဖြစ်ဖြစ် မောင်းထွက်သွားတော့မယ် စိတ်ကူးတယ်။ ငါက ကောင်းကောင်းမွန်မွန် လူလိုတောင်းတာမှ မပေးဘဲ၊ ငါ့ကိုမှ မသက်ညှာဘဲလို့ ကလေးတွေးတွေး ဒေါသထွက်နေ့ကိုး။

အဲ··· အဲ ဒါပေမဲ့ နာရီကြည့်လိုက်တော့ ညတစ်နာရီကျော်ရုံလေး ရှိသေးတယ်ကွ။ ကိုယ် ဘယ်ကို မောင်းသွားရမလဲ အသိမိတ်ဆွေတစ်အိမ်အိမ်ကို မောင်းယူသွားပြန်လည်း သူများတကာ အထိတ်တလန့် အနှောင့်အယှက်ဖြစ်ရင် မကောင်းဘူး မဟုတ်လား။ အားမနာတတ်လို့၊ ငါ့ဝမ်းပူဆာမနေသာလို့ မောင်းထွက်သွားပါပြီတဲ့၊ ဒါလောက် သံသယကြီးနေတဲ့သူက ဘာထင်မလဲ၊ ထပ်ပြီး သံသယ ပိုလာမှာပဲပေါ့၊ ဒါနဲ့ စိတ်ခတ်ကျပြီး အိမ်ပေါ် ပြန်တက်ခဲ့ရပြန်ရော။

အိပ်ရာပေါ်မှာ တလူးလူးနဲ့ ငါတောင်းတာမပေးဘူး၊ သက်သက်ညှဉ်းဆဲတာလို့ ကိုယ့်စိတ်ကိုယ်ဖြေလို့ မရလိုက်တာ။ အရုဏ်တက်အုန်းမောင်းသံ ကြားလိုက်ရတဲ့အချိန်ထိပဲကွာ၊ ဒါဆို မိုးလင်းတော့မယ်လေ၊ သူကလည်း အနှိုးထနေ ထွက်တာနဲ့ နိုးတတ်တာ သူငယ်ချင်းရဲ့။ ကိုယ်ကားမောင်းယူသွားမယ်ဆိုရင် နာရီဝက်အတွင်း ယူမှရမှာ သေချာတယ်လေ။ သူက မပေးဘူးဆိုရင် ရအောင်ယူ



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုတဲ့ မခံချင်စိတ်နဲ့ အိပ်ရာက ချက်ချင်းထ ကားဂိုဒေါင်ရောက်လို့ တံခါးလည်း ဖွင့်ရော ကိုယ့်ခြေဖဝါးကို သံစူးတော့တာပဲကွာ။

သံက သုံးလက်မလောက် ရှိမယ်ထင်တယ်။ ခြေဖနောင့်မှာစိုက်နေတော့ နုတ်လို့မရဘူး။ ဒါတောင် တစ်ဝက်ကျော်ကျော်လောက်က သစ်သားတုံးထဲ ဝင်နေလို့ ဆရာ၊ ကိုယ်လည်း ခြေထောက်နာတာ၊ မနာတာ ကြည့်မနေအားပါဘူး သံစူးရက်ကြီးနဲ့ပဲ ကားပေါ်တက် စက်နှိုးလိုက်ရတယ်။ ကားက ချက်ချင်းနိုးသွားလို့ ကိုယ့်ကားကိုယ် အတော်အံ့သြတယ်။ ခါတိုင်း သုံးလေးခါနှိုးမှ ရတတ်တာကွ။ ခု တစ်ချီတည်းနဲ့ နိုးသွားလို့ ပိုတောင်မှ ချစ်မိသေးတော့တယ်။

ကားကို နောက်ဆုတ်၊ ကားပေါ်ရောက်တော့ ကားဦးတည့်တဲ့ဘက် မောင်းထွက်ခဲ့တာ ထိတ်ထိတ်ပျာပျာနဲ့ဆိုတော့ ဘယ်ဘက်ထွက်လိုက်မိမှန်း မသိဘူး။ သတိရတော့ ဘောင်ဒရီလမ်းဘက် ရောက်နေပြီ။ ဒီတော့မှ ကားအသာလေး ရပ်ရတယ်။ ဒါတောင် ကြောက်လိုက်တာ၊ စက်တောင်မရပ်ဝံ့ဘူး၊ ပြန်နှိုးလို့မရရင် ဒုက္ခလေ၊ မရပ်လို့လည်း မဖြစ်တော့ဘူး သူငယ်ချင်းရဲ့။

သံစူးတဲ့နေရာက အရမ်းနာပြီး သွေးတွေထွက်နေလို့ပေါ့။ လူမမာအားနဲ့ တော့ နုတ်လို့မရဘူး။ ဒါနဲ့ ကားအောက်ခဏဆင်းပြီး ကားဘန်ဘာနဲ့ ချိတ်ဆွဲ နုတ်ယူရတယ်။ သွေးက သိပ်ထွက်နေတော့ ခေါင်းကိုမူးလာတာပဲ။ ဒါပေမဲ့ ဘယ်သွားလို့ သွားရမှန်း မသိသေးပါလားဆိုတာ သတိရသွားတော့ ကိုယ့်ကိုယ် ကိုယ် မသနားနိုင်သေးဘူး။ တွေးရတယ်လေကွယ်။

ကိုယ်ရောက်နေတဲ့နေရာနဲ့ အနီးဆုံးလည်းဖြစ်ရမယ်၊ လူကြီးသူမတွေ ရှိတဲ့အိမ်မှ သင့်တော်မယ်မဟုတ်လား၊ ဒါနဲ့ ကိုယ့်ဓာတ်ပြားကူမှုဏီပိုင်ရှင် အိမ်ဟာ အကောင်းဆုံးလို့ပဲ ဆုံးဖြတ်ပြီး ကားဆက်မောင်းသွားရတယ်။ သူတို့အိမ်ထ ဓီဝိတဒါန ဆေးရုံနားလေးတင်ကိုး။

မိုးမလင်းခင်ရောက်လာတဲ့ ကိုယ့်ကိုမြင်တော့ တစ်အိမ်လုံး လန့်ထိတ်ကုန် တာပေါ့။ ခြေဖဝါးက သွေးမြင်တော့ လင်မယား ထပ်ပြီးသတ်ကြပြန်ပြီလို့ ထင်ကြ တာလေ။ ကိုယ် အဲဒီအိမ်ရောက်မှ ဘဝင်ကျနိုင်တော့တာပါ၊ သံစူးတဲ့နေရာ ဓာတ်ဆီ လောင်း၊ ပတ်တီးစည်းကြနဲ့ အိမ်သားအားလုံး ယောက်ယက်ခတ်သွားတယ်။

ပြီးမှ ကိုယ်က ဇာတ်ကြောင်းပြန်ရတယ်။ ဒီတော့မှ သူတို့လည်း ကိုယ့် ကားကိုယ်ပြန်ခိုးလာရတဲ့ ကားသူခိုးမလေးဖြစ်နေမှန်း သိကြတော့တာပဲ။ ပြဿနာ





ဆက်ဖြစ်မှာစိုးလို့ သူတို့ပဲ အိမ်ကို ဖုန်းဆက်ပြောပြပေးကြပါတယ်။ အိမ်မှာ ဗျာဗျာ ဆလဲတော့ ဖြစ်နေကြတယ်။ ဒါပေမဲ့ ဖေဖေရှိနေတော့ ဟိုတစ်ယောက် သိပ်ပြီး ခုန်းဒိုင်းကြဲမှာ မဟုတ်ပါဘူး။

အိမ်ကို လှမ်းပြောဆိုပြီးမှ အဲဒီအိမ်ကကားနဲ့ သံဆိပ်မတက်ရအောင် ဓီဝိ တဒါနဆေးရုံသွားပြီး ဆေးထိုးရတယ်။ သွေးထွက်များလို့ ခေါင်းကမထူနိုင်တာနဲ့ အဲဒီအိမ်ပြန်နားနေရသေးတယ်။ ရုံးကိုလည်း နောက်ကျမယ်လို့ ဖုန်းဆက်ရတယ်။ သူမရှိလောက်တော့တဲ့ ဆယ်နာရီခွဲလောက်မှ အိမ်ကိုပြန်မောင်းသွားရတာ။ လမ်းမလျှောက်နိုင်တော့ ကားပါ အိမ်ထဲအထိ ဆင်းသွားရတယ်။

အခြေအနေမေးတော့ ကိုယ်ထွက်သွားတာကို သူနိုးလို့ အိမ်ကထွက်ဖို့ ကားဂိုဒေါင်ရောက်မှ ကားမရှိမှန်း သိကြတာကိုး။ ဒီတော့မှ ကိုယ်ပါ မရှိတာ သိကြတာ။ ကား ဘယ်သူ ယူတာလဲလို့တော့ မေးသေးသတဲ့။ ကိုယ့်ဖေဖေက ကိုယ်ယူသွားတာနေမှာပေါ့လို့ ပြန်ပြောသတဲ့။ ဒါဆို သူတစ်ယောက်တည်းတော့ မဖြစ်နိုင်ဘူး၊ တစ်ဦးဦးရဲ့ အကူအညီတော့ ပါမှာပဲဆိုသတဲ့။

ကဲလေ… သက်ကြင်းမှာ မဟုတ်ဘူးလို့ ကိုယ်တွေးမိတာလွန်သလား၊ ကိုယ့်လူအကြောင်း ကိုယ်အသိဆုံးပေါ့။ ကိုယ့်အဖေအမေကတောင် သူပြောတာ ဟုတ်သလားလို့ မေးကြတယ်။ ကောင်းရော၊ သူတို့ ရိုးလွန်းအလွန်းတာကို စိတ် တောင် တိုမိတယ်။

"လူဖြင့် ဘယ်မှ မသွားနိုင်တဲ့အထဲ၊ ကားသော့လည်း ညကမှ အစ်ကို လာပေးတာ မတွေ့ဘူးလား" လို့ ညည်းပစ်လိုက်မိတော့တယ်။

သူရုံးမသွားခင်ကတော့ ကိုယ့်အစ်ကိုကို ပြောသွားတယ်တဲ့ကွာ၊ ကားကို နှစ်ယောက်အတူသုံးမယ်၊ နှစ်ယောက်သွားကြပြန်ကြတဲ့အခါ အစ်ကို ကြိုပို့ပေး ပါတဲ့လေ။ ကိုယ်မပြုံးဘဲ ဝါးလုံးကွဲသာ ရယ်လိုက်ချင်တော့တယ်။ ဒီတစ်နေ့ တားဒုက္ခစပြီးတွေ့ရတာလေးတော့ မခံနိုင်ဘူးလေ။ ကားအတူသုံးပါမတဲ့၊ ကြိုပေး ပို့ပေးပါဆိုတာက ပါသေး။

ကိုယ်လည်း ရုံးသွားရဦးမှာဆိုတော့ ခဏမှေးပြီး ကားပြန်ထွက်ခဲ့ရ ရတယ်။ ကားလုံးဝနှိုးမရပြန်တော့ဘူး။ တတ်သရွေ့ မှတ်သရွေ့ ဟိုစမ်းဒီစမ်း ကြိုးစတွေ လိုက်ကြည့်တော့ မီးကူးတဲ့ ကြိုးပြုတ်ပြီး ထိရုံလေးဖြစ်နေတာ တွေ့ ရတာကိုး။ မော်တာကြိုးဖြုတ်ထားတယ်လို့ ကိုယ်တွေးမိတော့တယ်။ ဟုတ်ချင်မှ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်မယ်ပေါ့လေ၊ ကိုယ်ထင်တာကိုယ်ပြောရရင်တော့ စက်အကြောင်း ကိုယ်အသိတာမှ မဟုတ်တာ၊ ဒီလိုကြိုးဖြုတ်ထားရင် ကားဘယ်နိုးလို့ရမလဲ၊ ကိုယ်ကကံကောင်းချင်တော့ ကားဂိုဒေါင်က ကားခေါင်းဘက်ကို ဦးစိုက်နေလို့ မော်တာကြိုးထိနေပြီး နိုးနိုင်တာဖြစ်မှာပဲလို့ စဉ်းစားမိတာပေါ့ကွာ၊ သံလည်း တမင်ချထားတယ်လို့ သံသယဖြစ်မိတာပဲ၊ ဘီးပေါက်အောင် သံထောက်ထားတာ မဖြစ်နိုင်ဘူးလားကွာ၊ ဒါကြောင့်သာ သူ့အကြောင်း သူသိလို့ အကူအညီမပါဘဲ ကားမောင်းလို့ရမှာမဟုတ်ဘူး ပြောတာနေမှာပေါ့။

ကိုင်း… ခုတော့ ကားကကိုယ့်ဆီရောက်နေပြီ၊ သူ့ကိုကြိုပို့ပေးဖို့ ပြောနိုင်နေပြီလေ။ ဟင်း… ဟင်း သူ့လက်ထဲ ကားရှိနေတုန်းက ကိုယ့်ဒုက္ခကိုယ့်အခက်အခဲကို သူက ဂရုစိုက်ခဲ့လို့လား သူငယ်ချင်းရဲ့။ ကဲပါလေ ကိုယ့်အတွေးကလေးဆန်တယ်ပြောပြော ကိုယ်ဒီလိုစိတ်မျိုးဖြစ်ရတာ ဆန်းသလား၊ ဒုက္ခဆိုတာဒါပဲဟေ့ဆိုတဲ့ ကိုယ်ချင်းစာတရားလေးကိုတော့ သူနားလည်စေရမယ်ပေါ့ကွယ်။

အဲဒီနေ့ကစပြီး ကားကို ရုံးမှာပဲ ထားခဲ့တော့တယ်။ အိမ်ကို တစ်ညမှ ပြန်မယူလာတော့ဘူး။ ရုံးက ကားတာဝန်မှူး အဘရယ် ကိုယ်ရယ် ကိုယ့်အစ်ကိုရယ်ကလွဲလို့ အခြားသူတစ်ယောက်ယောက် ရုံးထဲကမောင်းထွက်လာခဲ့ရင် ရုံးဂိတ်ရဲကင်းက တားထားဖို့ တရားဝင်ပြောထားလိုက်တယ် မှတ်ကရော။

ကဲ… သူငယ်ချင်းရေ၊ ကိုယ့်အဖြစ်မျိုး မင်းကြားဖူးပါ့မလား၊ ကိုယ်တော့ သူများပစ္စည်း မခိုးခဲ့ရဖူးပေမယ့် ကိုယ့်ကားကိုယ်ပြန်ခိုးရတဲ့ဘဝ ရောက်ခဲ့ရပါကောလား၊ ဖြစ်သမျှအကြောင်း အကောင်းချည်း ထားပါတော့ကွာ။

ဒီသဘောထားနဲ့ နေရပေမယ့် ဘဝင်လည်းမကျ ရင်ပဲ မ,နေရတဲ့ရက်တွေများလာတော့ အိမ်ကို ကြောက်လာတယ်။ နေ့တိုင်း ငရဲကျနေရသလိုပဲကွယ်။ အဖေတို့၊ အမေတို့နဲ့ ပြန်နေချင်တယ်ဆိုတော့လည်း မိဘတွေကတားကြတယ်။ မဖြစ်ပါဘူးတဲ့။ အိမ်ကဆင်းတယ်ဆိုတာ မိန်းကလေးက မလုပ်သင့်တဲ့ကိစ္စတဲ့။ အင်းလေ ကိုယ့်စိတ်ကိုလည်း အဖေအမေတို့က ဘယ်ယုံကြည်ကြလိမ့်မလဲ၊ သိပ်ချစ်တယ်ဆိုတာ သိနေကြတာကိုး။ တစ်ခါကလည်း လိုက်ခေါ်ပြီးပြီ မဟုတ်လား။

ခု မနေချင်တော့ပါဘူးလို့ ဆင်းသွားပြီး ပြန်တက်ရရင် ရှက်စရာကြီးလို့ တွေးကြတယ်ထင်ပါရဲ့။ ပြီးတော့ မိန်းကလေးက ဆင်းသွားတယ်ဆိုရင် ပတ်ဝန်းကျင်က အမျိုးမျိုး သံသယဖြစ်လာလိမ့်မယ်၊ သည်းခံပြီးနေပါလို့ ဖျောင်းဖျ





ကြတယ်။ ကိုယ့်လုံခြုံမှု ကိုယ့်ကျန်းမာမှုအတွက် ကိုယ်တို့ အေးအေးချမ်းချမ်းဖြစ်ကြတဲ့နေ့အထိ နေပေးမယ်တဲ့။ သဘောကတော့ စိတ်ပြေရင် ပြန်ပေါင်းကြ၊ သူတို့ စိတ်ချရရင် ပြန်မယ်ပေါ့ကွာ။

မိဘတွေ ဘယ်လို နှစ်သိမ့်ပေမယ့် ကိုယ်က ဒီဘဝ ဒီမျှသာလို့ ဆုံးဖြတ်ခဲ့ပြီးပြီ၊ တစ်နေ့ထက်တစ်နေ့ မတွေ့ချင်တာတွေ့ရ မကြားချင်တာကြားရ အိမ်တွင်းမှုန်းလုပ်ရတဲ့ ဘဝလည်း စိတ်ပျက်၊ မပေါင်းတဲ့အတူ ဝေးဝေးနေတာ သက်သာမယ်ဆိုတာပဲ တွေးမိနေတော့တယ်။

နိုဝင်ဘာလ (၃၀) ရက်နေ့မှာ ကိုယ်က ရုံးမှာ တာဝန်မှူးကြီးတာဝန်ကျနေတယ်။ ဒီအတွေးတွေနဲ့ပဲ တစ်နေ့လုံး တဝဲလည်နေရင်းက ဥက္ကလာပြန်တော့မယ်ဆိုတာပဲ စိတ်ကူးပေါက်နေပါတယ်။ သူလည်း ကိုယ့်ဆီ မကြာခဏဖုန်းတော့ဆက်သား၊ ပထမ အကောင်းပြောရင်းနဲ့ ပြီးလည်းပြီး ဒေါသနဲ့ဖုန်းချ နေ့စဉ်နဲ့အမျှစိတ်ညစ်ရလွန်းတော့ သူ့အသံကြားတာနဲ့ ဖုန်းပြန်ချမိလောက်အောင် ဖြစ်နေခဲ့ပြီကိုး သူငယ်ချင်းရဲ့။ ညနေပိုင်းရောက်တော့ မေမေ့ဆီ ဖုန်းလှမ်းဆက်လိုက်တယ်။

"မေမေရေ၊ စိတ်ပြေလက်ပျောက် ဥက္ကလာခဏသွားရအောင် ကလေးတွေကျောင်းကပြန်လာရင် မေမေတို့သွားနှင့်ပါ၊ ဂျူတီပြီးရင် သမီး ဥက္ကလာကို လာခဲ့မယ်။ ဟိုက စောင့်နေပါ" လို့ ပြောပြီးတာနဲ့ ဖုန်းချလိုက်ရတယ်။

ဘာလို့လဲသိလား၊ မေမေ့ဆီက စကားပြန်ပြောနေရင် မသွားဖြစ်မှာစိုးလို့၊ ခုတော့ အေးရော၊ ကိုယ်က သွားမယ်ဆိုရင် သွားမယ်ဆိုတာ သူတို့သိကြတယ်လေ။ သွားမစောင့်လို့ မဖြစ်ဘူးဆိုတာသိတော့ သွားကြမှာပဲလို့ ကိုယ်တွေးပြီးသားသူငယ်ချင်း။

ညဆယ်နာရီခွဲတော့ ဥက္ကလာကို ပြန်သွားတယ်။ ကိုယ့်တွက်ကိန်းအတိုင်းပါပဲ၊ အားလုံးရောက်နေပြီလေ။ ဒီတော့မှ ကိုယ်က အပြီးပြန်လာတာလို့ အသိပေးလိုက်ရပါတယ်။ ကိုယ်ကဇွတ်လုပ်တော့ မိဘလည်း ကြည့်နေရတော့တာပေါ့ကွာ။

သူငယ်ချင်း… ကိုယ်စိတ်ချမ်းသာမှုပဲ လိုချင်တော့တယ်၊ ဘယ်အရာတွေစိတ်ချမ်းသာတာလောက် တန်ဖိုးမရှိပါဘူးကွာ၊ စိတ်ဆင်းရဲရတာကြာရင် အသေတိုမှာပဲ။ ကိုယ်အိမ်မှာဆက်နေလို့ကတော့ စိတ်ညစ်ပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်မိချင် သေမိမှာကွ။ ဒါ့ကြောင့် ပြန်ဖို့ ဆုံးဖြတ်လိုက်ရတာပါ။

ဘာပစ္စည်းမှလည်း မမက်ပါဘူး၊ ကိုယ့်မှာခြေလက်အင်္ဂါစုံပါသေးတယ်



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း။ အသက်ရှိနေသေးသရွေ့တော့ အလုပ်လုပ်နိုင်တာပဲ။ ကိုယ့်သားအစ်ကိုယ်တာဝန်ယူနိုင်မှာလို့ ယုံကြည်တယ်။

ဒီဇင်ဘာ (၁) ရက်နေ့မှာ ကားငှားပြီး ကိုယ့်ပစ္စည်းတွေ အိမ်ကသွားသယ်ခဲ့တယ်။ ဒီတော့မှ ရွှေယောက္ခမက တားတော်မူလိုက်တာ ငိုကြီးရှိက်ကြီးနဲ့ ကိုယ်ကတော့ အော်အော်ပြီး ရယ်တာပေါ့၊ အပိုတွေ မူရာမာယာများမနေစမ်းပါနဲ့ ဆိုတဲ့ သဘောမျိုးပါ၊ သူ့မျက်နှာ သူ့အမူအရာမြင်ရတော့ ကိုယ့်အတွက် ပျော်ရွှင်ရင်း ခံနဲ့ပေါက်ချင်ရင်း ဖြစ်ရပါတယ် သူငယ်ချင်း။

သူ့စနက်ကြောင့် ကိုယ်တို့မှာ အိမ်ထောင်ဦးကစပြီး အဆင်မပြေရတာတွေက ရုပ်ရှင်ပြသလို တစ်ခုပြီးတစ်ခု အတွေးထဲ ပေါ်လာတာကိုး။

ကြည့်… ခိုးရာလိုက်ဘဲ့နေ့က ကိုယ့်အိမ်က သူ့အိမ်သွားမေးကြရာကြတော့ ကိုယ်က အများတကာနဲ့ ဗိုက်ကြီးလို့ သူ့သားကို ယူနိုင်းတယ်ဆိုတာဟုတ်သလားလို့ မေးတဲ့စကား။

ညှော်ခံပွဲ မတိုင်ခင်ညက ကိုယ်ဟာ အပျိုမဟုတ်ပါဘူး၊ စစ်ဗိုလ်တစ်ယောက်နဲ့ ယူခဲ့ဖူးတာပါလို့ သားကို အပြောခိုင်းလို့ မင်္ဂလာပွဲပျက်ရတော့မလို ဖြစ်ခဲ့ရတာ။

သူ့သမီး ချိန်းစကားပြောလို့ အချိန်နဲ့ မရောက်တာကို ကိုယ်က စိတ်ဆင်းရဲအောင်ထားလို့ မနေချင်အောင်လုပ်လို့နဲ့ တွန်းခဲ့တိုက်ခဲ့တာတွေ။

သူ့သမီးအဖြစ်ကို မိဘစိတ်နဲ့ ပြုပြင်ပေးဖို့ တိုင်ခါမှ တရားခံဖြစ်အောင် လူရှေ့သူရှေ့မရှောင် အော်ကြီးဟစ်ကျယ် ရန်ထောင်တာ။

ရေးရရင် မကုန်ဘူး သူငယ်ချင်း၊ ကြိုးကြာဥနဲ့ သံပရာသီး လဲကျွေးတဲ့ ချွေးမမျိုးဆိုတာက ပါသေး။ ဒါမျိုးတွေကို ကိုယ်က ကမ္ဘာကုန်ကျယ်သရွေ့ ဘယ်မေ့လိမ့်မလဲပေါ့ကွာ… စဉ်းစားလေ ဒေါသဖြစ်လေ နာလေပဲ။

"ဒီမယ်… ရှင့်သားကိုပြောလိုက်၊ ကျွန်မက တစ်ပြားတန်ကို တစ်ဆယ်တန်အမှတ်နဲ့ တန်ဖိုးထားခဲ့မိလို့ ဒုက္ခခံရတယ်ဆိုတာကို သိသွားပြီလို့၊ ဘယ်တော့မှ ပြန်ပေါင်းဖို့ စိတ်မကူးပါဘူးလို့"

မာန်အပြည့်နဲ့ပြောရာက ကိုယ့်ဒေါသကြောင့် အမှားတွေမှာစိုးလို့ ပစ္စည်းတွေ သယ်မပြီးခင် ရုံးသွားနေလိုက်တယ်။ ညနေအိမ်ပြန်ရောက်တော့ ကိုယ့်အတွက် အခန်းထဲမှာ ပစ္စည်းတွေ ပြန်ကျဲလို့ပေါ့။ အဲဒီတော့မှ မျက်ရည်ပေါက်တွေ တလိမ့်လိမ့် ကျလာတယ်။ ကိုယ်တို့ တကယ်ကွဲခဲ့ကြပြီဆိုတဲ့ အသိကြောင့်ပေါ့ကွယ်။





ထမင်းစားမရတော့ဘူး။ အိပ်လို့လည်း မရတော့ပါဘူး သူငယ်ချင်း၊ အိမ်နောက်ဖေးထွက်ပြန်တော့လည်း ဒီတံခါးချက်ကလေးကို ချစ်သူတို့ဘဝ ချိန်းတဲ့ညတွေမှာ အသံမမြည်အောင် တိတ်တိတ်လေး ခိုးဖွင့်ခဲ့ရတာပါကလား… အိမ်ပေါ်ထပ်ရောက်တော့လည်း ဒီပြတင်းပေါက်ကလေးက ကျော်တက်ခဲ့ရတာပါလား။ ဒီအိမ်ဒီမြေမှာနေရင်း တို့များ အတူနေရတဲ့ဘဝ ရောက်ခဲ့ရပါလား… အတိတ်ကို တွေး ဖြေဆေးမရ ရင်ကျွမ်းလှချေရဲ့ သူငယ်ချင်း။

သူကတော့ ဝင်ဒါမီယာဆိုတဲ့ သူနေချင်ခဲ့တဲ့ လူကုံထံတို့အရပ်မှာ ကျန်ရစ်ခဲ့ပြီ၊ သူ ငါ့ကို တွေးနေမှာလား၊ အရက်လျှောက်သောက်နေမှာလား တွေးမိနေသေးတာပဲ၊ ချစ်လွန်းခဲ့ရပေသကိုး။

ချစ်သူဘဝက စာလေးတွေ သံသေတ္တာပေါက်စလေးနဲ့ တစ်လုံးအပြည့်ရှိနေတာတွေ တစ်ခုပြီးတစ်ခု ပြန်ဖတ်လိုက် ငိုလိုက်ပေါ့၊ ကိုယ်အကြိုက်ဆုံးရည်းစားဘဝက သူပေးထားတဲ့ ဓာတ်ပုံလေးတစ်ပုံတော့ ယူခဲ့မိသေးတယ်။ ကိုယ်သူ့ကို ချစ်လို့ မဟုတ်ပါဘူးကွယ်။ ဘယ်လိုမှ သည်းမခံနိုင်လွန်းလို့ ခွဲထားခဲ့ရပါတယ်။

သူငယ်ချင်းရေ… နောက်ဆက်ဖြစ်ရတာတွေ အများကြီးပါပဲ။ ရေးလည်း ရေးထားမှာပါ။ ဒါလောက် စိတ်ဒုက္ခခံပြီး ဖတ်ရမယ့်သူငယ်ချင်းကို အားနာလှပါပြီကွယ်။ တို့တစ်တွေ ပြန်ဆုံကြရအောင် ဆုတောင်းနေပါတယ်။ သူငယ်ချင်း ကိုယ်ရောစိတ်ပါ ချမ်းသာပါစေကွယ်။

ထာဝရမေတ္တာဖြင့်



www.burmeseclassic.com

www.burmeseclassic.com

## ကိုယ်ရေးအကျဉ်း

၁။ မြန်မာသက္ကရာဇ် ၁၃၀၄-ခုနှစ်၊ ဒုတိယဝါဆိုလတွင် မြောင်းမြမြို့ ရှမ်းကုန်းပိုင်း၌ ဖွားမြင်သည်။

၂။ ဖခင် နဲ့ဆရာ ဦးအေး၊ မိခင် ဒေါ်သန်းနှစ် (အဆိုတော်မြောင်းမြသန်း)

၃။ အမည်ရင်း-မအေးမြင့်

၄။ အသက်သုံးနှစ်ကျော်မှစ၍ **ခေတ်သစ်ရာဇဝင်ပြဇာတ်အဖွဲ့** တွင် သီချင်းဆို ပြဇာတ်ကခဲ့သည်။

၅။ အသက် (၈) နှစ်တွင် စတင်အသံလွှင့်ခဲ့သည်။

(က) သန်းသန်းမြင့် အမည်ဖြင့် **စန္ဒရားမြမြအေး အပျော်တမ်း တူရိယာအဖွဲ့**

(ခ) မြင့်မြင့်အေး အမည်ဖြင့် ""ပွင့်ဦးတေးသံ"" အပျော်တမ်း တူရိယာအဖွဲ့""

**မြင့်သီရိ အပျော်တမ်း တူရိယာအဖွဲ့**

**ချိုတေးရှင် တူရိယာအဖွဲ့**

(ဂ) မာမာအေး အမည်ဖြင့် ရဲသီဟ **အပျော်တမ်းတူရိယာအဖွဲ့**





(ဃ) **စစ်ရဲဂီတ တူရိယာအဖွဲ့**

**ကောသီပန် တူရိယာအဖွဲ့**

**ဂီတမာလာ သီချင်းကြီး တူရိယာအဖွဲ့**

**စောင်းဦးခင်မြင့် သီချင်းကြီး တူရိယာအဖွဲ့**

**မန္တလေး စန္ဒရား ဦးအုန်းမောင် သီချင်းကြီး တူရိယာအဖွဲ့**

၆။ ၁၉၅၅-ခုနှစ်တွင် **သက်တန့်ပေါ်မှာ ကစားမယ်** သီချင်းဖြင့် နိုင်ငံသိ အဆိုတော် ဖြစ်လာသည်။

၇။ ၁၉၅၆၊ ၅၇၊ ၅၈-ကျောင်းပေါင်းစုံ ကဗျာရွတ်ပြိုင်ပွဲတွင် အလယ်တန်း ပထမဆု သုံးနှစ်ဆက်တိုက်ရရှိ၍ တံခွန်စိုက်ဆုနှင်းခြင်း ခံရသည်။

၈။ ၁၉၅၇- ခုနှစ်တွင် **လေးမာ** ကလောင်အမည်ဖြင့် ကဗျာ စာညွှန်း၊ သီချင်းများ ရေးခဲ့သည်။

၉။ ၁၉၆၁ မှ ၆၄-ဒုတိယ မြန်မာပိုင်းအစီအစဉ် လက်ထောက်ထုတ်လွှင့်ရေးမှူး။

၁၀။ ၁၉၆၄ မှ ၆၅-မြန်မာနိုင်ငံ ခေတ်ပေါ်တေးဂီတကောင်စီ **အမှုဆောင်** အဖွဲ့ဝင်။

၁၁။ ၁၉၆၄ မှ ၇၇-မြန်မာ့အသံ လက်ထောက်ထုတ်လွှင့်ရေးမှူး (အလုပ်သမား ပညာပေးအစီအစဉ်)

၁၂။ ၁၉၆၈ မှ ၇၀-မြန်မာနိုင်ငံ ဂီတကောင်စီ အမှုဆောင်နှင့် ဂီတ... မဂ္ဂဇင်း ကော်မတီဝင်။

၁၃။ ၁၉၆၉ မှ ၇၃-ရုပ်ရှင်သရုပ်ဆောင်အဖြစ် မြချုသံ၊ **သူ့ကိုမှ** ... **မန်ဒါလီ** ရိုက်ကူးခဲ့သည်။

၁၄။ ၁၉၇၁- ခုနှစ်တွင် **တေးသံရှင် ဇာတ်ပြားထုတ်လုပ်ရေး** ... ခဲ့သည်။

၁၅။ ၁၉၇၄-ခုနှစ်တွင် **သိုးကလေးမေမေ** လုံးချင်းဝတ္ထု ရေး...

၁၆။ ၁၉၇၆-ခုနှစ်တွင် **အေး အဆိုလေ့ကျင့်ရေးကျောင်း** တည်...



www.burmeseclassic.com

www.burmeseclassic.com



၁၇။ ၁၉၇၇-ခုနှစ်တွင် **မာမာအေး တေးဂီတလုပ်ငန်း** တည်ထောင်ခဲ့သည်။

၁၈။ ၁၉၈၉-ခုနှစ်တွင် အမျိုးသား ဂီတပညာရှင်များအဖွဲ့ချုပ်၊ အတွင်းရေးမှူး (၁)။

၁၉။ ၁၉၉၅-ခုနှစ်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မဟာဂီတသီချင်းကြီးများ စိစစ်ရေးနှင့် ဂီတသင်္ကေတ မှတ်တမ်းပြုရေး ကော်မတီအဖွဲ့ဝင်၊ စည်းသီး သံကျ စိစစ်ရေးအဖွဲ့ အတွင်းရေးမှူး။

၂၀။ ၁၉၉၅၊ ၉၆၊ ၉၇ တွင် ဆိုကရေးတီးပြိုင်ပွဲ၊ အဆိုအဖွဲ့ အတွင်းရေးမှူး (မဟာဂီတ)

၂၁။ ၁၉၉၇-ခုနှစ်တွင် **Studio-A** အသံသွင်းခန်း တည်ထောင်ခဲ့သည်။

၂၂။ ၁၉၉၈-ခုနှစ်မှစ၍ အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် ခေတ္တနေထိုင်လျက်၊ ဂီတမှတ်တမ်းများ ရေးသားပြုစုရင်း၊ ဆေးပညာသင်တန်းများ တက်ရောက်သင်ကြားရင်း၊ အမေရိကန်ပြည်နယ်များနှင့် အင်္ဂလန်၊ ဩစတေးလျ၊ ဂျပန်နိုင်ငံများရောက် မြန်မာ့ဂီတချစ်သူများကို သွားရောက် ဖျော်ဖြေလည်ပတ်ရင်း၊ အင်္ဂလန် ဘီဘီစီ မြန်မာပိုင်းအစီအစဉ်မှတစ်ဆင့် သောတရှင်ပြည်သူများအတွက် **ပြောပြစရာတွေလည်း တစ်ပုံကြီးရှိသေးတယ်** ခေါင်းစဉ်ဖြင့် ရေးသားပေးပို့ အသံလွှင့်နေပါသည်။

## လင်းလွန်းခင် စာပေတိုက်မှ ထုတ်ဝေပြီးစာအုပ်များ

| | | |
|---|---|---|
| ၁၆။ | နီးနီးဝေးဝေးအတွေးလက်ဆောင် | ဦးဘုန်း (ဓာတု) |
| ၁၇။ | လုပ်ချင်တာတွေလုပ်နိုင်ဖို့ | ကြည်မင်း |
| ၁၈။ | ခုနှစ်သွယ်ရောင်စဉ် | ကလောင်စုံ |
| ၁၉။ | ငှက်တစ်ကောင်၏ အတွေးရနံ့ | ဦးဘုန်း (ဓာတု) |
| ၂၀။ | ဗျိုင်းမည်းနှင့် အခြားဝတ္ထုတိုများ | နေဝင်းမြင့် |
| ၂၁။ | "ရွှေအမြုတေ" လက်ရွေးစင်ဝတ္ထုရှည်များ | ကလောင်စုံ |
| ၂၂။ | တိမ်ပြာဆိုင်းလို့ မြူမှိုင်းမှုန်ရီ | နီမင်းဆွေ |
| ၂၃။ | အလူမီနီယံမျက်နှာပြင်ပေါ်မှ ဟာသ်ပဒါးပုံရိပ်များ | ဆူးငှက် |
| ၂၄။ | ဂန္ထဝင်လမင်းနှင့် အခြားဝတ္ထုတိုများ | ဒေါ်ခင်းနေမင်း |
| ၂၅။ | ပန်းများချစ်တဲ့ ကန္တာရနှင်း | မီချမ်းဝေ |
| ၂၆။ | လင်းလွန်းခင်စိတ်ကြိုက် မဂ္ဂဇင်းဝတ္ထုတိုများ | ကလောင်စုံ |
| ၂၇။ | ခေတ်သစ်ပုံပြင်များ | ဖေလင်းသစ် |
| ၂၈။ | မမွှအလင်းတန်းများ | ကလောင်စုံ |
| ၂၉။ | တော်တီလာဖလက်ရပ်ကွက်နှင့် မဂ္ဂဇင်းဝတ္ထုရှည်များ | ကလောင်စုံ |
| ၃၀။ | သုည အတွေးရသစာစု | ဦးဘုန်း(ဓာတု)မန္တလေး |
| ၃၁။ | အရောင်အသွေးစုံစုံ ဘဝဇာတ်ခုံအဖုံဖုံ | ကျော်ရင်မြင့် |
| ၃၂။ | ဗိုလ်ချုပ်အောင်ဆန်း၏ အဆိုအမိန့်များ | မောင်ပုဆိုးကြမ်း |
| ၃၃။ | အောင်ခြင်းရှစ်ပါး | မမ္မာစရိယ ဦးခင်မောင် |
| ၃၄။ | ခြေရာတို့၏အသံများ | ဆင်တဲဝမြတ်ဖုန်း |
| ၃၅။ | နှလုံးသားနှင့်ကြည့်ပါ | ဦးတင်ဦး(ကျူရှင်) |
| ၃၆။ | ည | တင်မောင်မြင့် |
| ၃၇။ | နေဝန်းနီကာရန်များ | မသီတာ(စမ်းချောင်း) |
| ၃၈။ | လက်ရွေးစင်ဝတ္ထုတိုများ | သန်းမြင့်အောင် |
| ၃၉။ | သားပျောက်သူ | မောင်မိုးသူ |
| ၄၀။ | အဖေ့အိမ် (ဒုတိယအကြိမ်) | ဦးဘုန်း(ဓာတု)မန္တလေး |
| ၄၁။ | ထာဝစဉ်ချစ်ခြင်းများစွာဖြင့် | မြနှောင်းညို |
| ၄၂။ | ဗုဒ္ဓနှင့် ရတနသုတ်တော် | မမ္မာစရိယ ဦးခင်မောင် |
| ၄၃။ | လက်ရွေးစင်ဝတ္ထုတိုများ | ဆူးငှက် |
| ၄၄။ | ကျောက်ခဲနှလုံးသားနဲ့ မွေးဖွားလာကြသူများ | နီမင်းဆွေ |
| ၄၅။ | ရွှေအမြုတေ လက်ရွေးစင်ဝတ္ထုရှည် စုစည်းမှု (၂) | ကလောင်စုံ |
| ၄၆။ | စာစီစာကုံး အရေးအသား | လှထွန်း (မြန်မာစာ) |
| ၄၇။ | စိတ်သတ္တိ (ဒုတိယအကြိမ်) | မိုးရွာဝင်းဖေ |
| ၄၈။ | ညောင်ရမ်းညီနောင် | တင်နိုင်တိုး |
| ၄၉။ | သာသနာ့အကျော် ဆရာတော်ကြီးများ | ဦးစန္ဒိမ (စလင်း) |
| ၅၀။ | လင်းလွန်းခင်စိတ်ကြိုက် မဂ္ဂဇင်းဝတ္ထုတိုများ (၂) | ကလောင်စုံ |

www.burmeseclassic.com